# ရှေးဘိုးဘေးများနှင့်ပုရောဖက်များ

## (ဒုတိယပိုင်း)

ပထမအကြိမ်



## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှေးဘိုးဘေးများနှင့်ပုရောဖက်များ

## (ဒုတိယပိုင်း)

**အီး၊ ဂျီ၊ ဝှိုက် ရေးသားပြုစုသော PATRIARCHS AND PROPHETS စာအုပ်ကို သိက္ခာတော်ရဓမ္မဆရာဦးရဲကိုက "ရှေးဘိုးဘေးများနှင့်ပုရောဖက်များ" အမည်ဖြင့် မြန်မာပြန်ဆိုသည်။**

**(ပထမအကြိမ်)**



**ရှေးဘိုးဘေးများနှင့်ပုရောဖက်များ**
**(ဒုတိယပိုင်း)**

**ပုံနှိပ်သူ**
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၂၀၀၀

တန်ဖိုး – ၁၀၀၀.၀၀

ပထမအကြိမ်

## မာတိကာ


၂၀။ အဲဂုတ္တုပြည်ရောက်ယောသပ် ---------------------- ၃၁၇
၂၁။ ယောသပ်နှင့်သူ၏အစ်ကိုများ ---------------------- ၃၃၃
၂၂။ မောရှေ ------------------------------------ ၃၆၄
၂၃။ အဲဂုတ္တုပြည်ပေါ်သို့ကျရောက်သည့်ဘေးဒဏ်ကြီးများ ----- ၃၈၉
၂၄။ ပသခါပွဲ ------------------------------------ ၄၁၅
၂၅။ အဲဂုတ္တုပြည်မှထွက်မြောက်ခြင်း ----------------------၄၂၅
၂၆။ ပင်လယ်နီမှသိနာတောင်သို့ ----------------------- ၄၄၀
၂၇။ ဣသရေလများအားပေးတော်မူသောပညတ်တော် ---------၄၆၂
၂၈။ သိနာတောင်၌ရုပ်တုကိုးကွယ်ခြင်း ------------------ ၄၈၅
၂၉။ ပညတ်တော်အားစာတန်ရန်ငြိုးထားခြင်း ---------------- ၅၁၁
၃၀။ တဲတော်နှင့်တဲတော်တွင်ကျင်းပသည့်အခမ်းအနားများ ----- ၅၃၃
၃၁။ နာဒပ်နှင့်အဘိဟုတို့ကျူးလွန်သောအပြစ် -------------- ၅၅၆
၃၂။ ပညတ်တော်နှင့်ပဋိညာဉ်များ --------------------- ၅၆၄
၃၃။ သိနာတောင်မှကာဒေရှမြို့သို့----------------------- ၅၈၅
၃၄။ သူလျှိုတစ်ဆယ့်နှစ်ယောက် ---------------------- ၆၀၈


* * *



## စကားချီး

လူသားများအားစတင်ဖန်ဆင်းသည့်ကမ္ဘာဦးအချိန်မှစ၍ ဣသရေလများ ခါနာန်ပြည်သို့ဝင်စားမည့်ဆဲဆဲအချိန်အထိ ကြားကာလတွင်ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များအကြောင်းကို ရှင်းလင်းစွာတင်ပြထားပါသည်။ သမ္မာကျမ်းစာတွင်အကျဉ်းမျှသာဖော်ပြထားသည့်အရာများကို နောက်ခံသမိုင်းများနှင့်တကွ ကွက်ကွက်ကွင်းကွင်းတင်ပြထားပါသည်။

ဤစာအုပ်ကိုဖတ်ရှုလေ့လာခြင်းအားဖြင့် စာတန်သည် မည်သည့်လက်နက်များကိုအသုံးပြု၍ လူသားများကိုဒုက္ခပေးနေသည်ကိုလည်းကောင်း၊ ခရစ်တော်သည် မည်မျှနက်နဲသောမေတ္တာတော်နှင့်ကြီးမားသောကရုဏာများဖြင့် အကာအကွယ်မဲ့ဒုက္ခသည်လူသားများအား ကူညီမစနေတော်မူသည်ကိုလည်းကောင်း သိရှိနားလည်သွားပါလိမ့်မည်။

ၡင်းပြင် ထာဝရဘုရားသခင်သည် မိမိ၏ဂုဏ်တော်နှင့်ထပ်တူထပ်မျှဖြစ်သောပညတ်တော်ကို မည်မျှအလေးထားတော်မူသည်ကို အာဒံနှင့်ဧဝတို့၏အသက်တာတွင်လည်းကောင်း၊ ကာဣနနှင့်အာဗေလအမြွှာညီနောင်၏အသက်တာတွင်လည်းကောင်း၊ နောဧ၊ အာဗြဟံ၊ မောရှေ စသည့်ရှေးဘိုးဘေးများ၏အသက်တာများတွင်လည်းကောင်း အထင်အရှားဖော်ပြထားကြောင်း ပုရောဖက်မ အဲလင် ဂျီ၊ ဝှိုက်က ဝိညာဉ်တော်အားဖြင့် ရေးသားတင်ဆက်ထားပါသည်။

ကိုယ်တော်သည် ဣသရေလများအား ခါနာန်ပြည်သို့ဝင်စားရန် အဲဂုတ္တုပြည်မှမောရှေအားဖြင့်နုတ်ဆောင်ခဲ့သော်လည်း လူအများစုသည် ခါနာန်ပြည်သို့မဝင်စားခဲ့ကြရချေ။ မည်သည့်အတွက်ကြောင့်မဝင်စားခဲ့ကြရသနည်း။ အကြောင်းရင်းကို ဤစာအုပ်တွင်ရေးသားဖော်ပြထားပါသည်။ ကောင်းကင်နိုင်ငံတော်သို့ဦးတည်အသက်ရှင်နေကြသည့် ကျွန်ုပ်တို့အတွက် ထိုသူများ၏အသက်တာများကိုပုံသက်သေပြုကာ အသက်ရှင်နေထိုင်ကြရန် ဤစာအုပ်ကို အထူးလေ့လာသင့်ကြပါသည်။

ဝိညာဉ်တော်၏လှုံ့ဆော်မှုအောက်တွင်ရေးသားထားသည့် ဤစာအုပ်သည် သမ္မာကျမ်းစာမဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာကိုနားလည်သဘောပေါက်နိုင်ရန် ဝိညာဉ်တော်၏လမ်းညွှန်မှုအောက်တွင် သမ္မာကျမ်းစာမှအရေးပါသောကျမ်းချက်များကို ရှင်းလင်းတင်ပြချက်များသာဖြစ်ပါသည်။ ထို့ကြောင့် လေ့လာဖတ်ရှုသူအားလုံးအတွက် ဝိညာဉ်ခွန်အားဖြစ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

**ဘာသာပြန်သူ**

* * *

## (၂၀)
## အဲဂုတ္တုပြည်ရောက်ယောသပ်

ထိုအချိန်တွင်ယောသပ်သည် မိမိအားခေါ်ဆောင်သွားသည့်ကုန်သည်များနှင့်အတူ အဲဂုတ္တုပြည်သို့ခရီးနှင်လျက်ရှိပါသည်။ ထိုခရီးသည်အုပ်စုသည်တောင်အရပ်ရှိခါနာန်ပြည်နယ်ခြားဆီသို့ဦးတည်၍ ခရီးသွားနေကြစဉ် မိမိဖခင်၏တဲများကိုဝန်းရံထားသည့်တောင်များကို အဝေးကပင်ယောသပ်မြင်တွေ့သိရှိခဲ့ပါသည်။ သူသည် ဖခင်ကြီး၏အထီးကျန်ဘဝနှင့်ခံစားနေရသောဒုက္ခဝေဒနာများအကြောင်းကိုစဉ်းစားမိသောအခါ ရှိုက်ကြီးတငင်ငိုကြွေးခဲ့ပါသည်။ နောက်ထပ်တစ်ခါဒေါသန်အရပ်မှရှုခင်းများကိုသူတွေ့ရပြန်ပါသည်။ သူသည် ဒေါသအမျက်ခြောင်းခြောင်းထွက်နေသောအစ်ကိုများကို ထိုနေရာတွင်မြင်တွေ့ခဲ့ရပြီး ကြောက်မက်ဖွယ်ရာအကြည့်များဖြင့်လည်း ထိုနေရာတွင်သူအကြည့်ခံခဲ့ရပါသည်။ အနူးအညွတ်တောင်းပန်နေသည့်မိမိအား ပြောဆိုခဲ့ကြသည့်နာကြည်းစရာကောင်းသည့်စကားများနှင့်စော်ကားသောစကားများကိုလည်း သူကြားယောင်နေခဲ့ပါသည်။ သူသည် စိုးရွံ့ထိတ်လန့်စွာဖြင့်အနာဂတ်ရေးကိုမျှော်တွေးခဲ့မိပါသည်။ အခြေအနေမှာအလွန်ပြောင်းလဲသွားခဲ့ပါသည်။ ချစ်ခင်ယုယမှုကိုခံရသောဘဝမှ အထင်အမြင်သေးခြင်းခံရမည့်ခိုကိုးရာမဲ့ကျွန်တစ်ဦးဘဝသို့ရောက်ရှိခဲ့ချေပြီ။ ဦးတည်၍သွားနေသောတစိမ်းတစ်နိုင်ငံတွင် အသိမိတ်ဆွေမရှိသည့် အထီးကျန်သူ၏ကံကြမ္မာသည် မည်သို့ဖြစ်လိမ့်မည်နည်း။ အခိုက်အတန့်အားဖြင့် ယောသပ်သည် အကြီးအကျယ်ဝမ်းနည်းကြေကွဲကာ စိုးရွံ့ထိတ်လန့်မှုများကိုခံစားနေခဲ့ရပါသည်။

သို့ရာတွင် ဘုရားသခင်၏ကြည့်ရှုပြုစုတော်မူခြင်းကျေးဇူးတော်အားဖြင့် ဤသို့သောခံစားမှုသည်ပင်လျှင် သူ့အတွက်ကောင်းချီးမင်္ဂလာတစ်ခုဖြစ်လာခဲ့ပါသည်။ သူသည် နာရီပိုင်းအတွင်းမှာပင် မိမိ၏အတိတ်အကြောင်းကိုသုံးသပ်မိခဲ့ပါသည်။ မိမိကိုချစ်အားကြီးခဲ့သောဖခင်ကြီးသည် မျက်နှာလိုက်ခြင်း၊ ပနံစားပေးခြင်းများအားဖြင့် အမှားများကိုလုပ်ခဲ့မိသည်။ ဤကဲ့သို့



သောဦးစားပေးသည့်လုပ်ရပ်သည် သူ့အစ်ကိုများအားစိတ်ဆိုးစေပြီး သူ့အားအဘနေအိမ်မှခွဲခွာလာစေသည့် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်တစ်ခုကိုကျူးလွန်ရန် ၎င်းတို့အားနှိုးဆော်ပေးခဲ့ပါသည်။ ထိုလုပ်ရပ်၏အကျိုးသက်ရောက်မှုသည် သူ၏အကျင့်စာရိတ္တတွင်လည်း ထင်ရှားလျက်ရှိပါသည်။ ယခုအချိန်တွင်ပြုပြင်ပေးရတော့မည့်မှားယွင်းမှုများကို သူ့အားပေးခဲ့ဖူးပါသည်။ သူသည် ကိုယ့်ကိုကိုယ်အထင်ကြီးလာခဲ့ပါသည်။ အလွန်လောဘကြီးလာခဲ့ပါသည်။ မိမိဖခင်၏ကြင်နာယုယမှုများ၏သိမ်မွေ့နူးညံ့မှုများတွင် နေသားကျလာသောအခါ မိမိသည် အနာဂတ်တွင်တွေ့ကြုံရမည့်အခက်အခဲများနှင့်ရင်ဆိုင်တိုက်လှန်ရန်အဆင်သင့်မရှိသေးသောဘဝကို ပေယျာလကန်ထားခဲ့သည့်ဖြည့်သည်အာဂန္တုကျွန်တစ်ဦးသာဖြစ်နေကြောင်း သူသိရှိခဲ့ပါသည်။

ထိုအချိန်တွင် သူ၏အတွေးသည် သူ့အဘကိုးကွယ်သောဘုရားသခင်ထံသို့ရောက်သွားခဲ့ပါသည်။ သူသည် ငယ်ရွယ်စဉ်အချိန်မှစ၍ ဘုရားသခင်ကိုချစ်ကြောက်ရိုသေဖို့အသွန်သင်ခံခဲ့ရပါသည်။ ဖခင်၏အိမ်မှတိမ်းရှောင်သူတစ်ဦးအနေဖြင့် ထွက်ပြေးနေရစဉ်က ယာကုပ်မြင်ခဲ့ရသောရူပါရုံအကြောင်းကိုလည်း ဖခင်ယာကုပ်၏တဲတွင်နေစဉ် မကြာခဏသူကြားဖူးခဲ့ပါသည်။ ဖခင်ယာကုပ်အား ဘုရားသခင်ပေးတော်မူသောကတိတော်များကိုလည်း သူကြားခဲ့ဖူးပါသည်။ ဒုက္ခရောက်သောကာလတွင် ဘုရားသခင်၏ကောင်းကင်တမန်များသည် မည်သို့မည်ပုံလာရောက်သွန်သင်အားပေးကာမိမိအားကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် မည်သို့မည်ပုံကတိတော်များပြည့်စုံစေခဲ့ကြောင်းကိုလည်း သူကြားဖူးခဲ့ပါသည်။ ၎င်းပြင် လူသားများအတွက်ကယ်တင်ရှင်တစ်ပါးစီစဉ်ရာတွင် ထင်ရှားခဲ့သောဘုရားသခင်၏မေတ္တာတော်အကြောင်းကိုလည်း သူသိရှိခဲ့ရပါသည်။ ယခုတွင်မူ အဖိုးတန်လှသောဤသင်ခန်းစာများသည် သူ့ရှေ့တွင်ထင်ရှားပေါ်လွင်လာခဲ့ချေပြီ။ မိမိ၏အဘကိုးကွယ်သောဘုရားသခင်သည် မိမိ၏ဘုရားသခင်ဖြစ်ကြောင်းကို ယောသပ်ယုံကြည်ထားပါသည်။ ထိုအချိန်ထိုနေရာတွင် သူသည် မိမိကိုယ်ကိုထာဝရဘုရားသခင်ထံ၌ ဝတ်ပြုအပ်နှံခဲ့ကာ ဣသရေလများကိုထိန်းသိမ်းစောင့်ရှောက်

တော်မူသည့်အရှင်ထာဝရဘုရားသခင်သည် တစ်ကျွန်းတစ်နိုင်ငံတွင် မိမိနှင့်အတူ ရှိပါမည့်အကြောင်း ဆုတောင်းခဲ့ပါသည်။

အခြေအနေအရပ်ရပ်တွင် မိမိသည် ဘုရားသခင်၏နိုင်ငံတော်သား တစ်ဦးအဖြစ် သစ္စာရှိကြောင်း ဘုရားသခင်ထံတွင်သက်သေပြရန် ခိုင်မာမြင့်မြတ်သောအဓိဋ္ဌာန်ပြုချက်နှင့်အတူ သူ၏စိတ်နှလုံးသည် မြူးကြွပေါ့ပါး နေပါသည်။ သူသည် စိတ်နှလုံးတစ်လုံးတစ်ဝတည်းဖြင့် ဘုရားသခင်၏ အစေကိုခံခဲ့ပါသည်။ သူသည် ဖွဲကောင်းကောင်းဖြင့် ဒုက္ခဆင်းရဲခြင်းများကို ရင်ဆိုင်ကာ နေ့စဉ်လုပ်ငန်းတာဝန်များကိုရိုးသားတည်ကြည်စွာလုပ်ဆောင် ခဲ့ပါသည်။ တစ်နေ့တာ၏အတွေ့အကြုံသည် ယောသပ်၏အသက်တာတွင် အလှည့်အပြောင်းတစ်ခုဖြစ်ခဲ့ပါသည်။ ထိုကြောက်စရာအဖြစ်ဆိုးကြီးသည် ၎င်းအားအလိုလိုက်ခြင်းခံရသောသားငယ်ဘဝမှ စဉ်းစားဆင်ခြင်တတ်ပြီး ရဲစွမ်းသတ္တိရှိသော သတိမြဲမြံသောလူတစ်ဦးအဖြစ်သို့ပြောင်းလဲပေးခဲ့ပါသည်။

အဲဂုတ္တုပြည်သို့ရောက်သော် ယောသပ်ကို ဖါရောဘုရင်၏ကိုယ်ရံတော်တပ်မှူးဖြစ်သူ ပေါတိဖါထံသို့ရောင်းလိုက်ကြ၏။ သူသည် တပ်မှူး၏ အိမ်တွင် ဆယ်နှစ်ခန့်အလုပ်အကျွေးပြုခဲ့ရ၏။ သူသည် ရုပ်တုကိုးကွယ် သူများအလယ်တွင်ရောက်ရှိနေချေပြီ။ မှားယွင်းသောဘုရားများကိုကိုးကွယ် ခြင်းကို မင်းစိုးရာဇာများ၏ခမ်းနားထည်ဝါမှုများနှင့်ဝန်းရံထားပြီး ထိုခေတ် ထိုအခါက ယဉ်ကျေးမှုအရှိဆုံးသောလူမျိုးများ၏ကြွယ်ဝချမ်းသာမှုများနှင့် ယဉ်ကျေးမှုများဖြင့်ထောက်မထားကြပါသည်။ သို့စေကာမူ ယောသပ်သည် မိမိ၏ရိုးသားတည်ကြည်မှုကိုထိန်းသိမ်းကာကွယ်ကာ ထာဝရဘုရားသခင် အပေါ်တွင် ဆက်လက်၍သစ္စာစောင့်သိခဲ့ပါသည်။ သူသည် ညစ်ညမ်းဆိုးသွမ်း သောမြင်ကွင်းများနှင့်အသံများ၏အလယ်တွင်ရောက်နေသော်လည်း ထိုအရာ များကိုသူမမြင်ခဲ့၊ မကြားခဲ့ချေ။ တားမြစ်ထားသောအရာများအပေါ် တွေးတော ငေးမောနေရန် မိမိစိတ်ကိုသူခွင့်မပြုခဲ့ချေ။ အဲဂုတ္တုလူများ၏မျက်နှာသာပေး ခြင်းကိုရရှိလိုသောဆန္ဒသည် အသက်တာ၏နိယာမများကိုဖုံးကွယ်ထားရန် ၎င်းအားမလုပ်ဆောင်နိုင်ခဲ့ချေ။ အကယ်၍ မိမိအသက်တာစည်းမျဉ်းများကို



ဖုံးကွယ်ထားရန်ကြိုးစားမိခဲ့လျှင် စုံစမ်းနှောင့်ယှက်ခြင်းက သူ့အားအောင်နိုင် သွားခဲ့ပေလိမ့်မည်။ သို့ရာတွင် သူသည် မိမိဘိုးဘေးများ၏ဘာသာအယူဝါဒ ကိုဆက်လက်ကျင့်ဆောင်ရန် ရှက်ကြောက်ခြင်းမရှိသည့်အပြင် မိမိသည် ထာဝရဘုရားသခင်ကိုကိုးကွယ်သူတစ်ဦးဖြစ်ကြောင်း လူများမသိစေရန် ဖုံးကွယ်ဖို့လည်းမကြိုးစားခဲ့ပါချေ။

"ထာဝရဘုရားသခင်သည် ယောသပ်ဘက်၌ရှိတော်မူသဖြင့် သူသည် အကြံထမြောက်လေ၏။------သူ့ဘက်၌ထာဝရဘုရားသခင်ရှိတော်မူ၍ သူပြုလေရာရာ၌အောင်စေတော်မူကြောင်းကို သခင်လည်းသိမြင်၏။" ပေါတိဖါ သည် ယောသပ်အပေါ်တစ်နေ့တခြားယုံကြည်စိတ်ချမှုများတိုးပွားလာကာ နောက်ဆုံးတွင် ၎င်းအားအိမ်အုပ်အရာခန့်ထား၍ သူ၌ရှိသမျှသောဥစ္စာပစ္စည်း အားလုံးကိုထိန်းသိမ်းစောင့်ရှောက်စေခဲ့၏။ "သူသည် မိမိ၌ရှိသမျှကိုယောသပ် လက်သို့အပ်၍ မိမိစားသောအစာမှတစ်ပါး အခြားသောဥစ္စာရှိမှန်းကိုမသိ မမှတ်ဘဲနေ၏။"

ယောသပ်ကြည့်ရှုစောင့်ထိန်းရသောအရာအားလုံးတွင်ဖြစ်ပေါ်လာ သည့်အကြံထမြောက်မှုများသည် ထူးဆန်းသောနိမိတ်လက္ခဏာတစ်ခု၏ အကျိုးဆက်မဟုတ်ဘဲ သူ၏ကြိုးစားမှု၊ စောင့်ရှောက်မှုနှင့်စွမ်းအားများအပေါ် ဘုရားသခင်က ကောင်းချီးမင်္ဂလာဆောင်းပေးတော်မူသောကြောင့်ဖြစ်ပါသည်။ မိမိရရှိခဲ့သောအောင်မြင်မှုများသည် ဘုရားသခင်၏မစမှုကြောင့်ဖြစ်သည်ဟု ယောသပ်ပြောဆိုခဲ့ပါသည်။ ဤအချက်ကို ကြီးပွားတိုးတက်မှုများ၏လျှို့ဝှက် ချက်အဖြစ် ရုပ်တုကိုးကွယ်သူဖြစ်သောသူ၏သခင်ကပင် လက်ခံခဲ့ပါသည်။ ကျကျနနစီစဉ်၍ မဆုတ်မနစ်ကြိုးစားမှုမပြုဘဲ မည်သည့်အခါမျှအောင်မြင်မှု ရနိုင်လိမ့်မည်မဟုတ်ချေ။ သူ၏သစ္စာစောင့်သိမှုအားဖြင့် ဘုရားသခင်၏ ဘုန်းတော်ကိုထင်ရှားစေခဲ့ပါသည်။ ဘုရားသခင်ကိုယုံကြည်သူတစ်ဦးသည် ၎င်း၏သန့်စင်ဖြောင့်မတ်သောအသက်တာအားဖြင့် ရုပ်တုကိုးကွယ်သူများနှင့် ထင်ထင်ရှားရှားသိသာကွဲပြားစေရန်မှာ သူ၏အကြံအစည်ဖြစ်ပါသည်။ သို့မှသာ ဘုရားသခင်ကိုမယုံကြည်သောအမှောင်ကမ္ဘာတွင် ဘုရားသခင်၏ကျေးဇူးတော် အလင်းကိုထွန်းလင်းနိုင်မည်ဖြစ်ပါသည်။

ထိုတပ်မှူးသည် ယောသပ်၏နူးညံ့သိမ်မွေ့မှုနှင့်ရိုးသားတည်ကြည်မှုများကြောင့် ၎င်းအားကျွန်တစ်ဦးအနေဖြင့်မမှတ်ယူတော့ဘဲ သားတစ်ဦးအနေဖြင့်မှတ်ယူခဲ့ပါသည်။ ထိုလူငယ်ကလေးသည် အရာရှိကြီးများ၊ ပညာရှိကြီးများနှင့်ထိတွေ့မှုရှိလာခဲ့ပြီး အဲဂုတ္တုပြည်၏အနာဂတ်ဝန်ကြီးချုပ်တစ်ဦးဖြစ်ရန်လိုအပ်သောပညာရပ်များဖြစ်သည့် သိပ္ပံအတတ်၊ ဘာသာစကားတတ်ကျွမ်းမှုနှင့်တိုင်းရေးပြည်ရာကိစ္စရပ်များအကြောင်းကို တတ်ကျွမ်းနားလည်ခဲ့ပါသည်။

သို့ရာတွင် ယောသပ်၏ယုံကြည်ခြင်းနှင့်ရိုးသားဖြောင့်မှန်မှုများကို ပြင်းထန်သောစုံစမ်းခြင်းများဖြင့်စမ်းသပ်ရန်ဖြစ်ပါသည်။ ပေါတိဖါ၏ဇနီးသည် ထိုလူငယ်အား ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးစေဖို့ဖြားယောင်းရန်ကြိုးစားခဲ့ပါသည်။ သူသည် ထိုအချိန်အထိ ထိုနိုင်ငံတွင်ဖြစ်ပေါ်နေသောစာရိတ္တဖေါက်ပြန်မှုများနှင့်လုံးဝညစ်ညမ်းမှုမရှိသေးချေ။ သို့ရာတွင် ဤစုံစမ်းနှောင့်ယှက်ခြင်းသည် အလွန်ပြင်းထန်သောဖြားယောင်းမှုဖြစ်ရကား၊ မည်ကဲ့သို့သူရင်ဆိုင်ရမည်နည်း။ ငြင်းဆန်မှု၏အကျိုးဆက်များမှာ မည်သည့်အရာများဖြစ်မည်ကိုလည်း ယောသပ်ကောင်းစွာသိရှိထားပါသည်။ တစ်ဖက်တွင် လျှို့ဝှက်ထားခြင်း၊ မျက်နှာသာပေးခြင်းနှင့် ဆုလဒ်များရှိသလို တစ်ဖက်တွင်လည်းအသရေပျက်ခြင်း၊ ထောင်ကျခြင်းနှင့်သေဒဏ်များကိုအပေးခံရစရာအကြောင်းရှိနေပါသည်။ သူ၏အနာဂတ်အသက်တာသည် ထိုအချိန်နာရီတွင် ဆုံးဖြတ်သောသူ့ဆုံးဖြတ်ချက်အပေါ်တွင်မူတည်နေပါသည်။ ကောင်းမြတ်သောကျင့်စဉ်များက အောင်ပွဲခံလိမ့်မည်လား။ ယောသပ်သည် ဘုရားသခင်ထံတွင် ဆက်လက်တည်ကြည်လိမ့်မည်လား။ ကောင်းကင်တမန်များသည် အလွန်စိတ်သောကရောက်စွာဖြင့် ထိုမြင်ကွင်းကိုကြည့်နေကြပါသည်။

ယောသပ်၏အဖြေသည် ဘာသာရေးစည်းမျဉ်း၏တန်ခိုးတော်ကိုဖေါ်ပြနေပါသည်။ သူသည် မြေကြီးပေါ်ရှိ မိမိသခင်၏ယုံကြည်စိတ်ချမှုကို သစ္စာမဖေါက်ခဲ့ချေ။ ထို့အပြင် မည်သည့်အကျိုးဆက်နှင့်ရင်ဆိုင်ရမည်ဖြစ်စေ၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ဘုရားသခင်အပေါ်တွင် သစ္စာရှိနေပါလိမ့်မည်။ ဘုရားသခင်နှင့်ကောင်းကင်တမန်များ၏စောင့်စားကြည့်ရှုမှုအောက်တွင်





လူများစွာတို့သည် မိမိ၏မိတ်ဆွေများရှေ့၌ အပြစ်ဟုမှတ်ယူခြင်းမခံရသည့်အရာများ၏လွတ်လပ်ခွင့်များကိုခံစားတတ်ကြပါသည်။ သို့ရာတွင် ယောသပ်၏ခေါင်းထဲသို့ ပထမဦးဆုံးရောက်လာသောအတွေးမှာ "ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်မည်နည်း" ဟူ၍ဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့လုပ်သမျှပြောသမျှအားလုံးကို မြင်နေကြားနေတော်မူကြောင်း၊ ကျွန်ုပ်တို့ပြောသမျှစကားများကိုမှတ်တမ်းတင်ထားလျက်ရှိကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့ပြုသမျှအရာအားလုံးကို ကျွန်ုပ်တို့ရင်ဆိုင်ကြရမည်ဖြစ်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့ခံစားမှုရှိကြလျှင် အပြစ်ပြုရမည်ကိုစိုးရွံ့ကြပါလိမ့်မည်။ မည်သည့်အရပ်တွင်နေသည်ဖြစ်စေ၊ မည်သည့်အရာကိုလုပ်ဆောင်သည်ဖြစ်စေ ၎င်းတို့သည် ဘုရားသခင်၏ရှေ့တော်မှောက်တွင်လုပ်ဆောင်နေကြကြောင်းကို လူငယ်များအားအမြဲသတိရစေပါသည်။ ဘုရားသခင်မမြင်အောင် မည်သည့်အရာကိုမျှလုပ်ဆောင်နိုင်ခြင်းမရှိပါချေ။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်တွင် မည်သည့်လုပ်နည်းလုပ်ဟန်ကိုမျှဖုံးကွယ်နိုင်စွမ်းမရှိပါချေ။ လူသားများတီထွင်ထားသည့်ဥပဒေများသည် တစ်ခါတစ်ရံတွင်ပြင်းထန်မှုရှိသော်လည်း သိမြင်ခြင်းမရှိဘဲမကြာခဏချိုးဖေါက်ခြင်းခံရသဖြင့် အပြစ်ဒဏ်ခံရခြင်းမှလွတ်ကင်းတတ်၏။ သို့ရာတွင် ဘုရားသခင်၏ပညတ်တော်သည် ထိုသို့မဟုတ်ပါချေ။ ည၏မှောင်ရိပ်က လူတစ်ယောက်၏အပြစ်ကျူးလွန်မှုကိုမဖုံးကွယ်နိုင်ရာ။ ထိုသူသည် မိမိတစ်ယောက်တည်း ထိုနေရာတွင်ရှိသည်ဟုထင်ကောင်းထင်မည်ဖြစ်သော်လည်း သူ၏လုပ်ဆောင်မှုအရပ်ရပ်ကိုကြည့်နေသူ မျက်မြင်မရသောပုဂ္ဂိုလ်တစ်ပါးရှိနေပါသည်။ သူ၏စိတ်နှလုံးကြံစည်သမျှသည် ဘုရားသခင်၏ရှေ့တွင်ထင်းထင်းကြီးပေါ်လွင်နေပါသည်။ ထိုသူ၏လုပ်ဆောင်ပြောဆိုကြံစည်သမျှတို့သည် တစ်ကမ္ဘာလုံးတွင်ပုဂ္ဂိုလ်တစ်ဦးသာရှိနေသည့်နှယ် အထူးထင်ပေါ်လှပါသည်။ ကောင်းကင်နိုင်ငံတစ်ခုလုံးက သူ့ကိုအာရုံပြုနေကြပါသည်။

ယောသပ်သည် မိမိ၏ရိုးသားဖြောင့်မှန်မှုအတွက် ဒုက္ခခံခဲ့ရပါသည်။ သူသည် ညစ်ညမ်းသောရာဇဝတ်မှုတစ်ခုကိုကျူးလွန်နေကြောင်းစွပ်စွဲကာ

သူ့အားထောင်ကျစေခဲ့သော သူမ၏ကလဲ့စားချေမှုကိုလည်း သူခံခဲ့ရပါသည်။ အကယ်၍သာ ပေါတိဖါသည် ၎င်း၏ဇနီးစွပ်စွဲသည့်အတိုင်းယုံကြည်ခဲ့ပါလျှင် ဟေဗြဲလူငယ်ယောသပ်သည် အသက်ဆုံးရှုံးခဲ့ပေလိမ့်မည်။ သို့ရာတွင် ယောသပ်၏ပြုမူလုပ်ဆောင်မှုများတွင် မပြောင်းမလဲထင်ရှားခဲ့သော ကာယိန္ဒြေရှိမှုနှင့်ရိုးသားဖြောင့်မှန်မှုများသည် သူ၏အပြစ်ကင်းစင်မှုကိုပေါ်လွင်စေပါသည်။ သို့စေကာမူ ၎င်း၏အိမ်ထောင်စုအတွက် သိက္ခာဆယ်သည့်အနေဖြင့် ယောသပ်အားဖြစ်လိုရာဖြစ်စေဟူသောသဘောဖြင့် ပေါတိဖါထောင်ချခဲ့ပါသည်။

ရှေးဦးပထမတွင်ယောသပ်သည် ထောင်မှူးများ၏ကြမ်းတမ်းဆက်ဆံမှုကိုခံခဲ့ရပါသည်။ "သူ့ကိုခြေချင်းခတ်၍ သံနှင့်ညှဉ်းဆဲကြ၏။ သူ၏စကားမပြည့်စုံမီတိုင်အောင် ထာဝရဘုရားသခင်၏အမိန့်တော်အတိုင်းစုံစမ်းခြင်းကိုခံရ၏" ဟူ၍ ဆာလံဆရာကြီးကဖွင့်ဆိုထားပါသည်။ သို့ရာတွင် အချုပ်ခန်း၏အမှောင်ထုထဲမှာပင် ယောသပ်၏မှန်ကန်သောစာရိတ္တ၏အလင်းသည် ထွန်းလင်းနေပါသည်။ သူသည်ယုံကြည်မှုနှင့်သည်းခံခြင်းများကိုစွဲမြဲစွာ ဆုပ်ကိုင်ခဲ့ပါသည်။ သစ္စာရှိစွာအမှုတော်ဆောင်ခဲ့သောအချိန်များအတွက် ရက်စက်ကြမ်းကြုတ်စွာပေးဆပ်ခြင်းကို သူခံစားနေရပါသည်။ သို့စေကာမူ ဤဒုက္ခဆင်းရဲခြင်းများသည် သူ့အားသုန်သုန်မှုန်မှုန်မဖြစ်စေခဲ့ပါ။ အကြည်ညိုကင်းမဲ့မှုကိုဖြစ်စေခဲ့ပါသည်။ မိမိသည် ထိုအပြစ်ကိုမကျူးလွန်ခဲ့ရပါဟူသောအသိကြောင့် သူ၌ငြိမ်သက်မှုရှိခဲ့ပါသည်။ သို့နှင့်မိမိ၏ပြဿနာကို ထာဝရဘုရားသခင်ထံတော်တွင် အပ်နှံလိုက်ပါသည်။ သူသည် မိမိ၏အမှားများကို တအုံ့နွေးနွေးစဉ်းစားမနေတော့ဘဲ အခြားသူများ၏ဝမ်းနည်းမှုကိုပေါ့ပါးသွားအောင် ကြိုးစားခြင်းအားဖြင့် မိမိ၏ဝမ်းနည်းမှုများကိုမေ့ပျောက်စေခဲ့ပါသည်။ အကျဉ်းထောင်ထဲမှာပင် လုပ်ဆောင်စရာအလုပ်တစ်ခုကိုသူတွေ့ခဲ့ပါသည်။ ပို၍အသုံးဝင်သောသူတစ်ယောက်ဖြစ်လာရန် ဘုရားသခင်သည် ဒုက္ခဆင်းရဲခြင်းများကိုခံစားစေခြင်းအားဖြင့် ပြင်ဆင်ပေးခဲ့ပါသည်။ သူ့အနေဖြင့်လိုအပ်သောစည်းမျဉ်းများကိုလိုက်နာရန် ငြင်းဆိုမှုမပြုခဲ့ပါချေ။ သူသည် အကျဉ်းထောင်ထဲတွင် ဖိနှိပ်ချုပ်ချယ်ခြင်းများနှင့်နှိပ်ကွပ်ညှဉ်းပန်းခြင်းများ၏ဆိုးကျိုး



များအပြင် ရာဇဝတ်မှုများ၏အကျိုးဆက်များကိုတွေ့မြင်ခဲ့ရကာ မိမိအား ဥာဏ်အမြော်အမြင်၊ ကရုဏာတရားပြည့်ဝစွာဖြင့် တန်ခိုးအာဏာများကို အသုံးပြုဖို့ပြင်ဆင်နိုင်ရန်အလို့ငှာ ဖြောင့်မှန်ခြင်း၊ ကြင်နာသနားခြင်း၊ ကရုဏာပွားများခြင်းတို့နှင့်ရင်ဆိုင်သောသင်ခန်းစာများကိုလေ့ကျက်ခဲ့ရပါသည်။

ယောသပ်သည် တဖြည်းဖြည်းနှင့်ထောင်မှူးကြီး၏ယုံကြည်စိတ်ချမှုကိုရရှိလာကာ ထောင်သားအားလုံးအပေါ်ပြုရမည့်တာဝန်များကို နောက်ဆုံးတွင်လွှဲအပ်ခြင်းခံခဲ့ရပါသည်။ ထောင်ကျနေစဉ် ၎င်းကျင့်သုံးခဲ့သောလမ်းစဉ်တည်းဟူသော နေ့စဉ်အသက်တာတွင် ရိုးသားဖြောင့်မှန်ခြင်းနှင့်ဒုက္ခရောက်နေသူများအား ကိုယ်ချင်းစာတရားထားခဲ့ခြင်းများသည် ၎င်း၏အနာဂတ်ကြီးပွားတိုးတက်ရေးအတွက် လမ်းဖွင့်ပေးခဲ့ပါသည်။ အခြားသူများအပေါ်သို့ ကျွန်ုပ်တို့ထွန်းလင်းခဲ့သောလင်းရောင်ခြည်တိုင်းသည် ကျွန်ုပ်တို့အပေါ်သို့ ပြန်၍ရောင်ပြန်ဟပ်လေ့ရှိပါသည်။ ဝမ်းနည်းနေသူများအားပြောခဲ့သော ကြင်နာသနားမှုနှင့်ပြည့်ဝသောစကားလုံးတိုင်းသည်လည်းကောင်း၊ ဒုက္ခရောက်နေသူများအား သက်သာခြင်းအခွင့်ကိုရစေသည့်လုပ်ရပ်တိုင်းသည်လည်းကောင်း၊ ဆင်းရဲသားများအားပေးခဲ့သောလက်ဆောင်တိုင်းသည်လည်းကောင်း မှန်ကန်သောစိတ်ထားဖြင့် ပြုကျင့်လုပ်ဆောင်ခဲ့ပါက ပေးဆပ်လုပ်ဆောင်သော ထိုသူအတွက် ကောင်းချီးမင်္ဂလာအသွင်ဖြင့် ပြန်လည်အကျိုးသက်ရောက်ပါလိမ့်မည်။

ဖါရောဘုရင်၏စားတော်ဝန်နှင့်ဖလားတော်ဝန်တို့သည် ဘုရင်ကိုပြစ်မှားကြသောကြောင့် ထောင်ကျခဲ့ကြရာ ယောသပ်၏လက်အောက်သို့ရောက်ရှိလာခဲ့ပါသည်။ တစ်နေ့သောနံနက်ခင်းတွင် ၎င်းတို့သည် ဝမ်းနည်းပက်လက်ဖြစ်နေသဖြင့် ယောသပ်ကကြင်နာယုယစွာဖြင့် အကြောင်းစုံကိုမေးမြန်းကြည့်ရာ ထူးခြားသောအိပ်မက်များကို ၎င်းတို့မြင်မက်ခဲ့ကြောင်း၊ ထိုအိပ်မက်များ၏အနက်အဓိပ္ပါယ်ကိုလည်းသိရှိလိုကြောင်း သူတို့နှစ်ယောက်လုံးက ယောသပ်အားပြောပြကြ၏။ ထိုအခါယောသပ်က "အိပ်မက်အနက်များကို ဘုရားသခင်ဆိုင်တော်မူသည်မဟုတ်လော။ သို့ဖြစ်၍ သင်တို့၏

အိပ်မက်ကိုကျွန်ုပ်အားပြောပြကြပါ" ဟုဆို၏။ ထိုနောက် ထိုဝန်နှစ်ဦးက ၎င်းတို့၏အိပ်မက်များအကြောင်းကိုပြန်၍ပြောပြကြပြီးသောအခါ "ဖလားတော်ဝန်သည် သုံးရက်လွန်လျှင် သူ၏ရာထူးပြန်လည်ရရှိကာ ဖါရောဘုရင်ရှေ့မှောက်တွင် ဖလားတော်ကိုပြန်လည်ဆက်သခွင့်ရလိမ့်မည်ဖြစ်ကြောင်း၊ စားတော်ဝန်မှာမူ ဘုရင်၏အမိန့်အရ သေပြစ်စီရင်ခြင်းကိုခံရလိမ့်မည်ဖြစ်ကြောင်း" ယောသပ်က အိပ်မက်၏အနက်ကိုပြောပြခဲ့ပါသည်။ ယောသပ်ကြိုတင်ပြောပြသကဲ့သို့ ၎င်းတို့နှစ်ဦးစလုံး၌ဖြစ်ပျက်ခဲ့ပါသည်။

ယောသပ်ပြုခဲ့သောအိပ်မက်၏အနက်ကိုဖေါ်ပြပေးခြင်းနှင့် ထောင်ထဲတွင်မေတ္တာပြသည့်အပြုအမူများကြောင့် ဖလားတော်ဝန်သည် အလွန်ကျေးဇူးတင်ကြောင်း ယောသပ်အားပြောကြားခဲ့ပါသည်။ ယောသပ်ကလည်း မတရားထောင်ချခံခဲ့ရသောမိမိအဖြစ်ကို စိတ်ထိခိုက်စွာဖြင့်ပြောပြပြီး ၎င်း၏အမှုကို ဖါရောဘုရင်ထံတင်သွင်းပေးပါရန် အနူးအညွှတ်တောင်းပန်သည်မှာ "သင်ချမ်းသာရသောအခါ ကျွန်ုပ်ကိုဤအိမ်မှနုတ်ယူပါ။ အကယ်စင်စစ်ကျွန်ုပ်ကိုဟေဗြဲပြည်မှခိုးယူခဲ့ကြ၏။ ဤပြည်မှာလည်း ကျွန်ုပ်၌အပြစ်မရှိဘဲ ထောင်ထဲမှာလှောင်ထားကြသည်" ဟူ၍ဖြစ်၏။ ဖလားတော်ဝန်သည် ယောသပ်ကြိုတင်ပြောထားသည့်အတိုင်း အိပ်မက်သည်အရာရာတွင်ပြည့်စုံကြောင်း တွေ့မြင်ခဲ့ရပါသည်။ သူသည် မိမိ၏ရာထူးကိုပြန်လည်ရရှိခဲ့သော်လည်း မိမိကိုကျေးဇူးပြုခဲ့သောယောသပ်အား မအောက်မေ့ဘဲ မေ့လျော့၍နေခဲ့ပါသည်။ ထိုကြောင့် ယောသပ်သည် ထောင်ထဲတွင်နှစ်နှစ်တိုင်တိုင်ဆက်၍အကျဉ်းချခြင်းကိုခံခဲ့ရပါသည်။ မျှော်လင့်ချက်ရောင်ခြည်များတဖြည်းဖြည်းမှေးမှိန်ကွယ်ပျောက်ခဲ့ရပြီး ဖလားတော်ဝန်၏ကျေးဇူးမသိတတ်မှုကြောင့် သူခံစားနေရသောဒုက္ခများသည် ပို၍မြားမြောင်လာခဲ့ပါသည်။

သို့ရာတွင် ဘုရားသခင်၏လက်တော်သည် ထိုအကျဉ်းထောင်၏တံခါးကိုဖွင့်အံ့ဆဲဆဲဖြစ်ပါသည်။ ဖါရောဘုရင်သည် တူညီသောဖြစ်ရပ်တစ်ခုကိုအထင်အရှားညွှန်ပြနေသည့် ကြီးမားသောဘေးဒုက္ခကိုကြိုတင်ဖေါ်ပြနေသယောင်ဖြစ်သည့်အိပ်မက်နှစ်ခုကို တစ်ညတည်းမြင်မက်ခဲ့ပါသည်။ သူသည်



ထိုအိပ်မက်များကိုရေးကြီးခွင်ကျယ်မထားခဲ့သော်လည်း ထိုအိပ်မက်များကြောင့် စိတ်ပူပန်လျက်ရှိခဲ့ပါသည်။ သူ့နိုင်ငံရှိဗေဒင်ဆရာကြီးများနှင့်ပညာရှိကြီးများသည် ထိုအိပ်မက်များကိုအနက်မဖွင့်နိုင်ခဲ့ကြချေ။ ဘုရင်ကြီးသည် စိတ်ရှုပ်ထွေးလာပြီး ပို၍ပို၍စိတ်အားလျော့လာခဲ့ပါသည်။ နန်းတော်တစ်ခုလုံး၌လည်း စိုးရွံ့စိတ်များနှင့်ပျံ့နှံ့နေပါသည်။ ထိုကဲ့သို့လူအများ၊ လှုပ်လှုပ်ရှားရှားဖြစ်နေခြင်းသည် ဖလားတော်ဝန်အား သူ၏အိပ်မက်အကြောင်းကိုလည်းကောင်း၊ ယောသပ်ကိုလည်းကောင်း ပြန်လည်သတိရစေခဲ့ပါသည်။ ထိုအခါ သူသည် မိမိ၏ကျေးဇူးမသိတတ်မှုနှင့်အမေ့သန်မှုအတွက် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ သူသည် မိမိနှင့်စားတော်ဝန်တို့၏အိပ်မက်များကို ဟေဗြဲလူငယ်တစ်ဦးက မည်သို့အနက်ဖွင့်ပေးခဲ့ကြောင်း၊ ၎င်း၏ကြိုတင်ဖွင့်ဆိုမှုများသည် မည်သို့ပြည့်စုံခဲ့ကြောင်းများကို ချက်ချင်းဘုရင်ထံဝင်၍လျှောက်ထားလေ၏။

မိမိနိုင်ငံတွင်ရှိသည့် ဗေဒင်ဆရာကြီးများနှင့်ပညာရှိကြီးများထံမှ တစ်နိုင်ငံသားကျွန်တစ်ဦးထံသို့ဦးလှည့်ရန်မှာ ဖါရောဘုရင်အတွက် အသရေယုတ်စေသောအရာတစ်ခုဖြစ်ပါသည်။ သို့ရာတွင် မိမိ၏စိတ်ပူပန်မှုကို သက်သာခွင့်ရမည်ဆိုလျှင် နိမ့်ကျသောထိုအလုပ်ကိုပင်လုပ်ရန် သူအဆင်သင့်ရှိခဲ့ပါသည်။ သို့နှင့်ယောသပ်အားချက်ချင်းအခေါ်လွှတ်ပါတော့သည်။ ထောင်ထဲမှာဝတ်သောအဝတ်များကိုချွတ်စေပြီး ထောင်ကျနေစဉ် အတော်ရှည်နေပြီဖြစ်သည့်မုတ်ဆိတ်များကိုလည်းရိတ်စေကာ ယောသပ်အား ဖါရောဘုရင်၏ရှေ့တော်သို့သွင်းခဲ့ကြ၏။

"ဖါရောမင်းကလည်း ငါသည်အိပ်မက်ကိုမြင်မက်ပြီ၊ အနက်ကိုအဘယ်သူမျှမဖတ်နိုင်။ သင်သည် အိပ်မက်ကိုနားလည်သောဉာဏ်နှင့် အနက်ဖတ်နိုင်သည်ကိုငါကြားရပြီ" ဟုဆို၏။ ယောသပ်ကလည်း ကျွန်တော်သည် အလိုအလျောက်မတတ်နိုင်ပါ။ ဘုရားသခင်သည် မင်္ဂလာအဖြေစကားကို ဖါရောဘုရင်အားပေးတော်မူပါစေသောဟုလျှောက်လေ၏။ ယောသပ်သည် ဘုရားသခင်ကိုယုံကြည်၍ နှိမ့်ချခြင်းရှိကြောင်း ဘုရင်ကြီးအား ထိုကဲ့သို့တုံ့ပြန်မှုတွင်ထင်ရှားစေခဲ့ပါသည်။ မိမိကိုယ်တိုင်၌ ထူးခြားသောဉာဏ်ပညာ

များကိုပိုင်ဆိုင်မထားကြောင်းကိုလည်း ယဉ်ကျေးသိမ်မွေ့စွာဖြင့် ငြင်းဆိုခဲ့ပါသည်။ "ဘုရားသခင်တစ်ပါးတည်းသာလျှင် နက်နဲသောဤအရာကို ရှင်းလင်းဖော်ပြနိုင်တော်မူပါသည်။ ကျွန်တော်သည် အလိုအလျောက်မတတ်နိုင်ပါ" ဟုသူပြောဆိုခဲ့ပါသည်။

ထိုနောက်ဖါရောမင်းကလည်း "ငါမြင်မက်သည်မှာ မြစ်နားမှာ ငါရပ်နေ၏။ အဆင်းလှ၍ ဝသောနွားခုနစ်ကောင်တို့သည် မြစ်ထဲမှထွက်၍ မြစ်နားမှာပေါက်သောမြက်ပင်ကိုစားလျက်နေကြ၏။ ထိုနွားတို့နောက်မှ အဆင်းမလှပိန်ကြုံနေသောနွားခုနစ်ကောင်တို့သည် ထွက်လာကြ၏။ ထိုမျှလောက်အရုပ်ဆိုးသောနွားတို့ကို အဲဂုတ္တုပြည်တစ်လျှောက်လုံးတွင် တစ်ခါမျှမမြင်ရစဖူး။ အဆင်းမလှ၊ ပိန်သောနွားတို့သည် ဝသောအရင်နွားခုနစ်ကောင်တို့ကိုကိုက်စားကြ၏။ စားပြီးသောနောက် စားမှန်းကိုအဘယ်သူမျှမသိရ။ အရင်ကဲ့သို့အရုပ်ဆိုးသေး၏။ ငါလည်းနိုး၏။ တစ်ဖန်ငါမြင်မက်ပြန်သည်ကား၊ အလုံးကြီး၍ ကောင်းသောစပါးခုနစ်နှံတို့သည် စပါးတစ်ပင်တည်း၌ဖြစ်ကြ၏။ ထိုနောက်မှညှိုးနွမ်းလျက် အလုံးသေး၍ အရှေ့လေဖြင့်ပျက်သောစပါးခုနစ်နှံတို့သည်ပေါက်ကြ၏။ အလုံးသေးသောစပါးနှံတို့သည် ကောင်းသောစပါးခုနစ်နှံတို့ကိုစားကြ၏။ ထိုအိပ်မက်ကို ဗေဒင်တတ်တို့အား ငါပြောကြား၍ အနက်ကိုအဘယ်သူမျှမဖတ်နိုင်ဟု ယောသပ်အားပြောဆိုတော်မူ၏။"

ယောသပ်ကလည်း ဖါရောဘုရင်မြင်တော်မူသောအိပ်မက်ကား၊ တစ်ပါးတည်းဖြစ်ပါသည်။ ဘုရားသခင်ပြုလတ္တံ့သောအမှုကို ဖါရောဘုရင်အားပြတော်မူပြီ။ အဲဂုတ္တုတစ်ပြည်လုံးတွင် ဝပြောသောခုနစ်နှစ်ရှိခဲ့ပါသည်။ ထိုပြည်တွင် ထိုခုနစ်နှစ်အတွက်၌ လယ်များနှင့်ဥယျာဉ်များသည် အသီးအနှံများများစွာထွက်ခဲ့ပါသည်။ သာယာသောထိုခုနစ်နှစ်ကုန်ဆုံးသွားသောအခါ အစာခေါင်းပါးသောခုနစ်နှစ်ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ "ထိုနောက် အစာခေါင်းပါးသောခုနစ်နှစ်ပေါ်လာ၍ အဲဂုတ္တုပြည်၌အလုံးစုံသောဝပြောခြင်းသည် တိမ်မြုပ်လျက် အစာခေါင်းပါးခြင်းအားဖြင့် တစ်ပြည်လုံးပျက်စီးလိမ့်မည်။"



အိပ်မက်ကိုနှစ်ခါထပ်၍ရူပါရုံပေးခြင်းမှာ ထိုအရာသည်ပြည့်စုံဖို့နီးကပ်ကြောင်းနှင့် သေချာကြောင်းကိုထင်ရှားစေပါသည်။ "သို့ဖြစ်၍ ဖာရောဘုရင်သည် ဉာဏ်ပညာနှင့်ပြည့်စုံသောသူကိုရွေးချယ်၍ အဲဂုတ္တုပြည်ကိုအုပ်စိုးစေတော်မူပါ။ ခန့်ထားတော်မူသောသူသည်လည်း တစ်ပြည်လုံး၌အကြီးအကြပ်တို့ကို ခန့်ထား၍ ဝပြောသောနှစ်ခုနစ်နှစ်ပတ်လုံး တစ်ပြည်လုံးတွင် ငါးဖို့တစ်ဖို့ ကောက်ယူကြပါစေ။ ထိုသူတို့သည် ဖြစ်လတ္တံ့သောမင်္ဂလာနှစ်တို့တွင် ရိက္ခာရှိသမျှကိုစုရုံး၍ ဖါရောဘုရင်ထံ၌ စပါးများကိုဆည်းပူးကြပါစေ။ မြို့များ၌လည်း ရိက္ခာကိုသိုထားကြပါစေ။ သို့ဖြစ်၍ အဲဂုတ္တုပြည်၌ အစာခေါင်းပါးသောနှစ်ခုနစ်နှစ်ရောက်သောအခါ ပြည်သူပြည်သားစားစရာဖို့ သိုထားလျက်ရှိနှင့်၍ အစာခေါင်းပါးသောကာလတွင် ပြည်တော်မပျက်ရဟု ဖါရောမင်းအားလျှောက်လေ၏။"

ဤအနက်ဖွင့်ခြင်းသည် ညီညွတ်ဆီလျော်၍ ယုတ္တိရှိကာ အကြံပေးချက်များသည်လည်း အလွန်ကောင်းမွန်သည်ဖြစ်ရာ ဧကန်အမှန်ဖြစ်နိုင်သည်မှာ သံသယရှိစရာမလိုလောက်အောင်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ဤအစီအစဉ်ကို မည်သူ့အားအကောင်အထည်ဖော်ခိုင်းရမည်နည်း။ ထိုတိုင်းပြည်၏ဆက်လက်တည်ရှိမှုသည် ဤရွေးချယ်မှုအပေါ်တွင်မူတည်နေပါသည်။ ဘုရင်ကြီးသည် စိတ်ဒုက္ခရောက်လျက်ရှိပါသည်။ ထိုစီမံကိန်းကိုအကောင်အထည်ဖော်မည့်သူကိုရွေးချယ်ခန့်ထားရေးအတွက် အချိန်အတော်အတန်ယူ၍ စဉ်းစားသုံးသပ်ခဲ့ပါသည်။ ထိုဘုရင်ကြီးသည် ဖလားတော်ဝန်မှတစ်ဆင့် ထောင်ထဲတွင်စီစဉ်လုပ်ဆောင်မှုများ၌ ပေါ်လွင်ထင်ရှားခဲ့သည့် ယောသပ်၏ဉာဏ်ပညာများနှင့်ပညာသတိရှိမှုများကိုကြားသိခဲ့ရပါသည်။ သူသည် စီမံအုပ်ချုပ်မှုအပိုင်းတွင် အလွန်ကျွမ်းကျင်ကြောင်း ထိုအချက်ကသိသာထင်ရှားစေခဲ့ပါသည်။ ဖလားတော်ဝန်သည် မိမိကိုယ်ကိုအပြစ်တင်ကာ ယခုတွင် မိမိကိုအကျိုးပြုခဲ့သောယောသပ်အား ချီးမွမ်းမြှင့်တင်ခြင်းဖြင့် မိမိပြုခဲ့သောကျေးဇူးကန်းခဲ့မှုကိုအပြစ်ဖြေရန် ကြိုးစားခဲ့ပါသည်။ ၎င်းပြင် ဘုရင်ကြီးက ဆက်လက်ပြုလုပ်သောမေးမြန်းစုံစမ်းခြင်းများအားဖြင့် ယောသပ်ပြောခဲ့သောစကားများ

သည် မှန်ကန်ကြောင်းထင်ရှားစေခဲ့ပါသည်။ ယောသပ်သည် အဲဂုတ္တုပြည်ကြီးအား ခြိမ်းခြောက်မည့်အန္တရာယ်ကြီးကိုပြည့်ကွန်နိုင်ပြီး လိုအပ်သောပြင်ဆင်မှုများကိုလုပ်ဆောင်နိုင်မည့်ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံသည့် တစ်ဦးတည်းသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါသည်။ ယောသပ်သည် မိမိတင်ပြခဲ့သောအစီအစဉ်ကို ကောင်းမွန်စွာအကောင်အထည်ဖော်နိုင်မည့် အကောင်းဆုံးအရည်အချင်းနှင့်ပြည့်စုံသူတစ်ဦးဖြစ်ကြောင်း ဘုရင်ကြီးသဘောပေါက်ခဲ့ပါသည်။ ဘုရားသခင်၏တန်ခိုးတော်သည် ယောသပ်နှင့်အတူရှိနေကြောင်း ဤကဲ့သို့သောအကျပ်အတည်းကာလတွင် တိုင်းရေးပြည်ရာများကိုဦးဆောင်နိုင်မည့်သူတစ်စုံတစ်ယောက်မျှ ထိုဘုရင်ကြီး၏နန်းတော်တွင်မရှိကြောင်းများမှာ ထင်ရှားနေပါသည်။ သူသည် ဟေဗြဲလူမျိုးတစ်ဦးဖြစ်ကြောင်း၊ ကျွန်တစ်ဦးဖြစ်ကြောင်းကို သူ၏ထင်ရှားသောဉာဏ်ပညာရှိမှုနှင့်ကောင်းမွန်သောဆုံးဖြတ်ချက်များအားသုံးသပ်လိုက်သောအချိန်တစ်ခဏချင်းတွင် ထင်ရှားသိသာလာခဲ့ပါသည်။ ထိုကြောင့် "ဖါရောမင်းက၊ ဘုရားသခင်၏ဝိညာဉ်တော်ကိုရ၍ ဤကဲ့သို့သောသူကို အဘယ်မှာရှာ၍တွေ့နိုင်မည်နည်းဟု ကျွန်တော်မျိုးတို့အားမိန့်တော်မူ၏။"

ထိုနောက်ယောသပ်ကိုခန့်အပ်ရန်ဆုံးဖြတ်ချက်ချကာ "ဘုရားသခင်သည် ဤအမှုအလုံးစုံတို့ကို သင့်အားပြတော်မူသည်ဖြစ်၍ သင်ကဲ့သို့ဉာဏ်ပညာနှင့်ပြည့်စုံသောသူမရှိ၊ သင်သည် နန်းတော်အုပ်ဖြစ်ရမည်။ သင်၏စကားအတိုင်း ငါ၏ပြည်သားအပေါင်းတို့ကို ငါစီရင်စေမည်။ ရာဇပလ္လင်အားဖြင့်သာ ငါသည်သင့်ထက်ကြီးမြတ်မည်ဟု မိန့်တော်မူလျက် လက်စွပ်တော်ကိုချွတ်၍ ယောသပ်လက်၌စွပ်စေတော်မူ၏။ ပိတ်ချောအဝတ်ကိုဝတ်စေ၍ လည်ပင်း၌ရွှေစလွယ်ကိုဆွဲပြီးလျှင် ဒုတိယရထားတော်ကိုစီးစေတော်မူ၏။ ပျပ်ဝပ်၍နေကြဟု သူ့ရှေ့မှာအော်ဟစ်ကြ၏။"

"သူသည် မိမိအလိုရှိသည်အတိုင်း မင်းအရာရှိတို့ကိုချည်နှောင်၍ မှူးတော်မတ်တော်တို့ကိုဆုံးမပိုင်သောအခွင့်နှင့် နန်းတော်အုပ်၊ နိုင်ငံတော်အုပ်အရာ၌ ထိုသူကိုခန့်ထားတော်မူ၏။" ယောသပ်သည် အကျဉ်းထောင်ထဲမှသည်



အဲဂုတ္တုပြည်ကိုအုပ်စိုးရသောအရာရှိတစ်ဦးဖြစ်လာသည်အထိ မြှောက်စားခြင်းကိုခံခဲ့ရပါသည်။ မြင့်မားသောရာထူးဌာနန္တရများသည် အခက်အခဲနှင့်ဘေးအန္တရာယ်များ၏ဝန်းရံတိုက်ခိုက်မှုကိုခံရပါသည်။ မြင့်မားသောနေရာကိုအန္တရာယ်ကင်းစွာ မည်သူမျှမရပ်တည်နိုင်ပါချေ။ လေပြင်းမုန်တိုင်းများသည် လျှိုမြောင်ချိုင့်ဝှမ်းထဲတွင်ပေါက်ရောက်ပွင့်လန်းနေသော အညံ့စားပန်းကလေးတစ်ပွင့်ကိုမဖျက်ဆီးသော်လည်း တောင်ထိပ်တွင်ပေါက်နေသည့်အဓိကအပင်ကြီးများကိုမူ အမြစ်ပြုတ်၍လဲစေသကဲ့သို့ နှိမ့်ချသောအသက်တာတွင် မိမိတို့၏ရိုးသားဖြောင့်မတ်ခြင်းကို ထိန်းသိမ်းစောင့်ရှောက်နေသူများအား လောကီအောင်မြင်မှုနှင့်ဂုဏ်ပြုခြင်းများကို တိုက်ခိုက်ရယူစေသည့်စုံစမ်းခြင်းများအားဖြင့် အမှောင်တွင်းထဲသို့ဆွဲချကောင်းဆွဲချပါလိမ့်မည်။ သို့ရာတွင် ယောသပ်မှာမူ ဆင်းရဲဒုက္ခနှင့်ချမ်းသာကြွယ်ဝမှုဒုက္ခနှစ်ခုစလုံးကိုခံနိုင်ရည်ရှိခဲ့ပါသည်။ သူသည်ထာဝရဘုရားသခင်အပေါ်သစ္စာစောင့်သိမှုကို အကျဉ်းထောင်ထဲမှာပြသခဲ့သကဲ့သို့ ဖါရောဘုရင်၏နန်းတော်တွင်လည်းပြသခဲ့ပါသည်။ သူသည် မယုံကြည်သူနိုင်ငံတစ်ခုတွင် လူစိမ်းတစ်ဦးဖြစ်ကာ မိဘဆွေမျိုးများနှင့်တကွယုံကြည်သူများနှင့်ပါခွဲခွာနေခဲ့ရသော်လည်း တန်ခိုးကြီးတော်မူသောလက်တော်သည် မိမိအားလမ်းပြလျက်ရှိကြောင်းကို သူယုံကြည်ခဲ့ပါသည်။ သူသည် ထာဝရဘုရားသခင်အပေါ်မှီခိုအားကိုးလျက် မိမိအားပေးအပ်ထားသောတာဝန်ဝတ္တရားများကို သစ္စာရှိစွာဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ယောသပ်၏အသက်တာအားဖြင့် အဲဂုတ္တုပြည်ရှင် ဖါရောဘုရင်နှင့်တကွ နိုင်ငံခေါင်းဆောင်များသည် စစ်မှန်သောဘုရားသခင်ကိုအာရုံပြုလာခဲ့ကြပါသည်။ သူတို့သည် ရုပ်တုကိုးကွယ်မှုကိုစွဲစွဲလမ်းလမ်းဖြစ်ခဲ့ကြသော်လည်း ထာဝရဘုရားသခင်ကိုကိုးကွယ်သည့်ယောသပ်၏အသက်တာတွင်ဖော်ပြခဲ့သောစည်းမျဉ်းများကိုလေးစားရန် နားလည်လာခဲ့ကြပါသည်။

ယောသပ်သည် ထိုကဲ့သို့သောကြံ့ခိုင်သည့်စာရိတ္တဖြောင့်မှန်ခြင်းနှင့်ပညာများကိုမည်သို့ရရှိခဲ့သနည်း။ သူသည်ငယ်ရွယ်စဉ်အခါက ကိုယ်တော်အလိုရှိသည့်အတိုင်းလုပ်ဆောင်သည်ထက် တာဝန်ပိုင်းကိုသာဦးစားပေး

ဆောင်ရွက်ခဲ့ပါသည်။ လူငယ်တစ်ဦး၏ရိုးသားဖြောင့်မှန်ခြင်း၊ ယုံကြည်ကိုးစားခြင်းနှင့် မြင့်မြတ်သောအကျင့်စရိုက်များတို့သည် အရွယ်ရောက်သောလူကြီးတစ်ဦး၏လုပ်ဆောင်မှုများ၌ အသီးအပွင့်သီးပွင့်ခဲ့ပါသည်။ သန့်စင်၍ရိုးသားသောအသက်တာတစ်ခုသည် ကိုယ်ခန္ဓာစွမ်းရည်နှင့်ဉာဏ်ပညာစွမ်းရည်နှစ်ခုစလုံး၏တိုးတက်ကြီးပွားမှုကိုဖြစ်စေခဲ့ပါသည်။ ကိုယ်တော်၏လက်ရာတော်များမှတစ်ဆင့် ထာဝရဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ ယုံကြည်ခြင်းနှင့်စပ်ဆိုင်သည့်အမွေဆက်ခံသူများအား ပေးအပ်ထားသည့်မဟာတရားတော်များကို အာရုံပြုခြင်းများတို့သည် သူ၏ဝိညာဉ်ရေးသဘာဝကိုတိုးတက်ကောင်းမွန်၍မြင့်မြတ်စေပြီး စိတ်တန်ခိုးများကိုလည်းကျယ်ပြန့်အားကောင်းစေခဲ့ပါသည်။ ထိုကဲ့သို့သောတိုးတက်မှုမျိုးကို အခြားမည်သည့်အရာကမျှမလုပ်ဆောင်နိုင်ပါချေ။ အနိမ့်ကျဆုံးသောအလုပ်မှစ၍ အမြင့်မားဆုံးသောအလုပ်တာဝန်အထိကျရာတာဝန်များကို သစ္စာရှိစွာဂရုပြုလုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏အစွမ်းအစများကို အကောင်းဆုံးအဆင့်သို့ရောက်ရန် လေ့ကျင့်ပေးနေပါသည်။ ဖန်ဆင်းရှင်၏အလိုတော်နှင့်အညီ အသက်ရှင်သောသူသည် မိမိအတွက်အစစ်မှန်ဆုံးနှင့်အမြင့်မြတ်ဆုံးစာရိတ္တဖွံ့ဖြိုးမှုကိုရယူနေခြင်းဖြစ်ပါသည်။ "ထာဝရဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာဖြစ်၍ ဒုစရိုက်ကိုရှောင်ခြင်းသည် ဉာဏ်ဖြစ်၏။"

အသက်တာ၏သေးငယ်သောအရာများသည် အကျင့်စာရိတ္တဖွံ့ဖြိုးမှုအပေါ်အကျိုးသက်ရောက်မှုရှိကြောင်းကို သိရှိသူနည်းပါးလှပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာမှန်သမျှသည် သေးငယ်သိမ်ဖျင်းသောအရာများမဟုတ်ကြပါ။ နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့တွေ့ကြုံနေရသောအမျိုးမျိုးသောအခြေအနေများသည် ကျွန်ုပ်တို့၏သစ္စာရှိမှုကိုစမ်းသပ်ရန်နှင့် ပို၍ကြီးမားသောတာဝန်များကိုထမ်းဆောင်ဖို့ အကျွန်ုပ်တို့အား အရည်အသွေးနှင့်ပြည့်စုံစေရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ သာမန်အသက်တာ၌ ပြီးစီးအောင်လုပ်ဆောင်ရမည့်လုပ်ငန်းများ၏စည်းမျဉ်းကိုစွဲလမ်းခြင်းအားဖြင့် စိတ်သဘောထားသည် အပျော်အပါးများနှင့်စိတ်အလို၏တပ်မက်မှုများကိုလိုက်လျှောက်



သည်ထက် တာဝန်ပိုင်းဆိုင်ရာတောင်းဆိုမှုများကိုလုပ်ဆောင်ရန် ကျင့်သားရလာပါသည်။ ဤကဲ့သို့လေ့ကျင့်ထားသောစိတ်သဘောထားများသည် လေယူရာတိမ်းတတ်သောကျူပင်ကဲ့သို့ အမှန်နှင့်အမှားအကြားတွင် ဟိုတိမ်းဒီယိုင်မဖြစ်တော့ချေ။ သူတို့သည် မိမိကိုယ်ကိုရိုးသားဖြောင့်မှန်ခြင်းနှင့်သမ္မာတရားများတွင်ကျင့်သုံးရအောင် လေ့ကျင့်ထားကြသောကြောင့် မိမိတို့လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများအပေါ်သစ္စာရှိကြပါသည်။ သေးငယ်သောအရာများတွင် သစ္စာရှိခြင်းအားဖြင့် ကြီးကျယ်သောလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန်ခွန်အားများကို သူတို့ရရှိလာကြပါသည်။

ဖြောင့်မှန်သောအကျင့်စာရိတ္တသည် ဩဖိရရွှေစင်ထက်သာ၍တန်ဖိုးရှိပါသည်။ ထိုစာရိတ္တမျိုးမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဂုဏ်အသရေနှင့်တင့်တယ်ထူးကဲသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်မလာနိုင်ချေ။ သို့ရာတွင် အကျင့်စာရိတ္တဟူသည် မျိုးရိုးစဉ်ဆက်အမွေပစ္စည်းတစ်ခုအလား ဆက်ခံရရှိသည့်အရာတစ်ခုမဟုတ်ပါချေ။ ထိုအရာကိုဝယ်ယူခြင်းငှာ မစွမ်းနိုင်ပါ။ ကိုယ်ကျင့်တရားကောင်းမြတ်ခြင်းနှင့်ကောင်းမွန်သည့်စိတ်ဓါတ်စွမ်းရည်များသည် မတော်တဆရရှိလာသည့်အရာများမဟုတ်ပါချေ။ တန်ဖိုးရှိသောဆုကျေးဇူးများကိုတိုးတက်ကြီးပွားအောင်လုပ်မပေးလျှင် မည်သို့မျှတန်ဖိုးရှိလာလိမ့်မည်မဟုတ်ချေ။ မြင့်မြတ်သောအကျင့်စာရိတ္တတည်ဆောက်ခြင်းသည် တစ်သက်ပတ်လုံးလုပ်ဆောင်ရမည့်အလုပ်တစ်ခုဖြစ်ပြီး ထိုစာရိတ္တမျိုးသည် မဆုတ်မနစ်ကြိုးစားလုပ်ဆောင်ခြင်း၏အကျိုးဆက်သာဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် အခွင့်အလမ်းများကိုပေးသနားတော်မူပါသည်။ အောင်မြင်မှုသည် ထိုအခွင့်အလမ်းများကိုအသုံးချမှုအပေါ်တွင်မူတည်ပါသည်။

* * *

## (၂၁)
## ယောသပ်နှင့်သူ၏အစ်ကိုများ

အသီးအနှံကောင်းမွန်စွာထွက်သည့် ပထမခုနစ်နှစ်၏နှစ်ဦးမှစ၍ ချဉ်းကပ်လာနေသည့်အစာခေါင်းပါးခြင်းအတွက် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ခဲ့ပါသည်။ ယောသပ်၏ညွှန်ကြားချက်အရ အဲဂုတ္တုပြည်အနှံ့ အချက်အခြာကျသောနေရာများတွင် အလွန်ကြီးမားသောသိုလှောင်ရုံကြီးများကို တည်ဆောက်ကာ ပိုလျှံသောသီးနှံများကိုသိုလှောင်ရန် လုံလောက်သောစီစဉ်မှုများကိုပြုလုပ်ခဲ့ပါသည်။ သိုလှောင်ရုံများတွင် ပိုလျှံအသီးအနှံများကိုရေတွက်ခြင်းငှာ မစွမ်းနိုင်သည့်တိုင်အောင် ဝပြောသောခုနစ်နှစ်အတွင်းတွင် ထိုစနစ်ကိုဆက်တိုက်ကျင့်သုံးခဲ့ပါသည်။

ထိုနောက် ယောသပ်၏ကြိုတင်ပြောကြားချက်အတိုင်း ရှားပါးသောခုနစ်နှစ်ဆက်၍ဖြစ်ပေါ်လာခဲ့ပါသည်။ "ခပ်သိမ်းသောပြည်တို့၌ အစာခေါင်းပါးခြင်းရှိသော်လည်း အဲဂုတ္တုပြည်၌ ဆန်စပါးရှိသေး၏။ နောက်တစ်ဖန် အဲဂုတ္တုပြည်သူပြည်သားအပေါင်းတို့သည် မွတ်သိပ်သောအခါ စားစရာကိုရပါမည်အကြောင်း ဖါရောမင်းထံ၌ကြွေးကြော်ကြ၏။ ဖါရောမင်းကလည်း ယောသပ်ထံသို့သွားကြ။ သူစီရင်သည့်အတိုင်းပြုကြဟု အဲဂုတ္တုပြည်သူပြည်သားအပေါင်းတို့ကိုမိန့်တော်မူ၏။ မြေပြင်တစ်လျှောက်လုံး၌ အစာခေါင်းပါးသောအခါ ယောသပ်သည် စပါးကျီရှိသမျှတို့ကိုဖွင့်၍ အဲဂုတ္တုလူတို့အားရောင်းလေ၏။"

အစာခေါင်းပါးခြင်းဘေးသည် ခါနာန်ပြည်သို့တိုင်ရောက်ရှိလာပြီး ယာကုပ်နေထိုင်လျက်ရှိသောဒေသသည် အဆိုးရွားဆုံးအစာခေါင်းပါးမှုဒဏ်ကို ခံစားခဲ့ရပါသည်။ ယာကုပ်၏သားဆယ်ဦးတို့သည် အဲဂုတ္တုဘုရင်၌ စားနပ်ရိက္ခာများရှိကြောင်းသတင်းကြားသဖြင့် စပါးဝယ်ရန် ထိုဒေသသို့ထွက်ခွာသွားခဲ့ကြပါသည်။ ထိုပြည်သို့ရောက်ရှိသောအခါ ဘုရင်၏လက်ထောက်နှင့်သွားရောက်တွေ့ဆုံရန် လမ်းညွှန်ခြင်းခံရသဖြင့် အခြားသောသူများနှင့်အတူ



ထိုနိုင်ငံအုပ်ကြီးရှေ့သို့ဝင်ရောက်ခစားခဲ့ကြပါသည်။ ထိုနောက် "သူတို့သည်လာ၍ သူ့ရှေ့မှာဦးညွှတ်ချကြ၏။ ယောသပ်သည် အစ်ကိုတို့ကိုမြင်လျှင်သိ၏။" သို့သော် သူတို့သည်ယောသပ်ကိုမသိကြ။ "အကြောင်းမှာ သူ၏ဟေဗြဲအမည်ကို ဘုရင်ကြီးကပြောင်းလဲသမုတ်ထားခြင်းကြောင့်တစ်ကြောင်း၊ အဲဂုတ္တုပြည်၏နန်းတော်အုပ်ကြီးနှင့်ဣရှမေလကုန်သည်များအား ၎င်းတို့ရောင်းစားလိုက်သည့်လူပျိုဖြန်းကလေးတို့အကြား အသွေးအမွေးကွဲပြားခြားနားနေခြင်းကြောင့်တစ်ကြောင်းဖြစ်ပါသည်။ မိမိ၏အစ်ကိုများသည် မိမိရှေ့တွင်ဦးညွှတ်နေသည်ကို ယောသပ်တွေ့မြင်သောအခါ သူမြင်မက်ခဲ့သောအိပ်မက်များကိုပြန်လည်သတိရလာပြီး အတိတ်ဖြစ်ရပ်များကိုထင်ထင်ရှားရှားမြင်ယောင်လာခဲ့ပါသည်။ သူသည်စူးရှသောမျက်လုံးများနှင့်ထိုအဖွဲ့ကိုစူးစမ်းလိုက်ရာ ထိုအဖွဲ့ထဲတွင် ဗယ်္ဂမိန်မပါကြောင်းတွေ့လိုက်ရပါသည်။ ဗယ်္ဂမိန်သည် ရက်စက်ကြမ်းကြုတ်သောထိုလူများ၏လှည့်စားယုတ်မာမှုများတွင် ဒုက္ခသည်တစ်ဦးဖြစ်သွားခဲ့ပြီလား။ သူသည် အမှန်တရားကိုသိရှိလိုသဖြင့် "သင်တို့သည် သူလျှိုဖြစ်ကြ၏၊ ပြည်တော်၌အားနည်းသောအရပ်ကိုကြည့်ရှုခြင်းငှာလာကြပြီ" ဟုကြမ်းတမ်းခက်ထန်စွာဖြင့် ပြောလိုက်ပါသည်။

"သူတို့က မဟုတ်ပါသခင်၊ ကိုယ်တော်၏ကျွန်တို့သည် အစာကိုဝယ်ခြင်းငှာသာလာကြပါ၏။ ကျွန်တော်တို့သည် တစ်ယောက်တည်းသောသူ၏သားဖြစ်ကြပါ၏။ ဖြောင့်မတ်သောသူလည်းဖြစ်ကြပါ၏။ ကိုယ်တော်၏ကျွန်တို့သည် သူလျှိုမဟုတ်ကြပါ" ဟုလျှောက်ကြ၏။ မိမိသည် ၎င်းတို့နှင့်အတူရှိစဉ်ကကဲ့သို့ ၎င်းတို့၌ကြမ်းတမ်းသောစိတ်ဓါတ်မျိုးရှိမရှိကို သူသိရှိလှပါသည်။ ၎င်းပြင် မိသားစုနှင့်စပ်လျဉ်းသည့်သတင်းများကိုလည်း သူတို့ထံမှကြားသိလိုလှပါသည်။ သို့ရာတွင် သူတို့၏ဖွင့်ဟမှုသည် မည်မျှလိမ်ညာမှုများနှင့်ပြည့်ဝနေသည်ကို သူကောင်းမွန်စွာသိရှိခဲ့ပါသည်။ သို့နှင့်၎င်းတို့သည် သူလျှိုများဖြစ်ကြသည်ဟူ၍ ထပ်ခါတလဲလဲစွပ်စွဲနေသောကြောင့် သူတို့က "ကိုယ်တော်ကျွန်တို့သည် ခါနာန်ပြည်၌တစ်ယောက်တည်းသောသူ၏သားညီအစ်ကိုတစ်ကျိပ်နှစ်ယောက်ဖြစ်ကြပါ၏။ အငယ်ဆုံးသောသူကား အဘနှင့်အတူယခုရှိရစ်ပါ၏။ တစ်ယောက်ကားမရှိပါဟုလျှောက်ပြန်ကြ၏။

သူတို့၏ပြောဆိုချက်များအပေါ် သံသယဖြစ်ကြောင်း၊ ၎င်းတို့အား သူလျှိုများအဖြစ်မှတ်ယူဆဲဖြစ်ကြောင်းဖွင့်ဆိုလျက် နေရင်းပြည်တွင်ကျန်ရစ်ခဲ့သောညီငယ်ကိုသွားခေါ်မည့်သူတစ်ဦးမှလွဲ၍ ကျန်သောသူများအားလုံး အဲဂုတ္တုပြည်တွင်ဆက်လက်နေထိုင်ရမည်ဖြစ်ကြောင်း အမိန့်ပေးကာ ၎င်းတို့အား စမ်းသပ်စစ်ဆေးခဲ့ပါသည်။ ဤအမိန့်ကိုမလိုက်နာပါက သူလျှိုများကဲ့သို့ မှတ်ယူခြင်းခံရကြမည်ဖြစ်ပါသည်။ ထိုအစီအစဉ်ကို အကောင်အထည်ဖော် နေသောအချိန်တွင် ၎င်းတို့၏မိသားစုသည် အငတ်ဘေးနှင့်ရင်ဆိုင်ရလိမ့်မည်ဖြစ်သောကြောင့် ထိုသူတို့သည် ထိုအစီအစဉ်ကိုလုပ်ဆောင်ရန် သဘောမတူခဲ့ကြချေ။ ထိုအစီအစဉ်ကိုအကောင်အထည်ဖော်ရန် နောက်ပြဿနာတစ်ခုမှာ ၎င်းတို့အထဲမှမည်သူသည် အခြားညီအစ်ကိုများကိုထောင်ထဲတွင် ချန်ထားခဲ့ပြီး တစ်ယောက်တည်းသွားလာလုပ်ဆောင်နိုင်မည်နည်း။ ထိုသူသည် ဤအခြေအနေမျိုးတွင် ဖခင်ကြီးနှင့်မည်သို့မျက်နှာချင်းဆိုင်နိုင်မည်နည်း။ ထိုအစီအစဉ်ကိုဆက်လက်လုပ်ဆောင်လျှင် သူတို့ကိုသတ်ပစ်ကောင်းသတ်ပစ်ကြလိမ့်မည်။ သို့မဟုတ် ကျွန်အဖြစ်ခိုင်းစေကောင်းခိုင်းစေကြလိမ့်မည်။ ဗင်္ယာမိန်ရောက်လာလျှင်လည်း သူတို့နှင့်အတူဒုက္ခရောက်နိုင်သည် စသည်ဖြင့် သူတို့စိတ်ထဲတွင်စဉ်းစားမိပါသည်။ ထိုကြောင့်တစ်ဦးတည်းကျန်ရစ်ခဲ့သော သားငယ်ကလေးအားဆုံးရှုံးစေခြင်းဖြင့် ဖခင်ကြီးအားဒုက္ခမပိုစေလိုတော့သဖြင့် ခါနာန်ပြည်သို့မည်သူမျှမပြန်တော့ဘဲ အတူတကွဒုက္ခခံကြရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသို့ဆုံးဖြတ်ခြင်းကြောင့် သူတို့အားထောင်ချထားခဲ့ရာ သုံးရက်တိတိထောင်ထဲတွင်နေခဲ့ကြရပါသည်။

ဤအစ်ကိုများသည် ယောသပ်နှင့်ခွဲခွာ၍နေထိုင်ခဲ့သောအချိန်ပိုင်း အတွင်းတွင် စိတ်သဘောထားများပြောင်းလဲမှုရှိခဲ့ပါသည်။ မနာလိုစိတ်၊ ကြမ်းတမ်းသောစိတ်၊ လိမ်ညာလိုသောစိတ်၊ ရက်စက်သောစိတ်၊ ကလဲ့စားချေလိုစိတ်များ သူတို့နှင့်ပြည့်ဝခဲ့ကြသော်လည်း ယခုတွင်ဆင်းရဲချို့တဲ့မှုများနှင့် ကြုံတွေ့လာရသောအချိန်၌ အတ္တစိတ်များကင်းမဲ့လာကာ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိလာပြီး မိမိတို့၏ဖခင်ကြီးကိုလည်း ချစ်ခင်လေးစားလာခဲ့ကြပါသည်။



သူတို့ကိုယ်၌က လူလတ်ပိုင်းသို့ရောက်ရှိနေပြီဖြစ်သော်လည်း ဖခင်ကြီး၏ စကားကိုလေးစားနားထောင်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

ထိုညီအစ်ကိုများသည် မိမိတို့အတိတ်ကကျူးလွန်ခဲ့သောအပြစ်များကို စဉ်းစားမိသောအခါ သုံးရက်လုံးလုံးအဲဂုတ္တုပြည်မှအကျဉ်းထောင်ထဲတွင် ခါးသီးသောဝမ်းနည်းမှုများကိုခံစားခဲ့ရပါသည်။ သူတို့သည် ဗင်္ယာမိန်ကို မပြနိုင်ခဲ့လျှင် သူလျှိုများဖြစ်သည်ဟူသောယူဆချက်ကိုအတည်ဖြစ်စေပုံပေါ်နေပါသည်။ တစ်ဖက်တွင်လည်း ဗင်္ယာမိန်ကိုခေါ်လာရန် သူ့ဖခင်၏ သဘောတူညီမှုကိုရရှိဖို့မျှော်လင့်ချက်အလွန်နည်းပါးနေပါသည်။ သုံးရက်မြောက်သောနေ့တွင် ယောသပ်သည် အစ်ကိုများအားရှေ့တော်သို့သွင်းစေခဲ့ပါသည်။ သူသည် ၎င်းတို့အားကြာကြာချုပ်မထားရက်ပါချေ။ ဖခင်နှင့်တကွ မိသားစုများသည် အစာငတ်မွတ်လျက်ရှိနေကောင်းရှိနေကြပေလိမ့်မည်။ ထိုကြောင့် ၎င်းတို့အားခေါ်၍ “ငါသည် ဘုရားသခင်ကိုကြောက်ရွံ့သောသူဖြစ်၏။ သို့ဖြစ်၍ သင်တို့သည်အသက်ချမ်းသာစေခြင်းငှာ ပြုရသောအမှုဟူမူကား၊ သင်တို့သည် ဖြောင့်မတ်သောသူမှန်လျှင် သင်တို့အစ်ကိုတို့တွင် တစ်စုံတစ်ယောက်ကို ထောင်အိမ်၌အချုပ်ခံလျက်နေစေပြီးလျှင် ကြွင်းသောသူတို့မူကား သွားကြလော့။ အိမ်သူအိမ်သားတို့၌ အစာခေါင်းပါးသောကြောင့် စပါးကိုယူ၍သွားကြလော့။ အငယ်ဆုံးသောညီကို ငါ့ထံသို့ဆောင်ခဲ့ကြလော့။ သို့ပြုလျှင် သင်တို့စကားမှန်လိမ့်မည်။ သင်တို့အသက်လည်းချမ်းသာရလိမ့်မည်” ဟုဆို၏။ ဖခင်ကြီးက ဗင်္ယာမိန်အား မိမိတို့နှင့်အတူထည့်လိုက်လိမ့်မည်ဟုမျှော်လင့်ချက်များစွာမရှိသော်လည်း ဤအဆိုပြုချက်ကို သူတို့လက်ခံကြပါသည်။ ယောသပ်သည် စကားပြန်မှတစ်ဆင့် သူတို့နှင့်ဆက်သွယ်ခဲ့ရာ မိမိတို့ပြောသောစကားကို ထိုနိုင်ငံအုပ်ကြီးနားလည်မည်မဟုတ်ဟုထင်ကာ သူတို့သည် သူ့ရှေ့တွင် မိမိတို့ပြောလိုသမျှကိုပြောခဲ့ကြပါသည်။ “အကယ်စင်စစ်ငါတို့သည် ညီ၏အမှု၌အပြစ်ကြီးကြ၏။ သူသည် ငါတို့ကိုတောင်းပန်သောအခါ သူ့စိတ်ဆင်းရဲခြင်းကိုငါတို့သည်မြင်လျက်နှင့် နားမထောင်ဘဲနေကြ၏။ ထိုကြောင့်ဤအမှုသည် ငါတို့အပေါ်မှာယခုရောက်လာပြီ” ဟု

ယောသပ်အပေါ်ပြုကျင့်ခဲ့သည့်အရာများအတွက် တစ်ဦးကိုတစ်ဦးအပြစ်တင်ပြောဆိုနေကြပါသည်။ ဒေါသန်အရပ်တွင်ငင်းအားကယ်လွှတ်ရန်စီမံပြောဆိုခဲ့သောရုဗင်က "သူငယ်ကိုမပြစ်မှားပါနှင့်ဟု ကျွန်ုပ်ဆိုသည်မဟုတ်လော။ သင်တို့သည်နားမထောင်ဘဲနေကြသောကြောင့် သူ၏အသွေးအတွက် ယခုအပြစ်ခံရကြသည်ဟုပြန်၍ပြောဆို၏။ ထိုစကားများကိုနားထောင်နေသောယောသပ်သည် စိတ်ကိုမထိန်းနိုင်တော့ဘဲ သူတို့ထံမှခဏခွာ၍ငိုလေ၏။ တစ်ဖန်ပြန်လာကာ ရှိမောင်ကိုသူတို့အထဲမှဆွဲထုတ်ကာ သူတို့ရှေ့တွင်ချုပ်နှောင်ပြီး ထောင်ချလေ၏။ ရှိမောင်သည် မိမိညီအစ်ကိုများအား ရက်စက်သောလုပ်ရပ်များကိုလုပ်ဆောင်ရန် ဆွပေးခဲ့သောအဓိကဇာတ်ဆောင်တစ်ဦးဖြစ်ခဲ့ရကား ငင်းအားချုပ်နှောင်ဖမ်းဆီးထားရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

ညီအစ်ကိုများထွက်ခွာမသွားမီ ငင်းတို့အားစပါးများကိုပေး၍ ငင်းတို့ပေးသောစပါးဖိုးငွေများကိုလည်း ငင်းတို့၏အိတ်များထဲတွင် လျှို့ဝှက်စွာပြန်ထည့်ပေးလိုက်ရန် ယောသပ်မှာထားခဲ့၏။ အပြန်ခရီးတွင်လိုအပ်သည့်တိရစ္ဆာန်အစာများကိုလည်း ဖြည့်ဆည်းပေးခဲ့ပါသည်။ လမ်းခရီးတွင်တစ်ယောက်သောသူသည် မြည်းစာကိုကျွေးခြင်းငှာ မိမိအိတ်ကိုဖွင့်လျှင်ငွေများကိုတွေ့ရှိသဖြင့် အံ့အားသင့်ခဲ့ပါသည်။ ထိုအကြောင်းကို အခြားသူများအားအသိပေးလိုက်ရာ စိတ်နှလုံးလျော့၍ကြောက်လန့်လျက် "ငါတို့၌ဘုရားသခင်ပြုတော်မူသောဤအမှုသည် အဘယ်အမှုဖြစ်ပါလိမ့်မည်နည်း" ဟုတစ်ယောက်ကိုတစ်ယောက်ပြောကြ၏။ ဤအရာကိုဘုရားသခင်ပေးသောနိမိတ်ကောင်းတစ်ခုဟုမှတ်ယူကြမည်လား။ သို့မဟုတ်ပါက သူတို့ကျူးလွန်ခဲ့သောအပြစ်များအတွက် အပြစ်ဒဏ်စီရင်နိုင်ရန်အတွက် အကွက်ဆင်ကာသူတို့ကိုပို၍ဒုက္ခရောက်အောင်လုပ်ဆောင်ခြင်းလား။ ဘုရားသခင်သည်မိမိတို့၏အပြစ်များကိုမြင်တော်မူကြောင်းကိုလည်းကောင်း၊ ယခုတွင်ကိုယ်တော်သည် ငင်းတို့အားအပြစ်ဒဏ်စီရင်နေကြောင်းကိုလည်းကောင်းသူတို့အသိအမှတ်ပြုခဲ့ပါသည်။

ယာကုပ်သည် မိမိသားများပြန်လည်ရောက်ရှိလာမည့်အချိန်ကို စိုးရိမ်ပူပန်စွာဖြင့်စောင့်စားနေခဲ့ရာ ငင်းတို့ပြန်လည်ရောက်ရှိလာကြသောအခါ





ဖြစ်ပျက်သမျှအလုံးစုံကို ဖခင်ကြီးအားပြန်လည်ပြောပြကြသည်ကိုတစ်စခန်းလုံးကဝိုင်းအုံ၍စိတ်ဝင်တစားနားထောင်ခဲ့ကြပါသည်။ လူတိုင်းသည်စိုးရိမ်ထိတ်လန့်နေကြပါသည်။ အဲဂုတ္တုနိုင်ငံအုပ်၏လုပ်ဆောင်မှုသည်မကောင်းကြံသည့်သဘောမျိုးသက်ရောက်နေရာ ငင်းတို့၏အိတ်အသီးသီးကိုဖွင့်လိုက်သောအခါ မိမိတို့၏ငွေများကိုပြန်လည်တွေ့ရှိသောအချိန်တွင်ငင်းတို့၏စိုးရိမ်စိတ်များကိုအတည်ဖြစ်စေခဲ့ကြပါသည်။ စိတ်အားလျော့နေသောသက်ကြီးရွယ်အိုယာကုပ်က "သင်တို့သည် ငါ့သားကိုလုယူကြပြီ။ ယောသပ်မရှိ၊ ရှိမောင်မရှိ၊ ဗင်္ယာမိန်ကိုလည်းယူဆောင်သွားချင်သည်တကား။ ဤအမှုအလုံးစုံတို့သည် ငါနှင့်ဆန့်ကျင်ဘက်ဖြစ်သည်တကားဟု သူတို့အားဆို၏။" ထိုအခါရုဗင်က "ကျွန်ုပ်သည်ဗင်္ယာမိန်ကိုအဘထံသို့ပြန်၍မဆောင်ခဲ့လျှင် ကျွန်ုပ်သားနှစ်ယောက်တို့ကိုသတ်ပါလော့။ သူ့ကိုကျွန်ုပ်လက်၌အပ်ပါ။ ကျွန်ုပ်တစ်ဖန်အဘထံသို့ပြန်၍ဆောင်ခဲ့ပါမည်" ဟူ၍ဆို၏။ ကြမ်းတမ်းသောဤအပြောသည် ယာကုပ်အားစိတ်သက်သာမှုမဖြစ်စေခဲ့ပါ။ သို့နှင့်ယာကုပ်က "သင်တို့နှင့်အတူငါ့သားမသွားရ။ သူ၏အစ်ကိုသေပြီ။ သူသည်တစ်ယောက်တည်းကျန်ရစ်၏။ သင်တို့သွားရာလမ်းခရီးတွင် သူ၌ဘေးရောက်လျှင် သင်တို့သည်ငါ့ဆံပင်ဖြူကိုဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့သက်ရောက်စေကြလိမ့်မည်" ဟုဆိုလေ၏။

အစာခေါင်းပါးခြင်းသည် အချိန်ကြာမြင့်စွာဆက်လက်ဖြစ်ပေါ်နေရာအဲဂုတ္တုပြည်မှဆောင်ခဲ့သောစပါးများသည် ကုန်လုကုန်ခန်းဖြစ်နေပေပြီ။ ဗင်္ယာမိန်မပါဘဲ အဲဂုတ္တုပြည်သို့ပြန်သွားခဲ့လျှင် အချည်းနှီးသာဖြစ်လိမ့်မည်ကိုယာကုပ်၏သားများက ကောင်းမွန်စွာသိရှိထားပါသည်။ ဖခင်၏ဆုံးဖြတ်ချက်ကိုပြောင်းလဲခြင်းငှာလည်း မျှော်လင့်ချက်နည်းပါးနေသည့်အတွက် ဘာမျှမပြောဘဲဖြစ်ပျက်လာမည့်အခြေအနေကိုသာစောင့်ကြည့်နေကြပါသည်။ အစာခေါင်းပါးခြင်းသည် ပို၍ပို၍ဆိုးရွားလာခဲ့ရာ ယာကုပ်သည် စိုးရိမ်တကြီးဖြစ်နေသောတစ်စခန်းလုံးရှိလူများ၏အခြေအနေကိုရိပ်မိကာ "တစ်ဖန်သွား၍ငါတို့စားစရာအနည်းငယ်ကိုဝယ်ကြပါဦး" ဟုဆို၏။

ယုဒကလည်း၊ “ထိုသူသည် ကျွန်ုပ်တို့ကိုကျပ်ကျပ်ခြိမ်းခြောက်လျက် သင်တို့ညီမပါလျှင် ငါ့မျက်နှာကိုမမြင်ရဟုပြောထားပြီ။ ကျွန်ုပ်တို့ညီကို ထည့်လျှင်သွား၍အဘစားဖို့ရာဝယ်ပါမည်။ ညီကိုမထည့်လျှင်မသွားပါ။ အကြောင်းမူကား ထိုသူက သင်တို့ညီမပါလျှင် ငါ့မျက်နှာကိုမမြင်ရဟု ပြောထားပြီဟု အဘအားပြောဆိုလေ၏။ ဖခင်ကြီး၏စိတ်ပြဌာန်းမှုသည် အနည်းငယ်လျှော့ရှားယိမ်းယိုင်လာသယောင်ဖြစ်နေသည်ကိုတွေ့ရသဖြင့် ယုဒက “သူငယ်ကို ကျွန်ုပ်နှင့်အတူလွှတ်ပါ။ သို့ပြုလျှင် အဘမှစ၍ ကျွန်ုပ်တို့နှင့် သူငယ်များတို့သည် မသေ၊ အသက်ရှင်မည်အကြောင်း ကျွန်ုပ်တို့ထ၍သွားကြပါမည်” ဟုဆို၏။ ယုဒသည် မိမိညီငယ်အတွက် အာမခံချက်ပေးကာ အကယ်၍အဘထံသို့ ဗယ်ာမိန်အားပြန်၍ခေါ်မဆောင်နိုင်ခဲ့လျှင် ပေးသမျှ အပြစ်ကိုမိမိခံမည်ဖြစ်ကြောင်း ဝန်ခံလေ၏။

ယာကုပ်သည် သဘောမတူဘဲမနေနိုင်တော့၍ သားများအား ခရီးထွက်ဖို့ပြင်ဆင်ရန်ပြောဆိုခဲ့ပါသည်။ ထိုသူအားဆက်သစရာဖို့ အစာ ခေါင်းပါးနေသောငင်းတို့ပြည်အတွက် အကောင်းဆုံးပစ္စည်းများဖြစ်သည့် ဗလစံစေးအနည်းငယ်၊ ပျားရည်အနည်းငယ်၊ နံ့သာမျိုး၊ မုရန်စေး၊ သစ်အယ်သီး၊ ဗာဒံသီးတို့ကိုလည်းကောင်း၊ နှစ်ဆသောငွေများကိုလည်းကောင်း ယူဆောင် သွားကြရန်ခိုင်းစေလိုက်ပါသည်။ ထိုနောက်မှ “သင်တို့ညီကိုလည်းယူ၍ တစ်ဖန်ထိုသူထံသို့ထသွားကြလော့” ဟုဆို၏။ သို့နှင့်မိမိ၏သားများခရီး ထွက်ခွာသွားချိန်တွင် သက်ကြီးရွယ်အိုယာကုပ်သည် မိမိ၏လက်များကို ကောင်းကင်သို့မြှောက်ကာ “သင်တို့သည် သူ့စိတ်နှင့်တွေ့ရသောအခွင့်ကို ထာဝရတန်ခိုးရှင်ဘုရားသခင်ပေးတော်မူပါစေသော။ သို့ရာတွင် ငါသည် သားဆုံးခြင်းကိုခံရလျှင် ခံရတော့မည်ဟုသားတို့အားဆို၏။”

ထိုနောက် ထိုသူတို့သည် အဲဂုတ္တုပြည်သို့ထွက်ခွာသွားကာ ရောက်ရှိသော် ယောသပ်၏ရှေ့မှောက်တွင်ခစားကြ၏။ သူ၏ဖအေတူ မအေတူညီငယ်ဗယ်ာမိန်အားမြင်သော် ယောသပ်သည်အထူးစိတ်လှုပ်ရှား ခဲ့ပါသည်။ သို့ရာတွင် ရင်တွင်းခံစားချက်များကိုမျိုသိပ်ထားကာ ငင်းတို့အား



မိမိအိမ်သို့ခေါ်သွားရန်အတွက်သော်လည်းကောင်း၊ မိမိနှင့်အတူ ငင်းတို့ညစာ စားဖို့ပြင်ဆင်ရန်အတွက်သော်လည်းကောင်း အမိန့်ပေးလိုက်ပါသည်။ ထိုနိုင်ငံအုပ်ကြီးအိမ်သို့ခေါ်သွားသဖြင့် အစ်ကိုများသည် အလွန်ထိတ်လန့်နေ ကြကာ ငင်းတို့၏အိတ်ထဲတွင်တွေ့သည့်ငွေများအတွက် ရှင်းလင်းချက်များ ပေးဖို့ အခေါ်ခံရသည်ဟုထင်ပြီး စိုးရွံ့နေကြပါသည်။ ဤလုပ်ဆောင်မှုသည် မိမိတို့အားကျွန်ပြုရန်အတွက် အကွက်ဖေါ်ရန်ရည်ရွယ်၍ပြုလုပ်ခြင်းဖြစ်သည်ဟု သူတို့ထင်ခဲ့ကြပါသည်။ သူတို့သည် စိတ်အားလျော့စွာဖြင့် အဲဂုတ္တုပြည်သို့ မိမိတို့လာရောက်ခဲ့ရခြင်းနှင့်စပ်လျဉ်းသောအခြေအနေများအကြောင်းကို ပြန်ပြောကာ အိမ်အုပ်ကြီးနှင့်ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ သူတို့၌အပြစ်မဲ့ ကြောင်းထင်ရှားစေရန်အလို့ငှာ အစာဝယ်ရန်ငွေများအပြင် ယခင်အခေါက်က ငင်းတို့၏အိတ်များထဲမှတွေ့ရှိခဲ့ကြသောငွေများကိုလည်းယူဆောင်လာခဲ့ကြောင်း သတင်းပို့ခဲ့ကြပါသည်။ ငင်းပြင်ထိုငွေများကို ငင်းတို့၏အိတ်များထဲတွင် အဘယ်သူထားခဲ့သည်ကိုလည်း ငင်းတို့မသိကြောင်းပြောပြကြရာ ဝန်စာရေးက “ချမ်းသာပါစေ။ မစိုးရိမ်ကြနှင့်။ သင်တို့ဘုရားသခင်၊ သင်တို့အဘ၏ဘုရား သခင်သည် သင်တို့အိတ်များ၌ ဘဏ္ဍာကိုသနားတော်မူပြီ။ သင်တို့ငွေကို ငါခံရပြီ” ဟုဆို၏။ ထိုကြောင့်သူတို့သည် စိတ်သက်သာမှုရရှိခဲ့ကြပြီး ရှိမောင်အားထောင်မှလွှတ်လိုက်သောအခါ ထာဝရဘုရားသခင်သည် ငင်းတို့အား ကျေးဇူးပြုတော်မူကြောင်း သူတို့သိရှိလာခဲ့ကြပါသည်။

ထိုနိုင်ငံအုပ်သည် နောက်တစ်ကြိမ်ငင်းတို့နှင့်တွေ့ဆုံသောအခါ ငင်းတို့သည် လက်ဆောင်ပဏ္ဏာများကိုဆက်သကြကာ သူ့ရှေ့မှာဦးညွှတ်ချ လျက်နေကြ၏။ ထိုအချိန်တွင် ငင်းမြင်မက်ခဲ့သောအိပ်မက်များကို နောက်တစ်ဖန်ပြန်လည်သတိရလာခဲ့ပါသည်။ ထိုနောက်ဧည့်သည်များကို နှုတ်ဆက်ပြီးလျှင် “သင်တို့အဘတည်းဟူသော သင်တို့အရင်ပြောသော အသက်ကြီးသူသည် ကျန်းမာပါ၏လော၊ အသက်ရှင်သေး၏လော” ဟု မေးရာ သူတို့က “ကိုယ်တော်ကျွန်၊ ကျွန်တော်တို့အဘသည်ကျန်းမာပါ၏။ အသက်ရှင်ပါသေး၏” ဟုလျှောက်လျက် ဦးညွှတ်ချ၍ ရှိခိုးလျက်နေကြ၏။

ထိုနောက်ဗယ်္ာမိန်ကိုကြည့်ကာ "ဤသူကား သင်တို့အရင်ပြောသော သင်တို့ညီဖြစ်သလောဟုမေးလျက် သင့်ကိုဘုရားသခင်ကယ်မသနားတော်မူပါစေသော၊ သားဟုဆိုပြီးမှ ညီအရင်းကိုမြင်ရ၍ ကြင်နာသောစိတ်ရှိသောကြောင့် အလျင်အမြန်ထသွားလေ၏။" ထိုနောက်အိပ်ခန်းထဲသို့ဝင်၍ငိုလေ၏။

စိတ်တည်ငြိမ်လာသောအခါ ညီအစ်ကိုများကိုခေါ်၍ စားသောက်ပွဲရှိရာသို့ထွက်ခွာသွားခဲ့ကြ၏။ ကျင့်သုံးဆဲရှိသောဇာတ်နိမ့်ဇာတ်မြင့်နိယာမများအရ အဲဂုတ္တုလူမျိုးများသည် အခြားလူမျိုးများနှင့်အတူ ထမင်းမစားရချေ။ ထိုကြောင့် ယာကုပ်၏သားများအတွက် စားပွဲတစ်လုံးပြင်ဆင်ပေးကာ ရာထူးအဆင့်အတန်းကိုထောက်၍ ယောသပ်တစ်ဦးတည်းစားနိုင်ရန် စားပွဲတစ်လုံးနှင့်အဲဂုတ္တုလူများအတွက် စားပွဲတစ်လုံးသတ်သတ်စီပြင်ဆင်ပေးခဲ့ပါသည်။ ထိုင်ရန်နေရာယူကြသောအခါ မိမိတို့ထိုင်ရမည့်နေရာထိုင်ခုံများကို အသက်အကြီးအငယ်အလိုက်စီထားသည်ကိုတွေ့ရသဖြင့် သူတို့အံ့အားသင့်ခဲ့ကြရပါသည်။ "ယောသပ်သည်လည်း သူတို့စားရန်အဖို့ အသီးသီးတို့ကို မိမိထံမှပေးလိုက်၏။ ဗင်ယာမိန်ရသောအဖို့သည် အစ်ကိုတို့ရသောအဖို့ထက် ငါးဆများသတည်း။" သူသည် ဗင်ယာမိန်အား မျက်နှာသာပေးခြင်းအားဖြင့် မိမိအပေါ်မနာလိုဝန်တိုမုန်းတီးခဲ့သကဲ့သို့ ညီငယ်အပေါ်တွင်လည်း ထိုစိတ်ထားများထားမထားကိုသိရှိရန် စိစစ်နိုင်လိမ့်မည်ဟုမျှော်လင့်ခဲ့ပါသည်။ ယောသပ်သည် မိမိတို့ပြောဆိုသောဘာသာစကားကိုနားမလည်ပါဟု ယခုတိုင်အောင် ထင်မြင်လျက် အချင်းချင်းပြောသည့်စကားများကိုပြောဆိုနေကြပါသည်။ တစ်နည်းအားဖြင့် ၎င်းတို့၏သဘောထားမှန်ကို ယောသပ်သိရှိခွင့်ရခဲ့ပါသည်။ သူသည် ၎င်းတို့အားထပ်မံ၍စမ်းသပ်လိုသဖြင့် သူတို့ထွက်ခွာမသွားမီတွင် ညီအငယ်ဆုံး၏အိတ်ထဲ၌ မည်သူမျှမသိအောင်ငွေခွက်တစ်လုံးကိုထည့်ထားရန် ကျွန်များအားမှာကြားထားခဲ့ပါသည်။

သူတို့သည်ပျော်ရွှင်မြူးထူးစွာဖြင့် အိမ်ပြန်ခရီးကိုစတင်ခဲ့ကြပါသည်။ ရှိမောင်နှင့်ဗယ်္ာမိန်တို့သည်လည်း ၎င်းတို့နှင့်အတူပါလာပြီဖြစ်သည့်ပြင် စပါးများကိုလည်း တိရစ္ဆာန်များနှင့်သယ်ဆောင်လာနိုင်ကြရကာ မိမိတို့အားဝန်းရံထားသည့်ဘေးဒုက္ခများမှလွတ်ကင်းရတော့မည်ဟု သူတို့အားလုံးယူဆခဲ့ကြပါသည်။ သို့သော် မြို့ပြင်သို့ရောက်ရုံသာရှိသေးသည့်အချိန်တွင် ဝန်စာရေးသည် သူတို့အားမီလာကာ "သင်တို့သည် ကျေးဇူးကိုမကောင်းသောအမှုနှင့်အဘယ်ကြောင့်ဆပ်ကြသနည်း။ ငါ့သခင်သောက်သောဖလားမဟုတ်လော၊ ထူးဆန်းသောဉာဏ်ကိုဖြစ်စေတတ်သောဖလားမဟုတ်လော၊ သင်တို့ပြုသောအမှုသည် မကောင်းပါတကား" ဟုထိခိုက်နာကြည်းစေသောစကားများဖြင့်စုံစမ်းမေးမြန်းပါတော့သည်။ ဤခွက်သည် ထည့်ထားသောအစားအစာများထဲတွင် အဆိပ်ပါမပါသိသာစေသည့်တန်ခိုးရှိသည်ဟု လက်ခံထားကြပါသည်။ အဆိပ်ခတ်မှုကိုဟန့်တားနိုင်သည့်အကာအကွယ်တစ်ခုအဖြစ် ထိုခေတ်ထိုအခါကထိုခွက်မျိုးကိုတန်ဖိုးထားခဲ့ကြပါသည်။

သူတို့ကလည်း "ဤစကားကိုသခင်သည်အဘယ်ကြောင့်ပြောပါသနည်း။ ကိုယ်တော်ကျွန်တို့နှင့်ထိုသို့သောအမှုဝေးပါစေသတည်း။ ယမန်ကအိတ်ဝတွင်တွေ့သောငွေကို ခါနာန်ပြည်မှကိုယ်တော်ထံသို့တစ်ဖန်ဆောင်ခဲ့ပါပြီ။ သို့ဖြစ်လျှင် ကိုယ်တော်၏သခင်အိမ်၌ ရွှေ၊ ငွေကိုအဘယ်ကြောင့်ခိုးရပါအံ့နည်း။ ကိုယ်တော်၏ကျွန်တို့တွင် မည်သူ၌တွေ့လျှင် ထိုသူကိုသေစေ။ ကျွန်ုပ်တို့သည်လည်း သခင်၏ကျွန်ခံကြပါမည်ဟုဆိုကြ၏။"

ထိုအခါဝန်စာရေးကလည်း "သင်တို့စကားအတိုင်းဖြစ်စေ၊ သို့သော်လည်း မည်သူ၌တွေ့လျှင် ထိုသူသည်ငါ့ကျွန်ဖြစ်စေ၊ သင်တို့မူကားအပြစ်လွှတ်ကြစေ" ဟုဆို၏။

ထိုနောက်ရှာဖွေရေးလုပ်ငန်းကို ချက်ချင်းစတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသူအပေါင်းတို့သည် မိမိတို့အိတ်များကိုမြေ၌ချ၍ဖွင့်ကြ၏။ ဝန်စာရေးသည်လည်း အသက်အကြီးဆုံးသောရုဗင်မှစ၍ အသက်အငယ်ဆုံးညီငယ်တိုင်အောင် အစဉ်လိုက်ရှာဖွေသွားရာ ဗယ်္ာမိန်၏အိတ်ထဲတွင် ဖလားကိုတွေ့လေ၏။

အစ်ကိုများတို့သည် အလွန်စိတ်ဒုက္ခရောက်သည့်အထိမ်းအမှတ်အဖြစ်မိမိတို့၏အဝတ်များကိုဆုတ်ဖြဲကြပြီးမှ မြို့တော်ဘက်ဆီသို့ဖြည်းညင်းစွာ

ပြန်သွားခဲ့ကြပါသည်။ သူတို့ပြုသောကတိအရ ဗယ်္ာမိန်သည် ကျွန်ခံရန် စီရင်ခြင်းခံခဲ့ရပါသည်။ သူတို့သည်လည်း ဝန်စာရေးနှင့်အတူ ယောသပ်အိမ်သို့လိုက်လာကြရာ ယောသပ်သည် အိမ်၌ရှိသေးသဖြင့် သူ့ရှေ့မှာပျပ်ဝပ်လျက်နေကြ၏။ ထိုနောက်ယောသပ်က "သင်တို့သည် အဘယ်သို့ပြုပြီးသနည်း။ ငါကဲ့သို့သောယောကျ်ားသည် ထူးဆန်းသောဉာဏ်ရှိကြောင်းကို သင်တို့မသိကြသလော" ဟုဆို၏။ ယောသပ်သည် ဤသို့ဆိုရာတွင် ၎င်းတို့ကျူးလွန်ခဲ့သည့်အပြစ်များကို အသိအမှတ်ပြုလာစေဖို့ ၎င်းတို့အားဆွဲဆောင်ရန်သာရည်ရွယ်၍ပြောဆိုခြင်းဖြစ်ပါသည်။ မိမိ၌ဘုရားသခင်၏တန်ခိုးတော်မျိုးရှိကြောင်း မည်သည့်အခါမျှသူမပြောဆိုခဲ့ဖူးသည့်ပြင် သူ့အနေနှင့် ၎င်းတို့၏အသက်တာတွင်ရှိနေသောလျှို့ဝှက်ချက်များကိုဖတ်နိုင်သည်ဟု ထိုသူတို့ယုံကြည်သွားဖို့လည်း သူအလိုမရှိပါချေ။

ယုဒက "ကျွန်တော်တို့သည် သခင်အားအဘယ်စကားဖြင့်လျှောက်ရပါအံ့နည်း၊ အဘယ်သို့ပြောရပါအံ့နည်း၊ ဤအမှုနှင့်အဘယ်သို့လွတ်နိုင်ပါအံ့နည်း။ ကိုယ်တော့်ကျွန်တို့၏အပြစ်ကို ဘုရားသခင်စစ်၍တွေ့တော်မူပြီ၊ အကြင်သူ၏ဖလားတော်ကိုတွေ့၏၊ ထိုသူမှစ၍ ကျွန်တော်တို့ရှိသမျှသည် သခင်၏ကျွန်ဖြစ်ကြပါ၏ဟုလျှောက်လေ၏။"

ယောသပ်ကလည်း "ထိုသို့ငါမပြုရ၊ အကြင်သူ၏လက်၌ ငါ့ဖလားကိုတွေ့၏၊ ထိုသူသည် ငါ့ကျွန်ဖြစ်စေ၊ သင်တို့မူကား အဘထံသို့ငြိမ်ဝပ်စွာသွားကြလော့" ဟုစီရင်လေ၏။

ယခုတွင်ယုဒသည် အလွန်စိတ်အားလျော့စွာဖြင့် ယောသပ်အနီးသို့ချဉ်းကပ်လာကာ "သခင်ဘုရား၊ ကိုယ်တော်၏ကျွန်သည် စကားတစ်ခွန်းဖြင့်နားတော်လျှောက်ရသောအခွင့်ကိုပေးတော်မူပါ။ ကိုယ်တော့်ကျွန်၌အမျက်ထွက်တော်မမူပါနှင့်။ ကိုယ်တော်သည် ဖါရောဘုရင်ကဲ့သို့ဖြစ်တော်မူ၏" ဟုလျှောက်ထား၏။ ထိုနောက်သူတို့ဖခင်ကြီးသည် ယောသပ်ပျောက်ဆုံးသွားသည့်အတွက် စိတ်နှလုံးကြေကွဲနေကြောင်း၊ ဗယ်္ာမိန်အားလည်း ၎င်းတို့နှင့်အတူအဲဂုတ္တုပြည်သို့ထည့်လိုက်ရန် စိတ်ပါလက်ပါမရှိကြောင်း၊ အကြောင်းမှာ



ဗယ်္ာမိန်သည် ရာခေလမွေးသည့်အထဲမှတစ်ဦးတည်းသာကျန်တော့သည့်သားဖြစ်သဖြင့် ယာကုပ်ကအထူးချစ်ခင်ကြောင်း စသည်ဖြင့်ယုဒကစီကာပတ်ကုံးထိမိသောစကားလုံးများကိုအသုံးပြု၍ပြောပြခဲ့ပါသည်။ သူကဆက်၍လျှောက်ထားပြောဆိုသည်မှာ "သို့ဖြစ်၍ ကျွန်တော်သည် ကိုယ်တော့်ကျွန်၊ ကျွန်တော့်အဘထံသို့ရောက်သောအခါ သူငယ်မပါလျှင် အဘ၏အသက်သည် သူငယ်၏အသက်ကိုမှီလျက်ရှိသောကြောင့် သူငယ်မရှိသည်ကိုမြင်သောအခါ အဘသေပါလိမ့်မည်။ ကိုယ်တော့်ကျွန်တို့သည် ကိုယ်တော့်ကျွန်တည်းဟူသော ကျွန်တော်တို့အဘ၊ ဆံပင်ဖြူကိုဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့သက်ရောက်စေကြပါလိမ့်မည်။ ကိုယ်တော်ကျွန်က အကျွန်ုပ်သည် တစ်ဖန်သူငယ်ကိုအဘထံသို့ပြန်၍မဆောင်ခဲ့လျှင် အစဉ်မပြတ်အဘရှေ့မှာ အပြစ်ကိုဝန်ခံပါစေဟုဆိုသဖြင့် အဘထံမှာသူငယ်၏အာမခံဖြစ်ပါ၏။ သို့ဖြစ်၍ ကိုယ်တော့်ကျွန်သည် သူငယ်အတွက်နေရစ်၍ သခင့်ထံကျွန်ခံရသောအခွင့်၊ သူငယ်ကိုကား အစ်ကိုတို့နှင့်အတူသွားရသောအခွင့်ကိုပေးတော်မူပါ။ သူငယ်သည် ကျွန်တော်၌မပါလျှင် ကျွန်တော်အဘထံသို့အဘယ်သို့ကျွန်တော်သွားနိုင်ပါမည်နည်း။ သို့ပြုလျှင် ကျွန်တော်အဘ၌ရောက်လတ္တံ့သောဘေးဥပဒ်ကိုကျွန်တော်မြင်ရပါလိမ့်မည်တကား" ဟုလျှောက်လေ၏။

ယောသပ်သည် မိမိအစ်ကိုများ၌စစ်မှန်သောနောင်တ၏အသီးအပွင့်များကိုတွေ့မြင်ခဲ့ရသဖြင့် ကျေနပ်အားရမှုရှိခဲ့ပါသည်။ သူသည် ယုဒ၏ကောင်းမြတ်သောအဆိုပြုချက်ကိုကြားနာပြီးနောက် ညီအစ်ကိုများမှလွဲ၍အခြားသူအားလုံးကိုသူ့ထံမှထွက်သွားကြရန် အမိန့်ပေးလိုက်ကာ "ကျွန်ုပ်သည် ယောသပ်ဖြစ်၏။ ကျွန်ုပ်အဘသည် အသက်ရှင်သေးသလော" ဟုမေးမြန်းလျက် ကျယ်သောအသံနှင့်ငိုကြွေးလေ၏။

သူ၏အစ်ကိုများသည် စိုးရွံ့ထိတ်လန့်စွာဖြင့် စကားတစ်လုံးမျှမပြောနိုင်ကြဘဲ ငြိမ်သက်စွာဖြင့်ရပ်နေကြပါသည်။ မိမိတို့မနာလိုဝန်တိုဖြစ်ခဲ့ဖူးသည့်ညီငယ်၊ မိမိတို့အသေသတ်ရန်ကြံခဲ့ဖူးပြီး နောက်ဆုံးတွင်ကျွန်အဖြစ်ရောင်းစားခဲ့သောညီငယ်ယောသပ်သည် အဲဂုတ္တုပြည်၏နိုင်ငံအုပ်ကြီးဖြစ်နေပါ

တကား။ သူ့အပေါ်၌င်းတို့ပြုခဲ့သောမတရားမှုများအားလုံးကို ပြန်လည်မြင်ယောင်လာခဲ့ကြပါသည်။ သူမြင်မက်ခဲ့သောအိပ်မက်များကို ၎င်းတို့မထီလေးစားလုပ်ခဲ့ပုံ၊ ထိုအိပ်မက်ကိုမပြည့်စုံအောင် မိမိတို့လုပ်ဆောင်ခဲ့ပုံများကို သူတို့ပြန်လည်သတိရလာခဲ့ကြပါသည်။ သို့စေကာမူ သူ၏အိပ်မက်များကိုပြည့်စုံအောင် ၎င်းတို့သည် မိမိတို့၏ကဏ္ဍကိုဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုတွင် သူတို့သည် ၎င်း၏လက်ထဲသို့လုံးလုံးရောက်နေကြပြီဖြစ်သဖြင့် သူခံခဲ့ရသမျှအတွက် လက်စားချေမည်မှာသေချာသည်ဟု သူတို့ထင်မြင်ခဲ့ကြပါသည်။

ဤအဖြစ်ကိုမြင်တွေ့နေရသဖြင့် ယောသပ်က “ကျွန်ုပ်အနီးအပါးသို့လာကြပါလော့ဟု အစ်ကိုတို့အားဆိုလျှင် သူတို့သည်အနီးအပါးသို့ချဉ်းလာကြ၏။ သူကလည်း ကျွန်ုပ်သည် အဲဂုတ္တုပြည်သို့ရောင်းလိုက်သောသင်တို့ညီဖြစ်ပါ၏။ သို့ရာတွင် သင်တို့သည် ကျွန်ုပ်ကိုဤအရပ်သို့ရောင်းလိုက်မိသောကြောင့် စိတ်မညှိုးငယ်ကြပါနှင့်။ ကိုယ်ကိုအမျက်မထွက်ကြပါနှင့်။ အကြောင်းမူကား ဘုရားသခင်သည် လူတို့အသက်ကိုစောင့်မစေခြင်းငှာ သင်တို့ရှေ့မှာ ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ” ဟုဆို၏။ မိမိအပေါ်ပြုခဲ့ကြသောရက်စက်ကြမ်းကြုတ်မှုများအတွက် သူတို့စိတ်ဒုက္ခရောက်နေကြောင်းတွေ့မြင်သဖြင့် ၎င်းတို့ခံစားနေရသောစိုးရွံ့မှုများကို ပျောက်လွင့်သွားစေရန်နှင့် ခါးသီးသောဝေဒနာများကိုလျော့ပါးသွားစေရန် မြင့်မြတ်သောစိတ်သဘောထားဖြင့်သူဆက်ဆံပြောဆိုခဲ့ပါသည်။

ထိုနောက်ယောသပ်ကဆက်လက်၍ “မြေပေါ်မှာနှစ်နှစ်အစာခေါင်းပါးခဲ့ပြီ။ လယ်လုပ်ခြင်း၊ စပါးရိတ်ခြင်းကိုမပြုရသောနှစ်ငါးနှစ်ရှိသေး၏။ ဘုရားသခင်သည် သင်တို့ကိုမြေကြီးပေါ်မှာကျန်ကြွင်းစေခြင်းငှာလည်းကောင်း၊ ကြီးစွာသောကယ်တင်ခြင်းအားဖြင့် သင်တို့အသက်ကိုချမ်းသာစေခြင်းငှာလည်းကောင်း သင်တို့ရှေ့မှာကျွန်ုပ်ကိုစေလွှတ်တော်မူပြီ။ သို့ဖြစ်၍ သင်တို့သည် ကျွန်ုပ်ကိုဤအရပ်သို့စေလွှတ်သည်မဟုတ်၊ ဘုရားသခင်စေလွှတ်တော်မူသတည်း။ ကျွန်ုပ်ကိုဖါရောဘုရင်၏အရာ၌လည်းကောင်း၊ နန်းတော်အုပ်အရာ၌လည်းကောင်း၊ အဲဂုတ္တုပြည်ကိုအုပ်စိုးသောသခင်အရာ၌လည်းကောင်း



ခန့်ထားတော်မူပြီ။ အလျင်အမြန်ထ၍ အဘထံသို့သွားကြလော့။ အဘအားလည်း သားယောသပ်က ဘုရားသခင်သည် ကျွန်ုပ်ကိုအဲဂုတ္တုပြည်လုံးသခင်ဖြစ်စေတော်မူပြီ။ ကျွန်ုပ်ထံသို့လာပါ။ မဆိုင်းပါနှင့်။ အဘသည် ဂေါရှင်အရပ်၌နေရမည်။ ကျွန်ုပ်အနားမှာရှိရမည်။ အဘမှစ၍ သား၊ မြေး၊ သိုး၊ နွားနှင့်တကွရှိသမျှပါရမည်။ ထိုအရပ်၌ကျွန်ုပ်ကျွေးမွေးပါမည်။ သို့မဟုတ် အဘမှစ၍ အိမ်သူအိမ်သားနှင့်တကွ ရှိသမျှတို့သည် ဆင်းရဲခြင်းသို့ရောက်ကြလိမ့်မည်။ အစာခေါင်းပါးသောနှစ်ငါးနှစ်ရှိသေးသည်ဟုပြောကြလော့။ ကျွန်ုပ်သည် ကိုယ်တိုင်သင်တို့နှင့်နှုတ်ဆက်သည်ကို သင်တို့မျက်စိ၊ ကျွန်ုပ်ညီဗယ်္ဂာမိန်မျက်စိအမြင်သားဖြစ်၏” ဟုပြောလေ၏။ ထိုနောက် “ညီဗယ်္ဂာမိန်လည်ပင်းကိုဖက်၍ငိုလေ၏။ ဗယ်္ဂာမိန်သည်လည်း သူ၏လည်ပင်းကိုဖက်၍ငိုလေ၏။ တစ်ဖန်အစ်ကိုရှိသမျှတို့ကိုနမ်း၍ သူတို့နှင့်အတူငိုပြီးနောက်အချင်းချင်းနှုတ်ဆက်ကြ၏။” သူတို့သည် မိမိတို့ကျူးလွန်မိခဲ့သောအပြစ်များကိုဝန်ခံကြကာ ခွင့်လွှတ်ရန်တောင်းပန်ကြ၏။ သူတို့သည် အချိန်ကြာမြင့်စွာစိုးရိမ်ကြောင့်ကြမှုများကိုခံစားခဲ့ရပါသည်။ ယခုတွင်မူ ယောသပ်ကိုအသက်ရှင်လျက်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိနေကြပါသည်။

ထိုသတင်းသည် ဖါရောဘုရင်ထံသို့အလျင်အမြန်ရောက်ရှိသွားရာ ယောသပ်အားကျေးဇူးပြုလိုသောဘုရင်ကြီးက “အဲဂုတ္တုပြည်၏စည်းစိမ်ရှိသမျှသည် သင်တို့ဥစ္စာဖြစ်၏” ဟူ၍ ယောသပ်၏ဖိတ်ခေါ်ချက်ကိုအတည်ပြုခဲ့ပါသည်။ ထိုနောက်ညီအစ်ကိုတို့အား လိုအပ်သောစားနပ်ရိက္ခာများ၊ လှည်းများ၊ မိသားစုများ၊ အဲဂုတ္တုပြည်သို့ပြောင်းရွှေ့ရာတွင်လိုအပ်မည့်အရာအားလုံးနှင့်အတူ ခါနာန်ပြည်သို့ပြန်လွှတ်ခဲ့၏။ ယောသပ်သည် ဗယ်္ဂာမိန်အား အခြားအစ်ကိုများထက်ပို၍လက်ဆောင်ပစ္စည်းများကိုပေးခဲ့ပါသည်။ ခရီးသွားလာရင်းအချင်းချင်းအငြင်းပွားနေမည်စိုးသဖြင့် “သင်တို့သည် လမ်း၌ရန်မတွေ့ကြနှင့်” ဟု၎င်းတို့ခရီးထွက်ကာနီးတွင် ယောသပ်မှာကြားခဲ့ပါသည်။

ထိုသူတို့သည် အဘထံသို့ရောက်ကြသော် “ယောသပ်သည်အသက်ရှင်သေး၏။ အဲဂုတ္တုပြည်လုံးကိုအုပ်စိုးရ၏” ဟုကြားပြောကြ၏။

ကနဦးတွင် ယာကုပ်သည် ကြားရသောသတင်းများကြောင့် အံ့အားသင့်နေပြီး မယုံကြည်နိုင်အောင်ဖြစ်နေပါသည်။ သို့ရာတွင် စားနပ်ရိက္ခာများကိုတင်ဆောင်လာသည့်လှည်းများနှင့်တိရစ္ဆာန်များကိုလည်းကောင်း၊ ဗယ်ာမိန်သည် ၎င်းတို့နှင့်အတူပြန်၍လိုက်လာသည်ကိုလည်းကောင်း မြင်ရသောအခါ သဘောပေါက်သွားကာ "တန်တော့၊ ငါ့သားယောသပ်အသက်ရှင်သေး၏။ ငါမသေမီသူ့ကိုသွား၍ကြည့်မည်" ဟုဝမ်းသာမှုအပြည့်ဖြင့်ဆိုလေ၏။

ဤအစ်ကိုဆယ်ဦးတို့ဘက်မှ ကညခယရမည့်အရာတစ်ခုကျန်ရှိနေပါသေးသည်။ ၎င်းမှာ နှစ်ပေါင်းများစွာမိမိတို့ကိုယ်တိုင်နှင့်တကွ ဖခင်ကြီးအားစိတ်ထိခိုက်စေခဲ့သော မိမိတို့ကျူးလွန်ခဲ့ကြသည့်လိမ်ညာမှုနှင့်ရက်စက်မှုများအတွက် မိမိတို့တွင်အပြစ်ရှိနေကြောင်းဝန်ခံကြရန်ပင်ဖြစ်ပါသည်။ ၎င်းတို့သည် ဤယုတ်ညံ့သောအပြစ်မျိုးကို ကျူးလွန်ခဲ့လိမ့်မည်ဟု ယာကုပ်ယုံမှားသံသယမဝင်ခဲ့ဖူးချေ။ သို့သော်ဖြစ်သမျှအကြောင်းအကောင်းဟုမှတ်ယူပြီး သားများ၏အပြစ်ကိုဖြေလွှတ်ကာ ကောင်းချီးပေးခဲ့ပါ၏။

ယာကုပ်နှင့်တကွသားများ၊ ၎င်းတို့၏မိသားစုများ၊ သိုး၊ နွား၊ မြည်းများနှင့် အလွန်များပြားလှသောကျွန်များသည် မကြာမီမှာပင်အဲဂုတ္တုပြည်သို့ထွက်ခွာခဲ့ကြပါသည်။ သူတို့သည် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့်ခရီးနှင်ခဲ့ကြရာ ဗေရရှေဘာအရပ်သို့ရောက်သော် ယာကုပ်သည် ကျေးဇူးတင်ခြင်းဆိုင်ရာယဇ်ကိုပူဇော်ကာ ကိုယ်တော်သည် မိမိတို့နှင့်အတူရှိတော်မူကြောင်း သက်သေအထောက်အထားတစ်ခုပြတော်မူရန် ထာဝရဘုရားသခင်ထံဆုတောင်းလေ၏။ ဘုရားသခင်ကလည်း ညအခါအိပ်မက်အားဖြင့် "အဲဂုတ္တုပြည်သို့ သွားရမည့်အခွင့်ကိုမစိုးရိမ်နှင့်။ ငါသည် ထိုပြည်၌ သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ အဲဂုတ္တုပြည်သို့ သင်နှင့်အတူငါသွားမည်။ တစ်ဖန်ငါဆောင်ခဲ့ဦးမည်" ဟုမိန့်တော်မူ၏။

"အဲဂုတ္တုပြည်သို့သွားရမည့်အခွင့်ကိုမစိုးရိမ်နှင့်။ ငါသည်ထိုပြည်၌သင့်ကိုလူမျိုးကြီးဖြစ်စေမည်" ဟူသောအာမခံချက်သည် အရေးပါလှပါသည်။ ကြယ်များတမျှများပြားသောသားမြေးများကိုရရှိလိမ့်မည်ဟု အာဗြဟံအား



ကတိထားတော်မူခဲ့သော်လည်း ၎င်း၏သားမြေးများသည် ယခုအချိန်အထိဖြည်းဖြည်းချင်းသာတိုးပွားလျက်ရှိကြောင်းတွေ့ရပါသည်။ ၎င်းပြင်ကြိုတင်မိန့်ဆိုသည့်အတိုင်း ထိုကဲ့သို့သောလူမျိုးကြီးတစ်မျိုးအနေဖြင့် ကြီးပွားတိုးတက်နိုင်ဖို့ ယခုတွင် ခါနာန်ပြည်က ၎င်းတို့အားမြေနေရာမပေးခဲ့ပါချေ။ ထိုပြည်ကိုတန်ခိုးကြီးသောမယုံကြည်သူများကပိုင်ဆိုင်ရယူထားရာ လူမျိုးဆက်လေးဆက်လွန်မှ ခါနာန်ပြည်ကိုရသတည်း။ အကယ်၍ယာကုပ် (ခေါ်) ဣသရေလ၏သားမြေးများသည် ဤနေရာတွင်အလွန်များပြားခဲ့ကြမည်ဆိုလျှင် သူတို့သည်ခါနာန်လူများကိုထိုနိုင်ငံမှနှင်ထုတ်ပစ်ရမည်ဖြစ်သည်။ သို့မဟုတ်ပါကလည်းခါနာန်လူများအကြားတွင် ပျံ့နှံ့စွာသွားရောက်နေထိုင်ကြရမည်ဖြစ်ပါသည်။ ခါနာန်လူမျိုးများကိုနှင်ထုတ်ရန်မှာ ဘုရားသခင်၏အစီအစဉ်အရ ၎င်းတို့၌လုပ်နိုင်ခွင့်မရှိပါချေ။ ထို့ပြင် ခါနာန်လူမျိုးများနှင့်ရောယှက်နေထိုင်ရန်မှာလည်းရုပ်တုကိုးကွယ်မှုကိုပြုရန် သွေးဆောင်ခြင်းခံရမည့်အန္တရာယ်ရှိနေပါသည်။ မည်သို့ပင်ဖြစ်စေ အဲဂုတ္တုပြည်မှာမူ ဘုရားသခင်၏အလိုတော်ကိုဖြည့်စွမ်းရန်အခြေအနေပေးနေပါသည်။ ရေပေါများပြီး မြေသြဇာကောင်းသည့်အဲဂုတ္တုပြည်ရှိနေရာဒေသတစ်ခုကို ၎င်းတို့အတွက်တံခါးဖွင့်ထားပါသည်။ ထိုနေရာတွင် အလျင်အမြန်တိုးတက်ကြီးပွားလာရန် အဘက်ဘက်မှအခွင့်အလမ်းသာနေပါသည်။ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကြောင့် သူတို့သည်အဲဂုတ္တုပြည်တွင် ဖီလာဆန့်ကျင်မှုများ၊ မလိုမုန်းတီးမှုများနှင့်ရင်ဆိုင်ကြရပါသည်။ အကြောင်းမှာ အဲဂုတ္တုလူမျိုးများသည် သိုးထိန်းများကိုရွံရှာတတ်ကြ၏။ ထိုအကြောင်းကြောင့် သူတို့သည် အခြားလူမျိုးနှင့်မရောယှက်ဘဲ သီးသီးသန့်သန့်နေထိုင်ကြမည်ဖြစ်ပြီး အဲဂုတ္တုပြည်၏ရုပ်တုကိုးကွယ်မှုတွင် ပါဝင်ခြင်းမှကင်းလွတ်နိုင်ကြပါလိမ့်မည်။

ယာကုပ်နှင့်အဖွဲ့သည် အဲဂုတ္တုပြည်သို့ရောက်သော် ဂေါရှင်အရပ်သို့တိုက်ရိုက်သွားခဲ့ကြပါသည်။ ယောသပ်သည် နိုင်ငံတော်မြင်းရထားကိုစီးကာအခြွေအရံအသင်းအပင်းများနှင့်တကွ ထိုအရပ်သို့ရောက်ရှိလာခဲ့ပါသည်။ သူသည် မိမိ၏ခမ်းနားသောပတ်ဝန်းကျင်အသင်းအပင်းများနှင့် မိမိရာထူး၏

ကြီးမြတ်သောသိက္ခာတို့ကိုမေ့လျော့ကာ အချိန်ကြာမြင့်စွာကတည်းက မိမိလိုလားတောင့်တခဲ့သောအရာတစ်ခုအကြောင်းကိုသာ တွေးတောနေခဲ့ပါသည်။ သူသည် မိမိထံသို့ဦးတည်၍ချဉ်းကပ်လာလျက်ရှိသော ဖခင်ကြီး၏အဖွဲ့ကို တွေ့မြင်သော် အနှစ်နှစ်အလလထိန်းချုပ်ထားခဲ့သောလွမ်းဆွတ်တသစိတ်များကို ဆက်လက်မထိန်းချုပ်နိုင်တော့ဘဲ မိမိစီးလာသောရထားပေါ်မှခုန်ဆင်းလိုက်ပြီး ဖခင်ကြီးအားကြိုဆိုနှုတ်ဆက်ရန် အမြန်ထွက်ခွာသွားခဲ့ပါသည်။ ထိုနောက် အဘရှေ့သို့ရောက်သော် "အဘ၏လည်ပင်းကိုဖက်လျက် ကြာကြာငိုလေ၏။ ဣသရေလကလည်း ယခုငါသေပါစေသော။ သင်၏မျက်နှာကိုငါမြင်ရပြီ။ သင်သည်အသက်ရှင်သေး၏" ဟုဆို၏။

၎င်းတို့၏အနာဂတ်နေအိမ်များအတွက် မြေနေရာများကို ဖါရောမင်းထံမှတောင်းခံရန် ယောသပ်သည် ညီအစ်ကိုများထဲမှငါးယောက်ကိုခေါ်ဆောင်ကာ ဖါရောဘုရင်ထံတွင်အခစားဝင်ခဲ့ပါသည်။ ဖါရောဘုရင်သည် ၎င်း၏နန်းတော်အုပ်ကြီးအားကျေးဇူးတင်သည့်အနေဖြင့် ထိုညီအစ်ကိုများကိုအစိုးရအရာရှိများအဖြစ်ခန့်အပ်လိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ထာဝရဘုရားသခင်ကိုကိုးကွယ်သောယောသပ်သည် ထိုမယုံကြည်သူများ၏နန်းတော်တွင်တွေ့ကြုံရမည့်စုံစမ်းနှောင့်ယှက်ခြင်းများမှ မိမိညီအစ်ကိုများအားကယ်တင်လိုသဖြင့် ဘုရင်ကြီးကမေးလာခဲ့လျှင် မိမိတို့၏အလုပ်အကိုင်ကိုပွင့်ပွင့်လင်းလင်းပြောကြရန် ၎င်းတို့အားအကြံပြုခဲ့ကြပါသည်။ ထွက်ခွာသွားလိုသောအချိန်တွင် ထွက်ခွာသွားနိုင်ရန် ၎င်းတို့အနေဖြင့် ဤနိုင်ငံတွင်ခေတ္တယာယီသာလာရောက်နေထိုင်ခြင်းဖြစ်ကြောင်း၊ အမြဲတမ်းနေထိုင်ကြရန်လာခဲ့ခြင်းမဟုတ်ကြောင်းများကို သတိကြီးစွာဖြင့်ဖေါ်ပြလျက် ယောသပ်ပေးသောအကြံအတိုင်းလိုက်လျှောက်ခဲ့ကြပါသည်။ ၎င်းတို့တောင်းခံသည့်အတိုင်း အကောင်းဆုံးသောအရပ်တည်းဟူသော ဂေါရှင်အရပ်တွင်နေထိုင်ကြရန် ဖါရောဘုရင်ကခွင့်ပြုခဲ့ပါသည်။

များမကြာမီတွင် ယောသပ်သည် သူ့ဖခင်အား ဖါရောမင်းထံသို့သွင်းခဲ့ပြန်သည်။ ထိုရှေးဘိုးဘေးကြီးသည် ဘုရင့်နန်းတော်ထဲတွင် လူစိမ်း



တစ်ဦးဖြစ်နေသော်လည်း ကြီးကျယ်ခမ်းနားလှသောအခင်းအကျင်းများအလယ်တွင် သူသည်ဖါရောမင်းနှင့်ပြောဆိုဆက်ဆံခဲ့ပြီးနောက် လက်ကိုမြှောက်ကာဘုရင်ကြီးအားကောင်းချီးပေးခဲ့ပါသည်။

ယာကုပ်သည် ယောသပ်အားကနဦးနှုတ်ဆက်စဉ်က အချိန်ကြာမြင့်စွာခံစားခဲ့ရသောစိတ်သောကရောက်မှုများနှင့်ဝမ်းနည်းမှုများကို ဝမ်းမြောက်ဖွယ်အဆုံးသတ်မှုဖြင့် အသက်ချုပ်ရန် သူအဆင်သင့်ရှိသကဲ့သို့ပြောကြားခဲ့ပါသည်။ သို့ရာတွင် ထာဝရဘုရားသခင်သည် ၎င်းအားဂေါရှင်အရပ်တွင်ငြိမ်သက်အေးချမ်းစွာနားနေနိုင်ရန် တစ်ဆယ့်ခုနစ်နှစ်ခန့်မျှအသက်ရှင်ခွင့်ပေးတော်မူခဲ့ပါသည်။ ဤနှစ်များသည် ယခင်အချိန်များနှင့်လုံးဝကွဲပြားခြားနားလှပါသည်။ သားများ၏စစ်မှန်သောနောင်တရခြင်းနှင့်ပတ်သက်သည့်အထောက်အထားများကိုလည်း သူတွေ့မြင်ခဲ့ရပါသည်။ လူမျိုးကြီးတစ်မျိုးဖြစ်ရန် လိုအပ်သည့်အခြေအနေအားလုံးတွင် မိမိ၏မိသားစုတည်ရှိနေကြောင်းကိုလည်း သူတွေ့ခဲ့ရသည်။ ထိုကြောင့် ခါနာန်ပြည်တွင်တည်ထောင်မည့်အနာဂတ်ရေးနှင့်ပတ်သက်သောကတိတော်သည် သေချာပေါက်အကောင်အထည်ပေါ်လာမည်ဟု သူယုံကြည်ခဲ့ပါသည်။ သူကိုယ်တိုင်ကလည်း အဲဂုတ္တုပြည်နန်းတော်အုပ်က အတတ်နိုင်ဆုံးပြုသည့်မေတ္တာပြမှု၊ ယုယမှုများကိုခံစားခဲ့ရပါသည်။ သို့နှင့်သူသည်အချိန်ကြာမြင့်စွာပျောက်ဆုံးနေခဲ့သောသား၏အသိုက်အဝန်းထဲတွင် ပျော်ရွှင်စွာနေထိုင်ရင်း ငြိမ်သက်သာယာစွာဖြင့် အသက်တာကိုကုန်ဆုံးစေခဲ့ပါသည်။

သူသည်သေရမည့်အချိန်သည်နီးကပ်နေကြောင်းကိုသိရှိသဖြင့် ယောသပ်အားအခေါ်လွှတ်ခဲ့ပါသည်။ ခါနာန်ပြည်ကိုအမွေခံရမည်ဟူသောဘုရားသခင်၏ကတိတော်ကိုစွဲမြဲစွာဆုပ်ကိုင်ကာ "အဲဂုတ္တုပြည်၌ ငါ့ကိုမသင်္ဂြိုဟ်ပါနှင့်။ ငါသည် ဘိုးဘေးတို့နှင့်အတူအိပ်ချင်ပါသည်။ အဲဂုတ္တုပြည်မှငါ့ကိုဆောင်သွား၍ သူတို့သင်္ချိုင်း၌သင်္ဂြိုဟ်ပါ" ဟုယောသပ်အားဆို၏။ ဖခင်ကြီးအလိုရှိသည့်အတိုင်းလုပ်ဆောင်ပေးပါမည်ဟု ယောသပ်ကပြောခဲ့သော်လည်း ယာကုပ်သည်မကျေမနပ်သေးဘဲ ဘိုးဘေးများ၏နံဘေးတွင် ၎င်းအားမြှုပ်နှံရန်ကျိန်ဆိုစေ၏။

နောက်ထပ်ဂရုပြုရန်တစ်ချက်မှာ ယောသပ်၏သားများအား ခလေ့ထုံးစံနှင့်အညီ ဣသရေလ၏သားစာရင်းတွင်ထည့်သွင်းခြင်းပင်ဖြစ်ပါသည်။ ယောသပ်သည် ဖခင်ကြီးနှင့်နောက်ဆုံးအကြိမ်တွေ့ဆုံရန်အလာတွင် သားနှစ်ယောက်ဖြစ်သော မနာရှေနှင့်ဧဖရိမ်တို့ကိုခေါ်ဆောင်လာခဲ့ပါသည်။ ဤလူငယ်များသည် ၎င်းတို့၏မိခင်မှတစ်ဆင့် အဲဂုတ္တုပြည်ရှိယဇ်ပုရောဟိတ်များမှအမြင့်မြတ်ဆုံးသောအဖွဲ့တစ်ဖွဲ့နှင့်ဆက်နွယ်နေခဲ့ပါသည်။ ၎င်းပြင်အကယ်၍၎င်းတို့သည် အဲဂုတ္တုလူများနှင့်ဆက်ဆံပေါင်းသင်းရန်ရွေးချယ်ခဲ့ပါလျှင် ဖခင်၏ရာထူးအရှိန်အဝါကြောင့် ထင်ပေါ်ကျော်ကြား၍ ချမ်းသာကြွယ်ဝသောသူများဖြစ်လာရန် လမ်းပွင့်နေပါသည်။ သို့သော် သူတို့အနေဖြင့် မိမိတို့၏အမျိုးသားအချင်းချင်းနှင့်သာ အတူတကွပူးပေါင်းနေထိုင်ကြရန် ယောသပ်အလိုရှိခဲ့ပါသည်။ သူသည် ပဋိညာဉ်ဆိုင်ရာကတိတော်အပေါ် ယုံကြည်မှုဆိုင်ရာအဲဂုတ္တုပြည့်ရှင်ကသားကလေးများအတွက်ပေးသနားသည့်ရာထူးဌာနန္တရများကို သားများကိုယ်စားငြင်းပယ်ခဲ့ပြီး ဘုရားသခင်၏ကြိုတင်ဟောထားချက်ဖြင့် ချီးမြှင့်ခြင်းခံရသော လူအများကအထင်အမြင်သေးကြသည့်သိုးထိန်းများအကြားတွင်နေထိုင်အသက်ရှင်ရန် ရွေးချယ်ပေးခဲ့ပါသည်။

ယာကုပ်က “သင်နေသောအဲဂုတ္တုပြည်သို့ငါမရောက်မီ အဲဂုတ္တုပြည်၌သင်ရနှင့်သောသားနှစ်ယောက် ဧဖရိမ်နှင့်မနာရှေတို့သည် ငါ့သားဖြစ်ရမည်။ ရုဗင်နှင့်ရှိမောင်ကဲ့သို့ ငါ့သားဖြစ်ရမည်” ဟုဆို၏။ ထိုသားနှစ်ယောက်သည် ၎င်း၏မွေးစားသားများဖြစ်ကာ သီးခြားလူမျိုးစုများ၏ခေါင်းဆောင်များဖြစ်လာကြရန်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ရုဗင်သိမ်းယူခဲ့သောသားဦးအခွင့်အရေးများမှတစ်ခုသည် ယောသပ်အပေါ်သို့ကျရောက်ကာ ဣသရေလအမျိုးတွင် လူမျိုးစုနှစ်ခုပေါက်ဖွားလာစေခဲ့ပါသည်။

ယာကုပ်သည် အသက်အရွယ်ကြီးရင့်လာသဖြင့် မျက်စိများမှုန်နေပေရာ မိမိရှေ့တွင်ရောက်ရှိနေသောလူငယ်များသည် မည်သူမည်ဝါဖြစ်ကြောင်းကိုပင်မသိရှိတော့ချေ။ သို့သော် ၎င်းတို့ကိုကြည့်ကာ “ဤသူတို့ကား၊ အဘယ်သူနည်း” ဟုမေးလေ၏။ မည်သူမည်ဝါဖြစ်ကြောင်းပြောပြသောအခါ



သူက “ငါ့ထံသို့လာပါစေလော့။ သူတို့ကိုငါကောင်းချီးပေးမည်” ဟုဆို၏။ သူတို့သည်အနီးသို့ကပ်လာသည်ရှိသော် ယာကုပ်သည် ၎င်းတို့အားဖက်ယမ်းနမ်းရှုပ်ကာ မိမိ၏လက်ကို သူတို့ဦးခေါင်းပေါ်တင်၍ ကောင်းချီးပေးလေ၏။ ထိုနောက် “ငါ့အဘအာဗြဟံနှင့်ဣဇာက်ကိုးကွယ်သောဘုရားသခင်၊ ငါ့ကိုတစ်သက်လုံးယနေ့တိုင်အောင်ကျွေးမွေးတော်မူသော ဘုရားသခင်တည်းဟူသောငါ့ကိုခပ်သိမ်းသောဘေးဒဏ်ထဲက ကယ်နုတ်တော်မူသောဘုရားသခင်သည် ဤသူငယ်တို့ကိုကောင်းချီးပေးတော်မူပါစေသော” ဟုဆုတောင်း၏။ ထိုဆုတောင်းချက်တွင် မည်သည့်ကိုယ့်ကိုကိုယ်အားကိုးလိုသောစိတ်ထား၊ လူသားများအပေါ်အားကိုးလိုသောစိတ်ထားများမပါရှိချေ။ ဘုရားသခင်သည် သူ့ကိုအသက်ရှင်စေရန် ထိန်းသိမ်းစောင့်ရှောက်နေသူ၊ ထောက်မပံ့ပိုးနေသူဖြစ်ပါသည်။ ထိုဆုတောင်းချက်တွင် အတိတ်ကာလတွင်တွေ့ကြုံခဲ့ရသောဘေးဒုက္ခများအတွက် ညည်းတွားမှုများလုံးဝမပါချေ။ အတိတ်ကာလကတွေ့ကြုံခံစားခဲ့ရသောဒုက္ခဆင်းရဲခြင်းများနှင့်ဝမ်းနည်းစရာဖြစ်ရပ်များသည် သူနှင့်ဆန့်ကျင်သောအရာများဖြစ်သည်ဟု ယာကုပ်မမှတ်ယူတော့ပြီ။ မိမိနှင့်တစ်သက်ပတ်လုံးအတူရှိခဲ့သော ကိုယ်တော်ရှင်ပြုတော်မူသည့်ချစ်ခင်ယုယမှုများကိုသာ သူသတိရပါတော့သည်။

ယာကုပ်သည် မိမိယုံကြည်ခြင်းကိုသက်သေခံသည့်အနေဖြင့် “ငါသေတော့မည်။ သို့သော်လည်း ဘုရားသခင်သည် သင်တို့ဘက်၌ရှိ၍ သင်တို့ကိုဘိုးဘေးနေရာပြည်သို့တစ်ဖန်ဆောင်တော်မူလိမ့်မည်” ဟူသောအာမခံချက်ကို သားယောသပ်အားပေးရင်း ကောင်းချီးပေးခြင်းကိုအဆုံးသတ်ခဲ့ပါသည်။

နောက်ဆုံးတွင်သားများကို ဖခင်ကြီး၏ခုတင်ပတ်လည်တွင်စုရုံးစေခဲ့ပြီးနောက် ယာကုပ်က သားများအား “သင်တို့သည် စည်းဝေးကြလော့။ နောင်ကာလအခါ သင်တို့၌ဖြစ်လတ္တံ့သောအမှုအရာများကို ငါဟောပြောမည်။ ယာကုပ်၏သားတို့ စည်းဝေး၍ကြားကြလော့။ အဘဣသရေလ၏စကားကိုနားထောင်ကြလော့” ဟုဆို၏။ သူသည် မိမိသားများ၏ရှေ့ရေးအတွက်

မကြာခဏပူပင်သောကရောက်ခဲ့ရပါသည်။ ယခုတွင်မူ သူ၏သားများသည် ဖခင်ကြီးထံမှနောက်ဆုံးသောကောင်းချီးမင်္ဂလာကိုခံယူရန် စောင့်ဆိုင်းနေကြစဉ် သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အပေါ်သို့ကျရောက်တော်မူခဲ့ပါသည်။ ၎င်း၏ရှေ့တွင် ထိုသားများ၏အနာဂတ်ရေးနှင့်ပတ်သက်သောကြိုတင်ဟောထားချက်များသည် ထင်ရှားပေါ်လွင်လာခဲ့ပါသည်။ သားများ၏အမည်များကို တစ်ခုပြီးတစ်ခုခေါ်ကာ ၎င်းတို့၏စာရိတ္တများကိုဖော်ပြလျက် ၎င်းတို့၏အနာဂတ်ရေးကိုအကျဉ်းချုပ်ကြိုတင်ပြောပြခဲ့ပါသည်။

"အိုရုဗင်၊ သင်သည်ငါ့သားဦး၊ ငါ့အစွမ်းသတ္တိ၊ ငါ့ခွန်အားအစအဦး၊ ဘုန်းအထွတ်၊ တန်ခိုးအထွတ်ဖြစ်၏။"

ဖခင်ကြီးသည် သားဦးဖြစ်သောရုဗင်၏အနေအထားကိုရုပ်လုံးဖော်ခဲ့ပါသည်။ သို့ရာတွင် ဧဒါအရပ်တွင်ကျူးလွန်ခဲ့သောဝမ်းနည်းဖွယ်အပြစ်သည် ၎င်းအားသားဦးအရာနှင့်ပတ်သက်သည့်ကောင်းချီးမင်္ဂလာများမှလွဲစေခဲ့ပါသည်။ ထိုကြောင့်ယာကုပ်ကဆက်၍ "ရေကဲ့သို့ပွက်ထသောသဘောရှိသည်ဖြစ်၍ ထူးမြတ်ခြင်းသို့မရောက်ရ" ဟုရုဗင်အားမိန့်ဆို၏။

ယဇ်ပုရောဟိတ်အမှုကိုဆောင်ရွက်ရန် လေဝိသားများအားခွဲခန့်ထားခဲ့၏။ မေရှိယပေါ်ထွန်းလာခြင်းနှင့်စပ်ဆိုင်သောကတိတော်ကို ယုဒအားအပ်နှင်းခဲ့ကာ နှစ်ဆသောအမွေခံခွင့်ကို ယောသပ်အားပေးအပ်ခဲ့ပါသည်။ ရုဗင်လူမျိုးစုသည် ဣသရေလအနွယ်တွင် မည်သည့်အခါမျှထွန်းထွန်းပေါက်ပေါက်ဖြစ်မလာခဲ့ပါချေ။ လူဦးရေအချိုးအဆမှာလည်း ယုဒ၊ ယောသပ်နှင့် ဒန်တို့မှပေါက်ပွားလာသောအနွယ်များလောက်မများပြားသည့်ပြင် စစ်သုံ့ပန်းများအဖြစ် ပထမအကြိမ်ဖမ်းဆီးခြင်းခံရသောသူများထဲတွင် ၎င်းတို့ပါဝင်နေကြပါသည်။

သက်တမ်းအရ ရုဗင်ပြီးလျှင် ရှိမောင်နှင့်လေဝိတို့ဖြစ်ကြပါသည်။ ထိုသူနှစ်ဦးသည် ရှေခင်လူမျိုးများကို ရက်ရက်စက်စက်သတ်ဖြတ်စဉ်ကလည်းကောင်း၊ ယောသပ်ကိုရောင်းစားမှုတွင်လည်းကောင်း တက်ညီလက်ညီလုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းတို့နှင့်ပတ်သက်၍မိန့်ဆိုသည်မှာ "ယာကုပ်





အမျိုး၊ ဣသရေလအနွယ်သားတို့တွင် သူတို့ကိုငါကွဲပြားပျံ့လွင့်စေမည်" ဟူ၍ဖြစ်၏။

ဣသရေလအနွယ်များကိုရေတွက်သောအခါ ခါနာန်ပြည်သို့မဝင်မီတွင် ရှိမောင်အနွယ်သည် လူဦးရေအနည်းဆုံးဖြစ်သည်။ နောက်ဆုံးအကြိမ်အဖြစ် မောရှေကောင်းချီးပေးရာတွင် ရှိမောင်၏အမည်ကိုမဖော်ပြခဲ့ချေ။ ခါနာန်ပြည်တွင်နေရာချထားသောအခါ ဤလူမျိုးစုသည် ယုဒအနွယ်များရသည့်အထဲမှ မြေအနည်းငယ်သာခွဲတမ်းရခဲ့ပါသည်။ နောက်ပိုင်းတွင် တန်ခိုးအာဏာရှိလာသောမိသားစုများသည် အဖွဲ့ငယ်များကိုဖွဲ့စည်းကာ ခါနာန်ပြည်နယ်နိမိတ်၏အပြင်နားတွင်နေရာယူခဲ့ကြပါသည်။ လေဝိအမျိုးသားများသည် ခါနာန်ပြည်ထဲရှိအကွဲကွဲအပြားပြားတည်ရှိနေသောမြို့လေးဆယ့်ရှစ်မြို့မှလွဲ၍ မည်သည့်အမွေကိုမျှမရရှိကြချေ။ ဤလူမျိုးစုသည် ထာဝရဘုရားသခင်အပေါ် သစ္စာစောင့်သိခဲ့ကြသောကြောင့် ဗိမာန်တော်တွင်သန့်ရှင်းသောအမှုတော်မြတ်ကိုထမ်းဆောင်ရန် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ဤနည်းအားဖြင့် ကျိန်ခြင်းအမင်္ဂလာသည် ကောင်းချီးမင်္ဂလာအသွင်သို့ပြောင်းလဲသွားခဲ့ပါသည်။

ကောင်းချီးမင်္ဂလာတို့တွင် အထွတ်ဖြစ်သောသားဦးအရာကို ယုဒအားလွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ချီးမွမ်းခြင်းဟုအဓိပ္ပါယ်ရသော ၎င်း၏အမည်၏အရေးကြီးပုံကို ဤလူမျိုးစုနှင့်ပတ်သက်သည့်အနာဂတ္တိသမိုင်းစဉ်တွင် ဖော်ပြထားပါသည်။

"အိုယုဒ၊ သင်သည်အစ်ကိုတို့ချီးမွမ်းရသောသူဖြစ်၏။ သင်၏လက်သည် သင်၏ရန်သူလည်ပင်းပေါ်မှာရှိလိမ့်မည်။ အဘ၏သားတို့သည် သင့်ရှေ့မှာဦးညွှတ်ချကြလိမ့်မည်။ ယုဒသည် ခြင်္သေ့ပျိုဖြစ်၏။ ငါ့သား၊ သင်သည်ဖမ်းယူကိုက်စားရာမှတက်လာတတ်၏။ ဝပ်လျက်နေ၏။ ခြင်္သေ့ကဲ့သို့လည်းကောင်း၊ ခြင်္သေ့မကဲ့သို့လည်းကောင်း ဝပ်တွားတတ်၏။ အဘယ်သူနှိုးဆော်ဝံ့မည်နည်း။ ရှိလောမရောက်မီတိုင်အောင် ရာဇလှံတံသည် ယုဒထံမှလည်းကောင်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ်ထံမှလည်းကောင်း မရွေ့ရ။ ရှိလော၌လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်။"

ဤမျိုးနွယ်စုအား တောဘုရင်ဖြစ်သောခြင်္သေ့နှင့်ပုံဆောင်ထားသည်မှာ သင့်တော်လှပါသည်။ အကြောင်းမှာ ဒါဝိဒ်သည် ဤအနွယ်မှပေါက်ဖွားခဲ့ပါသည်။ ၎င်းပြင် အာဏာတန်ခိုးများနှင့်လူအမျိုးမျိုးတို့က နောက်ဆုံးတွင် ဦးညွှတ်ကြရမည့်ယုဒအမျိုး၏ခြင်္သေ့စစ် ရှိလောတည်းဟူသော ဒါဝိဒ်၏သား ယေရှုခရစ်သည် ဤအနွယ်မှပေါက်ဖွားလာခဲ့ပါသည်။

ယာကုပ်သည် မိမိ၏သားများအတွက် အနာဂတ်တိုးတက်ကြီးပွားချမ်းသာမှုများကိုကြိုတင်ဟောကြားခဲ့ရာ နောက်ဆုံးတွင် ယောသပ်အလှည့်သို့ရောက်ရှိလာခဲ့ပါသည်။ ယာကုပ်သည် မိမိအစ်ကိုတို့တွင် အကြီးအကဲဖြစ်သောယောသပ်၏ခေါင်းပေါ်သို့ကောင်းချီးကျရောက်ရန် ဆုတောင်းနေစဉ်တွင် သူ၏စိတ်နှလုံးသည် ကြည်နူးနေပါသည်။

"ယောသပ်သည် သန်သောပျိုးပင်၊ ရေတွင်းနားမှာသန်သောပျိုးပင်ဖြစ်၏။ အခက်အလက်တို့သည် အုတ်ရိုးပေါ်မှာကျော်သွားကြ၏။ လေးသမားတို့သည် သူ့ကိုအငြိုးထား၍ အလွန်ညှဉ်းဆဲပစ်ခတ်ကြ၏။ သို့သော်လည်း သူ၏လေးသည်အားမလျော့။ သူကိုင်သောလက်နက်တို့သည် ယာကုပ်အမျိုး၌တန်ခိုးကြီးသောဘုရားသခင်၏လက်ဖြင့်လည်းကောင်း၊ သိုးထိန်းတည်းဟူသော ဣသရေလအမျိုး၏ကျောက်ဖြင့်လည်းကောင်း၊ သင့်ကိုမစတော်မူသော သင့်အဘ၏ဘုရားသခင်အားဖြင့်လည်းကောင်း၊ သင့်ကိုကောင်းချီးပေးတော်မူသောထာဝရတန်ခိုးရှင်အားဖြင့်လည်းကောင်း ခိုင်မာလျက်ရှိ၏။ ထိုဘုရားသခင်သည် အထက်မိုးကောင်းကင်၏မင်္ဂလာ၊ အောက်နက်နဲသောအရပ်၏မင်္ဂလာ၊ သားမြတ်နှင့်ဆိုင်သောမင်္ဂလာ၊ ဝမ်းနှင့်ဆိုင်သောမင်္ဂလာတို့ဖြင့် သင့်ကိုကောင်းချီးပေးတော်မူပါစေသော။ သင်၏အဘပေးသောကောင်းချီးမင်္ဂလာသည် ထာဝရတောင်တို့၌ဖြစ်သောကောင်းချီးမင်္ဂလာ၊ ထာဝရသာဘုန်းတို့၌ နှစ်သက်ဖွယ်သောအရာတို့ထက်သာ၍မြတ်၏။ ထိုမင်္ဂလာသည် ယောသပ်ခေါင်းပေါ်၊ မိမိအစ်ကိုတို့တွင်အကြီးအကဲဖြစ်သောသူ၏ခေါင်းထိပ်မှာ သက်ရောက်ပါစေသော။"

ယာကုပ်သည် နှစ်နှစ်ကာကာချစ်ခင်တတ်သောသူတစ်ယောက်ဖြစ်ရာ သားများအပေါ်တွင်ထားရှိသည့် ၎င်း၏မေတ္တာမှာ နူးညံ့၍အားကြီးလှပါသည်။



သေဆုံးကာနီးအချိန်တွင် သားသမီးများကိုပြောသောစကားများသည် မျက်နှာလိုက်သည့်စကားများ၊ နာကြည်းသည့်အတွက်ပြောသောစကားများမဟုတ်ပါ။ သူသည် ဖခင်တစ်ဦးအနေဖြင့် မိမိသားများအား ခွန်အားရှိမည့်စကားများနှင့် အားပေးစကားများကိုသာပြောလိုလှသော်လည်း ထိုအချိန်တွင် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းအပေါ်သို့သက်ရောက်သဖြင့် ဝိညာဉ်တော်၏ပဲ့ပြင်မှုအောက်တွင် အမှန်တရားဖြစ်သော်လည်း စိတ်ထိခိုက်နာကြည်းစေသည့်စကားများကို သူပြောခဲ့ရပါသည်။

ယာကုပ်သည် နောက်ဆုံးသောကောင်းချီးကိုပေးပြီးသောအခါ မိမိ၏အလောင်းကိုမြှုပ်နှံရမည့်နေရာနှင့်ပတ်သက်၍ဖွင့်ဆိုသည်မှာ "ငါ့လူမျိုးစည်းဝေးရာသို့ငါသွားရမည်။---ငါ့အဘတို့နှင့်အတူ ငါ့ကိုသင်္ဂြိုဟ်ကြပါ။ မပွေလလယ်ပြင်၌ရှိသောထိုမြေတွင်း၌သင်္ဂြိုဟ်ကြပါ။" "ထိုမြေတွင် အာဗြဟံနှင့်မယားစာရာတို့သင်္ဂြိုဟ်ကြပြီ။ ဣဇာက်နှင့်မယားရေဗက္ကကိုလည်းသင်္ဂြိုဟ်ကြပြီ။ လေအာကိုလည်းငါသင်္ဂြိုဟ်ပြီ" ဟူ၍ဖြစ်၏။ ဤသို့အားဖြင့် သူ့အသက်တာ၏နောက်ဆုံးသောလုပ်ဆောင်မှုသည် ထာဝရဘုရားသခင်၏ကတိတော်အပေါ်ထားရှိသော ၎င်း၏ယုံကြည်ခြင်းကိုဖော်ပြခဲ့ပါသည်။

ယာကုပ်၏ဘဝနိဂုံးသည် ဒုက္ခဆင်းရဲခြင်းနှင့်သောကဗျာပါဒများသောနေ့အချိန်ကုန်ပြီးနောက် ဖြစ်ပေါ်လာသည့်ငြိမ်သက်သာယာသောညနေခင်းတစ်ခုကဲ့သို့ဖြစ်ခဲ့ပါသည်။ သူ၏ဘဝလမ်းခရီးတစ်လျှောက်လုံးတွင် ထူထပ်မည်းမှောင်သောတိမ်တိုက်ကြီးများကြုံတွေ့ခဲ့ရသော်လည်း နေဝင်ချိန်မှာမူ တိမ်သလ္လာကင်းစင်လှပါသည်။ ကောင်းကင်မှလင်းရောင်ခြည်များသည် ခွဲခွာရတော့မည့်သူ၏အချိန်တွင် ထွန်းလင်းတောက်ပခဲ့ပါသည်။ "ညဥ့်ဦးယံအချိန်ရောက်မှကင်းလိမ့်မည်။" "စုံလင်သောတရားကိုစောင့်ရှောက်လော့။ ဖြောင့်မတ်ခြင်းတရားကိုကြည့်ရှုဆင်ခြင်လော့။ ထိုသို့ပြုသောသူသည် အဆုံး၌ငြိမ်သက်ခြင်းကိုခံစားရလိမ့်မည်" ဟူ၍လည်း သမ္မာကျမ်းစာကဖွင့်ဆိုထားပါသည်။ ဇာခရိ၊ ၁၄း၇။ ဆာလံ ၃၇း၃၇။ ယာကုပ်သည် အပြစ်လုပ်ခဲ့ဖူးသဖြင့် အကြီးအကျယ်ဒုက္ခရောက်ခဲ့ပါသည်။ သူသည် မဟာအမှားကြီး

တစ်ခုကိုကျူးလွန်ခဲ့ပြီးနောက် ဖခင်အိမ်မှထွက်ပြေးလာခဲ့သည့်အချိန်မှစ၍ ဒုက္ခဆင်းရဲခြင်းများနှင့်ဝမ်းနည်းပူဆွေးမှုများကို နှစ်ပေါင်းများစွာခံစားခဲ့ရပါသည်။ အိုးမဲ့အိမ်မဲ့ထွက်ပြေးတိမ်းရှောင်နေရသူတစ်ဦးဖြစ်ခဲ့ပြီး မိခင်ကြီးနှင့်ခွဲခွာခဲ့ရသောအချိန်မှစ၍ နောက်တစ်ဖန်ပြန်လည်တွေ့ဆုံခွင့်မရရှိခဲ့တော့ချေ။ မိမိချစ်သောရာခေလအတွက် ခုနစ်နှစ်လုံးလုံးကျွန်ခံခဲ့ရပါသည်။ ထိုနှစ်များ၏လုပ်ဆောင်မှုကို ယုတ်ညံ့စွာအလိမ်ခံခဲ့ရပါသည်။ လောဘကြီးပြီး တပ်မက်လွန်းသောဆွေမျိုးတစ်ဦးထံတွင် အနှစ်နှစ်ဆယ်လုံးလုံးပင်ပန်းဆင်းရဲစွာဖြင့်အလုပ်လုပ်ကိုင်ခဲ့ရပါသည်။ သူ၏ဥစ္စာတိုးပွား၍ မိမိပတ်လည်တွင်ကြီးမားသောအသိုက်အဝန်းများရပ်တည်နေသည်ကိုမြင်တွေ့နေရသော်လည်း ခိုက်ရန်ဒေါသဖြစ်၍ ကွဲပြားခြားနားနေသောအိမ်ထောင်တွင် ပျော်ရွှင်မှုကိုသူမတွေ့ခဲ့ပါချေ။ သမီးငယ်အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရသည့်အတွက်ကြောင့်တစ်ကြောင်း၊ သူ့မအတွက်အစ်ကိုများပြုခဲ့သောလက်စားချေမှုကြောင့်တစ်ကြောင်း၊ ရာခေလသေဆုံးခြင်းကြောင့်တစ်ကြောင်း၊ ရုဗင်ကျူးလွန်ခဲ့သည့်အပြစ်ကြောင့်တစ်ကြောင်း၊ ယုဒကျူးလွန်ခဲ့သည့်အပြစ်ကြောင့်တစ်ကြောင်း၊ ယောသပ်အပေါ်ပြုကျင့်ခဲ့သောမိမိသားများ၏လိမ်ညာမှုနှင့်ရန်ငြိုးထားမှုများကြောင့်တစ်ကြောင်း သူစိတ်အားလျော့ခဲ့ရပါသည်။ တွေ့ကြုံရင်ဆိုင်ခဲ့ရသောမကောင်းမှုအဖြာဖြာတို့သည် မည်မျှကြီးမား၍ မည်မျှမှောင်မည်းလိုက်ပါသနည်း။ သူသည် မိမိကျူးလွန်မိခဲ့သောကနဦးအမှားကလေး၏အသီးအပွင့်များကို ထပ်ခါတလဲလဲရိတ်သိမ်းခဲ့ရပါသည်။ မိမိကျူးလွန်ခဲ့ဖူးသောအပြစ်များကို မိမိသားများ၏အသက်တာတွင် ထပ်ခါတလဲလဲသူမြင်တွေ့ခဲ့ရပါသည်။ အပြစ်ပေးဆုံးမမှုသည် ခါးသီးမှုတစ်ရပ်ဖြစ်သော်လည်း မျှော်လင့်ထားသည့်ကိစ္စရပ်ကိုပြီးမြောက်စေခဲ့ပါသည်။ "ဆုံးမခြင်းမည်သည့်ကား ခံရစဉ်အခါ ဝမ်းနည်းစရာထင်တတ်သော်လည်း နောက်မှငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သောဖြောင့်မတ်ခြင်းအကျိုးကိုခံရကြ၏။"

ထာဝရဘုရားသခင်၏မျက်နှာသာပေးမှုကြောင့် ထင်ရှားကျော်ကြားခဲ့သည့်လူကောင်းသူကောင်းများ၏မှားယွင်းသောလုပ်ရပ်များကို သမ္မာကျမ်းစာ



တွင်ဝိညာဉ်တော်အားဖြင့်ဘက်မလိုက်တမ်းမှတ်တမ်းတင်ထားပါသည်။ သူတို့ပြုခဲ့သောမှားယွင်းမှုများကို သူတို့ပြုခဲ့သောကောင်းမှုများထက် ပိုမိုပြည့်စုံအောင်တင်ဆက်ထားပါသည်။ ဤအချက်သည် လူအများစုအတွက် အံ့အားသင့်စရာတစ်ခုဖြစ်နေပြီး သမ္မာကျမ်းစာကိုပြက်ရယ်ပြုစရာအချက်တစ်ခုဖြစ်နေပါသည်။ အမှန်မှာ သမ္မာကျမ်းစာ၌ အဖြစ်မှန်များကိုဖုံးကွယ်ထားခြင်းမရှိသည့်ပြင် အဓိကပုဂ္ဂိုလ်များကျူးလွန်ခဲ့သောအပြစ်များကိုလည်း ထိမ်ချန်ဖုံးကွယ်ထားခြင်းမရှိဟူသောအချက်မှာ သမ္မာကျမ်းစာသည် အမှန်တရားကိုသာဖေါ်ပြကြောင်း ထိရောက်စွာအထောက်အထားပြသည့်အချက်တစ်ချက်ဖြစ်ပါသည်။ လူသားများ၏စိတ်သဘောထားများသည် အာဃာတစိတ်များဖြင့်ပြည့်ဝနေကြသည်ဖြစ်ရာ လူ့သမိုင်း၊ လူ့ရာဇဝင်များတွင်မျက်နှာလိုက်မှုနှင့်ကင်းရှင်းရန်မဖြစ်နိုင်ပါချေ။ အကယ်၍ သမ္မာကျမ်းစာကို လူ့သဘောအတိုင်းရေးခဲ့မည်ဆိုလျှင် ဂုဏ်အသရေရှိသောဘိုးဘေးကြီးများ၏လုပ်ဆောင်မှုများကိုမြှောက်ပင့်၍အကောင်းဘက်ကသာရေးခဲ့သည်မှာ သံသယရှိစရာမလိုပါချေ။ သို့ရာတွင် သမ္မာကျမ်းစာသည် ထိုသို့မဟုတ်၊ ထိုဘိုးဘေးတို့၏အတွေ့အကြုံများနှင့်ပတ်သက်သည့်မှတ်တမ်းအမှန်တစ်ခုကို ကျွန်ုပ်တို့ပိုင်ဆိုင်ထားကြပါသည်။

ဘုရားသခင်၏မျက်နှာသာပေးခြင်းခံရသူများနှင့် ကြီးမားသောတာဝန်များကိုထမ်းဆောင်ရန် အပ်နှင်းခြင်းခံရသူများသည်ပင် စုံစမ်းနှောင့်ယှက်ခြင်းထဲသို့လိုက်ပါသွားကာ အပြစ်များကိုတစ်ခါတစ်ရံကျူးလွန်ခဲ့ဖူးကြပါသည်။ ကျွန်ုပ်တို့သည် ယခုလတ်တလောအချိန်တွင် ကြိုးစားအားထုတ်ရင်း လှုပ်ရှားယိမ်းယိုင်ကာ မကြာခဏအမှားအယွင်းများကိုလုပ်တတ်ကြသကဲ့သို့ ထိုသူများသည်လည်း အပြစ်များကိုကျူးလွန်ခဲ့ကြပါသည်။ မှားယွင်းမှုများ၊ မိုက်မဲမှုများနှင့်ပြည့်ဝနေသောၦင်းတို့၏အသက်တာများသည် ကျွန်ုပ်တို့အားခွန်အားပေးရန်နှင့် သတိပေးရန် ကျွန်ုပ်တို့၏ရှေ့တွင်ထင်ရှားလျက်ရှိပါသည်။ အကယ်၍ ၎င်းတို့အားခြောက်ပြစ်ကင်းသဲလဲစင်များအဖြစ်ရုပ်လုံးဖေါ်ခဲ့မိလျှင် အပြစ်နှင့်ပြည့်ဝလျက်ရှိသောကျွန်ုပ်တို့သည် မိမိတို့ပြုမိသောအမှားများနှင့်ဆုံးရှုံးမှုများကြောင့် စိတ်အားလျော့သွားနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့

ကဲ့သို့သောလူသားများ၊ စိတ်ဓါတ်ကျဆင်းမှုများတွင်ရုန်းကန်နေမှုများကိုလည်းကောင်း၊ စုံစမ်းခြင်းတွင်ကျဆုံးသွားခဲ့သော်လည်း တစ်ဖန်စိတ်အားတင်းကာ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အောင်ပွဲဆင်ခဲ့ပုံများကိုလည်းကောင်း တွေ့မြင်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းပါရမီကိုရရှိရန် ကြိုးစားလုပ်ဆောင်နေသောကျွန်ုပ်တို့အတွက် ခွန်အားရရှိစေပါသည်။ ထိုသူများသည် တစ်ခါတစ်ရံ အရှုံးနှင့်ရင်ဆိုင်ရသော်လည်း ပြန်လည်၍အောင်ပွဲဆင်ကာ ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာများကိုခံစားခဲ့ကြရသည်နည်းတူ ကျွန်ုပ်တို့သည်လည်း ခရစ်တော်၏အစွမ်းအားဖြင့် အောင်နိုင်သူများဖြစ်လာနိုင်ကြပါသည်။ တစ်ဖက်တွင်လည်း ၎င်းတို့၏အသက်တာမှတ်တမ်းသည် ကျွန်ုပ်တို့အတွက် သတိပေးချက်တစ်ခုသဖွယ် အကျိုးပြုနေပါသည်။ ထာဝရဘုရားသခင်သည် တရားတော်ကိုလွန်ကျူးသည့်အပြစ်များကို အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူကြောင်းကိုလည်း ဤမှတ်တမ်းများအားဖြင့်သိရှိရပါသည်။ ကိုယ်တော်သည် မိမိအချစ်ဆုံးသောတပည့်တော်တစ်ဦး၌ရှိနေသောအပြစ်ကိုပင် မြင်တော်မူ၍ ထိုသူများကိုအလင်းတရားအနည်းငယ်သာရရှိ၍ သေးငယ်သောတာဝန်များကိုထမ်းဆောင်ရသည့်သူများထက်ပို၍ပြင်းထန်စွာအပြစ်ပေးလေ့ရှိပါသည်။

ယာကုပ်အားသင်္ဂြိုဟ်ပြီးသောအချိန်တွင် ယောသပ်၏အစ်ကိုများသည် တစ်ဖန်ကြောက်စိတ်များနှင့်ပြည့်ဝနေခဲ့ကြပါသည်။ ယောသပ်က ၎င်းတို့အား မေတ္တာပြနေသည့်ကြားမှ မိမိတို့၌အပြစ်ရှိသည်ဟူသောအသိစိတ်ကလေးက ၎င်းတို့အားမယုံကြည်စိတ်နှင့်သံသယစိတ်များကိုဖြစ်ပေါ်စေခဲ့ပါသည်။ ယောသပ်သည် ဖခင်ကြီး၏မျက်နှာကိုထောက်၍ မိမိတို့အားကလဲ့စားချေဖို့ အချိန်ဆွဲထားခြင်းသာဖြစ်နိုင်ကြောင်း၊ မိမိတို့ကျူးလွန်ခဲ့သောရာဇဝတ်မှုအတွက် ယခုတွင်အချိန်ကြာမြင့်စွာကတည်းက အောင့်အည်းထားခဲ့သောအပြစ်ပေးမှုကို မိမိတို့အားပြုတော့မည်ဟူ၍ ၎င်းတို့ထင်မြင်ခဲ့ကြပါသည်။ ထို့ကြောင့် မိမိတို့ကိုယ်တိုင်ယောသပ်ထံသို့မသွားဝံ့ကြဘဲ စေတမန်တစ်ဦးကိုစေလွှတ်၍ "ကိုယ်တော်၏အစ်ကိုတို့သည် မကောင်းသောအမှုကို ကိုယ်တော်အားပြုမိ၍ ကိုယ်တော်ကိုပြစ်မှားသောအပြစ်ကိုလွှတ်တော်မူပါဟု ကိုယ်တော်အားကြားလျှောက်ရမည်အကြောင်း ခမည်းတော်မသေမီ ကျွန်ုပ်တို့ကိုမှာထားခဲ့သည်ဖြစ်၍ ယခုတွင် ခမည်းတော်၏ဘုရားသခင့်ကျွန်ုပ်တို့၏အပြစ်ကိုလွှတ်တော်မူပါဟုလျှောက်ကြ၏။" ကြားရသောသတင်းစကားကြောင့် ယောသပ်သည် မျက်ရည်ကျလေ၏။ အစ်ကိုတို့သည်လည်းဝင်၍ ယောသပ်ရှေ့မှာပျပ်ဝပ်လျက် ကျွန်တော်တို့သည် ကိုယ်တော်၏ကျွန်ဖြစ်ကြပါသည်ဟု လျှောက်ကြ၏။ မိမိအစ်ကိုများအပေါ်ထားရှိသည့်ယောသပ်၏မေတ္တာသည် နက်ရှိုင်း၍ တစ်ကိုယ်ကောင်းမဆန်သောမေတ္တာဖြစ်ရကား၊ မိမိသည် ၎င်းတို့အား လက်စားချေလိမ့်မည်ဟူသောခံစားချက် ၎င်းတို့၌ရှိနေကြောင်းသိရသောအခါ သူစိတ်ထိခိုက်သွားခဲ့ပါသည်။ ထို့ကြောင့် "မစိုးရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရားသခင်ကိုယ်စားဖြစ်သလော။ သင်တို့သည် ကျွန်ုပ်ကိုညှဉ်းဆဲမည်ကြံကြသော်လည်း ဘုရားသခင်သည် ယနေ့ဖြစ်သည်အတိုင်း လူများအသက်ချမ်းသာစေခြင်းငှာ ကျေးဇူးပြုမည်ကြံတော်မူ၏။ ထို့ကြောင့် မစိုးရိမ်ကြနှင့်။ သင်တို့နှင့်သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်ဟုဆိုလျက်၊ သူတို့ကိုနှစ်သိမ့်စေ၍ မေတ္တာစကားကိုပြောလေ၏။" ယောသပ်၏အသက်တာသည် ခရစ်တော်၏သက်တော်စဉ်ကိုသရုပ်ဖေါ်ထားပါသည်။ ယောသပ်အား မိမိတို့ထက်ကြီးမြတ်သွားမည်စိုးသည့်မနာလိုဝန်တိုစိတ်က ယောသပ်ကို ကျွန်အဖြစ်ရောင်းစားရန် ၎င်းတို့အားလှုံ့ဆော်ခဲ့ပါသည်။ ညီငယ်ယောသပ်အား အဲဂုတ္တုပြည်သို့ခေါ်ဆောင်သွားကြသောအချိန်တွင် သူ၏အိပ်မက်ကြောင့် မိမိတို့စိတ်ပူစရာမလိုတော့ကြောင်း၊ အိပ်မက်ကိုအကောင်အထည်ဖေါ်နိုင်သည့် အရာအားလုံးကိုဖယ်ရှားခဲ့ပြီဖြစ်ကြောင်း သူတို့ကြွားလုံးထုတ်ခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့ဟန့်တားရန်စီစဉ်လုပ်ဆောင်မှုများအားဖြင့် အိပ်မက်ကို အကောင်အထည်ဖေါ်ရန်အတွက် ၎င်းတို့၏လုပ်ရပ်များကို ဘုရားသခင် အုပ်စိုးတော်မူခဲ့ပါသည်။ ထိုနည်းအတူ ခရစ်တော်သည် ယုဒလူများအား ဆွဲဆောင်သွားမည်စိုးသဖြင့် ယုဒလူအကြီးအကဲများနှင့် ယဇ်ပုရောဟိတ်များသည် ကိုယ်တော်အားမနာလိုဝန်တိုဖြစ်ခဲ့ကြပါသည်။ ကိုယ်တော်အား

ရှင်ဘုရင်ဖြစ်မလာစေရန် သူတို့သုတ်သင်ခဲ့ကြပါသည်။ သို့ရာတွင် ထိုကဲ့သို့ သူတို့လုပ်ဆောင်လိုက်သည့်အတွက် ကိုယ်တော်သည် ဘုရင်တကာတို့၏ ဘုရင်ဖြစ်ကြောင်း ထင်ရှားစေခဲ့ပါသည်။

ယောသပ်သည် အဲဂုတ္တုပြည်တွင် ကျွန်ဘဝသို့ရောက်ခဲ့သဖြင့် မိမိဖခင်၏မိသားစုအတွက် ကယ်တင်ရှင်ဖြစ်လာခဲ့ပါသည်။ သို့ရာတွင် ဤကဲ့သို့ဖြစ်လာခြင်းကြောင့် ညီအစ်ကိုများကျူးလွန်ခဲ့သည့်အပြစ်များကိုလျော့ကျမသွားစေခဲ့ပါ။ ထိုနည်းအတူ ကိုယ်တော်ကိုရန်ပြုသူများက ခရစ်တော်ကိုကပ်တိုင်တင်ခြင်းအားဖြင့် လူသားများ၏ကယ်တင်ရှင်၊ ကျဆုံးနေသောလူသားများ၏ကယ်တင်ရှင်နှင့်စကြဝဠာကြီးတစ်ခုလုံး၏အရှင်သခင်ဖြစ်စေခဲ့သော်လည်း ကိုယ်တော်အားသတ်ခဲ့သည့်ဒုစရိုက်မှုသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပါသည်။

ယောသပ်ကို မိမိညီအစ်ကိုများက မယုံကြည်သူများထံရောင်းစားခဲ့သည့်နည်းတူ ခရစ်တော်ကိုမိမိ၏တမန်တော်များမှတစ်ပါးက ကိုယ်တော်ရှင်အား ခါးသီးစွာမုန်းတီးသည့်ရန်သူများလက်သို့ရောင်းစားခဲ့ကြပါသည်။ ယောသပ်သည် မိမိ၏ကောင်းမြတ်သောအသက်တာကြောင့် မတရားအစွပ်စွဲခံရကာ ထောင်အချခံခဲ့ရသကဲ့သို့ ခရစ်တော်သည်လည်း မိမိ၏ဖြောင့်မတ်ခြင်းကြောင့် မထီလေးစားပြုခြင်းနှင့်ငြင်းပယ်ခြင်းများကိုခံခဲ့ရပါသည်။ ကိုယ့်အလိုကိုငြင်းပယ်သောကိုယ်တော်၏အသက်တာသည် အပြစ်ပြုသူများအတွက် ဆုံးမပဲ့ပြင်မှုတစ်ရပ်ဖြစ်နေခဲ့ပြီး မည်သည့်အပြစ်ကိုမျှကျူးလွန်တော်မမူခဲ့သော မမှန်သောသက်သေများ၏ထွက်ဆိုချက်အားဖြင့် သေဒဏ်စီရင်ခဲ့ကြပါသည်။ ၎င်းအပြင် မတရားမှုများနှင့်ဖိနှိပ်မှုများအောက်တွင် ထင်ရှားခဲ့သည့်ယောသပ်၏သည်းခံခြင်းနှင့်နှိမ့်ချခြင်းသည်လည်းကောင်း၊ မိမိ၏ညီအစ်ကိုများအပေါ် အပြစ်လွှတ်မှုနှင့်ကျေးဇူးပြုမှုများသည်လည်းကောင်း၊ ဆိုးယုတ်သောသူများ၏ရန်ငြိုးထားခြင်းနှင့်မတရားလုပ်ဆောင်မှုများကို မညည်းတွားဘဲခံတော်မူခဲ့သော ခရစ်တော်၏ခံနိုင်ရည်ရှိမှုနှင့် ကိုယ်တော်အားသတ်ခဲ့သူများအပါအဝင် မိမိတို့၏အပြစ်များကိုဝန်ချတောင်းပန်ကာ အပြစ်လွှတ်



ခြင်းအခွင့်ကိုတောင်းခံလာသမျှသောသူအပေါင်းတို့အား ပေးတော်မူသည့် ကိုယ်တော်၏အပြစ်လွှတ်ခြင်းများကို ရုပ်လုံးဖော်ထားပါသည်။

ယောသပ်သည် ဖခင်ကြီးအား အသက်ငါးဆယ့်လေးနှစ်တိုး၍ရှည်စေခဲ့ပါသည်။ သူသည် “ဧဖရိမ်၏မြေးကိုမြင်ရ၏။ မနာရှေ၏သားမာခိရ၏ သားသမီးတို့ကိုလည်း မိမိဒူးပေါ်မှာမွေးစားရ၏။” သူသည် မိမိလူမျိုးတို့၏ ကြီးပွားချမ်းသာမှုနှင့်လူဦးရေတိုးပွားလာမှုများကို မျက်စိဖြင့်မြင်တွေ့ခဲ့ရပါသည်။ ဣသရေလများသည် ကတိတော်နှင့်ဆိုင်သောပြည်ကိုဝင်စားကြမည်ဆိုသည့် အချက်ကို တစ်သက်လုံးသူယုံမှားသံသယမရှိခဲ့ချေ။

ယောသပ်သည် ဘဝနိဂုံးအဆုံးသတ်ဖို့အချိန်နီးကြောင်းသိရှိလာသောအခါ ညီအစ်ကိုမောင်နှမများအား မိမိထံလာရောက်စုရုံးကြရန်ခေါ်ခဲ့ပါသည်။ သူသည် အဲဂုတ္တုပြည်တွင် မြှောက်စားခြင်းကိုခံခဲ့ရသော်လည်း ထိုပြည်သည် ၎င်းအတွက်တစ်ကျွန်းတစ်နိုင်ငံသာဖြစ်နေပါသည်။ ထို့ကြောင့် နောက်ဆုံးပြုမူခဲ့သောအပြုအမူအားဖြင့် သူသည် ဣသရေလများနှင့်အတူ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားမည်ဖြစ်ကြောင်း အရိပ်လက္ခဏာပြခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် “အကယ်စင်စစ်ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့ ဤပြည်မှဆောင်သွားတော်မူမည်” ဟူ၍ ညီအစ်ကိုများကို သူပြောဆိုခဲ့ပါသည်။ ၎င်းပြင် မိမိ၏အရိုးများကိုလည်း ၎င်းတို့နှင့်အတူ ခါနာန်ပြည်သို့ပြန်လည်သယ်ဆောင်သွားပါမည်အကြောင်း ဣသရေလအမျိုးသားတို့ကိုကျိန်ဆိုစေခဲ့ပါသည်။ “ထိုသို့ယောသပ်သည် အသက်တစ်ရာ့တစ်ဆယ်ရှိသော် အနိစ္စရောက်လေ၏။ အလောင်းကိုကား နံ့သာမျိုးနှင့် ပြင်ဆင်ပြီးလျှင် အဲဂုတ္တုပြည်၌ တလားနှင့်ထားကြလေ၏။” ယောသပ် အနိစ္စရောက်ကာခါနီးတွင် ပြောသွားသောစကားများတို့ကို သတိတရဖြစ်စေသော ထိုတလားက မိမိတို့သည် အဲဂုတ္တုပြည်တွင် ဧည့်သည်အာဂန္တုများသာဖြစ်ကြောင်း၊ ဒုက္ခနှင့်ရင်ဆိုင်ခဲ့ရသောရာစုနှစ်များတစ်လျှောက်လုံးတွင် ဣသရေလလူများအားသက်သေခံခဲ့ပါသည်။ ၎င်းပြင် ကယ်နုတ်မည့်အချိန်

သည် ဧကန်အမှန်ရောက်ရှိလာမည်ဖြစ်သည့်အတွက်ကြောင့် ကတိထားတော်မူသောပြည်သို့ဝင်စားရမည်ဟူသောမျှော်လင့်ချက်ကို ဆက်လက်ဆုပ်ကိုင်ကြရန် ထိုတလားက ၎င်းတို့အားသတိပေးနေပါသည်။

* * *

## (၂၂)
## မောရှေ

အဲဂုတ္တုလူများသည် အစာရှားပါးသောအချိန်အတွင်း၌ မိမိတို့စားဖို့အစာများကိုရရှိရန် မိမိတို့၏ကျွဲ၊ နွားတိရစ္ဆာန်များနှင့် လယ်ယာမြေများကိုရောင်းချခဲ့ရသဖြင့် နောက်ဆုံးတွင် ထာဝရကျေးကျွန်ဘဝသို့ရောက်သွားခဲ့ကြပါသည်။ ယောသပ်သည် ၎င်းတို့အားသက်သာခွင့်ရရန် စီစဉ်ပေးခဲ့ပါသည်။ ၎င်းတို့လယ်ထွက်ကုန်ပစ္စည်းများမှငါးပုံတစ်ပုံကို နှစ်စဉ်ပေးဆောင်ရမည့်အခွန်အဖြစ်ဆက်သကာ လယ်လုပ်စေခြင်းအားဖြင့် ယောသပ်က၎င်းတို့အား ဘုရင့်စားရင်းငှားများဖြစ်စေခဲ့ပါသည်။

သို့ရာတွင် ယာကုပ်၏သားများသည် ထိုအစီအစဉ်အောက်တွင်လုပ်ဆောင်ရန်မလိုပါချေ။ အဲဂုတ္တုပြည်အတွက် ယောသပ်ထမ်းဆောင်ခဲ့သည့်အမှုတော်ကိုထောက်ထား၍ ဂေါရှင်အရပ်ကို ၎င်းတို့နေရန် သီးသန့်ပေးအပ်ထားရုံမက အခွန်အတုတ်ထမ်းခြင်းမှလည်း ကင်းလွတ်ခွင့်ပေးခဲ့သည်။ ၎င်းပြင်အစာခေါင်းပါးသောကာလ၌ စားနပ်ရိက္ခာများကိုအလျှံပယ်ပေးပို့ထောက်ပံ့ခြင်းခံခဲ့ကြရသည်။ အခြားတိုင်းနိုင်ငံများသည် အစာခေါင်းပါးမှုကြောင့်သေကျေပျက်စီးနေချိန်တွင် အဲဂုတ္တုပြည်သည် သာယာဝပြောခဲ့ရခြင်းမှာယောသပ်ကိုးကွယ်သောဘုရားသခင်၏မစပို့ဆောင်မှုကြောင့်ဖြစ်ကြောင်းဖါရောဘုရင်ကြီးက လူသိရှင်ကြားအသိအမှတ်ပြုခဲ့ပါသည်။ ၎င်းပြင် ယောသပ်ပြုလုပ်ခဲ့သောအစီအစဉ်သည် အဲဂုတ္တုပြည်ကြီးအား များစွာအကျိုးပြုခဲ့ကြောင်းသူမြင်တွေ့ခဲ့သဖြင့် ယာကုပ်၏မိသားစုများကို ထိုသို့ကျေးဇူးပြုခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် အချိန်တွေကြာညောင်းလာသည်နှင့်အမျှ အဲဂုတ္တုပြည်ကြီးက ကျေးဇူးဥပကာရတင်ရှိသည့်ထိုပုဂ္ဂိုလ်ကြီးနှင့်တကွ ၎င်း၏လုပ်ဆောင်မှုအားဖြင့် ကောင်းကျိုးခံစားခဲ့ရသောလူများသည် အနိစ္စရောက်ခဲ့ကြပေပြီ။ "ထိုနောက်မှအဲဂုတ္တုပြည်၌ ယောသပ်ကိုမသိသောရှင်ဘုရင်သစ်ပေါ်လာ၏။"

ထိုဘုရင်သည် ထိုပြည်တွင် ယောသပ်အမှုတော်ဆောင်ခဲ့ကြောင်းကိုမသိရုံသာမက ဣသရေလများအားအသိအမှတ်မပြုလိုဘဲ တတ်နိုင်သမျှငင်းတို့အားမေ့ထားလိုလှပါသည်။ ၎င်းပြင် "ဣသရေလအမျိုးသားတို့သည် ငါတို့ထက်သာ၍များကြ၏။ သာ၍အားကြီးကြ၏။ လာကြ၊ သူတို့ကိုလိမ္မာစွာပြုကြစို့။ သို့မဟုတ် သူတို့သည် များပြားကြလိမ့်မည်။ နောက်တစ်ခါစစ်မှုရောက်လျှင် ငါတို့ရန်သူဘက်သို့ဝင်စား၍ ငါတို့ကိုတိုက်သဖြင့် ပြည်တော်ထဲကထွက်သွားကြလိမ့်မည်" ဟုထိုဘုရင်ကဆို၏။

ဣသရေလအမျိုးသားတို့သည် သားကိုဖွား၍အလွန်တိုးပွားများပြားသဖြင့် အလွန်အားကြီးလာရကား၊ တစ်ပြည်လုံး၌ပျံ့နှံ့ကြလေ၏။ ယောသပ်၏ကြည့်ရှုစောင့်ရှောက်မှုနှင့် ထိုစဉ်ကအုပ်စိုးခဲ့သောဘုရင်ကြီး၏မျက်နှာသာပေးမှုများကြောင့် သူတို့သည် နိုင်ငံအနှံ့သို့လျင်မြန်စွာပျံ့နှံ့သွားခဲ့ပါသည်။ သို့သော်သူတို့သည် အဲဂုတ္တုလူများ၏ဓလေ့ထုံးစံများ၊ ဘာသာအယူဝါဒများနှင့်လုံးဝမရောယှက်ခဲ့ဘဲ သီးသီးသန့်သန့်ဆက်လက်နေထိုင်ခဲ့ပါသည်။ အကယ်၍ အဲဂုတ္တုပြည်သည် အခြားတိုင်းတစ်ပါးနှင့်စစ်မက်အင်္ဂါဖြစ်ပွားခဲ့သည်ရှိသော် သူတို့သည်ရန်သူများဘက်မှကူ၍တိုက်ပေးမည်ကိုလည်း ထိုဘုရင်နှင့်တကွအဲဂုတ္တုလူများသည်တိုးပွားလာသောငင်းတို့ကိုကြည့်ကာ စိုးရိမ်နေကြပါသည်။ သို့ရာတွင် ၎င်းတို့အား ထိုတိုင်းပြည်မှနှင်မထုတ်ရန် ဥပဒေတားမြစ်ထားပါသည်။ ဣသရေလများထဲမှအတော်များများသည် တတ်ကျွမ်းနားလည်သောအလုပ်သမားများဖြစ်ကြရာ ၎င်းတို့သည် ထိုတိုင်းပြည်၏အကျိုးစီးပွားကိုအကြီးအကျယ်တိုးပွားစေခဲ့ကြပါသည်။ ဖါရောဘုရင်သည် ကြီးကျယ်ခမ်းနားသောနန်းတော်နှင့်ဗိမာန်များတည်ထောင်ရန်အတွက် ထိုအလုပ်သမားများကိုအလိုရှိခဲ့ပါသည်။ သို့ဖြစ်၍ ဘုရင်ကြီးသည် ထိုဣသရေလများအားတိုင်းပြည်မှမျှဝေသောစားနပ်ရိက္ခာများကိုရရှိရန် ကျွန်ခံနေသည့်အဲဂုတ္တုလူများနှင့်တစ်တန်းတစ်စားတည်းသတ်မှတ်လိုက်ပါသည်။ မကြာမီတွင် အအုပ်အချုပ်များကိုအုပ်စိုးစေကာ ကျွန်စနစ်ကိုလုံးလုံးကြီးဖြစ်မြောက်စေခဲ့ပါသည်။ "သူတို့ကြောင့် အဲဂုတ္တုလူတို့သည် စိတ်ညစ်၍အလွန်ကြမ်းတမ်းစွာညှဉ်းဆဲကြ၏။ သရွတ်နှင့်အုတ်လုပ်သောအမှု၊ လယ်လုပ်သောအမှုအမျိုးမျိုးနှင့်ခဲယဉ်းစွာစေခိုင်း၍ အလွန်ဆင်းရဲပင်ပန်းစေကြ၏။ စေခိုင်းလေရာရာ၌လည်းခဲယဉ်းစွာစေခိုင်းကြ၏။" သို့သော်လည်း နှိပ်စက်ခြင်းခံရလေလေ၊ ဣသရေလများသည် တိုးပွားလာလေလေဖြစ်ခဲ့ပါသည်။



ဖါရောဘုရင်နှင့်သူ၏အကြံပေးအရာရှိများက အလုပ်ကြမ်းကိုခိုင်းစေခြင်းအားဖြင့် ဣသရေလများသည် လူအရေအတွက်လျော့နည်းသွားကာမည်သူ့ကိုမျှအားမကိုးတတ်သော ၎င်းတို့၏စိတ်ဓါတ်ကို ချိုးနှိမ်နိုင်လိမ့်မည်ဟုမျှော်လင့်ခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာသည့်အတွက် ပို၍ရက်စက်သောနည်းတစ်နည်းကို ဆက်လက်အသုံးပြုလုပ်ဆောင်ခဲ့ပါသည်။ သို့နှင့်ဟေဗြဲအမျိုးသမီးများမှမွေးဖွားလာသည့်ယောကျ်ားကလေးများကိုသတ်ပစ်ကြရန် ဟေဗြဲဝမ်းဆွဲများအား ဘုရင်ကြီးကအမိန့်ပေးခဲ့ပါသည်။ ဤကိစ္စတွင် စာတန်သည် အဓိကလှုပ်ရှားသူတစ်ဦးဖြစ်ခဲ့ပါသည်။ ဣသရေလများအား အဲဂုတ္တုပြည်မှရွေးနုတ်မည့်သူတစ်ဦးသည်ထိုဣသရေလများထဲမှပေါက်ဖွားလာမည်ကို စာတန်သိရှိခဲ့သဖြင့် ကလေးငယ်များအားဖျက်ဆီးပစ်ရန် ဘုရင်ကြီးကိုသွေးဆောင်နိုင်ခြင်းအားဖြင့် ဘုရားသခင်၏အကြံအစည်တော်ကိုဖြိုခွင်းနိုင်လိမ့်မည်ဟု သူထင်ခဲ့ပါသည်။ သို့ရာတွင် ဟေဗြဲဝမ်းဆွဲများသည် ဘုရားသခင်ကိုကြောက်ရွံ့သူများဖြစ်ရကား ရက်စက်သောထိုအမိန့်တော်ကိုမလိုက်နာခဲ့ကြချေ။ ထိုကြောင့် ဘုရားသခင်သည် ၎င်းတို့ကိုစိတ်တော်နှင့်တွေ့တော်မူ၍ ကျေးဇူးပြုတော်မူခဲ့၏။ မိမိ၏အကြံအစည်အထမမြောက်ခဲ့သည့်အတွက် စိတ်ဆိုးနေသောဘုရင်ကြီးသည် အရေးပေါ်အမိန့်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ခဲ့ပါသည်။ "ဣသရေလအမျိုးသားတို့တွင် ဖွားမြင်သောသူငယ်ယောကျ်ားအပေါင်းတို့ကို မြစ်ထဲသို့ချပစ်စေ၊ မိန်းမမူကား အသက်ရှင်စေ" ဟူသောအမိန့်ကိုထုတ်ပြန်ကာ တစ်နိုင်ငံလုံးရှိပြည်သူများအား အကူအညီမဲ့ဒုက္ခသည်ကလေးများကိုရှာဖွေသုတ်သင်ကြရန်ဆင့်ခေါ်မိန့်မှာလေ၏။

ထိုကဲ့သို့အမိန့်တော်ထုတ်ပြန်ကာ ဟေဗြဲယောကျ်ားကလေးများကိုသုတ်သင်နေသောအချိန်တွင် လေဝိအမျိုးသားများထဲမှ ခရစ်ယာန်ဘာသာတရား

ရှိသော အာမရံနှင့်ယောခေဗက်တို့သည် သားယောကျ်ားကလေးတစ်ဦးကို ဖွားမြင်ခဲ့ပါသည်။ ထိုသားငယ်သည် အဆင်းလှသောသူတစ်ဦးဖြစ်သည်။ ဣသရေလများအားကယ်လွှတ်မည့်အချိန်သည် နီးကပ်လာပြီဖြစ်ကြောင်း၊ ဘုရားသခင်သည် ကိုယ်တော်၏လူမျိုးထဲမှရွေးနုတ်မည့်သူတစ်ဦးအား ပေါက်ဖွားစေလိမ့်မည်ဖြစ်ကြောင်းကို ယုံကြည်လျက် ထိုသားငယ်၏မိဘများသည် ကလေးငယ်အားမသတ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ဘုရားသခင်၏ယုံကြည်ခြင်းသည် ၎င်းတို့၏စိတ်နှလုံးအား အားရှိစေခဲ့သဖြင့် သူတို့သည် "ရှင်ဘုရင်၏အမိန့်ကိုမကြောက်ရွံ့ဘဲရှိခဲ့ကြ၏။"

မိခင်ကြီးသည် ထိုသားငယ်ကလေးကို သုံးလလုံးလုံးမရမကဝှက်ထားခဲ့ပါသည်။ ထိုနောက် ထိုသားငယ်ကိုလုံခြုံစိတ်ချစွာဝှက်ထားရန်မစွမ်းနိုင်ကြောင်းတွေ့ရှိလာသဖြင့် ဂမာကိုင်းပင်ဖြင့်ရက်သောပုခက်ကိုယူ၍ ရေညှိနှင့်သစ်စေးများဖြင့်ရေမဝင်နိုင်အောင် လူးထားပြီးလျှင် ပုခက်ထဲတွင် သူငယ်ကလေးကိုထည့်ကာ မြစ်ကမ်းနားရှိကိုင်းတောထဲတွင်ထားလေ၏။ ကလေးငယ်နှင့်တကွ မိမိ၏အသက်ကိုပါအန္တရာယ်ကျရောက်စေနိုင်သဖြင့် ထိုပုခက်ကို သူမစောင့်ကြည့်မနေရဲချေ။ သို့သော်အစ်မဖြစ်သူ မိရိအံသည် မိမိမောင်ကလေး၌ အဘယ်သို့ဖြစ်လာမည်ကိုသိခြင်းငှာ မယောင်မလည်လုပ်ကာ စောင့်ကြည့်ခဲ့ပါသည်။ ၎င်းပြင် ထိုနေရာတွင် အခြေအနေကိုစောင့်ကြည့်နေသည့်အခြားပုဂ္ဂိုလ်များလည်းရှိကြပါသည်။ မိခင်ကြီးသည် သားငယ်ကလေး၏ရှေ့ရေးကို ထာဝရဘုရားသခင်၏လက်တော်တွင်အပ်နှံခဲ့ပါသည်။ ထိုကြောင့် မျက်မြင်မရသောကောင်းကင်တမန်များသည် ထိုကလေးငယ်ရှိနေသည့်နေရာကို ဝဲပျံစောင့်ရှောက်နေကြပါသည်။ ၎င်းပြင် ထိုကောင်းကင်တမန်များသည် ဖါရောဘုရင်၏သမီးအား ထိုနေရာသို့ပို့ဆောင်ခဲ့ပါသည်။ ပုခက်ငယ်ကလေးကို တွေ့မြင်လိုက်ရသဖြင့် သူမသည်စပ်စုလိုစိတ်များပေါ်လာကာ သွားရောက်ကြည့်ရှုလိုက်ရာ အဆင်းလှသောကလေးငယ်တစ်ဦးကိုတွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အခြေအနေအရပ်ရပ်ကိုရိပ်မိသွားပါသည်။ ထိုကလေးငယ်၏မျက်နှာပေါ်မှမျက်ရည်စများသည် သူမ၏ကြင်နာသနားစိတ်နှင့် ကလေးငယ်



အားအသက်မသေရေးအတွက် ဤနည်းကိုအသုံးပြုခဲ့သော အမည်မသိသောကလေးမိခင်အား ကိုယ်ချင်းစာနာစိတ်များကိုနှိုးဆွပေးခဲ့ပါသည်။ ဤကလေးကိုကယ်ဆယ်ကာ မွေးစားရန်သူမဆုံးဖြတ်ချက်ချခဲ့ပါသည်။

မိရိအံသည် ဖြစ်ပျက်သမျှအလုံးစုံကို ဘာတစ်ခွန်းမျှမပြောဘဲနေခဲ့ရာ ထိုကလေးငယ်အား ယုယစွာဖြင့်ဂရုတစိုက်ပြုမူနေကြောင်းတွေ့မြင်ရသဖြင့် အရဲစွန့်ကာ အနီးသို့ကပ်လာပြီး "သူငယ်ကိုထိန်းရသောဟေဗြဲအထိန်းကိုကျွန်မသွား၍ခေါ်ရပါမည်လော" ဟုဖါရောဘုရင်၏သမီးတော်အားမေးလျှောက်ရာ မင်းသမီးက သွား၍ခေါ်လာခဲ့ရန်အခွင့်ပေးခဲ့လေ၏။

ထိုနောက် သူမသည် မိခင်ကြီးထံသို့အလျင်အမြန်ပြန်သွားခဲ့ပြီး အကျိုးအကြောင်းပြောပြကာ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဖါရောဘုရင်၏သမီးထံသို့ပြန်လာခဲ့ပါသည်။ ထိုအခါ ဖါရောဘုရင်၏သမီးတော်က "ဤသူငယ်ကိုယူသွား၍ ငါ့ဖို့ထိန်းလော့၊ အခကိုငါပေးမည်" ဟုဆို၏။

ဘုရားသခင်သည် ယောခေဗက်၏ဆုတောင်းသံကိုနားညောင်းခဲ့ပြီး သူမ၏ယုံကြည်ခြင်းကိုကျေးဇူးပြုတော်မူခဲ့ပါသည်။ ယခုတွင်မူ သူမသည် ဖါရောဘုရင်၏သမီးတော်ခိုင်းစေသည့် လုံခြုံ၍ပျော်ရွှင်စရာကောင်းသော ထိုအလုပ်တာဝန်ကိုအလွန်ကျေးဇူးတင်စွာဖြင့် စတင်လုပ်ဆောင်ခဲ့ပါသည်။ သူမသည် သားငယ်ကလေးအား ဘုရားသခင်၏အကြောင်းကိုကောင်းမွန်စွာသိရှိနားလည်ရန် သွန်သင်ပေးခြင်းဖြင့် ရရှိသည့်အခွင့်အရေးကိုအကျိုးရှိအောင်အသုံးချခဲ့ပါသည်။ ဤကလေးငယ်ကိုကြီးမြတ်သောအမှုတော်အချို့၌ပါဝင်လုပ်ဆောင်ရန်အတွက် အသက်ချမ်းသာရာရစေခဲ့သည်ဟု သူမသိရှိထားပါသည်။ ၎င်းပြင်မကြာမီတွင် ၎င်းအားဘုရင့်သမီးတော်ထံပြန်လည်ပေးအပ်ရတော့မည်ဖြစ်ကြောင်း၊ သူနေရမည့်ပတ်ဝန်းကျင်သည် သူ့အားဘုရားသခင်နှင့်ဝေးကွာစေမည့်ဆွဲဆောင်မှုများရှိနေကြောင်းများကိုလည်း သူမသိရှိထားပါသည်။ ထိုအကြောင်းများကြောင့် သူမသည် အခြားသားသမီးများထက် ထိုကလေးငယ်ကိုအထူးအလေးပေးကာ သွန်သင်ပဲ့ပြင်ခဲ့ပါသည်။ သူမ၏စိတ်တွင် ဘုရားသခင်ကိုကြောက်ရွံ့သောစိတ်၊ သမ္မာတရားနှင့်တရားမျှတမှုများကိုချစ်တတ်

သောစိတ်များနှင့်ပြည့်ဝစေအောင် သူမကြိုးစားခဲ့ပြီး မကောင်းသောဆွဲဆောင်မှု အဖြာဖြာမှလွတ်ကင်းစွာအသက်ရှင်ခွင့်ရရှိစေရန် သားငယ်ကလေးအတွက် မိခင်ကြီးကဆုတောင်းပေးခဲ့ပါသည်။ သူမသည် သူ့အားရုပ်တုကိုးကွယ်ခြင်း၏ မိုက်မဲမှုနှင့်မှားယွင်းမှုများအကြောင်းကိုဖေါ်ပြခဲ့ပြီး သူ၏ဆုတောင်းသံကို နားညောင်းကာ အရေးပေါ်လိုအပ်ချက်များကိုမစနိုင်သည့် တစ်ပါးတည်းသော ထာဝရဘုရားသခင်ထံတော်တွင် ဆုတောင်းရန်လည်း ငယ်ရွယ်စဉ်အခါမှစ၍ သွန်သင်ပေးခဲ့ပါသည်။

သူမသည် သားငယ်ကလေးအား အခွင့်ရသလောက် ထိန်းသိမ်းပြုစုခဲ့ပြီး အသက်တစ်ဆယ့်နှစ်နှစ်ခန့်ရှိလျှင် မင်းသမီးထံသို့ပြန်လည်ပေးအပ်ရပေတော့မည်။ အချိန်တန်သောအခါ သူ့အားနိမ့်ကျသောထိုအိမ်ကလေးမှ ခမ်းနားသောဘုရင့်နန်းတော်သို့ခေါ်ဆောင်သွားပြီး ဖါရောဘုရင်၏သမီးထံသို့ ပြန်လည်ပေးအပ်လိုက်ရာ သူသည် ထိုမင်းသမီး၏သားတော်တစ်ပါးဖြစ်လာခဲ့ပါသည်။ သူသည် ထိုနေရာတွင်ရောက်ရှိနေစေကာမူ ငယ်ရွယ်စဉ်အခါက ရရှိခဲ့သောသွန်သင်ချက်များကိုမမေ့လျော့ခဲ့ချေ။ မိခင်ကြီး၏နံဘေးတွင်ထိုင်ကာ လေ့လာခဲ့သောအရာများကို သူမမေ့နိုင်ခဲ့ချေ။ ထိုလေ့လာခဲ့သောအရာများသည် မာနထောင်လွှားခြင်းမှလည်းကောင်း၊ မယုံကြည်ခြင်းမှလည်းကောင်း၊ ခမ်းနားသောထိုနန်းတော်၌ ထွန်းကားနေသောဒုစရိုက်မှုများမှလည်းကောင်း ၎င်းအားကာကွယ်ခဲ့ပါသည်။

တစ်ကျွန်းတစ်နိုင်ငံသားဖြစ်ပြီး ကျွန်တစ်ဦးဖြစ်သော ထိုဟေဗြဲအမျိုးသမီးတစ်ဦးပြုခဲ့သောသွန်သင်ပဲ့ပြင်မှုများသည် အလွန်ထိရောက်လှစွတကား။ မောရှေ၏အနာဂတ်အသက်တာတစ်ခုလုံးနှင့်ဣသရေလခေါင်းဆောင်တစ်ဦးအဖြစ် သူလုပ်ဆောင်ခဲ့ရသောအမှုတော်လုပ်ငန်းကြီးက ခရစ်ယာန်မိခင်တစ်ဦး၏တာဝန်သည် အရေးကြီးကြောင်း သက်သေခံနေပါသည်။ မည်သည့်လုပ်ငန်းမျှ ထိုလုပ်ငန်းလောက်အရေးမကြီးပါချေ။ သားသမီးများ၏ကံကြမ္မာသည် မိခင်၏လက်ထဲတွင်ရှိနေပါသည်။ သူမသည် စိတ်ဓါတ်နှင့်စာရိတ္တများကိုဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်ရာတွင် လတ်တလောအသက်တာ





အတွက်သာမဟုတ်ဘဲ ထာဝရကာလအတွက်ပါလုပ်ဆောင်နေပါသည်။ သူမသည် ကောင်းသောအသီး (ဝါ) မကောင်းသောအသီးတည်းဟူသော အသီးတစ်ခုခုသီးလာမည့်သစ်ပင်တစ်ပင်ဖြစ်လာရန် မျိုးစေ့ကြဲနေပါသည်။ သူမသည် အဝတ်စအပေါ်မှာ လှပသောရုပ်ပုံတစ်ခုကိုပန်းချီဆွဲနေခြင်းမဟုတ်ပါ။ မာဘယ်ကျောက်မှလှပသောအရုပ်တစ်ခုကိုထွင်းယူနေခြင်းမဟုတ်ပါ။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်တည်းဟူသော လူသား၏အသက်ဝိညာဉ်အပေါ်တွင်ပုံသွင်းနေခြင်းဖြစ်ပါသည်။ အထူးသဖြင့်သားသမီးများ၏ငယ်ရွယ်စဉ်အချိန်များတွင် ၎င်းတို့၏အကျင့်စာရိတ္တတည်ဆောက်ခြင်းအမှုကို မိခင်များကဆောင်ရွက်ကြရပါသည်။ ထိုအချိန်တွင် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်နေသောစိတ်တွင် စွဲမြဲသွားစေခဲ့သောအရာများသည် တစ်သက်လုံးတည်ရှိသွားပေလိမ့်မည်။ သားသမီးများအား အဆုံးတိုင်အောင် ခရစ်ယာန်ကောင်းများအဖြစ်ရပ်တည်နိုင်ရန်အလို့ငှာ မိဘများသည် ၎င်းတို့အားနုပျိုငယ်ရွယ်စဉ်အချိန်မှစ၍ သွန်သင်လေ့ကျင့်သင့်ကြပါသည်။ ထိုကလေးငယ်များအား လောကရှင်ဘုရင်အရာဆက်ခံသူများဖြစ်လာရန်မဟုတ်ဘဲ ထာဝရကာလတွင် ဘုရားသခင်နှင့်အတူစိုးစံမည့်ဘုရင်များဖြစ်လာရန်၊ သင်ကြားလေ့ကျင့်ပေးရန် ကျွန်ုပ်တို့အား တာဝန်အပ်နှင်းထားပါသည်။

မိမိတို့၏အချိန်များသည် တန်ဖိုးမဖြတ်နိုင်ကြောင်း မိခင်တိုင်းသိရှိထားပါစေ။ ၎င်းတို့၏အလုပ်ကိုအမှုစစ်ဆေးမည့်နေ့ကြီးတွင် စစ်ဆေးတော်မူပါလိမ့်မည်။ ယောကျ်ား၊ မိန်းမအများစုတို့၏ကျဆုံးမှုများနှင့်ရာဇဝတ်မှုများသည် ကလေးဆန်သောခြေထောက်ကလေးများကို လမ်းမှန်သို့သွားရန်လမ်းပြရမည့်တာဝန်များရှိသောသူများ၏အသိဉာဏ်နည်းပါးမှုနှင့်တာဝန်ကျေပွန်အောင် မထမ်းဆောင်မှုများကြောင့်ဖြစ်ကြောင်း ထိုနေ့ကြီးတွင်တွေ့ကြရပါလိမ့်မည်။ ဤလောကကမ္ဘာအား ထူးကဲသည့်ဉာဏ်အလင်း၊ သမ္မာတရားအလင်းနှင့်သန့်ရှင်းခြင်းအလင်းများဖြင့် ကောင်းကျိုးပြုခဲ့သူများတို့သည် ၎င်းတို့၏ဩဇာသက်ရောက်မှုများနှင့်အောင်မြင်မှုများ၏ပင်မစမ်းရေဖြစ်သော ဆုတောင်းခြင်းအမှုကိုပြုသည့် မိခင်ကြီးချမှတ်သည့်စည်းမျဉ်းများကြောင့်ဖြစ်ကြောင်းကိုလည်း ထိုနေ့တွင်တွေ့ကြရပါလိမ့်မည်။

မောရှေသည် ဖါရောဘုရင့်နန်းတော်တွင် တိုင်းရေးပြည်ရာများ၊ စစ်မှုရေးရာများနှင့်ပတ်သက်သည့် အကောင်းဆုံးသင်တန်းများကိုတက်ရောက်သင်ကြားခဲ့ပါသည်။ မွေးစားမြေး၊ မောရှေအား မိမိ၏ထီးနန်းကိုဆက်ခံမည့်သူအဖြစ်သတ်မှတ်ထားပြီးဖြစ်ရာ အမြင့်ဆုံးပညာရပ်များကိုသင်ကြားပေးခဲ့ပါသည်။ "မောရှေသည်လည်း အဲဂုတ္တုအတတ်ပညာအလုံးစုံတို့ကိုသင်၍ နှုတ်သတ္တိ၊ လက်သတ္တိရှိ၏။" သူသည် စစ်ရေးစစ်ရာကိစ္စများတွင် ကျွမ်းကျင်ရာကား အဲဂုတ္တုတပ်မကြီး၏အချစ်တော်တစ်ဦးဖြစ်လာခဲ့ပါသည်။ သူသည်များသောအားဖြင့် ထူးခြားသည့်ဂုဏ်ရည်ရှိသူတစ်ဦးအဖြစ်မှတ်ယူခြင်းခံခဲ့ရပါသည်။ စာတန်သည် အကြံပျက်ခဲ့ရချေပြီ။ ဟေဗြဲကလေးငယ်များကိုသုတ်သင်သတ်ဖြတ်ရန် ချမှတ်ခဲ့သောအမိန့်ကို ဣသရေလလူများ၏အနာဂတ်ခေါင်းဆောင်အား လေ့ကျင့်ပညာသင်မည့်အခြေအနေသို့ရောက်ရှိသွားအောင် ဘုရားသခင်စီစဉ်တော်မူခဲ့ပါသည်။

၎င်းတို့အားကယ်နုတ်တော့မည့်အချိန်သည် နီးကပ်လျက်ရှိကြောင်းကိုလည်းကောင်း၊ ထိုလုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်ရန် ဘုရားသခင်ခန့်ထားမည့်သူမှာ မောရှေဖြစ်ကြောင်းကိုလည်းကောင်း ကောင်းကင်တမန်များက ဣသရေလလူအကြီးအကဲများအားသွန်သင်ပြောကြားခဲ့ပါသည်။ မိမိလူတို့အား ကျွန်ဘဝမှကယ်နုတ်ရန် ဘုရားသခင်သည် ၎င်းအားရွေးထားကြောင်းကို မောရှေအားလည်း ကောင်းကင်တမန်များကညွှန်ကြားခဲ့ပါသည်။ ၎င်းတို့၏လွတ်လပ်ရေးကိုအင်အားသုံး၍ တိုက်ခိုက်ရယူရမည့်အထင်နှင့် သူသည် အဲဂုတ္တုတပ်မကိုတိုက်ရန် ဟေဗြဲလူများကိုဦးဆောင်ရလိမ့်မည်ဟုမျှော်လင့်ခဲ့ပါသည်။ မိမိ၏ကျွေးမိခင်နှင့်ဖါရောဘုရင်တို့အားတွယ်တာနေမိလျှင် ဘုရားသခင်၏အလိုတော်ကိုလွတ်လွတ်လပ်လပ်မလုပ်ဆောင်နိုင်မည်စိုး၍ ၎င်းတို့ကိုမတွယ်တာမိအောင် မောရှေကြိုးစားခဲ့ပါသည်။

အဲဂုတ္တုပြည်၌ ဥပဒေစည်းမျဉ်းအရ ဖါရောဘုရင်၏ထီးနန်းကိုစိုးစံမည့်သူအပေါင်းတို့သည် ယဇ်ပုရောဟိတ်အဖွဲ့မှအဖွဲ့ဝင်ဖြစ်လာရပါမည်။ ထို့ကြောင့်မောရှေအား နိုင်ငံတော်ဘာသာ၏နက်နဲသောအရာများကို စတင်



သင်ကြားပေးရမည်ဖြစ်ပါသည်။ ဤအမှုကိုဆောင်ရွက်ရန် ယဇ်ပုရောဟိတ်များကိုတာဝန်ပေးထားပါသည်။ သို့ရာတွင် သူသည် စိတ်အားထက်သန်စွာမမောတမ်းမပန်းတမ်းကြိုးစားနေသောကျောင်းသားတစ်ဦးဖြစ်နေသဖြင့် ဘုရားသခင်များကိုကိုးကွယ်ခြင်းအမှုတွင် ပါဝင်လုပ်ဆောင်ရန် သူ့အားဆွဲဆောင်လို့မရခဲ့ပါချေ။ ထိုဘာသာရေးပွဲများတွင်မပါဝင်ခဲ့လျှင် ထီးနန်းဆက်ခံရလိမ့်မည်မဟုတ်ဟုလည်း ခြိမ်းခြောက်ခဲ့ကြပါသည်။ အကယ်၍ဟေဗြဲများ၏ယုံကြည်ခြင်းကို ဆက်လက်စွဲလမ်းနေမည်ဆိုလျှင် မွေးစားသားအဖြစ်မှသမီးတော်ကစွန့်လွှတ်လိမ့်မည်ဟူ၍လည်းသတိပေးခဲ့ကြပါသည်။ သို့သော်ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်ထာဝရဘုရားသခင်မှလွဲ၍ မည်သူ့ကိုမျှမကိုးကွယ်ပါဟူသောသူ၏ဆုံးဖြတ်ချက်သည် ယိမ်းယိုင်လှုပ်ရှားမှုမရှိခဲ့ပါချေ။ ခံစားချက်မရှိသောယုတ္တိမတန်သောအရာဝတ္ထုများကိုအယူသီးစွာဖြင့် ကြည်ညိုကိုးကွယ်နေသော ၎င်းတို့၏မိုက်မဲမှုကိုဖေါ်ပြလျက်မောရှေသည် ယဇ်ပုရောဟိတ်များနှင့်တကွ ထိုအရာများကိုကိုးကွယ်သူများအားဖျောင်းဖျပြောဆိုခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်း၏ဖွင့်ဆိုချက်ကိုမငြင်းဆိုနိုင်သဖြင့် သူ၏စိတ်သဘောထားကိုလည်း မပြောင်းလဲနိုင်ခဲ့ကြချေ။ ၎င်း၏ကြီးမားသောရာထူးနှင့်အဆင့်အတန်းကြောင့်လည်းကောင်း၊ ဘုရင်နှင့်တကွ ပြည်သူများက ၎င်းအားပေးထားသည့်မျက်နှာသာပေးမှုများကိုထောက်ထား၍လည်းကောင်း အခိုက်အတန့်အားဖြင့် မောရှေအားသည်းခံခွင့်လွှတ်ထားခဲ့ကြပါသည်။

"မောရှေသည် အသက်အရွယ်ကြီးသောအခါ အပြစ်ရှိသောကာမဂုဏ်ကိုခဏခံစားခြင်းထက် ဘုရားသခင်၏လူတို့နှင့်အတူ ညှဉ်းဆဲခံရခြင်းကိုသာ၍အလိုရှိသဖြင့်လည်းကောင်း၊ အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သောစည်းစိမ်ဖြစ်သည်ကိုစိတ်ထင်သဖြင့်လည်းကောင်း ယုံကြည်ခြင်းစိတ်ရှိ၍ ဖါရောဘုရင့်သမီး၏သားဟူ၍ခေါ်ဝေါ်ခြင်းအခွင့်ကိုပယ်၏။ အကြောင်းမူကား နောင်ရလတ္တံ့သောအကျိုးကိုထောက်စာမျှော်လင့်လျက်နေ၏။" မောရှေသည် လောကရှိနိုင်ငံခေါင်းဆောင်ကြီးများအလယ်တွင်

ထူးခြားပြောင်မြောက်သူတစ်ဦးအဖြစ်ခံယူရန်အတွက်သော်လည်းကောင်း၊ တန်ခိုးအာဏာနှင့်ပြည့်ဝသော ထိုနိုင်ငံ၏ဘုရင့်နန်းတော်တွင် ဘုန်းမီးနေလတောက်ပရန်အတွက်သော်လည်းကောင်း၊ ရာဇလှံတံတော်ကိုမြှောက်ကိုင်ဝှေ့ယမ်းရန်အတွက်သော်လည်းကောင်း သင့်တော်သူတစ်ဦးဖြစ်ပါသည်။ ကဗျာဆရာတစ်ဦးအနေဖြင့်လည်းကောင်း၊ အတွေးအခေါ်ပညာရှင်အနေဖြင့်လည်းကောင်း၊ စစ်ဗိုလ်ချုပ်ကြီးအနေဖြင့်လည်းကောင်း၊ ဥပဒေပြုသူတစ်ဦးအနေဖြင့်လည်းကောင်း ပြိုင်ဘက်ကင်းသူတစ်ဦးဖြစ်ပါသည်။ သို့ရာတွင် အပြစ်ရှိသောကာမဂုဏ်ကိုခံစားခြင်းထက် ဘုရားသခင်၏လူတို့နှင့်အတူညှဉ်းဆဲခံရခြင်းကိုရွေးချယ်လျက် မိမိ၏ရှေ့တော်တွင်ရှိသော လောကီစည်းစိမ်ဥစ္စာများနှင့် ကျော်စောကီတ္တိရှိမှုများကိုငြင်းပယ်ရန် သူ၌စိတ်တန်ခိုးရှိခဲ့ပါသည်။

နှိမ့်ချ၍ နားထောင်မှုရှိသောဘုရားသခင်၏ကျွန်များအားပေးသနားတော်မူမည့် နောက်ဆုံးသောဆုလာဘ်အကြောင်းကိုလည်းကောင်း၊ လောကီအကျိုးစီးပွားများသည် ဘာမျှတန်ဖိုးမရှိကြောင်းကိုလည်းကောင်း မောရှေသည် သင်ယူခဲ့ပြီးဖြစ်ပါသည်။ ဖါရောဘုရင်၏ခမ်းနားကြီးကျယ်လှသည့်နန်းတော်ကြီးနှင့်ဘုရင့်ပလ္လင်တော်တို့သည် မောရှေအားသွေးဆောင်ခဲ့ကြသော်လည်း လူသားများ၏စိတ်တွင် ဘုရားသခင်အားမေ့လျော့စေသည့်အပြစ်ရှိသောကာမဂုဏ်ခံစားမှုများသည် ခမ်းနားထည်ဝါသော ထိုနန်းတော်ကြီးထဲတွင်ရှိနေကြောင်း သူသိထားပါသည်။ သူသည် ခမ်းနားထည်ဝါသည့်ထိုနန်းတော်ကြီးနှင့်တကွ ရာဇသရဖူကိုကျော်၍ အပြစ်၏ညစ်ညမ်းမှုနှင့်ကင်းသော ကောင်းကင်နိုင်ငံတော်တွင် ထာဝရဘုရားသခင်၏သန့်ရှင်းသူများအား အပ်နှင်းမည့်မြင့်မြတ်သောဂုဏ်ပြုခြင်းများကိုမျှော်ကြည့်ခဲ့ပါသည်။ အောင်နိုင်သူများအား ဘုရားသခင်ဆောင်းပေးတော်မူမည့် မပျက်စီးနိုင်သည့်သရဖူတော်ကိုယုံကြည်ခြင်းအားဖြင့် သူမြင်တွေ့ခဲ့ပါသည်။ ဤယုံကြည်ခြင်းသည် သူ့အား လောကီခမ်းနားထည်ဝါမှုများကိုကျော်ခိုင်း၍ အပြစ်ပြုခြင်းအမှုထက် ဘုရားသခင်၏စကားတော်ကိုနားထောင်ခြင်းအမှုကိုရွေးချယ်ခဲ့ကြသောဆင်းရဲနှိမ့်ချပြီး အထင်အမြင်သေးခြင်းခံရသည့်လူများနှင့်ပူးပေါင်းရန်လမ်းပြခဲ့ပါသည်။



မောရှေသည် အသက်လေးဆယ်အရွယ်အထိ ထိုနန်းတော်၌နေထိုင်ခဲ့ပါသည်။ သူသည် မိမိလူမျိုးတို့ရင်ဆိုင်နေရသော ယုတ်ညံ့နိမ့်ကျသည့်အခြေအနေများအကြောင်းကို မကြာခဏစဉ်းစားမိခဲ့ပါသည်။ ၎င်းပြင် ကျွန်ခံနေရသောညီအစ်ကိုများထံသို့သွားရောက်လည်ပတ်ကာ ဘုရားသခင်သည် ကယ်နုတ်ခြင်းအမှုကိုသေချာပေါက်ပြုတော်မူမည်ဖြစ်ကြောင်း အားပေးခဲ့ပါသည်။ မကြာခဏဆိုသလို မတရားဖိနှိပ်ညှဉ်းပန်းသောမြင်ကွင်းများကြောင့် နာကြည်းစိတ်များပေါ်လာကာ လက်စားချေလိုစိတ်များပေါက်ဖွားခဲ့ပါသည်။ တစ်နေ့တွင် မိမိအမျိုးသားချင်းတို့ရှိရာသို့သွားစဉ် အဲဂုတ္တုလူတစ်ဦးသည် ဟေဗြဲလူတစ်ဦးအားရိုက်နေသည်ကိုမြင်လျှင် ထိုအဲဂုတ္တုလူထံသို့ပြေးသွားပြီးသတ်ပစ်လိုက်ပါသည်။ အနီးအနားတွင် ဣသရေလလူတစ်ဦးတည်းမှလွဲ၍ အဘယ်သူမျှမရှိကြောင်းကိုသိလျှင် ထိုအလောင်းကိုချက်ချင်းသဲထဲတွင်မြှုပ်လိုက်ပါသည်။ မိမိသည် အမျိုးသားချင်းတို့၏အရေးအတွက် လုပ်ဆောင်ပေးရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ထိုအချိန်တွင် မောရှေထုတ်ဖေါ်ခဲ့ပြီး အမျိုးသားချင်းများအနေဖြင့်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန် လုပ်ဆောင်သည်ကိုသူမြင်ရန်မျှော်လင့်ခဲ့ပါသည်။ "ဘုရားသခင်သည် ဤသူလက်ဖြင့်ငါတို့ကိုကယ်နုတ်တော်မူမည့်အရာကို ညီအစ်ကိုတို့သည်နားလည်လိမ့်မည်ဟုထင်မှတ်သော်လည်း ထိုသူတို့သည်နားမလည်ဘဲနေကြ၏။" သူတို့သည် လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ရန် အဆင်သင့်မရှိကြသေးချေ။ နောက်တစ်နေ့တွင် ဟေဗြဲလူနှစ်ယောက်တို့သည် အချင်းချင်းသတ်ပုတ်နေကြသည်တွင် တစ်ယောက်သောသူမှာ လွဲမှားစွာလုပ်ဆောင်နေကြောင်းကို မောရှေမြင်တွေ့ခဲ့ပါသည်။ ထိုကြောင့် ထိုမှားယွင်းနေသူအား မောရှေက ဆုံးမစကားပြောရာ ထိုသူက မောရှေ၏ကြားဝင်ဖျန်ဖြေမှုကိုလက်မခံဘဲ မောရှေကျူးလွန်ခဲ့သောရာဇဝတ်မှုကိုဖေါ်ပြလျက် "အဘယ်သူသည် သင့်ကိုငါတို့အပေါ်မှာအကဲအမှူးတရားသူကြီးအရာခန့်ထားသနည်း၊ အဲဂုတ္တုလူကိုသတ်သကဲ့သို့ ငါ့ကိုသတ်လိုသလော" ဟုချေပပြောဆိုခဲ့ပါသည်။

ထိုအကြောင်းသည် အဲဂုတ္တုလူများထံသို့လျင်မြန်စွာရောက်ရှိသွားပြီး အဖြစ်မှန်ထက်ချဲ့ပြောသောစကားများသည် ဖါရောဘုရင်၏နားသို့ မကြာမီ

တွင်ရောက်ရှိသွားခဲ့ပါသည်။ ဤလုပ်ရပ်သည် အလွန်မတန်မှလေးနက်သော အဓိပ္ပါယ်ရှိကြောင်း မောရှေသည် အဲဂုတ္တုလူများအားတိုက်ခိုက်ရန် မိမိအမျိုးသားချင်းတို့ကိုဦးဆောင်ကာ အာဏာသိမ်းပြီးနန်းလုရန်စီစဉ်နေကြောင်း၊ ၎င်းပြင်သူရှိနေလျှင် ဤတိုင်းပြည်တွင်လုံခြုံမှုမရှိနိုင်ကြောင်း စသည်စသည်ဖြင့် ပုံကြီးချဲ့၍ပြောဆိုကြတော့သည်။ ထိုကြောင့်ဖါရောဘုရင်သည် မောရှေအား သေဒဏ်ပေးရန် ချက်ချင်းဆုံးဖြတ်ချက်ချခဲ့ပါသည်။ သို့ရာတွင် ဤအန္တရာယ်ကျရောက်လာမည်ကိုသိရှိထားသောမောရှေသည် အာရေဗီးယားသို့ထွက်ပြေးလွတ်မြောက်သွားခဲ့ပါသည်။

ထာဝရဘုရားသခင်သည် သူလုပ်ဆောင်ရမည့်အရာများကို ညွှန်ပြတော်မူခဲ့ပါသည်။ မောရှေသည် ထာဝရဘုရားသခင်ကိုကိုးကွယ်သူ၊ မိဒျန်ယဇ်ပုရောဟိတ်ယေသရော၏အိမ်တွင်တည်းခိုခဲ့ပါသည်။ ထိုနောက် ယေသရော၏သမီးတစ်ဦးနှင့်အိမ်ထောင်ကျကာ ထိုအရပ်တွင်ယောက္ခမ၏သိုးဆိတ်များကိုထိန်းကျောင်းရင်း အနှစ်လေးဆယ်ခန့်နေထိုင်ခဲ့ပါသည်။

ရှေးဘိုးဘေးများသည် ဘုရားသခင်ကိုယ်တော်တိုင်လုပ်ဆောင်ပေးမည်ဟုကတိပြုထားသည့်အလုပ်များကို ဘုရားသခင်လုပ်ဆောင်ပေးမည့်အချိန်အထိမစောင့်ဆိုင်းတော့ဘဲ မိမိတို့ဖါသာလုပ်ဆောင်ခြင်းအားဖြင့် မကြာခဏအပြစ်ကျူးလွန်မိခဲ့ကြသကဲ့သို့ မောရှေသည်လည်း အဲဂုတ္တုအမျိုးသားတစ်ဦးကိုသတ်ခြင်းအမှုတွင် ထိုအပြစ်မျိုးကိုကျူးလွန်ခဲ့ပါသည်။ ကိုယ်တော်၏လူမျိုးအားကယ်နုတ်ရန် မောရှေထင်ထားသကဲ့သို့ အကြမ်းဖက်သောနည်းကိုသုံးရန်မဟုတ်ဘဲ မိမိ၏ကြီးမားသောတန်ခိုးတော်ကိုအသုံးပြုရန် ထာဝရဘုရားသခင်အလိုရှိတော်မူပါသည်။ သို့စေကာမူ အလျင်စလိုပြုခဲ့သောဤအပြုအမူကလေးကိုပင်လျှင် ကိုယ်တော်၏အကြံတော်ကိုပြီးမြောက်အောင်လုပ်ဆောင်ရန် ထာဝရဘုရားသခင်အသုံးပြုတော်မူခဲ့ပါသည်။ မောရှေသည် အရေးကြီးသောလုပ်ငန်းကြီးတစ်ခုကိုလုပ်ဆောင်ရန် အဆင်သင့်မဖြစ်သေးပါချေ။ လူ့အစွမ်း၊ လူ့ဉာဏ်ကိုအားမကိုးဘဲ ကိုယ်တော်၏ကတိတော်များပြည့်စုံရေးအတွက် ဘုရားသခင်၏တန်ခိုးကိုအားကိုးလာရန် အာဗြဟံနှင့်ယာကုပ်တို့အား သွန်သင်



ခဲ့သောယုံကြည်ခြင်းနှင့်ဆိုင်သောသင်ခန်းစာကို သူလေ့ကျင့်သင်ယူရန် လိုအပ်နေပါသည်။ လူသူကင်းဝေးသောထိုနေရာတွင် မောရှေသင်ကြားရယူရမည့် အခြားသင်ခန်းစာများလည်းရှိနေပါသေးသည်။ ကိုယ့်အလိုကိုငြင်းပယ်ခြင်းနှင့် ပင်ပန်းဆင်းရဲခြင်းကျောင်းတွင် သူသည်သည်းခံခြင်းတရားကိုလေ့ကျက်ရန် ဖြစ်ပါသည်။ လှုပ်ရှားသောစိတ်များကိုတည်ငြိမ်အောင်ထိန်းသိမ်းရန်ဖြစ်ပါသည်။ သူသည်အမြော်အမြင်ကြီးစွာဖြင့် မအုပ်ချုပ်တတ်သေးမီ နားထောင်မှုရှိသောအသက်ကိုရရှိဖို့ သင်တန်းတက်ရပါမည်။ ဣသရေလများအား ဘုရားသခင်၏အလိုတော်အကြောင်းကိုသင်ကြားနိုင်ခြင်းမရှိမီ သူ၏စိတ်နှလုံးသည် ဘုရားသခင်၏အလိုတော်နှင့်လုံးလုံးလျားလျားကိုက်ညီနေရပါမည်။ သူသည် မိမိ၏ကိုယ်တွေ့ဗဟုသုတအားဖြင့် မိမိ၏အကူအညီကိုလိုအပ်နေသောသူများအားဖခင်၏မေတ္တာမျိုးဖြင့်စောင့်ရှောက်နိုင်ရန်ပြင်ဆင်ရပါမည်။

လူတို့သည် ဤမျှအချိန်ကြာမြင့်စွာပင်ပန်းဆင်းရဲသောအလုပ်ကိုလုပ်ဆောင်ခြင်းအားဖြင့် အချိန်ဖြုန်းနေခြင်းဖြစ်သည်ဟုမှတ်ယူလျက် မလုပ်ဘဲစွန့်လွှတ်ခဲ့ကြလိမ့်မည်။ သို့ရာတွင်ထာဝရဉာဏ်တော်ရှင်သည် ဣသရေလလူများ၏ခေါင်းဆောင်ဖြစ်လာမည့်မောရှေအားခေါ်တော်မူ၍ နှစ်ပေါင်းလေးဆယ်လုံးလုံးနိမ့်ကျသောသိုးထိန်းအလုပ်ကို လုပ်ကိုင်စေခဲ့ပါသည်။ သူတစ်ပါးအားပြုစုစောင့်ရှောက်ခြင်းအကျင့်၊ သူတစ်ပါးကိုဦးစားပေးတတ်သည့်အကျင့်၊ မိမိသိုးစုအပေါ်စိုးရိမ်ကြောင့်ကြတတ်သောအကျင့်တို့သည် ၎င်းအားဣသရေလလူများအတွက် သနားခြင်းကရုဏာနှင့်ပြည့်ဝ၍ စိတ်ရှည်သောသိုးထိန်းကြီးတစ်ဦးဖြစ်လာရန် ပြင်ဆင်ပေးပါသည်။ လူသားများ၏သင်ကြားပို့ချမှုများနှင့်လူ့ယဉ်ကျေးမှုများက ပေးစွမ်းနိုင်သောမည့်သည့်အရာကမျှ ဤအတွေ့အကြုံအတွက် အစားထိုးရန်မဖြစ်နိုင်ပါချေ။

မောရှေသည် သင်ယူပြီးသောပညာများကိုပယ်ရှားနိုင်ရန် လေ့ကျက်သင်ယူလျက်ရှိပါသည်။ မိမိမွေးစားအမေ၏မေတ္တာ၊ ဘုရင်၏မြေးတည်းဟူသော မိမိ၏ရာထူးအဆင့်အတန်းအဘက်ဘက်တွင်အပျော်ကျူးခဲ့မှုများ၊ အလွန်အမင်းချီးမွမ်းမြှောက်ပင့်ခြင်းများ၊ မာယာပရိယာယ်များခြင်း၊ ဗိသုကာ

ပညာ၊ ပန်းပုပညာ၏ခမ်းနားကြီးကျယ်သောလက်ရာများတည်းဟူသော အဲဂုတ္တုပြည်တွင်နေစဉ်က ၎င်း၏ဝန်းကျင်တွင်ရှိခဲ့သောထိုအရာများသည် ဖွံ့ဖြိုးနေသော၎င်း၏စိတ်တွင် နက်ရှိုင်းစွာစွဲမြဲနေခဲ့ပြီး ၎င်း၏အကျင့်စရိုက်နှင့် စာရိတ္တများကိုထိုက်သင့်သောအတိုင်းအတာအထိပုံသွင်းပေးခဲ့ပါသည်။ အချိန်၊ ပတ်ဝန်းကျင်အပြောင်းအလဲနှင့်ဘုရားသခင်ကိုဆက်သွယ်မိတ်သဟာယဖွဲ့မှုများသည် ဤအစွဲအလမ်းများကိုပျောက်လွင့်သွားစေနိုင်ပါသည်။ အသက်နှင့်ယှဉ်၍ မောရှေအနေဖြင့် လုပ်ဆောင်ရမည့်ရုန်းကန်မှုတစ်ခုမှာ မှားယွင်းသောအရာကိုငြင်းဆို၍ အမှန်တရားကိုလက်ခံရန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုအမှန်နှင့်အမှားတိုက်လှန်မှုသည် လူ့အစွမ်းတန်ခိုးနှင့်မတတ်နိုင်လောက်အောင်ကြီးမားလာလျှင် ထာဝရဘုရားသခင်သည် သူ့အားမစကူညီတော်မူပါလိမ့်မည်။

ထာဝရဘုရားသခင်အတွက် အလုပ်တစ်ခုခုကိုပြီးမြောက်အောင်လုပ်ဆောင်ဖို့ရွေးချယ်ခြင်းခံရသောသူအပေါင်းတို့တွင် လူသားများ၏ထူးခြားသောလက္ခဏာကိုမြင်တွေ့ရပါသည်။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၌ရှိသောအခြေအနေနှင့်ကျေနပ်ရောင့်ရဲနေသောအကျင့်စရိုက်တစ်မျိုးတစ်စားတည်းရှိနေသူများမဟုတ်ကြပါချေ။ သူတို့သည် ဘုရားသခင်ထံမှဉာဏ်ပညာများကို အလွန်ရလိုစိတ်ရှိသူများ၊ ကိုယ်တော်အတွက်အမှုတော်ဆောင်ရန်အလွန်လေ့ကျက်လိုသူများဖြစ်ကြပါသည်။ “သင်တို့တွင် တစ်စုံတစ်ယောက်သည်ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကိုမပြုဘဲ ခပ်သိမ်းသောသူတို့အားစေတနာစိတ်နှင့်ပေးသနားတော်မူသောဘုရားသခင်ကိုတောင်းစေ” ဟုရှင်ပေတရုကဖွင့်ဟထားပါသည်။ သို့ရာတွင် သူတို့သည် အမှောင်ထဲမှာဆက်လက်နေထိုင်ရန်ကျေနပ်နေကြလျှင် ဘုရားသခင်သည် ထိုသူများ၌အလင်းတရားကိုပေးတော်မူလိမ့်မည်မဟုတ်ချေ။ ဘုရားသခင်ထံတော်မှအမအစကိုရရှိနိုင်ရန်အလို့ငှာ လူသည် မိမိ၏အားနည်းချက်နှင့်ချို့တဲ့မှုများကိုသိရှိထားရပါမည်။ မိမိအသက်တာတွင်ဖြစ်ပေါ်လာမည့်မဟာပြောင်းလဲမှုကြီးကိုအာရုံစိုက်နေရပါမည်။ နိုးနိုးကြားကြားဖြင့် စိတ်အားထက်သန်စွာမခြားမလပ်



ဆုတောင်းရပါမည်။ မှားယွင်းသောအကျင့်စရိုက်များမှလွတ်ကင်းအောင်နေရပါမည်။ ဤအမှားများကိုပြင်ခြင်းနှင့်မှန်ကန်သောစည်းမျဉ်းများအတိုင်းနေထိုင်ကျင့်ကြံခြင်းအမှုတို့ကို စိုက်လိုက်မတ်တတ်ကြိုးစားလုပ်ဆောင်ခြင်းအားဖြင့်သာ ဤအောင်မြင်မှုကိုရရှိနိုင်ပါသည်။ များစွာသောလူအပေါင်းတို့သည် ၎င်းတို့ရောက်ရှိသင့်သည့်အဆင့်သို့ မည်သည့်အခါမျှမရောက်ရှိခဲ့ကြချေ။ အကြောင်းမှာ မိမိတို့ကိုယ်တိုင်လုပ်ရန် ဘုရားသခင်ကအစွမ်းပေးထားပါလျက်နှင့်မလုပ်ဆောင်ဘဲ မိမိတို့အတွက်ဘုရားသခင်လုပ်ဆောင်ပေးမည့်အချိန်ကိုသာစောင့်ဆိုင်းနေကြခြင်းကြောင့်ဖြစ်ပါသည်။ လူအပေါင်းတို့သည် အသုံးဝင်အဖိုးတန်သောသူများဖြစ်လာရန် စိတ်ပိုင်းဆိုင်ရာနှင့်ကိုယ်ကျင့်တရားဆိုင်ရာအပြင်းထန်ဆုံးသောစည်းကမ်းဥပဒေများအောက်တွင် လေ့ကျင့်သင်ကြားကြရပါမည်။ ထိုအချိန်တွင် ထာဝရဘုရားသခင်သည် လူသားများ၏ကြိုးစားမှုကို ဘုရားသခင်၏တန်ခိုးတော်နှင့်ပေါင်းစပ်ပေးခြင်းအားဖြင့် ၎င်းတို့အားထောက်မကူညီတော်မူပါလိမ့်မည်။

မောရှေသည် တောင်တန်းကြီးများ၏အလယ်တွင် ဘုရားသခင်နှင့်နှစ်ဦးတည်းရှိနေခဲ့ပါသည်။ အဲဂုတ္တုပြည်၏ခမ်းနားသောဗိမာန်ကြီးများသည် ၎င်းတို့၏အယူသီးမှုများနှင့်လိမ်ညာမှုများကို မောရှေ၏စိတ်တွင်စွဲမှတ်နေရန်မစွမ်းဆောင်နိုင်တော့ပြီ။ ထာဝရတောင်တော်များ၏ကြီးကျယ်ခမ်းနားမှုများအလယ်တွင် ထာဝရဘုရားသခင်၏ကြီးမြတ်မှုများကို သူမြင်တွေ့ခဲ့ရပါသည်။ ၎င်းပြင် အဲဂုတ္တုဘုရားသခင်များ၏တန်ခိုးမရှိပုံနှင့် အရေးမပါပုံများကိုလည်းထင်ရှားကွဲပြားစွာသူမြင်တွေ့ခဲ့ရပါသည်။ အရာခပ်သိမ်းတို့၌ ဘုရားသခင်၏နာမတော်ကိုရေးသားထားပါသည်။ မိမိသည် ကိုယ်တော်ရှင်၏ရှေ့မှောက်တွင်ရပ်နေရသယောင်၊ ကိုယ်တော်၏တန်ခိုးတော်လွှမ်းမိုးမှုအောက်တွင်ရပ်နေရသယောင် မောရှေခံစားခဲ့ရပါသည်။ ဤနေရာတွင် သူ၌ရှိသောမာနထောင်လွှားမှုနှင့်ကိုယ်ကိုကိုယ်အထင်ကြီးသောစိတ်များသည် ပျောက်လွင့်ကုန်ခဲ့ပါသည်။ အလွန်ရိုးဖြောင့်သောတောတွင်းသားဘဝတွင် အဲဂုတ္တုပြည်၌ခံစားခဲ့ရသောသက်သောင့်သက်သာဖိမ်ခံသောအသက်တာ၏အကျိုးဆက်များ

သည် ကွယ်ပျောက်ကုန်ခဲ့ပါသည်။ မောရှေသည် သည်းခံခြင်း၊ ရိုသေကိုင်းရှိုင်းခြင်း၊ နှိမ့်ချခြင်းနှင့်ပြည့်စုံလာပြီး "မြေကြီးပေါ်မှာရှိနေသောသူအပေါင်းတို့ထက်သာ၍နူးညံ့သိမ်မွေ့သောသဘောရှိ၏။" သို့စေကာမူ ယာကုပ်၏ဘုရားသခင်အပေါ်ထားရှိသည့်မောရှေ၏ယုံကြည်ခြင်းသည် ပြင်းထန်ခိုင်မာလှပါသည်။

နှစ်လရာသီများသည် တရွေ့ရွေ့နှင့်ကုန်ဆုံးခဲ့ချေပြီ။ မောရှေသည် မိမိအမျိုးသားချင်းများခံစားနေရသည့်ဒုက္ခများကို စဉ်းစားသုံးသပ်ရင်း လူသူအရောက်အပေါက်နည်းလှသောထိုနေရာများတွင် မိမိသိုးစုနှင့်အတူလှည့်လည်သွားလာခဲ့ပါသည်။ မိမိ၏ဘိုးဘေးများအား ဘုရားသခင်ပြုတော်မူခဲ့သည့်အရာများကိုလည်းကောင်း၊ ရွေးချယ်ခြင်းခံရသောလူများအတွက် အမွေများအဖြစ်ပေးတော်မူခဲ့သောကတိတော်များကိုလည်းကောင်း၊ ဣသရေလများအတွက် မိမိပြုခဲ့သောဆုတောင်းချက်များသည် နေ့ညမပြတ်အထက်အရပ်သို့တက်လျက်ရှိကြောင်းကိုလည်းကောင်း သူသတိရအောက်မေ့မိခဲ့ပါသည်။ ကောင်းကင်တမန်များသည် သူ့ပတ်လည်တွင်အလင်းများကိုဖြာဝေစေခဲ့ပါသည်။ ဤနေရာများတွင် သူသည် သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်မှုအောက်တွင် ကမ္ဘာဦးကျမ်းကိုရေးသားခဲ့ပါသည်။ ကန္တာရအလယ်တွင် တစ်ကိုယ်တော်နေထိုင်ခဲ့သော ရှည်လျားသည့်နှစ်များသည် ၎င်းနှင့်၎င်း၏အမျိုးသားချင်းများအတွက်သာမက နောင်လာနောင်သားများအတွက်ပါကောင်းချီးမင်္ဂလာဖြစ်စေခဲ့ပါသည်။

"ကာလအတန်ကြာပြီးမှ အဲဂုတ္တုရှင်ဘုရင်အနိစ္စရောက်လေ၏။ ဣသရေလအမျိုးသားတို့လည်း အစေကျွန်ခံရသောကြောင့် ညည်းတွားငိုကြွေးကြ၏။ ထိုသို့အစေကျွန်ခံ၍ ငိုကြွေးသောအသံသည် ဘုရားသခင်ထံတော်သို့တက်ရောက်လေ၏။ သူတို့ညည်းတွားမြည်တမ်းခြင်းအသံကို ဘုရားသခင်ကြားတော်မူလျှင် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့်ပြုခဲ့ဖူးသောပဋိညာဉ်ကိုအောက်မေ့တော်မူ၏။ ဘုရားသခင်သည်လည်း ဣသရေလအမျိုးသားတို့ကိုကြည့်ရှု၍ သူတို့အမှုကိုဆင်ခြင်တော်မူ၏။" ဣသရေလများအား



ကယ်နုတ်ရမည့်အချိန်သည်ရောက်ရှိလာခဲ့ချေပြီ။ သို့ရာတွင် ဘုရားသခင်၏အကြံအစည်တော်ကိုပြီးမြောက်အောင်လုပ်ဆောင်ရာတွင် လူသားများ၏မာနကိုချိုးသည့်နည်းမျိုးဖြင့် လုပ်ဆောင်ရန်ဖြစ်ပါသည်။ ကယ်နုတ်မည့်ထိုပုဂ္ဂိုလ်သည် လက်ထဲတွင်လှံတံကလေးတစ်ချောင်းကိုကိုင်ကာ နှိမ့်ကျသောသိုးထိန်းတစ်ဦးအသွင်ဖြင့်ထွက်ခွာသွားရန်ဖြစ်သော်လည်း ထာဝရဘုရားသခင်သည် ထိုလှံတံကလေးကို တန်ခိုးတော်၏အထိမ်းအမှတ်ဖြစ်စေတော်မူပါလိမ့်မည်။ မောရှေသည် သိုးများကိုထိန်းကျောင်းရင်း ခေါရပ်အမည်ရှိသောဘုရားသခင်၏တောင်သို့ရောက်ရှိလာခဲ့ရာ မီးလောင်နေသော်လည်း မကျွမ်းသည့်ချုံပုတ်တစ်ခုကိုတွေ့လိုက်ရပါသည်။ အံ့သြစရာကောင်းသောထိုမြင်ကွင်းကိုကြည့်ရန် သူချဉ်းကပ်လာစဉ် "မောရှေ" ဟူ၍မိမိ၏အမည်ကိုခေါ်လိုက်သည့်အသံတစ်ခုကိုကြားလိုက်ရာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် "အကျွန်ုပ်ရှိပါ၏" ဟုမောရှေကဖြေလိုက်၏။ ထိုအခါ "သင်၏ခြေနင်းကိုချွတ်လော့၊ သင်နင်းသောအရပ်ကား သန့်ရှင်းသောမြေဖြစ်သည်ဟူ၍လည်းကောင်း၊ ငါသည် သင့်အဘ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏ဘုရားသခင်၊ ယာကုပ်၏ဘုရားသခင်ဖြစ်သည်ဟူ၍လည်းကောင်း" မရိုမသေပြု၍ ချဉ်းကပ်မလာရန် သူ့အားသတိပေးတော်မူခဲ့ပါသည်။ ထိုပုဂ္ဂိုလ်သည် ပဋိညာဉ်နှင့်ဆိုင်သောကောင်းကင်တမန်တစ်ပါးကဲ့သို့ သူ၏ဘိုးဘေးများအားအတိတ်အချိန်များက ကိုယ်ထင်ပြခဲ့သောကိုယ်တော်ရှင်ပင်ဖြစ်ပါသည်။ ထို့ကြောင့် "မောရှေသည် ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကိုဖုံးလျက်ရှိနေ၏။"

ဘုရားသခင့်ရှေ့မှောက်သို့ တိုးဝင်ချဉ်းကပ်လာသူတိုင်း၏ဟန်ပန်အမူအရာများတွင် နှိမ့်ချမှုနှင့်ရိုသေလေးစားမှုများသည် အထူးထင်ရှားသင့်ပါသည်။ ခရစ်တော်၏နာမတော်အားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ရှေ့တော်မှောက်သို့ယုံကြည်စိတ်ချစွာဖြင့် တိုးဝင်ချဉ်းကပ်ခွင့်ရရှိကြသော်လည်း ကိုယ်တော်အား မိမိနှင့်တန်းတူရည်တူပုဂ္ဂိုလ်တစ်ယောက်အဖြစ်သဘောထားကာ ရောင့်တက်ရဲတင်းသည့်သဘောမျိုးဖြင့် ချဉ်းကပ်ရမည်မဟုတ်ချေ။ ကြီးမြတ်တော်မူ၍ ထာဝရတန်ခိုးတော်နှင့်ပြည့်စုံကာ ချဉ်းကပ်ခြင်းငှာမစွမ်းနိုင်သော

အလင်းတော်တွင်စိုးစံတော်မူသော သန့်ရှင်းခြင်းအရှင်ဘုရားသခင်ကို မိမိတို့နှင့်တန်းတူရည်တူ (ဝါ) မိမိထက်နိမ့်ကျသောပုဂ္ဂိုလ်တစ်ဦးကိုပြောဆိုသကဲ့သို့ပြောဆိုနေကြသူများရှိကြပါသည်။ လောကီရှင်ဘုရင်များ၏ပရိသတ်ခန်းမထဲတွင် မလုပ်ဝံ့သောအရာများကို ဘုရားသခင်၏အိမ်တော်တွင် လုပ်ဆောင်သူများလည်းရှိပါသည်။ ကောင်းကင်သရပ်များကရိုသေချီးမွမ်းရသော၊ ကောင်းကင်တမန်များက မကြည့်ရဲသဖြင့် ရှေ့တော်မှောက်တွင် မျက်နှာကိုဖုံးထားရလောက်အောင် ကြီးမြတ်သည့်ဘုရားသခင်၏ရှေ့တော်တွင် မိမိတို့ရောက်ရှိနေကြောင်း ထိုသူများသတိရသင့်ပါသည်။ မိမိတို့နှင့်ကိုယ်တော်ရှင်အတူရှိနေကြောင်း အမှန်တကယ်သိရှိသူအပေါင်းသည် ကိုယ်တော်ရှင်၏ရှေ့တော်တွင်နှိမ့်ချစွာဖြင့် ဦးညွှတ်ကြလိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ရူပါရုံကိုတွေ့မြင်သောယာကုပ်ကဲ့သို့ "ဤအရပ်ကားအခြားမဟုတ်၊ ဘုရားသခင်၏ဘုံဗိမာန်ကောင်းကင်တံခါးဝဖြစ်သည်တကား" ဟု အော်ဟစ်ကြွေးကြော်ကြလိမ့်မည်။

မောရှေသည် ဘုရားသခင်ရှေ့တော်မှောက်တွင် ရိုသေကိုင်းညွှတ်စွာဖြင့်စောင့်ဆိုင်းနေစဉ် "ထာဝရဘုရားသခင်ကလည်း အဲဂုတ္တုပြည်၌ရှိသောငါ၏လူတို့ခံရသောညှဉ်းဆဲခြင်းကိုငါစေ့စေ့မြင်ခဲ့ပြီ၊ သူတို့ကိုစေခိုင်းသောသခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကိုလည်း ငါကြားခဲ့ပြီ၊ သူတို့နာကြည်းခြင်းဝေဒနာကိုငါသိ၏။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှကယ်နုတ်၍---နို့နှင့်ပျားရည်စီးတတ်သောပြည်သို့ပို့ဆောင်ခြင်းငှာငါဆင်းလာပြီ။---ထိုကြောင့်ယခုသွားလော့၊ သင်သည် ငါ၏ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှနုတ်ဆောင်မည်အကြောင်း သင့်ကို ဖါရောဘုရင်ထံသို့ငါစေလွှတ်မည်" ဟုမိန့်တော်မူ၏။

မောရှေသည် ကြားရသောအမိန့်တော်ကြောင့် ကြောက်ရွံ့အံ့သြသွားပြီး နောက်သို့ဆုတ်လိုက်ကာ "အကျွန်ုပ်သည် အဘယ်သို့သောသူဖြစ်၍ ဖါရောဘုရင်ထံသို့ဝင်သဖြင့် ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှနုတ်ဆောင်ရပါမည်နည်း" ဟုမေးလျှောက်လေ၏။ ထိုအခါဘုရားသခင်က



"အကယ်စင်စစ်ငါသည် သင့်ဘက်၌ရှိလိမ့်မည်၊ ငါသည်သင့်ကိုစေလွှတ်ခြင်းလက္ခဏာသက်သေဟူမူကား သင်သည် ထိုသူတို့ကိုအဲဂုတ္တုပြည်မှနုတ်ဆောင်ပြီးလျှင် ဤတောင်ပေါ်မှာ ဘုရားသခင်အားဝတ်ပြုရကြလိမ့်မည်" ဟုတုံ့ပြန်မိန့်မြွက်တော်မူ၏။

မောရှေသည် မိမိရင်ဆိုင်တွေ့ကြုံရမည့်အခက်အခဲများကိုလည်းကောင်း၊ မိမိအမျိုးသားချင်းများ၏ အရမ်းကာရောလုပ်တတ်မှုများ၊ အသိပညာကင်းမဲ့မှုများနှင့်မယုံကြည်မှုများကိုလည်းကောင်း ၎င်းတို့အထဲမှလူများစုသည် ဘုရားသခင်ကိုမသိကြတော့သလောက်ဖြစ်နေသည်ကိုလည်းကောင်း စဉ်းစားမိကာ "ကျွန်ုပ်သည် ဣသရေလအမျိုးသားတို့ရှိရာသို့ရောက်၍ သင်တို့ဘိုးဘေးများ၏ဘုရားသခင်သည် ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟု အကျွန်ုပ်ဆိုလျှင် သူတို့ကဘုရားသခင်၏နာမတော်ကား အဘယ်သို့နည်းဟု အကျွန်ုပ်ကိုပြန်၍မေးသောအခါ အဘယ်သို့ပြန်ပြောရပါမည်နည်းဟု ဘုရားသခင်အားမေးလျှောက်လေ၏။" ထိုအခါဘုရားသခင်က၊—

"ငါဖြစ်သည်အတိုင်းငါဖြစ်၏။" "ငါဖြစ်သည်ဟုအမည်ရှိသောသူသည် ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးတို့အားပြန်ပြောလော့" ဟုမောရှေအားမိန့်တော်မူ၏။

ဣသရေလလူအကြီးအကဲများနှင့်ဤကဲ့သို့ကျွန်ဘဝရောက်ရှိနေမှုကြောင့် ဝမ်းနည်းကြေကွဲနေကြသည့် အမြင့်မြတ်အဖြောင့်မတ်ဆုံးသောသူများကို ရှေးဦးစွာစုရုံးကာ ကယ်နုတ်ခြင်းဆိုင်ရာကတိတော်နှင့်ယှဉ်သော ဘုရားသခင်ထံမှလာသည့်သတင်းစကားကိုပြောကြားရန် မောရှေအား ဘုရားသခင်မိန့်ကြားတော်မူသည်။ ထိုနောက်မှ ထိုပုဂ္ဂိုလ်ကြီးများနှင့်အတူ ဖါရောဘုရင်ထံဝင်၍၊—

"ဟေဗြဲလူတို့၏ဘုရားသခင်ထာဝရဘုရားသခင်သည် အကျွန်ုပ်တို့နှင့်တွေ့တော်မူပြီ။ အကျွန်ုပ်တို့၏ဘုရားသခင်ထာဝရဘုရားသခင်အားယဇ်ပူဇော်ခြင်းငှာ တောသို့သုံးရက်ခရီးသွားရသောအခွင့်ကိုပေးတော်မူပါဟု လျှောက်ရမည်" ဟုဆက်လက်မိန့်ကြားတော်မူသည်။

ဖါရောဘုရင်သည် ဣသရေလများအားသွားခွင့်ပြုရန် ငြင်းဆန်လိမ့်မည်ဖြစ်ကြောင်း၊ သို့စေကာမူ စိတ်ဓါတ်ကျစရာမလိုကြောင်း၊ အကြောင်းမှာ ဘုရားသခင်သည် ဤနေရာတွင်အခွင့်ကောင်းယူကာ အဲဂုတ္တုလူများနှင့်တကွ ဣသရေလလူများရှေ့တွင် တန်ခိုးပြတော်မူမည်ဖြစ်ကြောင်းကို မောရှေအား ကြိုတင်သတိပေးတော်မူခဲ့ပါသည်။ "ငါသည်လည်း လက်ကိုဆန့်၍ အဲဂုတ္တုပြည်ထဲ၌ ငါပြုလတ္တံ့သောငါ၏အံ့ဖွယ်သောအမှုရှိသမျှတို့နှင့် ထိုပြည်ကို ဒဏ်ခတ်မည်။ ထိုနောက် အဲဂုတ္တုရှင်ဘုရင်သည် သင်တို့ကိုလွှတ်လိမ့်မည်" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။

ခရီးစဉ်အတွက်ပြုလုပ်ရန် အစီအစဉ်များနှင့်ပတ်သက်၍ မောရှေအားမိန့်တော်မူသည်ကား "သင်တို့သည် ထွက်သွားသောအခါ လက်ချည်းမသွားရကြ။ အကြောင်းမူကား၊ မိန်းမတိုင်းမိမိအိမ်နီးချင်း၊ မိမိအိမ်မှာတည်းသောသူ၌ ငွေတန်ဆာ၊ ရွှေတန်ဆာနှင့်အဝတ်တန်ဆာများကိုတောင်း၍ သင်တို့သားသမီးများကိုတန်ဆာဆင်ကြစေ" ဟူ၍ဖြစ်၏။ အဲဂုတ္တုလူများသည် ဣသရေလလူများအား ဝိသမလောဘတိုက်ကာ အနိုင်အထက်ခိုင်းစေပြီး ချမ်းသာကြွယ်ဝလာကြသည်ဖြစ်ရာ အိမ်အပြန်ခရီးကိုစတင်တော့မည့် ဣသရေလများသည် ၎င်းတို့၏ပင်ပန်းခကိုတောင်းခံခြင်းသည် တရားပါသည်။ ၎င်းတို့အနေဖြင့် သယ်ဆောင်သွားရန်လွယ်ကူသည့်တန်ဖိုးရှိလှသောပစ္စည်းများကိုသာတောင်းခံရန်ဖြစ်ပြီး ဘုရားသခင်သည်လည်း အဲဂုတ္တုလူများရှေ့တွင် ၎င်းတို့အားမျက်နှာသာပေးတော်မူပါလိမ့်မည်။ ထိုကျွန်များ၏တောင်းခံမှုများကို လိုက်လျောရန်အလို့ငှာ ၎င်းတို့အားကယ်နုတ်ရန်အတွက် ပြုတော်မူသောနိမိတ်လက္ခဏာများသည် အဲဂုတ္တုလူများအားကြောက်လန့်သွားစေပါလိမ့်မည်။

မောရှေသည် ကျော်လွှားခြင်းငှာမဖြစ်နိုင်သယောင်ဖြစ်နေသော မိမိရင်ဆိုင်ရမည့်အခက်အခဲများကိုမြင်တွေ့ထားပါသည်။ ဘုရားသခင်သည် ၎င်းအားစေလွှတ်တော်မူကြောင်း ၎င်းတို့အားမည်သို့သက်သေပြမည်နည်း။ ထိုကြောင့် "မောရှေက ထိုသူတို့သည် အကျွန်ုပ်ကိုမယုံ၊ အကျွန်ုပ်စကားကို နားမထောင်ဘဲနေ၍ ထာဝရဘုရားသခင်သည် သင့်အားထင်ရှားတော်မမူဟု



ဆိုကြပါလိမ့်မည်ဟု ပြန်လျှောက်လေ၏။" ထိုကြောင့်ယခုတွင် သက်သေအထောက်အထားတစ်ခုကိုပေးသည့်အနေဖြင့် သူကိုင်ထားသောလှံတံကို မြေကြီးပေါ်သို့ပစ်ချလိုက်ရန် မောရှေအားမိန့်တော်မူ၏။ မိန့်တော်မူသည့်အတိုင်း ပစ်ချသဖြင့် "လှံတံသည် မြွေဖြစ်၍ မောရှေသည် သူ့ရှေ့မှာပြေးလေ၏။" ထာဝရဘုရားသခင်က "သင့်လက်ကိုဆန့်၍ကိုင်ဖမ်းလော့ဟု မိန့်တော်မူသည့်အတိုင်း မောရှေသည်လက်ကိုဆန့်၍ ဖမ်းမိသဖြင့် သူ၏လက်၌လှံတံဖြစ်ပြန်လေ၏။" ထိုနောက်တစ်ဖန်ထာဝရဘုရားသခင်က "သင်၏လက်ကို သင်၏ရင်ခွင်သို့သွင်းလော့ဟုမိန့်တော်မူသည့်အတိုင်း လက်ကိုရင်ခွင်သို့သွင်း၍ထုတ်ပြန်သောအခါ လက်သည် မိုးပွင့်အဆင်းကဲ့သို့နူလေ၏။ တစ်ဖန်သင်၏လက်ကို သင့်ရင်ခွင်သို့သွင်းဦးလော့ဟုမိန့်တော်မူသည့်အတိုင်း တစ်ဖန်လက်ကိုရင်ခွင်သို့သွင်း၍ထုတ်ပြန်သောအခါ ပကတိအသားဖြစ်ပြန်လေ၏။" မိမိတို့၏အလယ်တွင် အဲဂုတ္တုဘုရင်ထက်တန်ခိုးကြီးသောသူတစ်ဦး ရှိနေကြောင်းကို ဖါရောဘုရင်ကဲ့သို့ ထိုဣသရေလများသည်လည်း သဘောပေါက်လာကြလိမ့်မည်ဖြစ်ကြောင်း ဤနိမိတ်လက္ခဏာများအားဖြင့် ထာဝရဘုရားသခင်သည် မောရှေအား အာမခံတော်မူခဲ့ပါသည်။

သို့ရာတွင်မောရှေသည် မိမိရှေ့တွင်ပြုခဲ့သောအံ့ဖွယ်ရာနိမိတ်လက္ခဏာများအကြောင်းကိုသာ ယခုတိုင်တွေးနေမိပါသည်။ သူသည် စိတ်အားငယ်စွာကြောက်လန့်စွာဖြင့် "အိုဘုရားသခင်၊ အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ။ အထက်ကလည်းမရှိပါ။ ကိုယ်တော်ကျွန်အားမိန့်တော်မူသောအခါ၌ပင်မရှိပါ။ နှုတ်လေးသောသူ၊ စကားနှေးနှေးပြောတတ်သောသူဖြစ်ပါ၏" ဟုဆင်ခြင်ပေး၍ လျှောက်ထားပြောဆိုလေ၏။ သူသည် အဲဂုတ္တုပြည်မှ ထွက်ခွာခဲ့သည်မှာ အချိန်ကြာညောင်းခဲ့ပြီဖြစ်သဖြင့် ထိုပြည်တွင်နေစဉ်ကလောက် ထိုဘာသာစကားကိုကောင်းမွန်စွာမပြောတတ်တော့ချေ။

"ထာဝရဘုရားသခင်ကလည်း လူ၏နှုတ်ကိုအဘယ်သူဖန်ဆင်းသနည်း။ စကားအသောသူ၊ နားပင်းသောသူ၊ မျက်စိမြင်သောသူ၊ မမြင်သောသူတို့ကို အဘယ်သူဖန်ဆင်းသနည်း။ ငါထာဝရဘုရားသခင်ဖန်ဆင်း

သည်မဟုတ်လော။ သို့ဖြစ်၍ယခုသွားလော့။ သင်၏နှုတ်၌ငါရှိ၍ သင်သည် အဘယ်သို့ပြောရမည်ကိုသွန်သင်မည်ဟုအာမခံချက်ပေး၍မိန့်တော်မူ၏။" သို့ရာတွင် မောရှေသည် ပို၍တတ်စွမ်းနိုင်သူတစ်ဦးအားရွေးချယ်ရန် အသနား ခံနေဆဲဖြစ်ပါသည်။ ဤဆင်ခြေများသည် ရှေးဦးပထမတွင် နှိမ့်ချမှုနှင့် ကိုယ့်ကိုကိုယ်စိတ်မချမှုများမှထွက်ပေါ်လာသောစကားများဖြစ်သော်လည်း ထိုအခက်အခဲများကိုဖယ်ရှားတော်မူကာ အောင်မြင်ခြင်းအခွင့်ကိုပေးမည်ဟူ၍ ထာဝရဘုရားသခင်ကတိပြုတော်မူပြီးနောက်တွင် ထိုအလုပ်သည် သူနှင့် မသင့်တော်ကြောင်းညည်းတွားကာ နောက်တွန့်နေခြင်းများသည် ထာဝရဘုရားသခင်ကိုယုံကြည်ကိုးစားမှုမရှိကြောင်းကိုဖော်ပြနေခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သူ့အားလုပ်ဆောင်ရန်ခေါ်တော်မူခဲ့သောမဟာစီမံကိန်းကြီး အတွက် အရည်အချင်းမီအောင်လုပ်ပေးနိုင်စွမ်းမရှိပါဟူ၍လည်းကောင်း၊ ကိုယ်တော်သည် လူအရွေးမှားနေပြီဟူ၍လည်းကောင်း ထိုအပြုအမူများက အဓိပ္ပါယ်သက်ရောက်စေပါသည်။

ထိုနောက် အဲဂုတ္တုဘာသာစကားကိုနေ့စဉ်အသုံးပြုနေသဖြင့် ထိုဘာသာစကားကိုကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်မည့်အစ်ကိုဖြစ်သူအာရုန် တစ်ယောက်လုံးရှိနေကြောင်း၊ သူသည်လည်း ၎င်းအားခရီးဦးကြိုပြုရန်လာနေပြီဖြစ်ကြောင်း မောရှေအားမိန့်တော်မူခဲ့ပါသည်။ ထိုနောက် အာမခံချက်အပြည့်အဝပါသောအမိန့်တော်တစ်ခုကိုမြွက်ဆိုသည်မှာ "သင်သည် သူနှင့် စကားပြော၍ သူပြောစရာစကားများကိုပေးရမည်။ သင်၏နှုတ်၌လည်းကောင်း၊ သူ၏နှုတ်၌လည်းကောင်း ငါရှိ၍ သင်တို့သည် အဘယ်သို့ပြုရမည်ကို သွန်သင်မည်။ သူသည်လည်း လူတို့ရှေ့မှာ သင်၏စကားပြန်လုပ်၍ သင်၏ နှုတ်ကိုယ်စားဖြစ်လိမ့်မည်။ သင်သည် နိမိတ်သက်သေတို့ကိုပြလတ္တံ့သော ဤလှံတံကိုလည်း သင်၏လက်၌ကိုင်ရမည်ဟုမိန့်တော်မူ၏။" ဆင်ခြေ တက်စရာအကြောင်းအချက်မရှိတော့ပြီဖြစ်သဖြင့် သူသည်ဆက်လက်၍ ငြင်းဆန်ခြင်းမပြုနိုင်တော့ချေ။

မောရှေသည် ဘုရားသခင်ပေးတော်မူသောအမိန့်တော်ကြောင့် မိမိ ကိုယ်ကိုယုံကြည်အားကိုးစရာမကောင်းကြောင်း၊ စကားပြောနေကြောင်း၊





ကြောက်လန့်တတ်ကြောင်းများကိုပြန်လည်တွေ့မြင်လာခဲ့ပါသည်။ ဘုရားသခင် ကိုယ်စား၊ ဣသရေလများထံသွားရောက်ပြောကြားရန် မိမိ၌အစွမ်းမရှိကြောင်း ကိုလည်း သိရှိလာခဲ့ပါသည်။ သို့ရာတွင် ထိုအလုပ်ကိုလုပ်ဆောင်ရန် တစ်ကြိမ် လက်ခံဖူးပြီဖြစ်သဖြင့် ဘုရားသခင်ကိုလုံးလုံးကိုးစားလျက် စိတ်ရောကိုယ်ပါစတင် လုပ်ဆောင်ခဲ့ပါသည်။ သူလုပ်ဆောင်ရမည့် အမှုတော်၏ကြီးမြတ်မှုသည် သူ၏စိတ်တန်ခိုးများကို အကောင်းဆုံးအခြေအနေသို့တိုင် တိုးတက်ဖြစ်ပေါ်စေခဲ့ ပါသည်။ ဘုရားသခင်သည် သူ၏နားထောင်မှုအပေါ်တွင် ကောင်းချီးပေး၍ သူ့အားစကားပြောကောင်းသူတစ်ဦး၊ မျှော်လင့်ချက်ရှိ၍ စိတ်တည်ငြိမ်သက်သူ တစ်ဦးဖြစ်စေခဲ့ပြီး လူသားများအား တာဝန်ပေးအပ်ခဲ့ဖူးသောအလုပ်များထဲတွင် အကြီးမားဆုံးသောအလုပ်ကြီးအတွက် အသင့်တော်ဆုံးသောလူတစ်ယောက် ဖြစ်စေခဲ့ပါသည်။ ဘုရားသခင်သည် ကိုယ်တော်အားလုံးလုံးကိုးစား၍ ကိုယ်တော်၏အမှုတော်ကိုရှုပ်ရှုပ်ချွံချွံလုပ်ဆောင်ကြမည့်သူများ၏စာရိတ္တများကို တိုးတက်ကောင်းမွန်စေကြောင်း ဤအဖြစ်အပျက်သည် ပုံသက်သေတစ်ခုဖြစ် ပါသည်။

လူတစ်ဦးသည် ဘုရားသခင်ပေးတာဝန်များကိုလက်ခံကာ ထိုတာဝန် များကိုမှန်ကန်စွာလုပ်ဆောင်နိုင်ဖို့ အရည်အချင်းနှင့်ပြည့်ဝသောသူတစ်ဦး ဖြစ်လာအောင် စိတ်ရောကိုယ်ပါကြိုးစားသည်နှင့်အမျှ ထိုသူသည် တန်ခိုး အစွမ်းများနှင့်အရည်အချင်းများကိုရရှိလာလိမ့်မည်။ ဘုရားသခင်၏အမှုတော် ကိုသစ္စာစောင့်သိစွာဖြင့် ဘုရားသခင်၏တန်ခိုးတော်ကိုအားကိုးလျက် လုပ်ဆောင်ရန်ကြိုးစားသူတစ်ဦးသည် ရာထူးမည်မျှပင်ငယ်သည်ဖြစ်စေ၊ အစွမ်းအစမည်မျှပင်နည်းသည်ဖြစ်စေ စစ်မှန်သောကြီးမြတ်မှုများကိုရရှိလာ ပါလိမ့်မည်။ မောရှေသည် မိမိအစွမ်း၊ မိမိဉာဏ်ကိုအမှီပြု၍ ထိုတာဝန်ကြီး ကိုလက်ခံခဲ့လျှင် မိမိသည် ထိုကဲ့သို့သောလုပ်ငန်းကြီးတစ်ခုအတွက် လုံးလုံးကြီး မသင့်တော်ကြောင်းကို သူသိလာခဲ့လိမ့်မည်။ လူတစ်ဦးသည် မိမိ၏ အားနည်းချက်ကိုသိရှိခြင်းသည် မိမိအားခန့်အပ်သောလုပ်ငန်း၏ကြီးကျယ် ခမ်းနားမှုကိုသဘောပေါက်ကြောင်း ဘုရားသခင်အား မိမိ၏အကြံပေးပုဂ္ဂိုလ်၊

မိမိ၏ခွန်အားအဖြစ်အသိအမှတ်ပြုကြောင်း ထင်ရှားသောအထောက်အထားဖြစ်ပါသည်။

မောရှေသည် မိမိ၏ယောက္ခမထံသို့ပြန်လာကာ အဲဂုတ္တုပြည်၌ရှိသောအမျိုးသားချင်းတို့ထံသို့သွားရောက်လည်ပတ်လိုကြောင်းပြောပြရာ ယောသရောက "ငြိမ်ဝပ်စွာသွားလော့" ဟုကောင်းချီးပေး၍ပြောဆို၏။ ထိုကြောင့် သူသည် ဇနီးနှင့်သားသမီးများကိုခေါ်ကာ အဲဂုတ္တုပြည်သို့ခရီးနှင်ခဲ့ပါသည်။ ယောက္ခမများက မိမိ၏ဇနီးနှင့်သားသမီးများကို မိမိနှင့်မထည့်လိုက်မှာစိုးသဖြင့် အဲဂုတ္တုပြည်သို့မိမိသွားရခြင်း၏ရည်ရွယ်ချက်ကိုအသိမပေးရဲခဲ့ချေ။ သို့ရာတွင် အဲဂုတ္တုပြည်သို့မရောက်မီတွင် မိမိ၏မိသားစုအား မိဒျန်သို့ပို့ထားလျှင် ၎င်းတို့၏လုံခြုံရေးအတွက် အကောင်းဆုံးဖြစ်လိမ့်မည်ဟု မောရှေဆုံးဖြတ်ခဲ့ပါသည်။

လွန်ခဲ့သောအနှစ်လေးဆယ်အချိန်က မိမိအပေါ်ဒေါသအမျက်ခြောင်းခြောင်းထွက်ခဲ့သောဖါရောဘုရင်နှင့်အဲဂုတ္တုလူတို့၏ကြောက်လန့်ဖွယ်လုပ်ဆောင်မှုသည် အဲဂုတ္တုပြည်သို့ပြန်ရန် မောရှေအား ယခုတိုင်တုံ့ဆိုင်းစေခဲ့ပါသည်။ သို့ရာတွင်သူသည် ကိုယ်တော်၏အမိန့်တော်အတိုင်းလုပ်ဆောင်ရန်ထွက်ခွာလာပြီးသည့်နောက်ပိုင်းတွင် သူ့အားရန်ပြုနေသူများသည် သေကုန်ကြပြီဖြစ်ကြောင်း မောရှေအား ဘုရားသခင်မိန့်တော်မူခဲ့၏။

သူသည် မိဒျန်မှခရီးထွက်လာစဉ် လမ်းခရီးတွင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့ကြောင်းဖေါ်ပြသည့်စိုးရွံ့ကြောက်လန့်ဖွယ်သတိပေးချက်တစ်ခုနှင့်ရင်ဆိုင်ခဲ့ရပါသည်။ ကောင်းကင်တမန်တစ်ပါးသည် သူ့ကိုချက်ချင်းသတ်ပစ်တော့မည့်ပုံမျိုးဖြင့် သူ့ရှေ့တွင်ထင်ရှားလာခဲ့ပါသည်။ ထိုကောင်းကင်တမန်က မည်သည့်စကားတစ်လုံးကိုမျှမပြောခဲ့သော်လည်း မောရှေသည်အဖြစ်မှန်ကိုသတိရမိခဲ့ပါသည်။ ဇနီးသည်၏အလိုကိုလိုက်ကာသားငယ်အားအရေဖျားမလှီးခဲ့မိသည့်ချို့ယွင်းချက်အားဖြင့် ဘုရားသခင်မိန့်မှာချက်တစ်ခုကို မိမိပျက်ကွက်ခဲ့ကြောင်း သူသတိရလာခဲ့ပါသည်။ ဣသရေလများနှင့်ဘုရားသခင်ပြုခဲ့သောပဋိညာဉ်တော်ဆိုင်ရာကောင်းချီးမင်္ဂလာကို



မိမိ၏သားငယ်အားခံစားခွင့်ရရှိစေသည့် ထိုကိစ္စကိုလိုက်လျှောက်ရန်သူပျက်ကွက်ခဲ့ပါသည်။ ရွေးချယ်ခြင်းခံထားရသောခေါင်းဆောင်တစ်ဦးဘက်မှဤကဲ့သို့လျစ်လျူရှုမှုသည် ထိုလူမျိုးအပေါ်မိန့်မှာသည့်ဘုရားသခင်၏ပညတ်ချက်များကို အားမနည်းဘဲနေနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ဇိပေါရသည် မိမိလင်သေဆုံးမည်စိုးသဖြင့် သားငယ်၏အရေဖျားလှီးခြင်းမင်္ဂလာကိုကိုယ်တိုင်လုပ်ဆောင်လိုက်ပြီးမှ မောရှေသည် ဆက်လက်၍ခရီးသွားခွင့်ရခဲ့ပါသည်။ ဖါရောဘုရင်ထံသို့သွားရောက်လုပ်ဆောင်ရမည့်အမှုတော်ကြီးတွင်မောရှေလုပ်ဆောင်ရမည့်အခန်းကဏ္ဍသည် အန္တရာယ်များလှပါသည်။ သန့်ရှင်းသောကောင်းကင်တမန်၏ကာကွယ်စောင့်ရှောက်မှုအားဖြင့်သာဆက်လက်၍သူအသက်ရှင်နိုင်လိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ပေးအပ်ထားသောတာဝန်တစ်ခုကို သိလျက်နှင့်လျစ်လျူရှုခဲ့ပါလျှင် သူဒုက္ခရောက်သွားနိုင်ပါသည်။ အကြောင်းမူကား ထိုသို့လျစ်လျူရှုထားလျှင် ဘုရားသခင်၏ကောင်းကင်တမန်များသည် သူ့အားကာကွယ်ခြင်းငှာ မစွမ်းနိုင်တော့ခြင်းကြောင့်တည်း။

ခရစ်တော်မကြွလာမီကလေးတွင်ဖြစ်ပွားမည့်ဒုက္ခဆင်းရဲခြင်းကာလတွင် ဖြောင့်မတ်သောသူများသည် သန့်ရှင်းသောကောင်းကင်တမန်များ၏မစမှုကြောင့် အသက်မသေကြသော်လည်း ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးသူများအတွက်မှာမူ လုံခြုံမှုလုံးဝရှိလိမ့်မည်မဟုတ်ချေ။ ထိုအချိန်တွင်ကောင်းကင်တမန်များသည် ဘုရားသခင်၏ပညတ်တော်များကိုဂရုမပြုသောသူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ကြမည်မဟုတ်ချေ။

* * *

## (၂၃)
## အဲဂုတ္တုပြည်ပေါ်သို့ကျရောက်သည့် ဘေးဒဏ်ကြီးများ

အာရုန်သည် အချိန်ကြာမြင့်စွာကတည်းက ကွဲကွာနေခဲ့ရသော ညီငယ်အားခရီးဦးကြိုပြုရန် ကောင်းကင်တမန်၏လမ်းညွှန်ချက်အရ ထွက်ခွာသွားရာ ဟောရပ်တောင်အနီးရှိတောတစ်ခုထဲတွင် နှစ်ဦးသားတွေ့ဆုံခဲ့ကြပါသည်။ ဤနေရာတွင် တစ်ဦးနှင့်တစ်ဦးရင်းနှီးစွာနှုတ်ဆက်ပြောဆိုကြပြီးနောက် “မောရှေသည် မိမိကိုစေလွှတ်တော်မူသောထာဝရဘုရားသခင်၏စကားတော်အလုံးစုံတို့ကိုလည်းကောင်း၊ မှာထားတော်မူသမျှသောနိမိတ်သက်သေတို့ကိုလည်းကောင်း အာရုန်အားကြားပြောလေ၏။ ထိုနောက် ထိုညီအစ်ကိုနှစ်ယောက်တို့သည် အဲဂုတ္တုပြည်သို့ခရီးဆက်ကြရာ ဂေါရှင်အရပ်သို့ရောက်သောအခါ ဣသရေလအမျိုးသားအသက်ကြီးသူများကိုစုရုံးစေ၏။ ထိုနောက် မောရှေအား ထာဝရဘုရားသခင်မိန့်တော်မူသမျှအလုံးစုံတို့ကို ၎င်းတို့အား အာရုန်ပြောပြပြီး မောရှေအား ထာဝရဘုရားသခင်ပေးတော်မူသမျှသော နိမိတ်လက္ခဏာများကို ၎င်းတို့ရှေ့မှာပြလေ၏။” ထိုလူများတို့သည် ယုံကြ၏။ ထာဝရဘုရားသခင်သည် ဣသရေလအမျိုးသားတို့ကို အကြည့်အရှုကြွတော်မူသည်ကိုလည်းကောင်း၊ သူတို့ခံရသောဆင်းရဲခြင်းကိုမှတ်တော်မူသည်ကိုလည်းကောင်း ကြားသောအခါ ဦးညွှတ်ချ၍ကိုးကွယ်ကြ၏။

ဖါရောဘုရင်ထံသို့ဝင်၍ သတင်းပေးရန်လည်း မောရှေအား တာဝန်အပ်နှင်းထားတော်မူပါသည်။ ထို့ကြောင့် ထိုညီအစ်ကိုနှစ်ဦးသည် ထာဝရဘုရားသခင်၏သံတမန်များအဖြစ် ဖါရောဘုရင်ထံသို့ဝင်ကြပြီး “ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားသခင်က ငါ၏လူတို့သည် တော၌ငါ့အဖို့ပွဲခံစေခြင်းငှာ လွှတ်ရမည်ဟုမိန့်တော်မူကြောင်း” ကိုကိုယ်တော်၏နာမတော်အားအမှီပြု၍ လျှောက်ထားကြ၏။

ထိုအခါဖါရောဘုရင်က “ထာဝရဘုရားသခင်၏စကားကိုနားထောင်၍ ဣသရေလအမျိုးသားတို့ကို ငါလွှတ်စေခြင်းငှာ ထိုဘုရားသခင်ကားအဘယ်သူ



နည်း။ ထာဝရဘုရားသခင်ကိုငါမသိ။ ဣသရေလအမျိုးသားတို့ကိုငါမလွှတ်” ဟုဆိုလေ၏။

“သူတို့ကလည်း ဟေဗြဲလူတို့၏ဘုရားသခင်သည် ကျွန်တော်တို့နှင့်တွေ့တော်မူပြီ။ တောသို့သုံးရက်ခရီးသွား၍ ကျွန်တော်တို့ဘုရားသခင်ထာဝရဘုရားသခင်အား ယဇ်ပူဇော်ရသောအခွင့်ကိုပေးတော်မူပါ။ သို့မဟုတ်လျှင် ကာလနာဘေး၊ ဓါးဘေးတစ်စုံတစ်ခုဖြင့် ကျွန်တော်တို့ကိုဒဏ်ခတ်တော်မူလိမ့်မည်” ဟုလျှောက်ဆို၏။

ထိုညီအစ်ကိုရောက်ရှိလာသည့်သတင်းနှင့် ဣသရေလများအကြား ၎င်းတို့ပြုခဲ့သောစိတ်လှုပ်ရှားစရာသတင်းများကို ဘုရင်ကြီးကကြားသိထားခဲ့ပြီးဖြစ်ရာ ၎င်းတို့ရောက်မလာမီကပင် စိတ်ဆိုးနေခဲ့ပါသည်။ ထို့ကြောင့် “အဲဂုတ္တုရှင်ဘုရင်က မောရှေနှင့်အာရုန်၊ သင်တို့သည် ဤလူများတို့ကို အဘယ်ကြောင့်အလုပ်ပြတ်စေသနည်း။ အမှုတော်ကိုသွား၍ဆောင်ရွက်ကြဟုမိန့်တော်မူ၏။ ဤသူများရှုပ်သည့်အတွက် ၎င်း၌ဆုံးရှုံးမှုများရှိခဲ့ချေပြီ။” ဖါရောသည် ထိုအကြောင်းကိုစဉ်းစားမိကာ “ပြည်တော်၌ထိုလူတို့သည် ယခုများကြ၏။ အမှုမထမ်းစေခြင်းငှာ သင်တို့သည်အခွင့်ပေးကြသည်တကား” ဟုပြောလေ၏။

ကျွန်ခံနေရစဉ်အချိန်အတောအတွင်း၌ ဣသရေလများသည် ဘုရားသခင်၏ပညတ်တော်များကိုမေ့လျော့သွားကြကာ ပညတ်တော်၏တောင်းဆိုချက်များကိုမလုပ်ဆောင်ခဲ့ကြချေ။ ဥပုသ်နေ့ကိုများသောအားဖြင့် အလေးမထားကြတော့ဘဲ အလုပ်ကြပ်များ၏လောဘလွန်ကဲမှုများကြောင့် ဥပုသ်စောင့်ရန်လုံးဝမဖြစ်နိုင်သည့်အခြေသို့ရောက်ရှိသွားခဲ့ပါသည်။ သို့ရာတွင် ကယ်နုတ်ခြင်းခံရဖို့ ပထမဦးဆုံးလုပ်ဆောင်ရမည့်အရာမှာ ဘုရားသခင်၏စကားကိုနားထောင်ခြင်းဖြစ်ကြောင်း မောရှေက သူ၏အမျိုးသားချင်းတို့အား ပြောပြခဲ့ပါသည်။ ဥပုသ်နေ့တည်ဆောက်ခြင်းကိုပြန်လည်ကျင့်သုံးလာရန်လုပ်ဆောင်မှုကို အဲဂုတ္တုလူများက သတိပြုမိလာခဲ့ပါသည်။

အထူးစိတ်လှုပ်ရှားနေသောဘုရင်ကြီးသည် ဣသရေလအနေဖြင့် မိမိအားပုန်ကန်ခြားနားမည်ကိုစိုးရိမ်မှုရှိနေပါသည်။ ဘုရင်အား ရန်မူထကြွ

ခြင်းများသည် အလုပ်အားနေခြင်းကြောင့်ဖြစ်ပေါ်လာသောရလဒ်ဖြစ်သည်။ ထိုကြောင့် ၎င်းတို့အား ပူးပေါင်းကြံစည်ခွင့်မရနိုင်အောင် အချိန်ပိုမပေးဖို့ လိုမည်ဟုသဘောပေါက်ထားပါသည်။ သို့ဖြင့် ၎င်းတို့အားပိုမိုတင်းကျပ်စွာ ခိုင်းစေရန်နှင့် ၎င်းတို့၏လွတ်လပ်စွာနေလိုသည့်စိတ်ဓါတ်များကိုချေဖျက်ပစ်ရန် ဖါရောဘုရင်သည် ချက်ချင်းအစီအစဉ်ရေးဆွဲခဲ့ပါသည်။ ထိုနေ့မှာပင် ပို၍ ရက်စက်ပြင်းထန်သောအလုပ်များကိုလုပ်စေသည့်အမိန့်ပြန်တမ်းများကိုထုတ်ပြန်ခဲ့ပါသည်။ ထိုတိုင်းပြည်ရှိအဆောက်အအုံအများစုကို နေလှန်းအုတ်များဖြင့် တည်ဆောက်ကြပါသည်။ နံရံကိုမူ ထိုနေလှန်းအုတ်များဖြင့်တည်ဆောက်ပြီး နံရံမျက်နှာပြင်များကိုကျောက်များဖြင့်အုပ်ထားပါသည်။ အုတ်လုပ်ငန်းကို အလုပ်သမားများစွာလုပ်ဆောင်ရပါသည်။ အုတ်ချပ်သည် ခိုင်ခံ့စေရန် ရွှံ့စေးကိုဖြတ်ထားသောကောက်ရိုးနှင့်ရော၍နယ်ရသည်ဖြစ်ရာ ထိုလုပ်ငန်းအတွက် ကောက်ရိုးများစွာလိုအပ်ပါသည်။ ယခုတွင်မူ ဖါရောဘုရင်သည် အုတ်လုပ်ရန် ကောက်ရိုးကို ယခင်ကကဲ့သို့မပေးတော့ရန်ညွှန်ကြားကာ လိုအပ်သောကောက်ရိုးများကို ကိုယ်တိုင်ရှာဖွေစေပြီး ပေးသွင်းရမည့်အုတ်အရေအတွက်ကိုမူ ယခင်ကအတိုင်းပေးသွင်းရန်အမိန့်တော်ထုတ်ပြန်လေ၏။

ဤအမိန့်ကြောင့် အဲဂုတ္တုပြည်အနှံ့ရှိ ဣသရေလများသည် အထူးစိတ်အားလျော့ခဲ့ကြပါသည်။ အဲဂုတ္တုလူမျိုးအလုပ်ကြပ်များသည် ဣသရေလများလုပ်ဆောင်သည့်အုတ်လုပ်ငန်းကိုကြီးကြပ်ကြည့်ရှုရန် ဟေဗြဲအရာရှိများအား ခန့်အပ်ခဲ့ကြပါသည်။ ထိုအရာရှိများသည် မိမိတို့၏လက်အောက်တွင် ထမ်းဆောင်နေကြသောအလုပ်များအတွက် တာဝန်ယူကြရပါသည်။ ဘုရင်ကြီး၏အမိန့်ကြောင့် ဣသရေလများသည် ကောက်ရိုးများအစား အမှိုက်များကို စုသိမ်းကာ လုပ်ကိုင်ခဲ့ကြသော်လည်း ပုံမှန်အရေအတွက်ပြည့်မီရန်မှာ မလွယ်ကူခဲ့ပါချေ။ ထိုကြောင့် ဟေဗြဲအရာရှိများသည် ရက်စက်စွာအရိုက်ခံခဲ့ရပါသည်။

ဤအရာရှိများသည် ဘုရင်မသိဘဲ အလုပ်ကြပ်များက ၎င်းတို့အား နှိပ်စက်နေသည်အထင်နှင့် ဘုရင်ကြီးထံဝင်၍ မိမိတို့၏နစ်နာမှုများကို



လျှောက်ထားခဲ့ကြပါသည်။ ၎င်းတို့၏အကျိုးအကြောင်းတင်ပြချက်များကို ဖါရောဘုရင်က "သင်တို့သည်ပျင်းရိသည်၊ ပျင်းရိသည်၊ ထိုကြောင့် ငါတို့သည် သွား၍ ထာဝရဘုရားသခင်အားယဇ်ပူဇော်ကြစို့ဟုသင်တို့ဆိုတတ်ကြ၏" ဟူ၍ ပြင်းထန်သောစကားလုံးများဖြင့်တုံ့ပြန်ခဲ့ပါသည်။ ဖါရောသည် ခိုင်းစေချက်များကိုအလျှော့မပေးနိုင်ကြောင်းဖွင့်ဆိုလျက် ပြန်၍သွားရောက်လုပ်ကိုင်ကြရန် အမိန့်ပေးလေ၏။ ထိုကြောင့်သူတို့သည် မိမိတို့နေရာအသီးသီးသို့အပြန်တွင် မောရှေနှင့်အာရုန်အားတွေ့ကြရာ "ထာဝရဘုရားသခင်သည် သင်တို့ကို ကြည့်ရှု၍ စီရင်တော်မူပါစေသော။ အကြောင်းမူကား၊ ဖါရောမင်းနှင့်အမှုတော်ထမ်းအပေါင်းတို့သည် ငါတို့ကိုရွံရှာစေခြင်းငှာလည်းကောင်း၊ ငါတို့ကို သတ်ရသောအခွင့်ရှိစေခြင်းငှာလည်းကောင်း သင်တို့သည်ပြုကြပြီတကားဟု ဆိုကြ၏။"

မောရှေသည် ဤအပြစ်တင်စကားများကိုကြားရသောအခါ အလွန်စိတ်ထိခိုက်ခဲ့ပါသည်။ ဣသရေလများ၏ဒုက္ခသည် အလွန်ကြီးကျယ်နေပါသည်တကား။ နိုင်ငံတစ်ဝန်းရှိ ဣသရေလလူကြီး၊ လူငယ်အပေါင်းတို့၏ ညည်းတွားသံများသည် ထွက်ပေါ်လာခဲ့သည်။ သူတို့အားလုံးက ဤအခြေအနေဆိုးအတွက် မောရှေအားအပြစ်ပုံခဲ့ကြပါသည်။ ထိုကြောင့်မောရှေသည် အလွန်စိတ်ထိခိုက်စွာဖြင့် ဘုရားသခင်ထံတော်သို့ဝင်၍ "အိုဘုရားသခင်၊ ကိုယ်တော်သည် ဤလူမျိုးကို အဘယ်ကြောင့်ညှဉ်းဆဲတော်မူသနည်း။။ အကျွန်ုပ်ကိုအဘယ်ကြောင့်စေလွှတ်တော်မူသနည်း။ အကျွန်ုပ်သည် ကိုယ်တော်အခွင့်နှင့်ပြောခြင်းငှာ ဖါရောမင်းထံသို့ဝင်သည့်နေ့မှစ၍ သူသည် ဤလူမျိုးကို ညှဉ်းဆဲပါပြီ။ ကိုယ်တော်သည် ကိုယ်တော်၏လူတို့ကို အလျှင်းကယ်လွှတ်တော်မမူပါ" ဟုလျှောက်လေ၏။

ထိုအခါ "ထာဝရဘုရားသခင်ကလည်း ငါသည် ဖါရောမင်း၌ အဘယ်သို့ပြုမည်ကို သင်သည်ယခုသိလိမ့်မည်။ သူသည် ကြီးစွာသောတန်ခိုးကိုတွေ့မြင်၍ ငါ၏လူတို့ကိုလွှတ်ရလိမ့်မည်။ ကြီးစွာသောတန်ခိုးတော်ကိုတွေ့မြင်၍ သူတို့ကိုမိမိပြည်မှနှင်ရလိမ့်မည်" ဟုမောရှေအားမိန့်တော်မူ၏။

ထို့ပြင် ထာဝရဘုရားသခင်သည် မောရှေအားဘိုးဘေးများနှင့်ပြုတော်မူခဲ့သော ပဋိညာဉ်ကိုပြန်လည်ပြည့်ဝွန်ကာ ပြုတော်မူခဲ့သောပဋိညာဉ်တော်အတိုင်း ပြည့်စုံမည်အကြောင်း အာမခံတော်မူ၏။

“အဲဂုတ္တုပြည်တွင် ကျွန်ခံရသည့်နှစ်များတစ်လျှောက်တွင် ဣသရေလများထဲမှအချို့တို့သည် ထာဝရဘုရားသခင်ကိုသာ စွဲစွဲမြဲမြဲဖြင့်ကိုးကွယ်ခဲ့ကြပါသည်။ မိမိတို့၏သားသမီးများသည် ထိုမယုံကြည်သူများ၏စက်ဆုပ်ရွံရှာဖွယ်ရာလုပ်ရပ်များကိုမြင်တွေ့နေရသောအခါတွင်လည်းကောင်း၊ သားသမီးအချို့သည် အဲဂုတ္တုလူတို့၏ဘုရားသခင်များကိုကိုးကွယ်နေကြသည်ကိုမြင်တွေ့ကြရသောအခါတွင်လည်းကောင်း စိတ်ထိခိုက်ခဲ့ကြပါသည်။ ထို့ကြောင့် ရုပ်တုကိုးကွယ်ခြင်းနှင့်ဆိုင်သည့် ဖေါက်ပြန်သောပတ်ဝန်းကျင်မှလွတ်မြောက်ခွင့်ရရှိနိုင်ရန်အလို့ငှာ အဲဂုတ္တုလူမျိုးများ၏တံပိုးအောက်မှ မိမိတို့အားကယ်နုတ်တော်မူရန် သူတို့သည် စိတ်ထိခိုက်စွာဖြင့်အော်ဟစ်ခဲ့ကြပါသည်။ ထိုသူတို့သည် မိမိတို့၏ယုံကြည်ခြင်းကိုဖုံးကွယ်ထားခြင်းမပြုဘဲ မိမိတို့သည် စစ်မှန်၍ အသက်ရှင်တော်မူသည့် တစ်ပါးတည်းသောဘုရားသခင်ဖြစ်တော်မူသည့် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသောဖန်ဆင်းရှင်အားကိုးကွယ်ကြကြောင်း ဖွင့်ဆိုခဲ့ပါသည်။ ဖန်ဆင်းခြင်းအချိန်မှစ၍ ယာကုပ်အချိန်တိုင်အောင်ထင်ရှားခဲ့သည့် ကိုယ်တော်ရှင်၏တည်ရှိမှုနှင့်တန်ခိုးတော်များနှင့်ဆိုင်သောအထောက်အထားများကို သူတို့ပြောပြခဲ့ကြပါသည်။ ဤနည်းအားဖြင့် အဲဂုတ္တုလူများသည် ဟေဗြဲလူများ၏ဘာသာအယူဝါဒကိုသိရှိခွင့်ရရှိခဲ့သော်လည်း သူတို့၏ကျွန်များထံမှသင်ကြားခံယူခြင်းသည် အသရေယုတ်စေသည်ဟုမှတ်ယူကာ သူတို့သည် ထာဝရဘုရားသခင်ကိုကိုးကွယ်သူများအား ဆုလာဘ်များပေးမည်ဟု ကတိပြုကာ ဖြားယောင်းရန်ကြိုးစားခဲ့ကြပါသည်။ မရသောအခါခြိမ်းခြောက်၍ တစ်နည်း၊ ရက်စက်သောလုပ်ရပ်များဖြင့်တစ်ဖုံ ကြိုးစားသွေးဆောင်ခဲ့ကြပါသည်။

ဣသရေလလူအကြီးအကဲတို့သည် ဘိုးဘေးများနှင့်ပြုခဲ့သောကတိတော်များကိုပြန်လည်ပြောပြလျက် အဲဂုတ္တုပြည်မှကယ်နုတ်လိမ့်မည်ဖြစ်ကြောင်း ယောသပ်မသေမီပြောခဲ့သောအနာဂတ္တိစကားများကိုပြန်လည်ပြောပြလျက် ညီအစ်ကိုများ၏ယုတ်လျော့နေသောယုံကြည်ခြင်းများကိုပြန်လည်ဖြည့်ရန်



ကြိုးစားခဲ့ကြပါသည်။ အချို့မှာကြားနာခဲ့ရသည့်အတိုင်း ယုံကြည်ခဲ့ကြပြီး အချို့မှာမူ မိမိတို့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသောအရာများကိုကြည့်လျက် ကယ်နုတ်ခြင်းဆိုင်ရာကတိတော်ကို မမျှော်လင့်ကြတော့ချေ။ မိမိတို့၏ကျွန်များအကြားပြောဆိုနေသည့်အရာများကို ပြန်လည်ကြားသိရသောအဲဂုတ္တုလူများသည် ထိုဟေဗြဲများ၏မျှော်မှန်းချက်များကိုပြက်ရယ်ပြုခဲ့ကြပြီး ဘုရားသခင်၏တန်ခိုးတော်ကိုမထီလေးစားပြုကာ ငြင်းပယ်ခဲ့ကြပါသည်။ “အကယ်၍ သင်တို့ကိုးကွယ်သောဘုရားသခင်သည် ဖြောင့်မတ်၍ ကရုဏာနှင့်ပြည့်စုံပြီး အဲဂုတ္တုဘုရားသခင်များထက်ပို၍တန်ခိုးကြီးလျှင် အဘယ်ကြောင့်သင်တို့အား လူလွတ်များမဖြစ်စေခဲ့သနည်း” ဟူ၍ လူမျိုးအလိုက် ကျွန်ဘဝရောက်နေခြင်းကိုထောက်ပြကာ ခနဲ့တဲ့တဲ့စကားများဖြင့်စော်ကားခဲ့ကြပါသည်။ ထိုအဲဂုတ္တုလူများသည် မိမိတို့၏အခြေအနေမှန်ကိုသတိပြုမိခဲ့ကြသည်။ သူတို့သည် ဣသရေလများက ဘုရားသခင်အတုများဟုသမုတ်ထားသည့်ဘုရားသခင်များကို ကိုးကွယ်ခဲ့ကြသော်လည်း ချမ်းသာကြွယ်ဝ၍ တန်ခိုးရှိသောလူမျိုးတစ်မျိုးဖြစ်ခဲ့ပါသည်။ မိမိတို့၏ဘုရားသခင်များသည် မိမိတို့အားကောင်းချီးပေးကာ ချမ်းသာဝပြောစေခဲ့ကြောင်း၊ ဣသရေလများအား ကျွန်အဖြစ်အသုံးပြုရန် မိမိတို့အားပေးအပ်ထားကြောင်း သူတို့ဖွင့်ဟကြကာ ထိုဘုရားသခင်များ၏ တန်ခိုးကြောင့် မိမိတို့သည် ထာဝရဘုရားသခင်ကိုကိုးကွယ်သူများအား နှိပ်ကွပ်ခဲ့ကြကြောင်း သူတို့ဂုဏ်ယူခဲ့ကြပါသည်။ ဟေဗြဲလူများကိုးကွယ်သည့် ထာဝရဘုရားသခင်သည် ၎င်းတို့အား မိမိလက်ထဲမှမကယ်နုတ်နိုင်ကြောင်း ဖါရောဘုရင်ကိုယ်တိုင်ကလည်း ကြွားလုံးထုတ်ခဲ့ပါသည်။

ထိုစကားများကြောင့် ဣသရေလလူအများစုသည် မျှော်လင့်ချက်ပျက်ပြားခဲ့ကြရပါသည်။ အဲဂုတ္တုလူများပြောသကဲ့သို့ ၎င်းတို့၌ဖြစ်ပျက်နေသယောင်ဖြစ်နေပါသည်။ ၎င်းတို့သည် ကျွန်များဖြစ်ကြပြီး မိမိတို့၏အလုပ်ရှင်များကခိုင်းစေသည့်အတိုင်း သည်းခံလုပ်ဆောင်ခဲ့ရသည်ဆိုသည်မှာ မှန်ကန်ပါသည်။ သူတို့၏သားသမီးများကိုဖမ်းဆီးသတ်ဖြတ်ခဲ့ကြပါသည်။ သူတို့ကိုယ်တိုင်လည်း ပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နေရပါသည်။ သို့စေကာမူ သူတို့သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်အား

ကိုးကွယ်ခဲ့ကြပါသည်။ ထာဝရဘုရားသခင်သည် ကျွန်ဘဝဖြင့် ဤကဲ့သို့ စွန့်ပစ်ထားခဲ့မည်မဟုတ်ကြောင်းမှာသေချာလှပါသည်။ သို့ရာတွင် ဤကဲ့သို့ ကျွန်ဘဝသို့ရောက်ရှိလာရခြင်းမှာ ဣသရေလများသည် မယုံကြည်သူလူများ နှင့်အိမ်ထောင်ပြုကာ ဘုရားသခင်ကိုကျောခိုင်းခဲ့ကြခြင်းကြောင့် ဘုရားသခင် သည် ၎င်းတို့အား ကျွန်ဘဝကိုရောက်စေခဲ့သည်ကို ကိုယ်တော်၌သစ္စာရှိသူများ သည် နားလည်သဘောပေါက်ခဲ့ကြပါသည်။ ၎င်းပြင် ကိုယ်တော်သည် ထိုသူများ၏ဖိနှိပ်ချုပ်ချယ်မှုများကို မကြာမီတွင်ဖျက်ပစ်လိမ့်မည်ဖြစ်ကြောင်း ညီအစ်ကိုများကို သူတို့စိတ်ချစေခဲ့ကြပါသည်။

မိမိတို့၏ယုံကြည်ခြင်းကိုအထူးစမ်းသပ်မှုမပြုဘဲ သို့တည်းမဟုတ် ဒုက္ခဆင်းရဲခြင်း (ဝါ) အခက်အခဲတစ်စုံတစ်ခုနှင့်မျှမတွေ့ဘဲ လွတ်လပ်ရေး ကိုရရှိရန် ထိုဟေဗြဲများမျှော်လင့်ခဲ့ကြပါသည်။ သို့ရာတွင် ထိုသူများသည် လွတ်မြောက်မှုရရှိရေးအတွက် အသင့်မရှိကြသေးချေ။ သူတို့သည် ဘုရား သခင်ကိုယုံကြည်ခြင်းမရှိခဲ့ကြဘဲ ၎င်းတို့အတွက် ဘုရားသခင်မစတော်မူမည့် အချိန်အထိ သည်းခံပြီးဒုက္ခခံရန် ဆန္ဒမရှိခဲ့ကြချေ။ ဟေဗြဲလူအများစုသည် မရောက်ဖူးသေးသည့်တိုင်းပြည်တစ်ပြည်သို့ ပြောင်းရွှေ့ခြင်းကြောင့် ဖြစ်ပေါ် လာမည့်အခက်အခဲများကိုရင်ဆိုင်ရသည်ထက် ကျွန်ဘဝ၌ပင် ဆက်လက် နေထိုင်ရန်အလိုရှိကြပါသည်။ ၎င်းပြင် အချို့သောဟေဗြဲလူများသည် အဲဂုတ္တုလူများ၏အကျင့်စရိုက်နှင့်အတော်များများတူညီခဲ့ကြရာ အဲဂုတ္တုပြည် တွင်နေဖို့ သူတို့ပို၍လိုလားခဲ့ကြပါသည်။ ထိုကြောင့် ထာဝရဘုရားသခင်သည် ဖါရောဘုရင်ရှေ့တွင် တန်ခိုးတစ်ခါပြရုံနှင့် ၎င်းတို့အားမကယ်နုတ်ခဲ့ခြင်းဖြစ် ပါသည်။ ကိုယ်တော်သည် ဖါရောဘုရင်၏တရားလက်လွတ်ပြုကျင့်တတ် သောစိတ်ဓါတ်ကို အဆုံးတိုင်အောင်ကြီးထွားလာရန်နှင့် မိမိသည် မည်ကဲ့သို့ သောဘုရားသခင်ဖြစ်ကြောင်းကို မိမိလူတို့အားဖေါ်ပြရန်အဖြစ်အပျက်များကို လုံးလုံးလျားလျားစိုးမိုးကွပ်ကဲတော်မူခဲ့ပါသည်။ သူတို့သည် ကိုယ်တော်၏ ဖြောင့်မတ်မှန်ကန်ခြင်း၊ တန်ခိုးတော်နှင့်မေတ္တာတော်ကိုတွေ့မြင်လာကာ အဲဂုတ္တုပြည်မှထွက်ခွာလာပြီး ကိုယ်တော်၏အမှုတော်အတွက် မိမိကိုယ်ကို အပ်နှံရန် ရွေးချယ်ကြပါလိမ့်မည်။ ဣသရေလလူအများစုတို့သည် အဲဂုတ္တု



ပြည်မှမထွက်ခွာချင်လောက်အောင် အကျင့်စာရိတ္တမဖေါက်ပြန်ခဲ့ကြသေးလျှင် မောရှေ၏အလုပ်သည် ယခုထက်အများကြီးလွယ်ကူခဲ့ပါလိမ့်မည်။

"ထာဝရဘုရားသခင်သည် မောရှေအား မိမိအမျိုးသားချင်းများထံသို့ ပြန်သွားကာ အသစ်စက်စက်သောအာမခံချက်များကိုပေးကာ ကယ်နုတ်ခြင်း နှင့်ဆိုင်သောကတိတော်ကို နောက်တစ်ဖန်ပြောကြားစေခဲ့ပါသည်။ မိန့်တော်မူ သည့်အတိုင်း သွား၍ပြောခဲ့သော်လည်း သူတို့ကနားမထောင်ခဲ့ကြချေ။ သူတို့သည် အလွန်စိတ်ပင်ပန်း၍ ကြမ်းတမ်းစွာညှဉ်းဆဲခြင်းကိုခံရသောကြောင့် မောရှေစကားကိုနားမထောင်ဘဲနေကြ၏" ဟုသမ္မာကျမ်းစာတွင်ဖွင့်ဆိုထားပါ သည်။ ထိုနောက်တစ်ဖန်မောရှေထံသို့ရောက်ရှိလာခဲ့သော ဘုရားသခင်၏ သတင်းစကားဟူမူကား "အဲဂုတ္တုရှင်ဘုရင်ဖါရောမင်းထံသို့ဝင်၍ သူသည် ဣသရေလအမျိုးသားတို့ကို မိမိပြည်မှလွှတ်ရမည့်အကြောင်းပြောလော့" ဟူ၍ ဖြစ်၏။ ထိုအခါ မောရှေကလည်း "ဣသရေလအမျိုးသားတို့သည် အကျွန်ုပ် ပြောသောစကားကိုနားမထောင်ဘဲနေသည်ဖြစ်၍ ဖါရောမင်းသည် အဘယ်သို့ နားထောင်ပါမည်နည်းဟု ထာဝရဘုရားသခင်ရှေ့မှာလျှောက်ဆို၏။" သို့ရာတွင် အာရုန်နှင့်အတူ ဖါရောဘုရင်ထံသို့သွားကာ "ဣသရေလအမျိုးသားတို့ကို မိမိပြည်မှလွှတ်လိုက်ရမည်အကြောင်း" လျှောက်ထားရန် မောရှေအား မိန့်တော်မူ၏။

ဘုရားသခင်သည် အဲဂုတ္တုအား အပြစ်ဒဏ်မစီရင်မီတိုင်အောင် ထိုဘုရင်သည် လိုက်လျောလိမ့်မည်မဟုတ်ကြောင်းကို မောရှေအားပြောထား နှင့်ပြီးဖြစ်ပါသည်။ ကိုယ်တော်၏တန်ခိုးတော်ကို ထူးခြားစွာပြခြင်းအားဖြင့် ဣသရေလများကိုကယ်ထုတ်တော်မူပါလိမ့်မည်။ ဖါရောဘုရင်သည် ဘေးဒဏ်ကြီးများမှလွတ်လိုက လွတ်အောင်ကြိုးစားနိုင်ရန်အလို့ငှာ ဘေးဒဏ် ကြီးများမကျရောက်မီ တစ်ခုစီ၏သဘာဝနှင့်အကျိုးသက်ရောက်မှုများကို မောရှေအားရှင်းပြခဲ့ပါသည်။ မာန်မာနထောင်လွှားသော ၎င်းအားနှိမ့်ချလာကာ ကောင်းကင်နှင့်မြေကြီးတို့ကိုဖန်ဆင်းတော်မူသောဖန်ဆင်းရှင်ကို အသက်ရှင် လျက်ရှိတော်မူသောဘုရားသခင်စစ်ဘုရားသခင်မှန်အဖြစ်အသိအမှတ်ပြုလာ သည့်တိုင်အောင် ငြင်းဆန်သောအပြစ်ဒဏ်စီရင်မှုတစ်ခုစီတို့၏နောက်တွင်

ပို၍ပြင်းထန်သောအပြစ်ဒဏ်စီရင်မှုများဖြစ်ပေါ်လာပါလိမ့်မည်။ ထာဝရဘုရားသခင်၏အမိန့်တော်ကို ဆန့်ကျင်သောအချိန်တွင် အစွမ်းတန်ခိုးရှိသောလူသားများ၏ဉာဏ်ပညာများသည် အချည်းနှီးဖြစ်ကြောင်း ၎င်းတို့ကိုးကွယ်သောဘုရားသခင်များ၏တန်ခိုးများသည် အင်အားချည့်နဲ့ကြောင်းမြင်တွေ့နိုင်ရန် ဘုရားသခင်သည် အဲဂုတ္တုလူများအားအခွင့်အရေးပေးတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ရုပ်တုကိုးကွယ်မှုအတွက် အဲဂုတ္တုလူများအားအပြစ်ဒဏ်စီရင်တော်မူလိမ့်မည်ဖြစ်ပြီး အတွေ့အထိခံစားမှုနှင့်တကွ အသိပညာမရှိကြသည့်ထိုဘုရားသခင်များထံမှရသည့်ကောင်းချီးမင်္ဂလာများအတွက် သူတို့၏ကြွားဝါမှုများကိုလည်း နှုတ်ဆိတ်စေတော်မူလိမ့်မည်ဖြစ်ပါသည်။ အခြားသောလူမျိုးများသည် ကိုယ်တော်၏တန်ခိုးတော်အကြောင်းကိုကြားသိကာ ကိုယ်တော်ပြုတော်မူသည့်မဟာလုပ်ဆောင်မှုများအတွက် ကြောက်ရွံ့တုန်လှုပ်ကြစေရန်အတွက်သော်လည်းကောင်း၊ မိမိလူမျိုးများသည် ရုပ်တုကိုးကွယ်မှုများကိုကျောခိုင်းကာ ကိုယ်တော်ရှင်အားပြန်လည်ကိုးကွယ်လာကြစေရန်အတွက်သော်လည်းကောင်း ဘုရားသခင်သည် မိမိ၏နာမတော်ကို ဘုန်းတော်နှင့်ပြည့်ဝစေခဲ့ပါသည်။

မောရှေနှင့်အာရုန်တို့သည် အဲဂုတ္တုရှင်ဘုရင်၏အလွန်ကြီးကျယ်ခမ်းနားလှသည့်နန်းတော်ထဲသို့ တစ်ဖန်ဝင်လာခဲ့ပြန်ပါသည်။ ကြီးမားသောတိုင်ကြီးများ၊ အရောင်အဝါများနှင့်တောက်ပနေသောမွမ်းမံခြယ်သမှုများအပြင် မယုံကြည်သူဘုရားများ၏ပန်းချီ၊ ပန်းပုလက်ရာများခြံရံလျက် ထိုခေတ်ထိုအခါက တန်ခိုးအကြီးဆုံးသောဘုရင်ကြီး၏ရှေ့တော်မှောက်တွင် ဣသရေလများအားလွှတ်ပေးဖို့ ဘုရားသခင်ထံမှလာသောသတင်းစကားကိုပြောရန် ကျွန်ဘဝရောက်ရှိနေသောထိုလူမျိုးအား ကိုယ်စားပြုသူနှစ်ဦးသည် ရပ်နေခဲ့ကြပါသည်။ ၎င်းတို့အားဘုရားသခင်ခိုင်းစေလိုက်ကြောင်း သိသာထင်ရှားစေသည့်နိမိတ်လက္ခဏာတစ်ခုပြရန် ဘုရင်ကြီးကတောင်းဆိုလိုက်ပါသည်။ အကယ်၍များ ဤကဲ့သို့သောခိုင်းစေမှုများပြုခဲ့ပါက မည်သို့လုပ်ဆောင်ရမည်ကို မောရှေနှင့်အာရုန်တို့အား ညွှန်ကြားထားတော်မူခဲ့ပြီးဖြစ်ရာ အာရုန်သည် လှံတံကိုယူ၍ ဖါရောဘုရင်၏ရှေ့တွင်ပစ်ချလိုက်ပါ



သည်။ ထိုလှံတံသည် မြွေဖြစ်သွားခဲ့ပါသည်။ "ထိုအခါ ဖါရောဘုရင်သည် ပညာရှိများနှင့်ပြုစားတတ်သူများတို့ကိုခေါ်၍ ထိုအဲဂုတ္တုအမျိုးဝိဇ္ဇာဆရာတို့သည် ဝိဇ္ဇာအတတ်အားဖြင့်–––မိမိတို့ကိုင်သောလှံတံများကိုချ၍ မြွေဖြစ်ကြလေ၏။ သို့သော် အာရုန်၏လှံတံသည် သူတို့၏လှံတံများကိုမျိုလေ၏။ ထိုအခါ ဖါရောဘုရင်သည် ပို၍နှလုံးခိုင်မာလာကာ မိမိ၏မှော်ဆရာများသည် မောရှေနှင့်အာရုန်တို့ကဲ့သို့တန်ခိုးရှိကြောင်းဖွင့်ဆိုခဲ့ကြပါသည်။" ၎င်းပြင် မောရှေတို့အား အယောင်အဆောင်များဖြစ်သည်ဟုငြင်းဆိုကာ ထိုသူတို့၏တောင်းဆိုမှုများကိုဆန့်ကျင်ခြင်းသည် မိမိအတွက်လုံခြုံမှုရှိသည်ဟုသူမှတ်ယူခဲ့ပါသည်။ သို့စေကာမူ ၎င်းတို့ပြောသောသတင်းစကားကို သူမထီလေးစားလုပ်နေသည့်တစ်ချိန်တည်းမှာပင် ဘုရားသခင်သည် တန်ခိုးတော်အားဖြင့် သူ့အားမောရှေတို့ကိုဒုက္ခမပေးနိုင်အောင် ထိန်းချုပ်တော်မူခဲ့ပါသည်။

မောရှေနှင့်အာရုန်တို့သည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဖါရောဘုရင်၏ရှေ့တွင် ထိုနိမိတ်လက္ခဏာများကိုပြုလုပ်ခဲ့ကြပါသည်။ သူတို့၌ မည်သည့်လူသားတန်ခိုးအစွမ်းမရှိပါချေ။ "ငါဖြစ်သည်" ဟူသောပုဂ္ဂိုလ်တစ်ပါးက မောရှေအားစေလွှတ်တော်မူကြောင်း၊ ထိုဘုရင်၏တာဝန်မှာ ဣသရေလများအား ထွက်ခွာသွားခွင့်ပြုရန်ပင်ဖြစ်ကြောင်းနှင့် ထိုအဲဂုတ္တုလူများသည် ထာဝရဘုရားသခင်အားကိုးကွယ်လာကြဖို့ဖြစ်ကြောင်း စသည့်အကြောင်းများကို ဖါရောဘုရင်သဘောပေါက်ရန် ထိုအံ့ဖွယ်နိမိတ်လက္ခဏာများကိုစီစဉ်တော်မူခဲ့ခြင်းဖြစ်ပါသည်။ မှော်ဆရာများသည်လည်း အံ့ဖွယ်နိမိတ်လက္ခဏာများကိုပြခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏ကျွမ်းကျင်မှုများနှင့်စာတန်၏တန်ခိုးများကိုပေါင်းစပ်ကာ ထိုအရာများကိုပြသနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ စာတန်သည် ဘုရားသခင်၏လုပ်ဆောင်မှုများကို အတုအပလုပ်ရာတွင် ၎င်းတို့အားကူညီရိုင်းပင်းခဲ့ပါသည်။

အမှန်မှာ ထိုမှော်ဆရာများသည် ၎င်းတို့၏လှံတံများကို တကယ်မြွေဖြစ်အောင်လုပ်ဆောင်ခဲ့ကြသည်မဟုတ်ပါချေ။ မှော်အတတ်ပညာနှင့်စာတန်၏အကူအညီအားဖြင့် သူတို့သည် ထိုလှံတံများကိုမြွေသဏ္ဍာန်ဖြစ်စေခဲ့ကြခြင်းသာဖြစ်ပါသည်။ ထိုလှံတံများကို အသက်ရှိသောမြွေများအသွင်သို့

ပြောင်းနိုင်ရန် စာတန်၌တန်ခိုးမရှိပါချေ။ စာတန်သည် ကျဆုံးခဲ့သောကောင်းကင်တမန်တစ်ပါး၏ဉာဏ်စွမ်းဉာဏ်စနှင့်တန်ခိုးများကိုပိုင်ဆိုင်ထားဆဲဖြစ်သော်လည်း ဖန်ဆင်းခြင်းတန်ခိုး (ဝါ) အသက်ပေးပိုင်သောတန်ခိုးသူ၌မရှိပါချေ။ ဤတန်ခိုးသည် တစ်ဆူတည်းသောဘုရားသခင်သာပိုင်ဆိုင်သောတန်ခိုးဖြစ်ပါသည်။ သို့ရာတွင် စာတန်သည် မိမိလုပ်နိုင်စွမ်းရှိသမျှတို့ကိုလုပ်ကိုင်ခဲ့ပြီး အတုအယောင်တစ်ခုကိုဖန်တီးပေးခဲ့ပါသည်။ လူသားများ၏မြင်ကွင်းတွင် ထိုလှံတံများသည် မြွေဖြစ်သွားသည်ဟုထင်ရပါသည်။ ဖါရောဘုရင်နှင့်တကွ နန်းတော်သားများသည်လည်း ထိုသို့ပင်ယုံကြည်ခဲ့ကြပါသည်။ ထိုအရာများသည် မောရှေဖန်တီးလိုက်သောမြွေများနှင့်ကွဲပြားခြားနားမှုမရှိသယောင်ဖြစ်ခဲ့ပါသည်။ ထာဝရဘုရားသခင်၏တန်ခိုးတော်အားဖြင့်မြွေအစစ်များက မြွေအတုများအားမျိုစေခဲ့သော်လည်း ထိုအရာကိုဘုရားသခင်ပြုတော်မူသောအမှုအရာဟု ဖါရောဘုရင်ကမှတ်တော်မမူဘဲ မိမိ၏ကျွန်များထက်သာသောမှော်အတတ်ပညာ၏လုပ်ဆောင်မှုဟုသာမှတ်ယူခဲ့ပါသည်။

ဘုရားသခင်၏အမိန့်တော်ကိုမလိုက်လျှောက်ရန် မိမိ၏မမှိတ်မသုတ်ငြင်းဆန်နေသောမိမိ၏လုပ်ရပ်သည် မှန်ကန်မှုရှိသည်ဟု ဖါရောမင်းဖော်ပြလိုခဲ့ပါသည်။ ထို့ကြောင့် မောရှေမှတစ်ဆင့်ပြတော်မူသည့် ဘုရားသခင်၏နိမိတ်လက္ခဏာများကိုဂရုမစိုက်ရန်အတွက် ဥပါယ်တံမျဉ်ပြုရန် သူကြိုးစားခဲ့ပါသည်။ သူလိုချင်သည့်အရာကိုလည်း စာတန်က သူ့အားပေးခဲ့ပါသည်။ သူသည် မိမိ၏မှော်ဆရာများမှတစ်ဆင့်ပြခဲ့သောအံ့ဖွယ်အရာများအားဖြင့်မောရှေနှင့်အာရုန်တို့အား မှော်ဆရာများ၊ ပြုစားတတ်သောသူများသာဖြစ်ကြောင်း၊ ၎င်းတို့ယူဆောင်လာခဲ့သည့်သတင်းစကားမှာလည်း မြင့်မြတ်သောပုဂ္ဂိုလ်တစ်ပါးထံမှလာသောသတင်းစကားအဖြစ်လေးစားရန်မသင့်တော်ကြောင်းအဲဂုတ္တုလူများအားထင်မှတ်စေခဲ့ပါသည်။ စာတန်သည် ဤနည်းအားဖြင့်အဲဂုတ္တုလူများအား ၎င်းတို့၏ပုန်ကန်ခြားနားမှုများတွင်အတင့်ရဲစေလိုသည့်မိမိ၏အကြံအစည်ကို ပြီးမြောက်စေခဲ့ပါသည်။ ထို့ပြင် ဖါရောဘုရင်အားလည်းအမှန်တရားနှင့်ဆန့်ကျင်၍ စိတ်နှလုံးခိုင်မာစေခဲ့ပါသည်။ သူ၏တပည့်များကအောင်နိုင်သွားကောင်းအောင်နိုင်သွားနိုင်သည်ဟူ၍ ဘုရားသခင်အစပျိုးထား



တော်မူသည့်ထိုအမှုတော်ကြီးကို မောရှေနှင့်အာရုန်ယုံကြည်မှုအားနည်းလာရန်လည်း စာတန်မျှော်လင့်ခဲ့ပါသည်။ အသက်ရှင်တော်မူသောထာဝရဘုရားသခင်ကိုကိုးကွယ်နိုင်ရန် ဣသရေလလူများအား ကျွန်ဘဝမှလွှတ်ခြင်းအမှုကိုစာတန်မလိုလားခဲ့ပါချေ။

သို့ရာတွင် အမှောင်၏ဘုရင်ဖြစ်သောစာတန်၌ ထိုမှော်ဆရာများမှတစ်ဆင့် အံ့ဖွယ်လက္ခဏာများကိုပြခဲ့ရာတွင် ပို၍နက်နဲသောရည်ရွယ်ချက်တစ်ခုလည်းရှိခဲ့ပါသည်။ ဣသရေလများတွင်ကျရောက်နေသော ကျွန်ဘဝတည်းဟူသော တံပိုးကြီးကိုချိုးခြင်းအမှုတွင် မောရှေသည် လူသားမိသားစုများအား စိုးမိုးနေသောအပြစ်တရားကိုနှိမ်နင်းတော်မူမည့် ခရစ်တော်ကိုပုံဆောင်ထားသည်ကိုလည်း စာတန်ကောင်းစွာသိရှိထားပါသည်။ ခရစ်တော်ကြွလာတော်မူသောအခါ မိမိအား ဘုရားသခင်စေလွှတ်တော်မူကြောင်းအထောက်အထားတစ်ခုအဖြစ် ကြီးကျယ်သောလက္ခဏာများကို ပြတော်မူမည်ဖြစ်ကြောင်းကိုလည်း သူသိထားပါသည်။ စာတန်သည် ခရစ်တော်၏တန်ခိုးတော်ကို ကြောက်ရွံ့တုန်လှုပ်နေပါသည်။ သူသည် မောရှေမှတစ်ဆင့် ဘုရားသခင်ပြုတော်မူသည့်အံ့ဖွယ်အမှုများကို အတုပြုလုပ်ခြင်းအားဖြင့် ဣသရေလများ၏လွတ်မြောက်ခြင်းကိုဟန့်တားရုံသာမက နောင်အနာဂတ်အချိန်များတွင်ခရစ်တော်အားဖြင့် ပြုတော်မူမည့်လက္ခဏာများအပေါ် အယုံအကြည်မရှိစေသည့်သြဇာလွှမ်းမိုးမှုတစ်ခုကိုတည်ဆောက်ရန်လည်း သူမျှော်လင့်ခဲ့ပါသည်။ စာတန်သည် ခရစ်တော်ပြုတော်မူသောအရာကို အတုပြုလုပ်ရန်နှင့် မိမိ၏တန်ခိုးအာဏာနှင့်မိမိ၏ပြောဆိုချက်များကိုခိုင်ခံ့မြဲမြံစေရန် အမြဲတမ်းကြိုးစားလျက်ရှိပါသည်။ ခရစ်တော်ပြုတော်မူသည့်အံ့ဖွယ်လက္ခဏာများသည်လူသားများ၏ ကျွမ်းကျင်မှုနှင့်အစွမ်းသတ္တိများကိုအသုံးပြု၍လုပ်သည့်ပုံမျိုးလူအများကထင်အောင် သူလုပ်ဆောင်ခဲ့ပါသည်။ ဤနည်းအားဖြင့် သူသည်ခရစ်တော်အပေါ် ဘုရားသခင်၏သားတော်ဟူသော လူအများ၏ယုံကြည်ခြင်းကိုခြေဖျက်ခဲ့ပြီး ကယ်တင်ခြင်းစီမံကိန်းမှတစ်ဆင့် ပေးသနားတော်မူသောကရုဏာတော်၏ကောင်းချီးမင်္ဂလာနှင့်ပြည့်ဝသောလက်ကမ်းမှုများကိုငြင်းဆန်အောင် ၎င်းတို့အား ပို့ဆောင်ခဲ့ပါသည်။

ဖါရောဘုရင်သွားလေ့သွားထရှိသောမြစ်ကမ်းနားသို့ နောက်တစ်နေ့ နံနက်တွင်သွားရောက်ရန် မောရှေနှင့်အာရုန်တို့အားညွှန်ကြားတော်မူခဲ့၏။ အဲဂုတ္တုတစ်ပြည်လုံး၏အသက်သွေးကြောဖြစ်သော၊ ချမ်းသာကြွယ်ဝမှုများအတွက် ပင်မအချက်အခြာဖြစ်သောမြစ်ရေများနှင့်ပြည့်လျှံနေသောနိုင်းမြစ်ကြီးကို ဘုရားသခင်တစ်ပါးအဖြစ်ကိုးကွယ်လေ့ရှိကြရာ ဖါရောဘုရင်သည် ဝတ်ပြုကိုးကွယ်မှုပြုရန် ထိုနေရာသို့နေ့စဉ်သွားခဲ့ပါသည်။ ထိုညီအစ်ကိုနှစ်ယောက်သည် ထိုနေရာသို့လာ၍ ဘုရင်ကြီးအားထိုသတင်းစကားကိုပင်ထပ်မံပြောကြားခဲ့ကြပြီး လှံတံကိုဆန့်ကာ မြစ်ရေအပေါ်တွင်ရိုက်ခဲ့ကြပါသည်။ သန့်စင်သောမြစ်ရေသည် သွေးအသွင်သို့ပြောင်းသွားပြီး ငါးများသေကျေပျက်စီးကုန်ခဲ့ကြပါသည်။ ထိုမြစ်သည် အပုပ်နံ့ကြောင့်မနှစ်မြို့စရာဖြစ်လာခဲ့ပါသည်။ အိမ်၌ထားရှိသောရေစည်များတွင်ထည့်ထားသောရေများသည်လည်း ထိုနည်းအတူသွေးများဖြစ်ကုန်ကြပါသည်။ သို့ရာတွင် အဲဂုတ္တုအမျိုးသားဝိဇ္ဇာဆရာများတို့လည်း ဝိဇ္ဇာအတတ်အားဖြင့် ထိုအတူပြုကြ၏။ ထိုကြောင့် ဖါရောဘုရင်သည် “နန်းတော်သို့လှည့်လည်ပြန်သွား၍ ထိုအမှုကိုနှလုံးမသွင်းဘဲနေလေ၏။” ထိုဘေးဒဏ်ကိုခုနစ်ရက်တိုင်တိုင်ကျရောက်စေခဲ့သော်လည်း မည်သို့မျှအကျိုးမထူးခဲ့ချေ။

ထိုနောက်တစ်ဖန်အာရုန်သည် အဲဂုတ္တုပြည်ရှိရေများပေါ်တွင် လှံတံကိုကိုင်၍ လက်ကိုဆန့်သဖြင့် ဖါးများသည် ရေထဲမှတက်လာကာ အဲဂုတ္တုတစ်ပြည်လုံးကိုဖုံးလွှမ်းလေ၏။ ဖါးများသည် အိမ်များထဲသို့ဝင်လာပြီး အိပ်ခန်းများ၊ မီးဖိုများ၊ ဂျုံနယ်သည့်ခွက်များထဲသို့တိုင် နေရာယူထားကြပါသည်။ ဖါးကိုသန့်ရှင်းသောသတ္တဝါဟု အဲဂုတ္တုလူများကမှတ်ယူထားကြရာ သူတို့သည် ဖါးများကိုမသတ်ခဲ့ကြချေ။ သို့ရာတွင် ချွဲကျိကျိ၍သတ္တဝါများကို သူတို့သည်းမခံနိုင်ကြတော့ပြီ။ ဖါးများသည် ဘုရင့်နန်းတော်မှာပင် အများအပြားရောက်ရှိနေကြပြီးဖြစ်ရာ ဖါရောဘုရင်သည် ထိုအကောင်များပျောက်ကွယ်သွားသည်အထိ မအောင့်အည်းနိုင်တော့ချေ။ ၎င်း၏ဝိဇ္ဇာဆရာများသည် ဖါးများကိုထွက်ပေါ်လာအောင် လုပ်ဆောင်နိုင်ပုံပေါ်သော်လည်း ထိုဖါးများကို





ဖယ်ရှားခြင်းငှာ မစွမ်းနိုင်ကြချေ။ ဖါရောဘုရင်သည် ဤအရာကိုမြင်ခြင်းအားဖြင့် အနည်းငယ်နှိမ့်ချလာပါသည်။ သူသည် မောရှေနှင့်အာရုန်တို့ကိုအခေါ်လွှတ်ကာ “ထာဝရဘုရားသခင်သည် ဖါးတို့ကို ငါနှင့်ငါ့လူတို့ထံမှ ပယ်ရှားတော်မူမည်အကြောင်း တောင်းပန်လော့။ ဣသရေလလူတို့သည် ထာဝရဘုရားသခင်အား ယဇ်ပူဇော်ရသောအခွင့်ကိုငါပေးမည်ဟုဆို၏။” သူတို့သည် နောင်တွင်မကြွားဝါတော့ရန် ဖါရောမင်းအားသတိပေးပြီး ဖါးများပယ်ရှားပေးဖို့ ဘုရားသခင်ထံတွင်ဆုတောင်းရမည့်အချိန်ကိုသတ်မှတ်ပေးရန် ၎င်းအားတောင်းဆိုခဲ့ကြ၏။ ဖါးများသည် အလိုလိုပျောက်သွားစေနိုင်မည့်အချိန်အတိုင်းအတာရရှိနိုင်ရန် နောက်တစ်နေ့ကျမှဖယ်ရှားပေးရန်သူတောင်းဆိုခဲ့ပါသည်။ ဤနည်းအားဖြင့် ဣသရေလလူများ၏ ဘုရားသခင်ထံတွင်အညှံ့ခံလျက် တွေ့ကြုံခံစားရမည့်ခါးသီးသောအသရေပျက်မှုမှ သူရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ ဖါးများသည် သတ်မှတ်ထားသည့်အချိန်အထိ ဆက်လက်တည်ရှိခဲ့ကြပြီး အဲဂုတ္တုပြည်အနှံ့ရှိဖါးများသေသောအခါ ဖါးအသေကောင်များ၏အပုပ်နံ့သည် ပတ်ဝန်းကျင်လေထုကိုညစ်ညမ်းစေခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ထိုဖါးအသေကောင်များကို တစ်မဟုတ်ချင်းအတွင်းတွင် မြေမှုန့်အဖြစ်သို့ပြောင်းလိုက ပြောင်းလဲပစ်နိုင်ခဲ့သော်လည်း ထိုသို့ပြုတော်မမူခဲ့ချေ။ အကယ်၍ ထိုသို့ပြုလုပ်ပေးတော်မူခဲ့လျှင် ဖါရောဘုရင်နှင့်သူ၏လူများတို့သည် ထိုအရာကိုဝိဇ္ဇာအတတ်၊ မှော်အတတ်တို့၏လုပ်ဆောင်မှုဖြစ်သည်ဟုပြောဆိုကြပေလိမ့်မည်။ ဖါးများသည် သေကျေကုန်ကြကာ အသေကောင်များကိုစုပုံခဲ့ကြပါသည်။ ဤအရာများအားဖြင့် ဖါရောဘုရင်နှင့်တကွ အဲဂုတ္တုလူတို့က ဤအမှုသည် ဝိဇ္ဇာအတတ်နှင့်လုပ်ဆောင်ခဲ့သောအရာမဟုတ်ဘဲ ထာဝရဘုရားသခင်၏အပြစ်ဒဏ်စီရင်မှုတစ်ခုသာဖြစ်ကြောင်း ထင်ရှားစွာသိမြင်လာကြပါမည်။ ထိုအရာကို ၎င်းတို့၏အချည်းနှီးသောဒဿနများကငြင်းဆိုနိုင်ကြမည်မဟုတ်ချေ။

"ဖါရောမင်းသည် သက်သာရကြောင်းကိုသိမြင်သောအခါ ထာဝရဘုရားသခင်မိန့်တော်မူသည့်အတိုင်း နှလုံးခိုင်မာ၍ သူတို့စကားကိုနားမထောင်ဘဲ နေပြန်လေ၏။" အာရုန်သည် ထာဝရဘုရားသခင်၏အမိန့်တော်အရ လှံတံကိုင်လျက် လက်ကိုဆန့်၍ မြေမှုန့်ကိုရိုက်လေရာ အဲဂုတ္တုပြည်ရှိမြေကြီးမှ မြေမှုန့်များသည် ခြင်ကောင်များဖြစ်ကုန်ကြပါသည်။ ဖါရောဘုရင်သည် မိမိ၏ဝိဇ္ဇာဆရာများအားဆင့်ခေါ်၍ ထိုကဲ့သို့သောခြင်ကောင်ဖြစ်စေခြင်းငှာ အလုပ်ခိုင်းရာ သူတို့လုပ်နိုင်စွမ်းမရှိကြချေ။ ဘုရားသခင်၏လုပ်ဆောင်တော်မူချက်သည် စာတန်ထက်ပို၍ကြီးမြတ်ကြောင်း ဤနည်းအားဖြင့် ထင်ရှားစေခဲ့ပါသည်။ ထိုဝိဇ္ဇာဆရာများကိုယ်တိုင်က "ဤအမှုသည် ဘုရားသခင်၏တန်ခိုးတော်ကြောင့်ဖြစ်သည်" ဟုဖါရောဘုရင်အားလျှောက်ကြ၏။ သို့ရာတွင် ဖါရောဘုရင်မှာမူ စိတ်နှလုံးခိုင်မာဆဲဖြစ်၏။

တောင်းပန်မှုများနှင့်သတိပေးမှုများသည် အရာမရောက်ခဲ့ချေ။ ထိုကြောင့် နောက်ထပ်ဘေးဒဏ်တစ်ခုကိုထပ်မံကျရောက်စေခဲ့ပါသည်။ ဤအဖြစ်အပျက်ကိုကံအားလျော်စွာဖြစ်ပျက်လာသည်ဟုမပြောနိုင်စေရန်အလို့ငှာ ဖြစ်ပျက်မည့်အချိန်ကို ကြိုတင်ပြောကြားတော်မူခဲ့ပါသည်။ ယင်ရဲများသည် အိမ်များထဲတွင်လည်းကောင်း၊ အဲဂုတ္တုပြည်အနှံ့တွင်လည်းကောင်း ရောက်ရှိလာရာ ထိုယင်ရဲများကြောင့် အဲဂုတ္တုပြည်ပျက်လေ၏။ ဤယင်ရဲများသည် အကောင်ကြီးပြီး အဆိပ်ပြင်းထန်ပါသည်။ အကိုက်ခံရသောလူနှင့်တိရစ္ဆာန်များသည် အလွန်နာကျင်မှုဝေဒနာကိုခံကြရပါသည်။ ထိုယင်ရဲများသည် ကြိုတင်မိန့်တော်မူသည့်အတိုင်း ဂေါရှင်အရပ်၌မရှိခဲ့ကြချေ။

ထိုအခါဖါရောဘုရင်သည် အဲဂုတ္တုပြည်ထဲ၌ပင် ယဇ်ပူဇော်ကြရန် ဣသရေလများအားခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့ကလက်မခံခဲ့ကြချေ။ "ထိုသို့မပြုသင့်၊ ပြုလျှင်အဲဂုတ္တုလူတို့၏ရွံရှာဖွယ်သောအရာကို အကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရားသခင်အား ယဇ်ပူဇော်ရမည်။ အဲဂုတ္တုလူတို့၏ ရွံရှာဖွယ်သောအရာကို သူတို့မျက်မှောက်၌ယဇ်ပူဇော်လျှင် သူတို့သည် အကျွန်ုပ်တို့ကို ခဲနှင့်ပစ်ကြလိမ့်မည်မဟုတ်လော" ဟုမောရှေကပြောဆိုလေ၏။ ဟေဗြဲလူများအား ယဇ်ပူဇော်စေခဲ့သောတိရစ္ဆာန်များသည် အဲဂုတ္တုလူများ



အနေဖြင့် သန့်ရှင်းသောသတ္တဝါများဟုမှတ်ယူထားသည့်တိရစ္ဆာန်များဖြစ်နေပါသည်။ ထိုတိရစ္ဆာန်မျိုးကိုမတော်တဆသတ်မိခြင်းကိုပင် သေဒဏ်အပြစ်ပေးထိုက်သောရာဇဝတ်မှုဖြစ်သည်ဟု အဲဂုတ္တုလူများကမှတ်ယူထားကြပါသည်။ ထိုကြောင့် မိမိတို့၏သခင်များကို ထိမိလဲစရာမဖြစ်စေဘဲ ဟေဗြဲလူတို့သည် အဲဂုတ္တုပြည်တွင် ယဇ်ပူဇော်ရန်ဖြစ်နိုင်လိမ့်မည်မဟုတ်ချေ။ သို့ဖြင့်မောရှေက တော၌ခရီးသွား၍ ဘုရားသခင်အားယဇ်ပူဇော်ခွင့်ပေးရန်တောင်းပန်ပြန်သည်။ ထိုနောက်ဖါရောဘုရင်သည် သွားခွင့်ပြုရန်သဘောတူခဲ့ပြီး ထိုဘေးဒဏ်ကို ဖယ်ရှားပေးဖို့တောင်းပန်ပေးရန် မောရှေတို့အားပြောခဲ့၏။ ဘုရားသခင်ထံတွင် တောင်းပန်ပေးမည်ဟုသူတို့ကတိပြုခဲ့ကြသော်လည်း နောက်တစ်ဖန်ဆီးတား၍ လှည့်စားခြင်းမပြုရန် ဖါရောမင်းအားသတိပေးခဲ့ကြ၏။ ကျရောက်လျက်ရှိသော ထိုဘေးဒဏ်များကိုဖယ်ရှားတော်မူခဲ့သော်လည်း ဖါရောဘုရင်သည် နှလုံးခိုင်မာပြန်၍ ဣသရေလလူတို့ကိုမလွှတ်ဘဲနေပြန်၏။

ထိုအခါပို၍ကြောက်စရာကောင်းသောဘေးဒဏ်တစ်ခုသည် ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပါသည်။ ၎င်းမှာ အဲဂုတ္တုပြည်အနှံ့ရှိတိရစ္ဆာန်များ အပေါ်သို့ကပ်ရောဂါကျရောက်ခြင်းပင်ဖြစ်ပါသည်။ သန့်ရှင်းသောတိရစ္ဆာန်များနှင့်ဝန်တင်တိရစ္ဆာန်များတည်းဟူသော နွားထီး၊ နွားမများပြင် သိုးများ၊ မြင်း၊ ကုလားအုတ်နှင့်မြည်းများအားလုံးသည် သေကျေပျက်စီးခဲ့ကြပါသည်။ ဟေဗြဲလူများပိုင်သည့်တိရစ္ဆာန်များကို ကင်းလွတ်ခွင့်ပြုမည့်အကြောင်း ထင်ရှားစွာမိန့်တော်မူထားခဲ့ပါသည်။ ဣသရေလများနေထိုင်သည့်ဒေသသို့ စေတမန်များကိုလွှတ်၍ စုံစမ်းကြည့်သောအခါ မောရှေဖွင့်ဆိုသည့်အတိုင်း "ဣသရေလအမျိုးသားတို့၏တိရစ္ဆာန်တစ်ကောင်မျှမသေကြောင်း" ကိုသိရသော်လည်း ဖါရောမင်းသည် နှလုံးခိုင်မာပြန်၏။

ထိုနောက် ထာဝရဘုရားသခင်သည် မောရှေအား မီးဖိုထဲကပြာကို ယူစေပြီး ဖါရောဘုရင်ရှေ့၌ မိုးကောင်းကင်ကိုပစ်လွှတ်စေခဲ့၏။ ဤလုပ်ရပ်သည် အလွန်အရေးပါသောလုပ်ရပ်တစ်ခုဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် အနာဂတ်တွင် မိမိလူမျိုးတို့ခံစားရမည့်ဒုက္ခကို မီးခိုးထွက်သောမီးဖိုနှင့် မီးထွန်းလင်းသောမီးခွက်များအားဖြင့် ရုပ်လုံးဖေါ်လျက် လွန်ခဲ့သောနှစ်ပေါင်း

လေးရာမတိုင်မီက အာဗြဟံအားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ၎င်းပြင် ကိုယ်တော်သည် ၎င်းတို့အားနှိပ်စက်ညှဉ်းပန်းနေသူများအား ပြစ်ဒဏ်ခတ်ကာ ၎င်းတို့ကို ကြီးမားသောစည်းစိမ်များနှင့်အတူ ထုတ်ဆောင်တော်မူမည့်အကြောင်းကိုလည်း မိန့်တော်မူခဲ့ပြီဖြစ်ပါသည်။ အဲဂုတ္တုပြည်တွင်နေထိုင်စဉ် ဣသရေလများသည် ဒုက္ခမီးဖိုကြီးထဲတွင် ကာလကြာမြင့်ရှည်စွာနွမ်းလျပင်ပန်းခဲ့ကြရပါသည်။ ဘုရားသခင်သည် ၎င်း၏ပဋိညာဉ်ကိုအလေးထားကြောင်း၊ ၎င်းတို့အားကယ်နုတ်မည့်အချိန်သည် နီးကပ်လာပြီဖြစ်ကြောင်း မောရှေ၏လုပ်ဆောင်မှုသည် ၎င်းတို့အတွက်အာမခံချက်တစ်ရပ်ဖြစ်ခဲ့ပါသည်။

ထိုပြာများကိုမိုးကောင်းကင်သို့ပစ်လွှတ်လိုက်ရာ အဲဂုတ္တုပြည်အနှံ့တွင် အမှုန့်ကလေးများနှင့်ပျံ့နှံ့သွားခဲ့ပြီး ထိုအမှုန့်ကလေးများနှင့်ထိသည့်လူ၊ တိရစ္ဆာန်တို့တွင် အခဲအကျိတ်ပြည့်သောအနာဆိုးများပေါက်လာခဲ့ပါသည်။ ယဇ်ပုရောဟိတ်များနှင့်ဝိဇ္ဇာဆရာတို့သည် ထိုအချိန်အထိ ဖါရောမင်းအား အလျှော့မပေးရန်အားပေးခဲ့ကြရာ ယခုတွင် ဘေးဒဏ်တစ်ခုသည် ၎င်းတို့အပေါ်သို့ပင်ကျရောက်ခဲ့ချေပြီ။ ရွံရှာဖွယ်ကောင်းပြီး နာကျင်စေသည့်ရောဂါတစ်ခုကျရောက်ခံစားနေရသဖြင့် ၎င်းတို့၏ဟန်ပြတန်ခိုးများသည် ၎င်းတို့အား အရှက်ရစေပြီး ဣသရေလတို့၏ဘုရားသခင်အားဆိုင်ပြိုင်ခြင်း၌ သူတို့မစွမ်းနိုင်ကြတော့ချေ။ ဝိဇ္ဇာဆရာများသည် မိမိကိုယ်ကိုပင်ကာကွယ်နိုင်စွမ်းမရှိကြောင်းတွေ့မြင်ရသောအခါ ၎င်းတို့အပေါ်ယုံကြည်အားကိုးခြင်းသည် မိုက်မဲမှုတစ်ရပ်သာဖြစ်ကြောင်း ထိုလူမျိုးအပေါင်းတို့အား သိမြင်စေခဲ့ပါသည်။

သို့တိုင်အောင်ဖါရောမင်းသည် ပို၍နှလုံးခိုင်မာခဲ့ပါသည်။ ယခုတွင် ထာဝရဘုရားသခင်က ၎င်းထံသို့သတင်းပေးပို့သည်မှာ "ယခုကာလအခါ သင်၏နှလုံး၌လည်းကောင်း၊ သင်၏ကျွန်များ၊ လူများ၌လည်းကောင်း ငါ၏ဘေးဒဏ်အလုံးစုံတို့ကိုသက်ရောက်စေမည်။ မြေကြီးတစ်လျှောက်လုံး၌ ငါကဲ့သို့သောသူမရှိကြောင်းကို သင်သည်သိရလိမ့်မည်။---အကယ်စင်စစ်၊ ငါ့တန်ခိုးကိုသင်၌ပြခြင်းငှာ---သင့်ကိုငါချီးမြှောက်ခဲ့ပြီ" ဟူ၍ဖြစ်၏။ ထာဝရဘုရားသခင်သည် ဤအကြံအစည်တော်အတွက် ၎င်းအားအသက်ရှင်ခွင့်ပေးခဲ့ရုံသာမက ဣသရေလလူများအားကယ်နုတ်ရန်အတွက် ခန့်ခွဲထား



သောအချိန်တွင် ၎င်းအားထိန်းနန်းရရှိရန် ကိုယ်တော်သည် အရာရာကိုစီမံအုပ်စိုးပေးတော်မူခဲ့ပါသည်။ ဤဘုရင်ဆိုးကြီးသည် မိမိ၏ရာဇဝတ်မှုများကြောင့် ဘုရားသခင်၏ကရုဏာတော်ကိုလက်လွှတ်ဆုံးရှုံးခဲ့ရသော်လည်း သူ၏ခေါင်းမာမှုကိုအသုံးပြုကာ ထာဝရဘုရားသခင်သည် မိမိတန်ခိုးတော်ကို အဲဂုတ္တုပြည်တွင်ပြနိုင်ရန် ၎င်း၏အသက်တာကို ဆက်လက်အသက်ရှင်စေခဲ့ပါသည်။ အခြေအနေအရပ်ရပ်တို့၏ဖြစ်ပျက်မှုသည် ဘုရားသခင်၏အစီအစဉ်အတိုင်းဖြစ်ပျက်ခဲ့ကြပါသည်။ ဘုရားသခင်၏ကြီးမားလှသည့်တန်ခိုးတော်ကို အန်မတုဝံ့သောပို၍နူးညံ့ပျော့ပျောင်းသည့်ဘုရင်တစ်ပါးကို အဲဂုတ္တုပြည်၌နန်းတင်မည်ဆိုက ကိုယ်တော်ရှင်သည် နန်းတင်နိုင်တော်မူပါသည်။ သို့ရာတွင် ထိုသို့ပြုလိုက်လျှင် ဘုရားသခင်၏အကြံအစည်တော်ကိုပြီးမြောက်အောင်အကောင်အထည်ဖော်နိုင်ခဲ့လိမ့်မည်မဟုတ်ချေ။ မိမိအမျိုးသားတို့သည် ရုပ်တုကိုးကွယ်ခြင်း၏ယုတ်ညံ့သောဩဇာလွှမ်းမိုးမှုများနှင့်စပ်လျဉ်း၍ အလိမ်မခံရစေရန်အလို့ငှာ အဲဂုတ္တုလူများပြုသည့် ရက်စက်ကြမ်းကြုတ်မှုများကို တွေ့ကြုံခံစားခွင့်ပြုတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ဖါရောဘုရင်အား ဆက်ဆံပြုမူမှုများတွင် ရုပ်တုကိုးကွယ်ခြင်းကိုရွံရှာမုန်းတီးကြောင်းနှင့် ၎င်းတို့ပြုသောနှိပ်စက်ညှဉ်းပန်းမှုများကို အပြစ်ဒဏ်စီရင်ရန်ဖော်ပြတော်မူခဲ့ပါသည်။

ငါသည် ဖါရောဘုရင်ကို ဣသရေလလူတို့အားမလွှတ်ဘဲနေစေရန် သူ၏နှလုံးကိုခိုင်မာစေမည်ဟု ထိုသူနှင့်ပတ်သက်၍ ထာဝရဘုရားသခင်မိန့်တော်မူခဲ့ဖူးပါသည်။ ထိုသို့ပြုရာတွင် သဘာဝအလွန်တန်ခိုးများကို အသုံးပြုတော်မမူခဲ့ပါ။ ထာဝရဘုရားသခင်သည် ဖါရောမင်းအားကြီးမြတ်သောတန်ခိုးတော်နှင့်ပတ်သက်သည့် အထိရောက်ဆုံးသောအထောက်အထားကိုပေးတော်မူခဲ့သော်လည်း ထိုဘုရင်သည် ရရှိသောအလင်းကိုလိုက်လျှောက်ရန် နှလုံးခိုင်မာစွာဖြင့်ငြင်းဆန်ခဲ့ပါသည်။ ထာဝရတန်ခိုးတော်ကိုထင်ရှားစွာဖော်ပြခဲ့သည့်အရာတိုင်းကို သူငြင်းဆန်ခဲ့ပါသည်။ ထိုသို့ငြင်းဆန်သည်နှင့်အမျှ ဘုရားသခင်ကိုဆန့်ကျင်ရန် စိတ်နှလုံးပို၍ခိုင်မာလာခဲ့ပါသည်။ ပထမဦးဆုံးပြုတော်မူသောအံ့ဖွယ်ရာလက္ခဏာကိုငြင်းပယ်သောအချိန်တွင် သူကြဲခဲ့သော ပုန်ကန်ခြားနားခြင်းမျိုးစေ့သည် ရိတ်သိမ်းမှုကိုဖြစ်စေခဲ့ပါသည်။ သူသည်

မိမိ၏လမ်းစဉ်အတိုင်း ဆက်လက်လုပ်ဆောင်လာသည်နှင့်အမျှ နှလုံးခိုင်မာမှုသည် တဖြည်းဖြည်းရင့်ကျက်လာကာ နောက်ဆုံးတွင် သားဦးများ၏အသေကောင်မျက်နှာများကိုကြည့်ဖို့အခေါ်ခံခဲ့ရသောအခြေအထိ သူ၏နှလုံးသည် ပို၍သာမာကျောလာခဲ့ပါသည်။

ထာဝရဘုရားသခင်သည် သတိပေးစကားများနှင့်အပြစ်အတွက်ဆုံးမသွန်သင်စကားများကို မိမိ၏ကျွန်များမှတစ်ဆင့် လူသားများအားမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူတိုင်းအားမှားယွင်းသောအကျင့်ဓလေ့များကို စာရိတ္တတွင်အခြေမခိုင်မီပြင်ဆင်ဖို့အခွင့်အရေးပေးတော်မူပါသည်။ သို့ရာတွင် တစ်စုံတစ်ယောက်သည် အပြုပြင်မခံလျှင် ဘုရားသခင်၏တန်ခိုးတော်သည် မှားယွင်းသောလုပ်ရပ်များဘက်သို့တိမ်းညွှတ်သော ၎င်း၏သဘောထားများကို ဟန့်တားရန်ဝင်ရောက်မစတော်မူလိမ့်မည်မဟုတ်ချေ။ ယခုလုပ်ခဲ့ဖူးသော မှားယွင်းမှုကို နောက်တစ်ခါထပ်၍လုပ်ဆောင်ရန်လွယ်ကူကြောင်း သူတွေ့ရှိလာပါသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ဖက်ပြိုင်၍ စိတ်နှလုံးခိုင်မာနေခြင်းဖြစ်သည်။ အလင်းတော်ကိုဆက်၍ငြင်းဆန်နေခြင်းသည် ပို၍ခွန်အားကြီးသောတန်ခိုးတော်တစ်ခုက တည်မြဲသောစိတ်စွဲလမ်းမှုတစ်ခုကို ဖြစ်စေရန် မထိရောက်တော့သည့်အခြေအနေသို့ပို့ဆောင်ပေးပါလိမ့်မည်။

စုံစမ်းခြင်းထဲသို့တစ်ကြိမ်လိုက်ပါဖူးသည့်လူတစ်ယောက်သည် ဒုတိယအကြိမ်လိုက်ပါရန် အဆင်သင့်ရှိနေလိမ့်မည်။ အပြစ်ကိုထပ်ခါတလဲကျူးလွန်ခြင်းသည် ခုခံနိုင်သည့်တန်ခိုးကိုနည်းပါးစေပြီး မိမိကိုယ်ကိုအသိဉာဏ်ကင်းမဲ့စေကာ ခံယူချက်များကိုပျောက်ပျက်စေပါသည်။ ကာမဂုဏ်ခံစားမှုအတွက်ကြဲသောမျိုးစေ့တိုင်းသည် အသီးသီးကြလိမ့်မည်။ ရိတ်သိမ်းမှုကိုဟန့်တားရန် ထာဝရဘုရားသခင်သည် မည်သည့်ကြိုတင်ဟောလက္ခဏာတစ်စုံတစ်ခုကိုမျှ ပြုတော်မူလိမ့်မည်မဟုတ်ချေ။ "လူသည် မျိုးစေ့ကြဲသည့်အတိုင်း အသီးအနှံကို ရိတ်သိမ်းရလိမ့်မည်။ ဘုရားသခင်အားအကြည်ညိုကင်းမဲ့သော ရဲတင်းသည့် လုပ်ရပ်၊ ဘုရားသခင်၏တရားတော်ကိုစိတ်ဝင်စားမှုမရှိကြောင်းဖော်ပြသည့် အပြုအမူတစ်စုံတစ်ရာကိုပြုလုပ်သောသူသည် မိမိကိုယ်တိုင်ကြဲသောမျိုးစေ့ အတွက် ရိတ်သိမ်းမှုကိုရမည်သာတည်း။ တစ်ချိန်က မိမိတို့အားလှုပ်လှုပ်



ရှားရှားဖြစ်စေခဲ့သောတရားတော်များကို လူပေါင်းများစွာတို့သည် ထိုနည်းနှင်နှင် စိတ်မပါ့တပါနှင့်နားထောင်ရန်လာတတ်ကြပါသည်။ ထိုသူတို့သည် သမ္မာတရားကိုလျစ်လျူရှုခဲ့ကြပြီး ငြင်းဆန်မှုများကိုပြုခဲ့ကြသည်။ ထိုအရာသည် ၎င်းတို့ရိတ်သိမ်းရမည့်အရာပေတည်း။

မိမိ၌အပြစ်ရှိသည်ဟူသောအသိစိတ်ကလေးကို ဤမကောင်းမှုလုပ်ရပ်အား မိမိပြောင်းလဲလိုသောအချိန်တွင်ပြောင်းနိုင်သည်။ မိမိတို့သည် ကရုဏာတော်၏ဖိတ်ခေါ်ချက်များကို လိုသလိုပြုနိုင်သည်ဟူသောအတွေးများဖြင့် ငြိမ်သက်စေသောလူများသည် ကြုံတွေ့ရမည့်ဘေးအန္တရာယ်ကိုသိလျက်နှင့် ထိုလမ်းစဉ်ကိုလုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ၎င်းတို့သည် မဟာပုန်ကန်ခြားနားသူ၏ဘက်တွင် လုံးလုံးကြီးရပ်တည်ခဲ့သော်လည်း အကျပ်အတည်းတွေ့လာပြီး ဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရသောအချိန်တွင် ခေါင်းဆောင်ပြောင်းမည်ဟု သူတို့တွေးတောထားကြပါသည်။ သို့ရာတွင် ဤအလုပ်သည် အလွယ်တကူလုပ်ဆောင်ပြီးစီးသည့်အလုပ်မဟုတ်ပါ။ အပြစ်များသောကာမဂုဏ်ခံစားမှုဖြင့်ပြည့်ဝသောအသက်တာတစ်ခု၏စည်းများအတွေ့အကြုံနှင့် ရရှိခဲ့သောပညာများသည် ၎င်းတို့၏စာရိတ္တကိုလုံးလုံးလျားလျားပုံသွင်းထားခဲ့ပြီးဖြစ်ရာ ထိုသူတို့သည် ထိုအချိန်တွင်ခရစ်တော်၏ပုံသဏ္ဌာန်တော်ကိုလက်ခံရယူနိုင်စွမ်းမရှိတော့ချေ။ အကယ်၍ သူတို့သည်အလင်းတရားကိုမရရှိခဲ့ဖူးကြလျှင် ထိုကဲ့သို့ဖြစ်လိမ့်မည်မဟုတ်ပါ။ ကရုဏာတော်သည် ကြားဝင်ဆောင်ရွက်ကာ ၎င်း၏ကမ်းလှမ်းမှုကိုလက်ခံရန် ထိုသူများအားအခွင့်အရေးပေးကောင်းပေးပါလိမ့်မည်။ သို့ရာတွင် အလင်းတရားကိုအချိန်ကြာမြင့်စွာငြင်းပယ်ပြီး မထီလေးစားလုပ်ခဲ့ပါလျှင် နောက်ဆုံးတွင် ထိုအလင်းတော်ကို ပြန်လည်ရုပ်သိမ်းသွားပေလိမ့်မည်။

"လယ်ပြင်၌ရှိသောတိရစ္ဆာန်များနှင့် ရှိလေသမျှတို့ကိုသိမ်းယူလော့။ အိမ်သို့မဆောင်လျှင် လယ်ပြင်၌တွေ့သမျှသောလူနှင့်တိရစ္ဆာန်တို့အပေါ်မှာ မိုးသီးကျ၍ သူတို့သည်သေကြလိမ့်မည်အကြောင်းကိုပြောလော့" ဟူ၍ ဖါရောဘုရင်အပေါ်နောက်ထပ်ကျရောက်မည့်မိုးသီးဘေးဒဏ်အကြောင်းကို ပြောရန် မောရှေအား ထာဝရဘုရားသခင်မိန့်တော်မူ၏။ မိုးရွာသွန်းခြင်း

(ဝ၂) မိုးသီးကျခြင်းသည် အဲဂုတ္တုပြည်တွင် ဖြစ်လေ့ဖြစ်ထတစ်ခုမဟုတ်ချေ။ ယခုကဲ့သို့ကြိုတင်မိန့်ဆိုထားသောမိုးသီးကျခြင်းမျိုးကို ယခင်ကမတွေ့ကြုံခဲ့ဖူးချေ။ ထိုသတင်းသည် အလျင်အမြန်ပျံ့နှံ့သွားသဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်စကားများကိုယုံကြည်သောသူများသည် မိမိတို့၏သိုးနွားများကိုစုသိမ်းခဲ့ကြသော်လည်း ထိုသတိပေးစကားကိုမယုံကြည်သောသူများမှာမူ ၎င်းတို့၏တိရစ္ဆာန်များကို လယ်ပြင်များ၌စွန့်ပစ်ထားကြပါသည်။ ဤနည်းအားဖြင့် ဘေးဒဏ်ကြီးများကျရောက်နေစဉ်တွင် မဟာကရုဏာတော်ကိုဖော်ပြကာလူတို့ကိုစမ်းသပ်တော်မူခဲ့ရာ လူပေါင်းမည်ရွေ့မည်မျှသည် ထင်ရှားတော်မူသောကိုယ်တော်၏တန်ခိုးတော်ကြောင့် ထာဝရဘုရားသခင်ကိုကြောက်ရွံ့ချစ်ခင်လာကြသည်ကို ထင်ရှားစွာတွေ့မြင်ခဲ့ရပါသည်။

ကြိုတင်မိန့်ကြားထားသည့်အတိုင်း "အဲဂုတ္တုပြည်တည်ထောင်သည့်ကာလမှစ၍ တစ်ခါမျှမဖြစ်ဖူးသောမိုးသီး၊ မီးနှင့်ရောစပ်အလွန်ပြင်းထန်သောမိုးသီးဖြစ်လေ၏။ အဲဂုတ္တုပြည်တစ်လျှောက်လုံး၌ လယ်ပြင်မှာရှိသမျှသောလူတို့နှင့်တိရစ္ဆာန်များ၊ မြက်ပင်များ၊ သစ်ပင်များတို့ကို မိုးသီးထိလေ၏။" ဖျက်ဆီးခြင်းငှာစေလွှတ်ခြင်းခံရသော ထိုကောင်းကင်တမန်သွားရာလမ်းတစ်လျှောက်တွင် ပျက်စီးဆုံးရှုံးမှုများနှင့်ပြည့်ဝခဲ့ပါသည်။ ဂေါရှင်အရပ်တစ်ခုတည်းသာ ထိုဘေးဒဏ်မှကင်းလွတ်ခဲ့ပါသည်။ ဤကမ္ဘာလောကသည်အသက်ရှင်တော်မူသောထာဝရဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင်ရှိကြောင်း၊ လောကဓါတ်တို့သည် ကိုယ်တော်၏စကားကိုနားထောင်ကြောင်း၊ တစ်ခုတည်းသောလုံခြုံမှုကို ကိုယ်တော်၏အမိန့်တော်ကိုနာခံခြင်းအားဖြင့်သာရနိုင်ကြောင်းများကို အဲဂုတ္တုလူများအား ဤသို့သောနည်းအားဖြင့် ဖော်ပြတော်မူခဲ့ပါသည်။

အဲဂုတ္တုလူအပေါင်းတို့သည် ကျရောက်လျက်ရှိသောဘေးဒဏ်များကြောင့် အလွန်ကြောက်ရွံ့တုန်လှုပ်လျက်ရှိကြပါသည်။ "ဖါရောဘုရင်သည်လည်း လူကိုစေလွှတ်၍ မောရှေနှင့်အာရုန်ကိုခေါ်ပြီးလျှင် ဤအမှု၌ငါပြစ်မှားပြီ။ ထာဝရဘုရားသခင်သည် ဖြောင့်မတ်တော်မူ၏။ ငါနှင့်ငါ့လူတို့သည် အပြစ်များပါ၏။ တန်ပါပြီ။ အားကြီးသောမိုးကြိုးနှင့်မိုးသီးစဲမည့်အကြောင်း ထာဝရဘုရားသခင်ကိုတောင်းပန်ပါ။ သင်တို့ကိုငါမဆီးမတား။ အလျင်အမြန်



လွှတ်မည်" ဟုဆိုရာ "မောရှေကလည်း မြို့ထဲကကျွန်ုပ်ထွက်သွားသောအခါ ထာဝရဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်လက်ဝါးကိုဖြန့်ပါမည်။ ထာဝရဘုရားသခင်သည် မြေကြီးကိုအစိုးရတော်မူကြောင်းကို ကိုယ်တော်သိစေခြင်းငှာ မိုးကြိုးစဲလိမ့်မည်။ မိုးသီးလည်းမကျမရွာရ။ သို့သော်လည်း ကိုယ်တော်နှင့်ကိုယ်တော်၏ကျွန်တို့သည် ထာဝရဘုရားသခင်ကိုမကြောက်သေးကြောင်းကို အကျွန်ုပ်သိပါသည်ဟုလျှောက်လေ၏။"

ထိုတိုက်လှန်ပွဲသည် မပြီးဆုံးသေးကြောင်းကိုမောရှေသိထားပါသည်။ ဖါရောဘုရင်ပြုသည့်ဝန်ခံမှုနှင့်ကတိဝန်ခံချက်များသည် နှလုံးသားထဲမှထွက်ပေါ်လာသည့် လုံးလုံးလျားလျားပြောင်းလဲမှု၏အမျိုးဆက်တစ်ခုမဟုတ်ဘဲ စိုးရွံ့ကြောက်လန့်မှုများကြောင့် ထွက်ပေါ်လာသောအရာများသာဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဖါရောဘုရင်အား နှလုံးခိုင်မာဖို့အခွင့်မရသွားစေရန် ၎င်း၏တောင်းဆိုချက်ကိုလိုက်လျှောဖို့ မောရှေကတိပြုခဲ့ပါသည်။ ထိုနောက်မောရှေသည် ပြင်းထန်စွာကျနေသည့်မိုးသီးများကိုအမှုမထားဘဲ မြို့ပြင်သို့ထွက်သွားခဲ့ရာ ၎င်းအားဘေးမသီရန်မခစေအောင် စောင့်ရှောက်တော်မူသောဘုရားသခင်၏တန်ခိုးတော်ကို ဖါရောဘုရင်နှင့်တကွ ၎င်း၏နန်းတွင်းသားများမြင်တွေ့ခဲ့ရပါသည်။ မြို့ပြင်သို့ရောက်သောအခါ "မောရှေသည်---ထာဝရဘုရားသခင့်ရှေ့တော်၌လက်ဝါးတို့ကိုဖြန့်သဖြင့် မိုးကြိုးနှင့်မိုးသီးစဲလေ၏။ မြေပေါ်၌လည်း မိုးမရွာ။" သို့ရာတွင် ဖါရောဘုရင်သည် အကြောက်ပြေလျှင်ပြေချင်း၊ သူ၏စိတ်နှလုံးသည် တစ်ဖန်ပြန်၍စဉ်းလဲဖေါက်ပြန်သွားခဲ့ပါသည်။

"တစ်ဖန်ထာဝရဘုရားသခင်က သင်သည်ဖါရောဘုရင်ထံသို့ဝင်လော့။ ငါသည်ဤနိမိတ်တို့ကို သူ့ရှေ့၌ပြခြင်းငှာလည်းကောင်း၊ အဲဂုတ္တုပြည်၌ငါပြုသောအမှု၊ အဲဂုတ္တုလူတို့တွင်ငါပြသောကြိုတင်ဟောထားချက်တို့ကို သင်၏သားမြေးတို့အားကြားပြောသဖြင့် ငါသည် ထာဝရဘုရားသခင်ဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှာလည်းကောင်း၊ သူ၏နှလုံး၊ သူ့ကျွန်တို့၏နှလုံးကိုငါခိုင်မာစေပြီဟု မောရှေအားမိန့်တော်မူ၏။" မိမိအား စစ်မှန်၍အသက်ရှင်လျက်ရှိတော်မူသည့်ထာဝရဘုရားသခင်အဖြစ် ဣသရေလများ၏ယုံကြည်မှုကိုခိုင်ခံ့တည်မြဲစေရန် ကိုယ်တော်သည် မိမိ၏တန်ခိုးတော်ကို

ထင်ရှားစေတော်မူခဲ့ပါသည်။ ၎င်းတို့နှင့်အဲဂုတ္တုလူများအကြားကွဲပြားခြားနားမှုများအတွက် မမှားနိုင်သောသက်သေအထောက်အထားများကို ကိုယ်တော်ပေးတော်မူခဲ့၏။ ထို့ပြင်အဲဂုတ္တုလူများကအထင်သေးပြီး နှိပ်စက်ညှဉ်းပန်းခဲ့ကြသော ဟေဗြဲများသည် ထာဝရဘုရားသခင်၏ကာကွယ်မှုအောက်တွင်ရှိနေကြောင်း လူမျိုးအပေါင်းတို့အား သိရှိစေခဲ့ပါသည်။

အကယ်၍သူသည် ဆက်၍ခေါင်းမာနေဦးမည်ဆိုလျှင် မြေတစ်ပြင်လုံးကိုဖုံးသွားကာ မိုးသီးဒဏ်ကြောင့်မပျက်စီးဘဲ ကျန်ရှိနေသေးသည့်သစ်ပင်များကို ကိုက်ဖြတ်စားသောက်မည့်ကျိုင်းကောင်များကျလာမည့်ဘေးနှင့်ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း၊ ထိုကျိုင်းကောင်များသည် "သင်၏ဘိုးဘေးတို့မြေပေါ်မှာဖြစ်သည်ကာလမှစ၍ ယနေ့တိုင်အောင်မမြင်ဖူးသကဲ့သို့ သင်၏အိမ်များ၊ သင်၏ကျွန်တို့အိမ်များ၊ အဲဂုတ္တုလူအပေါင်းတို့၏အိမ်များတို့ကိုဖြည့်ကြလိမ့်မည်ဖြစ်ကြောင်း" ဖါရောဘုရင်အား မောရှေသတိပေးခဲ့ပါသည်။

ဖါရောဘုရင်၏အကြံပေးအရာရှိများသည်ထိတ်လန့်ပြီး ကြောင်တက်တက်ဖြစ်နေကြပါသည်။ တိုင်းပြည်ရှိ ကျွဲ၊ နွား၊ သိုး၊ မြည်း များလည်းသေကျေဆုံးရှုံးခဲ့ရပြီ။ မိုးသီးဒဏ်ကြောင့် လူအမြောက်အမြားလည်း သေကျေခဲ့ကြရပြီ။ သစ်တောကြီးများနှင့်သီးနှံများလည်း ပျက်စီးခဲ့ရပြီ။ သူတို့သည် ဟေဗြဲလူများ၏လုပ်အားဖြင့်ရရှိထားသည့်အရာများကို တစ်ခဏချင်းတွင်လက်လွှတ်ဆုံးရှုံးခဲ့ကြရပါသည်။ တစ်နိုင်ငံလုံးသည် အငတ်ဘေးဒဏ်နှင့် ရင်ဆိုင်ရမလိုဖြစ်နေသည်။ ထိုကြောင့် ဖါရောဘုရင်၏ကျွန်တို့သည် ဘုရင်ကြီးအနီးသို့ချဉ်းကပ်လာကြပြီး "ဤလူသည် ငါတို့ကိုအဘယ်မျှကာလပတ်လုံး နှောင့်ယှက်ပါလိမ့်မည်နည်း။ ထိုသူတို့သည် သူတို့၏ဘုရားသခင်ထာဝရဘုရားအားဝတ်ပြုမည့်အကြောင်း အခွင့်ပေးတော်မူပါ။ အဲဂုတ္တုပြည်ပျက်ကြောင်းကိုသိတော်မမူသေးသလော" ဟုလျှောက်ကြ၏။

ထိုအခါဖါရောဘုရင်သည် မောရှေနှင့်အာရုန်တို့အား ရှေ့တော်သို့သွင်းစေ၍ "သင်တို့၏ဘုရားသခင်ထာဝရဘုရားအား ဝတ်ပြုခြင်းငှာသွားကြလော့။ သို့ရာတွင် သွားရသောသူတို့သည် အဘယ်သူနည်း" ဟုမေးလျှင် "မောရှေက အကျွန်ုပ်တို့သည် သူငယ်၊ သူအို၊ သားသမီး၊ သိုး၊



နွားပါလျက်သွားပါမည်။ အကြောင်းမူကား ထာဝရဘုရားသခင်ရှေ့တော်၌ပွဲခံရပါမည်" ဟုပြန်ဆိုလေသော် ဘုရင်ကြီးသည် အမျက်ဒေါသထွက်လာကာ "သင်တို့နှင့်သူငယ်များကိုငါလွှတ်သည်အတိုင်း ထာဝရဘုရားသခင်သည်သင်တို့၌ရှိစေသော။ သတိပြု၊ မကောင်းသောအကြံကိုကြံကြသည်တကား။ ထိုသို့မဖြစ်ရာ၊ အရင်တောင်းလျှောက်သည့်အတိုင်း ယောကျာ်းဖြစ်သောသူတို့သာသွား၍ ထာဝရဘုရားသခင်အားဝတ်ပြုကြဟုမိန့်တော်မူသဖြင့်သူတို့ကိုအထံတော်မှနှင်လေ၏။" ဖါရောဘုရင်သည် ကြမ်းတမ်းသောအလုပ်များအားဖြင့် ဣသရေလများအား ဖျက်ဆီးသုတ်သင်ပစ်ရန်ကြိုးစားခဲ့သော်လည်း ယခုတွင်မူ ၎င်းတို့၏ကောင်းကျိုးချမ်းသာရေးအတွက်စိတ်ဝင်စားသယောင်၊ ကလေးငယ်များအတွက်စိုးရိမ်သယောင် ဟန်ဆောင်နေပါသည်။ ၎င်း၏တကယ့်ရည်ရွယ်ချက်မှာ ဣသရေလယောကျာ်းကြီးများပြန်လာအောင် အမျိုးသမီးများနှင့်ကလေးငယ်များကို ဓါးစာခံအဖြစ်ထိန်းသိမ်းထားရန်ဖြစ်ပါသည်။

ယခုတွင်မောရှေသည် "မိမိလှံတံကို အဲဂုတ္တုပြည်အပေါ်မှာဆန့်သဖြင့်အရှေ့လေသည် ကျိုင်းကောင်တို့ကိုဆောင်လေ၏။---ထိုသို့သောကျိုင်းတို့သည် ရှေးကမဖြစ်စဖူး။ နောက်၌လည်းမဖြစ်ရလတ္တံ့။" မြေတစ်ပြင်လုံးတွင်မည်းမှောင်သွားသည့်တိုင် ကောင်းကင်ယံတစ်ခုလုံးတွင်ပြည့်သွားခဲ့ပါသည်။ ထိုနောက်စိမ်းသောအရာမှန်သမျှကိုစားပစ်ကြပါသည်။ ထိုအခါ ဖါရောဘုရင်သည် မောရှေနှင့်အာရုန်တို့ကိုအလျင်အမြန်ခေါ်စေ၍ "သင်တို့၏ဘုရားသခင်ထာဝရဘုရားသခင်ကိုလည်းကောင်း၊ သင်တို့ကိုလည်းကောင်း ငါပြစ်မှားပြီ။ သို့ဖြစ်၍ သည်တစ်ခါငါ့အပြစ်ကိုသည်းခံပါလော့။ သင်တို့ဘုရားသခင်ထာဝရဘုရားသခင်သည် ဤသေဘေးတစ်ခုကိုသာငါမှပယ်ရှားပါမည်အကြောင်းတောင်းပန်ပေးပါ" ဟုဆို၏။ သူတို့သည် ၎င်းပြောသည့်အတိုင်းပြုတော်မူခဲ့ရာ အနောက်လေသည် ကျိုင်းကောင်များကို ပင်လယ်နီဆီသို့သယ်ဆောင်သွားခဲ့သည်။ သို့ရာတွင် ဖါရောဘုရင်သည် နှလုံးခိုင်မာမြဲခိုင်မာလျက်ရှိခဲ့ပါသည်။

အဲဂုတ္တုပြည်သူများသည် အတော်စိတ်ပျက်နေကြချေပြီ။ ကျရောက်ခဲ့ပြီးသောဘေးဒဏ်များသည် ၎င်းတို့မခံမရပ်နိုင်အောင် ပြင်းထန်နေသယောင်ဖြစ်ခဲ့ပါသည်။ ၎င်းပြင်သူတို့သည် အနာဂတ်ရေးအတွက်လည်း စိုးရိမ်ပူပန်လာကြပါသည်။ ထိုအဲဂုတ္တုပြည်သူပြည်သားများသည် ၎င်းတို့ကိုးကွယ်သောဘုရားသခင်၏ကိုယ်စားလှယ်အဖြစ် ဖါရောဘုရင်အားကိုးကွယ်ဝတ်ပြုခဲ့ကြသော်လည်း သဘာဝ၏အာဏာစက်အပေါင်းကို မိမိအလိုတော်ကိုဆောင်မည့်သူများဖြစ်စေတော်မူသောပုဂ္ဂိုလ်တစ်ပါးနှင့်သူ(ဖါရော)ဆန့်ကျင်တိုက်လှန်နေသည်ဖြစ်ကြောင်း၊ ယခုတွင်လူအများကသဘောပေါက်ခဲ့ကြပါသည်။ အလွန်ထူးဆန်းစွာကျေးဇူးပြုခြင်းခံခဲ့ရသော ကျွန်ဘဝရောက်နေသည့်ဟေဗြဲလူများသည်မိမိတို့ကယ်နုတ်ခြင်းခံရတော့မည်ကို ယုံကြည်စိတ်ချလာခဲ့ကြပါသည်။ ၎င်းတို့၏အလုပ်ကြပ်များသည်လည်း ယခင်တုန်းကကဲ့သို့ ၎င်းတို့အားမနှိပ်စက်ဝံ့ကြတော့ချေ။ ဟေဗြဲကျွန်များက ပုန်ကန်ထကြွလာကာ မိမိတို့အားကလဲ့စားချေမည်ကို အဲဂုတ္တုပြည်အနှံ့တွင် စိုးရိမ်မှုများဖြစ်နေကြပါသည်။ လူတို့သည် "နောက်ဘာဖြစ်လာဦးမလဲ" ဟုအသက်ပင်မရှူရဲတရဲဖြင့် နေရာတကာတွင်စုံစမ်းမေးမြန်းနေကြပါသည်။

"စမ်းသပ်၍တွေ့ရသောမှောင်မိုက်" ကဲ့သို့သောထူထပ်သည့်မှောင်မိုက်သည် အဲဂုတ္တုပြည်ပေါ်သို့ရုတ်တရက်ကျရောက်လာခဲ့ပါသည်။ သူတို့သည်အလင်းမရရုံသာမက အသက်ရှူကျပ်လာသည့်တိုင်အောင် လေထုကြီးသည်လည်း မခံမရပ်နိုင်အောင်ဖြစ်လာခဲ့ပါသည်။ "ထိုအခါ တစ်ယောက်ကိုတစ်ယောက်မမြင်နိုင်ကြ။ သုံးရက်ပတ်လုံးအဘယ်သူမျှမိမိနေရာမှမထရကြ။ သို့ရာတွင် ဣသရေလအမျိုးသားအပေါင်းတို့သည် မိမိတို့နေရာ၌ အလင်းကိုရကြ၏။" နေနှင့်လတို့သည် အဲဂုတ္တုလူများကိုးကွယ်ခဲ့သောအရာများဖြစ်ကြရာ ဟေဗြဲလူမျိုးတို့၏ကောင်းကျိုးချမ်းသာကိုတာဝန်ယူမစတော်မူခဲ့သောမဟာတန်ခိုးတော်အားဖြင့် ထိုအဲဂုတ္တုလူမျိုးတို့နှင့်တကွ ၎င်းတို့ကိုးကွယ်ခဲ့သောဘုရားများကိုနားမလည်နိုင်အောင် မှောင်မည်းနေသည့်ထိုအမှောင်မိုက်ကြီးထဲတွင် ထိုးနှိပ်တော်မူပါသည်။ ဤဘေးဒဏ်သည် ကြောက်စရာကောင်းသောဘေးဒဏ်တစ်ခုဖြစ်သော်လည်း ၎င်းတို့အားဖျက်ဆီးရန် ဘုရားသခင်



အလိုတော်မရှိကြောင်းနှင့် ဘုရားသခင်၏ကရုဏာတော်အတွက် အထောက်အထားတစ်ခုဖြစ်ခဲ့ပါသည်။ ကြောက်စရာအကောင်းဆုံးဖြစ်သည့် နောက်ဆုံးသောဘေးဒဏ်ကြီးကို ၎င်းတို့အပေါ်မကျရောက်စေမီ ကိုယ်တော်သည် ၎င်းတို့အားပြန်လည်စဉ်းစားသုံးသပ်ရန်နှင့်နောင်တရနိုင်ရန် အချိန်ပေးတော်မူခဲ့ပါသည်။

နောက်ဆုံးတွင် ဖါရောဘုရင်သည် ကြောက်လန့်လာသဖြင့် နောက်ထပ်အလျှော့ပေးလိုက်လျောမှုတစ်ခုကိုပြုခဲ့ပါသည်။ အမှောင်ဖုံးလွှမ်းသည့်သုံးရက်ကုန်ဆုံးသောအခါ သူသည်မောရှေကိုဆင့်ခေါ်ကာ သိုးနွားများကိုထားခဲ့စေပြီး ထွက်ခွာခွင့်ပြုလိုက်ပါသည်။ ထိုအခါ "ကျွန်ုပ်တို့သည် တိရစ္ဆာန်များကိုဆောင်သွားရမည်။ တစ်ကောင်မျှမကျန်ရစ်ရ။"---ထာဝရဘုရားသခင်အား အဘယ်မည်သောအကောင်နှင့်ဝတ်ပြုရမည်ကို ထိုအရပ်သို့မရောက်မီမသိပါဟု အလျှော့မပေးဘဲ ဟေဗြဲများကတုံ့ပြန်ခဲ့ရာ ဖါရောဘုရင်သည်အမျက်ဒေါသခြောင်းခြောင်းထွက်လျက် "ငါ့ထံမှထွက်သွားလော့။ နောက်တစ်ဖန်ငါ့မျက်နှာကိုမမြင်အောင်သတိပြုလော့။ ငါ့မျက်နှာကိုမြင်သောနေ့၌သေမည်" ဟုမောရှေအားကြိမ်းဝါးလေ၏။

မောရှေကလည်း "မိန့်တော်မူချက်သည်လျောက်ပတ်ပါ၏။ မျက်နှာတော်ကိုနောင်တစ်ဖန်မမြင်ပါ" ဟုလျှောက်လေ၏။

မောရှေဟုခေါ်တွင်သောထိုပုဂ္ဂိုလ်သည် အဲဂုတ္တုပြည်ရှိ ဖါရောဘုရင်၏ကျွန်များနှင့်တကွ မိမိအမျိုးသားချင်းတို့၏ရှေ့တွင် အလွန်ကြီးမြတ်သောပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပါသည်။ ၎င်းကိုအဲဂုတ္တုလူများက ရိုသေကြောက်ရွံ့ခဲ့ကြပါသည်။ မောရှေတစ်ဦးတည်းသာလျှင် ၎င်းတို့အပေါ်သို့ကျရောက်လာသည့်ဘေးဒဏ်များကိုဖယ်ရှားနိုင်သည့် တန်ခိုးရှိသူတစ်ဦးဖြစ်သည်ဟု အဲဂုတ္တုလူများကမှတ်ယူထားကြသဖြင့် ဘုရင်ကြီးသည် မောရှေကိုမတို့ဝံ့ခဲ့ချေ။ ၎င်းတို့အနေဖြင့် ဣသရေလများအား အဲဂုတ္တုပြည်မှထွက်ခွာသွားခွင့်ပြုစေလိုသော်လည်း ဖါရောဘုရင်နှင့်ယဇ်ပုရောဟိတ်များသည် မောရှေနောက်ဆုံးတောင်းဆိုမှုကိုငြင်းဆိုခဲ့ကြပါသည်။

* * *

## (၂၄)
## ပသခါပွဲ

ဣသရေလများအား ထိုတိုင်းပြည်မှထွက်ခွာခွင့်ပြုရန် ဖါရောဘုရင်အား ထိုကဲ့သို့တောင်းဆိုနေသောအချိန်တွင် ကြောက်စရာအကောင်းဆုံးသော ဘေးဒဏ်တစ်ခုကျရောက်မည့်အကြောင်း သတိပေးချက်ရောက်ရှိလာပါသည်။ "ဣသရေလသည် ငါ့သားဖြစ်၏။ သားဦးဖြစ်၏။ ငါ့သားသည် ငါ့အား ဝတ်ပြုသောအခွင့်ရှိစေခြင်းငှာ လွှတ်လော့။ မလွှတ်ဘူးဟုငြင်းလျှင် သင်၏သား၊ သင်၏သားဦးတို့ကိုပင် ငါကွပ်မျက်မည်ဟုမိန့်တော်မူကြောင်းကို ဖါရောဘုရင်အားဆင့်ဆိုလော့" ဟုမောရှေအားမှာထားတော်မူ၏။ ဣသရေလများအား ကိုယ်တော်၏ပညတ်တော်ကိုထိန်းသိမ်းစောင့်ရှောက်သူများအဖြစ် သီးသန့်ခွဲခြားထားတော်မူသောကြောင့် ၎င်းတို့အားအဲဂုတ္တုလူများက မထီလေးစားပြုခဲ့ကြသော်လည်း ထာဝရဘုရားသခင်သည် ၎င်းတို့အားချီးမြှောက်တော်မူခဲ့ပါသည်။ ဣသရေလများသည် အချီးမြှင့်ခံရပြီး အထူးသောကောင်းချီးမင်္ဂလာနှင့်အခွင့်ထူးများအားဖြင့် အခြားလူမျိုးများအလယ်တွင် ညီအစ်ကိုများထဲမှသားဦးများအဖြစ် ထူးခြားပေါ်လွင်မှုကိုရရှိခဲ့ကြပါသည်။

အဲဂုတ္တုပြည်အား ပထမဦးဆုံးအကြိမ်သတိပေးခဲ့သောဘေးဒဏ်သည် ထိုပြည်အပေါ်တွင် နောက်ဆုံးကျရောက်မည့်ဘေးဒဏ်ဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် စိတ်ရှည်တော်မူ၍ ကရုဏာတော်နှင့်ကြွယ်ဝတော်မူ၏။ ကိုယ်တော်သည် မိမိ၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသည့်လူသားများကို ဂရုစိုက်ထားတော်မူ၏။ ၎င်းတို့၏အသီးအနှံများနှင့်သိုးနွားများဆုံးရှုံးမှုကြောင့် အဲဂုတ္တုလူများသည် နောင်တသံဝေဂရခဲ့ကြမည်ဆိုလျှင် ၎င်းတို့အပေါ်သို့ဘေးဒဏ်များကျရောက်စေတော့မည်မဟုတ်သော်လည်း ထိုသူတို့သည် နှလုံးခိုင်မာစွာဖြင့် ဘုရားသခင်၏အမိန့်တော်ကိုငြင်းဆန်နေကြသောကြောင့် နောက်ဆုံးသောဘေးဒဏ်ကြီးကို ၎င်းတို့အပေါ်သို့ကျရောက်စေတော့မည်



ဖြစ်သည်။

အသက်အန္တရာယ်ကိုစိုးရိမ်ရသဖြင့် ဖါရောဘုရင်ထံသို့ နောက်တစ်ဖန် မသွားတော့ရန် မောရှေအားမြစ်တားခဲ့သော်လည်း ဘုရားသခင်ထံမှလာသည့် နောက်ဆုံးသောသတင်းစကားကိုပြောကြားရန်အတွက် မောရှေသည် ၎င်းထံသို့ ပြန်လည်ရောက်ရှိလာပြီး "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား သန်းခေါင်အချိန်၌ အဲဂုတ္တုပြည်အလယ်သို့ငါထွက်သွားမည်။ နန်းထိုင်သောဖါရောဘုရင်၏သားဦးမှစ၍ ကြိတ်ဆုံနောက်၌ထိုင်သောကျွန်မ၏သားဦးတိုင်အောင် အဲဂုတ္တုပြည်၌ရှိသမျှသောသားဦးတို့နှင့်တိရစ္ဆာန်တို့၏သားဦးရှိသမျှတို့သည် သေကျေလိမ့်မည်။ အဲဂုတ္တုပြည်တစ်လျှောက်လုံးတွင် ရှေးကာလ၌မဖြစ်စဖူး။ နောင်ကာလ၌လည်းမဖြစ်လတ္တံ့သောကြီးစွာသောငိုကြွေးခြင်းဖြစ်ရလိမ့်မည်။ သို့ရာတွင် ထာဝရဘုရားသခင်သည် အဲဂုတ္တုလူတို့နှင့်ဣသရေလလူတို့ကို ခြားနားစေတော်မူကြောင်းကို သင်တို့သိစေခြင်းငှာ ဣသရေလလူတစ်စုံတစ်ယောက်ကို ခွေးတစ်ကောင်မျှမဟိန်းရဟုမိန့်တော်မူ၏။ ကိုယ်တော်၏ကျွန်ဖြစ်သောဤလူအပေါင်းတို့သည်လည်း ကျွန်ုပ်ထံသို့လာ၍ ပျပ်ဝပ်လျက် ထွက်သွားပါ။ ကိုယ်တော်နှင့်ကိုယ်တော့်နောက်၌လိုက်သောသူအပေါင်းတို့ ထွက်သွားကြပါဟုပြောပြီးမှ ကျွန်ုပ်ထွက်သွားပါမည်ဟုလျှောက်ဆိုသဖြင့် အမျက်ထွက်၍ ဖါရောဘုရင်ထံမှထွက်သွားလေ၏။"

ထာဝရဘုရားသခင်သည် ထိုဘေးဒဏ်ကြီးကိုမစီရင်မီ အဲဂုတ္တုပြည်မှ ထွက်ခွာခြင်းနှင့်စပ်လျဉ်း၍ မောရှေမှတစ်ဆင့် ဣသရေလများအား ညွှန်ကြားတော်မူခဲ့ပါသည်။ အထူးသဖြင့် ကျရောက်တော့မည့်ဆဲဆဲဖြစ်သောဘေးဒဏ်ကြီးမှလွတ်မြောက်ရန် လုပ်ဆောင်ရမည့်အရာများကို ညွှန်ကြားတော်မူခဲ့ပါသည်။ ညဥ့်သန်းခေါင်အချိန်တွင်လာရောက်ဖျက်ဆီးမည့်ကောင်းကင်တမန်သည် ၎င်းတို့၏အိမ်များထဲသို့ဝင်ရောက်မဖျက်ဆီးစေရန်အလို့ငှာ အိမ်ထောင်အသီးသီးတို့သည် သီးသန့်စီသော်လည်းကောင်း၊ အခြားအိမ်ထောင်များနှင့်ပူးတွဲ၍သော်လည်းကောင်း အပြစ်အနာအဆာကင်း၍ တစ်နှစ်သားအရွယ်မရှိသေးသောသိုးသငယ် (ဝါ) ဆိတ်သငယ်အထီးတစ်ကောင်ကိုသတ်၍

ရရှိသောအသွေးကို ဟုဿုပ်ပင်ညွှန့်အစည်းဖြင့် တံခါးထုပ်နှင့်တံခါးတိုင်နှစ်ဖက်တို့တွင်သုတ်ရပါမည်။ ထိုညတွင် မီးကင်ထားသောထိုသိုးသငယ်၏အသားကို တဆေးမပါသောမုန့်၊ ခါးသောဟင်းသီးဟင်းရွက်တို့နှင့်စားရပါမည်။ ထို့ပြင် "ခါးစည်းကိုစည်းလျက်၊ ခြေနင်းကိုစီးလျက်၊ တောင်ဝှေးကိုကိုင်လျက် အလျင်အမြန်စားရပါမည်။" ထိုအရာသည် ထာဝရဘုရားသခင်၏ပသခါဖြစ်သည် စသည်ဖြင့်မောရှေမှတစ်ဆင့် ထာဝရဘုရားသခင်မိန့်တော်မူခဲ့ပါသည်။

"ယနေ့ညတွင် အဲဂုတ္တုပြည်ကို ငါသည်ထုတ်ချင်းခတ်သွား၍ အဲဂုတ္တုပြည်၌ရှိသောလူတို့၏သားဦးများနှင့်တိရစ္ဆာန်တို့၏သားဦးများအပေါင်းတို့ကိုဒဏ်ခတ်၍ အဲဂုတ္တုပြည်၏ဘုရားကိုတရားစီရင်မည်။---သိုးသငယ်၏အသွေးသည် သင်တို့နေရာအိမ်၌ သင်တို့၏လက္ခဏာသက်သေဖြစ်၍ ထိုအသွေးကိုငါမြင်သောအခါ သင်တို့ကိုငါလွှန်သွားမည်။ ထိုသို့အဲဂုတ္တုပြည်ကိုငါသည်ဒဏ်ခတ်သောအခါ ဖျက်ဆီးခြင်းဘေးဥပဒ်သည် သင်တို့ကိုမသင့်မရောက်ရ" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။

ဤကယ်လွှတ်ခြင်းကို သတိရအောက်မေ့သည့်အနေဖြင့် နောင်လာနောင်သားဣသရေလလူများသည် ပွဲတစ်ခုကိုတစ်နှစ်တစ်ကြိမ်ကျင်းပကြရပါသည်။ "ဤနေ့ရက်သည်လည်း သင်တို့အောက်မေ့စရာဖို့ဖြစ်၍ သင်တို့၏အမျိုးအစဉ်အဆက်မပြတ် ဤနေ့ရက်၌ထာဝရဘုရားအားပွဲခံရကြမည်။ ပညတ်တော်ရှိသည်ဖြစ်၍ ထိုပွဲကိုအစဉ်အမြဲခံရကြမည်။" သူတို့သည် ထိုပွဲကိုခံယူစဉ် "ထာဝရဘုရားသခင်သည် အဲဂုတ္တုလူတို့ကိုဒဏ်ခတ်၍ ငါတို့အိမ်များကိုချမ်းသာပေးတော်မူသောအခါ အဲဂုတ္တုပြည်၌ ဣသရေလအမျိုးသားတို့၏အိမ်များကိုလွှန်သွားတော်မူသောထာဝရဘုရားသခင်၏ပသခါယဇ်ဖြစ်သတည်း" ဟူ၍ ကယ်နုတ်ခြင်းနှင့်ပတ်သက်သောအကြောင်းအရာများကိုသားသမီးများအားပြန်လည်ပြောပြရန် မောရှေသွန်သင်လေ၏။

ထို့အပြင် "အဲဂုတ္တုပြည်၌ သားဦးအပေါင်းတို့ကို ငါသည်ဒဏ်ခတ်သောအခါ ဣသရေလအမျိုးတွင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦး





အပေါင်းတို့ကို ငါ့အဖို့၊ ငါသန့်ရှင်းစေသောကြောင့် သားဦးအပေါင်းတို့ကိုငါပိုင်၏" ဟူ၍ ထာဝရဘုရားသခင်သည် မောရှေအားမိန့်တော်မူ၏။ တဲတော်ကိုတည်ထောင်ပြီးနောက် ထာဝရဘုရားသခင်သည် တဲတော်နှင့်ပတ်သက်သောအမှုတော်မြတ်ကိုထမ်းဆောင်ရန် သားဦးများအစား လေဝိအမျိုးသားများအား မိမိအဖို့ရွေးချယ်သတ်မှတ်တော်မူ၏။ ထိုနောက် "ဣသရေလအမျိုးထဲက သူတို့ကိုရွေးကောက်၍ ငါ့အားအပိုင်ပေးရမည့်ဣသရေလအမျိုးတွင် အဦးဖွားမြင်သောသားဦးများအတွက် သူတို့ကိုငါသိမ်းယူ၏" ဟူ၍လည်း မိန့်တော်မူ၏။ ခပ်သိမ်းသောသူအပေါင်းတို့သည် ဘုရားသခင်၏မဟာကရုဏာတော်ကိုအသိအမှတ်ပြုသည့်အနေဖြင့် ထိုသားဦးအတွက်ကယ်တင်ခြင်းအဖိုးအခတစ်ခုကိုပေးရန် ယခုတိုင်တောင်းဆိုမှုကိုခံနေရပါသည်။

ထိုပသခါပွဲသည် အဲဂုတ္တုပြည်မှလွတ်မြောက်ခဲ့ခြင်းကို ပြန်လည်ပြညွှန်သည့် သတိရအောက်မေ့စရာတစ်ခုဖြစ်သည်သာမက မိမိလူတို့အားအပြစ်၏အနှောင်အဖွဲ့မှလွတ်မြောက်ရန် ခရစ်တော်လုပ်ဆောင်တော်မူမည့်မဟာကယ်တင်ခြင်းအမှုကိုလည်း ပုံဆောင်ထားပါသည်။ ယဇ်ပူဇော်ခြင်းခံရသည့်သိုးကလေးသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သော "ဘုရားသခင်၏သိုးသငယ်" ကိုပုံဆောင်ပါသည်။ "ခရစ်တော်တည်းဟူသော ငါတို့ပသခါသိုးသငယ်သည် ငါတို့အဖို့ယဇ်ပူဇော်ရာဖြစ်၏" ဟုတမန်တော်ရှင်ပေါလုကဖွင့်ဆိုထားပါသည်။ ပသခါသိုးသငယ်ကိုသတ်ရုံဖြင့်မလုံလောက်သေးချေ။ သိုးသငယ်၏အသွေးများကိုလည်း တံခါးတိုင်များအပေါ်တွင်သုတ်လိမ်းပေးရမည်။ ထိုနည်းအတူခရစ်တော့်အသွေးတော်၏ကောင်းမှုကုသိုလ်များကိုလည်း အသက်ဝိညာဉ်များအပေါ်တွင်သုတ်လိမ်းရပါမည်။ ခရစ်တော်သည် ဤကမ္ဘာကြီးအတွက်သာမကကျွန်ုပ်တို့တစ်ဦးချင်းအတွက် အသေခံတော်မူသည်ဟု ကျွန်ုပ်တို့ယုံကြည်ရပါသည်။ ကျွန်ုပ်တို့သည် ဤအပြစ်ဖြေရာယဇ်ကောင်ကြီး၏ကောင်းမှုကုသိုလ်များနှင့်ဆီလျော်အပ်စပ်သူများဖြစ်ရပါမည်။"

အသွေးများကို တံခါးတိုင်၊ တံခါးထုပ်များတွင်သုတ်ရာ၌ အသုံးပြု

သောဟုဿုပ်ပင်ညွှန့် (ကုလားပင်စိမ်း) များသည် သန့်ရှင်းစင်ကြယ်စေခြင်း၏ အထိမ်းအမှတ်ဖြစ်ပါသည်။ ဤအထိမ်းအမှတ်များကို နူနာရောဂါများအား ဆေးကြောမှုအလုပ်တွင်လည်းကောင်း၊ လူသေများနှင့်ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသောညစ်ညမ်းမှုများအားဆေးကြောရာတွင်လည်းကောင်း အသုံးပြုပါသည်။ "အကျွန်ုပ်ကိုစင်ကြယ်စေခြင်းမှာ ဟုဿုပ်ပင်ညွှန့်နှင့်သန့်ရှင်းခြင်း မင်္ဂလာကိုပေးတော်မူပါ။ အကျွန်ုပ်ကိုမိုးပွင့်ထက်သာ၍ဖြူစင်စေခြင်းငှာ ဆေးကြောတော်မူပါ" ဟူသော ဆာလံဆရာ၏ဆုတောင်းချက်တွင် ထိုလုပ်ဆောင်မှု၏အရေးပါမှုကိုတွေ့မြင်ရပါသည်။

ထိုသိုးသငယ်သည် ချို့ယွင်းမှုကင်းရပါမည်။ အရိုးတစ်ချောင်းပင် ကျိုးပဲ့ခြင်းမရှိရပါ။ ထိုနည်းအတူ ကျွန်ုပ်တို့အတွက် အသေခံတော်မူမည့် ဘုရားသခင်၏သိုးသငယ်အားလည်း အရိုးတစ်ချောင်းကိုမျှမကျိုးပဲ့စေရပါ။ ဤနည်းအားဖြင့် ခရစ်တော်ပြုတော်မူမည့် ဆက်ကပ်သောအသေခံခြင်း၏ ပြည့်စုံမှုကို ရုပ်လုံးဖေါ်ခဲ့ပါသည်။

ထိုသိုးသငယ်၏အသားကိုစားကြရပါမည်။ ကျွန်ုပ်တို့သည် မိမိတို့၏ အပြစ်များကိုခွင့်လွှတ်ခြင်းရရန်အတွက်သာ ခရစ်တော်ကိုယုံကြည်သည် ဆိုသည်မှာ မလုံလောက်သေးပါ။ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်၏ နှုတ်ထွက်စကားတော်မှတစ်ဆင့် ကိုယ်တော့်ထံမှဝိညာဉ်ခွန်အားနှင့်ဝိညာဉ် အာဟာရများကို အဆက်မပြတ်ရယူကြရပါမည်။ ထိုကြောင့် ခရစ်တော် မိန့်တော်မူသည်ကား "လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ။ ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏" ဟူ၍ဖြစ်၏။ ထိုစကားရပ်များကိုနားလည်နိုင်ရန် ရှင်းပြတော်မူသည်မှာ "ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏" ဟူသတည်း။ ကိုယ်တော်၏အသက်တာတွင် ကျင့်ဆောင်ခဲ့သော ၎င်း၏ဝိညာဉ်ကိုထင်ရှားစေခဲ့သော နှုလုံးသားတွင် ကျေးဇူးပြုသောတန်ခိုးတော်ကိုဖေါ်ပြခဲ့သော အဘဘုရားသခင်၏ပညတ်တော်ကို ခရစ်တော်လက်ခံတော်မူခဲ့ပါသည်။ "နှုတ်ထွက်စကားတော်သည်လည်း



လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့် လည်းကောင်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်။" ခရစ်တော်၏ နောက်လိုက်များသည် ကိုယ်တော်၏အတွေ့အကြုံမျိုးနှင့်ပါဝင်ဆက်ဆံသူများ ဖြစ်ရပါမည်။ နှုတ်ထွက်စကားတော်သည် အသက်တာနှင့်လှုပ်ရှားမှုများ၏ လှုံ့ဆော်သောတန်ခိုးဖြစ်လာစေရန်အလို့ငှာ သူတို့သည် ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကိုလက်ခံရယူကာ နှုတ်ထွက်စကားတော်နှင့်တစ်သားတည်းဖြစ်စေရပါမည်။ ထိုသူတို့သည် ခရစ်တော်၏တန်ခိုးတော်အားဖြင့် ကိုယ်တော်နှင့်တူသည့်အသက်တာကိုပြောင်းလဲရယူ၍ ဘုရားသခင်၏ ဂုဏ်တော်ကိုထွန်းလင်းကြရပါမည်။ ထိုသူတို့သည် သားတော်ဘုရားသခင်၏ အသားကိုစား၍ သားတော်ဘုရားသခင်၏အသွေးကိုသောက်ကြရပါမည်။ သို့မဟုတ်လျှင် သူတို့၌အသက်မရှိနိုင်ချေ။ ခရစ်တော်၏စိတ်ထားနှင့် လုပ်ဆောင်မှုများသည် ကိုယ်တော့်တပည့်တော်များ၏စိတ်ထားနှင့်လုပ်ဆောင်မှု များဖြစ်လာရပါမည်။

အဲဂုတ္တုပြည်တွင်ရင်ဆိုင်ခဲ့ရသော ကျွန်ဘဝ၏ခါးသီးမှုကို ပြန်လည် ပြည့်ညွှန်သည့်အနေဖြင့် သိုးသငယ်၏အသားကို ခါးသောဟင်းသီးဟင်းရွက် များနှင့်စားကြရပါမည်။ ထိုကြောင့်ကျွန်ုပ်တို့သည် ခရစ်တော်ကိုမှီဝဲသော အချိန်တွင် မိမိတို့၏အပြစ်များကိုအောက်မေ့သတိရကာ စိတ်နှလုံးကြေကွဲ စွာဖြင့် မှီဝဲစားသောက်ရပါမည်။ တဆေးမပါသောမုန့်ကိုစားသုံးခြင်းသည် လည်း အရေးပါလှပါသည်။ ပသခါပွဲကျင်းပရေးဆိုင်ရာဥပဒေစည်းမျဉ်းများ တွင် ထိုပွဲတော်အချိန်အတွင်း၌ ၎င်းတို့၏အိမ်များတွင်တဆေးပါသောမုန့် တစ်လုံးတလေမျှမထားရှိကြရန် ပြင်းထန်စွာတားမြစ်ထားပါသည်။ ထိုနည်းအတူ ခရစ်တော်ထံမှအသက်တာနှင့်အာဟာရများကိုရယူကြမည့်သူအပေါင်းတို့သည် အပြစ်တဆေးများကိုစွန့်ပစ်ကြရပါမည်။ ထိုကြောင့်ရှင်ပေါလုက ကောရိန်သု အသင်းသားများအား "သင်တို့သည်တဆေးမဲ့ဖြစ်သည်နှင့်အညီ အသစ်သော မုန့်စိမ်းဖြစ်မည်အကြောင်း ဟောင်းသောတဆေးကိုသုတ်သင်ပယ်ရှင်းကြလော့။ အကြောင်းမူကား ခရစ်တော်တည်းဟူသော ငါတို့ပသခါသိုးသငယ်သည်

ငါတို့အဖို့ယဇ်ပူဇော်ရာဖြစ်၏။ ထို့ကြောင့်ဟောင်းသောတဆေး၊ ဆိုးညစ်မိုက်မဲခြင်းတဆေးတို့ကိုပယ်ပစ်၍ တဆေးမဲ့မုန့်တည်းဟူသော ကြည်ဖြူခြင်း၊ သစ္စာစောင့်ခြင်းနှင့်ပွဲခံကြကုန်အံ့။”

ထိုကျွန်များသည် လွတ်ခြင်းအခွင့်ကိုမရမီ ပြုတော်မူတော့မည့် ကယ်နုတ်ခြင်းအပေါ်ယုံကြည်မှုရှိကြောင်းပြကြရမည်။ အသွေးတော်၏အထိမ်းအမှတ်ကို ၎င်းတို့၏အိမ်တွင်သုတ်ထားရမည်။ သူတို့သည် မိမိတို့၏ မိသားစုအား အဲဂုတ္တုလူများမှသီးသန့်စီရှိစေကာ မိမိတို့၏အိမ်များထဲတွင် စုရုံးနေထိုင်ကြရပါမည်။ ထိုဣသရေလများသည် ပေးအပ်ထားသောညွှန်ကြားချက်များကို တိတိကျကျဂရုမထားလျှင်သော်လည်းကောင်း၊ မိမိတို့၏သားသမီးများကို အဲဂုတ္တုလူများမှသီးသန့်ခွဲထားရန် လျစ်လျူရှုခဲ့လျှင်သော်လည်းကောင်း၊ သူတို့သည် သိုးသငယ်ကိုသတ်သော်လည်း အသွေးကိုတံခါးထုပ်မှာမသုတ်မိလျှင်သော်လည်းကောင်း၊ အိမ်ထဲမှအိမ်ပြင်သို့ထွက်သွားမိလျှင်သော်လည်းကောင်း သူတို့သည်လွတ်မြောက်ကြလိမ့်မည်မဟုတ်ချေ။ မိမိတို့သည် လုပ်သင့်လုပ်ထိုက်သောအရာများအားလုံးကိုလုပ်ခဲ့ပြီဟု သူတို့ရိုးသားစွာဖြင့် ယုံကြည်ကောင်းယုံကြည်ကြမည်ဖြစ်သော်လည်း ၎င်းတို့၏ရိုးဖြောင့်မှုက ၎င်းတို့အားကယ်တင်လိမ့်မည်မဟုတ်ချေ။ ဘုရားသခင်၏ညွှန်ကြားချက်များကိုလိုက်နာရန်ပျက်ကွက်သောသူအပေါင်းတို့သည်ဖျက်ဆီးသောကောင်းကင်တမန်၏လက်ချက်ဖြင့် မိမိတို့၏သားဦးများကို အဆုံးရှုံးခံကြရလိမ့်မည်။

ထိုသူများသည် မိမိတို့၏ယုံကြည်ခြင်းရှိကြောင်းအထောက်အထားများကိုနားထောင်ခြင်းအားဖြင့် ဖော်ပြကြရပါမည်။ ခရစ်တော်၏အသွေးတော်တန်ခိုးအားဖြင့် ကယ်တင်ခြင်းခံရမည်ဟုမျှော်လင့်ထားသူအပေါင်းတို့သည် ထိုကယ်တင်ခြင်းကိုရရှိဖို့ မိမိတို့ကိုယ်တိုင်လုပ်ဆောင်ရမည့်အလုပ်ရှိကြောင်း သိထားသင့်ပါသည်။ ခရစ်တော်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့အားပညတ်တော်လွန်ကျူးခြင်းအပြစ်ဒဏ်မှကယ်နုတ်နိုင်သည်ဖြစ်သော်လည်း ကျွန်ုပ်တို့ကိုယ်တိုင်ကလည်း အပြစ်တရားကိုကျောခိုင်း၍ နားထောင်ခြင်းဘက်သို့ဦးလှည့်ကြရပါမည်။ လူသည် အကျင့်အားဖြင့်မဟုတ်၊ ယုံကြည်



ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်ရာ၏။ သို့စေကာမူ သူ၏ယုံကြည်ခြင်းကိုအကျင့်အားဖြင့်ထင်ရှားစေရပါမည်။ ဘုရားသခင်သည် အပြစ်ဖြေရာယဇ်ကောင်အဖြစ်သားတော်ဘုရားသခင်အားစေလွှတ်တော်မူခဲ့ရာ ကိုယ်တော်သည် သမ္မာတရား၏အလင်းတော်နှင့် အသက်၏လမ်းတို့ကို ထင်ရှားစေခဲ့ပေပြီ။ အခွင့်ကောင်းများ၊ အခွင့်ထူးများနှင့်နေသားကျသော အစီအစဉ်များကိုပေးထားတော်မူခဲ့ပေပြီ။ ထို့ကြောင့်လူသားများသည် ဤကယ်တင်ခြင်းတန်ခိုးများနှင့်ပူးတွဲလုပ်ဆောင်ကြရပါမည်။ ဘုရားသခင်စီစဉ်ပေးသနားတော်မူသောအကူအညီအမအစများကို အလေးအမြတ်ထားကာ အသုံးပြုကြရပါမည်။ ဘုရားသခင်၏ပညတ်တော်အလုံးစုံကိုလည်း ယုံကြည် နားထောင်ကြရပါမည်။

မောရှေသည် ကယ်နုတ်ခြင်းနှင့်ပတ်သက်သော ဘုရားသခင်၏အစီအစဉ်များကို ဣသရေလများအားပြန်လည်ပြောပြသောအခါ ထိုသူတို့သည် “ဦးညွှတ်ချ၍ကိုးကွယ်ကြ၏။” လွတ်လပ်ရေးနှင့်စပ်ဆိုင်သည့်ဝမ်းမြောက်ဖွယ်မျှော်လင့်ချက်သည်လည်းကောင်း၊ မိမိတို့အားနှိပ်စက်ကလူပြုသောသူများအပေါ်သို့မကြာမီတွင်ကျရောက်တော့မည့်ဘေးဒဏ်များအကြောင်းကို သိရှိခြင်းသည်လည်းကောင်း၊ ၎င်းတို့အားလျင်မြန်စွာထွက်ခွာသွားစေမည့် ကြည့်ရှုလုပ်ဆောင်မှုများသည်လည်းကောင်း ၎င်းတို့အား ကယ်တင်ရှင်ခရစ်တော်ကိုအကြီးအကျယ်ကျေးဇူးတင်ချီးမွမ်းစေခဲ့ပါသည်။ ဟေဗြဲလူများကိုးကွယ်သည့်ဘုရားသခင်ကိုအဲဂုတ္တုလူများစွာတို့အားအသိအမှတ်ပြုစေခဲ့ပါသည်။ ထိုသူများသည် အဲဂုတ္တုပြည်အနှံ့တွင် ဖျက်ဆီးခြင်းတမန်သွားရောက်သောအချိန်တွင် ဣသရေလအိမ်များတွင်ခိုလှုံခွင့်ပြုပါရန် ယခုတွင်တောင်းခံလာကြပါသည်။ ဣသရေလများက ၎င်းတို့အားဝမ်းပန်းတသာကြိုဆိုခဲ့ကြရာ ၎င်းတို့သည် ထိုအချိန်မှစ၍ ယာကုပ်၏ဘုရားသခင်အားကိုးကွယ်ကာ ဣသရေလများနှင့်အတူ အဲဂုတ္တုပြည်မှထွက်ခွာကြတော့မည်ဟု ကတိကဝတ်ပြုခဲ့ကြပါသည်။

ထိုဣသရေလလူများသည် ဘုရားသခင်ပေးတော်မူခဲ့သောညွှန်ကြားချက်များကို နားထောင်လိုက်လျှောက်ခဲ့ကြပါသည်။ ထွက်ခွာသွားရန်အတွက်

လိုအပ်သောပြင်ဆင်မှုများကို အလျင်အမြန်လျှို့ဝှက်စွာဖြင့် သူတို့ပြင်ဆင်ခဲ့ကြပါသည်။ သူတို့၏မိသားစုများကိုစုရုံးခဲ့ကြပါသည်။ ပသခါသိုးသငယ်ကိုသတ်ကာ အသားကိုကင်ပြီး တဆေးမပါသောမုန့်နှင့်ခါးသောဟင်းသီးဟင်းရွက်များကိုပြင်ဆင်ခဲ့ကြပါသည်။ ဖခင် (ဝါ) အိမ်ထောင်ဦးစီးဖြစ်သူသည် သိုးသငယ်၏အသွေးကို တံခါးတိုင်များတွင်သုတ်ကာ မိသားစုများကိုအိမ်ထဲတွင်စုရုံးခဲ့ပါသည်။ ထိုနောက်သူတို့သည် စကားတစ်လုံးမျှမပြောဘဲ ပသခါသိုးသားကင်ကိုအမြန်စားသောက်ကြပါသည်။ သူတို့သည်စိုးရိမ်ကြောက်လန့်စွာဖြင့်ဆုတောင်းလျက်စောင့်စားနေကြပါသည်။ အသက်ကြီးသောသားဦးများမှစ၍ အသက်ငယ်သောသားဦးများတိုင်အောင် သားဦးအပေါင်းတို့သည် မဖော်ပြနိုင်လောက်အောင်ကြောက်ရွံ့ကာ နှလုံးခုန်ထိတ်လန့်နေကြပါသည်။ မိဘများသည် ထိုညတွင်ကျရောက်တော့မည်ကြောက်စရာဘေးဒဏ်အကြောင်းကိုစဉ်းစားမိရင်း မိမိတို့၏သားဦးများကိုပွေ့ပိုက်ထားကြပါသည်။ သို့ရာတွင်ဖျက်ဆီးသောတမန်သည် မည်သည့်ဣသရေလအိမ်သို့မျှမဝင်ခဲ့ကြချေ။ ကယ်တင်ရှင်၏ကာကွယ်စောင့်ရှောက်မှုအတွက် အထိမ်းအမှတ်တည်းဟူသောထိုအသွေးသည် တံခါးထုပ်များပေါ်တွင်ရှိနေခဲ့ပါသည်။ ထိုကြောင့်ဖျက်ဆီးသောတမန်သည် ထိုအိမ်များထဲသို့မဝင်ခဲ့ကြချေ။ “ထိုညတွင်ဖါရောဘုရင်နှင့်သူ၏ကျွန်များ၊ အဲဂုတ္တုလူများတို့သည်ထကြ၍ အသေကောင်ကင်းသောအိမ်တစ်အိမ်မျှမရှိသောကြောင့် အဲဂုတ္တုပြည်၌ကြီးစွာသောငိုကြွေးခြင်းဖြစ်လေ၏။” “နန်းထိုင်သောဖါရောဘုရင်၏သားဦးမှစ၍ ထောင်ထဲမှာအချုပ်ခံရသောသူ၏သားဦးတိုင်အောင် အဲဂုတ္တုပြည်၌သားဦးရှိသမျှကိုလည်းကောင်း၊ တိရစ္ဆာန်၏သားဦးရှိသမျှကိုလည်းကောင်း ဖျက်ဆီးသောကောင်းကင်တမန်ကသတ်ဖြတ်လေ၏။ အပြောကျယ်သောအဲဂုတ္တုပြည်အနှံ့တွင် အိမ်ထောင်တိုင်း၏မာနထောင်လွှားမှုများကိုချိုးနှိမ်တော်မူ၏။ တစ်ပြည်လုံးတွင်ငိုကြွေးရှိုက်ငင်သံများဖြင့် ဆူညံနေပါသည်။ ဖါရောဘုရင်နှင့်တကွ နန်းတွင်းသားများသည် ဖြူဖပ်ဖြူရော်မျက်နှာများဖြင့်ကြောက်ဒူးတုန်လျက် ကြောက်လန့်ဖွယ်မြင်ကွင်းများကြောင့် ထိတ်လန့်ပြီး



ကြောင်တက်တက်ဖြစ်နေကြပါသည်။” “ထာဝရဘုရားသခင်၏စကားကိုနားထောင်၍ ဣသရေလအမျိုးသားတို့ကိုငါလွှတ်စေခြင်းငှာ ထိုဘုရားသခင်ကားအဘယ်သူနည်း။ ထာဝရဘုရားသခင်ကို ငါမသိ။ ဣသရေလအမျိုးသားတို့ကိုငါမလွှတ်” ဟူ၍ မိမိပြောခဲ့ဖူးသောစကားများကို ဖါရောဘုရင်သည် ပြန်လည်သတိရလာခဲ့ပါသည်။ ယခုတွင်မူသူ၏မာနများသည် အစွယ်ကျိုးလာကာ “ထိုညချင်းတွင် မောရှေနှင့်အာရုန်ကိုခေါ်တော်မူ၍ သင်တို့မှစ၍ ဣသရေလအမျိုးသားတို့ထ၍ ငါ့လူစုထဲကထွက်သွားကြလော့။ သင်တို့တောင်းသည်အတိုင်း သိုးနွားများကိုယူ၍သွားကြလော့။ ငါ့ကိုလည်းကောင်းချီးပေးကြလော့ဟုမိန့်တော်မူ၏။ အဲဂုတ္တုလူတို့ကလည်း ငါတို့ရှိသမျှသည်အသေကောင်ဖြစ်ကြပြီဟုဆိုလျက် ဣသရေလလူတို့ကို အဲဂုတ္တုပြည်ထဲကအလျင်အမြန်လွှတ်ခြင်းငှာ ကျပ်ကျပ်နှိုးဆော်ကြ၏။”

* * *

## (၂၅)
# အဲဂုတ္တုပြည်မှထွက်မြောက်ခြင်း

ဣသရေလများသည် ခါးစည်းများကိုစည်းလျက်၊ ခြေထောက်တွင် ဖိနပ်များကိုစီးထားလျက်၊ လက်ထဲတွင်တောင်ဝှေးကိုကိုင်လျက် ထွက်ခွါခွင့်ပြုမည့်ဘုရင့်အမိန့်တော်ကို ငြိမ်သက်ကြောက်ရွံ့စွာ၊ မျှော်လင့်ချက်ကြီးစွာဖြင့် မတ်တတ်ထ၍ စောင့်ဆိုင်းနေကြပါသည်။ သို့နှင့်မိုးမလင်းမီတွင် သူတို့သည် ခရီးစဉ်ကိုစခဲ့ကြပါသည်။ ဘေးဒဏ်ကြီးများကျရောက်နေစဉ်တွင် ဘုရားသခင်၏ တန်ခိုးတော်ထင်ရှားမှုများကြောင့် ဟေဗြဲလူများသည် ယုံကြည်စိတ်များနိုးကြားလာခဲ့သကဲ့သို့ အဲဂုတ္တုလူများကိုလည်း ကြောက်ရွံ့စိတ်များဖြစ်ပေါ်လာခဲ့ကြသဖြင့် သူတို့သည် တဖြည်းဖြည်းနှင့်ဂေါရှင်အရပ်တွင်စုရုံးလာခဲ့ကြပါသည်။ သူတို့သည် ရုတ်တရက်ထွက်ခွာလာကြရသော်လည်း အမှန်တကယ်လိုအပ်သည့်ဖွဲ့စည်းမှုများနှင့်ခရီးသွားနေသည့်လူအုပ်ကြီးများအား ထိန်းသိမ်းမှုများအတွက် သတ်မှတ်ထားသောခေါင်းဆောင်များအောက်တွင် အဖွဲ့လိုက်အဖွဲ့လိုက်သီးခြားခွဲခန့်ကာ အစီအစဉ်အချို့ကိုလုပ်ဆောင်ပြီးသားဖြစ်နေပါသည်။

ထိုလူအုပ်တွင် ဣသရေလအမျိုးသမီးများနှင့်ကလေးငယ်များအလွတ် ယောကျ်ားချည်းခြောက်သိန်းခန့်ရှိပါသည်။ "အမျိုးမျိုးသောလူအများတို့သည် လည်း–––လိုက်လာကြပါသည်။" ဤလူအုပ်ကြီးထဲတွင် ဘုရားသခင်ကို ယုံကြည်သဖြင့် လိုက်လာကြသောဣသရေလများအပြင် ဘေးဒဏ်ကြီးများမှ ကင်းလွတ်လိုသောသူများ (ဝါ) လှုပ်လှုပ်ရှားရှားဖြစ်နေသောလူအုပ်ကြီး၏ နောက်မှကပ်ပါလေ့ရှိသောစူးစမ်းချင်သည့်သဘော၊ စိတ်လှုပ်ရှားသည့်သဘောဖြင့်လိုက်ပါလာသောလူပေါင်းများစွာတို့လည်းပါဝင်နေကြပါသည်။ ဤလူများသည် ဣသရေလများအတွက် အဟန့်အတားတစ်ခုနှင့်ညွှတ်ကွင်းတစ်ခုဖြစ်နေခဲ့ပါသည်။

ထိုသူတို့သည်လည်း "သိုးနွားအစရှိသောများစွာသောတိရစ္ဆာန်တို့ကို" သူတို့နှင့်အတူယူဆောင်လာကြပါသည်။ အမှန်မှာထိုတိရစ္ဆာန်များသည်



ဘုရင့်ထံသို့ အဲဂုတ္တုလူများကဲ့သို့တစ်ခါမျှမရောင်းခဲ့ဖူးသည့် ဣသရေလများ၏ ပစ္စည်းများသာဖြစ်နေပါသည်။ ယာကုပ်နှင့်သူ၏သားများသည် တိရစ္ဆာန်များကို မိမိတို့နှင့်အတူ အဲဂုတ္တုပြည်သို့ယူဆောင်ခဲ့ကြရာ ထိုပြည်တွင် အကြီးအကျယ်ပွားများခဲ့ပါသည်။ မိမိတို့ရသင့်ရထိုက်သောလုပ်အားခများကို မောရှေ၏ညွှန်ကြားချက်အရ အဲဂုတ္တုပြည်မှမထွက်ခွာမီ သူတို့တောင်းခဲ့ကြရာ ၎င်းတို့အားအမြန်ထွက်ခွာသွားရန် အထူးလိုလားလျက်ရှိသောအဲဂုတ္တုလူများက မငြင်းဆန်ဘဲ တောင်းသည့်အတိုင်းပေးခဲ့ကြပါသည်။ ထို့ကြောင့် ဣသရေလများသည် မိမိတို့အား နှိပ်စက်ညှဉ်းပန်းခဲ့သူများ၏ပစ္စည်းဥစ္စာများကို ယူဆောင်ကာ ထွက်ခွာခဲ့ကြပါသည်။

"သင်၏အမျိုးအနွယ်သည် သူတစ်ပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့် သူတစ်ပါးတို့၌ကျွန်ခံခြင်း၊ နှိပ်စက်ညှဉ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံးခံရလိမ့်မည်ကို အမှန်သိမှတ်လော့။ သူတို့ကိုစေခိုင်းသောလူမျိုးကိုလည်း ငါစီရင်မည်။ ထိုနောက်မှသူတို့သည်များစွာသောဥစ္စာနှင့်ထွက်ကြလိမ့်မည်" ဟူ၍ လွန်ခဲ့သောရာစုနှစ်များက အာဗြဟံအား ရူပါရုံထဲတွင်ဖော်ပြခဲ့သော အဖြစ်အပျက်သည် ထိုနေ့တွင်ပြည့်စုံခဲ့ပါသည်။ နှစ်ပေါင်းလေးရာသည် ကုန်ဆုံးခဲ့ချေပြီ။ "အနှစ်လေးရာစေ့သောနေ့ချင်းတွင် ထာဝရဘုရားသခင်၏ ဗိုလ်ခြေအပေါင်းတို့သည် အဲဂုတ္တုပြည်မှထွက်သွားကြ၏။ "ဘုရားသခင်၏ ကတိတော်ကိုပြည့်စုံရန် အချိန်ကြာမြင့်စွာကတည်းက စောင့်စားခဲ့ကြသော ကယ်နုတ်ခြင်းနှင့်ဆိုင်သည့်သတိပေးချက်တစ်ခုဖြစ်ခဲ့သော အဖိုးတန်ပစ္စည်းများကို ယောသပ်၏အရိုးများနှင့်အတူ ဣသရေလများသယ်ဆောင်သွားခဲ့ကြသည်။

ဖိလိတ္တိပြည်ကိုဖြတ်သွားသောတိုက်ရိုက်လမ်းဖြင့် ခါနာန်ပြည်သို့ မသွားစေဘဲ ပင်လယ်နီဆီသို့ဦးတည်သောတောင်ယွန်းယွန်းသို့သွားရန် ထာဝရဘုရားသခင်ညွှန်ပြတော်မူပါသည်။ "သူတို့သည် စစ်မှုကိုတွေ့မြင်သောအခါ စိတ်ပျက်၍ အဲဂုတ္တုပြည်သို့ပြန်ကောင်းပြန်ကြလိမ့်မည်ဟုသိတော်မူ၏။" သူတို့သည် ဖိလိတ္တိပြည်ကိုဖြတ်သွားရန်ကြိုးစားခဲ့လျှင် ၎င်းတို့အား သခင်

များထံမှထွက်ပြေးလာသည့်ကျွန်များဟုမှတ်ယူကာ တိုက်ခိုက်ရန် ဖိလိတ္တိလူတို့လက်နှေးကြလိမ့်မည်မဟုတ်ချေ။ စစ်လက်နက်ပစ္စည်းများနှင့်ပြည့်စုံ၍ စစ်တိုက်ဝါသနာပါသောထိုလူမျိုးများနှင့်စစ်ပြိုင်ရန် ဣသရေလများသည် အဆင်သင့်မရှိခဲ့ကြချေ။ သူတို့သည် ထာဝရဘုရားသခင်ကိုသိကျွမ်းမှုမရှိသလောက်ဖြစ်လာကာ ယုံကြည်ကိုးစားမှုနည်းပါးလာရကား၊ ကြောက်ရွံ့တုန်လှုပ်ကာ စိတ်ဓါတ်ကျဆင်းနေကြပါသည်။ သူတို့၌လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိပါ။ စစ်တိုက်ခြင်း၌လည်း အလေ့အကျင့်မရှိပါ။ ကျွန်ဘဝတွင်နေခဲ့ရသဖြင့် စိတ်အားလည်းလျော့နေကြပါသည်။ ထို့ပြင် ဇနီး၊ သားသမီးများနှင့်သိုးနွားစုများကြောင့်လည်း ဝန်လေးလျက်ရှိကြပါသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့အား ပင်လယ်နီဘက်လမ်းမှခေါ်ဆောင်လာခြင်းအားဖြင့် မိမိသည် တရားစီရင်ခြင်း၏အရှင်ဖြစ်ရုံသာမက ကရုဏာတော်အရှင်ဖြစ်ကြောင်းကိုလည်း ဖော်ပြတော်မူခဲ့ပါသည်။

"တစ်ဖန်သူတို့သည် သုကုတ်အရပ်မှထွက်သွား၍ တောအနားဧသံမြို့၌စခန်းချကြ၏။ သူတို့သည် နေ့ညသွားနိုင်အောင် ထာဝရဘုရားသခင်သည် နေ့၌ကားလမ်းပြဖို့ မိုးတိမ်အားဖြင့်လည်းကောင်း၊ ည၌ကားအလင်းပေးဖို့ မီးတိုင်အားဖြင့်လည်းကောင်း သူတို့ရှေ့ကကြွတော်မူ၏။ နေ့အချိန်၌မိုးတိမ်တိုင်၊ ညအချိန်၌မီးတိုင်ကို သူတို့ရှေ့မှာရုပ်သိမ်းတော်မမူ။" "သူတို့အပေါ်မှာ မိုးတိမ်ကိုဖြန့်မိုး၍ ညအခါလင်းစရာဖို့မီးကိုပေးတော်မူ၏" ဟူ၍ ဆာလံဆရာကဖွင့်ဆိုထားပါသည်။ မျက်မြင်မရသော ၎င်းတို့ခေါင်းဆောင်ကြီး၏ အသံတော်သည် ၎င်းတို့နှင့်အတူအစဉ်အမြဲရှိတော်မူ၏။ မိုးတိမ်သည် နေ့အချိန်၌ ၎င်းတို့၏ခရီးစဉ်အားလမ်းပြတော်မူကာ မိုးမျက်နှာကြက်ကဲ့သို့ ထိုဣသရေလများအပေါ်တွင်ဖြန့်မိုးတော်မူပါသည်။ ထိုမိုးတိမ်သည် အလွန်ပူပြင်းသောအပူဒဏ်မှ ၎င်းတို့အားကာကွယ်ပေးခဲ့ပြီး ခြောက်သွေ့၍ ရေငတ်တတ်သောကန္တာရထဲတွင် ၎င်း၏အေးမြစိုထိုင်းမှုအားဖြင့် ထိုသူများအား လန်းဆန်းစေခဲ့ပါသည်။ ညအချိန်တွင် ထိုအရာသည် မီးတိုင်ဖြစ်လာခဲ့ပြီး ၎င်းတို့၏စခန်းအားထိန်လင်းစေလျက် ထာဝရဘုရားသခင်သည် ၎င်းတို့နှင့်အမြဲအတူရှိတော်မူကြောင်း စိတ်ချစေခဲ့ပါသည်။



"ထာဝရဘုရားသခင်သည်လည်း ဇိအုန်တောင်မှရှိသမျှသောအိမ်များနှင့်စည်းဝေးရာပရိသတ်များအပေါ်တွင် နေ့အချိန်၌မိုးတိမ်နှင့်မီးခိုးကိုလည်းကောင်း၊ ညအချိန်၌မီးလျှံအလင်းကိုလည်းကောင်း ဖန်ဆင်းတော်မူ၍ မြတ်သောအရာအလုံးစုံတို့ကို လွှမ်းမိုးတော်မူလိမ့်မည်။ နေ့အချိန်၌လည်း နေပူကိုကာကွယ်သောတဲ၊ မိုးသက်မုန်တိုင်းရောက်မှ လုံခြုံသောခိုလှုံရာဖြစ်လိမ့်မည်" ဟူ၍ ထိုမိုးတိမ်တိုင်နှင့်မီးတိုင်သည် ဒုစရိုက်တန်ခိုးများနှင့်ဆန့်ကျင်ရန်းကန်နေသော ကိုယ်တော်၏လူမျိုးများအပေါ်ထားရှိသောဘုရားသခင်၏ ကြည့်ရှုစောင့်ရှောက်မှုများဖြစ်ကြောင်း ဟေရှာယက အထက်ဖော်ပြပါအတိုင်း လှပစွာဖွင့်ဆိုထားပါသည်။

ထိုသူတို့သည် ငြီးငွေ့ဖွယ်ကောင်းသောကန္တာရခရီးပြင်းကြီးကို နှင်ခဲ့ကြပါသည်။ မိမိတို့သည် မည်သည့်အရပ်ကိုဦးတည်သွားလာနေသည်ကို စဉ်းစားစပြုလာကြပါသည်။ ခရီးမှာကြမ်းတမ်းလှသည်ဖြစ်ရကား သူတို့သည် မောပန်းနွမ်းနယ်လျက်ရှိကြပြီး နောက်မှအဲဂုတ္တုလူများလိုက်လာသောကြောင့် စိုးရွံ့စိတ်များဖြစ်ပေါ်နေကြပါသည်။ သို့စေကာမူ မိုးတိမ်သည် ရှေ့သို့ဦးဆောင်သည်အတိုင်းသူတို့လိုက်လျှောက်ခဲ့ကြပါသည်။ ယခုတွင် ကျောက်ကြားလမ်းတစ်ခုဘက်သို့ကွေ့သွားကာ ပင်လယ်အနီးတွင်စခန်းချရန် ဘုရားသခင်သည် မောရှေအားညွှန်ကြားတော်မူ၏။ ဖါရောဘုရင်သည် နောက်မှလိုက်လာသည်ဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းတို့အားရွေးနုတ်ခြင်းတွင် ထာဝရဘုရားသခင်သည် အသရေတင့်တယ်လိမ့်မည်ဖြစ်ကြောင်း မောရှေအား မိန့်တော်မူ၏။

ဣသရေလများသည် တောတွင်ဘုရားသခင်အားကိုးကွယ်ရန် ရပ်နားကြရမည့်အစား ပင်လယ်နီသို့ဆက်သွားကြပြီဖြစ်ကြောင်း၊ အဲဂုတ္တုပြည်တွင် သတင်းဖြစ်နေပါသည်။ ဣသရေလများသည် ထွက်ပြေးကုန်ကြပြီဖြစ်ကြောင်း၊ မည်သည့်အခါမျှပြန်လာကြတော့မည်မဟုတ်ကြောင်း အကြံပေးပုဂ္ဂိုလ်များက ဘုရင်အားလျှောက်ထားခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏တန်ခိုးတော်ကြောင့် သားဦးများသေဆုံးခဲ့ရမှုကို ယိုးမယ်ဖွဲ့လျက် မိမိတို့၏မိုက်မဲမှုများ

အတွက် နောင်တသံဝေဂရခဲ့ကြပါသည်။ အကြောက်ပြေသွားပြီဖြစ်သော သူတို့၏ခေါင်းဆောင်များသည် ကျရောက်ခဲ့သောဘေးဒဏ်များကို သဘာဝ အကြောင်းရင်းများ၏အကျိုးဆက်အဖြစ်မှတ်ယူခဲ့ကြပါသည်။ "ငါတို့သည် ဤသို့ပြု၍ ဣသရေလလူတို့ကို ငါတို့စေခိုင်းရာမှ အဘယ်ကြောင့်လွှတ်ရ သနည်း" ဟုခါးသီးစွာပြောဆိုခဲ့ကြ၏။

ထိုနောက်ဖါရောဘုရင်သည် ရွေးချယ်ထားသောရထားခြောက်ရာ၊ အဲဂုတ္တုပြည်ရှိမြင်းစီးသူရဲကောင်းအားလုံး ဗိုလ်မင်းများနှင့်ခြေလျင်စစ်သည် များကိုစုဆောင်းခေါ်ယူလေ၏။ ဖါရောဘုရင်ကိုယ်တိုင် မှူးကြီးမတ်ရာများ ခြံရံလျက် ထိုတပ်မကြီးကိုဦးဆောင်ခဲ့ပါသည်။ ၎င်းတို့ကိုးကွယ်သောဘုရား များ၏မစမှုကိုရရှိရန်နှင့် ၎င်းတို့၏လုပ်ဆောင်မှုများကို သေချာပေါက် အောင်ပွဲဆင်နိုင်ရန် ယဇ်ပုရောဟိတ်များသည်လည်း ၎င်းတို့နှင့်အတူလိုက်ပါ လာခဲ့ကြပါသည်။ မိမိ၏စစ်သည်အင်အားများကိုပြသကာ ဣသရေလများအား ခြိမ်းခြောက်ရန် သူဆုံးဖြတ်ခဲ့ပါသည်။ ဣသရေလများကိုးကွယ်သည့်ဘုရား သခင်ထံတွင် ၎င်းတို့အညံ့ခံရခြင်းသည် အခြားလူများအတွက်ပြက်ရယ်ပြုစရာ ဖြစ်နေမည်ကိုစိုးရိမ်သော်လည်း ယခုကဲ့သို့မဟာစစ်အင်အားကိုပြသကာ စစ်သုံ့ပန်းများကိုပြန်လည်ခေါ်ယူနိုင်ခဲ့ကြမည်ဆိုလျှင် ထိုကျွန်များ၏လုပ်အားကို ပြန်လည်ရရှိမည်ဖြစ်သည့်ပြင် မိမိတို့၏သိက္ခာကိုလည်းပြန်လည်ဆယ်ယူနိုင် ကြလိမ့်မည်ဟု သူတို့ယူဆခဲ့ကြပါသည်။

ဟေဗြဲလူများသည် ပင်လယ်နီအနီးတွင်စခန်းချခဲ့ကြပါသည်။ ၎င်းတို့၏ရှေ့တွင်ကာဆီးထားသောရေပြင်ကြီးသည် မကျော်ဖြတ်နိုင်သော အတားအဆီးကြီးတစ်ခုဖြစ်နေပြီး တောင်ဘက်တွင်လည်း ၎င်းတို့အား ဆက်လက်၍မသွားနိုင်လောက်အောင် ကာဆီးထားသောတောင်တန်းကြီး တစ်ခုရှိနေပါသည်။ ထိုစဉ်တွင် အရောင်လက်နေသောလက်နက်များကို လည်းကောင်း၊ ချဉ်းကပ်လာလျက်ရှိကြသောစစ်မြင်းရထားများကိုလည်းကောင်း အဝေးမှလှမ်း၍ရုတ်တရက်သူတို့မြင်လိုက်ရပါသည်။ ထိုတပ်မကြီးသည် အနီးသို့ချဉ်းကပ်လာသည်နှင့်အမျှ အဲဂုတ္တုတပ်သားများဖြစ်ကြောင်းကိုတွေ့မြင်



ခဲ့ကြရပါသည်။ ထို့ကြောင့် ဣသရေလများသည် ကြောက်စိတ်များဝင်လာကာ ထာဝရဘုရားသခင်ထံအော်ဟစ်လျှောက်ထားကြ၏။ "မောရှေအားလည်း အဲဂုတ္တုပြည်၌သင်္ချိုင်းမရှိသောကြောင့် ဤတော၌သေစေခြင်းငှာ ငါတို့ကို ဆောင်ခဲ့သလော။ ငါတို့ကိုဤသို့ပြု၍ အဲဂုတ္တုပြည်မှအဘယ်ကြောင့်ဆောင်ခဲ့ သနည်း။ ငါတို့သည် အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံနေလျက်ရှိကြပါစေဟု အဲဂုတ္တုပြည်၌ငါတို့ပြောရာတွင် ဤအမှုကိုရည်ဆောင်၍ပြောသည်မဟုတ်လော။ ငါတို့သည် ဤတော၌သေရသည်ထက် အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံလျှင် သာ၍ကောင်းသည်" ဟုညည်းတွားပြောဆိုကြ၏။

ထိုသူများသည် ကိုယ်တော်ရှင်၏မဟာတန်ခိုးတော်ကိုထပ်ခါတလဲလဲ တွေ့မြင်ခဲ့ကြရသော်လည်း ယုံကြည်ခြင်းနည်းပါးနေသေးကြောင်းတွေ့မြင်ရ သောအခါ မောရှေသည် အလွန့်အလွန်စိတ်ဒုက္ခရောက်ခဲ့ရပါသည်။ သူသည် ဘုရားသခင်၏အမိန့်တော်အတိုင်းလိုက်နာလုပ်ဆောင်ခဲ့သည်ဖြစ်ရာ သူတို့သည် ဖြစ်ပေါ်လာသည့်အခြေအနေအရပ်ရပ်၏အခက်အခဲအန္တရာယ်များအတွက် ၎င်းအားမည်သို့အပြစ်တင်နိုင်အံ့နည်း။ ဘုရားသခင်သည် ၎င်းတို့၏ လွတ်မြောက်မှုအတွက် ကိုယ်တိုင်ပါဝင်လုပ်ဆောင်တော်မမူခဲ့လျှင် မည်သည့် နည်းနှင့်မျှမလွတ်မြောက်နိုင်သည်မှာမှန်ကန်သော်လည်း ဘုရားသခင်၏ ညွှန်ကြားတော်မူချက်အတိုင်း နာခံလိုက်လျှောက်ခဲ့သဖြင့် ဤအခြေအနေသို့ ရောက်ရှိလာခဲ့ပြီးဖြစ်သောကြောင့် မောရှေသည် ဖြစ်ပေါ်လာမည့်အကျိုးဆက် များအတွက် လုံးဝစိုးရိမ်မှုမရှိခဲ့ချေ။ ထို့ကြောင့် "မစိုးရိမ်ကြနှင့်၊ ငြိမ်ဝပ်စွာ ရပ်နေကြ၊ ထာဝရဘုရားသခင်သည် ယနေ့ပြတော်မူသောကယ်တင်ခြင်းကို ကြည့်ရှုကြလော့။ သင်တို့သည် ယနေ့မြင်သောအဲဂုတ္တုလူတို့ကို နောက်တစ်ဖန် အလျှင်းမမြင်ရကြ။ သင်တို့ဘက်၌ထာဝရဘုရားသခင်သည် စစ်တိုက်တော်မူ လိမ့်မည်။ သင်တို့သည်ငြိမ်ဝပ်စွာနေရကြမည်ဟု လူများတို့အား" တည်ငြိမ်၍ အာမခံချက်ပြည့်ဝသောအသံဖြင့် မောရှေတုံ့ပြန်ခဲ့ပါသည်။

ဣသရေလများအား ထာဝရဘုရားသခင်ရှေ့မှောက်တွင် စောင့်စား နေဖို့ထိန်းထားရန်မှာ လွယ်ကူသောအလုပ်တစ်ခုမဟုတ်ပါချေ။ စည်းကမ်း

မရှိမှုနှင့်ချုပ်တည်းမှုနည်းပါးခြင်းများကြောင့် ထိုသူတို့သည် ရုန်းရင်းခတ်ဖြစ်လာခဲ့ပြီး အဆင်အခြင်ကင်းမဲ့လာခဲ့ကြပါသည်။ အဲဂုတ္တုလူများလက်ထဲသို့ အလျင်အမြန်ကျရောက်သွားတော့မည်ဟုစိတ်ထင်လျက် သူတို့သည် ကျယ်လောင်သည်းထန်စွာငိုကြွေးမြည်တမ်းခဲ့ကြပါသည်။ သူတို့သည် မိုးတိမ်တိုင်အား ဘုရားသခင်၏အထိမ်းအမှတ်တစ်ခုအဖြစ်ခံယူကာ ၎င်းလမ်းပြသည့်အတိုင်း နောက်မှလိုက်ခဲ့ကြသော်လည်း ယခုတွင် ထိုမိုးတိမ်တိုင်သည် ရှေ့သို့ဆက်သွားရန်မဖြစ်နိုင်တော့သည့် ဤတောင်ကြားလမ်းမှားသို့ပြည့်နှင့်ခဲ့သဖြင့် မဟာဘေးဒုက္ခကြီးအတွက် ရှေ့ပြေးနိမိတ်များဖြစ်နေသလားဟု အချင်းချင်းမေးမြန်းနေခဲ့ကြပါသည်။ ဤနည်းအားဖြင့် ထာဝရဘုရားသခင်၏ ကောင်းကင်တမန်ကို ဘေးအန္တရာယ်၏ရှေ့ပြေးနိမိတ်တစ်ခုအဖြစ် သူတို့ထင်မြင်ခဲ့ကြပါသည်။

သို့ရာတွင် ယခုအချိန်၌ ထိုဣသရေလများအား လွယ်လွယ်နှင့်ဖမ်းဆီးနိုင်မည်အထင်နှင့် အဲဂုတ္တုတပ်မကြီးသည် ချဉ်းကပ်လာစဉ် ထိုမိုးတိမ်တိုင်ကြီးသည် ကောင်းကင်ပေါ်သို့ဂုဏ်အသရေတင့်တယ်စွာဖြင့်တက်ကြွသွားပြီး ဣသရေလများကိုကျော်ကာ အဲဂုတ္တုတပ်မကြီးနှင့် ၎င်းတို့အကြားတွင် ဆင်းသက်လာခဲ့ပါသည်။ နောက်မှလိုက်လာသောအဲဂုတ္တုတပ်မကြီးနှင့် အလိုက်ခံရသောဣသရေလများအကြားတွင် အမှောင်ထုတံတိုင်းကြီးတစ်ခုဖြင့် ဟန့်တားထားခဲ့ပါသည်။ ထိုအဲဂုတ္တုများသည် ဟေဗြဲများ၏စခန်းနေရာကို မမြင်တွေ့နိုင်ကြတော့သည့်ပြင် ဆက်၍ပင်မသွားနိုင်ခဲ့ကြတော့ချေ။ သို့ရာတွင် ညအမှောင်ထုသည် ထိုသို့နက်ရှိုင်းလာသည့်အချိန်မှာပင် ထိုမိုးတိမ်တိုင်ကြီးသည် ဟေဗြဲလူများအတွက် မဟာအလင်းတန်းကြီးဖြစ်လာကာ တစ်စခန်းလုံးတွင်နေ့၏အလင်းများဖြင့် ထွန်းလင်းနေခဲ့ပါသည်။

ထိုအချိန်တွင် ဣသရေလများ၏စိတ်နှလုံးထဲတွင် မျှော်လင့်ချက်ရောင်ခြည်များပြန်လည်တောက်ပလာခဲ့ပါသည်။ သို့နှင့်မောရှေသည် ထာဝရဘုရားသခင်ထံအသံလွှင့်၍ အသနားခံခဲ့ရာ “ထာဝရဘုရားသခင်ကလည်း အဘယ်ကြောင့်ငါ့ကိုအော်ဟစ်သနည်း၊ ဣသရေလအမျိုးသားတို့သည်



တက်သွားစေခြင်းငှာမှာလိုက်လော့။ သင်မူကား လှံတံကိုချီပြီးလျှင် ပင်လယ်ပေါ်မှာလက်ကိုဆန့်၍ ပင်လယ်ရေကိုခွဲလော့။ ဣသရေလအမျိုးသားတို့သည် ပင်လယ်အလယ်၌မြေပေါ်မှာလျှောက်သွားကြလိမ့်မည်” ဟုမောရှေအား မိန့်တော်မူ၏။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဆာလံဆရာကဖွင့်ဆိုထားသည်မှာ “ကိုယ်တော်သည် သမုဒ္ဒရာ၌ကြွတော်မူ၍ လမ်းခရီးတော်သည် ကျယ်ဝန်းသောရေတွင်ရှိသဖြင့် ခြေတော်ရာတို့သည်မထင်ရှားကြပါ။ မောရှေနှင့်အာရုန်တို့လက်ဖြင့် ကိုယ်တော်၏လူများတို့ကို သိုးစုကဲ့သို့ပို့ဆောင်တော်မူ၏” ဟူ၍ဖြစ်၏။ မောရှေသည် လှံတံကိုချီ၍ လက်ကိုဆန့်လိုက်ရာ ပင်လယ်ရေပြင်သည် ကွဲသွားခဲ့ပါသည်။ သို့နှင့်ဣသရေလများသည် ပင်လယ်ကြီး၏အလယ်ရှိမြေပြင်ပေါ်တွင်လျှောက်သွားကြရာ ရေပြင်ကြီးများသည် နံရံကြီးများသဖွယ် ၎င်းတို့၏ဘေးတစ်ဖက်တစ်ချက်တွင်တည်ရှိနေခဲ့ကြပါသည်။ ဘုရားသခင်၏မိုးမီးတိုင်မှအလင်းသည် ရေမြှုပ်ထနေသောလှိုင်းတံပိုးများအပေါ်ဝယ်ထွန်းလင်းနေခဲ့ပြီး ပင်လယ်ကြီးထဲတွင် ကြီးမားသောထယ်ကြောင်းကြီးအလားတည်ရှိနေသောလမ်းမကြီးကို အလင်းရောင်ပေးခဲ့ပါသည်။

“အဲဂုတ္တုလူများ၊ ဖါရောဘုရင်၌ပါသောမြင်းရထား၊ မြင်းစီးသူရဲအပေါင်းတို့သည် ပင်လယ်အလယ်သို့လိုက်ဝင်ကြ၏။ နံနက်ယံ၌ထာဝရဘုရားသခင်သည် မိုးမီးတိုင်အားဖြင့် အဲဂုတ္တုတပ်ကိုကြည့်ရှု၍ နှောင့်ယှက်တော်မူ၏။” နားလည်ဖို့ခက်ခဲလောက်အောင် ထူးဆန်းသည့်ထိုမိုးတိမ်ကြီးသည် အံ့ဩတကြီးဖြစ်နေကြသောမျက်စိများရှေ့တွင် မိုးမီးတိုင်အသွင်သို့ပြောင်းလဲသွားခဲ့ပါသည်။ မိုးကြိုးများသည် ကျယ်လောင်စွာထစ်ချုန်းခဲ့ကြပြီး လျှပ်စစ်များလည်းပြက်ခဲ့ပါသည်။ “မိုးတိမ်တို့သည် ရေကိုသွန်းလောင်း၍ မိုးကောင်းကင်တို့လည်းအသံဗလံပြုကြပါ၏။ ကိုယ်တော်၏မြားတို့သည် အရပ်ရပ်သို့ရောက်ကြပါ၏။ ကိုယ်တော်၏မိုးကြိုးသံသည် လေဖွေ၌ပါ၍ လျှပ်စစ်ပြက်သကဲ့သို့ လောကကိုလင်းစေပါ၏။ မြေကြီးသည်လည်း တုန်လှုပ်ပါ၏။”

ထိုအဲဂုတ္တုများသည် စိတ်နှလုံးရှုပ်ထွေးကာ အလွန့်အလွန်ကြောက်လန့်ခဲ့ကြပါသည်။ သူတို့သည် လောကဓါတ်ပစ္စည်းများ၏ရုတ်ရုတ်သဲသဲဖြစ်နေမှုများကြားမှ ဘုရားသခင်၏အသံတော်ကိုကြားခဲ့ကြရာ နောက်ကြောင်းပြန်ကာ ဘေးလွတ်ရာကုန်းပေါ်သို့ပြန်ပြေးရန်ကြိုးစားခဲ့ကြပါသည်။ သို့ရာတွင် မောရှေသည် လှံတံကိုင်ထားသည့်လက်ကိုဆန့်လိုက်ရာ ရေများသည် အသံဗလံများဖြင့်ပြန်လည်ပေါင်းစည်းလာကာ အဲဂုတ္တုလူများအား ပင်လယ်နက်ကြီးထဲတွင်နစ်မြုပ်စေခဲ့ပါသည်။

နံနက်မိုးသောက်သောအခါ ဣသရေလများသည် မိမိတို့အားရန်မူခဲ့ကြသော အဲဂုတ္တုလူများ၏အလောင်းများကို ပင်လယ်ကမ်းနားတွင်တွေ့မြင်ကြရပါသည်။ ထိုဣသရေလများသည် တစ်ညတာတွေ့ကြုံခဲ့ရသောအလွန့်အလွန်ကြောက်လန့်စရာကောင်းသောအသက်ဘေးအန္တရာယ်မှကင်းလွတ်ခဲ့ကြပေပြီ။ တိုက်ရေးခိုက်ရေးများတွင် ကျင့်သားမရှိသောယောကျ်ား၊ မိန်းမနှင့်ကလေးများအပြင် ၎င်းတို့၏သိုးနွားများပါဝင်သည့်ထိုအဖွဲ့ကြီးသည် ၎င်းတို့၏ရှေ့တွင်ပင်လယ်၊ နောက်တွင်အဲဂုတ္တုရန်သူတပ်သားများအကြား ဒုက္ခရောက်ခဲ့ရသော်လည်း ပင်လယ်ကြီးထဲ၌ မိမိတို့သွားရန်လမ်းကိုတွေ့မြင်ခဲ့ရပြီး ၎င်းတို့ရန်သူများသည် တဒင်္ဂအချိန်အတွင်းတွင် ဒုက္ခရောက်ခဲ့ကြရသည်ကိုပါတွေ့မြင်ခဲ့ကြရပါသည်။ ထာဝရဘုရားသခင်တစ်ပါးတည်းကသာ ၎င်းတို့အားကယ်နုတ်ခဲ့သည်ကိုသိမြင်ကာ ကိုယ်တော်၌ယုံကြည်ကိုးစားလျက် ကျေးဇူးတော်ချီးမွမ်းခဲ့ကြပါသည်။ ၎င်းတို့၏ခံစားချက်များကို ၎င်းတို့သီဆိုသောကျေးဇူးတော်ချီးမွမ်းမှုများတွင်တွေ့ရပါသည်။ ထာဝရဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် မောရှေအပေါ်သို့ကျရောက်ခဲ့ပြီး သူသည် အောင်ပွဲခံဂုဏ်တော်ချီးမွမ်းသည့်ဓမ္မသီချင်းကို မိမိလူတို့အားဦးဆောင်၍သီဆိုခဲ့ပါသည်။

၎င်းတို့သီဆိုခဲ့ကြသောသီချင်းမှာမူကား "ထာဝရဘုရားသခင်သည် ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည်ဖြစ်၍ ကိုယ်တော်အားသီချင်းဆိုပါအံ့။ မြင်းနှင့်မြင်းစီးသူရဲကိုပင် ပင်လယ်ထဲသို့လှဲချတော်မူပြီ။ ထာဝရဘုရားသခင်သည် ငါ့အစွမ်းသတ္တိ၊ ငါသီချင်းဆိုခြင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်





တော်မူ၏။ ထိုဘုရားသခင်သည် ငါကိုးကွယ်သောဘုရားသခင်ဖြစ်တော်မူ၍ ထောမနာပြုပါမည်။ ငါ့ဘိုးဘေးတို့၏ဘုရားသခင်ဖြစ်တော်မူ၍ ငါချီးမြှောက်ပါမည်။ ထာဝရဘုရားသခင်သည် စစ်သူရဲဖြစ်တော်မူ၏။ ထာဝရဘုရားသခင်တည်းဟူသော နာမတော်ရှိတော်မူ၏။ ဖါရောဘုရင်၏ရထားနှင့်ဗိုလ်ခြေတို့ကို ပင်လယ်ထဲသို့လှဲချတော်မူပြီ။ ရွေးသောဗိုလ်မင်းတို့သည် ဒေ့ပင်လယ်ထဲ၌မြုပ်လျက်ရှိကြ၏။ နက်စွာသောအရပ်၌လွှမ်းမိုးလျက်ရှိကြ၏။ ကျောက်ကဲ့သို့အောက်သို့ဆင်းကြ၏။ အိုထာဝရဘုရားသခင်၊ လက်ယာလက်တော်သည် တန်ခိုးအားဖြင့် ဘုန်းကြီးတော်မူ၏။ အိုထာဝရဘုရားသခင်၊ လက်ယာလက်တော်သည် ရန်သူတို့ကိုချိုးဖွဲ့ဖျက်ဆီးတော်မူ၏။ ကိုယ်တော်တစ်ဖက်၌ထသောသူတို့ကို ဘုန်းတန်ခိုးတို့နှင့်လှဲတော်မူ၏။ အမျက်တော်ကိုလွှတ်၍ သူတို့ကိုအမှိုက်ကဲ့သို့မီးလောင်စေတော်မူ၏။ နှာခေါင်းတော်လေအားဖြင့် ရေသည်စုဝေး၍ စီးသောရေကိုပုံ့ပုံ့ကြွ၍ ပင်လယ်၏အထဲ၌ပင် နက်သောရေသည်တောင့်မာလျက်နေရ၏။ ရန်သူကငါလိုက်မည်။ သူတို့ကိုမီလိမ့်မည်။ လုယူသောဥစ္စာကိုဝေ၍ သူတို့၌ငါချင်ရဲပြေလိမ့်မည်။ ဓါးကိုအိမ်မှထုတ်၍ သူတို့ကိုငါ့လက်နှင့်ဖျက်ဆီးမည်ဟုဆိုသတည်း။ ကိုယ်တော်သည် လေကိုမှုတ်တော်မူသဖြင့် ပင်လယ်သည် သူတို့ကိုလွှမ်းမိုး၍ သူတို့သည်အားကြီးသောရေထဲမှာ ခဲကဲ့သို့ဆင်းကြလေ၏။ အိုထာဝရဘုရားသခင်၊ ဘုရားသခင်များတို့တွင် အဘယ်မည်သောဘုရားသခင်သည် ကိုယ်တော်နှင့်တူပါသနည်း။ သန့်ရှင်းခြင်းအားဖြင့် ဘုန်းကြီးတော်မူထသော၊ ချီးမွမ်းခြင်းကိုခံစဉ်တွင် ကြောက်မက်ဖွယ်ဖြစ်တော်မူထသော၊ အံ့ဖွယ်သောအမှုတို့ကိုပြုတော်မူသော ကိုယ်တော်နှင့်အဘယ်ဘုရားသခင်တူပါသနည်း။-----ရွေးကောက်တော်မူသောလူမျိုးကို ကရုဏာတော်အားဖြင့်ပို့ဆောင်တော်မူ၏။ သန့်ရှင်းသောနေရာတော်သို့ တန်ခိုးတော်အားဖြင့်လမ်းပြတော်မူ၏။ လူမျိုးတို့သည် သတင်းကြား၍ ကြောက်လန့်ကြလိမ့်မည်။ ပါလေတိနပြည်သူပြည်သားတို့သည် ပူပန်ခြင်းသို့ရောက်ကြလိမ့်မည်။ ဧဒုံဗိုလ်တို့သည် မိန်းမောတွေဝေခြင်း၊ မောဘသူရဲတို့သည်တုန်လှုပ်ခြင်း၊ ခါနာန်ပြည်သားအပေါင်းတို့သည်

စိတ်ပျက်ခြင်းသို့ရောက်ကြလိမ့်မည်။ အိုထာဝရဘုရားသခင်၊ ရွေးတော်မူသောကိုယ်တော်၏လူတို့သည်လွန်သွားသောအခါ ထိုလူအမျိုးမျိုးတို့သည် ကြောက်သောစိတ်၊ ထိတ်လန့်သောစိတ်အားကြီး၍ လက်ရုံးတော်တန်ခိုးကြောင့် သူတို့သည် ကျောက်ကဲ့သို့ငြိမ်ငြိမ်နေကြလိမ့်မည်" ဟူ၍ဖြစ်၏။

ဂုဏ်တော်ချီးမွမ်းသည့်ထိုသီချင်းကို ဣသရေလများက တစ်ခဲနက်ကြွေးကြော်ခဲ့ကြပါသည်။ ဣသရေလအမျိုးသမီးများသည် မောရှေ၏အစ်မမိရိအံဦးဆောင်မှုအောက်တွင် ဗုံများကိုတီးခတ်ကခုန်ကာ ပါဝင်ချီးမွမ်းထောမနာပြုခဲ့ကြပါသည်။ "ထာဝရဘုရားသခင်သည် ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည်ဖြစ်၍ ကိုယ်တော်အားသီချင်းဆိုကြလော့" ဟူသောဂုဏ်တော်ချီးမွမ်းသံများသည် ကန္တာရနှင့်ပင်လယ်ကိုကျော်ဖြတ်လျက်၊ တောင်များတွင်ပဲ့တင်ထပ်လျက် မြည်ဟည်းလျက်ရှိပါသည်။

ဤသီချင်းနှင့်ဤသီချင်းက အမှတ်တရဖြစ်စေခဲ့သောမဟာကယ်နုတ်ခြင်းအကြောင်းသည် ဣသရေလများ၏စိတ်ထဲတွင် ဖယ်ရှားပစ်ခြင်းငှာမည်သည့်အခါမျှမဖြစ်နိုင်လောက်အောင် စွဲမြဲနေခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ခွန်အားဖြစ်ကြောင်း၊ ယုံကြည်သူများအတွက် ကယ်လွှတ်ခြင်းဖြစ်ကြောင်း သက်သေခံလျက် ဣသရေလအမျိုး၊ ပုရောဖက်များနှင့်အဆိုသည်များသည် ခေတ်အဆက်ဆက်သီဆိုခဲ့ကြပါသည်။ ဤသီချင်းသည် ယုဒလူမျိုးများအတွက်သာမဟုတ်ပါ။ ဤသီချင်းသည် ဖြောင့်မတ်ခြင်းတရားကိုရန်မူသူအပေါင်းတို့၏ကျဆုံးခြင်းကိုလည်းကောင်း၊ ဘုရားသခင်၏ဣသရေလလူများ၏နောက်ဆုံးအောင်ပွဲအကြောင်းကိုလည်းကောင်း ပြည့်ွန်ထားပါသည်။

ဘုရားသခင်၏စောင်းကောက်များကိုကိုင်ကာ မီးနှင့်ရောသောဖန်ရေကန်နားမှာရပ်နေကြသောအောင်ပွဲခံခဲ့ကြသည့် ဝတ်ရုံဖြူဝတ်ဆင်ထားသူများကို ပတ်မိုကျွန်းမှနေ၍ ရူပါရုံအားဖြင့် ရှင်ယောဟန်မြင်တွေ့ခဲ့ရပါသည်။ ထိုသူများသည် ဘုရားသခင်၏ကျွန်မောရှေ၏သီချင်းနှင့် သိုးသငယ်သီချင်းတို့ကိုသီဆိုနေကြပါသည်။



"အကျွန်ုပ်တို့၌ ဘုန်းမရှိစေဘဲ အိုထာဝရဘုရားသခင်၊ ကိုယ်တော်၏နာမတော်၌ ကရုဏာတော်နှင့်သစ္စာတော်ကြောင့် ဘုန်းရှိပါစေသတည်း။" ၎င်းတို့၏သီချင်းများထဲတွင် ထိုသဘောထားများနှင့်ပြည့်ဝနေခဲ့ပါသည်။ ဘုရားသခင်ကိုချစ်ကြောက်ရိုသေကြသူအပေါင်းတို့၏စိတ်နှလုံးထဲတွင်ရှိသင့်သောစိတ်သဘောထားမှာလည်း ထိုစိတ်သဘောထားမျိုးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသက်ဝိညာဉ်များအား အပြစ်၏အနှောင်အဖွဲ့မှလွတ်ကင်းစေရန်လုပ်ဆောင်မှုတွင် ထာဝရဘုရားသခင်သည် ပင်လယ်နီတွင် ဣသရေလများအားကယ်လွှတ်စဉ်ကထုတ်ဆောင်ခဲ့သည်ထက် ကြီးမားသောလုပ်ဆောင်မှုများကိုကျွန်ုပ်တို့အတွက်ပြုတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် လူသားတို့၌ပြုတော်မူသောကရုဏာတော်နှင့်အံ့ဖွယ်သောအမှုတော်တို့ကိုထောက်၍ ထိုဟေဗြဲလူများကဲ့သို့ ကိုယ်တော်ရှင်အား စိတ်ရောကိုယ်ပါချီးမွမ်းထောမနာပြုသင့်ကြပါသည်။

ဘုရားသခင်၏မဟာကရုဏာတော်ကိုချီးမွမ်းကာ ကိုယ်တော်ပေးသနားတော်မူသည့် သေးငယ်သောဆုကျေးဇူးများကို အလေးထားသောသူများသည် ဝမ်းမြောက်ရွှင်လန်းရသောအခွင့်ကိုရကြကာ ၎င်းတို့၏နှလုံးသားထဲတွင် ထာဝရဘုရားသခင်အားသီဆိုကျူးအေးကြပါလိမ့်မည်။ နေ့စဉ်နှင့်အမျှဘုရားသခင်၏လက်တော်မှ ကျွန်ုပ်တို့ရရှိကြသောကောင်းချီးမင်္ဂလာများအတွက်သော်လည်းကောင်း၊ အခြားသောအရာများထက်အရေးပါသည့် ကျွန်ုပ်တို့အတွက်ဝမ်းမြောက်ရွှင်မြူးခြင်းအခွင့်နှင့်တကွ ကောင်းကင်နိုင်ငံတော်ကိုလက်လှမ်းမီစေနိုင်မည့် ခရစ်တော်၏အသေခံခြင်းတို့အတွက်လည်းကောင်း ကျွန်ုပ်တို့အမြဲတမ်း ကျေးဇူးတင်ချီးမွမ်းသင့်ကြပါသည်။ အပြစ်တွင်ကျဆုံးနေသည့်အပြစ်သားများဖြစ်ကြသောကျွန်ုပ်တို့အား ကိုယ်တော်ရှင်ကိုယ်တော်တိုင်နှင့်ဆက်နွယ်လိုက်ခြင်းအားဖြင့် အဖိုးတန်သောရတနာများဖြစ်စေသည့်ထာဝရဘုရားသခင်၏မဟာကရုဏာတော်နှင့် အတုမရှိသောမေတ္တာတော်သည်ကြီးမားလှစွတကား။ ကျွန်ုပ်တို့အား ဘုရားသခင်၏သားသမီးဟုအခေါ်ခံထိုက်စေခြင်းငှာ ကယ်တင်ရှင်ပေးဆပ်ခဲ့သောအနစ်နာခံမှုသည် ကြီးမားလှစွ

တကား။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းစီမံကိန်းတွင်ဖေါ်ပြထားသည့် မင်္ဂလာမြော်လင့်ခြင်းအတွက်လည်း ဘုရားသခင်ကိုချီးမွမ်းထောမနာပြုသင့်ကြပါသည်။ ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သောအမွေတော်အတွက်လည်းကောင်း၊ ကိုယ်တော်ရှင်ပြုတော်မူသည့်ကတိတော်များအတွက်လည်းကောင်း၊ ကျွန်ုပ်တို့အတွက်ကြားဖျန်ဖြေရေးအလုပ်ကိုလုပ်ဆောင်ရန် ခရစ်တော်အသက်ရှင်တော်မူသည့်အတွက်ကြောင့်လည်းကောင်း ကိုယ်တော်အား ကျွန်ုပ်တို့ကျေးဇူးတင်သင့်ကြပါသည်။

"ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကို ပူဇော်သော်သူသည် ငါ၏ဘုန်းကိုထင်ရှားစေသောသူဖြစ်၏" ဟုဖန်ဆင်းရှင်မိန့်တော်မူ၏။ ကောင်းကင်သားအပေါင်းတို့သည် ညီညာဖြဖြစုရုံး၍ ထာဝရဘုရားသခင်ကိုချီးမွမ်းထောမနာပြုလေ့ရှိကြပါသည်။ ကျွန်ုပ်တို့သည် ၎င်းတို့နှင့်ပေါင်းစည်းသောအချိန်တွင် သီဆိုနိုင်စေရန်အလို့ငှာ ကောင်းကင်တမန်များသီဆိုသောသီချင်းများကို ယခုမှစ၍လေ့ကျက်ကြပါစို့။ "ငါသည် အသက်ရှင်စဉ်အခါ ထာဝရဘုရားသခင်ကိုချီးမွမ်းမည်။ ငါဖြစ်စဉ်ကာလပတ်လုံး ငါ၏ဘုရားသခင်ကို ထောမနာသီချင်းဆိုမည်။" "လူများတို့သည် ကိုယ်တော်ကိုချီးမွမ်းကြပါစေသော။ လူအပေါင်းတို့သည် ကိုယ်တော်ကိုချီးမွမ်းကြပါစေသော" ဟူ၍ ဆာလံဆရာကြီးနှင့်အတူ ကျွန်ုပ်တို့ထောမနာပြုကြပါစို့။

ထာဝရဘုရားသခင်သည် မိမိ၏အကြံအစည်တော်အားဖြင့် ကယ်နုတ်ခြင်းဆိုင်ရာတန်ခိုးတော်ကိုထင်ရှားစေ၍ ထိုအဲဂုတ္တုလူတို့၏မာနကို ထူးခြားစွာချိုးနှိမ်ပစ်ရန်အလို့ငှာ ထိုဟေဗြဲလူများကို ပင်လယ်နီအနီးရှိ ထိုတောင်များဆီသို့ အလျင်အမြန်ပို့ဆောင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် အခြားနည်းလမ်းများကိုအသုံးပြု၍ ၎င်းတို့အားကယ်တင်နိုင်တော်မူသော်လည်း ထိုသူများ၏ယုံကြည်ခြင်းကိုစမ်းသပ်ရန်နှင့် မိမိအပေါ်ထားရှိသော၎င်းတို့၏ ကိုးစားမှုများကိုတိုးပွားရန်အလို့ငှာ ဤနည်းကိုရွေးချယ်တော်မူခဲ့ပါသည်။ ထိုဣသရေလများသည် မောပန်းနွမ်းနယ်ကာ ကြောက်လန့်နေကြပါသည်။ သို့ရာတွင် ရှေ့သို့ဆက်သွားရန် မောရှေအမိန့်ပေးသောအချိန်တွင် ၎င်းတို့



နောက်ဆုတ်ခဲ့ကြပါလျှင် ထာဝရဘုရားသခင်သည် ၎င်းတို့သွားဖို့လမ်းကို ပြုပြင်ပေးတော်မူလိမ့်မည်မဟုတ်ချေ။ ထို "ဣသရေလလူတို့သည် ကုန်းကြောင်းသွားသကဲ့သို့ ယုံကြည်ခြင်းအားဖြင့် ဒေံပင်လယ်အလယ်၌လမ်းလျှောက်သွားရကြ၏။" သူတို့သည် ရေကိုနင်း၍လျှောက်သွားခြင်းအားဖြင့် မောရှေပြောသကဲ့သို့ ထာဝရဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုယုံကြည်ကြောင်း ဖေါ်ပြခဲ့ကြပါသည်။ သူတို့သည် မိမိတို့တတ်နိုင်သမျှအရာအားလုံးကို လုပ်ဆောင်ခဲ့ကြပါသည်။ ထိုအချိန်တွင် ဣသရေလများ၏တန်ခိုးကြီးတော်မူသောဘုရားသခင်သည် ၎င်းတို့ခြေချစရာလမ်းတစ်ခုကိုပြုလုပ်ပေးရန် ပယ်လယ်ကြီးကိုခွဲတော်မူခဲ့ပါသည်။

ဤအရာတွင် ခေတ်အဆက်ဆက်အတွက် သင်ခန်းစာတစ်ခုကို သွန်သင်ထားပါသည်။ ခရစ်ယာန်များ၏အသက်တာသည် မကြာခဏဆိုသလို အန္တရာယ်များ၏တိုက်ခိုက်မှုကိုခံကြရပါသည်။ တာဝန်များသည်လည်း ထမ်းဆောင်ဖို့ခက်ခဲနေသယောင်ဖြစ်တတ်ပါသည်။ ရှေ့တိုးလျှင်ပျက်စီးခြင်းရှိ၍ နောက်ဆုတ်လျှင်လည်း ကျွန်ဘဝ (ဝါ) သေခြင်းတို့သာရှိနေသည့် ထိုသူများ၏ အခြေအနေကိုစဉ်းစားကြည့်ပါ။ ထိုသို့အခြေအနေရှိနေစေကာမူ "ရှေ့သို့ချီတက်ပါ" ဟူ၍ ဘုရားသခင်သည် ပြတ်သားစွာမိန့်တော်မူ၏။ ရှေ့တွင်ရှိနေသောအမှောင်ထုကိုဖေါက်ထွင်း၍မမြင်နိုင်စေကာမူ၊ ကျွန်ုပ်တို့၏ခြေထောက်နှင့်ထိနေသောရေအေးဒဏ်ကိုခံစားရစေကာမူ ထိုအမိန့်တော်ကိုနာခံသင့်ကြပါသည်။ ကျွန်ုပ်တို့၏တိုးတက်မှုကိုအဟန့်အတားပြုနေသောအခက်အခဲများသည် သံသယရှိ၍ တုံ့နှေးနေသောသူတစ်ဦးထံမှ မည်သည့်အခါမျှ ပျောက်ကွယ်သွားမည်မဟုတ်ချေ။ မသေချာသောအရိပ်အယောင်များကွယ်ပျောက်သည်အထိ တုံ့ဆိုင်းနေသူများနှင့်ကျဆုံးဖို့၊ ရှုံးနိမ့်ဖို့စွန့်စားရန်မလိုတော့သည့် အခြေအနေအထိစောင့်ဆိုင်းနေသူများသည် မည်သည့်အခါမျှ လုံးလုံးနားထောင်မှုရှိကြလိမ့်မည်မဟုတ်ချေ။ "အခက်အခဲများကင်းစင်သွားသည်အထိ၊ ကျွန်ုပ်တို့သွားရမည့်လမ်းကို ရှင်းလင်းစွာမြင်တွေ့ရသည်အထိ ကျွန်ုပ်တို့စောင့်ဆိုင်းကြပါစို့" ဟုမယုံကြည်သောစိတ်က တီးတိုးပြောကြားနေသော်လည်း

ယုံကြည်သောစိတ်ကမူ အရာရာကိုမျှော်လင့်လျက်၊ အရာရာကိုယုံကြည်လျက် ရှေ့သို့တိုးကြရန် ရဲမာန်အပြည့်ဖြင့် အားပေးတိုက်တွန်းနေပါသည်။

အဲဂုတ္တုလူများအတွက် အမှောင်တံတိုင်းကြီးဖြစ်နေသော ထိုမိုးတိမ်ကြီးသည် ဣသရေလလူများအတွက် တစ်ဖွဲ့လုံးအား အလင်းပေး၍ ၎င်းတို့လျှောက်လှမ်းရမည့်လမ်းအား မြင်တွေ့စေသည့်မဟာအလင်းကြီးဖြစ်နေပါသည်။ ထိုနည်းအတူ မယုံကြည်သူများအတွက် အမှောင်ထုနှင့်စိတ်ပျက်စရာများဖြစ်နေသော ကိုယ်တော်၏အပြုအမူများသည် ယုံကြည်သောအသက်ဝိညာဉ်များအတွက် အလင်းနှင့်ငြိမ်သက်ခြင်းကိုဖြစ်စေပါသည်။ ထာဝရဘုရားသခင်လမ်းပြတော်မူသည့်ခရီးလမ်းသည် ကန္တာရကိုဖြတ်သည်ဖြစ်စေ၊ ပင်လယ်ကိုဖြတ်သည်ဖြစ်စေ လုံခြုံသောခရီးလမ်းတစ်ခုဖြစ်ပါသည်။

* * *



# (၂၆)
# ပင်လယ်နီမှသိနာတောင်သို့

ဣသရေလများသည် ထိုမိုးတိမ်တိုင်ကြီး၏လမ်းပြမှုကိုခံယူလျက် ပင်လယ်နီမှစတင်ခရီးထွက်လာခဲ့ကြပါသည်။ ၎င်းတို့၏ပတ်ဝန်းကျင်ရှိ မြင်ကွင်းသည် ငြီးငွေ့စရာအလွန်ကောင်းလှပါသည်။ တောင်ကတုံးများ၊ သစ်ပင်မရှိသောလွင်ပြင်များ၊ အပြောကျယ်သောပင်လယ်ကြီးနှင့် ကမ်းနားတွင်တင်နေသည့်အဲဂုတ္တုလူများ၏အလောင်းများကိုသာ ၎င်းတို့မြင်တွေ့နေကြရပါသည်။ သို့စေကာမူ လွတ်လပ်ခွင့်ကိုရပြီဟူသောအသိစိတ်ဓါတ်ကြောင့် သူတို့ပျော်ရွှင်ခဲ့ကြကာ ကွဲပြားခြားနားသောစိတ်သဘောထားများငြိမ်သက်သွားခဲ့ကြပါသည်။

သို့ရာတွင် သုံးရက်ခရီးပေါက်ပြီးသည်အထိ ရေကိုလုံးဝမတွေ့ရှိကြရချေ။ ၎င်းတို့ယူဆောင်လာခဲ့ကြသောရေများလည်းကုန်ချေပြီ။ နေပူကျဲကျဲလွင်တီးခေါင်ခေါင်တွင် မောပန်းနွမ်းနယ်စွာဖြတ်သန်းသွားကြစဉ် ၎င်းတို့ခံစားခဲ့ရသောရေငတ်ဒဏ်ကို မည်သည့်အရာကမျှမဖြေဖျောက်စေနိုင်ခဲ့ချေ။ ထိုဒေသအကြောင်းကိုကောင်းစွာသိရှိထားသောမောရှေအနေဖြင့် အနီးဆုံးသောစခန်းတွင်တွေ့ရှိရမည့်စမ်းရေသည်လည်း ၎င်းတို့သောက်သုံးဖို့မသင့်လျော်သောရေဖြစ်ကြောင်းသိထားပါသည်။ သူသည် လမ်းပြသောထိုမိုးတိမ်တိုင်ကို အလွန်စိုးရိမ်ပူပန်စွာဖြင့် စောင့်ကြည့်လိုက်လျှောက်ခဲ့ပါသည်။ ထိုစဉ်တွင် ထိုလူအုပ်ကြီးထဲမှ "ရေ၊ ရေ" ဟူ၍ဝမ်းသာအယ်လဲအော်ဟစ်သံများကို သူကြားလိုက်ရပါသည်။ လူကြီးလူငယ်အပေါင်းတို့သည် ထိုစမ်းချောင်းရှိရာသို့ ဝမ်းသာအားရပြေးသွားပြီး နောက်မကြာမီမှာပင် ပြင်းထန်သောညည်းတွားဟစ်ကြွေးသံများထွက်ပေါ်လာခဲ့ပါသည်။ အကြောင်းမှာ ထိုရေသည် ခါးသောရေဖြစ်သောကြောင့်တည်း။

သို့နှင့်သူတို့သည် မိမိတို့အားလမ်းပြပို့ဆောင်နေသော ထူးဆန်းသည့် ထိုမိုးတိမ်တိုင်ထဲတွင် ထာဝရဘုရားသခင်ရှိတော်မူကြောင်းကို သတိမရကြ

တော့ဘဲ ထိုကဲ့သို့သောလမ်းမျိုးကိုခေါ်ဆောင်လာခဲ့သည့်အတွက် မောရှေအား စိတ်ပျက်စွာဖြင့်အပြစ်တင်နေကြပါသည်။ မောရှေသည် ၎င်းတို့ခံစားနေရသောဒုက္ခအတွက် နှလုံးကြေကွဲစွာဖြင့် ၎င်းတို့လုပ်ဆောင်ဖို့မေ့လျော့နေခဲ့သည့် အရာတစ်ခုကိုလုပ်ဆောင်ခဲ့ပါသည်။ ထိုအရာမှာ ထာဝရဘုရားသခင်ထံ အကူအညီတောင်းခံခြင်းပင်ဖြစ်ပါသည်။ "မောရှေသည် ထာဝရဘုရားသခင်အားအော်ဟစ်၍ ထာဝရဘုရားသခင်သည် သစ်ပင်တစ်ပင်ကိုပြတော်မူ၏။ ထိုအပင်ကိုရေထဲသို့ချပြီးလျှင် ရေသည်ချိုလေ၏။" ထိုနောက် ဤနေရာတွင် မောရှေအားဖြင့် ထာဝရဘုရားသခင်ကတိထားတော်မူသည်ကား၊ သင်တို့သည် သင်တို့၏ဘုရားသခင်ထာဝရဘုရားသခင်၏စကားကိုစေ့စေ့နားထောင်၍ နှစ်သက်တော်မူသောအကျင့်ကိုကျင့်လျှင်လည်းကောင်း၊ ပညတ်တော်အလိုသို့ လိုက်၍ စီရင်တော်မူချက်တို့ကိုစောင့်ရှောက်လျှင်လည်းကောင်း ငါသည် အဲဂုတ္တုလူတို့၌စွဲစေသောရောဂါတစ်စုံတစ်ခုကိုမျှ သင်တို့၌မစွဲစေ။ ငါသည် သင်တို့၏ရောဂါကိုငြိမ်းစေသောထာဝရဘုရားသခင်သည်" ဟူ၍ဖြစ်၏။

ထိုနောက်ဣသရေလများသည် မာရမှခရီးဆက်ထွက်ခွာရာ ရေတွင်းဆယ့်နှစ်တွင်း၊ စွန်ပလွံပင်ခုနစ်ဆယ်နှင့်ပြည့်စုံရာ ဧလိမ်ရွာသို့ရောက်၏။ သိန်တောသို့မဝင်မီ သူတို့သည် ထိုနေရာတွင်ရက်အနည်းငယ်စခန်းချနားနေခဲ့ကြပါသည်။ အဲဂုတ္တုပြည်မှထွက်လာပြီးသည့်နောက် တစ်လခန့်အကြာတွင် သူတို့သည် တော၌ပထမဦးဆုံးစခန်းချခဲ့ကြပါသည်။ သူတို့ယူဆောင်လာခဲ့သောရိက္ခာများသည်လည်း ကုန်စပြုလာခဲ့ချေပြီ။ တောထဲတွင်စားစရာ ဟင်းသီးဟင်းရွက်ပင်များလည်းရှားပါးသည်ဖြစ်ရာ သူတို့၏သိုးနွားများသည်လည်း လျော့နည်းသွားလျက်ရှိသည်။ ဤမျှကြီးမားသောလူအုပ်ကြီးအား ကျွေးမွေးရန် အစားအစာကိုမည်သို့ရနိုင်ပါအံ့နည်း။ သံသယစိတ်များဝင်လာကာ တစ်ဖန်သူတို့သည်ညည်းတွားကြပြန်သည်။ ဦးဆောင်ရမည့်ယုဒလူအကြီးအကဲများကပင် ဘုရားသခင်ခန့်ထားတော်မူသောခေါင်းဆောင်များအား ပြစ်တင်စကားပြောလာကြပါသည်။ "ငါတို့သည် အဲဂုတ္တုပြည်၌ အမဲသားချက်သောအိုးကင်းနားမှာထိုင်၍ ဝစွာစားရသောအခါ ထာဝရဘုရားသခင်၏လက်တော်ဖြင့်



သေလျှင် သာ၍ကောင်း၏။ ယခုမူကား၊ စည်းစေးလျက်ရှိသော ဤလူအပေါင်းတို့ကိုငတ်မွတ်ခြင်းအားဖြင့် သတ်လိုသောငှာ ဤတောအရပ်သို့ဆောင်ခဲ့ပြီတကားဟု မောရှေနှင့်အာရုန်ကိုအပြစ်တင်၍ မြည်တမ်းလျက်ဆိုကြ၏။"

အမှန်မှာ သူတို့သည် ထိုအချိန်အထိတစ်ခါမျှအစာမငတ်ဖူးကြသေးပါ။ ကိုယ်တော်သည် ၎င်းတို့၏လတ်တလောလိုအပ်ချက်များကိုဖြည့်ဆည်းပေးလျက်ရှိပါသည်။ သို့ရာတွင် သူတို့စိုးရိမ်သည်မှာ အနာဂတ်ရေးအတွက်ဖြစ်ပါသည်။ တောထဲတွင်ခရီးသွားနေစဉ် ဤမျှများပြားသောလူအုပ်ကြီးသည် မည်ကဲ့သို့စားရသောက်ရမည်ကို သူတို့နားမလည်နိုင်အောင်ဖြစ်နေပါသည်။ မိမိတို့၏သားသမီးများတို့သည် အစာငတ်ရေငတ်ဖြစ်ကာ သေကျေကုန်ကြလိမ့်မည်ဟု သူတို့ထင်နေကြပါသည်။ ထိုနေရာအထိပို့ဆောင်တော်မူခဲ့သောကိုယ်တော့်ထံသို့ ၎င်းတို့စိတ်နှလုံးများဦးလှည့်လာစေရန်အလို့ငှာ ထာဝရဘုရားသခင်သည် ၎င်းတို့အားအခက်အခဲများနှင့်တွေ့ကြုံခွင့်ပြုခဲ့ပါသည်။ အစားအစာများပြတ်လပ်ခွင့်ပြုခဲ့ပါသည်။ သူတို့သည် မိမိတို့၏လိုအပ်ချက်များအတွက် ကိုယ်တော်အားတောင်းလျှောက်ခဲ့ကြလိမ့်မည်ဆိုလျှင် မိမိ၏မေတ္တာနှင့်ယုယမှုများအတွက် ထင်ရှားသောအထိမ်းအမှတ်များကို ၎င်းတို့အား ကိုယ်တော်ပေးသနားတော်မူပါလိမ့်မည်။ ကိုယ်တော်၏မိန့်တော်မူချက်တို့ကို နားထောင်လျှင် မည်သည့်ရောဂါမျှမကျရောက်စေရဟု ကိုယ်တော်ကတိထားတော်မူခဲ့ပါသည်။ မိမိတို့နှင့်တကွ မိမိတို့၏သားသမီးများသည် အစာငတ်ကာသေကျေပျက်စီးကုန်ကြတော့မည်ဟုတွေးထင်နေခြင်းသည် အပြစ်များသော ၎င်းတို့၏မယုံကြည်မှုသာဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် သူတို့၏ဘုရားသခင်ဖြစ်ကြောင်း၊ သူတို့အား မိမိအတွက် လူမျိုးတစ်မျိုးအဖြစ်ဆောင်ယူတော်မူမည်ဖြစ်ကြောင်း၊ သာယာဝပြော၍ ကြီးမားသောတိုင်းပြည်သို့ သူတို့အားပို့ဆောင်တော်မူမည်ဖြစ်ကြောင်း ကတိထားတော်မူခဲ့သော်လည်း ထိုပြည်သို့သွားရာလမ်းတစ်လျှောက်တွင် ရင်ဆိုင်ရသောအခက်အခဲတိုင်း၌ သူတို့စိတ်ပျက်အားလျော့ခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းတို့အားချီးမြှောက်၍ သူကောင်းပြုကာ ကမ္ဘာအလယ်တွင်

ချီးမွမ်းစရာတစ်ခုဖြစ်အောင်ပြုလုပ်ရန်အလို့ငှာ အံ့သြဖွယ်နည်းများဖြင့် အဲဂုတ္တုပြည်ကျွန်ဘဝမှထုတ်ဆောင်တော်မူခဲ့ပါသည်။ သို့ရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ရန် ဆင်းရဲနွမ်းပါးမှုများကိုခံနိုင်ရည်ရှိရန်မှာ ၎င်းတို့အတွက် ပဓါနကျသောအရာများဖြစ်လာခဲ့ပါသည်။ အကြောင်းမှာ အရေးကြီး၍ မွန်မြတ်သန့်ရှင်းသောလုပ်ငန်းတာဝန်များကိုလက်ခံကာ လူမျိုးများအလယ်တွင် ဂုဏ်အသရေနှင့်ပြည့်စုံသောနေရာတွင်နေထိုင်ဖို့ရန် ဘုရားသခင်သည် ၎င်းတို့အား ယုတ်ညံ့နိမ့်ကျသောအခြေအနေမှဆောင်ကြဉ်းလာခြင်းကြောင့်ဖြစ်ပါသည်။ ၎င်းတို့အတွက် ကိုယ်တော်ပြုတော်မူသောအရာခပ်သိမ်းတို့ကိုထောက်ရှုကာ ကိုယ်တော်၌သူတို့ယုံကြည်ကိုးစားခဲ့ကြမည်ဆိုလျှင် အဆင်မပြေမှုများ၊ နွမ်းပါးမှုများနှင့်ဆင်းရဲဒုက္ခများကိုပြစ်တင်ငြိုငြင်ခြင်းမရှိဘဲ သူတို့သည်းခံခဲ့ကြပေလိမ့်မည်။ သို့ရာတွင် သူတို့သည် ထာဝရဘုရားသခင်အားယုံကြည်ကိုးစားရန် ဆန္ဒမရှိခဲ့ကြချေ။ သူတို့သည် အဲဂုတ္တုပြည်တွင်ခံစားခဲ့ရသောခါးသီးစရာကျွန်ဘဝကိုမေ့လျော့ခဲ့ကြချေပြီ။ မိမိတို့အား ကျွန်ဘဝမှထုတ်ဆောင်ရာတွင် ထာဝရဘုရားသခင်ပြတော်မူခဲ့သောတန်ခိုးတော်နှင့်ကောင်းမြတ်ခြင်းများကိုလည်း သူတို့မေ့လျော့ခဲ့ကြချေပြီ။ ၎င်းပြင် အဲဂုတ္တုပြည်ရှိသားဦးများကိုသုတ်သင်စဉ်က ၎င်းတို့၏သားဦးများကိုစောင့်ရှောက်တော်မူခဲ့သည်ကိုလည်းကောင်း၊ ပင်လယ်နီ၌ ပြတော်မူခဲ့သောမဟာတန်ခိုးတော်ကိုလည်းကောင်း ၎င်းတို့အတွက်ဖွင့်ပေးတော်မူခဲ့သောလမ်းတွင် ဘေးကင်းလုံခြုံစွာဖြင့်လျှောက်၍ ပင်လယ်နီကို ကျော်ဖြတ်ကြစဉ် မိမိတို့နောက်မှလိုက်လာကြသောအဲဂုတ္တုတပ်သားများသည် ရေနစ်သေဆုံးခဲ့သည်ကိုလည်းကောင်း သူတို့မေ့လျော့ခဲ့ကြချေပြီ။ သူတို့သည် လတ်တလောတွေ့ကြုံနေရသောအဆင်မပြေမှုများနှင့်အခက်အခဲများကိုသာ မြင်ခဲ့ကြပါသည်။ "ကျွန်ုပ်တို့သည် ကျွန်ဘဝသို့ရောက်နေစဉ်မှာပင် ကျွန်ုပ်တို့အားလူမျိုးကြီးဖြစ်စေလျက် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ကြီးမားသောအမှုတို့ကိုပြုတော်မူခဲ့သည်" ဟုပြောဆိုချီးမွမ်းရမည့်အစား ခရီးလမ်းတွင်တွေ့ကြုံရသည့်အခက်အခဲများအကြောင်းကိုသာပြောဆိုနေကြပြီး ပင်ပန်းနွမ်းရိဖွယ်ဤခရီးစဉ်အဆုံးသတ်မည့်အချိန်အကြောင်းကိုသာစဉ်းစားနေကြပါသည်။



တောတွင်တွေ့ကြုံခဲ့ရသော ဣသရေလများ၏အသက်တာသမိုင်းစဉ်ကို နောက်ဆုံးသောအချိန်တွင်အသက်ရှင်နေထိုင်ကြမည့် ဘုရားသခင့်ဣသရေလများ၏အကျိုးအလို့ငှာ မှတ်တမ်းတင်ထားခဲ့ပါသည်။ ဣသရေလများ၏ တောတွင်းခရီးစဉ်တွင်လည်းကောင်း၊ အစာငတ်၊ ရေငတ်၍ ပင်ပန်းနွမ်းရိမှုများနှင့်ကြုံတွေ့မှုများတွင်လည်းကောင်း၊ သူတို့အားအခက်အခဲအမျိုးမျိုးမှ သက်သာလွတ်ကင်းခွင့်ရရန်အတွက် ထင်ရှားစွာတန်ခိုးပြမှုများတွင်လည်းကောင်း ၎င်းတို့အပေါ်ဘုရားသခင်ပြုတော်မူခဲ့သောအရာများ၏မှတ်တမ်းများသည် ခေတ်အဆက်ဆက်တွင်အသက်ရှင်နေထိုင်ကြမည့်လူသားများအတွက် သတိပေးချက်များ၊ ညွှန်ကြားချက်များဖြစ်ပါသည်။ ထိုဟေဗြဲလူများတွေ့ကြုံခဲ့ရသောအရာအမျိုးမျိုးတို့သည် ခါနာန်ပြည်ရှိကတိထားတော်မူသောအိမ်တော်တွင် ဝင်စားရန်အတွက် ပြင်ဆင်မှုများသာဖြစ်ပါသည်။ ယခုခေတ်တွင် အသက်ရှင်ကြသောကိုယ်တော်ရှင်၏သားသမီးများသည် ကောင်းကင်ခါနာန်ပြည်သို့ ဝင်စားရန်အတွက် ပြင်ဆင်မှုများလုပ်နိုင်ဖို့ သွန်သင်မှုများကိုရယူနိုင်ရန်အလို့ငှာ ထာဝရဘုရားသခင်သည် ၎င်းတို့အားရှေးခေတ်ဣသရေလများကျော်လွှားခဲ့ရသောအခက်အခဲများကို နှိမ့်ချသောစိတ်၊ အသွန်သင်ခံမည့်စိတ်များဖြင့် ပြန်လည်သုံးသပ်စေလိုတော်မူပါသည်။

များစွာသောလူတို့သည် ထိုဣသရေလများ၏အခြေအနေကိုပြန်လည်သုံးသပ်ကာ မိမိတို့အနေဖြင့် ထိုကဲ့သို့ကျေးဇူးမကန်းခဲ့ဖူးပါဟုယူဆပြီး ထိုသူများ၏မယုံကြည်မှုများနှင့်ညည်းတွားမှုများအတွက် အံ့အားသင့်နေကြပါသည်။ သို့ရာတွင် ၎င်းတို့၏ယုံကြည်ခြင်းကို အနည်းငယ်သောအခက်အခဲများနှင့်စမ်းသပ်ကြည့်သောအခါ ၎င်းတို့၏ယုံကြည်ခြင်းနှင့်သည်းခံခြင်းသည် ရှေးခေတ်ဣသရေလများထက်မသာကြောင်းတွေ့ရပါသည်။ ဘေးကျပ်နံကျပ်အခြေအနေသို့ရောက်ရှိလာသောအချိန်၌ ၎င်းတို့၏အသက်တာအား ဖြူစင်သွားအောင် ထာဝရဘုရားသခင်၏လုပ်ဆောင်မှုအဆင့်ဆင့်တိုင်းတွင် သူတို့သည် ညည်းတွားတတ်ပါသည်။ ၎င်းတို့၏လတ်တလောလိုအပ်ချက်များကိုဖြည့်ဆည်းပေးတော်မူသော်လည်း လူအများစုသည် အနာဂတ်ရေး

အတွက် ဘုရားသခင်ကိုယုံကြည်ကိုးစားလိုစိတ်မရှိကြချေ။ ၎င်းပြင် မိမိတို့သည် ဆင်းရဲနွမ်းပါးသွားကာ မိမိတို့၏သားသမီးများသည် ဒုက္ခရောက်ကုန်ကြမည်ကိုစိုးရိမ်သဖြင့် သူတို့သည် အမြဲတမ်းစိတ်သောကရောက်နေကြပါသည်။ အချို့သောသူများသည် ကျေးဇူးတော်ချီးမွမ်းသင့်သောကောင်းချီးမင်္ဂလာများစွာတို့ကို မမြင်နိုင်သည့်အခြေရောက်အောင် ဖြစ်ပေါ်နေသောအခက်အခဲများကိုပုံကြီးချဲ့လျက်၊ ဒုစရိုက်များကိုမျှော်လင့်လျက်ရှိနေကြပါသည်။ သူတို့သည် အခက်အခဲများနှင့်ရင်ဆိုင်ရသောအခါ တစ်ခုတည်းသောခွန်အား၏ အရင်းအမြစ်ဖြစ်တော်မူသော ထာဝရဘုရားသခင်ထံမှအကူအညီများကို တောင်းခံရမည့်အစား၊ ကိုယ်တော့်ထံမှကျောခိုင်းတတ်ကြပါသည်။ အကြောင်းမူကား သူတို့သည် စိတ်မငြိမ်မသက်ဖြစ်ကာ ညည်းတွားဝမ်းနည်းနေကြပါသည်။

ကျွန်ုပ်တို့သည် ထိုသူများကဲ့သို့ မယုံကြည်လျက်ရှိကြပါသလား။ အဘယ်ကြောင့်ကျွန်ုပ်တို့သည် ကျေးဇူးတော်ကိုမချီးမွမ်းဘဲ မယုံကြည်မကိုးစားကြပါသနည်း။ သခင်ယေရှုသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်တော်မူသည်။ ကျွန်ုပ်တို့၏ကောင်းစားရေးအတွက် ကောင်းကင်သားအားလုံးက စိတ်ဝင်စားကြပါသည်။ ကျွန်ုပ်တို့၏စိုးရိမ်ပူပန်မှုများသည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကိုဝမ်းနည်းစေပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုရတက်မအေးဖြစ်စေမည့်အရာများကိုလည်းကောင်း၊ မောပန်းနွမ်းနယ်လျစေရုံသာမက တွေ့ကြုံရသောစမ်းသပ်မှုများကို ခံနိုင်ရည်ရှိဖို့ အကူအညီမဖြစ်စေမည့် စိုးရိမ်ပူပန်မှုများကိုလည်းကောင်း မလိုက်စားသင့်ကြချေ။ ဤလောကီအရာများသည် ကျွန်ုပ်တို့၏ပျော်ရွှင်မှုအတွက် အဓိကကျနေသည့်အလား အသက်တာ၏ ပဓါနကျသောလုပ်ဆောင်မှုတစ်ရပ်ဖြစ်သည့် အနာဂတ်လိုအပ်ချက်များအတွက် ပြင်ဆင်မှုများကိုအဟန့်အတားဖြစ်စေမည့် ဘုရားသခင်ကိုမကိုးစားသည့် စိတ်ဓါတ်အတွက် နေရာမပေးသင့်ပါချေ။ ကိုယ်တော်၏လူများသည် သောကဗျာပါဒများအောက်တွင် ဝန်လေးလျက်ရှိနေခြင်းကို ဘုရားသခင် အလိုရှိတော်မမူပါ။ သို့ရာတွင် ကျွန်ုပ်တို့လျှောက်လှမ်းရမည့်ခရီးလမ်းတွင်



ဘေးအန္တရာယ်တစ်စုံတစ်ရာမရှိပါဟူ၍လည်းကောင်း ဤအပြစ်ကမ္ဘာမှ မိမိလူတို့အား သီးခြားစီထားမည်ဟူ၍လည်းကောင်း ကျွန်ုပ်တို့အား ကိုယ်တော်ရှင်မိန့်တော်မမူခဲ့ဖူးပါ။ သို့ရာတွင် မည်သည့်အခါမျှကျဆုံးခြင်းမရှိသောခိုလှုံရာ တစ်ခုကို ကျွန်ုပ်တို့အားကိုယ်တော်ရှင်ပြညွှန်တော်မူခဲ့ပါသည်။ “ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်” ဟုပင်ပန်းနွမ်းလျ၍ ဝန်လေးနေသူအပေါင်းတို့အား ကိုယ်တော်ရှင်ဖိတ်ခေါ်နေပါသည်။ သင်ကိုယ်တိုင်ထမ်းထားလျက်ရှိသော လောကနှင့်ဆိုင်သော စိုးရိမ်ပူပန်မှုထမ်းပိုးကြီးကိုချထားလိုက်ကာ ကိုယ်တော်ရှင်ထမ်းပိုးကိုတင်၍ ထမ်းကြလော့။ ကိုယ်တော်ရှင်ထံ၌နည်းခံကြလော့။ ကိုယ်တော်ရှင်သည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့၏စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားကြည့်ရှုစောင့်ရှောက်တော်မူသောကြောင့် ကျွန်ုပ်တို့၏စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြပါ။ သို့ပြုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၌ငြိမ်သက်ခြင်းအခွင့်ကို တွေ့နိုင်ကြပါမည်။

“ညီအစ်ကိုတို့၊ သင်တို့သည် အသက်ရှင်တော်မူသောဘုရားသခင့်ထံတော်မှထွက်သွားသောအားဖြင့် မယုံကြည်သည့်ဆိုးညစ်သောစိတ်နှလုံးမရှိစေခြင်းငှာ သတိပြုကြလော့” ဟူ၍ ရှင်ပေါလုကသွန်သင်ထားပါသည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုတော်မူသောအရာခပ်သိမ်းတို့ကိုထောက်လျက် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် တည်ကြည်မြဲမြံ၍ တက်တက်ကြွကြွရှိသင့်ပါသည်။ ညည်းတွားအပြစ်တင်နေမည့်အစား၊ “အို၊ ငါ့ဝိညာဉ်၊ ထာဝရဘုရားသခင်ကိုကောင်းချီးပေးလော့။ ငါ၏အထဲမှာရှိသမျှတို့၊ သန့်ရှင်းသောနာမတော်ကို ကောင်းချီးပေးကြလော့။ အို၊ ငါ့ဝိညာဉ်၊ ထာဝရဘုရားသခင်ကိုကောင်းချီးပေးလော့။ ကျေးဇူးတော်အပေါင်းကိုမမေ့လျော့နှင့်” ဟူ၍ မြွက်ဆိုသင့်ကြပါသည်။

ထာဝရဘုရားသခင်သည် ဣသရေလများ၏လိုအပ်ချက်များကို ဂရုမထားခဲ့သည်မဟုတ်ပါ။ “ငါသည် သင်တို့အဖို့ မိုးကောင်းကင်က မုန့်မိုး

ကိုရှာစေမည်" ဟုမောရှေအားမိန့်တော်မူခဲ့ပါသည်။ ၎င်းပြင် လူတို့သည် နေ့တိုင်းအတွက် တစ်နေ့စာစားလောက်အောင်သိမ်းယူရမည်။ ဥပုသ်နေ့အား သန့်ရှင်းစွာစောင့်ထိန်းခြင်းအမှုကို ဆက်လက်လုပ်ဆောင်နိုင်ရန်အလို့ငှာ ခြောက်ရက်မြောက်သောနေ့တွင် နှစ်ဆကိုသိမ်းယူရမည်ဟူ၍ ညွှန်ကြားချက်များကိုလည်းပေးတော်မူခဲ့ပါသည်။

၎င်းပြင် "ညဥ့်ဦးယံ၌ သင်တို့သည် အမဲသားကိုစားရလိမ့်မည်။ နံနက်ယံ၌လည်း မုန့်နှင့်ဝရလိမ့်မည်" ဟုဣသရေလများ၏လိုအပ်ချက်များကို ဘုရားသခင်ဖြည့်ဆည်းပေးတော်မူမည်အကြောင်း မောရှေအားအာမခံချက်ပေးကာ "ငါတို့သည် အဘယ်သို့သောသူဖြစ်သနည်း။ သင်တို့သည် အပြစ်တင်လျက်မြည်တမ်းကြသောစကားသည် ငါတို့ကိုမထိမခိုက်၊ ထာဝရဘုရားသခင်ကိုထိခိုက်သည်" ဟုဆိုလေ၏။ "တစ်ဖန်သင်တို့သည် အပြစ်တင်လျက်မြည်တမ်းသောအသံကို ထာဝရဘုရားသခင်ကြားတော်မူသည်ဖြစ်၍ အထံတော်သို့ချဉ်းကပ်ကြလော့" ဟုဣသရေလများအားဆင့်ဆိုရန် အာရုန်အားသူမှာထားလေ၏။ အာရုန်သည် ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့အား ဆင့်ဆိုသောအခါ သူတို့သည် တောသို့မျှော်ကြည့်၍ မိုးတိမ်၌ထင်ရှားသောထာဝရဘုရားသခင်၏ဘုန်းတော်ကိုမြင်ရကြ၏။" သူတို့ယခင်က တစ်ခါမျှမမြင်တွေ့ခဲ့ဖူးသော ထိုကဲ့သို့သောခမ်းနားကြီးကျယ်သည့် ထိုဘုန်းတော်သည် ဘုရားသခင်ရှိတော်မူခြင်း၏အထိမ်းအမှတ်တစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့သောဘုန်းတော်ထင်ရှားခြင်းမှတစ်ဆင့် ဘုရားသခင်အားသိကျွမ်းမှုကိုရယူကြရန်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏စကားကို သူတို့နားထောင်၍ နာမတော်ကိုကြောက်ရွံ့ကြစေရန်အလို့ငှာ ၎င်းတို့အား ဦးဆောင်နေသောသူမှာ လူသားရိုးရိုးဖြစ်သောမောရှေမဟုတ်ဘဲ ထာဝရဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ကြောင်းသွန်သင်ပေးရပါမည်။

ညဥ့်ဦးယံသို့ရောက်လာသောအခါ တစ်စခန်းလုံးစားနိုင်လောက်အောင်များပြားသောငုံးငှက်တို့သည် စခန်းအနှံ့အပြားတွင်ရောက်ရှိလာကြပါသည်။ နံနက်မိုးသောက်သောအခါ နှင်းခဲကဲ့သို့သေးသေးလုံးလုံးအရာသည်



မြေမျက်နှာပေါ်မှရှိရစ်လေ၏။ ထိုအရာသည် နံနံစေ့ကဲ့သို့ဖြစ်၍ ဖြူသောအဆင်းရှိ၏။ ၎င်းတို့က ထိုအရာကိုမန္နဟုခေါ်ကြ၏။ "ဤအရာသည် သင်တို့စားစရာဖို့ ထာဝရဘုရားသခင်ပေးသနားတော်မူသောမုန့်ဖြစ်၏" ဟုမောရှေကဆို၏။ ထိုအခါ လူများတို့သည် မန္နမုန့်ကိုစုသိမ်းကြရာ လူအားလုံးအတွက်အလုံအလောက်ရှိကြောင်းကိုတွေ့ကြရသည်။ ထိုနောက် "ဆုံ၌ကြိတ်ခြင်း၊ ထောင်းခြင်းကိုပြုပြီးမှ အိုးနှင့်ပြုတ်ကြ၏။ မုန့်ပြားကိုလည်းလုပ်ကြ၏။" "ပျားရည်နှင့်ရောသောမုန့်ကြွပ်နှင့်အရသာတူ၏။" မန္နမုန့်ကိုလူတစ်ဦးစီအတွက် တစ်ဩမဲစီနေ့စဉ်ကောက်ယူကာ နောက်တစ်နေ့နံနက်အချိန်တိုင်အောင်ချန်မထားရန် သူတို့အားညွှန်ကြားခဲ့ပါသည်။ အချို့လူတို့သည် နောက်တစ်နေ့နံနက်တိုင်အောင် မန္နမုန့်များကိုသိမ်းထားဖို့ကြိုးစားခဲ့ကြရာ စားဖို့မသင့်လျော်တော့သောအခြေသို့ရောက်ရှိသွားသည်ကိုတွေ့ကြရပါသည်။ တစ်နေ့စာအတွက် မန္နမုန့်များကို နံနက်အချိန်တွင်စုသိမ်းရမည်ဖြစ်ပါသည်။ မြေကြီးပေါ်တွင်ကျန်ရစ်ခဲ့သောမန္နမုန့်များသည် နေပူသောအခါအရည်ပျော်ကုန်ကြပါသည်။

အချို့သူများသည် တစ်ဩမဲထက်မန္နမုန့်များကိုပို၍စုသိမ်းကြသလို အချို့မှာမူလျှော့၍စုသိမ်းခဲ့ကြပါသည်။ သို့ရာတွင် "ဩမဲတောင်းနှင့်ခြင်ကြသောအခါ များများရသောသူမပို၊ နည်းနည်းရသောသူမလို" သည်ကိုတွေ့ကြရ၏။ ဤကျမ်းချက်ကို ရှင်ပေါလုက ကောရိန္သုဩဝါဒစာဒုတိယစောင်တွင်ရှင်းလင်းဖွင့်ဆိုထားသည်မှာ "ဤအမှုအရာ၌ အခြားသောသူတို့သည်ချမ်းသာရ၍ သင်တို့သည် ဆင်းရဲစေခြင်းငှာ ငါအကြံရှိသည်မဟုတ်။ များများရသောသူမပို၊ နည်းနည်းရသောသူမလိုဟူသောကျမ်းစကားနှင့်အညီမျှခြင်းတရားကိုထောက်၍ ယခု၌သင်တို့၏စည်းစိမ်သည် သူတို့၏ဆင်းရဲကိုမစသဖြင့်လည်းကောင်း၊ နောင်၌သူတို့၏စည်းစိမ်သည် သင်တို့၏ဆင်းရဲကိုမစသဖြင့်လည်းကောင်း အညီအမျှဖြစ်စေခြင်းငှာ ငါအကြံရှိ၏" ဟူ၍ဖြစ်၏။

ခြောက်ရက်မြောက်သောနေ့တွင် လူများတို့သည် ယခင်စုသိမ်းနေကျထက်နှစ်ဆစုသိမ်းခဲ့ကြပါသည်။ ဣသရေလအကြီးအကဲများသည် ဖြစ်ပျက်

ခဲ့သမျှကို မောရှေအားကြားပြောခြင်းငှာ အလျင်အမြန်လာခဲ့ကြရာ "နက်ဖြန်နေ့သည် ထာဝရဘုရားသခင်ရှေ့၌ သန့်ရှင်းသောဥပုသ်နေ့၊ ငြိမ်ဝပ်စွာနေရသောနေ့ဖြစ်၏။ မုန့်ကိုပေါင်းချင်သည်အတိုင်းပေါင်းကြလော့။ ပြုတ်ချင်သည့်အတိုင်းပြုတ်ကြလော့။ ကျန်သောအရာကိုနံနက်တိုင်အောင်စောင့်၍ သိုထားကြလော့ဟု ထာဝရဘုရားသခင်မိန့်တော်မူကြောင်းကိုပြန်ပြောလေ၏။" ထိုသူတို့သည်လည်း မောရှေပြောသည့်အတိုင်းလုပ်ဆောင်ကြရာ ထိုမုန့်များသည် နောက်တစ်နေ့တွင်မပုပ်မပျက်သည်ကိုတွေ့ရှိကြရ၏။ ထိုအခါ "မောရှေကလည်း ကျန်သောအရာကိုယနေ့စားကြလော့။ ယနေ့သည် ထာဝရဘုရားသခင်၏ဥပုသ်နေ့ဖြစ်၏။ ယနေ့တွင် ထိုအရာကိုတော၌မတွေ့ရ။ ခြောက်ရက်ပတ်လုံးသိမ်းယူရကြ၏။ ဥပုသ်နေ့တည်းဟူသော ခုနစ်ရက်မြောက်သောနေ့တွင် မရှိမတွေ့ရဟုဆိုလေ၏။"

ကိုယ်တော်၏သန့်ရှင်းသောနေ့ကို ထိုကြွသရေလများခေတ်ကကဲ့သို့ပင် ယခုအချိန်တွင်လည်း သန့်ရှင်းစွာတည်ဆောက်ကြရန် ထာဝရဘုရားသခင်တောင်းဆိုတော်မူနေပါသည်။ ဟေဗြဲလူများအားပေးတော်မူခဲ့သောအမိန့်တော်သည် ထာဝရဘုရားသခင်က မိမိတို့အတွက်ပေးသနားသောပညတ်ချက်များအဖြစ် ခရစ်ယာန်အားလုံးအနေဖြင့် မှတ်ယူသင့်ကြပါသည်။ ဥပုသ်နေ့၏သန့်ရှင်းသောအချိန်များတွင် အရာခပ်သိမ်းတို့သည် အဆင်သင့်ဖြစ်နေစေရန် ဥပုသ်နေ့မတိုင်မီနေ့တစ်နေ့ကိုပြင်ဆင်ရန်နေ့အဖြစ် သတ်မှတ်ထားသင့်ပါသည်။ သန့်ရှင်းသောအချိန်တွင် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို မည်သည့်နည်းနှင့်မျှလုပ်ဆောင်ရန်မလိုက်လျောသင့်ချေ။ နာမကျန်းသူများနှင့်ဒုက္ခဝေဒနာခံစားနေရသူများကိုပြုစုစောင့်ရှောက်ရမည်။ ၎င်းတို့အားသက်သာခြင်းအခွင့်ရရန် လုပ်ဆောင်ပေးခြင်းသည် ကရုဏာနှင့်စပ်ဆိုင်သောအလုပ်ဖြစ်သောကြောင့် ဥပုသ်နေ့ကိုချိုးဖေါက်ခြင်းမဟုတ်ဟု ထာဝရဘုရားသခင်ညွှန်ကြားတော်မူ၏။ သို့ရာတွင် မလုပ်မဖြစ်မဟုတ်သောအလုပ်အားလုံးကို ဥပုသ်နေ့တွင်မလုပ်ရန် ရှောင်ကြဉ်ရမည်။ လူများစွာတို့သည် အဖိတ်နေ့တွင်လုပ်ဆောင်နိုင်သည့် အသေးအဖွဲအရာများကို ဥပုသ်ဝင်သည့်အချိန်အထိဂရုမထားဘဲ လုပ်ဆောင်ရန်





နှောင့်နှေးနေတတ်ကြပါသည်။ ဤသို့မပြုသင့်ကြချေ။ ဥပုသ်ဝင်သည့်အချိန်အထိ မလုပ်မိဘဲထားခဲ့သည့်အရာများကို ဥပုသ်လွန်သွားသည်အထိ မလုပ်ဘဲထားသင့်ပါသည်။ ဤလမ်းစဉ်သည် အမှုမဲ့အမှတ်မဲ့နေတတ်သူများ၏မှတ်ဉာဏ်ကိုအမအစပြုကာ ၎င်းတို့အားခြောက်ရက်အတွင်းလုပ်ဆောင်သင့်သည့်အလုပ်များကို ဂရုတစိုက်လုပ်ဆောင်စေပါလိမ့်မည်။

ဣသရေလများသည် တော၌အချိန်ကြာမြင့်စွာခရီးသွားကြစဉ်အတောအတွင်း၌ ဥပုသ်နေ့၏သန့်ရှင်းမှုကို ၎င်းတို့၏စိတ်တွင်စွဲမှတ်နေစေရန် စီစဉ်ထားသည့်နိမိတ်လက္ခဏာသုံးမျိုးကို အပတ်စဉ်တွေ့မြင်ခဲ့ရပါသည်။ ၎င်းတို့မှာ ခြောက်ရက်မြောက်သောနေ့တိုင်းတွင် မန္နမုန့်နှစ်ဆကျခြင်း၊ ဥပုသ်နေ့တွင်မန္နမုန့်မကျခြင်းနှင့် အခြားသောနေ့များတွင်ပိုမိုစုသိမ်းထားသောမန္နမုန့်များသည် အနံ့အရသာပျက်ယွင်းမှုရှိသော်လည်း ဥပုသ်နေ့အတွက်စုသိမ်းထားသည့်မန္နမုန့်များသည် အနံ့အရသာမပျက်မယွင်းဆက်လက်တည်ရှိခြင်းတို့ပင်ဖြစ်ပါသည်။

မန္နမုန့်ချပေးသည်နှင့်ဆက်နွှယ်နေသောအခြေအနေများတွင် ဥပုသ်နေ့သည် အများပြောကြသကဲ့သို့ သိနာတောင်တွင် ပညတ်တော်ကိုပေးအပ်သည့်အချိန်မှစတင်ဖြစ်ပေါ်လာသောအရာမဟုတ်ကြောင်းကို ဒွိဟကင်းဖွယ်သောအထောက်အထားတစ်ခုကို ကျွန်ုပ်တို့ရရှိကြပါသည်။ ဣသရေလများသည် သိနာတောင်သို့ဆိုက်ရောက်မလာမီကတည်းက မိမိတို့၌ဥပုသ်နေ့ကိုစောင့်ရှောက်ရန်တာဝန်ရှိကြောင်း နားလည်ထားကြပါသည်။ မန္နမုန့်မကျသောဥပုသ်နေ့အတွက် သောကြာနေ့တွင် မန္နမုန့်နှစ်ဆစုသိမ်းရန် မလွဲမကင်းစွာလုပ်ဆောင်မှုတွင် ဥပုသ်နေ့၏သန့်ရှင်းသောသဘာဝကို ၎င်းတို့၏စိတ်တွင်စွဲမြဲစေခဲ့ပါသည်။ အချို့သောဣသရေလများသည် ဥပုသ်နေ့တွင် မန္နမုန့်စုသိမ်းရန်ထွက်သွားခဲ့ကြရာ "သင်တို့သည် ငါ့ပညတ်တရားများတို့ကိုအဘယ်မျှကာလပတ်လုံးငြင်းပယ်ကြလိမ့်မည်နည်း" ဟုထာဝရဘုရားသခင်ကမိန့်မြွက်တော်မူ၏။

"ဣသရေလအမျိုးသားတို့သည် လူနေရာပြည်သို့မရောက်မီတိုင်အောင် အနှစ်လေးဆယ်ပတ်လုံး မန္နကိုစားကြ၏။ ခါနာန်ပြည်နယ်နိမိတ်သို့မရောက်မီ

တိုင်အောင် မန္နကိုစားကြ၏။” ဘုရားသခင်၏ပျက်ကွက်ခြင်းမရှိသော ကြည့်ရှုစောင့်ရှောက်မှုများနှင့်မဟာမေတ္တာတော်အကြောင်းကို ဤအံ့သြဖွယ်အစီအစဉ်အားဖြင့် ၎င်းတို့အားအနှစ်လေးဆယ်လုံးလုံးနေ့စဉ်သတိပေးခဲ့ပါသည်။ ဆာလံဆရာ၏စကားလုံးအသုံးအနှုန်းအရ ဘုရားသခင်သည် သူတို့အား “ကောင်းကင်ဆန်စပါး” ကိုပေးတော်မူ၏။ “လူအပေါင်းတို့သည် ကြီးမြတ်သောသူတို့၏အစာကိုသုံးဆောင်၏။” ကောင်းကင်ဆန်စပါးများနှင့်ကျွေးမွေးထားခြင်းအားဖြင့် သူတို့သည် မြေဩဇာကောင်းသောခါနာန်ပြည်မှဗွေ့ယမ်းနေသောစပါးပင်များနှင့်ပြီးသောစပါးခင်းများနှင့်ခြံရုံထားသည့်အလား စိတ်ချယုံကြည်စေရန် ၎င်းတို့အားနေ့စဉ်သွန်သင်ခဲ့ပါသည်။

ဣသရေလများစားစရာဖို့ ကောင်းကင်မှကျလာခဲ့သော ထိုမန္နမုန့်များသည် ဤလောကသားများအားအသက်ပေးရန် ဘုရားသခင်ထံမှကြွလာမည့်ကိုယ်တော်ရှင်ကိုပုံဆောင်ပါသည်။ “ငါသည် အသက်မုန့်ဖြစ်၏။ သင်တို့ဘိုးဘေးများသည် တော၌မန္နမုန့်ကိုစားလျက်သေရကြ၏။ ကောင်းကင်မှဆင်းသက်သောမုန့်ကိုစားသောသူသည် သေခြင်းနှင့်ကင်းလွတ်၏။ ငါသည်ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်၏။ ဤမုန့်ကိုစားသောသူမည်သည်ကား၊ အစဉ်မပြတ်အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကားလောကီသားတို့၏အသက်အဖို့အလို့ငှာ စွန့်သောငါ၏အသားပေတည်း” ဟုယေရှုရှင်မိန့်တော်မူခဲ့၏။ “အကြင်သူသည်အောင်မြင်၏။ ဝှက်ထားသောမန္နကို-----ထိုသူအားငါပေးမည်” ဟူ၍ အနာဂတ်အသက်တာတွင် ဘုရားသခင်၏သားသမီးများအားပေးမည့်ကောင်းချီးမင်္ဂလာများနှင့်ပတ်သက်သည့်ကတိတော်ကို ထိုကဲ့သို့မှတ်တမ်းတင်ထားပါသည်။

ဣသရေလများသည် သိန်တောမှထွက်ခွာလာကြပြီးနောက် ရေဖိဒိမ်အရပ်သို့ရောက်ရှိလာကာ စခန်းချကြပါသည်။ ဤအရပ်၌လည်း သောက်စရာရေမရှိသောကြောင့် သူတို့သည် ဘုရားသခင့်အပေါ်တွင် တစ်ဖန်ယုံကြည်ကိုးစားမှုနည်းလာကြပြန်ပါသည်။ ထိုလူများသည် အသိဉာဏ်ကင်းမဲ့စွာဖြင့် မောရှေထံသို့ရောက်လာကြပြီး “သောက်ဖို့ရေပေးပါ” ဟုတောင်းကြရာ



မောရှေကစိတ်ရှည်စွာဖြင့် “ငါ့ကိုအဘယ်ကြောင့်ရန်တွေ့ကြသနည်း။ ထာဝရဘုရားသခင်ကို အဘယ်ကြောင့်စုံစမ်းကြသနည်း” ဟုဆိုလေ၏။ “ငါတို့မှစ၍သားသမီး၊ တိရစ္ဆာန်တို့ကိုအငတ်ထား၍သတ်ခြင်းအလို့ငှာ အဲဂုတ္တုပြည်မှအဘယ်ကြောင့်ဆောင်ခဲ့သနည်း” ဟုထိုသူတို့ကစိတ်ဆိုးမာန်ဆိုးဖြင့်အော်ဟစ်ကြ၏။ ထိုသူတို့သည် အစားအစာများကိုအလျှံပယ်စားသောက်ရသောအချိန်တွင် မိမိတို့၏မယုံကြည်မှုနှင့်ညည်းတွားမှုများကို ပြန်လည်သတိရကြကာနောင်တွင်ဘုရားသခင်ကိုကိုးစားပါတော့မည်ဟုကတိပြုခဲ့ကြသော်လည်း မကြာမီမှာပင် မိမိတို့ပြုခဲ့သောကတိကဝတ်များကိုမေ့လျော့သွားကြကာ ၎င်းတို့၏ယုံကြည်ခြင်းကို ပထမတစ်ကြိမ်စမ်းသပ်ရုံနှင့်ကျဆုံးသွားခဲ့ကြပါသည်။ ၎င်းတို့အားလမ်းပြပို့ဆောင်နေသောမိုးတိမ်တိုင်သည် ကြောက်လန့်ဖွယ်နက်နဲရာတစ်ခုကို မမြင်နိုင်အောင်ဖုံးကွယ်ထားသယောင်ဖြစ်နေပါသည်။ မောရှေဆိုသည့်ပုဂ္ဂိုလ်သည်မည်သူနည်း။ မိမိတို့အား မည်သည့်ရည်ရွယ်ချက်ဖြင့်အဲဂုတ္တုပြည်မှထုတ်ဆောင်လာခြင်းဖြစ်သနည်းဟူ၍ သူတို့မေးခွန်းထုတ်ခဲ့ကြပါသည်။ သင်္ကာမကင်းမှုများ၊ မယုံကြည်မှုများဖြစ်လာကာ ၎င်းတို့နှင့်တကွသားသမီးများကိုအစာငတ်ထားခြင်းအားဖြင့်သတ်ကာ မိမိတို့၏ပစ္စည်းဥစ္စာများကိုအပိုင်စီးပြီး ချမ်းသာကြွယ်ဝအောင်ကြံစည်နေသည်ဟု မောရှေအားရဲဝံ့စွာစွပ်စွဲခဲ့ကြပါသည်။ သူတို့သည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ မောရှေအား ခဲနှင့်ပစ်ကြလော့မလိုဖြစ်နေပါသည်။

ထိုအခါမောရှေသည် စိတ်ပျက်အားငယ်စွာဖြင့် ထာဝရဘုရားသခင်ထံအော်ဟစ်၍ ဤလူတို့အားအကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်းဟုလျှောက်လေ၏။ ထာဝရဘုရားသခင်ကလည်း ဣသရေလအသက်ကြီးသူတို့အားခေါ်လျက် အဲဂုတ္တုပြည်၌ ထူးဆန်းသောနိမိတ်လက္ခဏာများကိုပြုခဲ့သောလှံတံကိုကိုင်လျက် ထိုလူအုပ်ကြီး၏ရှေ့မှသွားရန် မောရှေအားညွှန်ကြားတော်မူ၏။ ၎င်းပြင် “ထိုအရပ်၌ရှိသောကျောက်ပေါ်တွင် သင့်ရှေ့မှာငါရပ်နေမည်။ သင်သည် ထိုကျောက်ကိုရိုက်ရမည်။ လူများသောက်ဖို့ထိုကျောက်ထဲကရေထွက်လိမ့်မည်” ဟုဆက်လက်၍မိန့်တော်မူ၏။ မိန့်တော်မူ

သည့်အတိုင်း မောရှေနှာခံလုပ်ဆောင်ခဲ့ရာ စခန်းတစ်ခုလုံးအတွက် အလျှံပယ်များစွာသောစမ်းရေများပန်းထွက်လာခဲ့ပါသည်။ ထာဝရဘုရားသခင်သည် မောရှေအား လှံတံကိုမြှောက်ကိုင်ကာ အဲဂုတ္တုလူများပေါ်၌ကျရောက်ခဲ့ဖူးသော ကြောက်စရာဘေးဒဏ်များကျရောက်စေဖို့ ဆင့်ခေါ်ရန်စေခိုင်းတော်မမူဘဲ မဟာကရုဏာတော်အားဖြင့် လှံတံကို ၎င်းတို့၏ဒုက္ခမှလွတ်မြောက်စေရန် အသုံးပြုစေခဲ့ပါသည်။ ကိုယ်တော်သည် "တော၌ကျောက်တို့ကိုဖေါက်၍ ပင်လယ်ရေကဲ့သို့များစွာသောရေကို သူတို့အားတိုက်တော်မူ၏။ ကျောက်ထဲကစီးသောရေကိုထွက်စေ၍ မြစ်ရေကဲ့သို့ရေများကိုစီးစေတော်မူ၏။" မောရှေသည် ထိုကျောက်ကိုရိုက်ခဲ့သော်လည်း မိုးတိမ်တိုင်ထဲတွင်ရှိနေတော်မူသောသားတော်ဘုရားသခင်သည် မောရှေ၏နောက်မှရပ်တော်မူကာ အသက်ရှင်ခြင်းအခွင့်ကိုပေးနိုင်သည့်ရေကိုစီးထွက်စေတော်မူခဲ့၏။ မောရှေနှင့်ဣသရေလအသက်ကြီးသူများသာမက အဝေးတွင်ရပ်နေကြသောဣသရေလလူအပေါင်းတို့သည်လည်း ဘုရားသခင်၏ဘုန်းတော်ကိုမြင်တွေ့ခဲ့ရပါသည်။ သို့ရာတွင် ထိုမိုးတိမ်တိုင်ကိုဖယ်ရှားပစ်လိုက်လျှင် ထိုမိုးတိမ်ထဲတွင်စိုးစံနေသောကိုယ်တော်၏ဘုန်းအလင်းများကြောင့် သူတို့အားလုံးသေကျေပျက်စီးကုန်ကြပေလိမ့်မည်။

ထာဝရဘုရားသခင်သည် ငါတို့တွင်ရှိသလော၊ မရှိသလော။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤနေရာသို့ခေါ်ဆောင်ခဲ့သည်ဆိုလျှင် အဘယ်ကြောင့်မန္နမုန့်ပေးသကဲ့သို့ ရေကိုမပေးသနည်းဟူ၍ ထိုသူများက ဘုရားသခင်အားစုံစမ်းနှောင့်ယှက်ခဲ့ကြပါသည်။ ထိုကဲ့သို့သောမယုံကြည်မှုများသည် ဆိုးသွမ်းသောအမှုဖြစ်နေသဖြင့် ဘုရားသခင်သည် ၎င်းတို့အပေါ်သို့ ဘေးဒဏ်များကျရောက်စေတော်မူမည်ကို မောရှေစိုးရိမ်ခဲ့ပါသည်။ ထို့ကြောင့် ထိုအရပ်ကို "မဿာ"(စုံစမ်းနှောင့်ယှက်ခြင်း)ဟူ၍လည်းကောင်း၊ ၎င်းတို့၏အပြစ်များကိုသတိရအောက်မေ့ဖွယ်ရာတစ်ခုအနေဖြင့် "မေရိဘ"(ရန်တွေ့ခြင်း)ဟူ၍လည်းကောင်း မှည့်ခေါ်ခဲ့ပါသည်။

ယခုတွင်အသစ်သောအန္တရာယ်တစ်ခုသည် ၎င်းတို့အားခြိမ်းခြောက်နေပါသည်။ ၎င်းတို့၏ပြစ်တင်ညည်းတွားမှုများကြောင့် ထာဝရဘုရားသခင်



သည် ၎င်းတို့အားရန်သူများ၏တိုက်ခိုက်မှုကိုခံစေတော်မူခဲ့ပါသည်။ ရက်စက်ကြမ်းကြုတ်၍ စစ်တိုက်ဝါသနာပါသော ထိုဒေသခံအာမလက်လူများသည် အားနည်း၍ ပင်ပန်းနေသောဣသရေလများကို တိုက်ခိုက်သတ်ဖြတ်ပါတော့သည်။ မောရှေသည် ဣသရေလလူထုကြီးအနေဖြင့်တိုက်ပွဲဝင်ရန် အသင့်မရှိကြကြောင်းသိရှိကာ လူမျိုးစုအသီးသီးမှစစ်သည်များကိုရွေးချယ်ပြီး မနက်ဖြန်နေ့၌စစ်တိုက်ခြင်းငှာ ထွက်ခွာရန် ယောရှုအားမိန့်မှာ၏။ ၎င်းကိုယ်တိုင်ကမူ အနီးအနားတွင်ရှိသောတောင်ထိပ်ပေါ်တွင် ဘုရားသခင်၏လှံတံတော်ကို လက်ထဲတွင်ကိုင်လျက်ရပ်နေမည်ဟုပြောလေ၏။

စီစဉ်ထားသည့်အတိုင်း နောက်တစ်နေ့တွင် ယောရှုသည် မိမိ၏တပ်သားများနှင့်အတူ ရန်သူများကိုတိုက်ခိုက်ချေမှုန်းနေစဉ်တွင် စစ်မြေပြင်ကိုလှမ်း၍မြင်နိုင်သည့်တောင်တစ်ခုပေါ်၌ မောရှေ၊ အာရုန်နှင့်ဟုရတို့သည် နေရာယူခဲ့ကြ၏။ မောရှေသည် ဘုရားသခင်၏လှံတံကိုညာဘက်လက်နှင့်ကိုင်ဆောင်ရာ လက်နှစ်ဖက်စလုံးကို ကောင်းကင်သို့ချီမြှောက်ကာ ဣသရေလတပ်သားများအောင်ပွဲဆင်နိုင်ရေးအတွက် ဆုတောင်းလေ၏။ တိုက်ပွဲသည် တဖြည်းဖြည်းအရှိန်ပြင်းထန်လာပါသည်။ မောရှေ၏လက်များကို အထက်သို့မြှောက်ထားသမျှကာလပတ်လုံး ဣသရေလများအောင်ပွဲဆင်ခဲ့သော်လည်း လက်များကိုအောက်သို့ချလိုက်သောအချိန်တွင် ရန်သူများကအောင်ပွဲဆင်သွားသည်ကိုတွေ့ရှိနေရပါသည်။ မောရှေသည်လက်ညောင်းလာပြီဖြစ်သောကြောင့် အာရုန်နှင့်ဟုရတို့သည် ရန်သူများကိုချေမှုန်းပြီးသည့်နေဝင်ချိန်တိုင်အောင် ၎င်း၏လက်များကိုမ၍ထားခဲ့ကြ၏။

အာရုန်နှင့်ဟုရတို့သည် မောရှေ၏လက်များကိုထောက်မပေးနေခြင်းအမှုအားဖြင့် သူသည် ၎င်းတို့အားမိန့်မြွက်ရန် ဘုရားသခင်ထံမှနှုတ်ထွက်စကားတော်များကိုရရှိနေစဉ် ၎င်း၏ခက်ခဲသောတာဝန်ဝတ္တရားကြီးကိုထောက်မကြရန် ၎င်းတို့၌တာဝန်ရှိကြောင်း ဣသရေလများအားဖေါ်ပြနေကြပါသည်။ ၎င်းပြင် မောရှေ၏လှုပ်ရှားမှုသည်လည်း ထူးခြားသောအနက်ကိုဆောင်နေပါသည်။ ၎င်းတို့၏ကံကြမ္မာကို ထာဝရဘုရားသခင်၏လက်တော်တွင်ဆွဲကိုင်

ထားတော်မူကြောင်း သူ၏လုပ်ဆောင်မှုကဖေါ်ပြခဲ့ပါသည်။ ဣသရေလများသည် ထာဝရဘုရားသခင်ကိုယုံကြည်အားကိုးသောအချိန်တွင် ကိုယ်တော်သည် ၎င်းတို့၏ကိုယ်စားတိုက်ခိုက်ကာ ရန်သူများကိုချေမှုန်းပေးတော်မူပါသည်။ သို့ရာတွင် သူတို့သည် ကိုယ်တော်အားအားမကိုးဘဲ မိမိတို့၏ခွန်အားကိုအားကိုးလာကြသောအချိန်တွင် ဘုရားသခင်ကိုမသိသောသူများထက်ပင် ခွန်အားနည်းလာကြပြီး ရန်သူများက သူတို့အားအောင်နိုင်သွားခဲ့ပါသည်။

မောရှေသည် သူ၏လက်များကို အထက်သို့မြှောက်ချီကာ ၎င်းတို့ကိုယ်စားဆုတောင်းခံနေသောအချိန်တွင် ဣသရေလများအောင်ပွဲဆင်ခဲ့သကဲ့သို့ ထိုသူတို့သည်မစရှင်၏တန်ခိုးကိုယုံကြည်ခြင်းအားဖြင့် ဆုပ်ကိုင်ထားသောအချိန်တွင် ဘုရားသခင်၏ဣသရေလများသည် အောင်ပွဲဆင်ကြပါသည်။ သို့စေကာမူ ဘုရားသခင်၏အစွမ်းတန်ခိုးများကို လူသားများ၏ကြိုးစားမှုဖြင့်ပေါင်းစပ်ရပါမည်။ ဣသရေလများက ၎င်းတို့လုပ်ဆောင်ရမည့်အလုပ်ကို မလုပ်ဆောင်ခဲ့လျှင် ရန်သူများအပေါ်အောင်နိုင်ခြင်းအခွင့်ကို ၎င်းတို့အား ဘုရားသခင်ပေးတော်မူလိမ့်မည်မဟုတ်ဟု မောရှေယုံကြည်ခဲ့ပါသည်။ မောရှေသည် ဘုရားသခင်ထံတော်တွင်ဆုတောင်းအသနားခံတော်မူစဉ်တွင် ယောရှုနှင့်တကွ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောသူ၏နောက်လိုက်များသည် ဣသရေလများ၏ရန်သူ၊ ထာဝရဘုရားသခင်၏ရန်သူများကိုတိုက်ထုတ်ရန် အစွမ်းကုန်ကြိုးစားလျက်ရှိခဲ့ပါသည်။

အာမလက်များကိုချေမှုန်းပြီးနောက် "ထာဝရဘုရားသခင်က ဤအမှုကိုအောက်မေ့စရာဖို့စာရေးထား၍ ယောရှုအားဖတ်ရွတ်လော့။ အကြောင်းမူကား၊ ကောင်းကင်အောက်၌ အာမလက်၏အမှတ်ရှိသမျှကို ငါပယ်ရှင်းမည်" ဟု မောရှေအားမိန့်တော်မူ၏။ မောရှေသည် အနိစ္စမရောက်မီကလေးတွင် မိမိလူတို့အားမှာထားတော်မူသည်ကား "သင်သည် အဲဂုတ္တုပြည်မှထွက်၍ ခရီးသွားသောအခါ အားကုန်၍မောလျက်နေစဉ်တွင် သင့်နောက်မှလိုက်သောသူ၊ အားနည်းသောသူတို့ကို အာမလက်အမျိုးသားတို့သည် လမ်း၌ဆီးကြို၍ လုပ်ကြံကြောင်းကိုလည်းကောင်း၊ ဘုရားသခင်ကိုမကြောက်ရွံ့ကြောင်းကိုလည်းကောင်း အောက်မေ့လော့။ သို့ဖြစ်၍ သင်၏ဘုရားသခင်ထာဝရဘုရားသခင်သည် သင့်အမွေခံစရာဖို့အပိုင်ပေးတော်မူသောပြည်၌ သင့်ပတ်လည်တွင်နေသောရန်သူအပေါင်းတို့၏လက်မှကယ်လွှတ်၍ ချမ်းသာပေးတော်မူသောအခါ အာမလက်အမျိုးကိုအောက်မေ့စရာမရှိစေခြင်းငှာ ကောင်းကင်အောက်၌သုတ်သင်ပယ်ရှင်းရမည်။ ထိုအမှုကိုမမေ့မလျော့ရ" ဟူ၍ဖြစ်၏။ ဆိုးယုတ်သောထိုလူမျိုးနှင့်ပတ်သက်၍ ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ "အာမလက်အမျိုး၏လက်သည် ထာဝရဘုရားသခင်၏ရာဇပလ္လင်တော်အားရန်ဘက်ပြုသည်" ဟူ၍ဖြစ်၏။

အာမလက်လူများသည် ဘုရားသခင်၏ဘုန်းတော်နှင့်တန်ခိုးတော်ကို မသိကြသည်မဟုတ်ပါ။ သို့ရာတွင် သူတို့သည် ကိုယ်တော်ရှင်အား ကြောက်ရွံ့ရိုသေရမည့်အစား အန်တုလာကြပါသည်။ မောရှေအားဖြင့် ပြုတော်မူခဲ့သောအံ့သြဖွယ်လက္ခဏာများကို ထိုသူများကပြောင်လှောင်စရာတစ်ခုဖြစ်စေခဲ့ပါသည်။ စိုးရိမ်ကြောက်ရွံ့နေသောပတ်ဝန်းကျင်တိုင်းပြည်များကိုလည်း သူတို့သရော်ခဲ့ကြပါသည်။ ၎င်းပြင် ဣသရေလများအား တစ်ယောက်မျှမကျန်အောင်ဖျက်ဆီးသုတ်သင်ပစ်မည့်အကြောင်း၊ ၎င်းတို့ကိုးကွယ်သောဘုရားသခင်များရှေ့တွင် သူတို့ကျမ်းသစ္စာကိုကျိန်ဆိုခဲ့ကြသည်။ ဣသရေလများကိုးကွယ်သောဘုရားသခင်သည် ၎င်းတို့အားတွန်းလှန်ခြင်းငှာ အစွမ်းမရှိပါဟုလည်း သူတို့ကြွားလုံးထုတ်ခဲ့ကြပါသည်။ ဣသရေလများသည် ၎င်းတို့အားထိခိုက်နစ်နာအောင် မလုပ်ခဲ့ဖူးပါ။ ခြိမ်းခြောက်မှုများလည်းမလုပ်ခဲ့ဖူးပါ။ ၎င်းတို့၏ချင်းနင်းဝင်ရောက်တိုက်ခိုက်ခြင်းမှာ အမျက်ဒေါသဖြစ်ပွားခြင်းကြောင့်မဟုတ်ဘဲ သွေးအေးအေးဖြင့် ဣသရေလများအားသုတ်သင်ရန် တိုက်ခိုက်ခြင်းသာဖြစ်ပါသည်။ ဤအရာမှာသူတို့သည် ကိုယ်တော်၏လူများကိုဖျက်ဆီးရန်ကြိုးစားခဲ့ကြောင်း၊ ထာဝရဘုရားသခင်အပေါ်ထားရှိခဲ့သည့် ၎င်းတို့၏မုန်းတီးမှုများနှင့် မလေးမခန့်ပြုမှုများကိုထင်ရှားစေခဲ့ပါသည်။ ထိုအာမလက်များသည် အချိန်ကြာမြင့်စွာကတည်းက မာန်မာနထောင်လွှားသောအပြစ်ကျူးလွန်သူများဖြစ်ခဲ့ရာ ၎င်းတို့ကျူးလွန်သောအပြစ်များက လက်စားချေရန်အတွက် ဘုရားသခင်၏

ရှေ့တော်တွင်ဟစ်ကြွေးခဲ့ပါသည်။ သို့စေကာမူ ဘုရားသခင်၏ကရုဏာတော်သည် ၎င်းတို့အားနောင်တလမ်းထဲသို့သွေးဆောင်ဆဲဖြစ်ပါသည်။ သို့သော်အင်အားချည့်နဲ့၍ အကာအကွယ်မဲ့ဖြစ်နေသောဣသရေလများကို သူတို့တိုက်ခိုက်သောအချိန်တွင် ၎င်းတို့၏ကံကြမ္မာကို သူတို့တံဆိပ်ခတ်ခဲ့ကြပါသည်။ ထာဝရဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်မှုသည် အားအနည်းဆုံးသောကိုယ်တော်၏သားသမီးများအပေါ်၌လည်းရှိတော်မူပါသည်။ ထိုသားသမီးများအပေါ်ပြုမူသည့် ရက်စက်သောအပြုအမူနှင့်နှိပ်စက်ကလူပြုမှုများကို ထာဝရဘုရားသခင်မှတ်တော်မူ၏။ ကိုယ်တော်ရှင်ကိုချစ်ကြောက်ရိုသေသူအပေါင်းတို့အား ဒိုင်းလွှားတစ်ခုကဲ့သို့ လက်တော်ဖြင့်ကွယ်ကာတော်မူ၏။ ထိုလက်တော်ကိုမတိုက်ခိုက်မိစေရန် လူအပေါင်းတို့အားသတိပြုပါစေ။ အကြောင်းမူကား ထိုလက်တော်သည် ဖြောင့်မှန်ခြင်း၏တန်ခိုးကိုစိုးမိုးကွပ်ကဲတော်မူ၏။

ဣသရေလများ ယခုစခန်းချသောနေရာနှင့်များစွာမဝေးကွာသောနေရာတွင် မောရှေ၏ယောက္ခမဖြစ်သူယေသရော၏နေအိမ်ရှိပါသည်။ သူသည် ဣသရေလများ၏လွတ်မြောက်ခြင်းသတင်းကိုကြားသိခဲ့ပြီးဖြစ်ရာ ၎င်းတို့ထံသို့အလည်အပတ်သွားရန်ခရီးထွက်ခဲ့ပါသည်။ မောရှေ၏ဇနီးနှင့်သားနှစ်ယောက်ကိုလည်း တစ်ပါတည်းခေါ်ဆောင်လာခဲ့ပါသည်။ မောရှေသည် ၎င်းတို့လာရောက်လည်ပတ်သည့်သတင်းကိုကြားသိရသောအခါ ဝမ်းပန်းတသာခရီးဦးကြိုပြုခဲ့ပြီး မိမိတဲသို့ခေါ်ဆောင်သွားခဲ့ပါသည်။ ဣသရေလများအားအဲဂုတ္တုပြည်မှထုတ်ဆောင်ရန်ဦးဆောင်သည့်အလုပ်သည် အန္တရာယ်များသောကြောင့် မောရှေသည် မိမိ၏မိသားစုများကို ယောက္ခမအိမ်သို့ပြန်ပို့ထားခဲ့ပါသည်။ သို့သော်ယခုတွင် ၎င်းတို့နှင့်ပြန်လည်ဆုံစည်းရသည့်အတွက်စိတ်သက်သာရာရရှိခဲ့ပါသည်။ ၎င်းပြင် မိမိ၏ယောက္ခမယေသရောအားလည်း ဣသရေလများအတွက် ဘုရားသခင်ပြုတော်မူသောအံ့ဖွယ်နိမိတ်လက္ခဏာများကိုပြန်လည်ပြောပြရာ ထိုယဇ်ပုရောဟိတ်ကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထာဝရဘုရားသခင်ကိုကောင်းချီးပေးကာ မောရှေတို့နှင့်အတူပူးတွဲပြီး



ဘုရားသခင်၏ကရုဏာတော်ကိုသတိရအောက်မေ့သည့်အနေဖြင့် ယဇ်ပူဇော်ခြင်းကိုပြုလုပ်ကာ ကြီးကျယ်သောစားသောက်ပွဲတစ်ခုကိုကျင်းပခဲ့ပါသည်။

ယေသရောသည် ထိုစခန်းတွင်နေထိုင်စဉ် မောရှေလုပ်ဆောင်နေရသည့်တာဝန်များသည် အလွန်လေးလံကြီးမားကြောင်း မကြာမီမှာပင်သိရှိလာခဲ့ပါသည်။ အလွန်များပြားပြီး သင်ကြားပို့ချထားခြင်းမခံရသေးသောအသိဉာဏ်ကင်းမဲ့သည့် ထိုလူအုပ်ကြီးအား စည်းကမ်းတကျဖြစ်အောင်ထိန်းသိမ်းရန်မှာ အလွန့်အလွန်ကြီးမားသောလုပ်ငန်းတာဝန်တစ်ခုဖြစ်ပါသည်။ မောရှေသည် ၎င်းတို့အသိအမှတ်ပြုထားသည့်ခေါင်းဆောင်တစ်ဦးဖြစ်သည့်ပြင် တရားသူကြီး၏တာဝန်ကိုလည်းထမ်းဆောင်ရပါသည်။ သူသည် သာမန်အရေးကိစ္စများနှင့်လုပ်ငန်းတာဝန်များကိုခန့်ခွဲရုံသာမက အချင်းချင်းဖြစ်ပွားသည့်အငြင်းပွားမှုများကိုလည်း ဖျန်ဖြေစီရင်ပေးရပါသည်။ “သူတို့သည်အမှုရှိလျှင် အကျွန်ုပ်ထံသို့လာ၍ သူတို့၏အမှုကိုကျွန်ုပ်ဆုံးဖြတ်ရ၏။ ဘုရားသခင်၏ပညတ်တရားများကိုသင်ချရ၏” ဟုမောရှေကပြောလျှင် ယေသရောက “ဤအမှုသည်သင့်၌အလွန်လေး၏။ တစ်ယောက်တည်းမတတ်နိုင်သောအမှုဖြစ်၏။” “သင်မှစ၍ သင်၌ပါသောဤလူများတို့သည် အမှန်အားလျော့ကြလိမ့်မည်” ဟုဆို၏။ ၎င်းပြင်ဘုရားသခင်ကိုကြောက်ရွံ့၍ သစ္စာတရားနှင့်ပြည့်စုံကာလောဘကိုရွံရှာသောတတ်စွမ်းနိုင်သူများကိုရွေးချယ်ကာ တစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ်များခန့်ထားရန် မောရှေအားအကြံပေးလေ၏။ ထိုသူများသည် အသေးအဖွဲအမှုအခင်းများကို တရားစီရင်ဆုံးဖြတ်စေရန်ဖြစ်ပါသည်။ အရေးကြီးသောကိစ္စများကိုမူ မောရှေထံသို့တင်ပြကြရန်ဖြစ်ပြီး “ဘုရားသခင်သည်လည်း သင့်ဘက်၌ရှိတော်မူလိမ့်မည်။ သင်သည် ဘုရားသခင်နှင့်ဆိုင်သောအမှု၌ လူများတို့၏အမှုကိုစောင့်လျက်ဘုရားသခင်ထံတော်သို့ဝင်၍လျှောက်ရမည်။ သူတို့အားလည်း ပညတ်တရားတော်များကိုသင်ချရမည်။ သူတို့သွားရာလမ်း၊ ပြုရသောအမှုကိုလည်းပြရမည်” ဟုမောရှေအား ယေသရောဆို၏။ ဤအကြံပေးချက်ကိုလက်ခံကျင့်သုံးလိုက်သဖြင့် မောရှေအတွက် ဝန်ပေါ့သွားရုံမက ထိုဣသရေလများအကြားစုစည်းမှုလည်းပို၍ရရှိလာခဲ့ပါသည်။

ထာဝရဘုရားသခင်သည် မောရှေအားအကြီးအကျယ်သူကောင်းပြုတော်မူပြီး ၎င်း၏လက်ကိုအသုံးပြုကာ ထူးဆန်းသောအံ့ဖွယ်လက္ခဏာများကိုပြုတော်မူခဲ့ပါသည်။ သို့ရာတွင် အခြားသူများအားသွန်သင်လမ်းပြရန် ရွေးချယ်ခြင်းခံခဲ့ရသည်ဟူသောအချက်သည် ၎င်းအနေဖြင့် အခြားသူများ၏သွန်သင်မှုများကိုခံယူစရာမလိုတော့ပါဟုအထင်ရောက်ရန်မဟုတ်ပါချေ။ ဘုရားသခင်ရွေးချယ်တော်မူသောခေါင်းဆောင်ကြီးမောရှေသည် မိဒျန်ယဇ်ပုရောဟိတ်ကြီးပေးသောအကြံဉာဏ်များကို ဝမ်းပန်းတသာဖြင့်လက်ခံခဲ့ပြီး ယောက္ခမ၏အစီအမံများကိုတန်ဖိုးရှိသောအစီအစဉ်များအဖြစ် လိုက်နာဆောင်ရွက်ခဲ့ပါသည်။

ဣသရေလများသည် ထိုမိုးတိမ်တိုင်ကြီး၏လမ်းပြပို့ဆောင်မှုအောက်တွင် ရေဖိဒိမ်မှခရီးဆက်ခဲ့ကြပါသည်။ သူတို့သည် တောင်ကတုံးများနှင့်မတ်စောက်သောအဆင်းအတက်များကိုဖြတ်သန်းသွားလာခဲ့ကာ ကျောက်ကြားလမ်းအတိုင်းခရီးနှင်ခဲ့ကြပါသည်။ ထိုနောက် သူတို့သည် သဲကန္တာရကြီးကိုဖြတ်ကျော်ခဲ့ကြရာ မိမိတို့ရှေ့တွင် အလွန်မတန်ကြီးမားသည့်တောင်ကြီးတစ်ခုတားဆီးနေသည်ကိုတွေ့ကြရပါသည်။ အလွန်ကြီးမားသောမြေကတုတ်ကြီးတစ်ခုအလား ၎င်းတို့သွားရာလမ်း၏ရှေ့တည့်တည့်တွင်ပိတ်ဆို့နေပါသည်။ ထိုကြောင့် ရှေ့သို့ခရီးဆက်ရန်မဖြစ်နိုင်သယောင်ဖြစ်ခဲ့ပါသည်။ သို့သော် ထိုတောင်ကြီးအနီးသို့ရောက်ရှိလာသောအခါ ဟိုနားဒီနားတွင် ထိုတောင်ကိုကျော်ဖြတ်နိုင်မည့်လမ်းစများကိုတွေ့ရှိခဲ့ကြသဖြင့် ထိုတောင်ကိုကျော်ကာနောက်လွင်ပြင်တစ်ခုသို့ရောက်ခဲ့ကြပြန်ပါသည်။ ယခုတွင်သူတို့သည် မိုးတိမ်တိုင်၏လမ်းပြမှုအောက်တွင် ကျောက်စရစ်နှင့်ပြီးသောလမ်းများအတိုင်း ခရီးနှင်လာခဲ့ကြပါသည်။ မြင်ရသည့်မြင်ကွင်းများမှာ အလွန်စိတ်လှုပ်ရှားစရာကောင်းလှပါသည်။ မျက်စိတစ်ဆုံးတမျှရှည်လျားသောဣသရေလလူအုပ်ကြီးနှင့်၎င်းတို့၏သိုးနွားတိရစ္ဆာန်များသည် တစ်ဖက်တစ်ချက်၌ ပေပေါင်းရာနှင့်ချီ၍မြင့်မားသည့်ငွါးငွါးစွင့်စွင့်ကျောက်တောင်ကြီးများအလယ်တွင် ခရီးနှင်နေကြပါသည်။ ယခုတွင် ၎င်းတို့၏ရှေ့၌အလွန်မတန်ကြီးကျယ်ခမ်းနားလှ



သောသိနာတောင်ကြီးတည်ရှိနေပေပြီ။ ထိုမိုးတိမ်တိုင်သည် သိနာတောင်ထိပ်တွင်ရပ်နားနေသည်ဖြစ်သဖြင့် သူတို့သည် သိနာတောင်ခြေရှိလွင်ပြင်တွင်တဲများကိုထိုးကြလေ၏။ ဤနေရာတွင်တစ်နှစ်နီးပါးသူတို့နေထိုင်ခဲ့ကြရ၏။ ညဉ့်အချိန်တွင်မီးတိုင်အားဖြင့် ထာဝရဘုရားသခင်သည် ၎င်းတို့အားကာကွယ်စောင့်ရှောက်တော်မူကြောင်း စိတ်ချစေခဲ့ပါသည်။ ညဉ့်အချိန်တွင် ၎င်းတို့သည် ငိုက်မျဉ်းနေကြစဉ် မန္နမုန့်များသည် ထိုစခန်းအနှံ့အပြားတွင်ကျရောက်ခဲ့ပါသည်။

အရုဏ်ဦးအလင်းရောင်သည် မှောင်မည်းနေသောတောင်တန်းကြီးများကိုလင်းထိန်သွားစေခဲ့ပြီး နေ၏အလင်းရောင်သည် မောပန်းနေသောခရီးသည်များအပေါ်ကျရောက်သည့် ဘုရားသခင်၏ပလ္လင်တော်မှဖြာထွက်လာသောကရုဏာအလင်းများအလား ထိုလျှိုမြောင်ထဲသို့ထိုးဖေါက်ထွန်းလင်းခဲ့ပါသည်။ အရပ်လေးမျက်နှာတွင်ရှိနေကြသော မြင့်မားသောတောင်တန်းကြီးများသည် သိပ်သည်းခိုင်မာသောခမ်းနားမှုများအားဖြင့် ၎င်းတို့၏ထာဝရတည်ရှိမှုများနှင့်ကြီးကျယ်သားနားမှုများကိုဖွင့်ဟနေသယောင်တွေ့ကြရပါသည်။ ဤနေရာတွင် ၎င်းတို့၏စိတ်နှလုံး၌ ဘုရားသခင်အားကြည်ညိုလေးမြတ်မှုနှင့်ရိုသေကြောက်ရွံ့မှုများကိုခံစားကြရပါသည်။ “တောင်ကြီးကိုချိန်ခွင်ဖြင့်လည်းကောင်း၊ တောင်ငယ်ကိုကပ်ပယ်ဖြင့်လည်းကောင်း” ချိန်တွယ်တော်မူသောကိုယ်တော်၏ရှေ့တော်တွင် လူသားများသည် မိမိတို့၏အသိဉာဏ်နည်းပါးမှုနှင့်အားနည်းချက်များကိုသိရှိခံစားလာစေပါသည်။ ဣသရေလများသည် ဤနေရာတွင် ဘုရားသခင်အနေဖြင့် လူသားများအတွက်ပြုတော်မူခဲ့သောရူပါရုံများမှ အံ့သြစရာအကောင်းဆုံးသောရူပါရုံကိုလက်ခံရယူကြရန်ဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏သန့်ရှင်းသောပညတ်တော်ကို မိမိအသံတော်ဖြင့်ဖွင့်ဟကြေညာခြင်းအားဖြင့် မိမိခိုင်းစေချက်များ၏သန့်ရှင်းမှုကိုမိမိလူတို့၏စိတ်တွင်စွဲမှတ်သွားအောင်လုပ်ဆောင်ရန် ၎င်းတို့အား ဤနေရာတွင်စုရုံးတော်မူခဲ့ပါသည်။ ကျွန်ဘဝ၏ယုတ်ညံ့သောဩဇာလွှမ်းမိုးမှုများ၊ အချိန်ကြာမြင့်စွာရုပ်တုကိုးကွယ်သူများနှင့်ပေါင်းသင်းခဲ့ရခြင်းများတို့သည်

ငင်းတို့၏အကျင့်စရိုက်နှင့်အကျင့်စာရိတ္တများတွင် အမှတ်အသားများကို တင်ကျန်စေခဲ့သောကြောင့် ၎င်းတို့၏အသက်တာကို လုံးလုံးလျားလျား ပြောင်းလဲမှုရှိအောင်လုပ်ဆောင်တော်မူရန်လိုအပ်ပါသည်။ ထာဝရဘုရားသခင်သည် မိမိကိုယ်တော်တိုင်နှင့်သိကျွမ်းခွင့်ပေးခြင်းအားဖြင့် ၎င်းတို့အား မြင့်မြတ်သောကိုယ်ကျင့်တရားရှိလာသည့်အခြေအနေသို့မြှောက်တင်ရန် လုပ်ဆောင်တော်မူလျက်ရှိပါသည်။

* * *



## (၂၇)
## ဣသရေလများအားပေးတော်မူသောပညတ်တော်

သိနာတောင်တွင်စခန်းချပြီးနောက် မကြာမီတွင်မောရှေသည် ဘုရားသခင်အားဖူးတွေ့ဖို့ တောင်ပေါ်သို့တက်လာရန် ခေါ်တော်မူခြင်းခံခဲ့ရပါသည်။ သူသည်မတ်စောက်၍ ကြမ်းတမ်းသောလမ်းအတိုင်း တစ်ဦးတည်းတောင်ပေါ်သို့တက်လာခဲ့ရာ ထာဝရဘုရားသခင်ရှိတော်မူခြင်းကို အမှတ်အသားပြုသည့် မိုးတိမ်တိုင်အနီးသို့ရောက်ရှိလာခဲ့ပါသည်။ ယခုအချိန်သည် ဣသရေလများအား ထာဝရဘုရားသခင်နှင့်ရင်းရင်းနှီးနှီးဆက်ဆံရန်အတွက် ခေါ်သွင်းရမည့်အချိန် ဖြစ်ပါသည်။ ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် အသင်းတော်တစ်ခု အနေဖြင့်လည်းကောင်း၊ လူမျိုးတစ်မျိုးအနေဖြင့်လည်းကောင်း တစ်စုတစ်စည်းတည်းဖြစ်အောင် လုပ်ဆောင်ပေးရမည့်အချိန်ဖြစ်ပါသည်။ ဣသရေလများအားဖွင့်ဆိုရန် မောရှေထံသို့ရောက်ရှိလာသည့်သတင်းစကားဟူမူကား–

"ငါသည် အဲဂုတ္တုလူတို့၌ပြုသောအကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့်ထမ်း၍ ကိုယ်ဖို့သိမ်းယူသောအကြောင်းကို သင်တို့သည်သိမြင်ရကြပြီ။ ထိုကြောင့်ယခုတွင်သင်တို့သည် ငါ့စကားကိုအမှန်နားထောင်၍ ငါ့ပဋိညာဉ်ကိုစောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ရကြလိမ့်မည်" ဟူ၍ဖြစ်၏။

မောရှေသည် စခန်းသို့ပြန်သွားခဲ့ပြီး ဣသရေလအသက်ကြီးသူများကိုခေါ်ယူကာ ဘုရားသခင်ထံမှရရှိခဲ့သောသတင်းစကားကို ၎င်းတို့အား ပြန်လည်ပြောပြခဲ့ပါသည်။ ထိုအခါထိုလူအပေါင်းတို့ကလည်း ထာဝရဘုရားသခင်မိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည်ပြုပါမည်ဟုဆိုကြ၏။ ဤနည်းအားဖြင့် ထိုသူတို့သည် ထာဝရဘုရားသခင်နှင့်ပဋိညာဉ်ပြုခဲ့ကြပြီး ကိုယ်တော်အား မိမိတို့၏အရှင်သခင်အဖြစ်လက်ခံကြောင်း ကတိကဝတ်ပြုခဲ့

ကြပါသည်။ သို့ဖြင့် ၎င်းတို့သည် ကိုယ်တော်၏ဩဇာခံများဖြစ်လာခဲ့ကြပါသည်။

တစ်ဖန်မောရှေသည် သိနာတောင်ပေါ်သို့တက်သွားပြန်ရာ "ထာဝရဘုရားသခင်ကလည်း ကြည့်ရှုလော့၊ သင်နှင့်ငါပြောသောအခါ လူများတို့ကြား၍ အစဉ်အမြဲသင့်ကိုယုံမည်အကြောင်း မိုးတိမ်တိုင်၌ သင့်ဆီသို့ငါလာမည်" ဟုမောရှေအားမိန့်တော်မူ၏။ ထိုဣသရေလများသည် လမ်းခရီး၌ အခက်အခဲများနှင့်ရင်ဆိုင်ကြရသောအချိန်တွင် မောရှေနှင့်အာရုန်ကိုအပြစ်တင်လိုကြပါသည်။ ၎င်းတို့အားသတ်ဖြတ်ရန်အတွက် အဲဂုတ္တုပြည်မှထုတ်ဆောင်ခဲ့သည်ဟုလည်း မောရှေနှင့်အာရုန်တို့အားစွပ်စွဲခဲ့ကြပါသည်။ သူတို့သည် မောရှေပြောသောစကားများကို ယုံကြည်စိတ်ချနိုင်စေရန်အလို့ငှာ ဘုရားသခင်သည် ယခုတွင်မောရှေအား ၎င်းတို့ရှေ့မှောက်၌ မြွက်စားတော်မူခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ပညတ်တော်၏မြင့်မြတ်သောဘုန်းတော်ကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ပညတ်တော်ကိုဖွင့်ဟသည့်အခါသမယကို အလွန်ကြီးကျယ်ခမ်းနားသည့်မြင်ကွင်းတစ်ခုဖြစ်စေရန် အကြံရှိတော်မူပါသည်။ ဘုရားသခင်၏အမှုတော်နှင့်ဆက်စပ်နေသမျှသောအရာခပ်သိမ်းတို့ကို အလွန်ရိုသေလေးစားစွာဖြင့် ဂရုထားရမည့်အကြောင်း ထိုလူများ၏စိတ်ထဲတွင် စွဲမြဲနေစေရန်ဖြစ်ပါသည်။

"ထာဝရဘုရားသခင်ကလည်း လူတို့ရှိရာသို့သွား၍ ယနေ့နှင့်နက်ဖြန်၌ သူတို့ကိုသန့်ရှင်းစေလော့။ သူတို့အဝတ်ကိုလျှော်စေ၍ သုံးရက်မြောက်သောနေ့၌အသင့်ရှိနေစေကြလော့။ အကြောင်းမူကား သုံးရက်မြောက်သောနေ့၌ ထာဝရဘုရားသခင်သည် လူအပေါင်းတို့ရှေ့သိနာတောင်ပေါ်သို့ဆင်းသက်တော်မူမည်" ဟုမောရှေအားမိန့်တော်မူ၏။ ၎င်းတို့သည် ထာဝရဘုရားသခင်၏ရှေ့တော်မှောက်တွင်ခစားကြဖို့ ထိုရက်အတောအတွင်း၌ မိမိကိုယ်ကိုပြင်ဆင်ကြရန်ဖြစ်ပါသည်။ ၎င်းတို့၏ခန္ဓာကိုယ်နှင့်တကွ ဝတ်ဆင်သည့်အဝတ်များတွင် ချေးညှော်နှင့်ကင်းစင်စေကြရပါမည်။ ၎င်းတို့သည် မိမိတို့၏စိတ်နှလုံးများတွင် ဒုစရိုက်အပြစ်များနှင့်ကင်းစင်စေရန်အလို့ငှာ မိမိတို့၏အပြစ်များကို



မောရှေကထောက်ပြသောအချိန်၌ နှိမ့်ချခြင်း၊ အစာရှောင်ခြင်းနှင့်ဆုတောင်းခြင်းများတွင် မိမိတို့၏အသက်တာကိုမြှုပ်နှံထားကြရန်ဖြစ်ပါသည်။

ထာဝရဘုရားသခင်၏အမိန့်တော်အတိုင်း ပြင်ဆင်မှုများကိုလုပ်ဆောင်ခဲ့ကြပါသည်။ နောက်ထပ်ပေးတော်မူသောမိန့်မှာချက်တစ်ခုကိုလိုက်လျှောက်သည့်အနေဖြင့် သန့်ရှင်းသောပရိဝုဏ်ထဲသို့ လူများ၊ တိရစ္ဆာန်များကျူးကျော်ဝင်ရောက်ခြင်းမရှိစေရန် တောင်ပတ်ပတ်လည်တွင် အဆီးအတားများကို စီရင်ကြရန် မောရှေညွှန်ကြားခဲ့ပါသည်။ တစ်စုံတစ်ယောက်သည် တောင်ကိုတို့ထိမိခဲ့လျှင် အပြစ်ဒဏ်အနေဖြင့် ချက်ချင်းအသေသတ်ခြင်းကိုခံရမည်ဖြစ်ပါသည်။

သုံးရက်မြောက်သောနေ့၏နံနက်ခင်းတွင် လူအပေါင်းတို့သည် သိနာတောင်ထိပ်သို့လှမ်းမျှော်ကြည့်ကြရာ တောင်ထိပ်ကိုထူထပ်သောမိုးတိမ်တစ်ခုဖြင့် လွှမ်းခြုံထားသည်ကိုတွေ့ကြရပါသည်။ ထိုမိုးတိမ်သည် တဖြည်းဖြည်းမည်းသည်ထက်မည်းလာပြီး ထူထပ်သည်ထက်ထူထပ်လာကာ အဆုံးတွင် တောင်တစ်ခုလုံးကိုမှောင်ထုကြီးဖြင့်ရစ်ပတ်လွှမ်းခြုံထားပါတော့သည်။ ထိုနောက် ဘုရားသခင်နှင့်တွေ့ခြင်းငှာ ထိုလူတို့အားခေါ်သည့်တံပိုးခရာသံကဲ့သို့သောအသံတစ်သံကိုကြားကြရာ မောရှေသည် ၎င်းတို့အား တောင်ခြေရင်းသို့ခေါ်ဆောင်လာခဲ့ပါသည်။ တောင်ပေါ်တွင်မိုးချုန်းသံများအထပ်ထပ်ဖြစ်ပေါ်နေသောအချိန်တွင် ထူထပ်သောအမှောင်ထုကြီးထဲမှ ထင်ရှားသောလျှပ်ပြက်ခြင်းတစ်ခုဖြစ်ပေါ်လာခဲ့ပါသည်။ "ထာဝရဘုရားသခင်သည် မီးဖြင့်လွှမ်းလျက်သိနာတောင်ပေါ်သို့ဆင်းသက်တော်မူသောကြောင့် တစ်တောင်လုံးမီးခိုးထွက်လေ၏။ မီးခိုသည်လည်း မီးဖို၏မီးခိုးကဲ့သို့တက်၍ တစ်တောင်လုံးကိုပြင်းစွာလှုပ်လေ၏။" "ထာဝရဘုရားသခင်၏ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာလောင်သောမီးကဲ့သို့ထင်၍ ဣသရေလအမျိုးသားတို့သည် မြင်ရကြ၏။" "တံပိုးမြည်သံသည်ကြာကြာမြည်လျက် အသံသည်ပို၍ပို၍ကျယ်လာလေ၏။" ထာဝရဘုရားသခင်ရှိတော်မူခြင်းအတွက် အထိမ်းအမှတ်များသည် အလွန်ကြောက်လန့်စရာကောင်းသည်ဖြစ်ရာ ဣသရေလများသည် အလွန်

ကြောက်လန့်နေကြရကား၊ ဘုရားသခင့်ရှေ့တော်တွင်ပျပ်ဝပ်နေကြပါသည်။ မောရှေကိုယ်တိုင်ပင် "ငါသည်ကြောက်ရွံ့တုန်လှုပ်ခြင်းရှိသည်" ဟုဖွင့်ဆို၏။

ထိုနောက်မိုးချုန်းသံများစဲသွားခဲ့ပါသည်။ တံပိုးမှုတ်သံများကိုလည်း မကြားရတော့ပါ။ မြေကြီးသည်လည်းငြိမ်သက်သွားခဲ့ချေပြီ။ ထိုနေရာတွင် တိတ်ဆိတ်ငြိမ်သက်သွားသဖြင့် ဘုရားသခင်၏အသံတော်ကိုကြားခဲ့ရပါသည်။ ထာဝရဘုရားသခင်သည် ကောင်းကင်တမန်ခြံရံလျက် တောင်ထိပ်တွင် ရပ်တော်မူနေစဉ် မိမိအားရစ်ပတ်ထားသောအမှောင်ထုကြီးထဲတွင် နှုတ်ထွက်စကားကိုဖွင့်ကာ ပညတ်တော်ကိုမိန့်တော်မူခဲ့ပါသည်။ ထိုမြင်ကွင်းကိုဖော်ပြရာတွင် မောရှေက "ထာဝရဘုရားသခင်သည် သိနာတောင်ပေါ်ကကြွတော်မူ၏။ စိရအရပ်မှ ထိုလူတို့အားနေထွက်တော်မူ၏။ ပါရန်တောင်ပေါ်က အလင်းရောင်ထွန်းပတော်မူ၍ သန့်ရှင်းသောသူအထောင်အသောင်းတို့နှင့်အတူ ကြွတော်မူ၍ ဓမ္မမီးသည် ဣသရေလလူတို့အဖို့ လက်ယာလက်တော်မှ ထွက်လေ၏။ အကယ်စင်စစ် ထိုလူမျိုးကိုချစ်တော်မူ၏။ မိမိသန့်ရှင်းသူအပေါင်းတို့သည် အထံတော်ပါးတွင်ရှိကြ၏။ သူတို့သည် ခြေတော်ရင်း၌ ပျပ်ဝပ်၍ စကားတော်ကိုနာခံကြလေ၏" ဟူ၍ပြောဆိုလေ၏။

ထာဝရဘုရားသခင်က "ငါသည် သင့်ကိုကျွန်ခံနေရာအဲဂုတ္တုပြည်မှ ကယ်နုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်သည်" ဟုပညတ်တော်ကိုပေးသောသူအနေဖြင့်လည်းကောင်း၊ တရားသူကြီးတစ်ပါး၏ ကြီးမြတ်မှုအသွင်အပြင်ကိုသာမက မိမိလူတို့အားကရုဏာတော်နှင့်ပြည့်စုံစွာ ကာကွယ်စောင့်ရှောက်သူတစ်ပါးအနေဖြင့်လည်းကောင်း မိမိကိုယ်ကိုဖော်ပြတော်မူခဲ့ပါသည်။ မိမိတို့၏လမ်းပြရှင် (ဝါ) ကယ်နုတ်ရှင်အဖြစ် ထိုသူတို့ သိထားခဲ့ကြသောကိုယ်တော်ရှင်၊ ဖါရောဘုရင်နှင့်တကွ အဲဂုတ္တုလူများကို အောင်နိုင်ကာ ပင်လယ်နီထဲတွင် ၎င်းတို့အတွက်လမ်းထွင်ပေးတော်မူခဲ့ပြီး အဲဂုတ္တုပြည်မှ၎င်းတို့အားထုတ်ဆောင်တော်မူခဲ့သောကိုယ်တော်ရှင်၊ မိမိသည် အဲဂုတ္တုဘုရားသခင်များထက်တန်ခိုးကြီးကြောင်းထင်ရှားစေခဲ့သောကိုယ်တော်ရှင်၊ ထိုကိုယ်တော်ရှင်သည် ယခုတွင်ပညတ်တော်ကိုဖွင့်ဆိုနေတော်မူပါသည်။





ထိုပညတ်တော်ကို ဣသရေလများ၏အကျိုးအလို့ငှာသာ ဤအချိန်တွင်သီးသန့်ဖွင့်ဆိုခဲ့သည်မဟုတ်ချေ။ ထာဝရဘုရားသခင်သည် ၎င်းတို့အားပညတ်တော်ကိုထိန်းသိမ်းသူများ၊ စောင့်ရှောက်သူများဖြစ်စေခြင်း အားဖြင့် သူကောင်းပြုတော်မူခဲ့သော်လည်း ထိုအရာကိုလောကကမ္ဘာတစ်ခုလုံး အတွက် မှန်မြတ်သောတာဝန်တစ်ခုအနေဖြင့် မှတ်ယူရမည်ဖြစ်ပါသည်။ ပညတ်တော်တွင်ပါရှိသည့်ပညတ်ချက်များသည် လူသားအားလုံးအတွက် သင့်လျော်အောင်ပြင်ဆင်ထားတော်မူသည့်ပညတ်များဖြစ်ပါသည်။ ထိုပညတ်များကို လူသားအားလုံးအဖို့ ဆုံးမသြဝါဒဖြစ်စေခြင်းငှာလည်းကောင်း၊ စီမံအုပ်ချုပ်မှုအတွက်လည်းကောင်း ထိုသူများအားပေးသနားတော်မူခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးသည် ဘုရားသခင်အားပြုရမည့်ဝတ်နှင့်လူသားအချင်းချင်း အပေါ်ပြုရမည့်ဝတ်များကို အကျဉ်းအားဖြင့်နားလည်နိုင်အောင်ဖော်ပြထားပါသည်။ ဤပညတ်အားလုံးသည် ချစ်ခြင်းမေတ္တာ၏မဟာအခြေခံနိယာမများ ပေါ်တွင်အခြေခံထားပါသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဥာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။" ပညတ်တော်ဆယ်ပါးစလုံးတွင် ဤသဘောတရားကိုအသေးစိတ်လိုက်နာဆောင်ရွက်စေကာ လူသားများ၏ အခြေအနေအရပ်ရပ်ကို ပညတ်တော်နှင့်ကိုက်ညီစေခဲ့ပါသည်။

"ငါမှတစ်ပါးအခြားသောဘုရားသခင်ကိုမကိုးကွယ်နှင့်။"

ထာဝရကာလ၌အစဉ်အမြဲတည်ရှိတော်မူသော ဖန်ဆင်းခြင်းမခံရဘဲ မိမိတန်ခိုးတော်အားဖြင့်တည်ရှိတော်မူသော အရာရာတို့၏အရင်းအမြစ် ဖြစ်တော်မူ၍ အရာခပ်သိမ်းတို့အားစောင့်ထိန်းထောက်မတော်မူသော ထာဝရဘုရားသခင်တစ်ပါးတည်းသာရိုသေကိုင်းညွှတ်၍ ဝတ်ပြုကိုးကွယ်ခြင်းငှာ ထိုက်တော်မူ၏။ လူသားများသည် အခြားမည်သည့်အရာကိုမျှ ပထမနေရာတွင်ထားကာချစ်ခင်သက်ဝင်ဝတ်ပြုကိုးကွယ်မှုမပြုရန် ထာဝရဘုရားသခင်တားမြစ်တော်မူ၏။ ထာဝရဘုရားသခင်အပေါ်ထားရှိသည့်မေတ္တာကိုလျော့နည်းစေသည့် (ဝါ) ကိုယ်တော်နှင့်သာထိုက်သောဝတ်ပြုကိုးကွယ်မှုကိုအဟန့်အတား

ပြုသောအရာများကို မြတ်နိုးတွယ်တာခြင်းသည် ဘုရားသခင်၏နေရာတွင် ထား၍ ကိုးကွယ်ခြင်းဖြစ်ပါသည်။

"အထက်မိုးကောင်းကင်၌လည်းကောင်း၊ အောက်အရပ်မြေကြီးပေါ်မှာလည်းကောင်း၊ မြေကြီးအောက်ရေထဲ၌လည်းကောင်း ရှိသောအရာနှင့် ပုံသဏ္ဌာန်တူအောင် ရုပ်တုဆင်းတုကို ကိုယ့်အဖို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။"

ရုပ်တုများအားဖြင့် စစ်မှန်သောထာဝရဘုရားသခင်ကို ကိုးကွယ်ခြင်းမပြုရန် ဒုတိယပညတ်ကတားမြစ်ထားပါသည်။ မယုံကြည်သူများက ထိုရုပ်တုများသည် အထိမ်းအမှတ်များသာဖြစ်ကြကြောင်း၊ ထိုအထိမ်းအမှတ်များမှတစ်ဆင့် ဘုရားသခင်ကိုကိုးကွယ်ခြင်းဖြစ်ကြောင်း အခိုင်အမာပြောဆိုနေသော်လည်း ထိုသို့သောဝတ်ပြုကိုးကွယ်ခြင်းသည် အပြစ်ဖြစ်ကြောင်း ထာဝရဘုရားသခင်မိန့်ဆိုတော်မူပါသည်။ ထာဝရဘုရားသခင်ကို ရုပ်ဝတ္ထုပစ္စည်းများနှင့်ပုံဆောင်ရန်ကြိုးစားခြင်းသည် ဘုရားသခင်အပေါ်ထားရှိသည့် လူသားများ၏တွေးခေါ်ထင်မြင်မှုများကိုနိမ့်ကျစေပါသည်။ ထာဝရဘုရားသခင်၏ထာဝရစုံလင်မှုမှကျောခိုင်းလာသောစိတ်သဘောထားသည် ဖန်ဆင်းရှင်ထက် ဖန်ဆင်းခြင်းခံရသောအရာများကိုစွဲလမ်းစေပါလိမ့်မည်။ ဘုရားသခင်အပေါ်တွင်ထားရှိသည့်ထင်မြင်ယူဆချက်များသည် နိမ့်ကျလာသည်နှင့်အမျှ လူသားများသည်လည်း ယုတ်ညံ့လာကြပါသည်။

"ထာဝရဘုရားသခင်သည်---ယုံလွယ်သောဘုရားသခင်ဖြစ်၏။" ဘုရားသခင်နှင့်မိမိလူတို့အကြားရင်းနှီးသန့်ရှင်းသောဆက်နွယ်မှုကို မင်္ဂလာဆောင်ခြင်းအခမ်းအနားဖြင့်ရုပ်လုံးဖေါ်ထားပါသည်။ ဝိညာဉ်ရေးဆိုင်ရာကာမဂုဏ်ဖေါက်ပြားခြင်းတည်းဟူသော ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့သောအရာဖြစ်သဖြင့် ထိုအမှုကိုပြုခြင်းကို "မနာလိုဝန်တိုသည်" ဟူသောစကားရပ်ဖြင့်သင့်လျော်စွာအသုံးပြုထားပါသည်။

"ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက်၊ တတိယဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သော



ဘုရားသခင်" သားသမီးများသည် မိမိတို့မိဘများကျူးလွန်ခဲ့သောအပြစ်များ၏ဆိုးကျိုးများကို မလွဲမသွေခံစားကြရမည်ဖြစ်သော်လည်း မိဘများကျူးလွန်ခဲ့သည့်အပြစ်မျိုးကို ပါဝင်လွန်ကျူးခြင်းမရှိခဲ့ကြလျှင် မိဘတို့၏အပြစ်အတွက် ၎င်းတို့အားအပြစ်ဒဏ်စီရင်တော်မမူပါ။ မိဘများလျှောက်လှမ်းသည့်အတိုင်းလိုက်လျှောက်သောသားသမီးများသည် ထိုကဲ့သို့သာဖြစ်မည်မှာ ဧကန်အမှန်ဖြစ်ပါသည်။ သားများသည် အမွေဆက်ခံခြင်းနှင့်ပုံသက်သေများအားဖြင့် ဖခင်၏အပြစ်များကို မျှဝေခံစားသူများဖြစ်လာကြပါသည်။ မှားယွင်းသောသဘောထား၊ သွေဖည်သောခံတွင်းအလိုလိုက်မှုနှင့်ယုတ်ညံ့သောကိုယ့်ကျင့်တရားများကို ရောဂါဘယများနှင့်မျိုးရိုးယုတ်ညံ့မှုများကဲ့သို့ပင် တတိယအဆက်နှင့်စတုတ္ထအဆက်တိုင်အောင် အမွေအနှစ်တစ်ခုအဖြစ်လွှဲပြောင်းပေးခဲ့ပါသည်။ ဤသမ္မာတရားသည် လူသားများအား အပြစ်လမ်းစဉ်မှထိန်းချုပ်ရန်ထူးခြားသောတန်ခိုးရှိပါသည်။

"ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင် ကရုဏာကိုပြုသောဘုရားသခင်ဖြစ်၏။ ဒုတိယပညတ်သည် မှားယွင်းသောဘုရားသခင်များအားကိုးကွယ်ခြင်းကိုတားမြစ်ခြင်းအားဖြင့် စစ်မှန်သောဘုရားသခင်ကိုကိုးကွယ်ရန် ပြဋ္ဌာန်းတော်မူခဲ့ပါသည်။ မိမိအားသစ္စာရှိစွာကိုးကွယ်ကြသူများကိုမူ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်သာမက အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင် ကရုဏာတော်ပေးရန် ကတိထားတော်မူခဲ့၏။

"သင်၏ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မှသားနှင့်ဆိုင်၍မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကိုမှသားနှင့်ဆိုင်၍မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားသခင်မှတ်တော်မမူ။"

ဤပညတ်သည် မှားယွင်းသောကျမ်းသစ္စာကျိန်ဆိုခြင်းနှင့် သာမန်ကျိန်ဆိုမှုများကိုသာမက နာမတော်၏အရေးပါမှုကိုဂရုမထားဘဲ ထာဝရဘုရားသခင်၏နာမတော်ကို ပေါ့ပေါ့ဆဆအသုံးပြုခြင်းကိုလည်း တားမြစ်ထားပါသည်။ သာမန်စကားပြောဆိုမှုများတွင် ဘုရားသခင်၏နာမတော်ကို

မစဉ်းစားမဆင်ခြင်ဘဲအသုံးပြုခြင်းအားဖြင့်လည်းကောင်း၊ အသေးအဖွဲကိစ္စများတွင် ကိုယ်တော်၏နာမတော်ကိုတခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်၏နာမတော်ကိုအမှုမဲ့အမှတ်မဲ့မကြာခဏအသုံးပြုခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်ကိုအသရေရှုတ်ချနေကြပါသည်။ "နာမတော်သည်သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဖွယ်ဖြစ်၏။ ကိုယ်တော်ရှင်၏မြင့်မြတ်သောဘုန်းတော်ကို စိတ်နှလုံးတွင်စွဲလမ်းမှတ်မိနေစေရန် လူအပေါင်းတို့သည် ကိုယ်တော်ရှင်၏ကြီးမြတ်မှုနှင့်ဖြူစင်သန့်ရှင်းမှုများကို ဆင်ခြင်သုံးသပ်သင့်ကြပါသည်။ ကိုယ်တော်ရှင်၏သန့်ရှင်းသောနာမတော်ကို ရိုသေကိုင်းရှိုင်းစွာဖြင့် ပြောဆိုသုံးစွဲသင့်ကြပါသည်။

"ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျာ်း၊ မိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးဝအတွင်း၌နေသောဧည့်သည်အာဂန္တုသည်အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသခင်သည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာအရပ်ရပ်၌ရှိသမျှတို့ကိုခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့်ထာဝရဘုရားသခင်သည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။"

ဥပုသ်နေ့သည် အသစ်တည်ထောင်ထားသောအရာတစ်ခုမဟုတ်ဘဲ ဖန်ဆင်းခြင်းအချိန်မှစတင်၍ တည်ရှိခဲ့သောအရာတစ်ခုဖြစ်ပါသည်။ ထိုနေ့ကို ဖန်ဆင်းခြင်းအမှုအားသတိရအောက်မေ့ဖွယ်ရာအနေဖြင့် စောင့်ရှောက်ကြရန်ဖြစ်ပါသည်။ ထာဝရဘုရားသခင်အား ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသူတစ်ပါးအဖြစ် ညွှန်ပြခြင်းအားဖြင့် စစ်မှန်သောဘုရားသခင်ကို အခြားသောဘုရားများမှကွဲကွဲပြားပြားသိသာစေခဲ့ပါသည်။ သတ္တမနေ့ကို ဥပုသ်နေ့အဖြစ်စောင့်ရှောက်သောသူအပေါင်းတို့သည် ဤလုပ်ရပ်အားဖြင့် မိမိတို့သည် ထာဝရဘုရားသခင်ကိုကိုးကွယ်သူများဖြစ်ကြောင်း သိသာထင်ရှားစေကြပါ



သည်။ ဤနည်းအားဖြင့် ဥပုသ်နေ့သည် ဘုရားသခင်အပေါ်လူသားများ၏သစ္စာစောင့်သိမှုအတွက် အထိမ်းအမှတ်တစ်ခုဖြစ်ပါသည်။ ပညတ်တော်ဆယ်ပါးတွင် စတုတ္ထပညတ်တစ်ခုတည်း၌သာ ဘုရားသခင်၏နာမတော်နှင့်ဘွဲ့နာမကိုတွေ့ရပါသည်။ ပညတ်တော်ကိုမည်သည့်အခွင့်အာဏာဖြင့်ပေးတော်မူကြောင်းကို ဤပညတ်တစ်ပါးတည်းကသာဖော်ပြပါသည်။ ဤနည်းအားဖြင့်စစ်မှန်၍ စုစည်းနိုင်သည့်တန်ခိုးရှိခြင်းအတွက် သက်သေအထောက်အထားအဖြစ် ကိုယ်တော်၏ပညတ်တော်ဆယ်ပါးတွင် ပူးတွဲပါဝင်နေသောထိုပညတ်၌ ဘုရားသခင်၏တံဆိပ်ပါဝင်ပါသည်။

ထာဝရဘုရားသခင်သည် လူသားများအားအလုပ်လုပ်ရန် ခြောက်ရက်ပေးထားတော်မူပြီး လုပ်ဆောင်ရမည့်အရာများကို ခြောက်ရက်အတွင်း အပြီးလုပ်ဆောင်ထားရန်မိန့်မှာတော်မူပါသည်။ မလုပ်လျှင်မဖြစ်မည့်လုပ်ငန်းဆောင်တာများနှင့်ကရုဏာလုပ်ငန်းများကို ဥပုသ်နေ့တွင်လုပ်ခွင့်ပြုတော်မူပါသည်။ လူနာများနှင့်ဒုက္ခဆင်းရဲခံနေရသူများအား တစ်ချိန်လုံးပြုစုစောင့်ရှောက်ကြရပါမည်။ သို့ရာတွင်မလုပ်မဖြစ်မဟုတ်သည့်အလုပ်များကိုမလုပ်ဆောင်ရန်ရှောင်ရှားရပါမည်။ "သင်သည် ဥပုသ်နေ့ကိုမရှုတ်ချ။ ငါ့သန့်ရှင်းသောနေ့မှာကိုယ်အလိုသို့မလိုက်၊ ဥပုသ်နေ့ကိုမွေ့လျော်ရာနေ့၊ ထာဝရဘုရားသခင်အဖို့သန့်ရှင်းသောနေ့၊ ရိုသေဖွယ်သောနေ့ဟူ၍ခေါ်သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ်အလိုသို့မလိုက်၊ ကိုယ်စကားကိုမပြောဘဲနေ၍ ထိုနေ့ကိုရိုသေလျှင်သင်သည် ထာဝရဘုရားသခင်၌မွေ့လျော်ရလိမ့်မည်။" "ကိုယ့်စကားကိုမပြောဘဲနေပါ" ဟုထိုပုရောဖက်ကမိန့်ဆိုထားပါသည်။ ဥပုသ်တော်နေ့တွင် စီးပွားရေးကိစ္စများကိုဆွေးနွေးခြင်း (ဝါ) စီးပွားရေးစီမံကိန်းများကိုချမှတ်ခြင်းများကို စီးပွားရေးလုပ်ငန်းများကိုတကယ်လုပ်ဆောင်နေသကဲ့သို့ ထာဝရဘုရားသခင်မှတ်ယူတော်မူပါသည်။ ဥပုသ်နေ့ကိုသန့်ရှင်းအောင်တည်ဆောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် လောကီရေးရာများကိုစဉ်းစားတွေးတောမှုကိုပင်မပြုသင့်ကြချေ။ ဤပညတ်သည် ကျွန်ုပ်တို့၏အိမ်တံခါးအတွင်းတွင်နေထိုင်သူအားလုံးနှင့်အကျုံးဝင်ပါသည်။ အိမ်သူအိမ်သားအပေါင်းတို့သည် သန့်ရှင်း

သောဥပုသ်တော်နေ့အခါသမယတွင် လောကီရေးရာကိစ္စများကို ခေတ္တဘေးဖယ်ထားကြရပါမည်။ အိမ်ထောင်သားအားလုံးတို့သည် စေတနာစိတ်ဖြင့် ထာဝရဘုရားသခင်ကိုချီးမြှောက်ကြရန် ဥပုသ်တော်နေ့တွင်စုစည်းသင့်ကြပါသည်။

"သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း သင်၏မိဘကိုရိုသေစွာပြုလော့။"

မိဘများသည် အခြားမည်သည့်ပုဂ္ဂိုလ်မျှမခံယူထိုက်သောချစ်ခင်လေးစားမှုအတိုင်းအဆတစ်ရပ်ကိုခံယူထိုက်ကြပါသည်။ ငယ်ရွယ်နုနယ်သေးသည့်သားသမီးများကို ထာဝရဘုရားသခင်ကိုယ်စား၊ ထိန်းသိမ်းစောင့်ရှောက်ရန် ၎င်းတို့အားထာဝရဘုရားသခင်ကိုယ်တော်တိုင်တာဝန်ပေးခန့်ခွဲမှတ်သားထားတော်မူပါသည်။ ထို့ကြောင့်မိဘများ၏သြဇာအာဏာကိုငြင်းဆန်သောသူသည် ဘုရားသခင်၏သြဇာအာဏာကိုငြင်းဆန်နေပါသည်။ သားသမီးများသည် ၎င်းတို့၏မိဘများကိုရိုသေ၊ ကျိုးနွံ၊ လိုက်လျှောက်၊ နားထောင်ရုံသာမက ၎င်းတို့ကိုမေတ္တာနှင့်ကြင်နာမှုများပြရန်၊ မိဘများ၏ပူပင်သောကများကိုလျော့ပါးသွားရန်၊ မိဘများ၏သိက္ခာကိုကာကွယ်စောင့်ရှောက်ရန်၊ သက်ကြီးရွယ်အိုမိဘများအားနှစ်သိမ့်မှုပေးရန် ဤပဥ္စမပညတ်ကတောင်းဆိုထားပါသည်။ ထို့ပြင် ဤပညတ်သည် တရားဟောဆရာ၊ အစိုးရမင်းနှင့်တကွ ဘုရားသခင်ကတန်ခိုးတော်အာဏာလွှဲအပ်ခြင်းခံရသူအပေါင်းတို့အားလည်း ရိုသေလေးစားကြရန်ပြဋ္ဌာန်းထားပါသည်။

ဤပညတ်သည် "ကတိတော်နှင့်ဆိုင်သောပထမပညတ်" ဖြစ်သည်ဟု တမန်တော်ရှင်ပေါလုကဖွင့်ဆိုထားပါသည်။ ၎င်းပြင် ဤပညတ်သည် မကြာမီတွင်ခါနာန်ပြည်သို့ဝင်စားရတော့မည်ဟု မျှော်လင့်နေသောဣသရေလများအတွက် ထိုပြည်တွင်အသက်တာရှည်မည်အကြောင်း နားထောင်လိုက်လျှောက်ရန် ခံဝန်ချက်တစ်ရပ်လည်းဖြစ်ခဲ့ပါသည်။ သို့ရာတွင် ဤပညတ်သည် ထိုထက်ပို၍ကျယ်ပြန့်သောအဓိပ္ပါယ်ရှိကာ ဘုရားသခင်၏ဣသရေလလူအပေါင်းတို့သည် အပြစ်၏ကျိန်ခြင်းအမင်္ဂလာများမှဆေးကြော



ထားခြင်းခံရမည့်ကမ္ဘာသစ်တွင် ထာဝရအသက်ခံစားရမည်ဟူသောကတိပြုချက်လည်း အကျုံးဝင်နေပါသည်။

"လူ့အသက်ကိုမသတ်နှင့်။"

အသက်တာကိုတိုတောင်းသွားစေသည့် တရားမျှတမှုမရှိသောလုပ်ရပ်များ၊ မုန်းတီးသောစိတ်များ၊ ကလဲ့စားချေလိုသောစိတ်များ၊ သူတစ်ပါးအားထိခိုက်နစ်နာမှုကိုဖြစ်စေသောကာမဂုဏ်လိုက်စားမှုများ (ဝါ) သူတစ်ပါးအားနစ်နာစေလိုမှုများကို ကျွန်ုပ်တို့၏စိတ်တွင်ဖြစ်စေသောအရာများ (အကြောင်းမူကား၊ မိမိညီအစ်ကိုကိုမုန်းသောသူမည်သည်ကား လူ့အသက်ကိုသတ်သောသူဖြစ်၏) အတ္တအကျိုးကိုထောက်၍ ဆင်းရဲဒုက္ခရောက်နေသူများအား ကြည့်ရှုစောင့်ရှောက်ရန်အလေးမထားခြင်းများ၊ ကိုယ်အလိုအတိုင်းကာမဂုဏ်ခံစားမှုကိုပြုခြင်းများ (ဝါ) ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အလွန်အကျွံအလုပ်လုပ်ဆောင်မှုများ စသည်တို့သည် အနည်းနှင့်အများဆဋ္ဌမပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်ပါသည်။

"သူ့မယားကိုမပြစ်မှားနှင့်။"

ဤပညတ်သည် သူတစ်ပါး၏သားမယားအား "ကိုယ်" ဖြင့်ညစ်ညမ်းစွာပြစ်မှားကျူးလွန်ခြင်းကိုသာမက စိတ်နှင့်ပြစ်မှားခြင်းများ (ဝါ) စိတ်နှင့်ပြစ်မှားရန် နှိုးဆွပေးသောအကျင့်စရိုက်များကိုလည်းတားမြစ်ထားပါသည်။ အပေါ်ယံအပြင်ပန်းအသက်တာ၌သာမက စိတ်နှလုံး၏လျှို့ဝှက်ရည်ရွယ်ချက်များနှင့်စိတ်သဘောထားများ၌ပင်စင်ကြယ်ရန်လိုအပ်ပါသည်။ ဘုရားသခင်၏ပညတ်တော်နှင့်ပတ်သက်၍ ပြုရမည့်ဝတ်များကိုသွန်သင်တော်မူသောခရစ်တော်က မစင်ကြယ်သောအတွေးနှင့်မစင်ကြယ်သောအကြည့်တို့သည် အပြစ်တစ်ခုကဲ့သို့ပင် ပညတ်တော်နှင့်မကိုက်ညီသောလုပ်ရပ်ဖြစ်ကြောင်း မိန့်ဆိုတော်မူပါသည်။

"သူ့ဥစ္စာကိုမခိုးနှင့်။"

လူများရှေ့တွင်ခိုးခြင်းနှင့်လူများကွယ်ရာမှာခိုးခြင်းနှစ်မျိုးစလုံးသည် ဤတားမြစ်ချက်တွင်အကျုံးဝင်ပါသည်။ ဤအဋ္ဌမပညတ်သည် လူခိုးခြင်းနှင့်

ကျွန်ရောင်းဝယ်ခြင်းအလုပ်များကိုပြစ်တင်ရှုတ်ချ၍ ကျူးကျော်တိုက်ခိုက်သည့်စစ်များကိုလည်းတားမြစ်ပါသည်။ ဤပညတ်သည် ခိုးဝှက်ခြင်းနှင့်လုယူခြင်းကိုလည်း ပြစ်တင်ရှုတ်ချပါသည်။ အသက်တာလုပ်ငန်းများတွင် အသေးငယ်ဆုံးသောအမှုအရာများ၌ပင် တည်ကြည်ရိုးသားမှုရှိရန် ဤပညတ်ကတောင်းဆိုပါသည်။ ထို့အပြင်ဤပညတ်သည် ကုန်သွယ်ရောင်းဝယ်မှုများတွင် မလိမ့်တပတ်လုပ်ခြင်းများကိုတားမြစ်ပြီး အကြွေးအမြီများနှင့်လုပ်ခများကို မှန်ကန်စွာပေးချေရန်လည်း တောင်းဆိုထားပါသည်။ အခြားသူတစ်ဦး၏မသိနားမလည်မှု၊ အားနည်းမှုနှင့်ကံခေမှုများကိုအခွင့်ကောင်းယူရန်ကြိုးစားမှုတိုင်းကို မှားယွင်းသောလုပ်ရပ်များအဖြစ် ကောင်းကင်နိုင်ငံရှိစာအုပ်များတွင်မှတ်တမ်းတင်နေကြောင်းကိုလည်း ဤပညတ်ကဖွင့်ဆိုထားပါသည်။

"ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဖက်၌ မမှန်သောသက်သေကိုမခံနှင့်။"

မည်သည့်ကိစ္စတွင်မဆို မမှန်မကန်ပြောဆိုခြင်းများ၊ ကျွန်ုပ်တို့နှင့်စပ်ဆိုင်သူများအားလှည့်ဖြားရန်ကြံစည်ကြိုးစားမှုအစုစုတို့သည် ဤပညတ်တွင်အကျုံးဝင်ပါသည်။ လိမ်လည်လှည့်ဖြားရန်ကြံရွယ်မှုသည် မှားယွင်းမှုကိုတည်ဆောက်နေခြင်းဖြစ်ပါသည်။ မျက်စိ၏အကြည့်တစ်ချက်အားဖြင့်လည်းကောင်း၊ လက်၏လှုပ်ရှားမှုတစ်ခုအားဖြင့်လည်းကောင်း၊ မျက်နှာရိပ်မျက်နှာကဲတစ်ခုအားဖြင့်လည်းကောင်း၊ မုသားပြုမှုကိုစကားနှင့်ပြောသကဲ့သို့ ထိရောက်အောင်ပြောဆိုလုပ်ဆောင်နိုင်ပါသည်။ စိတ်နှလုံးနှင့်ကြံစည်ကာ လိုသည်ထက်ပို၍ပြောဆိုခြင်းသည်လည်းကောင်း၊ မှားယွင်းမှုကိုဖြစ်စေအောင်ရည်ဆောင်၍စကားရိပ်စကားခြည်ပေးကာ ပြောကြားမှုတိုင်းသည်လည်းကောင်း၊ ပုံကြီးချဲ့၍ပြောဆိုခြင်းသည်လည်းကောင်း၊ မှန်သောသတင်းကိုပြောသည်တိုင်အောင်အမှားလမ်းသို့ပို့ဆောင်လိုသောသဘောဖြင့်ပြောဆိုခြင်းများသည်လည်းကောင်း မုသားများသာဖြစ်ပါသည်။ မှားယွင်းစွာရုပ်လုံးဖော်ခြင်းအားဖြင့် ကိုယ်နှင့်စပ်ဆိုင်သောသူကိုထိခိုက်နစ်နာအောင် ကြိုးစားလုပ်ဆောင်မှုတိုင်းသည်လည်းကောင်း၊ သွားပုပ်လေလွင့်စကားများ (ဝါ) ကုန်းချောသောစကားများကိုပြောကာ မနာလိုသောအကြံအစည်များကိုကြံစည်ခြင်းကိုလည်းကောင်း



ဤပညတ်ကတားမြစ်ထားပါသည်။ သူတစ်ပါးအတွက် အကျိုးယုတ်စေနိုင်သည့် "သမ္မာတရားကိုမြိုထားခြင်း" သည်ပင်လျှင် ဤနဝမပညတ်ကိုလွန်ကျူးခြင်းဖြစ်ပါသည်။

"ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန်ယောကျ်ား၊ မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။"

ဤဒသမပညတ်သည် အပြစ်ကျူးလွန်မှု၏မူလဇာစ်မြစ်ဖြစ်သောတစ်ကိုယ်ကောင်းဆန်သည့်အလိုဆန္ဒကိုတားမြစ်လျက် အပြစ်အားလုံး၏အရင်းအမြစ်ကိုတိုက်ခိုက်ထားပါသည်။ သူတစ်ပါးပိုင်ဆိုင်သောအရာများကိုလိုချင်တပ်မက်သောအပြစ်ပါသည့်ဆန္ဒကိုချုပ်တည်းရန် သွန်သင်သောဘုရားသခင်၏ပညတ်တော်ကိုနားထောင်လိုက်လျှောက်သောသူသည် ၎င်း၏မိတ်ဆွေများအပေါ်တွင် မှားယွင်းသောလုပ်ဆောင်မှုအားဖြင့် အပြစ်ကျူးလွန်လိမ့်မည်မဟုတ်ချေ။

ဤအရာများသည် မိုးချုန်းသံများ၊ မီးလျှံများအကြားတွင် ထာဝရဘုရားသခင်၏ကြီးမြတ်မှုနှင့်တန်ခိုးတော်ကိုအံ့ဖွယ်ရာထင်ရှားစေမှုတစ်ခုအားဖြင့်မိန့်တော်မူခဲ့သောပညတ်တော်ဆယ်ပါးမှ သန့်ရှင်းမွန်မြတ်သည့်ပညတ်ချက်များဖြစ်ကြပါသည်။ ကိုယ်တော်၏လူများသည် ထိုမြင်ကွင်းကိုမည်သည့်အခါမျှမမေ့လျော့ရန်အတွက်လည်းကောင်း၊ ပညတ်တော်ကိုပေးသောကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသည့် ကိုယ်တော်ရှင်အား လေးနက်စွာကြည်ညိုလေးမြတ်မှုရှိလာစေရန်အတွက်လည်းကောင်း ထာဝရဘုရားသခင်သည်မိမိ၏တန်ခိုးတော်နှင့်ဘုန်းတော်ကိုထင်ရှားစေလျက် ပညတ်တော်ကိုဖွင့်ဆိုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိပညတ်တော်၏သန့်ရှင်းခြင်း၊ အရေးပါခြင်းနှင့်မပြောင်းမလဲတည်မြဲခြင်းများကိုလည်း လူသားအပေါင်းတို့အားဖော်ပြတော်မူခဲ့ပါသည်။

ထိုဣသရေလများသည် အလွန့်အလွန်ကြောက်ရွံ့တုန်လှုပ်ခဲ့ကြပါသည်။ ထာဝရဘုရားသခင်၏နှုတ်ထွက်စကားများ၏တန်ခိုးတော်သည်

ကြောက်ရွံ့တုန်လှုပ်နေသော ၎င်းတို့၏နှလုံးသားများက ခံနိုင်ရည်ရှိသည်ထက် လွန်ကဲနေသယောင်ဖြစ်နေပါသည်။ ဖြောင့်မှန်ခြင်းနှင့်ဆိုင်သော ထာဝရဘုရားသခင်၏စိုးမိုးအုပ်ချုပ်မှုကို ၎င်းတို့ရှေ့မှောက်တွင်တင်ဆက်လိုက်သောအခါ ယခင်ကတစ်ခါမျှသူတို့မသိမြင်ခဲ့ဖူးသည့် အပြစ်၏ရွံရှာဖွယ်သောလက္ခဏာများကိုလည်းကောင်း၊ သန့်ရှင်းခြင်းနှင့်ပြည့်စုံသော၊ ထာဝရဘုရားသခင်၏ရှေ့တော်တွင်ထင်ရှားလျက်ရှိသော ၎င်းတို့ကျူးလွန်ခဲ့သည့်ဒုစရိုက်များကိုလည်းကောင်း သိမြင်လာခဲ့ကြပါသည်။ ထိုကြောင့် ကြောက်ရွံ့ရှိသေစွာဖြင့် ထိုတောင်မှသူတို့ဆုတ်ခွာသွားခဲ့ကြပါသည်။ မောရှေကိုလည်း "အကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူပါ။ အကျွန်ုပ်တို့သည်နားထောင်ပါမည်။ အကျွန်ုပ်တို့အား ဘုရားသခင်မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည် သေမည်ကိုစိုးရိမ်ပါသည်" ဟုသူတို့လျှောက်ဆိုကြ၏။ မောရှေကလည်း "မစိုးရိမ်ကြနှင့်။ သင်တို့ကိုစုံစမ်းခြင်းငှာလည်းကောင်း၊ သင်တို့သည်ပြစ်မှားခြင်းနှင့်လွတ်မည်အကြောင်း ကိုယ်တော်ကိုကြောက်စေခြင်းငှာလည်းကောင်း ဘုရားသခင်ကြွလာတော်မူပြီဟု လူများတို့အားပြောဆို၏။" သို့သော် လူများတို့သည် ထိုမြင်ကွင်းကိုကြောက်ရွံ့တုန်လှုပ်စွာဖြင့်ကြည့်ကာ အဝေးတွင် ရပ်နေကြစဉ်တွင် မောရှေသည် "ဘုရားသခင်ရှိတော်မူရာထူထပ်သော မှောင်မိုက်သို့ချဉ်းကပ်လေ၏။"

ဘုရားသခင်ပေးတော်မူသောပညတ်တော်ဆယ်ပါး၏ အလွန်ထိရောက်မှုရှိသောစည်းမျဉ်းများကို ကျွန်ဘဝနှင့်အသိပညာကင်းမဲ့နေကြသော ထိုသူများသည် ပြည့်စုံစွာအလေးအမြတ်ပြုရန် အဆင်သင့်မရှိခဲ့ကြချေ။ ပညတ်တော်ဆယ်ပါးနှင့်ပတ်သက်၍ ပြုရမည့်ဝတ်များကိုပိုမိုပြည့်စုံစွာ နားလည်သဘောပေါက်၍ လိုက်နာစောင့်ရှောက်နိုင်စေရန် ပညတ်တော်ဆယ်ပါးမှပညတ်ချက်များကိုသာခကေပြုကာ အသုံးပြုလျက် နောက်ဆက်တွဲပညတ်များကိုပေးတော်မူခဲ့ပါသည်။ ထိုနောက်ဆက်တွဲပညတ်များအား ထာဝရဉာဏ်တော်နှင့်မှုမှုတတတည်ဆောက်ထားသည့်အတွက်ကြောင့်တစ်ကြောင်း၊ တရားသူကြီးများသည် ထိုပညတ်များအရ တရားစီရင်ကြရမည်ဖြစ်သော



ကြောင့်တစ်ကြောင်း ၎င်းတို့ကိုဓမ္မသတ်များဟုခေါ်ဝေါ်ခဲ့ကြပါသည်။ ထိုဓမ္မသတ်များကို ပညတ်တော်ဆယ်ပါးကဲ့သို့မဟုတ်ဘဲ မောရှေအားတစ်ဦးချင်းပြောပြတော်မူခဲ့ကာ ၎င်းအနေဖြင့် ထိုဓမ္မသတ်များကို ဣသရေလများအား ပြန်လည်ပြောပြရန်ဖြစ်ပါသည်။

ဤဓမ္မသတ်ကျမ်းများတွင် ပထမဦးဆုံးသောကျမ်းမှာ ကျွန်များနှင့် ဆက်နွယ်နေပါသည်။ ရှေးခေတ်အချိန်များက တရားသူကြီးများက ရာဇဝတ်သားများကို တစ်ခါတစ်ရံတွင်ကျွန်အဖြစ်ရောင်းချတတ်ကြပါသည်။ တချို့ကိစ္စများတွင်လည်း မြီရှင်များသည် မြီစားများကိုရောင်းချတတ်ကြပါသည်။ ဆင်းရဲတွင်းနက်လွန်းသည့်အတွက်ကြောင့်လည်း အချို့သူများသည် မိမိတို့ကိုယ်ကိုလည်းကောင်း၊ မိမိတို့၏သားသမီးများကိုလည်းကောင်း ကျွန်အဖြစ်ရောင်းချတတ်ကြပါသည်။ သို့ရာတွင် ဟေဗြဲလူတစ်ဦးအား တစ်သက်လုံးကျွန်ခံရမည့်ကျွန်တစ်ဦးအဖြစ်ဖြင့် မရောင်းချရချေ။ ၎င်း၏ကျွန်သက်တမ်းသည် ခြောက်နှစ်သာရှိပြီး ခုနစ်နှစ်ထဲသို့ရောက်လာသောအချိန်တွင် လွတ်ခြင်းအခွင့်ကိုပေးရပါမည်။ လူကိုခိုးယူခြင်း၊ တမင်တကာလူသတ်ခြင်း၊ မိဘကိုအာခံခြင်းများကို သေဒဏ်ကျခံစေရန်ဖြစ်ပါသည်။ ဟေဗြဲလူမဟုတ်သောကျွန်များအား လက်ဝယ်ထိန်းချုပ်ထားမှုကိုခွင့်ပြုသော်လည်း ၎င်းတို့၏အသက်တာနှင့်ခန္ဓာကိုယ်ကို တိတိကျကျကာကွယ်စောင့်ရှောက်ထားပါသည်။ ကျွန်တစ်ဦးကိုသတ်သောလူသတ်သမားကို အပြစ်ဒဏ်ပေးရပါမည်။ သခင်က ကျွန်တစ်ဦးအား ထိခိုက်ဒဏ်ရာရစေခဲ့လျှင် သွားတစ်ချောင်းထက်ပို၍မကျိုးခဲ့စေကာမူ ထိုကျွန်အားလွတ်ခြင်းအခွင့်ကိုထိုက်စေရမည်။

ဣသရေလများသည် မကြာသေးမီက မိမိတို့ကိုယ်တိုင်ကျွန်များဖြစ်ဖူးခဲ့ကြရာ ယခု၌မိမိတို့၌ကျွန်များရှိလာသောအချိန်တွင် အဲဂုတ္တုလူမျိုးအလုပ်ကြပ်များလက်အောက်တွင် ၎င်းတို့ခံစားခဲ့ရသောရက်စက်သောစိတ်ဓါတ်၊ လောဘကြီးသောစိတ်ဓါတ်များကိုမကျင့်သုံးမိအောင် သတိထားကြရမည်ဖြစ်ပါသည်။ ခါးသီးစရာကောင်းသည့်ကျွန်ဘဝကို ၎င်းတို့သတိရအောက်မေ့ခြင်းအားဖြင့် မိမိတို့၏ကျွန်များကို ကိုယ်ချင်းစာနာတတ်လာပြီး ကြင်နာ

သနားတတ်လာစေကာ ကိုယ်၌သူတစ်ပါးပြုစေလိုသည့်အတိုင်း သူတစ်ပါးအား ပြုလာစေပါသည်။

မုဆိုးမများနှင့်မိဘမဲ့များ၏အခွင့်အရေးကို အထူးကာကွယ်ထားကာ ၎င်းတို့၏ခိုကိုးရာမဲ့အခြေအနေအတွက် ပြုစုစောင့်ရှောက်ရန် ဥပဒေများကို ပြဋ္ဌာန်းထားပါသည်။ "မိဘမရှိသောသူငယ်နှင့်မုဆိုးမကို သင်တို့သည် မနှောင့်ယှက်ရ။ နှောင့်ယှက်ခြင်းတစ်စုံတစ်ခုကိုပြု၍ သူတို့သည် ငါ့အား အနည်းငယ်အော်ဟစ်လျှင် ငါသည် ထိုအသံကိုအမှန်ကြား၍ ငါအမျက် ပြင်းစွာထွက်လျက် သင်တို့ကိုဓါးဘေးဖြင့်ကွပ်မျက်မည်။ သင်တို့မယားများ သည်လည်း မုဆိုးမဖြစ်၍ သားသမီးများသည်လည်း မိဘမရှိသောသူငယ် ဖြစ်ကြလိမ့်မည်။" "တစ်ကျွန်းတစ်နိုင်ငံသားဖြစ်သော ဧည့်သည်ကိုမညှဉ်းဆဲရ။ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့ဖူးသောကြောင့် ဧည့်သည်၏ စိတ်သဘောကိုသိကြ၏" ဟူ၍ ဣသရေလများနှင့်လာရောက်ပူးပေါင်းခဲ့ကြ သောနိုင်ငံခြားသားများကိုမညှဉ်းဆဲရန် ကာကွယ်စောင့်ရှောက်ထားပါသည်။

ဆင်းရဲသားများထံတွင် ငွေတိုးချခြင်းကိုလည်းတားမြစ်ထားပါသည်။ ဆင်းရဲသားတစ်ဦးထံမှအပေါင်ခံခြင်းအဖြစ်ယူထားသည့် ၎င်း၏ဝတ်ရုံ (ဝါ) စောင်ကို နေဝင်လာသောအချိန်တွင် ၎င်းအားပြန်ပေးရမည်။ ခိုးမှုကိုကျူးလွန် သောသူသည် နှစ်ဆကိုပြန်ပေးရမည်။ တရားသူကြီးနှင့်အစိုးရမင်းများကို ရိုသေလေးစားရန်လည်း ဥပဒေများကိုပြဋ္ဌာန်းခဲ့ပါသည်။ တရားသူကြီးများ အားလည်း မှားယွင်းစွာတရားမစီရင်ကြရန်၊ မှားယွင်းသောအမှုများကိုမကူညီ ကြရန်၊ တံစိုးလက်ဆောင်များကိုမယူကြရန် သတိပေးထားပါသည်။ သူတစ်ပါးကိုအသရေပျက်အောင်ပြောခြင်း၊ သွားပုပ်လေလွင့်ပြောခြင်းများကို လည်း တားမြစ်ပိတ်ပင်ကာ မိမိအားရန်မူနေသူများကိုပင် အကျိုးဆောင် လုပ်ငန်းများကိုလုပ်ဆောင်ကြရန် ပြဋ္ဌာန်းခဲ့ပါသည်။

ထိုနောက်တစ်ဖန် ဥပုသ်နေ့နှင့်ပတ်သက်သည့် သန့်ရှင်းသောဝတ် များအကြောင်းကိုလည်း ဣသရေလများအားသတိပေးခဲ့ပါသည်။ ကိုယ်တော် အတွက်ကျေးဇူးတင်ခြင်းဆိုင်ရာ ပူဇော်သကာများနှင့် မိမိတို့၏ဥစ္စာပစ္စည်း



များထဲမှအဦးသီးများကိုယူဆောင်ကာ ထာဝရဘုရားသခင်ရှေ့တော်တွင် နိုင်ငံအဝန်းရှိ ဣသရေလများစုရုံးကိုးကွယ်ရမည့်နှစ်စဉ်ကျင်းပရန်ပွဲနေ့များ ကိုလည်း သတ်မှတ်ပေးခဲ့ပါသည်။ နိုင်ထက်စီးနင်းအာဏာပြသည့်သဘောဖြင့် ဤဥပဒေများကိုထုတ်ပြန်ခြင်းမဟုတ်ဘဲ ဣသရေလများ၏အကျိုးအလို့ငှာ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ဤဥပဒေစည်းမျဉ်းများ၏ရည်ရွယ်ချက်ကိုလည်း ဖေါ်ပြထားပါသည်။ "သင်တို့သည် ငါ့ထံ၌သန့်ရှင်းသောသူဖြစ်ရကြမည်။" တစ်နည်းအားဖြင့် သန့်ရှင်းခြင်းနှင့်ပြည့်စုံသောထာဝရဘုရားသခင်၏အသိ အမှတ်ပြုခြင်းကို ခံထိုက်သောသူများဖြစ်ရမည်ဟု ထာဝရဘုရားသခင် မိန့်တော်မူ၏။

ဤမေ့သတ်များကို မောရှေရေးမှတ်ထားကာ နိုင်ငံတော်၏အခြေခံ ဥပဒေများအဖြစ် သေချာစွာသိမ်းဆည်းထားရန်ဖြစ်ပါသည်။ ၎င်းပြင် ၎င်းတို့အားပေးအပ်ထားသည့်ပညတ်တော်ဆယ်ပါးနှင့်အတူ ဣသရေလများအား ကတိထားတော်မူသောအရာများ၏ပြည့်စုံမှုအခြေအနေများကိုလည်း မောရှေ အနေဖြင့် မှတ်တမ်းတင်ထားရန်ဖြစ်ပါသည်။

"ကြည့်ရှုလော့၊ လမ်းခရီး၌ သင်တို့ကိုစောင့်ရှောက်၍ ငါပြင်ဆင် နှင့်သောအရပ်သို့ပို့စေခြင်းငှာ ကောင်းကင်တမန်ကို သင့်ရှေ့၌ငါစေလွှတ်၏။ ထိုတမန်ကိုရိုသေစွာပြုလော့။ စကားတော်ကိုနားထောင်လော့။ အာဏာတော် ကိုမဆန်နှင့်။ သင်တို့ပြစ်မှားသောအပြစ်ကို သူသည်မလွှတ်။ ငါ့နာမသည် သူ၌တည်ရှိ၏။ အကယ်စင်စစ်သင်သည် သူ့စကားကိုနားထောင်၍ ငါပညတ် သမျှအတိုင်းပြုလျှင် သင်၏ရန်သူတို့ကို ငါသည်ရန်ဘက်ပြုမည်" ဟူသော ထာဝရဘုရားသခင်ထံမှသတင်းစကားသည် ၎င်းတို့ထံသို့ရောက်ရှိလာပါသည်။ တောထဲ၌ ဣသရေလများလှည့်လည်နေစဉ်အတောအတွင်းတွင် မိုးတိမ်နှင့် မီးတိုင်ထဲတွင်ရှိနေတော်မူသောခရစ်တော်သည် သူတို့၏ခေါင်းဆောင်ဖြစ်ခဲ့ ပါသည်။ ကြွလာမည့်ကယ်တင်ရှင်တစ်ပါးကိုပြညွှန်နေသောပုံဆောင်မှုများ ရှိသကဲ့သို့ ကိုယ်တိုင်ကိုယ်ကြပ်ဦးဆောင်မှုပေးနေသောကယ်တင်ရှင်တစ်ပါး သည် ၎င်းတို့နှင့်အတူရှိခဲ့ပါသည်။ ထိုကယ်တင်ရှင်သည် ဣသရေလများအား

ဖွင့်ဆိုရန် မောရှေအားမိန့်တော်မူခဲ့သောပုဂ္ဂိုလ်၊ ကောင်းချီးမင်္ဂလာများစီးဆင်းကျရောက်နိုင်ရန် တစ်ခုတည်းသောရေမြောင်းကဲ့သို့ ၎င်းတို့ရှေ့တွင်တင်ဆက်ခြင်းခံရသောပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။

မောရှေသည် တောင်ပေါ်မှဆင်းလာကာ "လူများတို့ရှိရာသို့လာ၍ ထာဝရဘုရားသခင်၏စကားတော်အလုံးစုံကိုလည်းကောင်း၊ စီရင်တော်မူချက်အလုံးစုံကိုလည်းကောင်း ပြန်ကြား၍ လူများအပေါင်းကလည်း ထာဝရဘုရားသခင်မိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်ဟု တစ်သံတည်းပြန်ပြောကြ၏။ ထာဝရဘုရားသခင်၏မိန့်မြွက်ချက်များနှင့်အတူ မိမိတို့နားထောင်ပါမည်ဟူသောခံဝန်ချက်ကို စာအုပ်တစ်အုပ်ထဲတွင် မောရှေမှတ်တမ်းတင်ထားပါသည်။

ထိုနောက် ထိုပဋိညာဉ်ကိုအတည်ဖြစ်စေရန် ဆက်လက်လုပ်ဆောင်ပါသည်။ ယဇ်ပလ္လင်တစ်ခုကို သိနာတောင်ခြေရင်းတွင်တည်ဆောက်ကာ ထိုပဋိညာဉ်ကို ၎င်းတို့လက်ခံကြောင်းသက်သေအဖြစ် ဣသရေလအမျိုးတစ်ဆယ့်နှစ်မျိုးနှင့်အမျှကျောက်တိုင်ဆယ့်နှစ်တိုင်ကို ၎င်း၏ပတ်လည်တွင်တည်လေ၏။ ထိုနောက်ရွေးချယ်ထားသောဣသရေလလူပျိုများသည် ထာဝရဘုရားသခင်ရှေ့မှာ မီးရှို့သောယဇ်နှင့်မိတ်သဟာယယဇ်တို့ကိုပူဇော်ကြ၏။

မောရှေသည် ပူဇော်သကာ၏အသွေးဖြင့် ယဇ်ပလ္လင်ကိုဖျန်းပြီးနောက် "ပဋိညာဉ်စာကိုလည်းယူ၍ ပရိသတ်များရှေ့တွင်ဖတ်ပြ၏။" ဤနည်းအားဖြင့် ပဋိညာဉ်ထဲတွင်ပါဝင်သောအချက်အလက်များကို ထပ်ခါတလဲလဲဖတ်ပြရာ ပဋိညာဉ်ပါပြဌာန်းချက်များကိုလိုက်လျောမည်၊ မလိုက်လျောမည်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိကြပါသည်။ ထိုသူများသည် အစပထမတွင် ထာဝရဘုရားသခင်၏မိန့်တော်မူသမျှကိုနားထောင်ပါမည်ဟု ကတိထားခဲ့ကြသကဲ့သို့ မိန့်ဆိုတော်မူခဲ့သောပညတ်တော်ဆယ်ပါးကိုကြားခဲ့ပြီးသောအချိန်၊ ဤပဋိညာဉ်နှင့်ပတ်သက်သမျှကို ၎င်းတို့နားလည်သိရှိစေရန်အလို့ငှာ ပါဝင်သောပညတ်တော်ဆယ်ပါးစလုံးကို ခရေစေ့တွင်းကျပြောပြသောအချိန်၌လည်း "ထာဝရဘုရားသခင်မိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်" ဟုတစ်သံတည်း



တုံ့ပြန်ခဲ့ကြ၏။ "တရားတော်၌ပါသမျှသောပညတ်တို့ကို မောရှေသည် လူအပေါင်းတို့အားဟောပြောပြီးမှ-----အသွေးကိုယူ၍-----ကျမ်းစာကိုလည်းကောင်း၊ လူအပေါင်းတို့ကိုလည်းကောင်း ဖျန်းလျက် ဤအသွေးကား၊ သင်၌ဘုရားသခင်ဝန်ခံတော်မူသောပဋိညာဉ်၏အသွေးဖြစ်သည်ဟုပြောလေ၏။"

ထာဝရဘုရားသခင်သည် ၎င်းတို့၏ဘုရင်တစ်ပါးအနေဖြင့်အုပ်ချုပ်ကာ ရွေးချယ်ခြင်းခံရသောလူမျိုးအတွက် နိုင်ငံတည်ထောင်မှုကိုပြုရန် ယခုတွင် အစီအစဉ်များကိုပြုလုပ်မည်ဖြစ်ပါသည်။ ထာဝရဘုရားသခင်ကလည်း "သင်သည် အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသောဣသရေလအမျိုးအသက်ကြီးသူခုနစ်ကျိပ်နှင့်တကွ ထာဝရဘုရားသခင်ထံတော်သို့တက်၍ သူတို့သည်ဝေးဝေးကိုးကွယ်ကြစေ။ သင်တစ်ယောက်တည်းသာ ထာဝရဘုရားသခင်ထံတော်သို့ချဉ်းကပ်ရမည်" ဟုမောရှေအားမိန့်တော်မူ၏။ ဣသရေလများသည် တောင်ခြေရင်းတွင်ဝတ်ပြုကိုးကွယ်နေကြစဉ် ရွေးချယ်ခြင်းခံရသူများအား တောင်ပေါ်သို့တက်လာရန်ခေါ်တော်မူ၏။ ခုနစ်ကျိပ်သောအသက်ကြီးသူများသည် အုပ်ချုပ်ရေးကဏ္ဍတွင် မောရှေအားကူညီမစကြရန်ဖြစ်ပါသည်။ ထာဝရဘုရားသခင်ကလည်း ၎င်းတို့အပေါ်သို့ ဝိညာဉ်တော်သွန်းလောင်းကာ မိမိ၏တန်ခိုးတော်နှင့်ကြီးမြတ်မှုများကို ၎င်းတို့အားမြင်တွေ့စေခြင်းဖြင့် ဂုဏ်ပြုတော်မူ၏။ ထိုသူတို့သည် "ဣသရေလအမျိုး၏ဘုရားသခင်ကိုမြင်ကြ၏။ ခြေတော်အောက်၌ နီလာကျောက်ဖြင့်ပြီးသောကျောက်ခင်းကဲ့သို့လည်းကောင်း၊ ကြည်လင်သောကောင်းကင်မျက်နှာကဲ့သို့လည်းကောင်း ထင်လေ၏။" သူတို့သည် ထာဝရဘုရားသခင်ကို မမြင်တွေ့ရကြပါ။ သို့သော် ကိုယ်တော်ရှင်ရှိတော်မူခြင်း၏ဘုန်းတော်ကို မြင်တွေ့ခဲ့ကြရပါသည်။ ဤအချိန်မတိုင်မီက ၎င်းတို့သည် ထိုကဲ့သို့သောမြင်ကွင်းများကိုကြည့်ရှုရန် ခံနိုင်ရည်မရှိကြသေးချေ။ သို့ရာတွင် ဘုရားသခင်၏တန်ခိုးတော်ကိုထင်ရှားစွာပြသခဲ့ခြင်းသည် ၎င်းတို့အား နောင်တလမ်းထဲသို့ရောက်ရှိရန် ရိုသေကျိုးနွံစေခဲ့ပါသည်။ ၎င်းတို့၏အာရုံပြုမှုများ၏အကြောင်းရင်းဖြစ်သော ကိုယ်တော်အနီးသို့ချဉ်းကပ်လာသည့်အခြေအထိ ထိုသူတို့သည်

ဘုရားသခင်၏ဘုန်းတော်၊ သန့်စင်မှုနှင့်ကရုဏာတော်များကို အာရုံပြုစူးစိုက်ခဲ့ကြပါသည်။

မောရှေနှင့်သူ၏လက်ထောက်ယောရှုတို့သည် ထာဝရဘုရားသခင်နှင့်တွေ့ဆုံခြင်းငှာ တောင်ပေါ်သို့တက်လာရန် ယခုတွင်ဆင့်ခေါ်ခြင်းကိုခံခဲ့ကြရ၏။ သူတို့မရှိခိုက်တွင် မောရှေကိုယ်စား ဣသရေလများအားဦးဆောင်အုပ်ချုပ်ရန် အာရုန်နှင့်ဟုရဦးဆောင်သည့်ဣသရေလအသက်ကြီးသူခုနစ်ကျိပ်တို့ကိုခန့်အပ်တော်မူခဲ့၏။ "မောရှေသည် တောင်ပေါ်သို့တက်၍ မိုးတိမ်သည်တောင်တော်ကိုလွှမ်းမိုး၏။ ထာဝရဘုရားသခင်၏ဘုန်းတော်သည် သိနာတောင်ပေါ်မှာထိလေ၏။" ထာဝရဘုရားသခင်အထူးအတူရှိနေတော်မူကြောင်းအထိမ်းအမှတ်အဖြစ် မိုးတိမ်သည် ခြောက်ရက်ပတ်လုံးထိုတောင်ကိုလွှမ်းခြုံထား၏။ သို့ရာတွင် ထိုရက်အတောအတွင်း၌ ကိုယ်ထင်ပြခြင်းသော်လည်းကောင်း၊ အလိုတော်ကိုမိန့်မြွက်ခြင်းများကိုလည်းကောင်း မမြင်မကြားခဲ့ရချေ။ ထိုရက်အတောအတွင်း၌ မောရှေသည် ထာဝရဘုရားသခင်၏မိန့်တော်မူသံကိုငံ့လင့်လျက် ထိုတောင်ပေါ်တွင်ဆက်လက်နေထိုင်ခဲ့ပါသည်။ "ငါရှိရာတောင်ပေါ်သို့တက်၍နေလော့" ဟုရင်းအားညွှန်ကြားတော်မူခဲ့ပြီးဖြစ်ရာ သူ၏သည်းခံခြင်းနှင့်နားထောင်မှုများကိုစမ်းသပ်ခြင်းခံခဲ့ရသော်လည်း ထိုသို့စောင့်စားနေရသည့်အတွက် စိတ်မပျက်ခဲ့ချေ။ မိမိအတွက်ခွဲခန့်ထားသည့်အရာကိုလည်းမစွန့်လွှတ်ခဲ့ချေ။ ထိုသို့စောင့်စားနေရသောအချိန်သည် ၎င်းအတွက်ပြင်ဆင်ရမည့်အချိန်၊ မိမိကိုယ်ကိုအနီးကပ်စမ်းသပ်ရမည့်အချိန်တစ်ခုဖြစ်ခဲ့ပါသည်။ ထာဝရဘုရားသခင်မျက်နှာသာပေးတော်မူခြင်းခံခဲ့ရသောထိုမောရှေပင်လျှင်ရုတ်တရက်ရှေ့တော်သို့ချဉ်းကပ်နိုင်ခြင်းမရှိခဲ့ချေ။ ထာဝရဘုရားသခင်၏ဘုန်းတော်ကိုလည်း ခံနိုင်ရည်မရှိခဲ့ချေ။ ဖန်ဆင်းရှင်နှင့်တိုက်ရိုက်ဆက်သွယ်ရန်အဆင်သင့်မရှိသေးမီတွင် သူသည် မိမိကိုယ်ကိုဆန်းစစ်ကာ ဆုတောင်းခြင်း၊ အာရုံပြုခြင်းများလုပ်ဆောင်ခြင်းအားဖြင့် ခြောက်ရက်ပတ်လုံးမိမိကိုယ်ကိုထာဝရဘုရားသခင်ထံတော်၌ ဝတ်ပြုအပ်နှံရပါမည်။

ခုနစ်ရက်မြောက်သောနေ့သတ္တမနေ့တွင် မိုးတိမ်ထဲသို့တက်လာရန်မောရှေအားခေါ်တော်မူ၏။ ထူထပ်သောမိုးတိမ်ကြီးသည် ဣသရေလများ၏





မျက်မှောက်တွင်ပွင့်ဟသွားကာ ထာဝရဘုရားသခင်၏ဘုန်းတော်သည်လောင်သောမီးကဲ့သို့ထွန်းတောက်လာခဲ့ပါသည်။ မောရှေသည် မိုးတိမ်အထဲသို့ဝင်သဖြင့် တောင်ပေါ်သို့ရောက်၍ အရက်လေးဆယ်ပတ်လုံးတောင်ပေါ်မှာနေလေ၏။ တောင်ပေါ်တွင်နေထိုင်သော ထိုရက်ပေါင်းလေးဆယ်တွင်ပြင်ဆင်နေသည့်ခြောက်ရက်မပါဝင်ချေ။ ပြင်ဆင်မှုများလုပ်ဆောင်ခဲ့သည့်ခြောက်ရက်အတွင်းတွင် ယောရှုသည် မောရှေနှင့်အတူရှိခဲ့ပြီး မန္နမုန့်နှင့်တောင်မှစီးထွက်လာသောချောင်းရေကိုအတူတကွစားသောက်ခဲ့ပါသည်။ သို့သော်သူသည် မောရှေနှင့်အတူ မိုးတိမ်ထဲသို့ဝင်ရန်အခွင့်မရခဲ့ချေ။ အပြင်ဘက်တွင်နေခဲ့ရပြီး ထိုမုန့်နှင့်ထိုရေကိုသောက်ရင်း မောရှေပြန်အလာကိုစောင့်စားခဲ့ပါသည်။ မောရှေမှာမူ ထိုရက်ပေါင်းလေးဆယ်အတွင်း၌ အစာရှောင်ခဲ့ပါသည်။

မောရှေသည် တောင်ပေါ်တွင်နေရစဉ် ဘုရားသခင်အတူရှိတော်မူခြင်းကို အထူးထင်ရှားစေမည့် တဲတော်တစ်လုံးတည်ဆောက်ရန် "ငါသည်သင်တို့တွင်ကိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနကိုလုပ်ကြစေ" ဟူသော ညွှန်ကြားချက်ကိုရရှိခဲ့ပါသည်။ ၎င်းပြင် ဥပုသ်စောင့်ခြင်းနှင့်ပတ်သက်၍ တတိယအကြိမ်မြောက်မိန့်တော်မူသည်ကား "ဣသရေလအမျိုးသားအစဉ်အဆက်တို့သည်–––ဥပုသ်နေ့ရက်အစဉ်အတိုင်းဥပုသ်စောင့်ရကြမည်။ ထိုသို့စောင့်လျှင်ငါနှင့်ဣသရေလအမျိုးသားစပ်ကြား၌ ထာဝရလက္ခဏာသက်သေဖြစ်လိမ့်မည်။" "ငါသည်သင်တို့ကို သန့်ရှင်းစေသောထာဝရဘုရားသခင်ဖြစ်ကြောင်းကိုသင်တို့သိစေခြင်းငှာ ငါနှင့်သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဖို့ရာ ငါ့ဥပုသ်နေ့ကိုစင်စစ်စောင့်ရကြမည်။" "ဥပုသ်နေ့သည်သင်တို့အားသန့်ရှင်းစေသောကြောင့် ထိုနေ့ကိုစောင့်ရကြမည်။ ထိုနေ့၌အလုပ်လုပ်သောသူမည်သည်ကား မိမိအမျိုးမှပယ်ရှင်းခြင်းကိုခံရမည်" ဟူ၍ဖြစ်၏။ ထာဝရဘုရားသခင်အားဝတ်ပြုကိုးကွယ်ရန်အတွက် တဲတော်တစ်လုံးကိုအရေးပေါ်တည်ဆောက်ရန် ညွှန်ကြားချက်များကိုရရှိထားပြီဖြစ်ရာ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန် နေရာတစ်ခုအထူးလိုအပ်နေသဖြင့် တဲတော်တည်ဆောက်ရေးလုပ်ငန်းများကို ဥပုသ်နေ့တွင်လုပ်ဆောင်ခြင်းသည် မှန်ကန်မှု

ရှိလိမ့်မည်ဟု ၎င်းတို့အနေဖြင့်ထင်မြင်ကောင်းထင်မြင်ကြပေလိမ့်မည်။ ဤအမှားကိုကာကွယ်ရန် ဤသတိပေးချက်ကိုပေးတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်အတွက်အထူးအရေးပါသောထိုလုပ်ငန်း၏သန့်ရှင်းမွန်မြတ်မှုနှင့် အရေးတကြီးလိုအပ်နေခြင်းကပင်လျှင် ကိုယ်တော်၏သန့်ရှင်းသောနားနေရာနေ့ အပေါ် ၎င်းတို့အနေဖြင့် စည်းကမ်းဖေါက်ဖျက်မှုကိုလုပ်ဆောင်ရမည်မဟုတ်ချေ။

ထိုအချိန်အထိ ဣသရေလများသည် ထာဝရဘုရားသခင်အတူရှိနေတော်မူခြင်းဖြင့် ဂုဏ်ပြုခံခဲ့ရပါသည်။ “ဣသရေလအမျိုးသားတို့တွင် ငါနေ၍ သူတို့၏ဘုရားသခင်ဖြစ်မည်။” “ငါ့ဘုန်းတော်အားဖြင့် သူတို့ကိုသန့်ရှင်းစေမည်” ဟူ၍ ထာဝရဘုရားသခင်သည် မောရှေအား အာမခံချက်ပေးတော်မူခဲ့ပါသည်။ ဘုရားသခင့်အာဏာတော်အထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ ကိုယ်တော့်အလိုတော်အားရုပ်လုံးဖေါ်မှုတစ်ခုအဖြစ်လည်းကောင်း ဘုရားသခင်ကိုယ်တော်တိုင်ပညတ်တော်ဆယ်ပါးကို လက်ညှိုးတော်နှင့်အက္ခရာတင်ထားတော်မူသည့်ကျောက်ပြားနှစ်ချပ်ကို မောရှေအားပေးတော်မူ၏။ ထိုကျောက်ပြားနှစ်ချပ်ကို တဲတော်ဆောက်ပြီးသောအခါ ဝတ်ပြုကိုးကွယ်ခြင်း၏မျက်မြင်ရသောဗဟိုချက်ဖြစ်ရန် ထိုတဲတော်တွင်ထားရှိကိုးကွယ်ရန်ဖြစ်ပါသည်။

ဣသရေလများသည် ကျွန်ဘဝမှသည်ဘုရင်တကာတို့၏ဘုရင်အတွက် ပိုင်ထိုက်သောသူများဖြစ်လာသည်အထိ အခြားသောလူမျိုးများအထက်တွင် ချီးမြှောက်ခြင်းကိုခံခဲ့ရပါသည်။ ကိုယ်တော်သည် ၎င်းတို့အားမွန်မြတ်သောတာဝန်တစ်ခုကိုအပ်နှင်းနိုင်စေရန်အလို့ငှာ ၎င်းတို့အား လောကီသားများမှသီးသန့်ခွဲခြားထားတော်မူ၏။ ကိုယ်တော်သည် ၎င်းတို့အားပညတ်တော်ကိုစောင့်ထိန်းထားသူများဖြစ်စေဖို့လည်းမိန့်တော်မူခဲ့ပြီးဖြစ်သည်။ ကိုယ်တော်ရှင်ကိုသိခြင်းပညာကို လူများအလယ်တွင် ၎င်းတို့အားဖြင့်ဆက်လက်ထိန်းသိမ်းထားရန်လည်း ဘုရားသခင်ကြံရွယ်တော်မူခဲ့ပါသည်။ ဤနည်းအားဖြင့်ကောင်းကင်မှအလင်းတော်သည် အမှောင်ထုဖုံးလွှမ်းနေသောဤလောကကိုအလင်းပေးရန်ဖြစ်ပြီး ရုပ်တုကိုးကွယ်မှုများကိုကျောခိုင်းကာ အသက်ရှင်တော်မူသောထာဝရဘုရားသခင်အားကိုးကွယ်ကြရန် လူအပေါင်းအား



အသနားခံနေသောအသံတစ်ခုကိုနားထောင်ကြရန်ဖြစ်ပါသည်။ အကယ်၍ ဣသရေလများသည် မိမိတို့အားပေးအပ်ထားသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြမည်ဆိုလျှင် သူတို့သည် ဤကမ္ဘာတွင်အင်အားကြီးတစ်နိုင်ငံဖြစ်လာခဲ့ပါလိမ့်မည်။ ထာဝရဘုရားသခင်သည် သူတို့၏အကာအကွယ်ဖြစ်တော်မူကာ ၎င်းတို့အားအခြားလူမျိုးများအထက်တွင် ချီးမြှောက်တော်မူခဲ့ပါလိမ့်မည်။ ကိုယ်တော်၏အလင်းတော်နှင့်တရားတော်သည်လည်း သူတို့အားဖြင့်ထင်ရှားစေခဲ့လိမ့်မည်ဖြစ်ပြီး ကိုယ်တော်အားဝတ်ပြုကိုးကွယ်ခြင်းသည် အခြားသောရုပ်တုကိုးကွယ်ခြင်းအပေါင်းတို့ထက် သာလွန်ကောင်းမြတ်ကြောင်း ပုံသက်သေတစ်ခုအဖြစ် သူတို့သည် ကိုယ်တော်၏ဉာဏ်အမြော်အမြင်၊ ကိုယ်တော်၏သန့်ရှင်းမှုနှင့်ပြည့်စုံသောအုပ်စိုးမှုအောက်တွင် ထင်ရှားကျော်စောလာခဲ့ကြပါလိမ့်မည်။

* * *

## (၂၈)
## သိနာတောင်၌ရုပ်တုကိုးကွယ်ခြင်း

မောရှေသည် ၎င်းတို့နှင့်အတူမရှိခိုက်တွင် ဣသရေလများအဖို့ ခေတ္တရပ်တန့်စောင့်ဆိုင်းရမည့်အချိန်ဖြစ်ပါသည်။ မောရှေသည် ယောရှုနှင့်အတူ တောင်ပေါ်သို့တက်သွားကာ ဘုရားသခင်ရှိတော်မူခြင်းအထိမ်းအမှတ်အဖြစ် တစ်ခါတစ်ရံတွင် ရောင်ခြည်များထွန်းတောက်နေသောတောင်ထိပ်ကိုဖုံးလွှမ်းထားသည့် တောင်အောက်မှလှမ်း၍မြင်နေရသည့်မိုးတိမ်ထဲသို့ဝင်သွားသည်ကို ၎င်းတို့သိရှိကြပါသည်။ သူတို့သည် မောရှေပြန်ဆင်းအလာကို စိတ်အားတကြီးစောင့်စားနေကြပါသည်။ ထိုသူများသည် အဲဂုတ္တုပြည်တွင် ဘုရားသခင်များကိုကိုယ်စားပြုသည့်ရုပ်ဝတ္ထုပစ္စည်းများနှင့်အကျွမ်းတဝင်ရှိခဲ့ပြီးဖြစ်ရာ မျက်မြင်မရသောအရာတစ်ခုကိုယုံကြည်ကိုးစားရန် သူတို့အတွက်ခက်ခဲနေခဲ့ပါသည်။ ထို့ကြောင့် မိမိတို့၏ယုံကြည်ခြင်းကိုထောက်မရန် မောရှေအပေါ်တွင် သူတို့အားကိုးမှီခိုခဲ့ရာ ယခုတွင်မောရှေသည် သူတို့ထံမှခေါ်ဆောင်သွားခြင်းခံခဲ့ရချေပြီ။ တစ်နေ့ပြီးတစ်နေ့၊ တစ်ပတ်ပြီးတစ်ပတ်အချိန်တွေကုန်လွန်ခဲ့သော်လည်း မောရှေသည် ယခုတိုင်ပြန်လည်ရောက်ရှိမလာသေးချေ။ မိုးတိမ်ကြီးကိုမြင်တွေ့နေရဆဲဖြစ်သော်လည်း ၎င်းတို့၏ခေါင်းဆောင်ကြီးသည် မိမိတို့အားပစ်သွားပြီဟူ၍လည်းကောင်း၊ သူသည် လောင်သောမီးအားဖြင့် သေဆုံးသွားခဲ့ပြီဟူ၍လည်းကောင်း စခန်းရှိလူအများကအထင်ရှိနေကြပါသည်။

ဤကဲ့သို့စောင့်ဆိုင်းနေစဉ်အတွင်း မိမိတို့ကြားခဲ့ရသောဘုရားသခင်၏ပညတ်တော်အပေါ်အာရုံပြုရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်ရှင်က ဆက်လက်ပေးသနားတော်မူမည့် ကြိုတင်တရားဟောချက်များကိုခံယူရန် မိမိတို့၏စိတ်နှလုံးကိုပြင်ဆင်ဖို့အတွက်လည်းကောင်း၊ သူတို့အချိန်ရခဲ့ကြပါသည်။ သို့ရာတွင် သူတို့သည် ထိုအချိန်များကို ထိုလုပ်ဆောင်မှုများအတွက် တန်ဖိုးရှိအောင်အသုံးမပြုခဲ့ကြချေ။ အကယ်၍သူတို့သည် ကိုယ်တော်ရှင်၏ရှေ့မှောက်တွင်စိတ်နှလုံးနှိမ့်ချလျက် ဘုရားသခင်၏တောင်းဆိုချက်များကို



ရှင်းလင်းစွာနားလည်ဖို့ကြိုးစားခဲ့ကြမည်ဆိုလျှင် ၎င်းတို့အားစုံစမ်းနှောင့်ယှက်ခြင်းများမှကွယ်ကာပေးတော်မူခဲ့ပါလိမ့်မည်။ သို့သော်ထိုသူတို့သည် ထိုသို့မလုပ်ဆောင်ခဲ့ကြသဖြင့် မကြာမီတွင်သတိတရားမရှိ၊ ပေါ့ပေါ့ဆဆတရားလက်လွတ်ဖြစ်လာခဲ့ကြပါသည်။ အထူးသဖြင့်ထိုသို့ဖြစ်ရခြင်းမှာ "အမျိုးမျိုးသောလူအများတို့ပါဝင်နေခြင်းကြောင့်ဖြစ်ပါသည်။ ထိုသူတို့သည် နို့နှင့်ပျားရည်စီးသောပြည်တည်းဟူသော၊ ကတိထားတော်မူရာပြည်သို့သွားနေသောခရီးစဉ်အပေါ်တွင်စိတ်မရှည်ကြတော့ချေ။ ဘုရားသခင်၏စကားတော်ကိုနားထောင်ခြင်းရှိမှသာ ထိုပြည်ကို၎င်းတို့ဝင်စားရမည်ဖြစ်သော်လည်း ဤအချက်ကိုသူတို့မျက်ခြည်ပြတ်ခဲ့ကြချေပြီ။ အဲဂုတ္တုပြည်သို့ပြန်ကြဖို့အကြံပေးသောသူများရှိခဲ့သော်လည်း ခါနာန်ပြည်သို့ဆက်သွားသည်ဖြစ်စေ၊ အဲဂုတ္တုပြည်သို့ပြန်သွားသည်ဖြစ်စေ မောရှေကိုမစောင့်ကြတော့ရန် သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။

မောရှေမရှိခိုက်တွင် ခိုကိုးရာမဲ့ဖြစ်နေသည်ဟုယူဆကာ ၎င်းတို့သည် မိမိတို့၏ယခင်အယူသီးမှုများဘက်သို့ဦးလှည့်ခဲ့ကြပါသည်။ "အမျိုးမျိုးသောလူအများတို့သည်" ရှေးဦးစွာညည်းတွားကာ စိတ်မရှည်စွာကျင့်ဆောင်ခဲ့ကြပါသည်။ ထိုသူများသည် နောက်ပိုင်းတွင်ဖြစ်ပေါ်လာသောအယူဖေါက်ပြန်မှုများတွင် ခေါင်းဆောင်များဖြစ်လာခဲ့ကြပါသည်။ အဲဂုတ္တုလူများအနေဖြင့် ဘုရားသခင်၏အထိမ်းအမှတ်အဖြစ်ကိုးကွယ်သောအရာများတွင် "နွား" လည်းပါဝင်ခဲ့ပါသည်။ အဲဂုတ္တုပြည်တွင် ရုပ်တုကိုးကွယ်မှုကိုကျင့်သုံးခဲ့သောထိုသူများက နွားရုပ်တစ်ခုကို ယခုတွင်ထုလုပ်၍ကိုးကွယ်ကြရန်အကြံပေးခဲ့ပါသည်။ ထိုသူများသည် ဘုရားသခင်ကိုသရုပ်ဖေါ်ရန်နှင့် မောရှေအား ၎င်းတို့ရှေ့တွင်ရှိရန် ရုပ်တုအချို့ကိုအလိုရှိခဲ့ကြပါသည်။ ထာဝရဘုရားသခင်သည် မိမိနှင့်အဆင်းသဏ္ဌာန်တစ်စုံတစ်ခုကိုမျှတွေ့မြင်ခွင့်ပေးတော်မမူဘဲ ထိုသို့သောသဘောဖြင့် ရုပ်ပွားတော်များပြုလုပ်ခြင်းကိုလည်း တားမြစ်တော်မူခဲ့ပါသည်။ အဲဂုတ္တုပြည်နှင့်ပင်လယ်နီတို့တွင်ပြခဲ့သောအံ့ဖွယ်နိမိတ်လက္ခဏာများကို မိမိအားမျက်မြင်မရသော၊ တန်ခိုးတော်နှင့်ပြည့်စုံသည့်မစရှင်အဖြစ်

ယုံကြည်လာစေရန်ရည်ရွယ်၍ ပြုတော်မူခဲ့ပါသည်။ ၎င်းပြင်မိမိတည်ရှိတော်မူခြင်းကိုကြည့်လိုသောဆန္ဒများအား မျက်မြင်ရသောထင်ရှားမှုအနေဖြင့် ၎င်းတို့အား ဦးဆောင်လမ်းပြခဲ့သောမိုးတိမ်တိုင်နှင့် မိုးမီးတိုင်အားဖြင့်လည်းကောင်း၊ သိနာတောင်ပေါ်တွင် ဘုန်းထွန်းတောက်ခြင်းအားဖြင့်လည်းကောင်း ဖြည့်ဆည်းပေးတော်မူခဲ့ပါသည်။ ထို့ပြင်၎င်းတို့၏ရှေ့မှောက်တွင် ကိုယ်တော်ရှင်တည်ရှိနေကြောင်းကို မိုးတိမ်တိုင်အားဖြင့် ယခုတိုင်ပြတော်မူသော်လည်း ၎င်းတို့သည် အဲဂုတ္တုပြည်၏ရုပ်တုကိုးကွယ်မှုများဘက်သို့ပြန်လည်ဦးလှည့်သွားပြီး မျက်မြင်မရသောဘုရားသခင်၏ဘုန်းတော်ကို နွားရုပ်နှင့်ပုံဆောင်နေကြပါတကား။

မောရှေမရှိခိုက်တွင် တရားစီရင်ခွင့်အမိန့်အာဏာကို အာရုန်အားလွှဲအပ်ထားသည်ဖြစ်ရာ လူအုပ်ကြီးသည် ၎င်း၏တဲပတ်လည်တွင်စုရုံးလာကြကာ "ငါတို့ရှေ့မှာသွားရသောဘုရားသခင်တို့ကို ငါတို့အဖို့လုပ်ပါ။ ငါတို့ကိုအဲဂုတ္တုပြည်မှနုတ်ဆောင်ခဲ့သောသူ၊ ထိုမောရှေ၌အဘယ်သို့ဖြစ်သည်ကို ငါတို့မသိပါ" ဟုဆိုကြ၏။ ထိုနေရာအထိ ၎င်းတို့အားပို့ဆောင်လမ်းပြခဲ့သောမိုးတိမ်တိုင်ကြီးသည်လည်း သိနာတောင်ထိပ်တွင်တည်မြဲစွာရပ်နားကာ ၎င်းတို့၏ခရီးစဉ်ကိုလမ်းမပြတော့ပြီ။ ထို့ကြောင့် ၎င်းတို့၌ထိုအရာအစား ရုပ်တုတစ်ခုရှိရမည်။ အကယ်၍အကြံပေးသည့်အတိုင်း ၎င်းတို့အနေဖြင့် အဲဂုတ္တုပြည်သို့ပြန်ရန်ဆုံးဖြတ်ခဲ့လျှင်လည်း အဲဂုတ္တုလူများသည် ၎င်းတို့သယ်ဆောင်သွားသောထိုရုပ်တုကိုမြင်ကာ ၎င်းတို့အားမျက်နှာသာပေးကြလိမ့်မည်။ ထို့အပြင် ၎င်းတို့ယူဆောင်သွားမည့်နွားရုပ်ကိုလည်း သူတို့၏ဘုရားသခင်အဖြစ် အသိအမှတ်ပြုကြလိမ့်မည်ဟူ၍ ထိုသူများကပြောဆိုခဲ့ပါသည်။

ဤကဲ့သို့သောပြဿနာမျိုးတွင် ဆုံးဖြတ်ချက်ခိုင်မာ၍ မဆုတ်မနစ်သောရဲစွမ်းသတ္တိနှင့်ပြည့်စုံသောခေါင်းဆောင်တစ်ဦးလိုအပ်ပါသည်။ အများသဘောဆန္ဒ၊ ပုဂ္ဂလိကလုံခြုံမှုနှင့်မိမိအသက်အန္တရာယ်လုံခြုံမှုများထက် ဘုရားသခင်၏အသရေတော်ကိုဦးစားပေးသည့်ခေါင်းဆောင်တစ်ဦးလိုအပ်နေပါသည်။ သို့ရာတွင်လက်ရှိခေါင်းဆောင်သည် ထိုအရည်အချင်းမျိုးနှင့်ပြည့်စုံသောခေါင်းဆောင်တစ်ဦးမဟုတ်ချေ။



အာရုန်သည် ထိုသူများကိုအကျိုးအကြောင်းဖေါ်ပြကာ တားမြစ်ခဲ့သော်လည်း ၎င်း၏တွေဝေယိမ်းယိုင်ခြင်းနှင့်ကြောက်တတ်ခြင်းများကြောင့် သူတို့သည်ပို၍စိတ်ခိုင်မာလာကြပါသည်။ ရုန်းရင်းဆန်ခတ်မှုများသည် ပို၍ဖြစ်ပွားလာပါသည်။ တမူးရူးထိုးဖြစ်ကာ ဆင်ကန်းတောတိုးဖြစ်နေသည့် ထိုလူများသည် ထိုဣသရေလလူအုပ်ကြီးကိုသိမ်းပိုက်တော့မယောင်ဖြစ်နေပါသည်။ ထာဝရဘုရားသခင်နှင့်ပြုတော်မူခဲ့သည့်ပဋိညာဉ်အပေါ်ဆက်လက်သစ္စာရှိသူတချို့ရှိသေးသော်လည်း လူများစုမှာမူ ဖေါက်ပြန်ရေးသမားများနှင့်ပူးပေါင်းခဲ့ကြပါသည်။ ရုပ်တုကိုးကွယ်မှုအဖြစ် ရုပ်တုလုပ်ရန်တင်ပြချက်ကို ငြင်းဆန်သူအနည်းငယ်သည် တိုက်ခိုက်ထိုးကြိတ်မှုကိုခံခဲ့ရပြီး ကြမ်းတမ်းစွာပြုမူခြင်းကိုခံခဲ့ရကာ စိတ်လှုပ်ရှားပြီး ဇရုတ်သုတ်ခဖြစ်နေသောလူအုပ်ကြီး၏လက်ချက်ဖြင့် ထိုသူတို့သည်နောက်ဆုံး၌အသက်ဆုံးရှုံးခဲ့ကြရပါသည်။

အာရုန်သည် မိမိ၏အသက်အန္တရာယ်ကိုစိုးရိမ်လာကာ ထာဝရဘုရားသခင်၏ဂုဏ်အသရေတော်ကိုထင်ရှားစေရန်အတွက် မားမားမတ်မတ်ရပ်တည်ရမည့်အစား ထိုသူများ၏တောင်းဆိုချက်ကိုလိုက်လျောခဲ့ပါသည်။ ထိုသူများ၏မာနထောင်လွှားမှုသည် ထိုကဲ့သို့သောနစ်နာမှုတစ်ခုကိုလုပ်ဆောင်ရန် ငြင်းဆိုလိမ့်မည်အထင်နှင့် လူအပေါင်းတို့အား မိမိတို့၏နားဆွဲများကိုချွတ်ကာ မိမိထံသို့ယူဆောင်လာကြရန် ပထမအဆင့်အနေဖြင့်သူညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် ထိုသူများသည် ၎င်းတို့၏လက်ဝတ်တန်ဆာများကို စိတ်အားထက်သန်စွာဖြင့်ပေးအပ်ခဲ့ကြရာ သူသည် ထိုအရာများကိုအရည်ကျိုကာ အဲဂုတ္တုဘုရားရုပ်များကိုအတုခိုးကာ နွားသငယ်ရုပ်ကိုသွန်းပေးခဲ့ပါသည်။ ထိုအခါ ဣသရေလများက "အိုဣသရေလအမျိုး၊ ဤဘုရားသခင်သည် သင့်ကို အဲဂုတ္တုပြည်မှနုတ်ဆောင်ခဲ့သောဘုရားသခင်ဖြစ်တော်မူ၏" ဟုကြွေးကြော်ကြ၏။ ထာဝရဘုရားသခင်အား ဤကဲ့သို့စော်ကားပြောဆိုမှုကို အာရုန်သည် နိမ့်ကျယုတ်ညံ့စွာခွင့်ပြုခဲ့ပါသည်။ နွားသငယ်ရုပ်ကိုရရှိသွားသဖြင့် စိတ်ကျေနပ်နေသောထိုသူများကိုမြင်သောအခါ ထိုရုပ်တုရှေ့မှာ

ယဇ်ပလ္လင်ကိုတည်လျက် "နက်ဖြန်နေ့သည် ထာဝရဘုရားသခင်အဖို့ ပွဲခံရသောနေ့ဖြစ်သည်ဟု တပ်ကိုလည်း၍ကြော်ငြာစေ၏။" ထိုကြောင့် "နက်ဖြန်နေ့ နံနက်စောစောလူတို့သည်ထ၍ မီးရှို့ရာယဇ်၊ မိတ်သဟာယယဇ်တို့ကို ပူဇော်ပြီးမှ စားသောက်လျက်ထိုင်နေကြ၏။ နောက်တစ်ဖန်ကခုန်မြူးထူးခြင်းငှာ ထကြ၏။" သူတို့သည် ဘုရားသခင်အတွက်ဟန်ဆောင်ပွဲခံလျက် မိမိတို့ကိုယ်ကိုအစားကြူးခြင်းနှင့်အပျော်ကြူးခြင်းနောက်သို့အပ်နှံခဲ့ကြပါသည်။

ကျွန်ုပ်တို့ခေတ်တွင်လည်း မည်သူများသည် ဘုရားသခင်ဝတ်၌ မွေ့လျော်ယောင်ဆောင်၍ အပျော်အပါးကိုမြတ်နိုးနေကြပါသနည်း။ တစ်ဖက်တွင် ဘာသာရေးဝတ်ပြုကိုးကွယ်မှုများကိုစောင့်ထိန်းလုပ်ကိုင်စေ၍ တစ်ဖက်တွင်လည်း မိမိကိုယ်ကျိုး (ဝါ) အသွေးအသား၏အလိုကိုလိုက်စားခွင့်ပြုသောဘာသာအယူဝါဒကို ရှေးခေတ်ဣသရေလများနှစ်သက်မြတ်နိုးခဲ့ကြသကဲ့သို့ ယခုခေတ်လူအများလည်း နှစ်သက်ကြပါသည်။ အသင်းတော်၏အာဏာရှိသောရာထူးများကိုဆုပ်ကိုင်ထားစဉ်တွင် ဘုရားသခင်ကိုကြည်ညိုစွဲလမ်းမှုမရှိသောသူများ၏အလိုဆန္ဒကိုလိုက်လျောမည့် ပျော့ပျောင်းသောအာရန်များသည် ယခုတိုင်အောင်ရှိနေကြပါသည်။ ထိုသူများသည် ဤနည်းအားဖြင့် အသင်းသားများအား အပြစ်နွံထဲသို့ကျရောက်အောင်အားပေးနေကြပါသည်။

စကားတော်ကိုနားထောင်ပါမည်ဟု ထာဝရဘုရားသခင်နှင့်ဣသရေလများပဋိညာဉ်ပြုခဲ့သည်မှာ ရက်အနည်းငယ်သာရှိပါသေးသည်။ "ငါမှတစ်ပါးအခြားသောဘုရားသခင်ကိုမကိုးကွယ်နှင့်" ဟူသောဘုရားသခင်၏စကားတော်ကိုကြားနာကာ သိနာတောင်ရှေ့တွင်ကြောက်လန့်တုန်လှုပ်စွာဖြင့် သူတို့ရပ်ထခဲ့ဖူးကြပါသည်။ ထာဝရဘုရားသခင်၏ဘုန်းတော်သည် ၎င်းတို့ရှေ့မှောက်ရှိသိနာတောင်ထိပ်တွင် ယခုတိုင်လွှမ်းခြုံထားဆဲဖြစ်သော်လည်း သူတို့သည် ထာဝရဘုရားသခင်ကိုကျောခိုင်းကာ အခြားဘုရားများကိုတောင်းဆိုနေကြပါသည်။ "သူတို့သည် ဟောရပ်တောင်နားမှာ နွားသငယ်ကိုလုပ်၍ အရည်သွန်းသောရုပ်တုကိုပျပ်ဝပ်ကိုးကွယ်ကြ၏။ သူတို့၏ဘုန်းကိုလဲ၍ မြက်ကိုစားသောနွား၏ပုံသဏ္ဌာန်ကိုယူကြ၏။" မိမိတို့အားကြင်နာယုယသောဖခင်တစ်ဦးကဲ့သို့လည်းကောင်း၊ ထာဝရတန်ခိုးရှင်နှင့်ပြည့်စုံသောဘုရင်တစ်ပါးကဲ့သို့လည်းကောင်း မိမိကိုယ်ကိုထင်ရှားစေတော်မူခဲ့သောကိုယ်တော်ကို သူတို့အကြီးအကျယ်ကျေးဇူးကန်းခဲ့ကြပါတကား။ အကြီးအကျယ်စော်ကားခဲ့ကြပါပြီတကား။



ထိုနောက်ထာဝရဘုရားသခင်က "သင်သည်ဆင်းသွားလော့။ အဲဂုတ္တုပြည်မှ သင်နုတ်ဆောင်ခဲ့သောသင်၏လူတို့သည် ဖေါက်ပြန်ကြပြီ။ ငါမှာထားသောလမ်းမှအလျင်အမြန်လွဲသွား၍ နွားသငယ်ရုပ်ကိုသွန်းပြီ၊ ကိုးကွယ်ကြပြီ" ဟုတောင်အောက်ရှိစခန်းတွင်ဖြစ်ပွားနေသောဖေါက်ပြန်မှုများအကြောင်းကို မောရှေအားမိန့်တော်မူကာ အလျင်အမြန်ပြန်ဆင်းသွားရန် ညွှန်ကြားတော်မူ၏။ ထာဝရဘုရားသခင်သည် ဤလုပ်ဆောင်မှုကို အစကနဦးမှပင် ဟန့်တားနိုင်တော်မူသော်လည်း သစ္စာဖေါက်မှုနှင့်အယူဝါဒဖေါက်ပြန်မှုအတွက် ပြစ်ဒဏ်စီရင်မှုတွင် သင်ခန်းစာတစ်ခုကို ၎င်းတို့အားသင်ကြားလိုသောငှာ ဤအခြေအနေအထိဖြစ်လာအောင် ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်ပါသည်။

ထိုသူများနှင့်ပြုလုပ်ခဲ့သော ဘုရားသခင်၏ပဋိညာဉ်တော်သည် ပယ်ဖျက်ခြင်းခံခဲ့ရချေပြီ။ ထိုကြောင့် "ငါ့ကိုရှိစေတော့။ ငါသည် အမျက်ပြင်းစွာထွက်၍ သူတို့ကိုဖျက်ဆီးမည်။ သင့်ကိုကား ကြီးသောအမျိုးဖြစ်စေမည်" ဟုမောရှေအား ထာဝရဘုရားသခင်မိန့်တော်မူ၏။ ဣသရေလလူထုကြီးသည် (အထူးသဖြင့်လူပေါင်းစုံရောနေသည့်ထိုလူအုပ်ကြီး) ထာဝရဘုရားသခင်ကိုအန်တုရန် အမြဲတမ်းဆန္ဒရှိနေကြပါသည်။ သူတို့သည် မိမိတို့၏ခေါင်းဆောင်အားလည်းအပြစ်တင်ကြကာ မိမိတို့၏မယုံကြည်မှုများ၊ ခေါင်းမာမှုများအားဖြင့် စိတ်ထိခိုက်စေခဲ့ကြပါသည်။ ထိုသူများကို ကတိထားတော်မူသည့်ပြည်သို့ပို့ဆောင်ရန်အလုပ်မှာ အလွန်မတန်မှလက်ဝင်၍ စိတ်ပင်ပန်းစရာကောင်းသောအလုပ်တစ်ခုဖြစ်ပါလိမ့်မည်။ ၎င်းတို့ကျူးလွန်သောအပြစ်များသည် ၎င်းတို့အား ဘုရားသခင်၏ကရုဏာကို လက်လွတ်ဆုံးရှုံးစေခဲ့ပြီး ၎င်းတို့အားဖျက်ဆီးပစ်ရန် တရားစီရင်မှုကိုဖြစ်ပေါ်စေခဲ့ပါသည်။ ထိုကြောင့်ထာဝရဘုရားသခင်သည် ၎င်းတို့အားဖျက်ဆီးကာ မောရှေအား လူမျိုးကြီးဖြစ်စေမည်ဟု အဆိုပြုတော်မူခဲ့ပါသည်။

"ငါ့ကိုရှိစေတော့။ ငါသည်---သူတို့ကိုဖျက်ဆီးမည်" ဟူသော စကားသည် ဘုရားသခင်မိန့်တော်မူသောစကားများဖြစ်ပါသည်။ ဣသရေလများအားဖျက်ဆီးပစ်ရန် ထာဝရဘုရားသခင်အကြံတော်ရှိခဲ့လျှင် ၎င်းတို့အတွက် မည်သူတောင်းပန်နိုင်မည်နည်း။ ဣသရေလလူအနည်းငယ်မှလွဲ၍ ကျန်အပြစ်သားများသည် ကိုယ့်ကြမ္မာကိုယ်ခံရပေတော့မည်။ ဣသရေလလူအနည်းငယ်မှလွဲ၍ ကျန်လူအပေါင်းတို့သည် ဘုရားသခင်ကိုယ်တော်တိုင် ပေးသနားတော်မူသောသက်သာခြင်းအခွင့်နှင့်ဂုဏ်သရေရှိသောအဆင့်အတန်းတစ်ခုကို ကျေးဇူးကန်းအပြစ်တင်ညည်းတွားမှုများအတွက်ပေးဆပ်ခြင်းခံရမည့် ဆင်းရဲပင်ပန်းခြင်း၊ အနစ်နာခံခြင်းများနှင့်ဝမ်းပန်းတသာလဲလှယ်ခဲ့ကြပါသည်။

မျှော်လင့်ခြင်းအတွက်အခြေအမြစ်သည် စိတ်ပျက်စရာနှင့်အမျက်ဒေါသများသာဖြစ်နေသယောင်ရှိသော်လည်း မောရှေသည် ထိုအရာကိုကောင်းစွာသိရှိနားလည်ခဲ့ပါသည်။ မောရှေ၏ဆုတောင်းချက်မှတစ်ပါး အခြားမည်သည့်အရာကမျှ ဣသရေလများအားမကယ်တင်နိုင်ဟုအဓိပ္ပါယ်သက်ရောက်သော "ငါ့ကိုရှိစေတော့" ဟူသော ဘုရားသခင်ဖွင့်ဆိုသောစကားရပ်သည် ကြားဖျန်ဖြေရေးအမှုကိုမတားဆီးဘဲ ဆက်လက်လုပ်ဆောင်ရန်အားယူရမည်ဖြစ်ကြောင်း၊ ထိုသို့အသနားခံလျှင် ထာဝရဘုရားသခင်သည် သူ၏လူများကိုမဖျက်ဆီးဘဲ နေတော်မူလိမ့်မည်ဖြစ်ကြောင်း သူနားလည်ခဲ့ပါသည်။ ထိုကြောင့် "အိုထာဝရဘုရားသခင်၊ ကိုယ်တော်သည် မဟာတန်ခိုးအားကြီးသောလက်နှင့် အဲဂုတ္တုပြည်မှနုတ်ဆောင်ခဲ့သောကိုယ်တော်၏လူတို့ကို အဘယ်ကြောင့်အမျက်ပြင်းစွာထွက်တော်မူသနည်း" ဟုမောရှေအသနားခံလေ၏။

ထာဝရဘုရားသခင်သည် မိမိလူမျိုးကိုစွန့်ပယ်တော်မူကြောင်းကို အရိပ်ပြမိန့်ဆိုတော်မူခဲ့၏။ ကိုယ်တော်သည် မောရှေအား "အဲဂုတ္တုပြည်မှသင်နုတ်ဆောင်ခဲ့သောသင်၏လူတို့" ဟူ၍ဣသရေလများအားရည်ညွှန်း၍ မိန့်ဆိုတော်မူခဲ့ပါသည်။ သို့ရာတွင် ထိုသူများအားခေါင်းဆောင်မှုအပိုင်းသည် မိမိ၏အငန်းအတာမဟုတ်ကြောင်း၊ မောရှေကနှိမ့်ချစွာဖြင့်ငြင်းဆိုခဲ့ပါသည်။ ထိုသူများသည် သူ၏လူများမဟုတ်ကြဘဲ "ကိုယ်တော်သည်မဟာတန်ခိုးအားကြီးသောလက်နှင့်အဲဂုတ္တုပြည်မှနုတ်ဆောင်ခဲ့သောကိုယ်တော်၏လူတို့" သာဖြစ်ကြကြောင်း၊ ထိုကြောင့် "အဲဂုတ္တုလူတို့က ဘုရားသခင်သည် မကောင်းသောအကြံရှိသဖြင့် သူတို့ကိုတောတောင်များ၌သတ်၍ မြေကြီးပေါ်က သုတ်သင်ပယ်ရှင်းခြင်းအလိုငှာသာ နှုတ်ဆက်လေ၏ဟု အဘယ်ကြောင့်ဆိုဖွယ်အကြောင်းရှိပါမည်နည်း" ဟုမောရှေလျှောက်ထားလေ၏။



ဣသရေလများ အဲဂုတ္တုပြည်မှထွက်ခွာလာ၍ လအနည်းအတွင်းမှာပင် အံ့ဩဖွယ်ရာနိမိတ်လက္ခဏာများကိုပြ၍ ၎င်းတို့အား ဘုရားသခင်ကယ်နုတ်တော်မူသည်ဟူသောသတင်းသည် ပတ်ဝန်းကျင်ရှိတိုင်းပြည်များသို့ပျံ့နှံ့သွားခဲ့ပါသည်။ ကြောက်လန့်စိုးရိမ်စရာနိမိတ်ဆိုးများသည် ထိုသာသနာပလူများအပေါ်သို့ကျရောက်ခဲ့ပါသည်။ ဣသရေလများကိုးကွယ်သောဘုရားသခင်သည် ကိုယ်တော့်လူမျိုးအတွက် မည်သည့်အရာပြုတော်မူမည်ကိုအားလုံးကစောင့်စားကြည့်ရှုနေကြပါသည်။ ဣသရေလများသည် ယခုအချိန်တွင် အဖျက်ဆီးခံခဲ့ရလျှင် ၎င်းတို့၏ရန်သူများသည် အောင်ပွဲဆင်သွားကာ ထာဝရဘုရားသခင်ကိုရှုတ်ချကြပေလိမ့်မည်။ ကိုယ်တော်သည် ထိုသူများအားယဇ်ပူဇော်ရန်တောထဲသို့ပို့ဆောင်ခြင်းမဟုတ်ဘဲ ယဇ်အပူဇော်ခံရန် သူတို့အားတောထဲသို့ခေါ်ဆောင်သွားသည်ဆိုသည့်မိမိတို့၏စွပ်စွဲချက်သည်မှန်ကန်သည်ဟု အဲဂုတ္တုလူများက အခိုင်အမာပြောလာပါလိမ့်မည်။ ထိုအဲဂုတ္တုလူများသည် ဣသရေလများကျူးလွန်ခဲ့သောအပြစ်များကိုထည့်သွင်းစဉ်းစားကြလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်ရှင်အကြီးအကျယ်ချီးမြှောက်တော်မူခဲ့သောထိုလူမျိုးအဖျက်ဆီးခံရခြင်းသည် ကိုယ်တော်၏နာမတော်အားရှုတ်ချစရာဖြစ်လာပါလိမ့်မည်။ ကိုယ်တော်ရှင်၏နာမတော်ကိုလောကီသားများက ချီးမွမ်းထောမနာပြုလာစေရန် ဘုရားသခင်၏ချီးမြှောက်မှုကိုခံကြရသောထိုသူတို့အပေါ်၌ကျရောက်လျက်ရှိသောတာဝန်သည် ကြီးမားလှစွတကား။ ကိုယ်တော်၏နာမတော်သည် ဘာသာတရားမရှိသူများ၏ကဲ့ရဲ့ပြစ်တင်ခြင်းမခံရစေရန်နှင့် ၎င်းတို့အပေါ်ဘုရားသခင်၏အပြစ်စီရင်မှုများမကျရောက်စေရန်၊ အပြစ်မကျူးလွန်မိရန် သတိထား၍ စောင့်ရှောက်ကာကွယ်သင့်သည်တကား။

မောရှေသည် ဣသရေလများအတွက် တောင်းပန်ပေးနေသည့် အချိန်တွင် ၎င်း၏ကြောက်တတ်သောစိတ်သည် ဘုရားသခင်၏လက်တော်၌ မိမိတာဝန်ယူလုပ်ဆောင်ပေးရမည့် ထိုသူများအပေါ်ထားရှိသော ၎င်း၏ စိတ်ဝင်စားမှုနှင့်ချစ်ခြင်းမေတ္တာတို့တွင် နစ်မြုပ်သွားခဲ့ပါသည်။ ထာဝရဘုရားသခင်သည် သူ၏ဆုတောင်းသံကိုနားထောင်တော်မူခဲ့ပြီး တစ်ကိုယ်ကောင်းမဆန်သောဆုတောင်းချက်များကို နားညောင်းတော်မူခဲ့ပါသည်။ ထို့ပြင် ထာဝရဘုရားသခင်သည် ကိုယ်တော်၏ကျွန်မောရှေအား စမ်းသပ်တော်မူခဲ့ပါသည်။ လမ်းမှားသို့လိုက်၍ ကျေးဇူးကန်းတတ်သောထိုလူမျိုးတို့အပေါ်ထားရှိသော ၎င်း၏မေတ္တာနှင့်သစ္စာစောင့်သိမှုတို့ကို ကိုယ်တော်စမ်းသပ်စစ်ဆေးတော်မူခဲ့ရာ မောရှေသည် သဘောထားမြင့်မြတ်စွာဖြင့် စမ်းသပ်မှုကို ခံနိုင်ရည်ရှိရှိဖြင့်ရင်ဆိုင်ခဲ့ပါသည်။ ဣသရေလများအပေါ်ထားရှိသည့် ၎င်း၏စိတ်ဝင်စားမှုသည် မည်သည့်တစ်ကိုယ်ကောင်းဆန်သောသဘောထားကမျှ ထွက်ပေါ်လာသောအရာတစ်ခုမဟုတ်ချေ။ ဘုရားသခင်ရွေးချယ်ခြင်းခံရသော ထိုလူမျိုးများ၏ကြီးပွားတိုးတက်ရေးသည် မိမိ၏ကိုယ်ရေးကိုယ်တာဂုဏ်ဒြပ်များထက် ၎င်းအတွက်တန်ဖိုးရှိပါသည်။ လူမျိုးကြီး၏ဖခင်ဖြစ်ရခြင်းအခွင့်ထက်သာ၍တန်ဖိုးရှိပါသည်။ သူ၏သစ္စာစောင့်သိမှု၊ စိတ်နှလုံးရိုးဖြောင့်မှုနှင့် ဖြောင့်မတ်သောသဘောထားများကို ထာဝရဘုရားသခင်သည် စိတ်တော်နှင့်တွေ့ခဲ့ပါသည်။ ထို့ကြောင့်ကိုယ်တော်သည် မောရှေအားသစ္စာရှိသောသိုးထိန်းတစ်ဦးအနေဖြင့် ကတိထားတော်မူသည့်ပြည်သို့ ဣသရေလများကိုလမ်းပြပို့ဆောင်ရန် တာဝန်ပေးအပ်တော်မူခဲ့ပါသည်။

မောရှေသည် သက်သေခံကျောက်ပြားနှစ်ပြားကိုကိုင်ဆောင်လျက်ယောရှုနှင့်အတူဆင်းလာကြစဉ် အထိန်းအကွပ်မရှိ၊ ရန်းရင်းဆန်ခတ်ဖြစ်သောအခြေအနေကိုထင်ရှားစေသည့် အော်ဟစ်ဆူညံသံများကိုကြားရာ ယောရှုက ရန်သူများလာရောက်တိုက်ခိုက်သည်ဟုထင်ကာ "တပ်၌စစ်တိုက်သံကိုကြားပါသည်" ဟုမောရှေအားဆို၏။ သို့သော် ထိုအသံများ၏ဇာတိရုပ်မှန်ကိုသိသောမောရှေက "ငါကြားသောအသံသည် အောင်၍ကြွေးကြော်သံမဟုတ်၊ ရှုံး၍ငိုကြွေးသံလည်းမဟုတ်၊ သီချင်းဆိုသံဖြစ်သတည်း" ဟုပြန်ပြောလေ၏။



သူတို့သည် စခန်းအနီးသို့ရောက်လာကြသောအခါ ဣသရေလများသည် နွားသငယ်ရုပ်၏ဘေး၌ဝိုင်းကာ အော်ဟစ်ကခုန်နေကြသည်ကိုမြင်တွေ့ကြရပါသည်။ ထိုမြင်ကွင်းသည် အဲဂုတ္တုလူများ၏ရုပ်တုကိုးကွယ်ခြင်းဆိုင်ရာပွဲများကို အတုခိုးလုပ်ဆောင်သည့်မယုံကြည်သူလူတို့၏ပွဲလုပ်ခြင်းသာဖြစ်ပါသည်။ ဘုရားသခင်အားဝတ်ပြုကိုးကွယ်ခြင်းနှင့်အလွန်ကွာခြားလှပါတကား။ မောရှေသည် အလွန်အံ့အားသင့်သွားခဲ့ပါသည်။ သူသည် ဘုရားသခင်၏ဘုန်းတော်ရှေ့မှောက်မှ ယခုလောလောဆယ်တွင်ထွက်လာခဲ့ပြီး တောင်အောက်တွင်ဖြစ်ပျက်နေသည့်အရာများကို ကြိုတင်သတိပေးခြင်းခံခဲ့ရသော်လည်း ဣသရေလများ၏ ဤမျှကြောက်လန့်စရာကောင်းသည့် ယုတ်ညံ့သောမြင်ကွင်းကိုကြည့်နိုင်စွမ်းမရှိခဲ့ချေ။ သူသည်အလွန်ဒေါသထွက်ခဲ့ပါသည်။ ၎င်းတို့ကျူးလွန်သောရာဇဝတ်မှုကို မိမိအနေဖြင့်ရွံရှာမုန်းတီးကြောင်းဖော်ပြရန် သက်သေခံချက်ကျောက်ပြားနှစ်ပြားကိုအောက်သို့ပစ်ချလိုက်ရာ ထိုကျောက်ပြားများသည် ထိုသူများ၏မျက်မှောက်တွင်ပင်ကွဲသွားခဲ့ပါသည်။ သူတို့သည် ဘုရားသခင်နှင့်ချုပ်ဆိုထားသောပဋိညာဉ်ကိုဖေါက်ဖျက်ကျူးလွန်ခဲ့သကဲ့သို့ ထာဝရဘုရားသခင်သည်လည်း ၎င်းတို့နှင့်ချုပ်ဆိုထားသောပဋိညာဉ်ကိုပယ်ဖျက်တော်မူကြောင်း ဤနည်းအားဖြင့်ထင်ရှားစေခဲ့ပါသည်။

စခန်းသို့ပြန်လည်ရောက်ရှိသော် မောရှေသည် ပျော်ရွှင်မြူးထူးနေသောထိုဣသရေလလူအုပ်ကြီးထဲသို့ဝင်သွားပြီး နွားသငယ်ရုပ်ကိုဆွဲယူလိုက်ကာ မီးဖိုထဲသို့ပစ်ချလိုက်ပါသည်။ ထိုနောက်ထိုအရုပ်ကိုညက်ညက်ခြေပြီးမှ ရေပေါ်မှာဖြူး၍ ဣသရေလများအား ထိုရေကိုတိုက်လေ၏။ ၎င်းတို့ကိုးကွယ်နေသောထိုဘုရားသည် လုံးလုံးအရေးမပါကြောင်းကို ဤသို့သောနည်းအားဖြင့်ထင်ရှားစေခဲ့ပါသည်။

ထိုနောက်အာရုန်အားခေါ်၍ "သင်သည် သူတို့၌ဤမျှလောက်ကြီးသောအပြစ်ကိုရောက်စေခြင်းငှာ သူတို့သည် သင်၌အဘယ်သို့ပြုသနည်း" ဟုမေးလေ၏။ မိမိသည် ၎င်းတို့၏အလိုကိုမလိုက်လျှောလျှင် မိမိကိုသတ်ကြလိမ့်မည်ဖြစ်ကြောင်း ဖြစ်ပျက်သမျှကိုပြန်လည်ပြောပြကာ အာရုန်သည်

မိမိကိုယ်ကိုကာကွယ်ရန်ကြိုးစားခဲ့ပါသည်။ ၎င်းပြင် "အာရုန်က သခင်၊ အမျက်မထွက်ပါနှင့်။ ဤလူတို့သည် မကောင်းသောအကြံအစည်ရှိကြောင်းကို ကိုယ်တော်သိပါ၏။ သူတို့ကလည်း ငါတို့ရှေ့မှာသွားရသောဘုရားသခင်တို့ကို ငါတို့အဖို့လုပ်ပါ။ ငါတို့ကို အဲဂုတ္တုပြည်မှနုတ်ဆောင်ခဲ့သောသူ၊ ထိုမောရှေသည် အဘယ်သို့ဖြစ်သည်ကို ငါတို့မသိပါဟု အကျွန်ုပ်အား ပြောဆိုကြလျှင် အကျွန်ုပ်ကရွှေရှိသောသူသည် ချွတ်စေဟုဆိုသည်နှင့်အညီ သူတို့ပေးသောရွှေကို အကျွန်ုပ်သည်မီးထဲထည့်လျှင် ထိုနွားသငယ်ထွက်လာပါသည်ဟုပြန်ပြော၏။" ထိုရွှေများကိုမီးဖိုထဲသို့ပစ်ချလိုက်ရာ သဘာဝလွန်တန်ခိုးရှင်က နွားသငယ်ရုပ်တစ်ခုအသွင်သို့ပြောင်းလဲပေးခြင်းအားဖြင့် ထူးဆန်းသောနိမိတ်လက္ခဏာပြုတော်မူခဲ့သည်ကို မောရှေအား သူယုံကြည်စေခဲ့ပါသည်။ သို့သော် သူ၏ဆင်ခြေများနှင့်ဆင်ဖေ့ရန်ရှောင်ပြောဆိုသောစကားများသည် မည်သို့မျှအကျိုးမသက်ရောက်ခဲ့ဘဲ အဓိကပြစ်မှားကျူးလွန်သူတစ်ဦးအနေဖြင့် ထိုက်ထိုက်တန်တန်အပြစ်ပေးခြင်းခံခဲ့ရပါသည်။

အာရုန်သည် ထိုအချိန်အထိ အခြားသူများထက်ကောင်းချီးပေးခြင်း၊ ချီးမြှောက်ခြင်းခံခဲ့ရသည်ဆိုသည့်အချက်သည် သူကျူးလွန်သောအပြစ်အား အလွန်စက်ဆုပ်ရွံရှာဖွယ်ရာအဖြစ်သို့ရောက်စေခဲ့ပါသည်။ ထိုရုပ်တုကိုလုပ်ကာ ထိုပွဲကိုကြော်ငြာပေးခဲ့သူမှာ "ထာဝရဘုရားသခင်၏သန့်ရှင်းသူ" အာရုန်ပင်ဖြစ်ပါသည်။ မောရှေကိုယ်စားစကားပြောရန် ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး "သူသည် ကောင်းမွန်စွာပြောတတ်သည်ကိုငါသိ၏" ဟုဘုရားသခင်ကိုယ်တော်တိုင်သက်သေခံခြင်းကိုခံခဲ့ရသောထိုသူသည် ကောင်းကင်ကို အန်တုသောအကြံအစည်တွင် ထိုရုပ်တုကိုးကွယ်သူများကိုဟန့်တားရန် ပျက်ကွက်ခဲ့ပါသည်။ အဲဂုတ္တုလူများနှင့်တကွ ၎င်းတို့ကိုးကွယ်သောဘုရားသခင်များကို အပြစ်ဒဏ်စီရင်ရာတွင် ထာဝရဘုရားသခင်အသုံးပြုခြင်းခံခဲ့ရသောထိုသူသည် "အို၊ ဣသရေလအမျိုး၊ ဤဘုရားသခင်သည် သင့်ကို အဲဂုတ္တုပြည်မှနုတ်ဆောင်ခဲ့သောဘုရားသခင်ဖြစ်တော်မူသည်" ဟူ၍ နွားသငယ်ရုပ်တုရှေ့တွင်ပြုလုပ်နေသောကြွေးကြော်သံကို စိတ်လှုပ်ရှားမှုမရှိဘဲကြားခဲ့ပါ



သည်။ မောရှေနှင့်တောင်ပေါ်တွင်အတူရှိခဲ့ပြီး ဘုရားသခင်၏ဘုန်းတော်ကို မြင်တွေ့ခဲ့ရသောသူ၊ မည်သည့်အရာမျှကိုယ်တော်၏သဏ္ဌာန်တော်နှင့်မတူညီနိုင်ကြောင်း ထင်ရှားခဲ့သောဘုန်းတော်တွင်မြင်တွေ့ခဲ့ဖူးသောသူသည် ထိုအာရုန်ပင်ဖြစ်ပါသည်။ မောရှေမရှိခိုက်တွင် ဣသရေလများအား အုပ်ချုပ်ခွင့်အာဏာကိုဘုရားသခင်အပ်နှင်းထားသောထိုသူသည် ပုန်ကန်မှုကိုခွင့်ပြုခဲ့ကြောင်းတွေ့ရပါသည်။ "ထာဝရဘုရားသခင်သည်လည်း အာရုန်ကိုဖျက်ဆီးခြင်းငှာ အလွန်အမျက်ထွက်တော်မူ၏။" သို့သော် မောရှေ၏ကြားဝင်တောင်းပန်ပေးမှုကြောင့်သာ သူသည်အသက်မသေဆုံးခဲ့ရခြင်းဖြစ်ပါသည်။ ၎င်းပြင် ကျူးလွန်မိခဲ့သည့်အပြစ်အတွက် စိတ်နှလုံးကြေကွဲကာ နောင်တရခဲ့သောကြောင့် သူသည် ထာဝရဘုရားသခင်၏ကျေးဇူးတော်ကိုပြန်လည်ခံစားခွင့်ရခဲ့ပါသည်။

အာရုန်သည် ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို ဂရုမထားဘဲ အမှန်တရားဘက်မှရပ်တည်ရန် သတ္တိရှိခဲ့မည်ဆိုလျှင် သူသည် ထိုဖေါက်ပြန်မှုကိုတားဆီးနိုင်ခဲ့ပေလိမ့်မည်။ အကယ်၍သူသည် မသွေမဖည်ဘဲ ထာဝရဘုရားသခင်အပေါ်ဆက်လက်သစ္စာစောင့်သိခဲ့မည်ဆိုလျှင်လည်းကောင်း၊ သိနာတောင်တွင်တွေ့ကြုံဖွယ်ရှိသည့်ဘေးဒုက္ခများကိုပြောပြကာ ဘုရားသခင်၏ ပညတ်တော်ကိုစောင့်ရှောက်ဖို့ ကိုယ်တော်ရှင်နှင့်ပြုထားသည့်ပဋိညာဉ်အကြောင်းကို ပြန်လည်ဖွင့်ဆိုခဲ့မည်ဆိုလျှင်လည်းကောင်း ထိုဒုစရိုက်မှုများကိုဟန့်တားနိုင်ခဲ့ပါလိမ့်မည်။ သို့ရာတွင် ထိုလူများ၏အလိုကိုလိုက်ကာ ၎င်းတို့၏အကြံအစည်များကိုအကောင်အထည်ဖေါ်ရန် သူဆောင်ရွက်ပေးခဲ့မှုသည် ၎င်းတို့အားယခင်ကထက် ဒုစရိုက်မှုများကိုကျယ်ပြန့်စွာလုပ်ဆောင်ရန် ရဲတင်းစေခဲ့ပါသည်။

တောင်ပေါ်မှဆင်းသက်လာသောမောရှေသည် ထိုပုန်ကန်ခြားနားမှုများကိုရင်ဆိုင်တွေ့ကြုံရသောအခါ ပညတ်တော်ကျောက်ပြားများကိုရိုက်ခွဲပြီး ပြောဆိုခဲ့သောပြင်းထန်သည့်ပြစ်တင်ဆုံးမစကားများနှင့် ဖေါ်ပြခဲ့သည့်အမျက်ဒေါသများသည် သူ့အစ်ကို၏ညင်သာသောအပြောများ၊ သိက္ခာရှိသောအမူအရာများနှင့်ကွာခြားနေသဖြင့် ထိုသူများသည် အာရုန်ကိုကရုဏာသက်ခဲ့ကြပါသည်။ အာရုန်သည် မိမိ၌အပြစ်မရှိကြောင်းဖေါ်ပြရန် ထိုသူများ၏တောင်းဆို

ချက်ကိုလိုက်လျောရာတွင် ၎င်းတို့အပေါ်၌သာအပြစ်ပုံခဲ့သော်လည်း ထိုသူများသည် အာရုန်၏နူးညံ့သိမ်မွေ့မှုနှင့်သည်းခံမှုအား သဘောကျချီးမွမ်းခဲ့ပါသည်။ သို့ရာတွင် ဘုရားသခင်သည် လူသားများနှင့်အမြင်ချင်းမတူညီပါချေ။ အာရုန်၏လိုက်လျောတတ်သောစိတ်နှင့်သူတစ်ပါးကျေနပ်အောင်လုပ်ကိုင်ပေးလိုသောဆန္ဒများသည် ၎င်းတို့အားမိမိလုပ်ခွင့်ပြုခဲ့သော ထိုပြစ်မှုကြီး၏ဆိုးရွားမှုကိုမျက်ကွယ်စေခဲ့ပါသည်။ ထိုကဲ့သို့ဣသရေလများအားအပြစ်ပြုရန် သူ၏ဩဇာတိက္ကမများကိုအသုံးပြုခဲ့သောကြောင့် ထောင်ပေါင်းများစွာသောအသက်များကိုဆုံးရှုံးခဲ့ရပါသည်။ ထာဝရဘုရားသခင်၏စီရင်မှုများကိုပြီးမြောက်အောင်သစ္စာရှိစွာလုပ်ဆောင်နေစဥ်တွင် မိမိ၏အသက်၊ စည်းစိမ်နှင့်ရာထူးဌာနန္တရများထက် ဣသရေလလူတို့၏ကောင်းစားရေးကိုတန်ဖိုးထားသည့် မောရှေ၏လုပ်ဆောင်မှုနှင့်အလွန်ကွာခြားနေပါတကား။

ထာဝရဘုရားသခင်ပြစ်ဒဏ်စီရင်မည့်အပြစ်များထဲတွင် အခြားသူများအားအပြစ်ပြုရန် အားပေးသည့်အပြစ်လောက် မည်သည့်အပြစ်မျှ ကိုယ်တော်၏ရှေ့တော်၌ဝမ်းနည်းကြေကွဲစရာမကောင်းချေ။ ထာဝရဘုရားသခင်သည် ပညတ်တော်လွန်ကျူးမှုများကို ဆုံးမပြစ်တင်ခြင်းအားဖြင့် မိမိကျွန်များ၏သစ္စာရှိမှုကိုစမ်းသပ်တတ်ပါသည်။ ထိုလုပ်ဆောင်မှုသည် ထိခိုက်နာကျင်မှုရှိကောင်းရှိနိုင်ပါသည်။ ဘုရားသခင်၏အမှုတော်ကိုပါဝင်လုပ်ဆောင်ခွင့်ပေးခြင်းအားဖြင့် ဂုဏ်ပြုခြင်းခံရသူများသည် ခေတ်ကာလနှင့်လိုက်လျောညီထွေပြုတတ်သောလူပျော့လူနုံများမဖြစ်ရချေ။ ထိုသူတို့သည် ကိုယ့်ကိုကိုယ်ချီးမြှောက်ရန်သာမကြံရွယ်ဘဲ သဘောထားနှင့်မတိုက်ဆိုင်သည့်တာဝန်များကိုရှောင်ဖယ်ရန် မကြိုးစားဘဲ မသွေဖည်သောသစ္စာရှိမှုဖြင့် ထာဝရဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ကြရန်ဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် ဣသရေလများအား အသက်ချမ်းသာပေးရန် တောင်းလျှောက်သောမောရှေ၏ဆုတောင်းသံကို နားညောင်းတော်မူခဲ့သော်လည်း သူတို့၏ဖေါက်ပြန်မှုများကိုမူ ပြင်းထန်စွာအပြစ်ဒဏ်စီရင်တော်မူခဲ့ပါသည်။ အာရုန်က ၎င်းတို့အားကျရောက်ကျူးလွန်စေရန် ခွင့်ပြု





ခဲ့သည့် တရားမဲ့ခြင်းနှင့်အမိန့်နာခံမှုမရှိခြင်းများသည် အလျင်အမြန်မချေမှုန်းခဲ့လျှင် ဒုစရိုက်မှုများတွင် ထိန်းမနိုင်သိမ်းမရဖြစ်လာကာ တစ်မျိုးသားလုံးသည် ပြန်လည်ပြုပြင်၍မရနိုင်သည့်ဆုံးရှုံးပျက်စီးမှုကြီးနှင့်ရင်ဆိုင်ကြရပေတော့မည်။ ဤဒုစရိုက်မှုကိုကြပ်တည်းပြင်းထန်စွာဖယ်ရှားပစ်ရပေမည်။ ထိုကြောင့်မောရှေသည် တပ်တံခါးဝမှာရပ်လျက် "ထာဝရဘုရားသခင်ဘက်၌အဘယ်သူနေသနည်း။ ငါ့ထံသို့လာစေ" ဟုဆိုလေ၏။ ထိုဖေါက်ပြန်မှုကြီးတွင်လုံးဝမပတ်သက်သေးသည့်သူများသည် မောရှေ၏ညာဘက်တွင်စုရုံးကာပါဝင်ပတ်သက်ခဲ့သော်လည်း နောင်တရသောသူများသည် ဘယ်ဘက်တွင်စုရုံးကြရန် မောရှေအမိန့်ပေးသည့်အတိုင်း သူတို့လိုက်နာခဲ့ကြပါသည်။ လေဝိအမျိုးသားများသည် ရုပ်တုကိုးကွယ်မှုတွင်လုံးဝမပါဝင်ခဲ့ကြကြောင်းကိုတွေ့ခဲ့ရပါသည်။ အခြားလူမျိုးစုများမှအများစုသည် ထိုဖေါက်ပြန်မှုထဲတွင်ပါဝင်ခဲ့ကြသော်လည်း ယခုတွင်နောင်တရကြောင်း အရိပ်အခြည်ပြခဲ့ကြပါသည်။ သို့ရာတွင် နွားသငယ်ရုပ်လုပ်ရန် လှုံ့ဆော်ပေးခဲ့ကြသည့် "လူအမျိုးမျိုးပေါင်းစပ်ထားသည့်" အဖွဲ့တစ်ဖွဲ့သည် ခေါင်းမာစွာဖြင့် ဆက်လက်ဆန့်ကျင်အန်တုခဲ့ကြပါသည်။ ထိုနောက်မောရှေသည် ရုပ်တုကိုးကွယ်ခြင်းနှင့်ကင်းလွတ်ခဲ့ကြသောလေဝိအမျိုးသားများကိုစုရုံးစေကာ လူတိုင်းဓါးကိုလွယ်လျက်ပုန်ကန်အန်တုနေသူအားလုံးကိုသတ်ကြရန် ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားသခင်အမိန့်တော်ရှိသည်ဟုဖွင့်ဆိုသည်အတိုင်း "လေဝိအမျိုးသားတို့သည်ပြု၍ ထိုနေ့၌လူသုံးထောင်လောက်သေကြ၏။" ထိုဒုစရိုက်မှုကြီးတွင်ပါဝင်သူမှန်သမျှကို ရာထူးရာခံရှိသည်ဖြစ်စေ၊ ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ မိတ်ဆွေဖြစ်သည်ဖြစ်စေ မည်သူ့ကိုမျှမချန်ဘဲ အားလုံးကိုသုတ်သင်ခဲ့ကြပါသည်။ သို့ရာတွင်နောင်တရ၍ မိမိကိုယ်ကိုနှိမ့်ချခဲ့သူအပေါင်းကိုမူ အသက်ချမ်းသာခွင့်ပေးခဲ့ကြပါသည်။

ဤအပြစ်ဒဏ်စီရင်ခြင်းအမှုကို ဆောင်ရွက်လျက်ရှိကြသောသူများသည် ဘုရားသခင်၏အာဏာတော်အားဖြင့် ကောင်းကင်ဗိုလ်ခြေအရှင်၏စီရင်ချက်ကိုအကောင်အထည်ဖေါ်ဆောင်ရွက်နေကြခြင်းသာဖြစ်ပါသည်။ လူအပေါင်းတို့

သည် မိမိတို့၏မိတ်ဆွေများအပေါ် မိမိတို့စီရင်လုပ်ဆောင်နေမှုကို သတိထားကြရမည်ဖြစ်သော်လည်း ထာဝရဘုရားသခင်က ၎င်းတို့၏ဒုစရိုက်အပြစ်များအတွက် ၎င်းတို့အားသုတ်သင်ရန် စီရင်ချက်ချသောအချိန်တွင်မူ ကိုယ်တော်၏အမိန့်တော်ကိုနာခံကြရပါမည်။ ရင်နှင့်ဖွယ်ရာဤလုပ်ရပ်ကိုလုပ်ဆောင်ခဲ့သူများသည် ဘုရားသခင်အားပုန်ကန်မှုကို မိမိတို့ရွံရှာမုန်းတီးကြောင်း ဤနည်းအားဖြင့် ဖေါ်ပြခဲ့ကြကာ စစ်မှန်သောဘုရားသခင်၏အမှုတော်တွင် ပို၍စုံလင်စွာမိမိကိုယ်ကိုဝတ်ပြုခဲ့ကြပါသည်။ ထာဝရဘုရားသခင်သည် လေဝိသားများအပေါ် အထူးသောကောင်းချီးမင်္ဂလာများကိုချပေးခြင်းအားဖြင့် ၎င်းတို့၏သစ္စာရှိမှုကို ဂုဏ်ပြုတော်မူခဲ့ပါသည်။

ထိုဣသရေလများသည် မိမိတို့အားကောင်းချီးမင်္ဂလာများနှင့်ပြည့်ဝစေခဲ့သောထာဝရဘုရားသခင်အပေါ်တွင် သစ္စာဖေါက်ခဲ့ကြချေပြီ။ ကိုယ်တော်၏အာဏာတော်ကို ကျွန်ုပ်တို့နားထောင်ပါမည်ဟု ကိုယ့်သဘောအတိုင်း ၎င်းတို့ဝန်ခံခဲ့ကြရသောထာဝရဘုရားသခင်ကို သူတို့သစ္စာဖေါက်ခဲ့ကြချေပြီ။ ဘုရားသခင်၏အုပ်စိုးမှုကိုဆက်လက်တည်တံ့စေရန်အလို့ငှာ ထိုသစ္စာဖေါက်များအား ပြစ်ဒဏ်စီရင်ရပေမည်။ ဤအချက်၌ပင် ဘုရားသခင်၏ကရုဏာတော်သည် ထင်ရှားခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏ပညတ်တော်ကိုဆက်လက်တည်တံ့ရန် ထိန်းသိမ်းတော်မူနေသည့်တစ်ချိန်တည်းမှာပင် လူအပေါင်းအားနောင်တရနိုင်ရန် အခွင့်အရေးနှင့်လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်များကိုပေးသနားတော်မူခဲ့ပါသည်။ ခေါင်းမာစွာဖြင့်ဆက်လက်ပုန်ကန်နေသူများသည်သာ သုတ်သင်ပယ်ရှင်းခြင်းကိုခံခဲ့ကြရပါသည်။

ထာဝရဘုရားသခင်သည် ရုပ်တုကိုးကွယ်မှုများအား နှစ်မြို့တော်မမူကြောင်းကို အနီးပတ်ဝန်းကျင်တွင်နေထိုင်လျက်ရှိကြသောလူမျိုးများအတွက် သက်သေဖြစ်စေရန်အလို့ငှာ ဤအပြစ်ကိုမဖြစ်မနေအပြစ်ဒဏ်ပေးသင့်လှပါသည်။ မောရှေသည် ဘုရားသခင်၏အသုံးတော်ခံပစ္စည်းတစ်ခုအနေဖြင့် ဒုစရိုက်မှုများကို တရားစီရင်ခြင်းအားဖြင့် ၎င်းတို့ကျူးလွန်ခဲ့သောအပြစ်များကို လူသိရှင်ကြားကန့်ကွက်ကြောင်းသိသာရန် မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။



နောက်ပိုင်းအချိန်များတွင် ဣသရေလများသည် အိမ်နီးချင်းလူမျိုးစုများ၏ရုပ်တုကိုးကွယ်မှုများကို ပြစ်တင်ရှုတ်ချသောအချိန်တွင် ထာဝရဘုရားသခင်ကိုမိမိတို့၏ဘုရားသခင်ဖြစ်သည်ဟု ကြွေးကြော်ခဲ့ကြသော၎င်းတို့သည် ဟောရပ်အရပ်တွင် နွားသငယ်ရုပ်တုကိုပြုလုပ်ကာ ကိုးကွယ်ခဲ့ကြသည်ဟု ထိုအိမ်နီးချင်းတိုင်းပြည်များက ဣသရေလများအား ပြန်လည်စွဲချက်တင်ခဲ့ကြပါသည်။ ဣသရေလများသည် အရှက်တကွဲဖြစ်ခဲ့ရသော ထိုဖြစ်ရပ်အတွက် အသိအမှတ်ပြုရန် အတင်းအဓမ္မတိုက်တွန်းခြင်းခံခဲ့ရသော်လည်း ပညတ်တော်ကိုလွန်ကျူးသောအပြစ်သားများ၏အပြစ်များသည် အပြစ်လွှတ်ခြင်းအခွင့်မရရှိနိုင်ကြောင်းအထောက်အထားပြကာ သူတစ်ပါး၏ဆိုးရွားသောကံကြမ္မာကိုသာ လက်ညှိုးထိုးခဲ့ကြပါသည်။

တရားမျှတမှုနှင့်ပြည့်စုံတော်မူသောမေတ္တာတော်သည် ကျူးလွန်ခဲ့သည့်ဤအပြစ်အတွက် အပြစ်ဒဏ်စီရင်သင့်သည်ဟုတောင်းဆိုခဲ့ပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏လူမျိုးများ၏အစိုးပိုင်သူတစ်ပါးဖြစ်တော်မူသကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်သူတစ်ပါးလည်းဖြစ်တော်မူပါသည်။ အခြားသူများကိုပျက်စီးခြင်းလမ်းထဲသို့သွေးဆောင်နိုင်ခြင်းမရှိစေရန်အလို့ငှာ ထာဝရဘုရားသခင်အား ခေါင်းမာမာဖြင့်ပုန်ကန်အန်တုနေသူများအား သုတ်သင်တော်မူတတ်ပါသည်။ ထာဝရဘုရားသခင်သည် ကာဣနအား အသက်ချမ်းသာခွင့်ပေးခဲ့ခြင်းတွင် အပြစ်ဒုစရိုက်များကိုအပြစ်မပေးဘဲ ထားခဲ့ခြင်း၏အကျိုးဆက်များကို စကြဝဠာအားသိသာထင်ရှားစေခဲ့ပါသည်။ သူ၏သားစဉ်မြေးဆက်များအပေါ်သက်ရောက်စေခဲ့သည့် ကာဣန၏အသက်တာနှင့်သွန်သင်ချက်များသည် ဤကမ္ဘာကြီးအားရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးရလောက်သည့်အခြေအထိ ပျက်စီးဆိုးရွားစေခဲ့ပါသည်။ ရှည်ကြာသောအသက်တာသည် အပြစ်သားများအတွက် ကောင်းချီးမင်္ဂလာတစ်ခုမဟုတ်ကြောင်း၊ ဘုရားသခင်၏သည်းခံခြင်းသဘောထားသည် ဒုစရိုက်မှုများကိုမချိုးနှိမ်နိုင်ကြောင်းများကိုရေမလွှမ်းမိုးမီအချိန်က လူသားများ၏ရာဇဝင်ကသက်သေခံထားပါသည်။ လူသားများသည် အသက်ရှည်ရှည်နေရလေလေ၊ အကျင့်စာရိတ္တပို၍ပျက်ပြားလေလေဖြစ်ခဲ့ပါသည်။

သိနာတောင်တွင်ဖြစ်ပွားခဲ့သော အယူဝါဒဖေါက်ပြန်မှုသည်လည်း ထိုနည်းနှင်နှင်ဖြစ်ပါသည်။ ၎င်းတို့ကျူးလွန်ခဲ့သောအပြစ်အတွက် အလျင်အမြန်အပြစ်မပေးခဲ့လျှင် ယခင်အကျိုးဆက်မျိုးကို ပြန်လည်ရင်ဆိုင်ရပေလိမ့်မည်။ ဤကမ္ဘာကြီးသည် နောဧခေတ်ကကဲ့သို့ပင် အကျင့်စာရိတ္တဖေါက်ပြန်ပျက်ပြားကြလိမ့်မည်။ ပညတ်တော်လွန်ကျူးသော ဤသူများကိုအသက်ချမ်းသာပေးခဲ့လျှင် ကာဣနကိုအသက်ချမ်းသာခွင့်ပေးခဲ့သဖြင့် ဖြစ်ပေါ်ခဲ့သည့်ဆိုးကျိုးများထက် ကြီးမားသောဆိုးကျိုးများနှင့်ရင်ဆိုင်ကြရပေလိမ့်မည်။ သန်းနှင့်ချီသောလူသားများအပေါ်ကျရောက်မည့်ဘေးဒဏ်များကို ကာကွယ်တားဆီးရန် ထောင်ဂဏန်းရှိသောလူသားများအား ဒုက္ခခံစေခြင်းအရာမှာ ထာဝရဘုရားသခင်၏ကရုဏာတော်ပင်ဖြစ်ပါသည်။ လူများစုကိုကယ်တင်ရန် အလို့ငှာ လူနည်းစုကိုကိုယ်တော်ရှင်အပြစ်ဒဏ်စီရင်ရမည်သာတည်း။ ထို့အပြင် ထိုဣသရေလများသည် ထာဝရဘုရားသခင်အပေါ်သစ္စာစောင့်သိမှုမရှိကြတော့သည့်အချိန်တွင် ဘုရားသခင်၏ကာကွယ်စောင့်ရှောက်မှုကို လက်လွှတ်ဆုံးရှုံးခဲ့ရကာ အကာအကွယ်မဲ့ဖြစ်သွားသဖြင့် တစ်မျိုးသားလုံးသည် ရန်သူများ၏လက်ချက်ကြောင့် ဘေးသင့်နိုင်သည့်အခြေသို့ရောက်ရှိခဲ့ကြရပါသည်။ သူတို့သည် ထိုဒုစရိုက်မှုကိုချက်ချင်းမပယ်ရှင်းခဲ့လျှင် လူဦးရေများပြီး တန်ခိုးအင်အားနှင့်ပြည့်စုံသောရန်သူများ၏လက်တွင် သားကောင်တစ်ကောင်ကဲ့သို့ မကြာမီတွင်ကျဆုံးကြပါလိမ့်မည်။ ဣသရေလများ၏ကောင်းကျိုးအတွက်သော်လည်းကောင်း၊ နောင်လာနောင်သားများအတွက် သင်ခန်းစာဖြစ်စေရန်အတွက်သော်လည်းကောင်း ထိုအပြစ်ကြီးကိုလျင်မြန်စွာအရေးယူစီရင်သင့်ပါသည်။ ဒုစရိုက်လုပ်ရပ်များလုပ်ဆောင်မှုကို အချိန်တိုသွားစေရန် ၎င်းတို့အားသုတ်သင်ခြင်းအရာသည် ထိုအပြစ်သားများအတွက်လည်း ကရုဏာတော်တစ်ခုပင်ဖြစ်ပါသည်။ ထိုအပြစ်သားများကို အသက်ချမ်းသာခွင့်ပေးခဲ့မည်ဆိုလျှင် ထာဝရဘုရားသခင်အားအန်တုပုန်ကန်စေခဲ့သည့်ထိုစိတ်ထားကို အချင်းချင်းမုန်းတီးခြင်းနှင့်ခိုက်ရန်ပြုခြင်းများတွင် ထင်ရှားစေခဲ့မည်ဖြစ်ကာ နောက်ဆုံးတွင် တစ်ဦးနှင့်တစ်ဦးလုပ်ကြံဖျက်ဆီးကြလိမ့်မည်သာတည်း။ ထာဝရ



ဘုရားသခင်သည် ဤလောကီသားများကိုချစ်တော်မူခြင်းကြောင့်တစ်ကြောင်း၊ ဣသရေလများအား ချစ်တော်မူခြင်းကြောင့်တစ်ကြောင်း၊ ထိုအပြစ်ကျူးလွန်သူများကိုပင် ချစ်တော်မူသောကြောင့်တစ်ကြောင်း ထိုပြစ်မှုကိုလျင်လျင်မြန်မြန်ပြင်းပြင်းထန်ထန်အရေးယူခဲ့ရခြင်းဖြစ်ပါသည်။

ထိုသူများသည် မိမိတို့ကျူးလွန်ခဲ့သည့်ပြစ်မှု၏ဆိုးရွားမှုကို မြင်တွေ့ကြသောအခါ စိုးရွံ့ထိတ်လန့်လာခဲ့ကြပါသည်။ ပါဝင်ကျူးလွန်သူအပေါင်းသည် သုတ်သင်ပယ်ရှင်းခြင်းခံရမည်ကိုစိုးရိမ်နေပါသည်။ မောရှေသည် ၎င်းတို့ခံစားနေရသောစိတ်ဒုက္ခအတွက် သနားသောစိတ်ရှိသည်ဖြစ်၍ ၎င်းတို့အတွက် ဘုရားသခင်ထံတွင်တစ်ဖန်အသနားခံခဲ့ပြန်သည်။

"သင်တို့ပြစ်မှားသောအပြစ်ကြီးလှ၏။ ယခုမှာထာဝရဘုရားသခင်ထံတော်သို့ငါတက်သွား၍ သင်တို့၏အပြစ်ကိုဖြေလွှတ်နိုင်လျှင် ဖြေလွှတ်စေခြင်းငှာငါပြုမည်" ဟုမောရှေက ထိုလူများအားဆိုပြီးမှ ထာဝရဘုရားသခင်ထံတက်သွား၍ "အိုဘုရားသခင်၊ ဤလူတို့သည် ပြစ်မှားသောအပြစ်ကြီးလှပါ၏။ မိမိတို့အဖို့ရွှေဘုရားကိုလုပ်ပါပြီ။ သို့သော်လည်း သူတို့၏အပြစ်ကိုလွှတ်ခြင်းငှာ အလိုတော်ရှိလျှင်လွှတ်တော်မူပါ။ သို့မဟုတ် ကိုယ်တော်စီရင်တော်မူသောစာရင်း၌ အကျွန်ုပ်နာမကိုချေတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏" ဟု လျှောက်လေ၏။ ထိုအခါ "ထာဝရဘုရားသခင်က အကြင်သူသည် ငါ့ကိုပြစ်မှား၏။ ထိုသူ၏နာမကို ငါ့စာရင်း၌ငါချေမည်။ သို့ဖြစ်၍ ငါမှာထားသောအရပ်သို့ သူတို့ကိုယခုသွား၍ပို့ဆောင်လော့။ ငါ့တမန်သည် သင့်ရှေ့မှာသွားလိမ့်မည်။ သို့သော်လည်း ငါသည် အကြည့်အရှုကြွလာသောအခါ သူတို့၌အပြစ်ပေးလျက်ကြွလာမည်" ဟုမိန့်တော်မူ၏။

လူအပေါင်းတို့၏နာမည်များကိုရေးသွင်းထားပြီး အကောင်းအဆိုးလုပ်ရပ်မှန်သမျှကို တိတိကျကျမှတ်တမ်းတင်ထားသော ကောင်းကင်နိုင်ငံရှိမှတ်တမ်းများကို ကျွန်ုပ်တို့အား အာရုံစူးစိုက်စေရန် မောရှေ၏ဆုတောင်းချက်အားဖြင့် သတိရစေခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်ကို ပါဝင်လုပ်ဆောင်ခဲ့ဖူးသမျှသောလူအပေါင်းတို့၏အမည်များကို အသက်စာစောင်

ထဲတွင်ရေးမှတ်ထားပါသည်။ ထိုသူများထဲမှ မည်သူမဆိုကိုယ်တော်ရှင်အား ကျောခိုင်းသွားကာ အပြစ်ကိုစိုက်လိုက်မတ်တတ်ပြုကြခြင်းအားဖြင့် အဆုံးတွင် သန့်ရှင်းသောဝိညာဉ်တော်၏သြဇာလွှမ်းမိုးမှုကိုဆန့်ကျင်ကာ စိတ်နှလုံးခိုင်မာခဲ့ကြလျှင် ထိုသူများ၏နာမည်များသည် တရားစီရင်သောအချိန်တွင် အသက်စာစောင်မှချေဖျက်ခြင်းခံရကာ ၎င်းတို့ကိုယ်တိုင်လည်း ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဖြစ်ပါသည်။ မောရှေအနေဖြင့် ထိုအပြစ်သားများ၏ကံကြမ္မာသည် မည်မျှဆိုးရွားကြောင်းကိုသိရှိထားပါသည်။ သို့စေကာမူ ထိုဣသရေလများကို ထာဝရဘုရားသခင်ငြင်းပယ်တော်မူခဲ့လျှင် သူတို့၏နာမည်များနှင့်အတူ သူ၏နာမည်ကိုလည်း အသက်စာစောင်မှချေဖျက်ပစ်ရန် သူဆန္ဒရှိခဲ့ပါသည်။ သူသည် မိမိကိုယ်တိုင်ကယ်နုတ်ခေါ်ဆောင်ခဲ့ရသောထိုသူများအပေါ်သို့ ဘေးဒဏ်များကျရောက်နေသည်ကို မကြည့်ရက်နိုင်ခဲ့ပါချေ။ ဣသရေလများကိုယ်စား ကြားဝင်တောင်းပန်ပေးနေသော မောရှေ၏ဖျန်ဖြေရေးအလုပ်သည် အပြစ်သားများကိုယ်စား ခရစ်တော်ပြုခဲ့သည့်ကြားဝင်ဖျန်ဖြေခြင်းအမှုကို သာဓကပြုထားပါသည်။ သို့သော်ထာဝရဘုရားသခင်သည် အပြစ်သားများ၏အပြစ်ဝန်ထုပ်ကို ခရစ်တော်ထမ်းခဲ့တော်မူသကဲ့သို့ မောရှေအားထမ်းရန် ခွင့်ပြုတော်မမူခဲ့ချေ။ ထို့ကြောင့် "အကြင်သူသည် ငါ့ကိုပြစ်မှား၏။ ထိုသူ၏နာမကို ငါ့စာရင်း၌ ငါချေမည်" ဟုမိန့်တော်မူခဲ့၏။

ထိုသူများသည် အသေကောင်များကို အလွန်ဝမ်းနည်းစွာဖြင့် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြပါသည်။ ဓါးအားဖြင့် လူသုံးထောင်သည်အသတ်ခံခဲ့ရပြီး မကြာမီတွင် ထိုစခန်း၌ဘေးဒဏ်တစ်ခုကျရောက်ခဲ့ကာ ၎င်းတို့၏ခရီးစဉ်တွင် ထာဝရဘုရားသခင်မရှိတော့ကြောင်းသတင်းစကားသည် ၎င်းတို့ထံသို့ရောက်ရှိလာခဲ့ပါသည်။ ထာဝရဘုရားသခင်ကလည်း "သင်တို့နှင့်အတူငါကိုယ်တိုင်မသွား၊ သင်တို့သည်လည်ပင်းခိုင်မာသောလူမျိုးဖြစ်သောကြောင့် လမ်း၌သွားစဉ် သင်တို့ကိုငါဖျက်ဆီးမည့်စိုးရိမ်စရာရှိသည်" ဟုမောရှေအား မိန့်တော်မူ၏။ ထိုနောက် "သင်တို့၌အဘယ်သို့ငါပြုရမည်ကိုငါသိခြင်းငှာ သင်တို့တန်ဆာများကိုချွတ်ကြလော့" ဟုမောရှေအား ထပ်လောင်းမိန့်တော်မူရာ စခန်း



တစ်ခုလုံးတွင် ငိုကြွေးမြည်တမ်းသံများထွက်ပေါ်လာခဲ့ပါသည်။ ဣသရေလများလည်း နောင်တရနှိမ့်ချလျက် "ဟောရပ်တောင်ခြေရင်း၌ မိမိတို့တန်ဆာများကိုချွတ်ကြ၏။"

ထိုနောက်ယာယီဘုရားဝတ်ပြုသည့် "တဲကိုယူ၍ တပ်ပြင်၌ခပ်ဝေးဝေးဆောက်လေ၏။" ဤအချက်သည်လည်း ဘုရားသခင်သည် ၎င်းတို့နှင့်အတူမရှိတော့ကြောင်း နောက်ထပ်အထောက်အထားတစ်ခုဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် မောရှေအားကိုယ်ထင်ပြသော်လည်း ထိုသူများသည် ကိုယ်ထင်ပြတော်မမူချေ။ ထိုအရာသည် ဣသရေလများအတွက် ပိုမိုကြီးထွားသောဘေးဒဏ်တစ်ခုကျရောက်တော့မည့်နိမိတ်ဆိုးတစ်ခုကဲ့သို့ဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့အားလုံးလုံးကြီးသုတ်သင်ဖယ်ရှားပစ်ရန် မောရှေကို ၎င်းတို့နှင့်သီးသန့်ထားတော်မူခဲ့ခြင်းဖြစ်ပါသလား။ သို့ရာတွင် ၎င်းတို့အားမျှော်လင့်ခြင်းမဲ့ပစ်ထားတော်မမူခဲ့ပါ။ တဲတော်ကိုစခန်း၏အပြင်ဘက်တွင် တည်ဆောက်ခဲ့သော်လည်း "ပရိသတ်စည်းဝေးရာတဲ" ဟူ၍ မောရှေသမုတ်ခဲ့ပါသည်။ စစ်မှန်သောနောင်တဖြင့် ထာဝရဘုရားသခင်ထံသို့ပြန်လာလိုကြသူအပေါင်းအား မိမိတို့အပြစ်များကိုဝန်ချတောင်းပန်ကာ ကိုယ်တော်ထံမှ ကရုဏာတော်ကိုတောင်းခံကြဖို့ ထိုတဲတော်သို့လာကြရန် ညွှန်ကြားတော်မူခဲ့ပါသည်။ ထိုသူများသည် ၎င်းတို့နေထိုင်ရာတဲများသို့ပြန်သွားကြသောအခါ မောရှေသည် တဲတော်ထဲသို့ဝင်ခဲ့ပါသည်။ လူအပေါင်းတို့သည် မိမိတို့ကိုယ်စား မောရှေပြုခဲ့သောကြားဝင်ဖျန်ဖြေမှုကို ဘုရားသခင်လက်ခံကြောင်းထင်ရှားစေမည့် အထိမ်းအမှတ်တချို့ကို စိတ်ဝင်တစားစောင့်စားကြည့်ရှုနေခဲ့ကြပါသည်။ အကယ်၍ ထာဝရဘုရားသခင်သည် သူနှင့်တွေ့ဆုံရန်ဆင်းသက်ကြွလာတော်မူခဲ့လျှင် ၎င်းတို့သည် လုံးလုံးဖျက်ဆီးခြင်းကိုခံကြရတော့မည်မဟုတ်ချေ။ မိုးတိမ်တိုင်သည် ဆင်းသက်တော်မူလာ၍ တဲတော်၏အဝင်တံခါးတွင် ရပ်တော်မူသည်ကို လူအပေါင်းတို့မြင်ကြသောအခါ "ထ၍ အသီးအသီးမိမိတို့တဲတံခါးဝ၌ ကိုးကွယ်ကြ၏။"

မောရှေသည် မိမိ၏ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင် ထိုသူများ၏စဉ်းလဲဖောက်ပြန်မှုများနှင့် အသိပညာနည်းပါးမှုများကို ကောင်းမွန်

စွာသိရှိထားပါသည်။ မိမိရင်ဆိုင်ရမည့်အခက်အခဲများကိုလည်း သူသိထားပါသည်။ ထိုသူများကိုနိုင်နိုင်နင်းနင်းထိန်းကွပ်နိုင်ရန် မိမိသည် ဘုရားသခင်ထံမှအကူအညီတောင်းခံရမည်ကိုလည်း သူနားလည်ထားခဲ့ပါသည်။ ထိုကြောင့် မောရှေကလည်း "ဤလူတို့ကိုပို့ဆောင်လော့ဟု ကိုယ်တော်မိန့်တော်မူသည်တွင် အကျွန်ုပ်နှင့်အတူ အဘယ်သူကိုစေလွှတ်တော်မူသည်ကို အကျွန်ုပ်မသိရ၊ သို့သော်လည်း ကိုယ်တော်က သင့်ကိုသင်၏နာမဖြင့်ငါသိ၏။ သင်သည် ရှေ့၌မျက်နှာရပြီဟု အကျွန်ုပ်အားမိန့်တော်မူပြီ။ သို့ဖြစ်၍ အကျွန်ုပ်သည် ရှေ့တော်၌မျက်နှာရလျှင် မျက်နှာရကြောင်းကို အကျွန်ုပ်သိပါမည်အကြောင်း ကိုယ်တော်၏လမ်းကိုပြတော်မူပါ။ ဤလူမျိုးသည် ကိုယ်တော်၏လူဖြစ်ကြောင်းကို ဆင်ခြင်တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏" ဟုထာဝရဘုရားသခင်၏အလိုတော်ကို ရှင်းလင်းစွာသိမြင်နိုင်ရန်နှင့် ကိုယ်တော်ရှင်အတူရှိတော်မူကြောင်း သေချာသည့်အာမခံချက်တစ်ခုရရှိရန် တောင်းလျှောက်လေ၏။

ထိုအခါ ထာဝရဘုရားသခင်က "ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကိုပေးမည်" ဟုမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသံကြားရုံနှင့် မောရှေက မကျေနပ်သေးချေ။ အကြောင်းမှာ စိတ်နှလုံးခိုင်မာပြီး နောင်တမရစေရန် ဘုရားသခင်ကစွန့်ပစ်ထားတော်မူခဲ့လျှင် ဖြစ်ပေါ်လာမည့်ကြောက်စရာဆိုးကျိုးများနှင့်စပ်ဆိုင်သည့်အရာများကို သူစဉ်းစားမိခဲ့ပါသည်။ ကိုယ်တော်သည် မိမိညီအစ်ကိုများကိုစိတ်ဝင်စားတော်မမူမည်ကို သူမလိုလားခဲ့ပါချေ။ ထိုကြောင့် မိမိ၏လူများသည် ဘုရားသခင်၏ကျေးဇူးတော်ကိုပြန်လည်ခံစားခွင့်ရရှိရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်ရှင်အတူပါရှိကြောင်းအထိမ်းအမှတ်အားဖြင့် ၎င်းတို့၏ခရီးစဉ်ကို လမ်းညွှန်ပေးရန်အတွက်သော်လည်းကောင်း သူဆုတောင်းခဲ့ပါသည်။ ထို့ပြင် "ကိုယ်တော်တိုင်မသွားလျှင် အကျွန်ုပ်တို့ကို ဤအရပ်မှပို့တော်မမူပါနှင့်။ အကျွန်ုပ်နှင့်ကိုယ်တော်၏လူတို့သည် ရှေ့တော်၌မျက်နှာရသောအကြောင်းသည် အဘယ်သို့ထင်ရှားပါမည်နည်း။ အကျွန်ုပ်တို့နှင့်ကြွသွားတော်မူသောအားဖြင့်သာ ထင်ရှားပါမည်မဟုတ်လော့။ ထိုသို့



အကျွန်ုပ်နှင့်ကိုယ်တော်၏လူတို့သည် မြေကြီးမှာရှိသမျှသောလူတို့နှင့်ခြားနားရပါမည်" ဟုမောရှေလျှောက်လေ၏။

ထိုအခါထာဝရဘုရားသခင်ကလည်း "သင်လျှောက်သည်အတိုင်းငါပြုမည်။ သင်သည် ငါ့ရှေ့၌မျက်နှာရပြီ။ သင့်ကိုသင်၏နာမဖြင့်ငါသိ၏" ဟုမောရှေအားမိန့်တော်မူ၏။ တောင်းလျှောက်သမျှကို အဖြေပေးတော်မူခဲ့သော်လည်း မောရှေသည် ဘုရားသခင်ကျေးဇူးပြုကြောင်းထင်ရှားစေသည့် အထောက်အထားများကိုဆက်လက်တောင်းခံဆဲဖြစ်ပါသည်။ ယခုတွင် "ကိုယ်တော်၏ဘုန်းကို အကျွန်ုပ်အားပြတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏" ဟုအခြားမည်သည့်လူသားကမျှမတောင်းခံခဲ့ဖူးသောတောင်းခံမှုတစ်ခုကို မောရှေပြုခဲ့ပါသည်။

ထာဝရဘုရားသခင်သည် မောရှေ၏တောင်းခံချက်ကို ရောင့်တက်မှုတစ်ခုအနေဖြင့်ဆုံးမတော်မမူခဲ့ဘဲ "ငါ၏ကောင်းမွန်ခြင်းရှိသမျှကို သင့်ရှေ့၌ငါလျှောက်သွားစေမည်" ဟုမိန့်တော်မူ၏။ သေမျိုးဖြစ်သည့်လူသားများသည် ဘုရားသခင်၏ဘုန်းတော်ထွန်းတောက်မှုကိုကြည့်ရှုကာ အသက်ရှင်နိုင်စွမ်းမရှိကြသော်လည်း မောရှေသည် ဘုရားသခင်၏ဘုန်းတော်ကို မိမိခံနိုင်ရည်ရှိသမျှတွေ့မြင်ရလိမ့်မည်ဟုအာမခံတော်မူ၏။ ထိုနောက် သိနာတောင်ထိပ်သို့တက်လာရန် မောရှေအားဆင့်ဆိုတော်မူပါသည်။ ကမ္ဘာကြီးကိုဖန်ဆင်းသောလက်တော်၊ တောင်တို့ကိုအမှတ်တမဲ့ရွှေ့တော်မူသောလက်တော်သည် မြေမှုန့်နှင့်ဖန်ဆင်းထားသောဤသတ္တဝါ၊ ယုံကြည်ခြင်းကြီးမားသောဤလူသားအားကျောက်တောင်၏အထိပ်အဖျားတွင်တင်ထားတော်မူ၍ တစ်ချိန်တည်းမှာပင် ကိုယ်တော်၏ဘုန်းတော်နှင့်ကောင်းမြတ်ခြင်းများကို ၎င်းအားဖေါ်ပြတော်မူခဲ့ပါသည်။

၎င်းနှင့်အတူဘုရားသခင်အတူရှိမည်ဟူသော အခြားအရာများထက်အရေးပါသောကတိတော်သည် ၎င်းလုပ်ဆောင်ရမည့်ရှေ့လုပ်ငန်းစဉ်၏ အောင်မြင်မှုအတွက် အာမခံချက်တစ်ခုဖြစ်ခဲ့ပါသည်။ မောရှေသည် အတူရှိမည်ဆိုသည့်ထိုကတိတော်ကို အဲဂုတ္တုပြည်မှသင်ယူတတ်မြောက်ခဲ့သော

ပညာများ၊ နိုင်ငံရေးသမားတစ်ဦးနှင့်စစ်ဘက်ခေါင်းဆောင်ကြီးတစ်ဦးအနေဖြင့် ရရှိထားခဲ့သောအောင်မြင်မှုများထက် သူတန်ဖိုးထားခဲ့ပါသည်။ လောကနှင့် ပတ်သက်သော မည်သည့်တန်ခိုးအာဏာ၊ ကျွမ်းကျင်မှု၊ အတတ်ပညာများကမှ ဘုရားသခင်အတူရှိတော်မူခြင်း၏နေရာတွင် အစားထိုးလုပ်ဆောင်နိုင်ခြင်း မရှိပါချေ။

ပညတ်တော်ကိုလွှန်ကျူးသူများအနေဖြင့် အသက်ရှင်စေတော်မူသည့် ဘုရားသခင်၏လက်တော်ထဲသို့ကျရောက်မည့်အရေးသည် စိုးရိမ်ကြောက်ရွံ့ စရာကိစ္စတစ်ခုဖြစ်သော်လည်း မောရှေမှာမူ ကြောက်ရွံ့ခြင်းမရှိဘဲ တစ်ဦးတည်း ဘုရားသခင်၏ရှေ့တော်မှောက်တွင်ရပ်ထခဲ့ပါသည်။ အကြောင်းမူကား သူ၏ အသက်ဝိညာဉ်သည် ဖန်ဆင်းရှင်၏အလိုတော်နှင့်ကိုက်ညီနေသောကြောင့် ဖြစ်ပါသည်။ "ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားသခင် သည် နားထောင်တော်မမူ" ဟုဆာလံဆရာကဖွင့်ဆိုခဲ့ပါသည်။ ၎င်းပြင် "ထာဝရဘုရားသခင်ကိုကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့် မိတ်သဟာယဖွဲ့ရသောအခွင့်နှင့်ပဋိညာဉ်တရားတော်ကိုသိရသောအခွင့်ရှိကြ၏" ဟုလည်းဖွင့်ဆိုထားပါသည်။

ထာဝရဘုရားသခင်သည် "ထာဝရဘုရားသခင်၊ ထာဝရဘုရားသခင် သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာ စောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကိုစောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွှန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်သော်လည်း အချည်းနှီး သက်သက်ဖြေလွှတ်တော်မမူထသော၊---ဘုရားသခင်ဟု ကိုယ်တော်တိုင် ကြွေးကြော်တော်မူ၏။"

မောရှေသည် အလျင်အမြန်ဦးညွှတ်ချ၍ ကိုးကွယ်လေ၏။ ထိုနောက် တစ်ဖန် ကိုယ်တော်၏လူမျိုးများ၏အပြစ်များကိုလွှတ်တော်မူကာ ကိုယ်တော်၏ အမွေဉစ္စာအဖို့ ၎င်းတို့အားသိမ်းယူတော်မူမည်အကြောင်း အသနားခံ လျှောက်ထားလေ၏။ သူ၏တောင်းလျှောက်သံကို ဘုရားသခင်နားညောင်း



တော်မူခဲ့ပြီး "ကြည့်ရှုလော့။ ငါပဋိညာဉ်ပြု၏။ မြေကြီးပေါ်မှာလူမျိုး၌ မပြုစဖူးသောအံ့ဖွယ်အမှုတို့ကို သင်၏လူမျိုးရှေ့မှာငါပြုမည်" ဟူ၍ ဣသရေလ များအား ကျေးဇူးပြုမည်အကြောင်း၊ ၎င်းတို့ကိုယ်စားအံ့ဖွယ်အမှုများကို ပြုတော်မူမည်အကြောင်းများကို ထာဝရဘုရားသခင်ကတိထားတော်မူခဲ့၏။

မောရှေသည် တောင်ပေါ်တွင်ရက်ပေါင်းလေးဆယ်နှင့်ညပေါင်း လေးဆယ်နေထိုင်ခဲ့ရာ ထိုအချိန်အတောအတွင်းတွင် ပထမကြိမ်မှာကဲ့သို့ပင် ၎င်းအားဘုရားသခင်ထောက်မပြုစုတော်မူခဲ့ပါသည်။ မည်သူ့ကိုမျှ ၎င်းနှင့်အတူ လိုက်ပါလာရန်ခွင့်ပြုတော်မမူခဲ့ဘဲ ၎င်းမရှိခိုက်တွင် မည်သူ့ကိုမျှ တောင်အနား သို့ချဉ်းကပ်လာရန် ခွင့်ပြုတော်မမူခဲ့ချေ။ သူသည် ဘုရားသခင်၏အမိန့်တော် အရ ကျောက်ပြားနှစ်ပြားကိုပြင်ဆင်ပြီး တောင်ပေါ်သို့ယူဆောင်သွားခဲ့ပါသည်။ ထာဝရဘုရားသခင်သည်လည်း ထိုကျောက်ပြားများပေါ်မှာ ပဋိညာဉ်စကား၊ ပညတ်တော်ဆယ်ပါးကို တစ်ဖန်ရေးသားတော်မူ၏။

သူသည် အချိန်ကြာမြင့်စွာဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခဲ့စဉ်တွင် ဘုရားသခင်၏ဘုန်းတော်သည် ၎င်း၏မျက်နှာပေါ်၌ ထွန်းတောက်နေခဲ့ပါ သည်။ တောင်ပေါ်မှဆင်းလာသောအချိန်၌ သူ၏မျက်နှာတွင် အလင်းများ နှင့်ထွန်းတောက်နေခဲ့ပါသည်။ ထိုကဲ့သို့အလင်းများ မျက်နှာပေါ်တွင် ထွန်းတောက်နေကြောင်းကို မောရှေကိုယ်တိုင်မှာမူ မသိရှိခဲ့ပါချေ။ ထိုအလင်းရောင်လွှတ်တော်အရာရှိများရှေ့မှောက်သို့ခေါ်ဆောင်လာခြင်းခံရစဉ်က သတေဖန်၏မျက်နှာတွင်လည်း ထွန်းတောက်ခဲ့ဖူးပါသည်။ "လွှတ်တော်၌ ထိုင်လျက်ရှိသောသူအပေါင်းတို့သည် သတေဖန်ကိုစေ့စေ့ကြည့်ရှုလျှင် သူ၏ မျက်နှာသည် ကောင်းကင်တမန်၏မျက်နှာကဲ့သို့ဖြစ်သည်ဟုထင်မှတ်ကြ၏။" အာရုန်သည် အခြားဣသရေလများကဲ့သို့ပင် မောရှေကိုမြင်သောအခါ သူ၏ မျက်နှာ၌အရောင်အဝါများထွန်းလင်းတောက်ပနေသောကြောင့် မချဉ်းကပ်ဝံ့ဘဲ နေ၏။ မောရှေသည် ၎င်းတို့ကြောက်ရွံ့တုန်လှုပ်နေကြောင်းကိုမြင်တွေ့သော် လည်း အကြောင်းရင်းကိုမသိ၍ မိမိထံသို့ချဉ်းကပ်လာရန်ခေါ်လေ၏။ ၎င်းတို့အပေါ်ဘုရားသခင်အမျက်တော်ပြေကြောင်းကိုဖွင့်ဟကာ ကျေးဇူးတော် ကိုပြန်လည်ခံစားခွင့်ရမည့်အကြောင်းများကိုလည်း ယုံကြည်စိတ်ချစေခဲ့ပါသည်။

မောရှေပြောသောစကားများတွင် မေတ္တာတရားနှင့်အသနားခံချက်များကို သိမြင်လာကြသဖြင့် အဆုံးတွင်တစ်ယောက်သောသူသည် အရဲစွန့်၍ မောရှေထံသို့ချဉ်းကပ်ခဲ့ပါသည်။ သူသည်စကားတစ်လုံးမျှမပြောနိုင်လောက်အောင် စိုးရွံ့ထိတ်လန့်နေသောကြောင့်စကားမပြောဘဲ မောရှေ၏မျက်နှာကိုလည်းကောင်း၊ ကောင်းကင်ကိုလည်းကောင်း လက်ညှိုးထိုးပြခဲ့ပါသည်။ မောရှေသည် ၎င်း၏အပြုအမူကိုသဘောပေါက်ခဲ့ပါသည်။ အကယ်၍ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်ခဲ့ကြလျှင် မိမိတို့အားပျော်ရွှင်မှုများနှင့်ပြည့်ဝစေမည့် ထိုလင်းတော်ကိုမိမိတို့၏အပြစ်များကြောင့် ဘုရားသခင်သည် စိတ်တော်နှင့်တွေ့တော်မမူသေးဟုစိတ်အထင်နှင့် ခံနိုင်စွမ်းမရှိခဲ့ကြချေ။ ဒုစရိုက်အပြစ်၌ ကြောက်ခြင်းသံဝေဂရှိ၏။ ဒုစရိုက်နှင့်ကင်းသောအသက်ဝိညာဉ်များသည် ကောင်းကင်၏အလင်းမှတိမ်းရှောင်ဖုံးကွယ်ရန် ဆန္ဒရှိကြလိမ့်မည်မဟုတ်ချေ။

မောရှေ၌ ၎င်းတို့နှင့်ဆက်သွယ်လုပ်ဆောင်ရန် အလုပ်များစွာရှိနေသည့်ပြင် ၎င်းတို့ခံစားနေရသောစိုးရွံ့ထိတ်လန့်မှုများအတွက် ၎င်းတို့အားသနားတော်မူသဖြင့် ထာဝရဘုရားသခင်သည် သူ၏မျက်နှာမှထွန်းလင်းနေသောအလင်းတော်များကိုဖုံးကွယ်တော်မူခဲ့ပါသည်။ နောက်ပိုင်းတွင်တောင်ပေါ်၌ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ပြီး ဆင်းလာသောအခါများတွင်လည်း ထိုကဲ့သို့ပင်ဖုံးကွယ်တော်မူခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ဤထွန်းလင်းတောက်ပသောအလင်းရောင်ထွန်းတောက်နေသောအားဖြင့် ဣသရေလတို့၏စိတ်တွင် ပညတ်တော်၏ကြီးမြတ်သောအခြေအနေနှင့် ခရစ်တော်အားဖြင့်ဖေါ်ပြတော်မူသည့် ဧဝံဂေလိတရားတော်၏ဘုန်းတန်ခိုးများကိုစွဲမှတ်သွားစေရန် ကြံရွယ်တော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်တောင်ပေါ်တွင်ရောက်ရှိနေသောမောရှေအား ပညတ်တော်ဆယ်ပါးကျောက်ပြားများကိုသာမက ကယ်တင်ခြင်းစီမံကိန်းကိုလည်း တင်ဆက်တော်မူခဲ့ပါသည်။ ယုဒခေတ်တွင်ပြုလုပ်ခဲ့သောအထိမ်းအမှတ်များနှင့်ပုံဆောင်မှုများသည် ခရစ်တော်၏အသေခံခြင်းကို အရိပ်နိမိတ်ပြခဲ့ကြောင်းကို သူတွေ့မြင်ခဲ့ပါသည်။ မောရှေ၏မျက်နှာပေါ်ဝယ်ကျရောက်ခဲ့သောအလင်းတော်သည်



ဘုရားသခင့်ပညတ်တော်၏အလင်းရောင်ကဲ့သို့သော ကရာနီမှထွန်းတောက်ခဲ့သည့် ကောင်းကင်၏အလင်းတော်ပင်ဖြစ်ပါသည်။ မောရှေသည် စစ်မှန်သောကြားဖျန်ဖြေသူကြီး၏ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မျက်မြင်ရသောဖျန်ဖြေသူတစ်ဦးဖြစ်ကြောင်း ဘုန်းထွန်းတောက်ရာကာလကို ဘုရားသခင်၏ထိုအလင်းတော်များက အထိမ်းအမှတ်ပြုကာ ရုပ်လုံးဖေါ်ထားပါသည်။

ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သူများသည် ခရစ်တော်၏ကြားဖျန်ဖြေဆောင်ရွက်မှုအားဖြင့် ရရှိကြမည့်ကောင်းချီးမင်္ဂလာများကို မောရှေ၏မျက်နှာတွင်ထွန်းတောက်ခဲ့သော ထိုအလင်းရောင်များက သာဓကပြုဖေါ်ပြထားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပို၍နီးကပ်စွာမိတ်သဟာယဖွဲ့လေလေ၊ ကိုယ်တော်ရှင်၏တောင်းဆိုချက်များကိုပို၍ရှင်းလင်းစွာသိလေလေဖြစ်ကြောင်းကိုလည်းကောင်း၊ ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပို၍ပြည့်စုံစွာတူလေလေ၊ ဘုရားသခင်၏ဇာတိတော်များကိုပါဝင်ဆက်ဆံသူများဖြစ်လာရန်ပို၍အဆင်သင့်ဖြစ်လေလေဖြစ်ကြောင်းကိုလည်းကောင်း ထိုအရာကသက်သေခံထားပါသည်။

မောရှေသည် ခရစ်တော်ကိုပုံဆောင်ထားသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ဣသရေလများသည် ၎င်း၏မျက်နှာတွင်ထွန်းတောက်နေသည့်အလင်းရောင်ကိုကြည့်ခြင်းငှာ မစွမ်းနိုင်သဖြင့် ၎င်းတို့အတွက်ဖျန်ဖြေပေးသူမောရှေသည် မိမိ၏မျက်နှာကိုဖုံးအုပ်ခဲ့သည့်နည်းတူ ကျွန်ုပ်တို့၏ကြားဖျန်ဖြေသူဖြစ်သောခရစ်တော်သည် ဤလောကသို့ကြွလာခဲ့သောအချိန်က ဘုရားသခင်ဇာတိတော်ကို လူသားဇာတိဖြင့်ဖုံးအုပ်တော်မူခဲ့ရပါသည်။ ကိုယ်တော်သည် ကောင်းကင်ရွှေနန်းမှအလင်းများကိုလွှမ်းခြုံ၍ ကြွဆင်းလာခဲ့မည်ဆိုလျှင် အပြစ်သားများထံသို့ချဉ်းကပ်လာနိုင်တော်မူလိမ့်မည်မဟုတ်ချေ။ အပြစ်သားများသည် ကိုယ်တော်၏အလင်းကိုခံရပ်နိုင်ကြလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ကိုယ်တော်သည် အပြစ်တွင်ကျဆုံးနေသောလူသားများထဲသို့လာ၍ ၎င်းတို့အားမြှင့်တင်နိုင်ရန်အလို့ငှာ မိမိကိုယ်ကိုနှိမ့်ချလျက် အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဍာန်ကိုဆောင်တော်မူခဲ့ခြင်းဖြစ်ပါသည်။

* * *

## (၂၉)
## ပညတ်တော်အားစာတန်ရန်ငြိုးထားခြင်း

ကောင်းကင်နိုင်ငံတော်၌ အပြစ်ကင်းသောကောင်းကင်သားများအလယ်တွင် ဘုရားသခင်၏ပညတ်တော်အားမှောက်လှန်ရန် စာတန်၏ဖွဲ့ဆော်ဦးကြိုးပမ်းချက်သည် အခိုက်အတန့်အားဖြင့် အောင်ပွဲဆင်ခဲ့သယောင်ဖြစ်ခဲ့ပါသည်။ များပြားစွာသောကောင်းကင်တမန်များသည် သွေးဆောင်ဖြားယောင်းခြင်းကိုခံခဲ့ကြရပါသည်။ သို့ရာတွင် စာတန်ရရှိခဲ့သောအပေါ်ယံကြောအောင်မြင်မှုသည် ရှုံးနိမ့်မှုနှင့်ဆုံးရှုံးမှုများကိုသာဖြစ်ပေါ်စေခဲ့ပြီး ဘုရားသခင်နှင့်ခွဲခွာခဲ့ရကာ ကောင်းကင်နိုင်ငံမှနှင်ထုတ်ခြင်းကိုခံခဲ့ရပါသည်။

ထိုတိုက်ပွဲကို ဤကမ္ဘာလောက၌ပြန်လည်ပြုလုပ်သောအချိန်တွင် စာတန်သည် အောင်ပွဲဆင်သယောင်ဖြစ်ခဲ့ပါသည်။ လူသားများသည် ပညတ်တော်လွန်ကျူးခြင်းအားဖြင့် ၎င်း၏လက်အောက်ခံများဖြစ်လာကာ လူသားများနေထိုင်သော ဤကမ္ဘာကြီးသည်လည်း စာတန်၏လက်ထဲသို့ ဝကွက်အပ်ခြင်းခံခဲ့ရပါသည်။ ယခုတွင် လွတ်လပ်သောတိုင်းနိုင်ငံတစ်ခုကို တည်ထောင်ရန်နှင့် ထာဝရဘုရားသခင်၊ သားတော်ဘုရားသခင်တို့၏အာဏာတော်ကိုအန်တုဖီဆန်ရန် စာတန်အတွက် လမ်းပွင့်သွားသယောင်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ကယ်တင်ခြင်းစီမံကိန်းသည် လူသားများအား ဘုရားသခင်နှင့်တစ်ဖန်ပြန်လည်အဆင်ပြေစေခဲ့ပြီး ပညတ်တော်အတိုင်းလိုက်လျှောက်နိုင်စေကာ ထိုလူသားများနှင့်တကွ ဤကမ္ဘာကြီးအား အဆုံးတွင်စာတန်၏လက်ထဲမှပြန်လည်ကယ်တင်ရန်ဖြစ်ပါသည်။

စာတန်သည် တစ်ဖန်ရှုံးနိမ့်ခဲ့ပြီဖြစ်သဖြင့် နောက်တစ်ဖန်အောင်ပွဲဆင်ရန်မျှော်လင့်ချက်ဖြင့် လိမ်ညာလှည့်ဖြားမှုကိုအသုံးပြုခဲ့ပြန်ပါသည်။ သူသည် အပြစ်၌ကျဆုံးနေသည့်လူသားများတွင် ပုန်ကန်အန်တုမှုများဖြစ်ပေါ်လာစေရန်ရည်စူး၍ ပညတ်တော်ကိုလွန်ကျူးရန် လူသားများအားခွင့်ပြုခဲ့ခြင်းတွင် ဘုရားသခင်သည် တရားမျှတမှုမရှိကြောင်း ရပ်လုံးဖေါ်နေပါသည်။ မည်သည့်



အရာဖြစ်မည်ကို ဘုရားသခင်သိလျှင် ကိုယ်တော်သည် အဘယ်ကြောင့်လူသားများအားအကျဉ်းအကျပ်တွေ့စေကာ အပြစ်ပြုစေပြီး ဆင်းရဲဒုက္ခနှင့်သေခြင်းများကိုရင်ဆိုင်ဖို့ခွင့်ပြုတော်မူခဲ့သနည်းဟု စာတန်ကမေးလာခဲ့ပါသည်။ မိမိတို့၏ပုန်ကန်ခြားနားမှုကြောင့် သားတော်ဘုရားသခင်အသေသတ်ခံခဲ့သည်အထိဖြစ်ခဲ့ရသော အံ့ဖွယ်မဟာအနစ်နာခံမှုကြီးကိုအမှုမထားဘဲ လူသားများအားနောက်ထပ်စမ်းသပ်မှုတစ်ခုပြုခဲ့သော စိတ်ရှည်ခြင်းကရုဏာကိုမေ့လျော့နေကြသည့် အာဒံ၏သားမြေးများသည် စုံစမ်းနှောင့်ယှက်သူစာတန်၏စကားကိုနားထောင်ကြကာ ၎င်း၏ဖျက်ဆီးခြင်းတန်ခိုးမှ မိမိတို့အားကယ်တင်နိုင်သည့်တစ်ပါးတည်းသောပုဂ္ဂိုလ်ကိုအပြစ်တင်ခဲ့ကြပါသည်။

ယခုခေတ်တွင်လည်း လူပေါင်းများစွာတို့သည် ထိုကဲ့သို့သောအပြစ်တင်စကားများကို ဘုရားသခင်အားပြောဆိုနေကြပါသည်။ လူသားများအား လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်မပေးခြင်းသည် အသိဉာဏ်ရှိသောသတ္တဝါအဖြစ် ၎င်းပိုင်ဆိုင်ထားသည့်အထူးအခွင့်အရေးတစ်ခုကိုလုယူခြင်းသာဖြစ်ပြီး ၎င်းအားလည်း စက်ရုပ်တစ်ရုပ်ကဲ့သို့ဖြစ်စေကြောင်းကို သူတို့မမြင်တွေ့ခဲ့ကြချေ။ ၎င်းတို့၏အလိုဆန္ဒကို နိုင်လိုမင်းထက်လုပ်ရန်မှာ ဘုရားသခင်၏အကြံအစည်မဟုတ်ချေ။ လူသားများကိုအချုပ်အနှောင်ကင်းမဲ့သော၊ ကိုယ်ကျင့်တရားရှိသောသတ္တဝါတစ်ဦးအဖြစ် ဖန်ဆင်းထားတော်မူပါသည်။ လူသားများသည် အခြားကမ္ဘာများတွင်နေထိုင်ကြသည့်သူများကဲ့သို့ပင် နားထောင်မှုရှိမရှိကို အစမ်းသပ်ခံကြရမည်ဖြစ်ပါသည်။ သို့သော်စုံစမ်းနှောင့်ယှက်ခြင်းနောက်သို့မလိုက်ပါလျှင် မဖြစ်နိုင်တော့သည့်အခြေအနေမျိုးကိုမူ မည်သည့်အခါမျှပို့ဆောင်တော်မမူခဲ့ပါ။ လူသားများမခံနိုင်သော မည်သည့်စုံစမ်းခြင်းကိုမျှ လူသားများအပေါ်သို့ကျရောက်ရန် ဘုရားသခင်ခွင့်ပြုတော်မမူခဲ့ချေ။ လူသားများသည် စာတန်နှင့်တိုက်လှန်ရာတွင် မည်သည့်အခါမျှရှုံးနိမ့်မှုမရှိစေရန် ထာဝရဘုရားသခင်သည် ၎င်းတို့လိုအပ်သမျှအရာများကိုပြည့်စုံစွာပြင်ဆင်ပေးတော်မူခဲ့ပါသည်။

လူသားများသည် ဤကမ္ဘာကြီး၌အရေအတွက်တိုးပွားများပြားလာသည်နှင့်အမျှ လောကီသားအားလုံးနီးပါးသည် ထာဝရဘုရားသခင်အား

ပုန်ကန်မှုတွင်ပါဝင်ပူးပေါင်းခဲ့ကြပါသည်။ စာတန်သည်လည်း နောက်ထပ်တစ်ကြိမ်အောင်ပွဲဆင်သယောင်ဖြစ်ခဲ့သော်လည်း တန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူသော ကိုယ်တော်ရှင်သည် ၎င်းတို့၏ဆိုးညစ်ယုတ်မာသောလုပ်ဆောင်မှုများကို တန်ဖန်ရုတ်တရက်ရပ်စဲသွားစေတော်မူခဲ့ကာ ဤကမ္ဘာကြီးအားကိုယ်ကျင့်တရားပျက်ပြားမှုများမှကင်းစင်စေရန် ရေဖြင့်ဆေးကြောသန့်စင်ပေးတော်မူခဲ့ပါသည်။

"မြေပေါ်မှာအမှုကိုစီရင်တော်မူသောအခါ လောကီသားတို့သည် တရားကိုသင်ကြ၏။ မတရားသောသူသည် ကျေးဇူးခံရသော်လည်း တရားကိုမသင်တတ်ပါ။---ထာဝရဘုရားသခင်၏ဘုန်းတော်ကို ပမာဏမပြုတတ်ပါ" ဟူ၍ ဟေရှာယပုရောဖက်ကမိန့်ဆိုထားပါသည်။ ရေလွှမ်းမိုးပြီးသောအချိန်တွင် ဤကမ္ဘာ၌ ထိုနည်းနှင်နှင်ပျက်ခဲ့ပါသည်။ ပြစ်ဒဏ်စီရင်ခြင်းဘေးမှလွတ်ခဲ့သောကမ္ဘာသားများသည် ထာဝရဘုရားသခင်ကိုတစ်ဖန်ပုန်ကန်ခဲ့ကြပြန်ပါသည်။ ဘုရားသခင်၏ပဋိညာဉ်နှင့်ဥပဒေများကို ကမ္ဘာသူကမ္ဘာသားများက နှစ်ကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့ကြပါသည်။ ရေမလွှမ်းမိုးမီကာလတွင် အသက်ရှင်နေထိုင်ခဲ့ကြသောလူသားများနှင့်တကွ ရေလွှမ်းမိုးခြင်းအလွန်ကာလတွင် အသက်ရှင်နေထိုင်ခဲ့ကြသောနောဧ၏သားမြေးအပေါင်းတို့သည် ဘုရားသခင်၏အာဏာတော်ကိုပစ်ပယ်ခဲ့ကြပါသည်။ ထိုနောက်ထာဝရဘုရားသခင်သည် အာဗြဟံနှင့်ပဋိညာဉ်ပြုကာ ပညတ်တော်ကိုထိန်းသိမ်းကာကွယ်မည့်သူများဖြစ်လာရန် လူမျိုးတစ်မျိုးကို မိမိကိုယ်တိုင်အတွက် ဆောင်ကြဉ်းတော်မူခဲ့ပါသည်။ စာတန်သည် ဤလူမျိုးကိုနှိမ်နင်းဖျက်ဆီးရန် ချက်ချင်းစတင်၍အကွက်ဆင်ပါတော့သည်။ ယာကုပ်၏သားသမီးများသည် မယုံကြည်သူများနှင့်လက်ထပ်ကာ ထိုသူများ၏ရုပ်တုများကိုကိုးကွယ်ရန် စုံစမ်းခြင်းခံခဲ့ကြရပါသည်။ ယောသပ်သည် ဘုရားသခင်၌သစ္စာရှိခဲ့သည့်အပြင် သူ၏သစ္စာရှိမှုသည်စစ်မှန်သောယုံကြည်ခြင်းအတွက် ခိုင်မြဲသောသက်သေခံတစ်ခုဖြစ်ခဲ့ပါသည်။ ဤအလင်းကလေးကိုငြိမ်းသွားစေရန် စာတန်သည် ၎င်းအားမယုံကြည်သည့်နိုင်ငံတစ်ခုတွင် ကျွန်တစ်ဦးအဖြစ်အရောင်းခံရစေဖို့ ယောသပ်၏အစ်ကိုများ၏





မနာလိုငြူစူမှုကိုအသုံးချကာ လုပ်ဆောင်ခဲ့ပါသည်။ အဲဂုတ္တုလူများအား မိမိအကြောင်းကိုသိခွင့်ပေးရန်အလို့ငှာ ထာဝရဘုရားသခင်သည် ထိုအဖြစ်အပျက်များကိုထိန်းကွပ်တော်မူခဲ့ပါသည်။ ယောသပ်သည် မိမိအား ထိုနိုင်ငံ၏နန်းရင်းဝန်တစ်ဦးအဖြစ် ကြီးမြတ်သောရာထူးကိုဆက်ခံရန် ပြင်ဆင်ပေးသည့်ပညာနှင့်သင်တန်းများကို ပေါတိဖါအိမ်နှင့်အကျဉ်းထောင် စသည့်နေရာနှစ်ခုစလုံးတွင် ရရှိခဲ့ပါသည်။ ၎င်း၏ဩဇာသက်ရောက်မှုသည် ဖါရောဘုရင်၏နန်းတော်မှသည် နိုင်ငံအနှံ့အပြားသို့တိုင်ပျံ့နှံ့သွားခဲ့ပါသည်။ အဲဂုတ္တုပြည်ရောက်ဣသရေလများသည် ချမ်းသာကြွယ်ဝလာကြရာ ထာဝရဘုရားသခင်၏ဂုဏ်သတင်းသည် ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့ကာ ဩဇာသက်ရောက်ခဲ့ပါသည်။ ထိုဘာသာအယူဝါဒအသစ်သည် အရေးသာနေကြောင်းတွေ့ရသောအခါ ရုပ်တုကိုးကွယ်သောယဇ်ပုရောဟိတ်များသည် ထိတ်လန့်လာခဲ့ကြပါသည်။ ထာဝရဘုရားသခင်အားရန်ငြိုးဖွဲ့ထားသည့် စာတန်၏လှုံ့ဆော်မှုကြောင့် ထိုသူများသည် အလင်းတော်ကိုငြိမ်းသတ်ရန် ကိုယ်တိုင်စတင်လုပ်ဆောင်ခဲ့ကြပါသည်။ အိမ်ရှေ့မင်းသားအား ပညာသင်ပေးရန် ထိုယဇ်ပုရောဟိတ်များထံအပ်နှံထားသည်ဖြစ်ရာ ဘုရားသခင်ကို မဆုတ်မနစ်ဆန့်ကျင်သည့်ဤစိတ်ဓါတ်နှင့် အနာဂတ်တွင်ရှင်ဘုရင်ဖြစ်မည့် ထိုသူ၏စာရိတ္တကိုပုံသွင်းပေးသည့် ရုပ်တုကိုးကွယ်မှုအပေါ်ဟေဗြဲလူများအား ရက်စက်စွာနှိပ်ကွပ်မှုကိုဖြစ်စေခဲ့ပါသည်။

အဲဂုတ္တုပြည်မှမောရှေထွက်ပြေးလာခဲ့သည့်နောက် နှစ်ပေါင်းလေးဆယ်အတောအတွင်းတွင် ထိုနိုင်ငံ၌ရုပ်တုကိုးကွယ်မှုကို လူအများစုလက်ခံနေသယောင်ဖြစ်ခဲ့ပါသည်။ ထိုကြောင့်နှစ်တွေလတွေကြာညောင်းလာသည်နှင့်အမျှထိုဣသရေလများ၏မျှော်လင့်ချက်များသည်လည်း မှေးမှိန်အားနည်းလာခဲ့ပါသည်။ ဖါရောဘုရင်နှင့်တကွ အဲဂုတ္တုပြည်သူများသည် ၎င်းတို့၏တန်ခိုးအာဏာများတွင် ကျေနပ်အားရနေကြပြီး ဣသရေလတို့ကိုးကွယ်သောထာဝရဘုရားသခင်ကိုလှောင်ပြောင်သရော်ခဲ့ကြပါသည်။ အဲဂုတ္တုဘုရင်များအနက် မောရှေနှင့်ရင်ဆိုင်ခဲ့ရသော ဖါရောဘုရင်၏အချိန်တွင် ထိုစိတ်ဓါတ်သည် ထိုဘုရင်၏နှလုံးသားဝယ် အထွတ်အထိပ်သို့ရောက်ခဲ့ပါသည်။ မောရှေ

သည် ထိုဖါရောဘုရင်ထံသို့ ဣသရေလတို့၏ဘုရားသခင်ထံမှသတင်းစကားနှင့်အတူရောက်ရှိလာသောအချိန်တွင် စစ်မှန်သောဘုရားသခင်ကိုမသိ၍မဟုတ်ဘဲ ကိုယ်တော်ရှင်၏တန်ခိုးတော်ကိုအန်တုချင်သည့်သဘောဖြင့် "ထာဝရဘုရားသခင်၏စကားကိုနားထောင်၍ ဣသရေလအမျိုးသားတို့ကိုငါစေလွှတ်ခြင်းငှာ ထိုဘုရားသခင်ကားအဘယ်သူနည်း။ ထာဝရဘုရားသခင်ကိုငါမသိ" ဟုဖါရောဘုရင်တုံ့ပြန်ခဲ့ပါသည်။ ဘုရားသခင်၏အမိန့်တော်ကိုအစမှအဆုံးတိုင်ဆန့်ကျင်ခဲ့သော ဖါရောဘုရင်၏လုပ်ရပ်သည် မသိနားမလည်၍မဟုတ်ဘဲ မုန်းတီးသောစိတ်နှင့်အန်တုလိုသောစိတ်များဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

အဲဂုတ္တုလူများသည် ဘုရားသခင်ကိုသိသောဉာဏ်ကို ကာလကြာမြင့်စွာငြင်းပယ်ခဲ့ကြသော်လည်း ထာဝရဘုရားသခင်သည် နောင်တရနိုင်ရန်ငင်းတို့အားအခွင့်အရေးပေးထားဆဲဖြစ်ခဲ့ပါသည်။ ယောသပ်အချိန်က အဲဂုတ္တုပြည်သည် ဣသရေလများအတွက် ခိုကိုးရာဒေသတစ်ခုဖြစ်ခဲ့ပြီး ကိုယ်တော်၏လူများအပေါ်ကျေးဇူးပြုခြင်းအမှုတွင် ထာဝရဘုရားသခင်ကိုလည်း ချီးမြှောက်ရှိသေခဲ့ကြပါသည်။ ယခုတွင်မူစိတ်ရှည်၍ သနားခြင်းကရုဏာနှင့်ပြည့်ဝသောကိုယ်တော်သည် တရားစီရင်မှုအသီးသီးကို သတ်မှတ်သည့်အတိုင်းပြုတော်မူ၏။ ငင်းတို့ကိုးကွယ်သောအရာများအပေါ်ပြုတော်မူခဲ့သော ကျိန်ခြင်းအမင်္ဂလာများကိုထောက်ရှုခြင်းအားဖြင့် အဲဂုတ္တုလူများသည် ထာဝရဘုရားသခင်၏တန်ခိုးတော်အတွက် အထောက်အထားများကိုရရှိခဲ့ကြပါသည်။ အလိုရှိသောသူအပေါင်းတို့သည် မိမိတို့အလိုအတိုင်း ထာဝရဘုရားသခင်ကိုဝန်ခံကာ ကိုယ်တော်ရှင်ပြုတော်မူမည့်ပြစ်ဒဏ်စီရင်မှုများမှလွတ်ကင်းနိုင်ခွင့်ရှိကြပါသည်။ ဖါရောဘုရင်၏တစ်ယူသန်မှုနှင့်ခေါင်းမာမှုများသည်လည်း ဘုရားသခင်ကိုသိသောဉာဏ်ကိုပြန့်ပွားမှုတွင် အထောက်အကူပြုခဲ့ပြီး အဲဂုတ္တုလူများစွာတို့အားကိုယ်တော်၏အမှုတော်အတွက် မိမိကိုယ်ကိုပေးအပ်စေခဲ့ပါသည်။

ဣသရေလများသည် မယုံကြည်သူများနှင့်ဆက်ဆံကာ ထိုသူများ၏ရုပ်တုကိုးကွယ်မှုများကို အတုခိုးလုပ်ဆောင်လိုကြသောကြောင့် ထာဝရဘုရားသခင်



သည် ငင်းတို့အား ယောသပ်၏သြဇာလွှမ်းမိုးမှုကျယ်ကျယ်ပြန့်ပြန့်ရှိနေပြီး သီးခြားလူမျိုးတစ်မျိုးအဖြစ် ဆက်လက်တည်ရှိရန် အခြေအနေပေးသည့်အဲဂုတ္တုပြည်သို့သွားရောက်နေထိုင်ခွင့်ပြုတော်မူခဲ့ပါသည်။ အဲဂုတ္တုပြည်၏ကြီးမားသည့်ရုပ်တုကိုးကွယ်ခြင်းနှင့် ထိုတိုင်းပြည်၌ ငင်းတို့နေထိုင်ခဲ့ရသည့်နောက်ပိုင်းနှစ်များတွင် ရင်ဆိုင်ခဲ့ရသောရက်စက်ကြမ်းကြုတ်မှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများသည် ငင်းတို့အား ရုပ်တုကိုးကွယ်မှုကိုစက်ဆုပ်ရွံမုန်းစေကာ ငင်းတို့၏ဘိုးဘေးများကိုးကွယ်သည့်ထာဝရဘုရားသခင်ထံသို့ ထွက်ပြေးခိုလှုံစေခဲ့ပါသည်။ စာတန်သည် ထိုဣသရေလများ၏စိတ်နှလုံးကို မှောင်မိုက်စေပြီး ငင်းတို့၏မယုံကြည်သူများ၏အမူအကျင့်များကိုအတုခိုးရန် ငင်းတို့အားလမ်းပြလျက် ထိုအစီအစဉ်ကိုပင် မိမိ၏အကြံအစည်ကိုထမြောက်စေမည့်နည်းတစ်ခုအဖြစ်အသုံးပြုခဲ့ပါသည်။ တိရစ္ဆာန်များကိုယဇ်ပူဇော်ကာ အဲဂုတ္တုလူများပြုကြသည့်အယူသီးသောကိုးကွယ်မှုများကြောင့် ထိုနိုင်ငံ၌ကျွန်ခံနေရစဉ်ဣသရေလများအား ယဇ်ပူဇော်ခြင်းအမှုကိုလုပ်ဆောင်ရန် ခွင့်ပြုတော်မမူခဲ့ချေ။ ထိုသူများ၏ဝတ်ပြုကိုးကွယ်ပုံများကိုလိုက်လျှောက်လုပ်ကိုင်ခြင်းအားဖြင့် ငင်းတို့၏စိတ်နှလုံးသည် မဟာယဇ်ကောင်ကြီးဖြစ်သော ခရစ်တော်ထံသို့လမ်းညွှန်ခြင်းမခံရသည့်အပြင် ငင်းတို့၏ယုံကြည်ခြင်းကိုလည်းအားနည်းစေပါသည်။ ဣသရေလများအားကယ်နုတ်ရမည့်အချိန်သို့ရောက်ရှိလာသောအချိန်၌လည်း စာတန်သည် ဘုရားသခင်၏အကြံအစည်တော်ကိုမအောင်မြင်စေရန်ကိုယ်တိုင်လုပ်ဆောင်ခဲ့ပါသည်။ အရေအတွက်အားဖြင့် နှစ်သန်းကျော်မျှရှိသောဤလူမျိုးများအား ဝိညာဉ်ရေးမှောင်မိုက်ကျကာ အယူသီး၍ အစွဲအလမ်းကြီးသူများဖြစ်လာအောင် ပို့ဆောင်ရန်သူစိတ်ဆုံးဖြတ်ထားပါသည်။ ကမ္ဘာတွင်အင်အားကြီးနိုင်ငံတစ်ခုဖြစ်လာစေရန် ဘုရားသခင်ကကောင်းချီးပေး၍များပြားစေမည်ဟု ကတိထားတော်မူခြင်းခံရသည့်ထိုလူမျိုးများ၊ မိမိ၏အလိုတော်ကိုဖေါ်ပြရာတွင်လည်းကောင်း၊ ပညတ်တော်ကိုစောင့်ထိန်းရာတွင်လည်းကောင်း အသုံးပြုခြင်းခံရသည့်ထိုလူမျိုးများ၏စိတ်ထဲတွင် ဘုရားသခင်ကိုအောက်မေ့သတိရသောစိတ်များပျောက်လွင့်သွားစေရန်အလိုငှာ ငင်းတို့အား

ဝိညာဉ်ရေးမှောင်မိုက်ကျစေသည့် ကျွန်ဘဝတွင်ဆက်လက်နေထိုင်စေရန် စာတန်လုပ်ဆောင်လျက်ရှိပါသည်။

ဖါရောဘုရင်၏ရှေ့၌ ထူးဆန်းသောနိမိတ်လက္ခဏာများကိုပြနေသောအချိန်တွင် စာတန်သည် ထိုနိမိတ်လက္ခဏာများ၏ဩဇာသက်ရောက်မှုကိုလျော့ပါးသွားစေရန်နှင့် ဖါရောဘုရင်အား ထာဝရ၏အထွတ်အထိပ်ဖြစ်မှုကိုလက်မခံစေရန်၊ ကိုယ်တော်၏အမိန့်တော်ကိုနားမထောင်စေရန် တားဆီးခဲ့လေသည်။ ဘုရားသခင်၏လုပ်ဆောင်မှုများကို အတုအပပြုလုပ်၍ ကိုယ်တော်၏အလိုတော်ကိုတွန်းလှန်ရန် စာတန်သည် အစွမ်းကုန်တန်ခိုးပြခဲ့ပါသည်။ သို့ရာတွင် ထိုလုပ်ဆောင်မှု၏အကျိုးဆက်အရ ဘုရားသခင်၏တန်ခိုးတော်နှင့်ဘုန်းတော်ကို ပိုမိုထင်ရှားစွာပြရန် လမ်းပွင့်သွားပြီး ဣသရေလများနှင့်တကွ “အဲဂုတ္တုလူအပေါင်းတို့အတွက် စစ်မှန်၍အသက်ရှင်တော်မူသောဘုရားသခင်၏တည်ရှိနေခြင်းနှင့် အာဏာတော်ကိုပိုမိုသိမြင်လာစေခဲ့ပါသည်။

ထာဝရဘုရားသခင်သည် တန်ခိုးတော်ကိုပြလျက် အဲဂုတ္တုပြည်မှဘုရားသခင်အားလုံးကိုပြစ်ဒဏ်စီရင်ကာ ဣသရေလများအားကယ်နုတ်တော်မူခဲ့၏။ သူတို့သည် အထုံးအဖွဲ့တော်တို့အတိုင်းကျင့်၍ ပညတ်တရားတော်ကိုစောင့်ရှောက်မည့်အကြောင်း ရွေးကောက်တော်မူသောမိမိလူတို့ကို ဝမ်းမြောက်ရွှင်လန်းခြင်းနှင့်တကွ ထုတ်ဆောင်တော်မူ၏။ ကိုယ်တော်သည် ထိုသူများအားရန်သူများ၏ဘေးမှ ခိုလှုံရာတစ်ခုအဖြစ် မိမိအကြံအစည်တော်နှင့်အညီ ၎င်းတို့အဖို့ပြင်ဆင်ထားတော်မူသည့်ပြည်၊ ကိုယ်တော်၏အတောင်တော်အောက်တွင် ဘေးကင်းလုံခြုံစွာနေထိုင်နိုင်မည့် ထိုပြည်သို့ ၎င်းတို့အားပို့ဆောင်နိုင်ရန်အလို့ငှာ ကျွန်ဘဝမှနုတ်ဆောင်တော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ထိုသူများကို မိမိအဖို့အလို့ငှာ ထုတ်ဆောင်တော်မူခဲ့ပြီး ထာဝရလက်ရုံးတော်အားဖြင့် ကာရံထားတော်မူပါသည်။ ၎င်းတို့အဖို့ပြုတော်မူခဲ့သော ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့်ထားတော်မူခဲ့သောကရုဏာတော်များအား ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ကိုယ်တော်မှတစ်ပါး အခြားဘုရား



များကို မကိုးကွယ်ရန်နှင့် ကိုယ်တော်၏နာမတော်ကိုချီးမြှောက်ကာ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံစေဖို့လုပ်ဆောင်ကြရန် ၎င်းတို့အားစေခိုင်းတော်မူခဲ့ပါသည်။

ဣသရေလများစွာတို့သည် အဲဂုတ္တုပြည်တွင်ကျွန်ခံရစဉ်အတွင်း၌ဘုရားသခင်၏ပညတ်တော်များကို အများအားဖြင့်မေ့လျော့ကုန်ခဲ့ကြကာ သတိရသမျှပညတ်တို့ကိုလည်း မယုံကြည်သူလူများ၏အကျင့်ဓလေ့များ၊ မိရိုးဖလာများနှင့်ရောနှောကျင့်သုံးခဲ့ကြပါသည်။ ထို့ကြောင့်ထာဝရဘုရားသခင်သည် ၎င်းတို့အား သိနာတောင်သို့ခေါ်ဆောင်လာကာ ပညတ်တော်များကိုကိုယ်တော်တိုင်ဖွင့်ဟတော်မူခဲ့ပါသည်။

စာတန်နှင့်တကွ သူ၏နတ်ဆိုးများသည် အရေးနိမ့်နေကြပါသည်။ သို့သော် ထာဝရဘုရားသခင်သည် ပညတ်တော်များကိုမိန့်တော်မူနေစဉ်မှာပင် စာတန်သည် ထိုဣသရေလများအားအပြစ်ပြုဖို့သွေးဆောင်ရန် ကြံစည်နေပါသည်။ သူသည် ထာဝရဘုရားသခင်ရွေးချယ်တော်မူထားသည့် ဤလူမျိုးကိုကိုယ်တော်၏ရှေ့တော်မှောက်၌ပင် အမှောက်မှောက်အမှားမှားဖြစ်စေခဲ့ပါသည်။ သူသည် ၎င်းတို့အားရုပ်တုကိုးကွယ်မှုတွင်ပါဝင်စေခဲ့ခြင်းအားဖြင့် ဝတ်ပြုကိုးကွယ်မှု၏တန်ခိုးအာနိသင်အပေါင်းကိုဖျက်ဆီးပစ်လိုက်ပါသည်။ အကြောင်းမှာလူသည် မိမိထက်မမြင့်မြတ်သောအရာတစ်ခုကို ကိုးကွယ်ကြည်ညိုခြင်းအားဖြင့် မည်ကဲ့သို့မိမိကိုယ်ကိုမြှင့်တင်နိုင်ပါမည်နည်း။ လူသားများသည် ထာဝရဘုရားသခင်ကို ရုပ်တုများဖြင့်ကိုယ်စားပြုကိုးကွယ်သည့်တိုင်အောင် ထာဝရဘုရားသခင်၏တန်ခိုးတော်ကြီးမြတ်မှုနှင့်ဘုန်းတော်များကိုမသိမြင်လာလျှင်သော်လည်းကောင်း၊ ထိတွေ့ခံစားမှုမရှိသည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအရာများကိုဦးချဝတ်ပြုသည်အထိ ဖန်ဆင်းရှင်နှင့်ပုံသဏ္ဌာန်အညီဖန်ဆင်းခြင်းခံရသည့် မိမိ၏အခြေအနေများကိုမေ့လျော့လာလျှင်သော်လည်းကောင်း၊ ညစ်ညမ်းသောလုပ်ဆောင်မှုတစ်ခုကိုခွင့်ပြုရန် လမ်းဖွင့်ပေးနေခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် စိတ်နှလုံးတွင်ရှိသောဒုစရိုက်ပြုလိုသည့်စိတ်များသည် အထိန်းအကွပ်မဲ့လာသဖြင့် စာတန်သည် အပြည့်အဝချုပ်ကိုင်ပါလိမ့်မည်။

စာတန်သည် မိမိကိုယ်တိုင်ကောင်းကင်နိုင်ငံတော်တွင်အစပြုခဲ့သည့် အလုပ်ကို ဆက်လက်လုပ်ကိုင်သည့်အနေဖြင့် သိနာတောင်ခြေရင်းတွင် ဘုရားသခင်၏ပညတ်တော်ကိုမှောက်လှန်မည့်အကြံအစည်ကိုစတင်အကောင် အထည်ဖော်ခဲ့ပါသည်။ မောရှေသည် ရက်ပေါင်းလေးဆယ်ကြာတောင်ပေါ် တွင်ရှိနေစဉ် စာတန်သည် ဣသရေလများအား သံသယစိတ်များ၊ ဖေါက်ပြန် သည့်စိတ်များနှင့်ပုန်ကန်မှုများဖြစ်လာအောင်နှိုးဆွရင်း အလုပ်များနေခဲ့ပါသည်။ ထာဝရဘုရားသခင်သည် မိမိနှင့်ပဋိညာဉ်ပြုထားသည့်ဣသရေလများအား ပေးအပ်ရန် ပညတ်တော်ကိုရေးချနေသည့်တစ်ချိန်ထဲမှာပင် ဣသရေလများ သည် ထာဝရဘုရားသခင်ကိုသစ္စာဖေါက်ကာ ရွှေဘုရားများကိုတောင်းဆိုနေ ကြပါသည်။ မောရှေသည် ဣသရေလများကိုယ်တိုင်နားထောင်လိုက်လျှောက် ပါမည်ဟူ၍ ကတိကဝတ်ပြုထားသောပညတ်တော်ဆယ်ပါးရေးထားသည့် ကျောက်ပြားများကိုသယ်ဆောင်ကာ ဘုရားသခင်၏ရှေ့တော်မှောက်မှဆင်းလာ သောအချိန်တွင် ထိုသူများသည် ရွှေရုပ်တုတစ်ခုရှေ့တွင် ဦးချဝတ်ပြုကာ ပညတ်တော်၏တောင်းဆိုမှုများကို ဖြောင်ကျကျအန်တုနေကြသည်ကို မောရှေမြင်တွေ့ခဲ့ရပါသည်။

စာတန်သည် ဣသရေလများအား ထာဝရဘုရားသခင်အပေါ် ထိုကဲ့သို့အတင့်ရဲစွာစော်ကားသည့်အပြုအမူများကို ပြုလုပ်စေခြင်းအားဖြင့် ၎င်းတို့အားပျက်စီးဆုံးရှုံးသွားစေရန်ကြံစည်ခဲ့ပါသည်။ မိမိတို့သည် လုံးလုံး ယုတ်ညံ့နိမ့်ကျနေကြောင်း ဘုရားသခင်ပေးတော်မူသည့်ကောင်းချီးမင်္ဂလာများ၊ အထူးအခွင့်အရေးများနှင့် ကိုယ်တော်ရှင်အပေါ်သစ္စာစောင့်သိပါမည်ဟု ပြုခဲ့သောကတိကဝတ်များကို သတိမရမသိမမြင်ကြတော့ကြောင်း ကိုယ့်ကိုကိုယ် ထင်ရှားစေခဲ့ကြသည့်အတွက် ထာဝရဘုရားသခင်သည် မိမိတို့ကိုစွန့်ပစ်ကာ ဖျက်ဆီးခြင်းထဲသို့ပို့ဆောင်တော်မူလိမ့်မည်ဟု ထိုသူတို့ယုံကြည်ခဲ့ကြပါသည်။ စာတန်အပေါ်တွင်အောင်ပွဲဆင်ရန် ကိုယ်တော်မွေးဖွားခြင်းခံရယူမည့် လူမျိုးနွယ်အသက်ရှင်တော်မူသောဘုရားသခင်အား သိခြင်းပညာကိုထိန်းသိမ်းရန် ကတိထားတော်မူသည့်လူမျိုးနွယ်တည်းဟူသော အာဗြဟံ၏မျိုးနွယ်စုကို



ဤနည်းအားဖြင့်တိမ်ကောပျောက်ကွယ်သွားစေခဲ့ပါလိမ့်မည်။ ဣသရေလများကို သုတ်သင်ဖျက်ဆီးပစ်ခြင်းအားဖြင့် ထာဝရဘုရားသခင်၏အကြံအစည်ကို ပျက်ပြားသွားအောင်လုပ်ဆောင်ရန် စာတန်ကြံစည်ထားခဲ့ပါသည်။ သို့သော် သူသည် ယခုတစ်ခါတွင်လည်း အရှုံးနှင့်သာရင်ဆိုင်ခဲ့ရပါသည်။ ဣသရေလ များသည် အပြစ်ဒုစရိုက်များကိုကျူးလွန်ခဲ့ကြသော်လည်း အဖျက်ဆီးမခံခဲ့ရ ချေ။ စာတန်ဘက်တွင်ခေါင်းမာစွာဖြင့်ရပ်တည်ခဲ့ကြသောသူများသည် သုတ်သင်ပယ်ရှားခြင်းကိုခံခဲ့ရသော်လည်း နှိမ့်ချ၍ နောင်တရသောသူများ မှာမူ ကရုဏာတော်အားဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကိုရရှိခဲ့ကြပါသည်။ ဤအပြစ်နှင့်ပတ်သက်သောအဖြစ်အပျက်သည် ရုပ်တုကိုးကွယ်မှုများ၏ ဆိုးရွားမှုနှင့်အပြစ်ဒဏ်ထိုက်ခဲ့ခြင်းများအတွက်လည်းကောင်း၊ ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသောကရုဏာတော်အတွက် လည်းကောင်း မယိုင်မလဲမားမားမတ်မတ်တည်တံ့ခိုင်မြဲသောသက်သေခံတစ်ခု အဖြစ်ရပ်တည်ခဲ့ပါသည်။

သိနာတောင်တွင်ဖြစ်ပျက်ခဲ့သော ထိုပြစ်မှုကြီးအတွက် စကြဝဠာ တစ်ခုလုံးသည် သက်သေခံဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏အုပ်စိုးမှုနှင့် စာတန်၏အုပ်စိုးမှုတို့အကြား ကွဲပြားခြားနားသည့်ဖြစ်ပေါ်မှုများကို တွေ့မြင် ခဲ့ကြရပါသည်။ အခြားကမ္ဘာမှအပြစ်ကင်းသောသူများသည် စာတန်ဖေါက်ပြန်မှု ၏ရလဒ်ကိုလည်းကောင်း အကယ်၍၎င်းအာဏာရသွားလျှင် ကောင်းကင် နိုင်ငံတော်တွင် ၎င်းတည်ထောင်မည့်အုပ်ချုပ်မှုစနစ်မျိုးကိုလည်းကောင်း မြင်တွေ့ခဲ့ကြရပါသည်။

စာတန်သည် လူသားများအား ပညတ်တော်ဆယ်ပါးမှဒုတိယပညတ် ကိုကျူးလွန်စေခြင်းအားဖြင့် ဘုရားသခင်နှင့်ပတ်သက်သောအတွေးအခေါ်များကို နိမ့်ကျသွားအောင်လုပ်ပစ်ရန် ရည်မှန်းထားခဲ့ပါသည်။ စတုတ္ထပညတ်ကို ဘေးဖယ်ထားစေခြင်းအားဖြင့် သူသည် လူသားများအား ဘုရားသခင်ကို လုံးလုံးမေ့ပျောက်စေခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ဖန်ဆင်းရှင်ဖြစ်၍ ဝေနေယျသတ္တဝါအပေါင်းတို့သည် ကိုယ်တော်ရှင်၏တန်ခိုးတော်ကြောင့်

ဖြစ်ပေါ်လာကြသောကြောင့် မယုံကြည်သူများ၏ဘုရားများကိုမကိုးကွယ်ကြဘဲ မိမိတစ်ပါးတည်းကိုသာရိုသေဝတ်ပြုကြရန် ထာဝရဘုရားသခင်တောင်းဆိုခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို သမ္မာကျမ်းစာတော်မြတ်တွင်ဖေါ်ပြထားပါသည်။ "ထာဝရဘုရားသခင်မူကား မှန်သောဘုရားသခင်၊ အသက်ရှင်သောဘုရားသခင်၊ နိစ္စထာဝရဘုရားသခင်ဖြစ်တော်မူ၏။ ကောင်းကင်နှင့်မြေကြီးကိုမဖန်ဆင်းသောဘုရားသခင်တို့သည် ဤကောင်းကင်အောက်၊ ဤမြေကြီးပြင်မှကွယ်ပျောက်ကြလိမ့်မည်။ ထာဝရဘုရားသခင်သည် တန်ခိုးတော်အားဖြင့် မြေကြီးကိုဖန်ဆင်းတော်မူပြီ၊ ပညတ်တော်အားဖြင့် လောကဓါတ်ကိုတည်တော်မူပြီ၊ ဥာဏ်တော်အားဖြင့် မိုးကောင်းကင်ကြက်တော်မူပြီ" ဟူ၍လည်းကောင်း၊ "လူမည်သည်ကား မိမိဥာဏ်အားဖြင့် တိရစ္ဆာန်ကဲ့သို့ဖြစ်၏။ ရုပ်တုကိုသွန်းသောသူတိုင်း မိမိလုပ်သောရုပ်တုအားဖြင့် မှောက်မှားလျက်ရှိ၏။ အကြောင်းမူကား သွန်းသောရုပ်တုသည် မုသားဖြစ်၏။ သူ၌လည်းထွက်သက်ဝင်သက်မရှိ၊ ထိုသို့သောအရာတို့သည် အချည်းနှီးသက်သက်ဖြစ်ကြ၏။ လှည့်စားတတ်သောအရာဖြစ်ကြ၏။ စစ်ကြောခြင်းကိုခံရသည်ကာလ၌ကွယ်ပျောက်ကြလိမ့်မည်။ ယာကုပ်အမျိုး၏အဖို့သည် ထိုသို့သောအရာနှင့်တူတော်မမူ။ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းသောဘုရားသခင်ဖြစ်တော်မူ၏" ဟူ၍လည်းကောင်း၊ ပုရောဖက်ယေရမိကဖွင့်ဆိုထားပါသည်။ ဘုရားသခင်၏ဖန်ဆင်းခြင်းတန်ခိုးကိုသတိရစေသည့် အထိမ်းအမှတ်တစ်ခုဖြစ်သော ဥပုသ်နေ့သည် ကိုယ်တော်အား ကောင်းကင်နှင့်မြေကြီး၏ဖန်ဆင်းရှင်အဖြစ်ပြညွှန်ပါသည်။ ထိုကြောင့်ဥပုသ်နေ့သည် ကိုယ်တော်ရှင်ရှိတော်မူခြင်းအတွက် ခိုင်မြဲသောသက်သေခံတစ်ခုဖြစ်ရုံသာမက ကိုယ်တော်၏ကြီးမြတ်မှု၊ ကိုယ်တော်၏ဥာဏ်တော်နှင့်ကိုယ်တော်၏မေတ္တာတော်များကိုအမှတ်ရစေသည့် သက်သေခံတစ်ခုလည်းဖြစ်ပါသည်။ ဥပုသ်တော်နေ့ကို အစဉ်ထာဝရသန့်ရှင်းစွာစောင့်ထိန်းခဲ့မည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ဘုရားသခင်မဲ့ဝါဒသမားတစ်ဦး (ဝါ) ရုပ်တုကိုးကွယ်သူတစ်ဦးလုံးဝမဖြစ်နိုင်ပါတော့ချေ။

ဧဒင်ဥယျာဉ်မှအစပြုခဲ့သောဥပုသ်နေ့သည် ကမ္ဘာကြီး၏သက်တမ်းနှင့်အမျှကြီးရင့်ပါသည်။ ဥပုသ်နေ့ကိုဖန်ဆင်းသောအချိန်မှစ၍ ရှေးဘိုးဘေး



များအားလုံးက စောင့်ထိန်းခဲ့ကြပါသည်။ အဲဂုတ္တုပြည်တွင် ကျွန်ခံရစဉ်အတောအတွင်း အလုပ်ကြပ်များက ဣသရေလများအား ဥပုသ်နေ့ကိုချိုးဖေါက်ရန် အတင်းအကျပ်ခိုင်းစေခဲ့ကြသဖြင့် ဥပုသ်နေ့၏သန့်ရှင်းမှုနှင့်ပတ်သက်သည့်အသိစိတ်များကို များစွာဆုံးရှုံးခဲ့ကြပါသည်။ သိနာတောင်တွင်ပညတ်တော်ကိုမိန့်တော်မူစဉ်က "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကိုအောက်မေ့ကြလော့" ဟူ၍ စတုတ္ထပညတ်ကိုအစပျိုးခဲ့သောစကားလုံးများသည် သိနာတောင်ရောက်မှ ဥပုသ်နေ့ကိုစတင်တည်ထောင်ခြင်းမဟုတ်ကြောင်းဖေါ်ပြကာ ဖန်ဆင်းခြင်းအချိန်တွင်အစပြုခဲ့ကြောင်း ကျွန်ုပ်တို့အား ညွှန်ပြနေပါသည်။ ဘုရားသခင်ကို လူသားများ၏စိတ်ထဲမှပယ်ဖျက်ပစ်ရန်အလို့ငှာ စာတန်သည် ဤမဟာအထိမ်းအမှတ်ကြီးကိုချေဖျက်ပစ်ရန် ရည်မှန်းခဲ့ပါသည်။ အကယ်၍စာတန်သည် လူသားများအားဖန်ဆင်းရှင်ကိုမေ့ပျောက်သွားအောင်လုပ်နိုင်ခဲ့လျှင် ၎င်းတို့သည် ဒုစရိုက်၏တန်ခိုးကိုတားဆီးရန် ကြိုးစားကြတော့မည်မဟုတ်ဘဲ စာတန်အနေဖြင့်လည်း ထိုသားကောင်အတွက် စိတ်ချလက်ချဖြစ်သွားပေလိမ့်မည်။

ထာဝရဘုရားသခင်၏ပညတ်တော်အပေါ်တွင်ထားရှိသော စာတန်၏ရန်ငြိုးသည် ပညတ်တော်တွင်ပါဝင်သည့်ပညတ်ချက်တိုင်းကိုတိုက်လှန်ရန်သူ့အားစေ့ဆော်နေပါသည်။ ဝေနေယျသတ္တဝါအပေါင်းတို့၏အဘဖြစ်သောထာဝရဘုရားသခင်ကိုချစ်ခြင်းနှင့်သစ္စာစောင့်သိခြင်းဆိုင်ရာမဟာစည်းမျဉ်းများသည် သားသမီးများပြုရမည့်ချစ်ခြင်း၊ နာခံခြင်းဆိုင်ရာစည်းမျဉ်းများနှင့်နီးကပ်စွာဆက်နွယ်နေပါသည်။ မိဘများ၏အာဏာကိုမထီမဲ့မြင်ပြုခြင်းသည် ဘုရားသခင်၏အာဏာတော်ကိုမထီမဲ့မြင်ပြုရန်ပို့ဆောင်ပါသည်။ ထိုကြောင့် ပဉ္စမပညတ်ချက်ဆိုင်ရာပြုရမည့်ဝတ်များကိုအားနည်းသွားရန် စာတန်ကြိုးစားခဲ့ပါသည်။ မယုံကြည်သူလူများအကြားတွင် ဤပညတ်တွင်ပြဋ္ဌာန်းထားသည့်စည်းမျဉ်းများကို အနည်းအကျဉ်းမျှသာလိုက်နာခဲ့ကြပါသည်။ နိုင်ငံအတော်များများတွင် မိမိဖါသာလုပ်ကိုင်စားသောက်နိုင်ခြင်းမရှိသည့်မိဘများကိုသားသမီးများကစွန့်ပစ်ထားကြပါသည်။ သို့တည်းမဟုတ်၊ သတ်ဖြတ်ပစ်ကြ

ပါသည်။ မိသားစုထဲတွင် မိခင်အားမရှိမသေဆက်ဆံခဲ့ကြပြီး ဖခင်ဆုံးပါးသွားသည်နှင့်တစ်ပြိုင်နက် သူမသည် သားအကြီးဆုံး၏စကားကိုနာခံရပါတော့သည်။ မောရှေသည် သားသမီးဝတ်ကိုပြဋ္ဌာန်းခဲ့သော်လည်း ဣသရေလများသည် ဘုရားသခင်ထံမှဝေးကွာသွားသည်နှင့်အမျှ ပဉ္စမပညတ်အပါအဝင် အခြားပညတ်ချက်များကို ဂရုမထားကြတော့ချေ။

စာတန်သည် ရှေးဦးစွာမှစ၍ လူ့အသက်ကိုသတ်သောသူဖြစ်ရာ လူသားများအပေါ်အုပ်စိုးခွင့်ရလျှင်ရချင်း သူသည် ၎င်းတို့အားတစ်ဦးနှင့်တစ်ဦး မုန်းတီးသတ်ဖြတ်ကြရန် လှုံ့ဆော်ပေးရုံသာမက ဘုရားသခင်၏အာဏာတော်ကိုပုံ၍ရဲတင်းစွာအန်တုရန်လှုံ့ဆော်ခဲ့ပါသည်။ ၎င်းပြင်သူသည် ဆဋ္ဌမပညတ်ချက်လွန်ကျူးခြင်းကို ၎င်းတို့၏ဘာသာအယူဝါဒ၏ကဏ္ဍတစ်ခုအဖြစ် မှတ်ယူလာအောင်လုပ်ဆောင်ခဲ့ပါသည်။

ဘုရားသခင်၏ကြန်အင်လက္ခဏာများကို အမြင်လွဲခဲ့ခြင်းကြောင့် ၎င်းတို့၏ဘုရားသခင်များထံမှ မျက်နှာသာပေးမှုကိုရရှိရန် လူကိုယဇ်ပူဇော်ခြင်းသည် အမှန်တကယ်လိုအပ်သောအရာဖြစ်သည်ဟု မယုံကြည်သူလူများအား သူယုံကြည်စေခဲ့ရာ အလွန့်အလွန်စက်ဆုပ်စရာကောင်းသည့်ရက်စက်မှုများကို ရုပ်တုကိုးကွယ်သည့်ပုံစံအမျိုးမျိုးအောက်တွင် ကြောက်ခမန်းလိလိကျင့်သုံးခဲ့ကြပါသည်။ ထိုအရာများထဲမှအဆိုးဆုံးအရာတစ်ခုမှာ မိမိတို့၏ရင်သွေးငယ်များကို မီးထဲမှဖြတ်၍ ရုပ်တုဆီသို့သွားစေခြင်းပင်ဖြစ်ပါသည်။ မီးထဲမှဖြတ်သွားခဲ့သောသူများသည် ဒဏ်ရာအနာတရမရရှိခဲ့လျှင် ၎င်းတို့၏ပူဇော်မှုသည် လက်ခံခြင်းခံရပြီဟု ယုံကြည်ခဲ့ကြပါသည်။ ၎င်းပြင် ထိုကဲ့သို့မီးထဲမှကျော်ဖြတ်လာခဲ့သူများကို ထိုဘုရားသခင်များ၏အထူးမျက်နှာသာပေးခြင်းခံရသူများအဖြစ် မှတ်ယူကြကာ ကောင်းကျိုးချမ်းသာများနှင့်ပြည့်ဝစေခဲ့ပါသည်။ နောက်ပိုင်းတွင်လည်း ထိုသူများသည် အလေးအမြတ်ပြုခြင်းခံရကာ သူကျူးလွန်ခဲ့သောရာဇဝတ်ပြစ်မှုများသည် မည်မျှပင်ဆိုးရွားစေကာမူ မည်သည့်အခါမျှပြစ်ဒဏ်စီရင်ခြင်းမခံရချေ။ သို့ရာတွင် တစ်ဦးတစ်ယောက်သည် မီးထဲတွင်ဖြတ်၍သွားစဉ် မီးလောင်ခံခဲ့ရပါက ၎င်း၏ကံကြမ္မာသည် တံဆိပ်ခတ်ခြင်းခံရချေပြီ။



ထိုသားကောင်၏အသက်ကိုပူဇော်ခြင်းအားဖြင့်သာ ထိုဘုရားသခင်များ၏အမျက်ကိုပြေစေနိုင်မည်ဟုယုံကြည်ကာ ထိုသူသည် ယဇ်ကောင်အဖြစ်အပူဇော်ခံခဲ့ရပါသည်။ အယူဝါဒဖေါက်ပြန်မှုကြီးထွားသည့်အချိန်များတွင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့်ထိုလုပ်ဆောင်မှုသည် ရေပန်းစားခဲ့ကာ အချို့ဣသရေလများသည်ပင် အတော်အတန်ကျင့်သုံးခဲ့ကြပါသည်။

သတ္တမပညတ်ကိုလည်း ဘာသာရေးအခွင့်အာဏာများကိုသုံးလျက်ရှေးခေတ်အချိန်မှစ၍ ကျူးလွန်ခဲ့ကြပါသည်။ တရားလွန်ကာမဂုဏ်ခံစားမှုနှင့်စက်ဆုပ်ရွံရှာဖွယ်ရာအခမ်းအနားကို မယုံကြည်သူဝတ်ပြုကိုးကွယ်မှုများ၏အခန်းကဏ္ဍတစ်ခုဖြစ်စေခဲ့ကြပါသည်။ ထိုဘုရားသခင်များကိုယ်တိုင်က မသန့်ရှင်းသောအရာများအဖြစ် ရုပ်လုံးဖေါ်ခြင်းခံထားရသဖြင့် ၎င်းတို့အားကိုးကွယ်သူများသည် ယုတ်ညံ့သောကာမဂုဏ်ခံစားမှုကို ကြိုက်သလိုခံစားခဲ့ကြပါသည်။ အလွန်ထူးဆန်းသည့်အကျင့်ဖေါက်ပြန်မှုများခေတ်စားလာခဲ့ပါသည်။ ဘာသာရေးပွဲများသည် လူအများလုပ်ဆောင်သည့်ဖြောင်ကျသော မသန့်ရှင်းမှုများနှင့်ပေါ်လွင်နေခဲ့ပါသည်။

ရှေးယခင်မှစ၍ မယားအများယူသည့်ဝါဒကိုကျင့်သုံးခဲ့ကြပါသည်။ ဤပြစ်မှုသည် ရေမလွှမ်းမိုးမီအချိန်က လူများအပေါ် ဘုရားသခင်၏အမျက်တော်ကျရောက်စေသည့်ပြစ်မှုများတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့ပါသည်။ ရေလွှမ်းမိုးပြီးသည့်အချိန်တွင်လည်း ထိုဝါဒသည် တစ်ဖန်ပျံ့နှံ့ခေတ်စားခဲ့ပြန်ပါသည်။ စာတန်သည် အိမ်ထောင်ပြုခြင်းအပေါ်ထားရှိသည့်သဘောထားကို သွေဖည်သွားအောင်၊ အိမ်ထောင်သည်ဝတ်များကိုအားနည်းသွားအောင် အိမ်ထောင်၏သန့်ရှင်းစင်ကြယ်မှုကိုလျော့နည်းသွားအောင် လေ့လာကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ အကြောင်းမှာ အခြားမည်သည့်နည်းမျှ ဤနည်းလောက်လူသားများတွင်ရှိသောဘုရားသခင်၏ပုံသဏ္ဌာန်တော်ကိုဖျက်ဆီးကာ ဒုက္ခဆင်းရဲခြင်းများနှင့်စာရိတ္တဖေါက်ပြန်မှုများအတွက် တံခါးဖွင့်မပေးနိုင်ပါချေ။

မဟာတိုက်လုပ်ပွဲကြီးစတင်ခဲ့သည့်အချိန်မှစ၍ စာတန်၏အကြံမှာ ဘုရားသခင်၏စာရိတ္တတော်ကိုမှားယွင်းစွာရုပ်လုံးဖေါ်ရန်နှင့် ပညတ်တော်ကို

ဆန့်ကျင်ဖို့လှုံ့ဆော်ရန်တို့ဖြစ်ရာ ဤအကြံအစည်သည်လည်း အောင်ပွဲဆင်နေသယောင်ဖြစ်နေပါသည်။ လူအများစုသည် စာတန်၏လိမ်ညာလှည့်ဖြားမှုကိုယုံကြည်နားထောင်ခဲ့ကြပြီး ထာဝရဘုရားသခင်ကိုဆန့်ကျင်ခဲ့ကြပါသည်။ သို့ရာတွင် ထိုကဲ့သို့လုပ်ဆောင်နေသည့်ကြားထဲ၌ပင် ထာဝရဘုရားသခင်၏အကြံတော်သည် ဖြည်းဖြည်းချင်းပြီးမြောက်ပြည့်စုံလျက်ရှိကာ အသိဉာဏ်ရှိသောသတ္တဝါတိုင်းအား မိမိ၏ဖြောင့်မှန်ခြင်းနှင့်ကျေးဇူးပြုခြင်းများကိုသိသာအောင် လုပ်ဆောင်လျက်ရှိပါသည်။ စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းအားဖြင့် လူအပေါင်းတို့သည် ပညတ်တော်လွန်ကျူးသူများဖြစ်လာခဲ့ကြသော်လည်း သားတော်ဘုရားသခင်၏အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင်ထံသို့ ပြန်သွားနိုင်သည့်လမ်းတစ်ခုပွင့်သွားခဲ့ပါသည်။ လူအပေါင်းတို့သည် ခရစ်တော်၏ကျေးဇူးတော်အားဖြင့် အဘခမည်းတော်၏ပညတ်တော်ကိုနားထောင်လိုက်လျှောက်နိုင်စွမ်းရှိလာခဲ့ကြပါသည်။ ထိုသို့နည်းအားဖြင့် ဘုရားသခင်သည် ခေတ်အဆက်ဆက်ဖြစ်ပွားခဲ့သောအယူဝါဒဖောက်ပြန်မှုနှင့် ဘုရားသခင်အားဆန့်ကျင်အန်တုမှုများအလယ်တွင် ကိုယ်တော်၌သစ္စာရှိသောသူများကို စုရုံးတော်မူခဲ့ပါသည်။ ထိုသူများသည် တရားတော်ကိုနှလုံးသွင်းမိသောသူများဖြစ်ကြပါသည်။

စာတန်သည် လိမ်လည်လှည့်ဖြားမှုအားဖြင့် ကောင်းကင်တမန်များကိုသွေးဆောင်ဖြားယောင်းခဲ့ပါသည်။ ဤနည်းကိုအသုံးပြုကာ သူသည် မိမိ၏လုပ်ဆောင်မှုများကို ခေတ်အဆက်ဆက်အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုဝါဒကို ကမ္ဘာဆုံးတိုင်အောင်သူဆက်လက်ကျင့်သုံးပါလိမ့်မည်။ အကယ်၍သူသည် ဘုရားသခင်နှင့်ကိုယ်တော်၏ပညတ်တော်ကိုတိုက်ခိုက်နေကြောင်း ဖြောင်ကျကျပြောဆိုခဲ့လျှင် လူအများက သတိထားလာကြမည်ဖြစ်ပါသည်။ သို့သော်သူသည် မိမိကိုယ်ကိုရုပ်ဖျက်ကာ အမှားကိုအမှန်နှင့်ရော၍ ပြောဆိုလုပ်ဆောင်ခဲ့ပါသည်။ အန္တရာယ်အကြီးမားဆုံးလိမ်ညာမှုသည် အမှန်တရားများနှင့်ရောယှက်ထားသောလိမ်ညာမှုပင်ဖြစ်ပါသည်။ ဤနည်းအားဖြင့် အသက်ဝိညာဉ်များသည်အညှိုးခံရပြီး ပျက်စီးခြင်းသို့ပို့ဆောင်နိုင်သည့် မှားယွင်းမှုများကို



လက်ခံကြရပါသည်။ စာတန်သည် ဤနည်းကိုအသုံးပြုကာ ကမ္ဘာကြီးအားမိမိနှင့်အတူဆောင်ယူသွားပါသည်။ သို့ရာတွင် ၎င်း၏အောင်ပွဲဆင်မှုထာဝရအဆုံးသတ်သွားမည့်နေ့တစ်နေ့သည် ရောက်ရှိလာတော့မည်ဖြစ်ပါသည်။

မိမိအားအန်တုဆန့်ကျင်မှုများအပေါ် ထာဝရဘုရားသခင်၏ပြုမူလုပ်ဆောင်မှုသည် အချိန်ကြာမြင့်စွာပုန်းလျှိုးကွယ်လျှိုးလုပ်ဆောင်နေသည့်အမှုကြီးကို လုံးလုံးဇာတိရုပ်ပေါ်လာစေပါလိမ့်မည်။ စာတန်အုပ်စိုးမှု၏အကျိုးဆက်များနှင့် ဘုရားသခင်၏တရားတော်များကိုဘေးဖယ်ထားခြင်း၏ရလဒ်များသည် ဝေနေယျသတ္တဝါများရှေ့မှောက်တွင် ထင်ထင်ရှားရှားပေါ်ထွက်လာပါလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်သည် အပြစ်မရှိကြောင်းထင်ရှင်းစွာဖြင့်ရပ်တည်နေပါလိမ့်မည်။ ဘုရားသခင်၏ပြုမူဆောင်ရွက်တော်မူသမျှသည် ကိုယ်တော်ရှင်ဖန်ဆင်းခဲ့သောလူသားများနှင့်တကွ အခြားကမ္ဘာအားလုံး၏ထာဝရအကျိုးကိုရည်ဆောင်၍ လုပ်ဆောင်တော်မူခဲ့ခြင်းဖြစ်ကြောင်း တွေ့မြင်ကြရပါလိမ့်မည်။ စာတန်ကိုယ်တိုင်လည်း စကြဝဠာကြီး၏ရှေ့တွင် ဘုရားသခင်၏အုပ်စိုးမှုသည် တရားမျှတကြောင်း၊ ကိုယ်တော်၏ပညတ်တော်သည်ဖြောင့်မတ်ကြောင်း ဝန်ခံပါလိမ့်မည်။

ထာဝရဘုရားသခင်က စာတန်၏စော်ကားသည့်လုပ်ရပ်များကိုထင်ရှားစေမည့်အချိန်သည်မဝေးတော့ပြီ။ "ထာဝရဘုရားသခင်သည် မြေကြီးသားတို့ကို သူတို့ဒုစရိုက်ကြောင့်အပြစ်ပေးလိုသောငှာ မိမိအရပ်ဌာနထဲကထွက်တော်မူ၏။" "လာတော်မူသောနေ့ရက်ကို အဘယ်သူသည် မတိမ်းမရှောင်ဘဲနေလိမ့်မည်နည်း၊ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည်ခံရပ်လိမ့်မည်နည်း။" ပညတ်တော်ဆယ်ပါးကိုမြွက်ဆိုရန် သိနာတောင်ပေါ်သို့ထာဝရဘုရားသခင်ဆင်းကြွလာတော့မည့်အချိန်တွင် ကိုယ်တော်၏အလင်းရောင်တော်ကြောင့် ၎င်းတို့သည် လောင်ကျွမ်းသေဆုံးကုန်မည်စိုးသဖြင့် အပြစ်များသောထိုလူ့သရေလများကို ထိုတောင်သို့မချဉ်းကပ်ကြရန်တားမြစ်တော်မူ၏။ ထာဝရဘုရားသခင်၏ပညတ်တော်ကိုဖွင့်ဆိုရန် ရွေးချယ်ခြင်းခံရသည့်ထိုနေရာမှာ ထိုမျှဘုန်းတော်ထွန်းလင်းနေမည်ဆိုလျှင် ဤပညတ်တော်များနှင့်အညီ

ပြစ်ဒဏ်စီရင်ရန် ကြွလာမည့်အချိန်တွင် ကိုယ်တော်ရှင်၏တရားခွင်သည် အလွန်ကြောက်လန့်ဖွယ်ရာကောင်းလိမ့်မည်ဖြစ်ပါသည်။ ကိုယ်တော်၏ ပညတ်တော်ကိုနင်းချေခဲ့သူများသည် အကျိုးအပြစ်ဆပ်ပေးရာ နောက်ဆုံးသောနေ့ရက်ကြီးတွင် ဘုရားသခင်၏အလင်းရောင်ကို မည်ကဲ့သို့ခံရပ်နိုင်ကြမည်နည်း။ သိနာတောင်မှကြောက်လန့်ဖွယ်မြင်ကွင်းသည် ထိုသူများအား တရားစီရင်ခြင်းမြင်ကွင်းများကို ရုပ်လုံးဖော်ပြရန်ဖြစ်ပါသည်။ ထိုတောင်တွင် ဘုရားသခင်နှင့်ဖူးတွေ့ရန် တံပိုးခရာသံများအားဖြင့် ဣသရေလများအား ဆင့်ခေါ်ခဲ့သကဲ့သို့ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးသံများအားဖြင့် တစ်ကမ္ဘာလုံးရှိအသက်ရှင်နေသူများနှင့်တကွ ခရစ်တော်၌ အိပ်ပျော်နေသူအပေါင်းတို့ကို တရားစီရင်မည့်ကိုယ်တော်ရှင်၏ရှေ့တော်မှောက်သို့တိုးဝင်ခစားကြရန် ဆင့်ခေါ်ပါလိမ့်မည်။ ခမည်းတော်ဘုရားသခင်နှင့် သားတော်ဘုရားသခင်သည် ကောင်းကင်တမန်များခြံရံလျက် ထိုတောင်ပေါ်တွင်ရှိနေတော်မူခဲ့ပါသည်။ ထိုနည်းအတူ တရားစီရင်ရာနေ့ရက်ကြီးတွင် ခရစ်တော်သည် "မိမိအဘခမည်းတော်၏ဘုန်းအာနုဘော်ကိုဆောင်လျက် ကောင်းကင်တမန်အခြံအရံတို့နှင့်တကွ ကြွလာတော်မူလတ္တံ့။" ထိုအချိန်တွင် ကိုယ်တော်သည် ဘုန်းတော်ပလ္လင်ပေါ်တွင်ထိုင်တော်မူစဉ် လူမျိုးအပေါင်းတို့သည်စုရုံးကာ ရှေ့တော်တွင်ခစားကြပါလိမ့်မည်။

ထာဝရဘုရားသခင်သည် သိနာတောင်ပေါ်တွင်ရောက်ရှိနေသောအချိန်တွင် ကိုယ်တော်၏အလင်းရောင်သည် ဣသရေလများ၏မြင်ကွင်းတွင် လောင်သောမီးကဲ့သို့ဖြစ်ခဲ့ပါသည်။ ထိုနည်းအတူ ခရစ်တော်သည် ကောင်းကင်တမန်များခြံရံလျက် ဘုန်းတော်နှင့်ကြွလာသောအချိန်တွင် ဤကမ္ဘာကြီးတစ်ခုလုံးသည် ကိုယ်တော်ရှင်၏အလင်းရောင်ကြောင့် ထိန်ထိန်လင်းလျက်ရှိနေပါလိမ့်မည်။ "ငါတို့ဘုရားသခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာနေတော်မမူ။ ရှေ့တော်၌မီးလောင်လျက် ပတ်ဝန်းကျင်၌မိုးသက်မုန်တိုင်းပြင်းပြလျက်ရှိ၏။ မိမိလူတို့ကိုစစ်ကြောစီရင်ခြင်းအလိုငှာ အထက်ကောင်းကင်ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်း ခေါ်တော်မူ၏။ ကိုယ်တော်ရှင်၏



ရှေ့တော်မှ မီးရောင်ခြည်တစ်ခုထွက်လာကာ လောကဓါတ်တို့သည် ပူအားကြီး၍ အရည်ပျော်ကြလိမ့်မည်။ ကမ္ဘာကြီးနှင့်တကွ ကမ္ဘာပေါ်၌ရှိသောအရာအားလုံးသည်လည်း ထိုအလင်းရောင်ကြောင့် လောင်ကျွမ်းကုန်ကြလိမ့်မည်။ "သခင်ယေရှုသည် တန်ခိုးရှိသောကောင်းကင်တမန်တို့နှင့်အတူ ကောင်းကင်ဘုံကပေါ်ထွန်းတော်မူ၍ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကိုနားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူမည်။"

လူသားများကိုဖန်ဆင်းပြီးသည့်အချိန်မှစ၍ ပညတ်တော်ကို သိနာတောင်ပေါ်မှကြေညာမြွက်ဆိုသောအချိန်၌ ထင်ရှားခဲ့သည့်ဘုရားသခင်၏တန်ခိုးတော်မျိုးကို မည်သူမျှမမြင်ဖူးခဲ့ကြချေ။ "ဘုရားသခင်၏မျက်နှာတော်ကြောင့် မြေကြီးလှုပ်၍ မိုးကောင်းကင်သည် ယိုစီးလေ၏။ ဣသရေလအမျိုး၏ဘုရားသခင်မျက်နှာတော်ကြောင့် သိနာတောင်သည်လည်း တုန်လှုပ်၏။" လောကဓါတ်တစ်ခုလုံးသည် ကြောက်စရာကောင်းအောင်တုန်လှုပ်နေသောအချိန်တွင် တိမ်တိုက်ထဲမှထွက်ပေါ်လာသည့် တံပိုးခရာသံကဲ့သို့သောဘုရားသခင်၏အသံတော်ကိုကြားခဲ့ရပါသည်။ သိနာတောင်ကြီးသည် တောင်ခြေရင်းမှတောင်ထိပ်တိုင်တုန်လှုပ်နေသောကြောင့် ကြောက်ရွံ့ချောက်ချားနေသောဣသရေလလူထုကြီးသည် ပျပ်ဝပ်နေကြပါသည်။ ထိုစဉ်တွင် "ယခုတစ်ဖန် ငါသည်မြေကြီးနှင့်ကောင်းကင်ကိုလှုပ်ဦးမည်" ဟုကမ္ဘာကြီးကို တုန်ခါသွားစေသည့်အသံတော်ဖြင့် ကိုယ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ "ထာဝရဘုရားသခင်သည် မြင့်သောအရပ်ကကြွေးကြော်တော်မူမည်။ သန့်ရှင်းသောဘုံဗိမာန်တော်ကအသံကိုလွှင့်တော်မူမည်။" "မိုးကောင်းကင်နှင့်မြေကြီးသည် တုန်လှုပ်လိမ့်မည်" ဟူ၍ ပုရောဖက်များကလည်းဖွင့်ဆိုထားပါသည်။ ရောက်လာတော့မည့်ထိုနေ့ကြီးတွင် "မိုးကောင်းကင်သည် စာလိပ်ကဲ့သို့လွင့်သွားလိမ့်မည်။" တောင်များ၊ ကျွန်းများတို့သည်လည်း မိမိနေရာမှရွေ့ကြလိမ့်မည်။ "ပြည်တော်သည် ယစ်မူးသောသူကဲ့သို့ တလူးလည်လည်ရှိ၏။ ပုခက်ကဲ့သို့လှုပ်ရှား၏။ မိမိအပြစ်သည် မိမိအပေါ်မှာလေးသဖြင့် ပြည်တော်သည်လဲလိမ့်မည်။ နောက်တစ်ဖန်မထရ။"

"ထိုကြောင့်ရှိသမျှသောလက်တို့သည် ကျကြလိမ့်မည်။ လူအပေါင်းတို့၏မျက်နှာသည် မီးလျှံအဆင်းရှိလိမ့်မည်။" လူအပေါင်းတို့သည် စိတ်ပျက်၍ ကြောက်လန့်ခြင်းသို့ရောက်ကြလိမ့်မည်။ နာခြင်းဝေဒနာအမျိုးမျိုးကိုခံရကြလိမ့်မည်။" "ဤလောကီနိုင်ငံ၏အပြစ်ကိုလည်းကောင်း၊ မတရားသောသူတို့၏ ဒုစရိုက်များကိုလည်းကောင်း စစ်ကြောမည်။ မာနကြီးသောသူတို့၏ထောင်လွှားခြင်းကို ငါနှိပ်စက်၍ ကြမ်းကြုတ်သောသူတို့၏စော်ကားခြင်းကို ငါနှိမ့်ချမည်" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။

မောရှေသည် သက်သေခံကျောက်ပြားများကို မိမိလက်ခံရယူခဲ့သောသိနာတောင်ပေါ်ရှိ ဘုရားသခင်၏ရှေ့တော်မှဆင်းလာသောအခါ အပြစ်ကျူးလွန်ခဲ့ကြသောဣသရေလများသည် ၎င်း၏မျက်နှာထက်ဝယ်ထွန်းတောက်နေသောအလင်းရောင်ကိုကြည့်နိုင်စွမ်းမရှိခဲ့ကြချေ။ ကိုယ်တော်ရှင်ပြုတော်မူခဲ့သောအပြစ်ဖြေခြင်းကို ငြင်းပယ်ခဲ့သူများနှင့် ပညတ်တော်ကိုလွန်ကျူးခဲ့သူများအား တရားစီရင်ရန်အတွက် ကောင်းကင်တမန်များခြံရံလျက် ခမည်းတော်ကြွလာတော်မူသောအခါ သားတော်ဘုရားသခင်အား ပညတ်တော်လွန်ကျူးသူများသည် ထိုနည်းနှင်နှင်ကြည့်နိုင်စွမ်းရှိကြလိမ့်မည်မဟုတ်ချေ။ ဘုရားသခင်၏ပညတ်တော်ကို ဂရုမထားခဲ့သူများ၊ ခရစ်တော်၏အသွေးတော်မြတ်ကို မထီမဲ့မြင်ပြုခဲ့ကြသူများ၊ "လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များ" တို့သည် မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာရှိသောကျောက်များ၌လည်းကောင်း ပုန်းရှောင်လျက်နေကာ ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက် ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့် သိုးသငယ်၏အမျက်တော်ကိုကွယ်ကာ၍ ငါတို့ကိုဖုံးအုပ်ကြပါ။ အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်း" ဟုပြောဆိုကြ၏။ "ထိုကာလ၌လူတို့သည် မိမိတို့ကိုးကွယ်ဖို့ မိမိတို့လုပ်ဖူးသောငွေရုပ်တု၊ ရွှေရုပ်တုတို့ကို ပွေးများ၊ လင်းနို့များ၌ပစ်ထားကြလိမ့်မည်။ ထာဝရဘုရားသခင်သည် မြေကြီးကိုချောက်လှန့်အံ့သောငှာ ထတော်မူသောအခါ ထိုဘုရားသခင်ကို





ကြောက်လန့်မှုအရှိန်၊ ဘုန်းတန်ခိုးအရှိန်ကြောင့် ကျောက်တွင်း၊ ချောက်ကြားထဲသို့ပြေးဝင်ကြလိမ့်မည်။"

ဘုရားသခင်ကိုဆန့်ကျင်အန်တုခြင်းကြောင့် စာတန်နှင့်တကွ သူ၌တပည့်ခံသူအပေါင်းတို့သည် ပျက်စီးဆုံးရှုံးခဲ့ရသည်ကို ဤတွင်တွေ့မြင်ရပါလိမ့်မည်။ ပညတ်တော်ကိုမစောင့်လျှင် အကျိုးရှိသည်ဟုသူထုတ်ဖော်ခဲ့ဖူးသော်လည်း အပြစ်၏အဖိုးအခသည် သေခြင်းဖြစ်ကြောင်းကို ထိုအချိန်တွင်တွေ့မြင်ရပါလိမ့်မည်။ "မီးဖို၌မီးလောင်သကဲ့သို့ လောင်သောနေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသောသူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည်လောင်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်မိန့်တော်မူ၏။ အပြစ်၏အရင်းအမြစ်ဖြစ်သောစာတန်နှင့်တကွ ကိုင်းဖျားကိုင်းနားများဖြစ်ကြသော ဒုစရိုက်သားအားလုံးသည် အစအနမကျန်အောင်ဖျက်ဆီးခြင်းခံရလိမ့်မည်။ အပြစ်နှင့်တကွ အပြစ်ကြောင့်ဖြစ်ပေါ်ခဲ့သည့်ဆိုးကျိုးများနှင့်ဆုံးရှုံးမှုများအားလုံးသည် အဆုံးသို့ပို့ဆောင်ခြင်းခံရလိမ့်မည်။ "ဆိုးသောသူတို့ကိုဖျက်ဆီး၍ သူတို့နာမကိုကာလအစဉ်အဆက်ချေဖျက်တော်မူပြီ။ ရန်သူတို့သည် အကုန်အစင်ပျက်စီးခြင်းသို့ရောက်ကြပါပြီ" ဟုဆာလံဆရာကမြွက်ဆိုထားပါသည်။

ဘုရားသခင်၏သားသမီးများသည် ဘုရားသခင်၏တရားစီရင်မှုများအလယ်တွင် ကြောက်ရွံ့စိုးရိမ်စရာအကြောင်းတစ်စုံတစ်ရာရှိလိမ့်မည်မဟုတ်ချေ။ "ထာဝရဘုရားသခင်သည် မိမိလူတို့၏ခိုလှုံရာ ဣသရေအမျိုးသားတို့၏အစွမ်းသတ္တိဖြစ်တော်မူလိမ့်မည်။" ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးသူများအတွက် ကြောက်လန့်ခြင်း၊ ပျက်စီးခြင်းများကိုဖြစ်စေသော ထိုနေ့ရက်ကြီးသည် တရားတော်ကိုနားထောင်လိုက်လျှောက်သူများအတွက် "ဘုန်းအသရေနှင့်စပ်ဆိုင်သော ပြော၍မမီနိုင်သောရွှင်လန်းစိတ်နှင့်ဝမ်းမြောက်ကြ၏။" "ငါနှင့်ပဋိညာဉ်ဖွဲ့သော ငါ၏သန့်ရှင်းသူတို့ကို ငါ့ထံသို့စုဝေးစေကြ။ ဘုရားသခင်သည် ကိုယ်တော်တိုင်တရားဆုံးဖြတ်တော်မူသည်ဖြစ်၍ ဖြောင့်မတ်တော်မူခြင်း

အကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာပြကြလိမ့်မည်" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။

"တစ်ဖန်သင်တို့သည် ပြောင်းလဲ၍ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူ၊ ဘုရားသခင်၏အမှုတော်ကိုဆောင်သောသူ၊ မဆောင်သောသူတို့ကိုပိုင်းခြား၍သိရကြလိမ့်မည်။" "ဖြောင့်မတ်ခြင်းတရားကိုသိ၍ ငါ၏တရားကိုနှလုံးသွင်းမိသောသူတို့၊ ငါ့စကားကိုနားထောင်ကြလော့။" "ကြည့်ရှုလော့၊ တုန်လှုပ်စေသောဖလား၊ ငါ့အမျက်တော်ဖလား၏အနည်အဖတ်ကို သင်၏လက်မှငါရုပ်၍ သင်သည်နောက်တစ်ဖန်မသောက်ရ။" "သင်တို့ကိုနှစ်သိမ့်စေသောသူကား၊ အခြားသူမဟုတ်၊ ငါကိုယ်တိုင်ပေတည်း။" "တောင်ကြီးတို့သည်ရွေ့၍ တောင်ငယ်တို့သည်လှုပ်ရှားသော်လည်း ငါ၏မေတ္တာသည် သင့်မှမရွေ့ရ။ ငါ၏ငြိမ်သက်ခြင်း၊ ပဋိညာဉ်လည်းမလှုပ်ရှားရဟု သင်၌သနားခြင်းကရုဏာစိတ်ရှိတော်မူသောထာဝရဘုရားသခင်မိန့်တော်မူ၏။"

ကယ်တင်ခြင်းစီမံကိန်းသည် ဤကမ္ဘာကြီးအား ဘုရားသခင်၏ကျေးဇူးတော်အောက်သို့ လုံးလုံးလျားလျားပြန်လည်ပို့ဆောင်ပြီးသောအချိန်တွင် ဆုံးခန်းတိုင်သို့ရောက်ရှိပါမည်။ အပြစ်ကြောင့်ဆုံးရှုံးခဲ့သမျှသောအရာတို့ကို ပြန်လည်ကယ်တင်မည်ဖြစ်ပါသည်။ လူသားများကိုကယ်တင်ရုံသာမက နားထောင်သူများအတွက် ထာဝရအိမ်တော်ဖြစ်ရန် ဤကမ္ဘာကြီးကိုလည်း ကယ်တင်တော်မူမည်ဖြစ်ပါသည်။ စာတန်သည် နှစ်ပေါင်းခြောက်ထောင်လုံးလုံး ဤကမ္ဘာကြီးကိုဆက်လက်ပိုင်ဆိုင်ထားရန်ကြိုးစားခဲ့ပါသည်။ ယခုတွင်မူ ဖန်ဆင်းစအချိန်ကထားတော်မူခဲ့သော ထာဝရဘုရားသခင်၏မူလအကြံအစည်တော်သည် ထမြောက်ခဲ့ချေပြီ။ "အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသူတို့သည် နိုင်ငံကိုသိမ်းယူ၍ ကမ္ဘာအဆက်ဆက်ခံစားကြလတ္တံ့။"

"နေထွက်ရာမှသည်နေဝင်ရာတိုင်အောင် ထာဝရဘုရားသခင်၏နာမတော်သည် ချီးမွမ်းဖွယ်ဖြစ်၏။" "ထိုနေ့ရက်၌ ထာဝရဘုရားသခင်တစ်ပါးတည်း၊ နာမတော်တစ်ပါးတည်းဖြစ်တော်မူမည်။" "ထာဝရဘုရားသခင်သည် တစ်ပြည်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်။" "အိုထာဝရဘုရားသခင်၊



နှုတ်ထွက်စကားတော်သည် ကောင်းကင်ဘုံ၌အစဉ်အမြဲတည်ပါ၏။" "ပညတ်တော်အလုံးစုံတို့သည် ဖေါက်ပြန်ခြင်းသဘောနှင့်ကင်းလွတ်ကြ၏။ သစ္စာစောင့်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်ယှဉ်သောကြောင့် အစဉ်အမြဲတည်ကြ၏။" စာတန်ကမုန်းတီး၍ ဖျက်ဆီးပစ်ရန်ကြိုးစားခဲ့သော သန့်ရှင်းသည့်ထိုပညတ်တော်ကို အပြစ်ကင်းသောစကြဝဠာအနှံ့တွင် ဂုဏ်ပြုချီးမြှောက်ကြပါလိမ့်မည်။ "မြေကြီးသည် အပင်ကိုပေါက်စေသကဲ့သို့လည်းကောင်း၊ လယ်ယာသည် မိမိ၌စိုက်သောမျိုးစေ့ကို အညှောင့်ထွက်စေသကဲ့သို့လည်းကောင်း၊ ထိုအတူ ထာဝရဘုရားသခင်သည် ခပ်သိမ်းသောလူမျိုးရှေ့မှာ ဖြောင့်မတ်ခြင်းနှင့် ချီးမွမ်းခြင်းကိုပေါ်ထွန်းစေတော်မူလိမ့်မည်။"

* * *

## (၃၀)
# တဲတော်နှင့်တဲတော်တွင်ကျင်းပသည့်အခမ်းအနားများ

"ငါသည် သင်တို့တွင်ကိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနကိုလုပ်ကြစေ" ဟုမောရှေအား တောင်ပေါ်၌ရှိစဉ် ထာဝရဘုရားသခင်မိန့်တော်မူကာ တဲတော်တည်ဆောက်ခြင်းနှင့်ပတ်သက်သည့်ညွှန်ကြားချက်အလုံးစုံကိုပေးတော်မူခဲ့ပါသည်။ ဣသရေလများသည် အယူဝါဒဖေါက်ပြန်ခြင်းအားဖြင့် ဘုရားသခင်အတူရှိနေခြင်းနှင့်ဆိုင်သည့်ကောင်းချီးမင်္ဂလာကို လက်လွှတ်ဆုံးရှုံးခဲ့ကြရပါသည်။ ထိုကြောင့် ထိုအချိန်တွင် ၎င်းတို့အလယ်၌ ဘုရားသခင်ကိန်းဝပ်ရန်ဗိမာန်တော်တစ်ဆောင်ကိုတည်ဆောက်ရန် မလုပ်ဆောင်နိုင်သည့်အခြေအနေတွင်ရှိခဲ့ပါသည်။ သို့သော် ၎င်းတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကိုခံစားရန် ပြန်လည်ဆောင်ယူခြင်းခံရပြီးနောက် မောရှေသည် ဘုရားသခင်၏အမိန့်တော်ကိုအကောင်အထည်ဖေါ်ရန် ဆောင်ရွက်ခဲ့ပါသည်။

သန့်ရှင်းသောထိုတဲတော်ကိုတည်ဆောက်ရန်အတွက် ရွေးချယ်ခြင်းခံရသောသူများကို ကျွမ်းကျင်မှုနှင့်ဉာဏ်ပညာများဖြင့် ဘုရားသခင်အထူးကောင်းချီးချပေးခဲ့ပါသည်။ ဘုရားသခင်သည် မောရှေအား အဆောက်အအုံပုံစံနှင့်တကွ အရွယ်အစား၊ အသုံးပြုသည့်ပစ္စည်းများနှင့် အတွင်းပရိဘောဂများတို့တစ်ခုစီအတွက် အသေးစိတ်ညွှန်ကြားချက်များကိုပေးတော်မူခဲ့ပါသည်။ လူတို့၏လက်ဖြင့်တည်ဆောက်မည့် ထိုသန့်ရှင်းရာတဲတော်သည် "သန့်ရှင်းရာဌာနတို့၏ပုံ" "ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ပုံ" ဖြစ်ပြီး ယဇ်ကောင်အဖြစ် မိမိအသက်ကိုပူဇော်ပြီးနောက် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် အပြစ်သားများကိုယ်စား ခရစ်တော်အမှုတော်ဆောင်မည့်နေရာဖြစ်သည့် ကောင်းကင်နိုင်ငံရှိ ဗိမာန်တော်၏ပုံစံငယ်ကလေးဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် မောရှေအား ကောင်းကင်နိုင်ငံရှိဗိမာန်တော်ကိုပြတော်မူခဲ့ပြီး ထိုပုံစံအတိုင်းအရာရာကိုတည်ဆောက်ရန် မှာထားတော်မူ၏။ မောရှေသည် ဤညွှန်ကြားချက်အလုံးစုံတို့ကို သေချာစွာမှတ်တမ်းတင်ကာ ဣသရေလခေါင်းဆောင်များအား ပြန်လည်ပြောပြခဲ့ပါသည်။



ထိုဗိမာန်တော်ကိုတည်ဆောက်ရန်အတွက် အကြီးအကျယ်ပြင်ဆင်မှုများလုပ်ခဲ့ရသည့်အပြင် အကုန်အကျလည်းများခဲ့ပါသည်။ အဖိုးတန်၍တန်ဖိုးကြီးမြင့်သောပစ္စည်းများ များစွာလိုအပ်ခဲ့ပါသည်။ သို့ရာတွင် ထာဝရဘုရားသခင်သည် စေတနာစိတ်နှင့်ထည့်ဝင်လှူဒါန်းသည့်အလှူများကိုသာ လက်ခံတော်မူခဲ့ပါသည်။ "ကြည်ညိုသောစေတနာစိတ်နှင့် ငါ့အားလှူသမျှသောသူတို့၌ သင်သည်အလှူခံရမည်" ဟူသောအမိန့်တော်ကို မောရှေသည် ဣသရေလပရိသတ်အား ထပ်ခါတလဲလဲဖွင့်ဆိုခဲ့ပါသည်။ ဘုရားသခင်အတွက် ဝတ်ပြုသောစိတ်ဓါတ်နှင့်အနစ်နာခံသည့်စိတ်ဓါတ်များသည် ထာဝရဘုရားသခင်အတွက် ကိန်းဝပ်ရာနေရာကိုတည်ဆောက်ရန် ပြင်ဆင်မှုတွင်အရေးအပါဆုံးသောအရာများဖြစ်ပါသည်။

ဣသရေလအပေါင်းတို့သည် တညီတညွတ်တည်းတုံ့ပြန်ကာ "မိမိစိတ်နှလုံးနှိုးဆော်သောသူ၊ ကြည်ညိုသောစေတနာစိတ်သဘောရှိသောသူအပေါင်းတို့သည် ပရိသတ်စည်းဝေးရာတဲတော်လုပ်ဖို့လည်းကောင်း၊ အမှုတော်ထမ်းစရာဖို့လည်းကောင်း၊ သန့်ရှင်းသောအဝတ်ကိုလည်းကောင်း ထာဝရဘုရားသခင်အားလှူသောအလှူကိုဆောင်လျက်လာကြ၏။ ကြည်ညိုသောစေတနာစိတ်ရှိသောယောကျ်ား၊ မိန်းမတို့သည် လက်ကောက်၊ နားတောင်း၊ လက်စွပ်၊ နှာခေါင်းဘူး၊ ရွှေတန်ဆာရှိသမျှကိုဆောင်ခဲ့သဖြင့် လှူသောသူအသီးအသီးတို့သည် ထာဝရဘုရားသခင်အား ရွှေကိုလှူကြ၏။

ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်ပိတ်ချော၊ ဆိတ်မွေး၊ အနီဆိုးသောသိုးရေ၊ တဟာရှသားရေရှိသောသူတိုင်းဆောင်ခဲ့၏။ ငွေနှင့်ကြေးဝါကိုရှိသောသူတိုင်း ထာဝရဘုရားသခင်အားလှူလေ၏။ အမှုတော်နှင့်ယှဉ်သောအလုပ်လုပ်စရာဖို့ အကာရှသစ်သားရှိသောသူတိုင်းလည်း ဆောင်ခဲ့လေ၏။

ရက်ကန်းတတ်သောမိန်းမအပေါင်းတို့သည် ကိုယ်လက်နှင့်ရက်၍ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်ပိတ်ချောရက်သမျှကို ဆောင်ခဲ့ကြ၏။ မိမိဉာဏ်နှိုးဆော်သောမိန်းမအပေါင်းတို့သည် ဆိတ်မွေးကို ရက်ကြ၏။

သူကြီးတို့သည်လည်း ရှဟံကျောက်၊ ယဇ်ပုရောဟိတ်သင်တိုင်းနှင့် ရင်ဖုံး၌စီစရာကျောက်ကိုလည်းကောင်း၊ မီးထွန်းစရာဖို့လိမ်းရန်ဆီဘော်ဖို့၊ မီးရှို့ရာနံ့သာပေါင်းမွှေးဘော်ဖို့ရာနံ့သာမျိုးနှင့်လည်းကောင်း ဆောင်ခဲ့ကြ၏။

ဗိမာန်တော်တည်ဆောက်ဆဲကာလအတောအတွင်း၌လည်း၊ လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမအပေါင်းတို့သည် လုံလောက်ရုံသာမက ပိုလျှံသွားသည့်တိုင်အောင် လှူဖွယ်ဝတ္ထုများကိုယူဆောင်လာခဲ့ကြပါသည်။ "သန့်ရှင်းရာဌာနတော်အဖို့လှူခြင်းငှာ အဘယ်ယောကျ်ားမိန်းမမျှ ထပ်မံ၍မလုပ်စေနှင့်" ဟုလူများအလှူယူဆောင်ခြင်းအမှုကိုဆီးတားရန် မောရှေက စခန်းတစ်ခုလုံးအားကြေညာစေခဲ့ပါသည်။ ဣသရေလများ၏ညည်းတွားပြစ်တင်မှုများနှင့် ၎င်းတို့၏အပြစ်များကြောင့် ဘုရားသခင်ပြုတော်မူခဲ့သောဘေးဒဏ်ခတ်မှုများသည် နောင်လာနောင်သားများအား သတိပေးရန်မှတ်တမ်းတင်ထားပါသည်။ ထို့ပြင်၎င်းတို့၏ဆက်ကပ်မှုများ၊ စိတ်အားထက်သန်မှုများနှင့် ရက်ရောမှုများသည် အတုခိုးထိုက်သောပုံသက်သေတစ်ခုဖြစ်ပါသည်။ ဘုရားသခင်အားကိုးကွယ်ရန်နှစ်သက်ပြီး ကိုယ်တော်ရှင်အတူရှိခြင်းဆိုင်ရာကောင်းချီးမင်္ဂလာကို တန်ဖိုးထားသူအပေါင်းတို့သည် ၎င်းတို့အား ကိုယ်တော်ရှင်လာရောက်တွေ့ဆုံနိုင်မည့်အိမ်တော်ဆောက်လုပ်ရန် ပြင်ဆင်ခြင်းအမှုတွင် ထိုစိတ်ဓါတ်မျိုးကိုဖေါ်ပြကြပါလိမ့်မည်။ ထိုသူများသည် မိမိတို့ပိုင်ဆိုင်သောအရာများထဲမှ အကောင်းဆုံးသောလှူဖွယ်ဝတ္ထုများကို ကိုယ်တော်ထံသို့ယူဆောင်လာရန် ဆန္ဒရှိကြပါလိမ့်မည်။ ဘုရားသခင်အတွက်တည်ဆောက်သောအိမ်တော်ကို အကြွေးတင်သည့်အခြေတွင် စွန့်မထားသင့်ပါချေ။ အကြောင်းမှာထိုသို့သောလုပ်ရပ်အားဖြင့် ကိုယ်တော်ကိုအသရေယုတ်စေပါသည်။ ဘုရားကျောင်းဆောက်သူများသည် ထိုတဲတော်ဆောက်သည့်လူများကဲ့သို့ အလှူငွေများကိုထပ်မံ၍ယူမလာပါနှင့်ဟုပြောရလောက်အောင် ထိုလုပ်ငန်းကိုပြီးမြောက်နိုင်မည့် လုံလောက်သောလှူဖွယ်ဝတ္ထုများကို စေတနာစိတ်ပြည့်ဝစွာဖြင့် ပေးလှူသင့်ကြပါသည်။

ဣသရေလများသည် တဲတော်ကိုတစ်စစီဖြုတ်ကာ ခရီးစဉ်တစ်လျှောက်လုံးတွင်သယ်ဆောင်သွားနိုင်အောင် တည်ဆောက်ခဲ့ကြပါသည်။ ထိုကြောင့်



ထိုတဲတော်သည် အလျားငါးဆယ့်ငါးပေ၊ အနံတစ်ဆယ့်ရှစ်ပေ၊ အမြင့်တစ်ဆယ့်ရှစ်ပေသာရှိသည့် တဲငယ်တစ်လုံးဖြစ်ပါသည်။ ၎င်းသည် အရွယ်အစားငယ်သော်လည်း ခမ်းနားလှပါသည်။ အဆောက်အအုံနှင့်ပရိဘောဂများတည်ဆောက်ရန် အကာရှသစ်သားကိုအသုံးပြုပါသည်။ သိနာတောင်တွင်ရနိုင်သည့်အခြားသစ်သားများထက် ထိုသစ်သားသည်ခိုင်ပါသည်။ တဲတော်၏နံရံကို ငွေခြေစွပ်များနှင့်ကွပ်ထားသည့်ပျဉ်ပြားများဖြင့်ဆင်ယင်ထားပြီး တိုင်များ၊ ကန့်လန့်ကျင်များအားဖြင့် ခိုင်ခံ့အောင်ပြုလုပ်ထားပါသည်။ နံရံပျဉ်ပြားအားလုံးကို ရွှေနှင့်မွမ်းမံထားရာ ထိုတဲတော်သည် ရွှေတုံးကြီးနှင့်ပင်တူနေပါသည်။ တဲတော်အမိုးကို ကန့်လန့်ကာလေးစုံဖြင့်စီမံထားပြီး အတွင်းဆုံးထပ်ကိုမောင်းသောအထည်၊ နီသောအထည်ဖြင့်ပြီးသော ခေရုဗိမ်အရုပ်နှင့်စီခြယ်သောပိတ်ချောကန့်လန့်ကာဆယ်ထည်ဖြင့်တည်ဆောက်ခဲ့ပါသည်။ ဆိတ်မွေးနှင့်ရက်လုပ်ထားသောကန့်လန့်ကာ၊ အနီဆိုးထားသောသိုးရေ၊ တဟာရှသားရေတို့ကို အပူအအေးဒဏ်ကာကွယ်နိုင်ရန်အလို့ငှာ အစဉ်အလိုက်စီမံထားပါသည်။

ထိုတဲတော်ကို အသရေတင့်တယ်၍ ကောင်းမွန်လှပသောကန့်လန့်ကာတစ်ခုအားဖြင့် အခန်းနှစ်ခန်းဖွဲ့စည်းခဲ့ပါသည်။ ထိုကန့်လန့်ကာကို ရွှေချထားသောတိုင်များပေါ်မှာချိတ်ဆွဲထားပါသည်။ ပထမခန်း၏ဝင်ပေါက်တွင်လည်း ထိုကဲ့သို့သောကန့်လန့်ကာမျိုးချိတ်ဆွဲထားပါသည်။ ဤကန့်လန့်ကာများသည် မျက်နှာကြက်အမိုးကဲ့သို့ပင် မောင်းသော၊ နီသောပိတ်ချောများဖြစ်ပြီး ကောင်းကင်နိုင်ငံရှိဗိမာန်တော်၏အမှုတော်လုပ်ငန်းများနှင့်ဆက်နွှယ်နေသော ကောင်းကင်တမန်များ၊ ကမ္ဘာလောကရှိကိုယ်တော်၏သားသမီးများ၏အစေခံနံဝိညာဉ်များဖြစ်ကြသော ကောင်းကင်တမန်များကိုရုပ်လုံးဖေါ်ထားသည့် ခေရုဗိမ်အရုပ်များကို ရွှေချည်၊ ငွေချည်များဖြင့် လှပစွာခြယ်သစီမံထားပါသည်။

သန့်ရှင်းသောထိုတဲတော်ကို တဲတော်ဝင်းနှင့်ကာရံထားပါသည်။ ထိုအကာအရံပိတ်ချောများကို ကြေးဝါတိုင်များတွင်ချိတ်ဆွဲထားပါသည်။

ဝင်းတံခါးဝကို အရှေ့ဘက်မျက်နှာတွင်ထားပြီး တဲတော်အကာအရံများလောက် မကောင်းသော်လည်း အလွန်လှပပြီး တန်ဖိုးကြီးသောကန့်လန့်ကာများနှင့် ကာရံထားပါသည်။ တဲတော်ဝင်းအကာအရံများသည် တဲတော်နံရံ၏တစ်ဝက်သာမြင့်ရာ တဲတော်ဝင်းအပြင်မှလူများသည် တဲတော်ကိုကောင်းမွန်စွာမြင်တွေ့နိုင်ကြပါသည်။ တဲတော်ဝင်းအတွင်း ဝင်းတံခါးဝနှင့်အနီးဆုံးနေရာတွင်တည်ရှိနေသောအရာမှာ ကြေးဝါနှင့်ပြုလုပ်ထားသည့် မီးရှို့ရာယဇ်ပလ္လင်ပင်ဖြစ်ပါသည်။ ဤယဇ်ပလ္လင်ပေါ်တွင် ထာဝရဘုရားသခင်ထံမီးရှို့ရာယဇ်ပူဇော်မည့် ပူဇော်သကာများကိုမီးရှို့ခဲ့ကြပြီး ထိုယဇ်ပလ္လင်ရှိဦးချိုများကို အပြစ်ဖြေရာအသွေးများဖြင့်ပက်ဖျန်းခဲ့ကြပါသည်။ ထိုယဇ်ပလ္လင်နှင့်တဲတော်တံခါး၏အကြားတွင် အင်တုံရှိပါသည်။ ထိုအင်တုံကိုလည်း ကြေးဝါနှင့်ပြုလုပ်ထားပြီး ဣသရေလအမျိုးသမီးများက စေတနာစိတ်ဖြင့်လှူဒါန်းခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းရာအခန်းများထဲသို့ဝင်သည်ဖြစ်စေ၊ ဘုရားသခင်အတွက် မီးရှို့ရာယဇ်ပူဇော်ရန် ယဇ်ပလ္လင်သို့သွားသည်ဖြစ်စေ ထိုအင်တုံတွင် ခြေလက်များကိုဆေးကြောရပါသည်။

ပထမအခန်းဖြစ်သော သန့်ရှင်းသောအခန်းထဲတွင် ရှေ့တော်မုန့်တင်စရာစားပွဲ၊ မီးခုံများနှင့်နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်တို့ရှိနေပါသည်။ ရှေ့တော်မုန့်တင်စရာစားပွဲသည် မြောက်ဘက်အစွန်တွင်တည်ရှိပါသည်။ ထိုစားပွဲကို ရွှေစင်အစစ်ဖြင့်မွမ်းမံထားပါသည်။ ယဇ်ပုရောဟိတ်များသည် ရှေ့တော်မုန့်တစ်ဆယ့်နှစ်လုံးကို ခြောက်ပုံတစ်ပုံ၊ ခြောက်လုံးတစ်ပုံ၊ အမွှေးနံ့သာများပက်ဖျန်းကာနှစ်ပုံခွဲ၍ ဥပုသ်နေ့တိုင်းတင်ကြရပါသည်။ စွန့်ထားသောပွဲတော်မုန့်များကို သန့်ရှင်းခြင်းရှိသည်ဟုမှတ်ယူကာ ယဇ်ပုရောဟိတ်များသာစားကြရပါသည်။ တောင်ဘက်အစွန်တွင် မီးခုံနှင့်မီးခွက်ခုနစ်ခုရှိပါသည်။ ထိုမီးခွက်များကိုအလွန်လှပသည့် ခတ္တာပန်းအသွင်ပုံသွင်းထားပြီး ရွှေစင်စစ်ဖြင့်ပြုလုပ်ထားပါသည်။ ထိုတဲတော်တွင် ပြတင်းပေါက်များလုံးဝမရှိရာ ထိုမီးခွက်များကို တစ်ခါမျှမငြိမ်းသတ်ဘဲ နေ့ညမပြတ်ထွန်းထားပါသည်။ အသန့်ရှင်းဆုံးအခန်းနှင့်သန့်ရှင်းရာအခန်းတို့ကိုပိုင်းခြားထားသည့်ကန့်လန့်ကာနှင့်အနီးဆုံးသန့်ရှင်းရာ



အခန်းထဲတွင်မူ ရွှေသားဖြင့်ပြုလုပ်ထားသည့်နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်တည်ရှိပါသည်။ ဤယဇ်ပလ္လင်ပေါ်တွင် ယဇ်ပုရောဟိတ်များသည် နေ့စဉ်နံနက်တိုင်း၊ ညနေတိုင်းတွင် နံ့သာပေါင်းကို မီးရှို့ပူဇော်ရပါသည်။ ထိုပလ္လင်မှ ဦးချိုများကိုလည်း ယဇ်ကောင်၏အသွေးဖြင့်သုတ်လိမ်းရပြီး အပြစ်ဖြေရာနေ့ကြီးတွင်မူ သိုးသငယ်၏အသွေးဖြင့်ပက်ဖျန်းရပါသည်။ ထိုယဇ်ပလ္လင်ပေါ်တွင်ရှိသောမီးကို ဘုရားသခင်ကိုယ်တော်တိုင်အစပျိုးမွှေးပေးခဲ့သဖြင့် ရိုသေမြတ်နိုးရကြပါသည်။ နံ့သာပေါင်း၏အမွှေးနံ့သာများသည် သန့်ရှင်းရာအခန်းများထဲတွင်သာမက အခန်းအပြင်တဲတော်၏ပတ်ဝန်းကျင်အထိပျံ့နှံ့နေပါသည်။

ကန့်လန့်ကာ၏နောက်ကွယ်တွင် အသန့်ရှင်းဆုံးသောအခန်းရှိပါသည်။ ထိုအခန်းထဲတွင် ကောင်းကင်နှင့်မြေကြီးအကြားဆက်နွယ်နေသည့်အဆက်အသွယ်ကိုတည်ဆောက်သည့် အပြစ်ဖြေခြင်းနှင့်ကြားဝင်ဖျန်ဖြေခြင်းဆိုင်ရာအထိမ်းအမှတ်ပြုအခမ်းအနားများကို ဗဟိုပြုထားပါသည်။ ထိုအခန်းထဲတွင် အာကာရှသားဖြင့်ပြုလုပ်ထားပြီး အတွင်း၊ အပြင်တွင် ရွှေစင်ဖြင့်မွမ်းမံထားကာ အပေါ်ယံအနားပတ်လည်ကို ရွှေကွပ်ထားသည့်သေတ္တာတစ်လုံးရှိပါသည်။ ထိုသေတ္တာထဲတွင် ဘုရားသခင်ကိုယ်တော်တိုင်အက္ခရာတင်ထားသည့်ပညတ်တော်ဆယ်ပါးကို ထည့်သွင်းထားပါသည်။ ပညတ်တော်ဆယ်ပါးသည် ဘုရားသခင်နှင့်ဣသရေလများအကြားပြုလုပ်ထားသည့် ပဋိညာဉ်၏အခြေခံဖြစ်သောကြောင့် ထိုသေတ္တာကို ဘုရားသခင်၏သက်သေခံသေတ္တာဟူ၍လည်းကောင်း၊ ပဋိညာဉ်သေတ္တာဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပါသည်။

သန့်ရှင်းသောထိုသေတ္တာကို လွှမ်းမိုးထားသောအရာကို ကရုဏာပလ္လင်ဟုခေါ်ပါသည်။ ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားပြီး တစ်ဖက်တစ်ချက်မှ ခေရုဗိမ်နှစ်ပါးက မိုးထားပါသည်။ ထိုခေရုဗိမ်များသည် အတောင်တစ်ခုစီကို အထက်သို့မြှောက်ထားလျက် ကျန်အတောင်တစ်ခုစီကိုမူ ဘုရားသခင်ကို ရိုသေလေးစားသည့်အထိမ်းအမှတ်၊ နှိမ့်ချသောအထိမ်းအမှတ်အဖြစ် ကိုယ်ကို ဖုံးကွယ်ထားပါသည်။ ထိုခေရုဗိမ်နှစ်ပါးတို့သည် မျက်နှာချင်းဆိုင်၍ သေတ္တာ

ဖုံးကိုရိုသေကိုင်းရှိုင်းစွာဖြင့်ကြည့်နေကြပါသည်။ ထိုအရာမှာ ကောင်းကင်သားများသည် ဘုရားသခင်၏ပညတ်တော်ကို အလေးအမြတ်ပြုကြောင်း၊ ကယ်တင်ခြင်းစီမံကိန်းကိုစိတ်ဝင်စားကြောင်း ရုပ်လုံးဖော်ထားခြင်းဖြစ်ပါသည်။

ကရုဏာပလ္လင်ထက်တွင် ဘုရားသခင်ရှိတော်မူခြင်းအတွက် အထိမ်းအမှတ်ဖြစ်သော ရှကီနာဟုခေါ်သည့် အလင်းရောင်တောက်ပမှုကိုတွေ့ရပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏အလိုတော်ကို ထိုခေရုဗိမ်နှစ်ပါး၏အလယ်မှအသံပြုကာ ဘုရားသခင်၏သတင်းစကားကို ယဇ်ပုရောဟိတ်မင်းအားပြောပြသကဲ့သို့ တစ်ခါတစ်ရံတွင်သဘောတူကြောင်း၊ လက်ခံကြောင်းအမှတ်အသားပြရန် ညာဘက်ခေရုဗိမ်ပေါ်သို့ အလင်းတန်းထိုးပေးတတ်ပြီး သဘောမတူကြောင်း၊ ငြင်းပယ်ကြောင်းအမှတ်အသားပြရန် ဘယ်ဘက်ခေရုဗိမ်ပေါ်သို့မှောင်ရိပ်တစ်ခုကိုချပေးတတ်ပါသည်။

ထိုသေတ္တာထဲတွင်သိမ်းဆည်းထားသည့် ဘုရားသခင်၏ပညတ်တော်သည် ဖြောင့်မတ်ခြင်းနှင့်တရားစီရင်ခြင်းအတွက် ကြီးမြတ်သောဥပဒေစည်းမျဉ်းတစ်ခုဖြစ်ပါသည်။ ပညတ်တော်လွန်ကျူးသူများအား သေဒဏ်ထိုက်စေရမည်ဟု ပညတ်တော်ကကြေညာသော်လည်း ပညတ်တော်၏အပေါ်တွင်ရှိ၍ ဘုရားသခင်အတူရှိကြောင်းဖော်ပြသည့်ရှကီနာအောက်တွင်တည်ရှိနေသောကရုဏာပလ္လင်က ခရစ်တော်ပြုတော်မူခဲ့သည့် အပြစ်ဖြေခြင်းဆိုင်ရာပါရမီတော်အားဖြင့် နောင်တရသောအပြစ်သားများကို အပြစ်ဖြေလွှတ်ခြင်းအခွင့်ပေးသနားတော်မူပါသည်။ ဤသို့တဲတော်အခမ်းအနားများအားဖြင့် အထိမ်းအမှတ်ပြုထားသည့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်၏လုပ်ဆောင်မှုများတွင် "ကရုဏာနှင့်သစ္စာဆုံမိပြီ၊ တရားနှင့်ချမ်းသာသည်၊ တစ်ဦးကိုတစ်ဦးနမ်းကြပြီ" ဖြစ်ပါသည်။

တဲတော်ထဲတွင်တွေ့မြင်ရသော ဘုန်းတော်နှင့်ပြည့်စုံသည့်မြင်ကွင်းများကို စကားအားဖြင့်ဖော်ပြနိုင်စွမ်းမရှိပါချေ။ မီးခွက်များမှအလင်းရောင်ကြောင့် အရောင်တောက်နေသောတဲတော်၏နံရံမှရွှေရောင်များ၊ ခေရုဗိမ်များနှင့်လှပသောဇာထိုးပန်းထိုးပညာများဖြင့်ဆင်ယင်ထားသည့်ကန့်လန့်ကာများ၊ ရွှေရောင်



တောက်နေသည့်ရှေ့တော်မုန့်တင်သောရွှေစားပွဲနှင့် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်တို့နှင့်တကွ အသန့်ရှင်းဆုံးအခန်းထဲတွင်ရှိသောပဋိညာဉ်သေတ္တာတော်၊ ခေရုဗိမ်များ ၎င်းတို့အထက်တွင်ထွန်းလင်းနေသော ဘုရားသခင်အတူရှိကြောင်းထင်ရှားစေသည့် ရှကီနာအလင်းတော်တို့၏မြင်ကွင်းများသည် အလွန်ခမ်းနားလှပါသည်။ သို့ရာတွင် လူသားများ၏ကယ်တင်ခြင်းအတွက် အမှုတော်ဆောင်ရွက်နေသည်။ ဇာဟိုအချက်အချာဖြစ်သော ကောင်းကင်နိုင်ငံရှိ ဘုရားသခင်၏ဗိမာန်တော်တွင်ထွန်းတောက်နေသောခမ်းနားထည်ဝါမှုနှင့် နှိုင်းစာလျှင် ထိုခမ်းနားမှုသည် မပြောပလောက်ချေ။

ထိုတဲတော်တည်ဆောက်ခြင်းလုပ်ငန်းကို ခြောက်လခန့်လုပ်ဆောင်ခဲ့ကြပါသည်။ တည်ဆောက်ရေးလုပ်ငန်းပြီးစီးသွားသောအခါ မောရှေသည် ထိုအဆောက်အအုံနှင့်တကွ တဲတော်အတွင်းပိုင်းရှိသက်ဆိုင်သောလုပ်ငန်းအားလုံးကို မိမိအား ဘုရားသခင်ပြတော်မူခဲ့သောပုံစံ၊ ကိုယ်တော်ရှင်ပေးတော်မူခဲ့သောညွှန်ကြားချက်များနှင့်တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။ "ထာဝရဘုရားသခင်မှာထားတော်မူသည့်အတိုင်း အလုပ်ရှိသမျှကိုပြီးစီးစေခြင်းငှာ လုပ်ကြောင်းကို မောရှေသိမြင်သောအခါ သူတို့ကိုကောင်းချီးပေးလေ၏။" ဣသရေလလူထုကြီးသည်လည်း သန့်ရှင်းသောထိုတဲတော်ကိုကြည့်ရှုရန် စိတ်ဝင်တစားစုရုံးလာကြပါသည်။ သူတို့သည် ကျေနပ်အားရစွာဖြင့် တဲတော်ကိုကြည့်ရှုနေစဉ်တွင် "မိုးတိမ်တိုင်သည် ပရိသတ်စည်းဝေးရာတဲတော်ကိုလွှမ်းမိုး၍ ထာဝရဘုရားသခင်၏ဘုန်းတော်သည် တဲတော်ကိုဖြည့်လေ၏။" ထာဝရဘုရားသခင်၏ကြီးမြတ်ခမ်းနားမှုကိုဖော်ပြနေခြင်းဖြစ်ရာ ထိုအချိန်တွင် မောရှေသည်ပင်လျှင် တဲတော်ထဲသို့ဝင်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါချေ။ ထိုဣသရေလများသည် မိမိတို့၏လုပ်ဆောင်မှုကိုလက်ခံကြောင်း ဖော်ပြသည့်အထိမ်းအမှတ်များကို စိတ်လှုပ်ရှားစွာဖြင့်ကြည့်နေကြပါသည်။ ဝမ်းမြောက်ကြောင်းကိုကား အော်ဟစ်၍ မကြွေးကြော်ခဲ့ကြချေ။ လူအပေါင်းတို့သည် အလွန်စိုးရွံ့ထိတ်လန့်နေကြပါသည်။ သို့သော် သူတို့သည် ဝမ်းသာမျက်ရည်များကျသည်တိုင် ဝမ်းမြောက်ခဲ့ကြပြီး "ထာဝရဘုရားသခင်သည် ၎င်းတို့နှင့်အတူနေရန် ဆင်းကြွတော်မူပါတကား" ဟုကျေးဇူးတင်စကားများကို တိုးညင်းစွာရေရွတ်ခဲ့ကြပါသည်။

ဘုရားသခင်၏ညွှန်ကြားချက်အရ လေဝိအမျိုးသားများကို ဗိမာန်တော်တွင်အမှုတော်ဆောင်ရန် သီးသန့်သတ်မှတ်ထားခဲ့ပါသည်။ ရှေးယခင်အချိန်များ၌ ယောကျ်ားကြီးများသည် မိမိတို့၏အိမ်ထောင်အတွက် ယဇ်ပုရောဟိတ်များဖြစ်ကြပါသည်။ အာဗြဟံအချိန်ရောက်လာသောအခါ ယဇ်ပုရောဟိတ်တာဝန်ကို သားဦးအဖြစ်မှတ်ယူကာ သားအကြီးဆုံးအားပေးအပ်ခဲ့ပါသည်။ ယခုတွင်မူ ဗိမာန်တော်၏အမှုတော်ကိုထမ်းဆောင်ရန်အတွက် ဣသရေလသားဦးများအစား၊ လေဝိအမျိုးသားများကို ဘုရားသခင်လက်ခံတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏အမှုတော်တွင် စွဲလမ်းစွာဖြင့် လုပ်ဆောင်ခဲ့ခြင်းနှင့် အခြားဣသရေလများ၏နွားရုပ်တုကိုးကွယ်မှုတွင်မပါဝင်ခဲ့ခြင်းများ၌ လေဝိသားများ၏သစ္စာစောင့်သိမှုကို အသိအမှတ်ပြုကြောင်း ဤဂုဏ်ပြုခြင်းအားဖြင့် ဖေါ်ပြတော်မူခဲ့ပါသည်။ သို့သော်ယဇ်ပုရောဟိတ်ရာထူးအတွက်ကိုမူ အာရုန်၏မိသားစုအတွက် သီးသန့်သတ်မှတ်ထားပါသည်။ အာရုန်နှင့်သူ၏သားများကိုသာ ဘုရားသခင်၏ရှေ့တော်မှောက်တွင် အမှုတော်ဆောင်ခွင့်ပြုခဲ့ပါသည်။ အခြားလူမျိုးနွယ်များကိုမူ ဗိမာန်တော်အတွက် ဝေယျာဝစ္စလုပ်ငန်းများကိုလုပ်ကိုင်ရန် တာဝန်ပေးထားခဲ့ပါသည်။ ထိုသူများသည် ယဇ်ပုရောဟိတ်များ၏လုပ်ဆောင်မှုများတွင် ကူညီမစရန်သာဖြစ်ပြီး ယဇ်ပူဇော်ခြင်းလုပ်ငန်းများကို မိမိတို့လုပ်ဆောင်ကြရန်မဟုတ်ပါချေ။

ယဇ်ပုရောဟိတ်များအား ၎င်းတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်နှင့် လျော်ညီသောအထူးအဝတ်တန်ဆာများကိုဝတ်ဆင်ရန် ခွဲခန့်တော်မူပါသည်။ "သင်၏အစ်ကိုအာရုန်၌ ဘုန်းအသရေထင်ပေါ်စေခြင်းငှာ သန့်ရှင်းသောအဝတ်ကိုလုပ်၍ပေးရမည်" ဟုမောရှေအားညွှန်ကြားတော်မူခဲ့ပါသည်။ သာမန်ယဇ်ပုရောဟိတ်များ၏ဝတ်ရုံမှာ တစ်စပ်တည်းရက်ထားသည့်အဖြူရောင်ပိတ်ချောဝတ်ရုံဖြစ်ပြီး ခြေဖဝါးနားအထိရှည်ရမည်။ ခါးတွင် အပြာရောင်၊ ခရမ်းရောင်၊ အနီရောင်တို့နှင့်ဆင်ယင်ထားသည့် အဖြူရောင်ခါးပန်းဖြင့် ပတ်စည်းထားရမည်။ ၎င်း၏ဝတ်ဆင်မှုကို ပိတ်ချောနှင့်လုပ်ထားသည့်ပေါင်းကို ဆောင်းခြင်းအားဖြင့် ပြည့်စုံစေပါသည်။ ကိုယ်တော်ရှင်ရပ်ထတော်မူသည့်



မြေကြီးသည် သန့်ရှင်းတော်မူသည့်အတွက် ဖိနပ်ချွတ်ရန် မီးလောင်နေသည့်ချုံပုတ်နားတွင် မောရှေအားညွှန်ကြားတော်မူသည့်နည်းတူ ယဇ်ပုရောဟိတ်များသည် ဖိနပ်များကိုစီး၍ ဗိမာန်တော်ထဲသို့မဝင်ကြရချေ။ ဖိနပ်တွင်ကပ်ပါလာသည့်ဖုန်မှုန့်များသည် သန့်ရှင်းသောထိုနေရာကိုညစ်ညမ်းစေပါသည်။ ထိုသူတို့သည် အပြင်ပရိဝုဏ်တွင်ဖိနပ်ချွတ်ထားပြီးမှ ဗိမာန်တော်ထဲသို့ဝင်ကြရပါသည်။ ဗိမာန်တော်အမှုတော်နှင့်တကွ မီးရှို့ရာယဇ်များကိုမလုပ်ဆောင်မီ ခြေလက်များကိုဆေးကြောကြရပါသည်။ ထာဝရဘုရားသခင်၏ရှေ့တော်သို့ ချဉ်းကပ်လာမည့်သူအပေါင်းတို့သည် အညစ်အကြေးများနှင့်ကင်းစင်စေရမည်ဟူသောသင်ခန်းစာကို ဤနည်းအားဖြင့်အဆက်မပြတ်သွန်သင်တော်မူခဲ့ပါသည်။

ယဇ်ပုရောဟိတ်မင်းဝတ်ဆင်ရန်အဝတ်များကိုမူ ၎င်းတို့၏မြင့်မြတ်သောရာထူးနှင့်ညီလျော်အောင် လှပ၍တန်ဖိုးရှိသောအရာများနှင့်ဆင်ယင်ထားပါသည်။ သူသည် သာမန်ယဇ်ပုရောဟိတ်များဝတ်သည့်ဝတ်ရုံအပြင် တစ်သားတည်းရက်ထားသည့်အပြာရောင်ဝတ်ရုံကိုလည်း ဝတ်ဆင်ရပါသည်။ ဝတ်ရုံ၏အောက်စွန်းနားပတ်လည်၌ ရွှေဆည်းလည်းများနှင့် ပြာသော၊ မောင်းသော၊ နီသောအထည်ပိတ်ချောများနှင့်လုပ်ထားသည့်သလဲသီးလုံးများကို ချိတ်ဆွဲထားရပါသည်။ ထိုဝတ်ရုံအပေါ်တွင် ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်ပိတ်ချောများကိုယူ၍ ရွှေများနှင့်ထူးဆန်းစွာဆင်ယင်ထားသောသင်တိုင်းတို့ကိုဝတ်ရပါသည်။ အထက်ပါအရောင်များနှင့်ဆင်ယင်ထားသည့်ခါးပန်းတစ်ခုဖြင့် ခါးတွင်စည်းရပါသည်။ ထိုသင်တိုင်းတွင် လက်မပါဘဲ ရွှေချည်များနှင့်အလှဆင်ထားသည့်ပခုံးအပိုင်းတွင် ဣသရေလတစ်ဆယ့်နှစ်မျိုး၏နာမည်များကိုအက္ခရာတင်ထားသော ရှဟံကျောက်နှစ်လုံးကို တပ်ဆင်ထားပါသည်။

ထိုသင်တိုင်းပေါ်တွင် ယဇ်ပုရောဟိတ်များဝတ်ဆင်ရသောတန်ဆာများတွင် အသန့်ရှင်းဆုံးအရာဟုသတ်မှတ်ခြင်းခံရသည့်ရင်ဖုံးကိုဝတ်ဆင်ရပါသည်။ ရင်ဖုံးကို သင်တိုင်းရက်ရာတွင်အသုံးပြုသောပစ္စည်းများနှင့်ပင် ဆင်ယင်ရက်လုပ်ရပါသည်။ ရင်ဖုံးသည် စတုရန်းလေးထောင့်ပုံဖြစ်ပြီး ပခုံးထက်တွင်

ရှိသောသင်တိုင်းမှရွှေကွင်းများ၌ အပြာရောင်ကြိုးများနှင့်ချည်ဆွဲထားရပါသည်။ ဘုရားသခင့်မြို့တော်၏တိုက်မြစ်ဆယ့်နှစ်ခုတွင်အသုံးပြုမည့်အဖိုးတန်ကျောက်မျက် ဆယ့်နှစ်မျိုးဖြင့် ထိုရင်ဖုံးကိုစီခြယ်ထားပါသည်။ ကျောက်မျက်များကို လေးတန်းစီ၍ တစ်လုံးစီအပေါ်တွင် ဣသရေလတစ်မျိုးစီတို့၏နာမည်များကို အက္ခရာတင်ထားပါသည်။ ဘုရားသခင်မိန့်တော်မူသည်ကား "အာရုန်သည်လည်း သန့်ရှင်းရာအရပ်ဌာနတော်ထဲသို့ဝင်သောအခါ ဣသရေလအမျိုးသားတို့ကို ထာဝရဘုရားသခင်အစဉ်အောက်မေ့တော်မူစေခြင်းငှာ ဗျာဒိတ်ရင်ဖုံး၌ပါသောသူတို့၏နာမည်များကို မိမိနှလုံးပေါ်မှာဆောင်ရမည်" ဟူ၍ဖြစ်၏။ အပြစ်သားများကိုယ်စား ဘုရားသခင်၏ရှေ့တော်တွင် အပြစ်ခွင့်လွှတ်ခြင်းတောင်းခံနေသည့် ယဇ်ပုရောဟိတ်မင်းကြီးခရစ်တော်သည်လည်း ထိုနည်းအတူ ယုံကြည်သောနောင်တရသူများ၏နာမည်များကို မိမိနှလုံးထက်တွင်ဆောင်တော်မူပါသည်။ "အကျွန်ုပ်မူကား ဆင်းရဲငတ်မွတ်သော်လည်း ထာဝရဘုရားသခင်သည် အကျွန်ုပ်ကိုအောက်မေ့တော်မူ၏" ဟုဆာလံဆရာက မြွက်ဆိုထားပါသည်။

ထိုရင်ဖုံး၏ညာဘက်နှင့်ဘယ်ဘက်တွင် ဥရိမ်နှင့်သုမိမ်ဟုခေါ်တွင်သည့် တောက်ပသောကျောက်မျက်နှလုံးကိုတပ်ဆင်ထားပါသည်။ ထိုအရာနှစ်ခုအားဖြင့် ဘုရားသခင်၏အလိုတော်ကို ယဇ်ပုရောဟိတ်မင်းကြီးအား အသိပေးခဲ့ပါသည်။ ဆုံးဖြတ်ချက်ချရမည့်မေးခွန်းများရှိလာသောအခါများတွင် ဘုရားသခင်သည်သဘောတူကြောင်းအထိမ်းအမှတ်အဖြစ် ညာဘက်တွင်ရှိနေသောကျောက်မျက်ပတ်လည်တွင် အလင်းရောင်ထွန်းလင်းစေခဲ့ပြီး သဘောမတူကြောင်းအထိမ်းအမှတ်အဖြစ် ဘယ်ဘက်တွင်ရှိနေသောကျောက်မျက်အပေါ်တွင် အရိပ်တစ်ခုကိုကျစေတော်မူပါသည်။

ယဇ်ပုရောဟိတ်မင်း၏ပေါင်းသည် အဖြူရောင်ပိတ်ချောစဖြင့်ပြုလုပ်ထားပြီး "ထာဝရဘုရားသခင်အား သန့်ရှင်းခြင်း" ဟူသောစာတန်းကို အက္ခရာတင်ထားသည့်ရွှေပြားကို ကြိုးပြာတစ်ချောင်းဖြင့် ရှေ့တွင်ချည်ထားပါသည်။ ယဇ်ပုရောဟိတ်များဝတ်ဆင်သောအရာခပ်သိမ်းနှင့်အမူအရာများသည် ရှုမြင်



ရသူများ၏စိတ်နှလုံးဝယ် ဘုရားသခင်၏သန့်ရှင်းခြင်း၊ ဝတ်ပြုကိုးကွယ်မှု၏သန့်ရှင်းခြင်းနှင့် ရှေ့တော်သို့ချဉ်းကပ်လာသူအပေါင်းတို့ထံတောင်းခံထားသည့် စင်ကြယ်မှုများကိုစွဲမြဲသွားစေရန်စီမံထားပါသည်။

ဗိမာန်တော်၏အဆောင်အယောင်များသာမက ယဇ်ပုရောဟိတ်များ၏ လုပ်ကိုင်ဆောင်ရွက်မှုများသည်လည်း "ပြခဲ့ပြီးသောပုံနှင့်ညီလျော်စွာ အလုံးစုံတို့ကိုလုပ်ခြင်းငှာ သတိပြုကြရပါမည်။" ဗိမာန်တော်နှင့်ပတ်သက်သမျှသောအရာတို့သည် အလွန်အရေးကြီးလှပါသည်။ ထိုကြောင့်ထာဝရဘုရားသခင်သည် တစ်မူထူးခြားသည့်ပုံဆောင်မှုဆိုင်ရာအခမ်းအနားများ၏အရေးကြီးသောအချက်နှင့်စပ်လျဉ်း၍ မောရှေအား တိတိကျကျရှင်းရှင်းလင်းလင်းညွှန်ကြားတော်မူခဲ့ပါသည်။ ဗိမာန်တော်အမှုတော်လုပ်ငန်းတွင် နေ့စဉ်လုပ်ဆောင်ရမည့်ကဏ္ဍနှင့် တစ်နှစ်တစ်ကြိမ်လုပ်ဆောင်ရမည့်ကဏ္ဍဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ နေ့စဉ်ယဇ်ပူဇော်ခြင်းကိစ္စများကို တဲတော်ဝင်းအတွင်းရှိ မီးရှို့ရာယဇ်ပလ္လင်တွင်ပြုလုပ်ကြပြီး တစ်နှစ်တစ်ကြိမ်လုပ်ဆောင်ရမည့်ကဏ္ဍကိုမူ အသန့်ရှင်းဆုံးအခန်းတွင်လုပ်ဆောင်ကြပါသည်။

ယဇ်ပုရောဟိတ်မင်းကြီးမှလွဲ၍ အခြားမည်သည့်လူသားမျှ ဗိမာန်တော်၏အသန့်ရှင်းဆုံးအပိုင်းကိုကြည့်ခွင့်မရချေ။ ယဇ်ပုရောဟိတ်မင်းသည် သေချာကျနစွာပြင်ဆင်မှုများလုပ်ဆောင်ပြီးမှသာ တစ်နှစ်လျှင်တစ်ကြိမ်ထိုအခန်းထဲသို့ဝင်ရပါသည်။ သူသည်ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဘုရားသခင်၏ရှေ့တော်သို့ဝင်ရောက်နေစဉ် ကျန်ဣသရေလများသည် ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာများကို စိတ်အားကြီးစွာဖြင့် စိတ်ထဲတွင်ဆုတောင်းရင်းသူပြန်အလာကိုငြိမ်သက်စွာဖြင့်စောင့်ဆိုင်းကြရပါသည်။ သူသည် ကရုဏာတော်ပလ္လင်ရှေ့တွင် ဣသရေလများ၏အပြစ်အတွက် ဖြေလွှတ်ခွင့်တောင်းခံရပါသည်။ ထာဝရဘုရားသခင်သည် ၎င်းအားဘုန်းတော်မိုးတိမ်တိုက်ထဲမှနေ၍ တွေ့ဆုံတော်မူခဲ့ပါသည်။ သူသည်ကြာနေကျအချိန်ထက်ပို၍ကြာနေပါက ဣသရေလများသည် စိုးရိမ်ကြောက်ရွံ့လာတတ်ပါသည်။ အကြောင်းမှာသူတို့၏အပြစ်ကြောင့်သော်လည်းကောင်း၊ ကိုယ်တိုင်၏အပြစ်ကြောင့်သော်လည်းကောင်း ၎င်းသည် ဘုရားသခင်၏အလင်းရောင်အားဖြင့် သေဆုံးသွားတတ်ခြင်းကြောင့်ဖြစ်ပါသည်။

နေ့စဉ်ပြုလုပ်သောဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်တွင် နံနက်နှင့်ညနေများ၌ မီးရှို့ရာယဇ်ပူဇော်ခြင်း၊ နံ့သာပေါင်းမီးရှို့ရာယဇ်နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် အထူးပူဇော်သကာများပူဇော်ခြင်းများပါဝင်ပါသည်။ ၎င်းပြင် ဥပုသ်နေ့များ၊ လဆန်းနေ့များနှင့် အထူးပွဲများအတွက် ပူဇော်သကာများလည်း ပါဝင်ပါသည်။

ထာဝရဘုရားသခင်၏လူများပြုလုပ်သည့် နေ့စဉ်ဆက်ကပ်မှုများနှင့် ခရစ်တော်၏အပြစ်ဖြေခြင်းဆိုင်ရာအသွေးတော်အား အမြဲတမ်းအားကိုးမှီခိုခြင်းရှိကြောင်းကိုပုံဆောင်သောအားဖြင့် နံနက်တိုင်း၊ ညနေတိုင်းတွင် တစ်နှစ်သားအရွယ်ရှိသိုးသငယ်ကို မီးရှို့ရာယဇ်အဖြစ်ပူဇော်ကြပါသည်။ ပူဇော်ဆက်ကပ်သမျှသောယဇ်ကောင်တိုင်းသည် အပြစ်အနာအဆာကင်းစင်ရမည်ဟု ထာဝရဘုရားသခင်အလေးအနက်ညွှန်ကြားတော်မူပါသည်။ ယဇ်ပုရောဟိတ်များသည် ပူဇော်ရန်ယူဆောင်လာသမျှသောယဇ်ကောင်များကို အသေအချာစစ်ဆေးကာ အနာအဆာရှိကြောင်းတွေ့ရှိပါက ထိုယဇ်ကောင်များကိုငြင်းပယ်ကြရပါမည်။ အပြစ်အနာအဆာကင်းသောပူဇော်သကာသည် “အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်ကဲ့သို့သော” ခရစ်တော်၏စုံလင်သောစင်ကြယ်မှုအတွက် အထိမ်းအမှတ်တစ်ခုဖြစ်နိုင်ပါသည်။ ခရစ်ယာန်များ၏ အသက်တာအတွက် သာဓကတစ်ခုအဖြစ် အပြစ်အနာအဆာကင်းသော ဤယဇ်ကောင်များကို ရှင်ပေါလုညွှန်ပြခဲ့ပါသည်။ “ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဝတ်ပြုခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း ဘုရားသခင်၏ကရုဏာတော်ကိုထောက်ထား၍ သင်တို့ကိုငါတိုက်တွန်းနှိုးဆော်ပေ၏။” ရောမ ၁၂း၁။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်အတွက် မိမိကိုယ်ကိုဝတ်ပြုရန်ဖြစ်ပြီး ပူဇော်မည့်ပူဇော်သကာကိုလည်း တတ်နိုင်သမျှစုံလင်အောင်ပြုလုပ်သင့်ပါသည်။ ကျွန်ုပ်တို့အတတ်နိုင်ဆုံးအရာထက်လျော့၍ ပူဇော်သောအရာမှန်သမျှကို ထာဝရဘုရားသခင်သည် စိတ်တော်နှင့်တွေ့တော်မမူ





ပါချေ။ ကိုယ်တော်အား စိတ်နှလုံးအကြွင်းမဲ့ဖြင့်ချစ်သောသူအပေါင်းတို့သည် ကိုယ်တော့်အတွက် မိမိတို့၏အသက်တာမှအကောင်းဆုံးသောအရာများကို ပေးလှူရန် ဆန္ဒရှိကြပါလိမ့်မည်။ ၎င်းပြင် ထိုသူတို့သည် ကိုယ်တော်အလိုတော်အတိုင်းလုပ်ဆောင်နိုင်ရန် အစွမ်းသတ္တိများကိုတိုးပွားစေမည့် ဥပဒေစည်းမျဉ်းများနှင့် မိမိအသက်တာကိုဆီလျော်ကိုက်ညီအောင် အမြဲတမ်းကြိုးစားကြပါလိမ့်မည်။

ယဇ်ပုရောဟိတ်သည် နံ့သာပေါင်းမီးရှို့ရာယဇ်ကိုပူဇော်သောအခါတွင် အခြားနေ့စဉ်လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ခြင်းများထက် ဘုရားသခင်ရှိသောနေရာနှင့် ပို၍တိုက်ရိုက်နီးကပ်နေပါသည်။ အတွင်းကန့်လန့်ကာသည် ဗိမာန်တော်မျက်နှာကြက်အထိ မမြင့်သည့်အတွက်ကြောင့် ကရုဏာပလ္လင်ထက်ဝယ်ထွန်းတောက်နေသောဘုရားသခင်၏ဘုန်းတော်ကို အပြင်ခန်းမှနေ၍ တစ်ပိုင်းတစ်စမြင်တွေ့ကြရပါသည်။ ယဇ်ပုရောဟိတ်များသည် နံ့သာပေါင်းမီးရှို့ရာယဇ်ကိုပူဇော်သောအခါ ပဋိညာဉ်သေတ္တာဘက်သို့လှည့်၍ ပူဇော်ရပါသည်။ နံ့သာပေါင်းအခိုးအငွေ့များသည် အထက်သို့တက်သွားစဉ်တွင် ဘုရားသခင်၏ဘုန်းတော်သည် ကရုဏာပလ္လင်ပေါ်သို့သက်ဆင်းလာပြီး အသန့်ရှင်းဆုံးဌာနတော်ထဲ၌ ဘုန်းတော်နှင့်ပြည့်ဝစေခဲ့ပါသည်။ မကြာခဏဆိုသလိုအခန်းနှစ်ခန်းစလုံးထဲတွင် ဘုန်းတော်နှင့်ပြည့်လျှံနေသဖြင့် ထိုယဇ်ပုရောဟိတ်သည် တဲတော်အဝင်ပေါက်တွင် သွားရောက်နားနေရတတ်ပါသည်။ ယဇ်ပုရောဟိတ်သည် ထိုအခမ်းအနားကိုကျင်းပနေစဉ်တွင် ၎င်း၏မျက်စိနှင့်မမြင်နိုင်သည့်အတွင်းခန်းမှ ကရုဏာပလ္လင်ဘက်သို့ ယုံကြည်ခြင်းအားဖြင့် ရှုမျှော်၍ကြည့်ရပါသည်။ ထိုနည်းအတူ ဘုရားသခင်၏သားသမီးများသည် အထက်ဗိမာန်တော်တွင် လူသားများကိုယ်စား၊ အသနားခံလျက်ရှိသော လူသားများ၏မျက်စိဖြင့် ယခုအချိန်တွင်မမြင်နိုင်သည့် ယဇ်ပုရောဟိတ်မင်းကြီးခရစ်တော်ထံသို့ဦးတည်၍ ဆုတောင်းကြရပါသည်။

ဣသရေလများ၏ဆုတောင်းသံများနှင့်အတူ အထက်သို့တက်လျက်ရှိသောအမွှေးနံ့သာများသည် ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ရှင်၏လူတို့

ပိုင်ဆိုင်သည်ဟုမှတ်ယူပြီး အပြစ်သားများ၏ကိုးကွယ်မှုကို ဘုရားသခင်လက်ခံနိုင်သည့်တစ်ခုတည်းသောနည်းလမ်းဖြစ်သော ခရစ်တော်၏စုံလင်သောဖြောင့်မတ်ခြင်း၊ ကိုယ်တော်ပြုသောကောင်းမှုကုသိုလ်နှင့် ကြားဝင်ဖျန်ဖြေမှုများကို ပုံဆောင်ပါသည်။ အသန့်ရှင်းဆုံးအခန်း၏ကန့်လန့်ကာရှေ့တွင် အစဉ်မပြတ်ပြုလုပ်နေသောကြားဝင်ဖျန်ဖြေခြင်းဆိုင်ရာ ယဇ်ပလ္လင်တစ်ခုရှိသကဲ့သို့ သန့်ရှင်းသောအခန်းရှေ့တွင် အဆက်မပြတ်ပြုလုပ်သောအပြစ်ဖြေခြင်းဆိုင်ရာယဇ်ပလ္လင်တစ်ခုရှိပါသည်။ အသွေးတော်နှင့်နံ့သာပေါင်းများအားဖြင့် ထာဝရဘုရားသခင်ထံသို့ချဉ်းကပ်ကြရန်ဖြစ်ပါသည်။ ထိုပုံဆောင်မှုများသည် မဟာကြားဖျန်ဖြေသူခရစ်တော်ကိုသာ ညွှန်ပြနေပါသည်။ ကိုယ်တော်အားဖြင့်သာ အပြစ်သားများသည် ထာဝရဘုရားသခင်ထံသို့ချဉ်းကပ်နိုင်ပါမည်။ ကိုယ်တော်ရှင်အားဖြင့်သာ နောင်တရသောယုံကြည်သူများကို ကရုဏာတော်နှင့်ကယ်တင်ခြင်းဆုကျေးဇူးများကိုပေးအပ်နိုင်မည်ဖြစ်ပါသည်။

နံနက်ယံနှင့်ညဥ့်ဦးယံအချိန်နံ့သာပေါင်းမီးရှို့ရာယဇ်ကိုပူဇော်ရန် သန့်ရှင်းရာဌာနတော်ထဲသို့ ယဇ်ပုရောဟိတ်များဝင်လာကြသောအခါတွင် တဲတော်၏အပြင်ဘက်တွင်ရှိသော မီးရှို့ရာယဇ်ပလ္လင်ပေါ်တွင် နေ့စဉ်ပူဇော်ရမည့်ယဇ်ကောင်သည် အဆင်သင့်ရှိနေပေပြီ။ ထိုအချိန်သည် ပရိသတ်စည်းဝေးရာတဲတော်တွင် စုရုံးလာကြသည့်ကိုးကွယ်သူများအတွက် အလွန်စိတ်ဝင်စားစရာကောင်းသောအချိန်ဖြစ်ပါသည်။ ထိုသူတို့သည် ယဇ်ပုရောဟိတ်များလုပ်ဆောင်သည့်ထိုအရာများအားဖြင့် ဘုရားသခင်၏ရှေ့တော်သို့မတိုးဝင်မီ မိမိကိုယ်ကိုသေချာစွာဆန်းစစ်ကာ အပြစ်များကိုဝန်ခံတောင်းပန်ကြရပါသည်။ သူတို့သည် သန့်ရှင်းရာဌာနဘက်သို့မျက်နှာလှည့်ကာ တိတ်ဆိတ်စွာဆုတောင်းရပါသည်။ အပြစ်ဖြေရာယဇ်အားဖြင့် ပုံဆောင်ခြင်းခံရသော ခရစ်တော်၏ကောင်းမှုကုသိုလ်အပေါ် ယုံကြည်ကိုင်ဆွဲထားစဉ်တွင် ထိုကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ထိုသူများ၏ဆုတောင်းပတ္ထနာသံများသည် နံ့သာပေါင်းအခိုးအငွေ့များနှင့်အတူ အထက်သို့တက်သွားခဲ့ပါသည်။ နံနက်ယံနှင့်ညဥ့်ဦးယံယဇ်ပူဇော်ရန် သတ်မှတ်ထားသောအချိန်များကို သန့်ရှင်းသောအချိန်များအဖြစ်မှတ်ယူ



ကြပြီး ယုဒပြည်အနှံ့တွင် ဝတ်ပြုကိုးကွယ်ရန်အတွက် သတ်မှတ်ထားသောအချိန်များအဖြစ် သူတို့စောင့်ထိန်းခဲ့ကြပါသည်။ နောက်ပိုင်းအချိန်များတွင် ဣသရေလများသည် စစ်သုံ့ပန်းများအဖြစ် ဝေးလံသောတိုင်းပြည်များသို့ရောက်ရှိပျံ့နှံ့သွားကြသော်လည်း သတ်မှတ်ထားသောအချိန်များတွင် ယေရုရှလင်မြို့ရှိရာဘက်သို့မျက်နှာလှည့်ကာ ဘုရားသခင်ထံတွင် ဆုတောင်းပတ္ထနာပြုခဲ့ကြပါသည်။ နံနက်ယံနှင့်ညဥ့်ဦးယံဆုတောင်းခြင်းများအတွက် ခရစ်ယာန်များသည် ဤအလေ့အထကိုနမူနာယူရပါမည်။ စိတ်မပါဘဲ ဝိနည်းထုံးဖွဲ့များ၊ တသီတတန်းကြီးကျင်းပနေခြင်းကို ဘုရားသခင်အပြစ်တင်တော်မမူသော်လည်း မိမိတို့ကျူးလွန်ခဲ့သည့်အပြစ်များကို လွှတ်ခြင်းအခွင့်ရရန်နှင့် လိုအပ်သောကောင်းချီးမင်္ဂလာများကိုရရှိရန် နံနက်နှင့်ညနေများတွင် ဆုတောင်းပတ္ထနာတောင်းလျှောက်ကြသော ကိုယ်တော်ရှင်ကိုချစ်သူများအား အလွန်နှစ်သက်မြတ်နိုးသောစိတ်နှင့် ကိုယ်တော်ကြည့်တော်မူ၏။

ရှေ့တော်မုန့်သည် ကိုယ်တော်၏ရှေ့မှောက်တွင် အခါမလပ်ပူဇော်တင်လှူထားရသည့်ပူဇော်သကာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့်ရှေ့တော်မုန့်သည်လည်း နေ့စဉ်ပူဇော်ရသည့်အရာများ၏အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ထိုမုန့်များသည် ထာဝရဘုရားသခင်ရှေ့၌ အမြဲတမ်းရှိနေခြင်းကြောင့် “ရှေ့တော်မုန့်” ဟုခေါ်တွင်ပါသည်။ ထိုကဲ့သို့အစဉ်မပြတ်တင်လှူထားခြင်းသည် ခန္ဓာကိုယ်နှင့်ဝိညာဉ်ရေးအစာနှစ်ခုစလုံးအတွက် လူသားများသည် ဘုရားသခင်အပေါ်၌သာအမှီပြုနေကြောင်း၊ အစာနှစ်မျိုးစလုံးကိုလည်း ခရစ်တော်၏ကြားဖျန်ဖြေပေးမှုကြောင့်သာရရှိနိုင်ကြောင်း အသိအမှတ်ပြုခြင်းတစ်ရပ်ဖြစ်ပါသည်။ ဘုရားသခင်သည် ဣသရေလများအား တော၌ရှိစဉ် ကောင်းကင်မှမန္နမုန့်ဖြင့်ကျွေးမွေးတော်မူခဲ့ရာ သူတို့သည် လောကီရေးရာအစားအစာနှင့် ဝိညာဉ်ရေးရာအစားအစာနှစ်ခုစလုံးအတွက် ကိုယ်တော်၌သာအားထားနေကြဆဲဖြစ်ပါသည်။ မန္နမုန့်နှင့်ရှေ့တော်မုန့်နှစ်ခုစလုံးသည် ကျွန်ုပ်တို့အတွက် ထာဝရဘုရားသခင်၏ရှေ့တော်မှောက်တွင် အမြဲရှိနေတော်မူသောအသက်မုန့်ဖြစ်သည့် ခရစ်တော်ကိုပြညွှန်ပါသည်။ “ငါသည် ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်ပါ၏”

ဟုကိုယ်တော်ရှင်ကိုယ်တော်တိုင်မိန့်ဆိုခဲ့ပါသည်။ ထိုမုန့်များအပေါ်တွင် မွှေးသောနံ့သာများကိုစိုက်ထိုးထားပါသည်။ ထိုရှေ့တော်မုန့်များကို ဥပုသ်နေ့တိုင်းတွင် အသစ်လဲသောအချိန်၌ ထိုမွှေးသောနံ့သာများကို ဘုရားသခင်ရှေ့တော်တွင် အောက်မေ့သတိရဖွယ်ရာတစ်ခုအဖြစ် ယဇ်ပလ္လင်ပေါ်တွင် မီးရှို့ကြပါသည်။

နေ့စဉ်လုပ်ဆောင်ချက်များ၏အရေးအပါဆုံးကဏ္ဍမှာ ပုဂ္ဂလိကတစ်ဦးချင်းကိုယ်စား ကျင်းပပေးရသောအခမ်းအနားပင်ဖြစ်ပါသည်။ နောင်တရသောအပြစ်သားများသည် မိမိ၏ပူဇော်သကာကို တဲတော်တံခါးဝသို့ယူဆောင်လာပြီး မိမိ၏လက်ကို ထိုယဇ်ကောင်၏ဦးခေါင်းပေါ်တွင်တင်ကာ မိမိအပြစ်များကိုဝန်ခံရပါသည်။ ဤလုပ်ဆောင်မှုသည် မိမိ၏အပြစ်များကို အပြစ်မဲ့သောထိုယဇ်ကောင်ပေါ်သို့လွှဲပြောင်းပေးခြင်းကိုပုံဆောင်ပါသည်။ ထိုနောက်ယဇ်ကောင်ကို သူကိုယ်တိုင်သတ်ကာ သွန်းလာသောအသွေးများကို ယဇ်ပုရောဟိတ်က သန့်ရှင်းသောအခန်းထဲသို့ဆောင်ယူသွားကာ ပညတ်တော်ဆယ်ပါးထည့်ထားသည့်ပဋိညာဉ်သေတ္တာကိုကွယ်ကာထားသည့် အတွင်းကန့်လန့်ကာကိုပက်ဖျန်းရပါသည်။ ဤအခမ်းအနားအားဖြင့် အပြစ်သည် အသွေးမှတစ်ဆင့် ဗိမာန်တော်သို့ပြောင်းလဲတည်ရှိသွားကြောင်းပုံဆောင်ပါသည်။ အချို့အစာများတွင် အသွေးကိုသန့်ရှင်းရာအခန်းထဲသို့မဆောင်သွားတော့ဘဲ "ထာဝရဘုရားသခင်ရှေ့တော်၌ သူတို့အဖို့အပြစ်ဖြေခြင်းကိုပြုစေခြင်းငှာ ထိုယဇ်သားကိုပေးတော်မူသည်" ဟုပြောကာ မောရှေသည် အာရုန်၏သားများကိုစားရန်ညွှန်ကြားခဲ့သကဲ့သို့ ယဇ်ပုရောဟိတ်သည် ထိုယဇ်သားများကို စားပစ်ကြပါသည်။ ဤလုပ်ဆောင်မှုနှစ်ခုစလုံးသည် အပြစ်များကိုနောင်တရသောအပြစ်သားများထံမှ ဗိမာန်တော်သို့ပြောင်းရွှေ့ခြင်းကိုပုံဆောင်ပါသည်။

ဤသို့သောလုပ်ဆောင်မှုများသည် တစ်နှစ်ပတ်လုံးနေ့စဉ်လုပ်ဆောင်ရသည့်အလုပ်များဖြစ်ပါသည်။ ဣသရေလများ၏အပြစ်များသည် ထိုကဲ့သို့ ဗိမာန်တော်သို့ပြောင်းရွှေ့ခြင်းခံခဲ့ရသဖြင့် သန့်ရှင်းရာအခန်းသည် ညစ်ညမ်းခဲ့ပြီဖြစ်ရာ ထိုအပြစ်များကိုဆေးကြောရန် အထူးလုပ်ငန်းတစ်ခုလုပ်ရန်လိုအပ်



လာပါသည်။ ထိုကြောင့် "ယဇ်ပလ္လင်ကို---ဣသရေလအမျိုးသားတို့၏ မစင်ကြယ်သောအပြစ်မှ စင်ကြယ်သန့်ရှင်းစေခဲ့သကဲ့သို့ သန့်ရှင်းရာဌာနနှစ်ခန်းစလုံးကိုသန့်ရှင်းစင်ကြယ်သွားရန် အပြစ်ဖြေခြင်းအစီအစဉ်တစ်ခုပြုလုပ်ရန် ထာဝရဘုရားသခင်မိန့်တော်မူခဲ့ပါသည်။

ယဇ်ပုရောဟိတ်မင်းကြီးသည် ဗိမာန်တော်ဆေးကြောခြင်းအမှုကို ဆောင်ရွက်ရန် တစ်နှစ်လျှင်တစ်ကြိမ် အပြစ်ဖြေရာနေ့တွင် အသန့်ရှင်းဆုံးအခန်းထဲသို့ဝင်ရပါသည်။ ထိုနေရာတွင်လုပ်ဆောင်ခဲ့သောထိုအမှုသည် တစ်နှစ်ပတ်လုံးလုပ်ဆောင်သည့်အမှုတော်လုပ်ငန်းကို အဆုံးသတ်ခြင်းဖြစ်ပါသည်။

အပြစ်ဖြေရာနေ့တွင် ဆိတ်နှစ်ကောင်ကို တဲတော်တံခါးဝသို့ယူဆောင်လာရပါသည်။ ထိုနောက်ထာဝရဘုရားသခင်အဖို့ စာရေးတံတစ်တံ၊ လွှတ်လပ်လဟာအဖို့တစ်တံ စာရေးတံများချရပါသည်။ ထာဝရဘုရားသခင်အဖို့ စာရေးတံကျသောဆိတ်ကိုဆောင်ခဲ့၍ အပြစ်ဖြေရာယဇ်အဖြစ်ပူဇော်ရ၏။ ယဇ်ပုရောဟိတ်သည် အသွေးများကို အသန့်ရှင်းဆုံးဌာနတော်သို့ဆောင်ယူသွားပြီး ကရုဏာပလ္လင်ပေါ်၌ဖျန်းရ၏။ "ဣသရေလများ၏မစင်ကြယ်သောအပြစ်များကြောင့်လည်းကောင်း၊ ပြစ်မှားသောအပြစ်အမျိုးမျိုးတို့ကြောင့်လည်းကောင်း သန့်ရှင်းရာဌာနတော်အဖို့ အပြစ်ဖြေခြင်းကိုပြုရမည်။ ထိုသို့ဣသရေလအမျိုးသားတို့၏ မစင်ကြယ်သောအပြစ်ထဲမှာနေရသောပရိသတ်စည်းဝေးရာတဲတော်အဖို့ပြုရမည်။"

"အာရုန်သည် အသက်ရှင်သောဆိတ်ခေါင်းပေါ်မှာ လက်နှစ်ဖက်ကိုတင်လျက် ဣသရေလအမျိုးသားတို့၏ဒုစရိုက်မှစ၍ ပြစ်မှားသောအပြစ်အမျိုးမျိုးရှိသမျှတို့ကိုဖေါ်ပြ၍ ဆိတ်ခေါင်းပေါ်မှာတင်ထားပြီးလျှင် တော်လျော်သောလူတွင် တောသို့စေလွှတ်ရမည်။ သူတို့အပြစ်ရှိသမျှကို လူမနေသောအရပ်သို့ဆောင်သွားသောထိုဆိတ်ကိုတော၌လွှတ်လိုက်ရမည်။" ထိုဆိတ်ကိုထိုကဲ့သို့တော၌လွှတ်မပြီးမချင်း မိမိတို့သည် အပြစ်၏ဝန်မှကင်းလွတ်ကြပြီဟု ထိုသူများမမှတ်ယူကြချေ။ အပြစ်ဖြေခြင်းဆိုင်ရာအခမ်းအနားကိုကျင်းပနေစဉ်တွင် လူတိုင်းလူတိုင်းသည် မိမိကိုယ်ကိုညှဉ်းဆဲရပါမည်။ စီးပွားရေးလုပ်ငန်းအားလုံး

ကိုရပ်ဆိုင်းထားကာ ဣသရေလလူအပေါင်းတို့သည် အစာရှောင်ဆုတောင်းကာ မိမိကိုယ်ကိုဆန်းစစ်လျက် ဘုရားသခင်၏ရှေ့တော်မှောက်တွင် တစ်နေ့လုံး ငြိုးငြင်စွာနေကြရပါသည်။

အပြစ်ဖြေခြင်းနှင့်စပ်ဆိုင်သည့် အရေးပါသောတရားတော်များကို နှစ်စဉ်ကျင်းပသောဤအခမ်းအနားအားဖြင့် ထိုသူများကိုသွန်သင်ခဲ့ပါသည်။ ထိုနှစ်အတွင်းပြုခဲ့ကြသောအပြစ်ဖြေရာပူဇော်သကာများတွင် အပြစ်သားကိုယ်စား ပူဇော်ခဲ့သော ထိုယဇ်ကောင်ကိုလက်ခံတော်မူခဲ့သော်လည်း ၎င်း၏အသွေးသည် ကျူးလွန်ခဲ့သောအပြစ်များအတွက် စုံလင်သောအပြစ်ဖြေခြင်းကိုမပြုလုပ်ခဲ့သေးချေ။ အပြစ်များကိုအပြစ်သားထံမှ ဗိမာန်တော်သို့ပြောင်းရွှေ့ပေးထားရုံသာ ရှိသေးပါသည်။ အသွေးကိုပူဇော်ခြင်းအားဖြင့် ထိုအပြစ်သားသည် ပညတ်တော်၏အာဏာတော်ကိုအသိအမှတ်ပြုခြင်း၊ မိမိအပြစ်ကိုဝန်ခံခြင်း၊ ဤလောက၏အပြစ်များကိုဆောင်ယူသွားမည့် ကိုယ်တော်၌ယုံကြည်ခြင်းရှိကြောင်းများကို ဖော်ပြခြင်းသာဖြစ်ပါသေးသည်။ ၎င်းသည် ပညတ်တော်၏အပြစ်စီရင်ခြင်းမှ အပြည့်အဝလွတ်ခြင်းအခွင့်ကိုမရရှိသေးချေ။ ယဇ်ပုရောဟိတ်မင်းသည် အပြစ်ဖြေရာနေ့တွင် ပရိသတ်အတွက် ပူဇော်သကာကိုသတ်ပြီး အသွေးကို ဆောင်လျက် အသန့်ရှင်းဆုံးဌာနတော်သို့ဝင်သွားခဲ့ပါသည်။ ထိုနောက် ပညတ်တော်ဆယ်ပါးထည့်ထားသည့်ပဋိညာဉ်သေတ္တာပေါ်ရှိ ကရုဏာပလ္လင်ကို ထိုအသွေးများနှင့်ပက်ဖျန်းပါသည်။ ဤနည်းအားဖြင့် အပြစ်သား၏အသက်ကို တောင်းဆိုသည့်ပညတ်တော်များ၏တောင်းဆိုချက်များကိုဖြည့်ဆည်းခဲ့ပါသည်။ ထိုနောက် ထိုယဇ်ပုရောဟိတ်မင်းသည် ကြားဖျန်ဖြေသူတစ်ဦးအနေဖြင့် ထိုအပြစ်သားကို မိမိအပေါ်သို့တင်ယူလိုက်ပါသည်။ သူသည် ဣသရေလလူအပေါင်းတို့၏အပြစ်များကိုသယ်ဆောင်ကာ ထိုဗိမာန်တော်မှထွက်လာခဲ့ပါသည်။ ထိုနောက် တဲတော်တံခါးဝတွင်အသင့်ရှိနေသော "လွတ်လပ်လဟာအတွက်မဲကျသည့်ဆိတ်" ၏ဦးခေါင်းပေါ်တွင် မိမိလက်ကိုတင်ကာ "ဣသရေလအမျိုးသားတို့၏ဒုစရိုက်မှစ၍ ပြစ်မှားသောအပြစ်အမျိုးမျိုးရှိသမျှတို့ကိုဖော်ပြ၍ ဆိတ်ခေါင်းပေါ်မှာတင်ထားလေ၏။" ထိုနောက်အပြစ်များကို



တင်ထားခြင်းခံရသောဆိတ်ကို အဝေးသို့ဆောင်သွားသောအချိန်တွင် ထိုအပြစ်များသည် ၎င်းတို့နှင့်ထာဝစဉ်ကင်းကွာသွားခဲ့ပြီဟုမှတ်ယူကြပါသည်။ "ကောင်းကင်အရာတို့၏ပုံပမာအရိပ်" ဖြစ်သော ထိုအခမ်းအနားကို ထိုကဲ့သို့ကျင်းပခဲ့ကြပါသည်။

ဖော်ပြခဲ့ပြီဖြစ်သည့်အတိုင်း မောရှေသည် သူ့အားတောင်ပေါ်တွင် ပြသခဲ့သောပုံစံကိုယူ၍ မြေကြီးနှင့်ဆိုင်သောတဲတော်ကိုတည်ဆောက်ခဲ့ပါသည်။ "ထိုတဲတော်ကား ပူဇော်သကာနှင့်ယဇ်များကိုပူဇော်သောကာလတည်းဟူသော မျက်မှောက်ကာလပတ်လုံးပုံပမာဖြစ်၏။" တဲတော်ရှိသန့်ရှင်းရာဌာနတော်နှစ်ခုမှာ "ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ပုံများ" ဖြစ်ကြ၏။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးဖြစ်သောခရစ်တော်သည် "ထာဝရဘုရားသခင်ဆောက်တော်မူသောတဲတော်စစ်တည်းဟူသော သန့်ရှင်းရာဌာနတော်၌ ဘုရားသခင်ဝတ်ကိုပြုသောသူဖြစ်တော်မူ၏။" ရှင်ယောဟန်သည် ကောင်းကင်နိုင်ငံတော်ရှိဘုရားသခင်၏ဗိမာန်တော်ကို ရူပါရုံအားဖြင့်ပြသခြင်းခံခဲ့ရရာ "ယဇ်ပလ္လင်တော်ရှေ့၌ မီးခွက်ခုနစ်လုံးထွန်းလင်းနေသည်ကို" မြင်တွေ့ခဲ့ရသည်။ ထိုနောက်ကောင်းကင်တမန်တစ်ပါးသည် "လင်ပန်းကိုယူ၍ ယဇ်ပလ္လင်၏မီးနှင့်ပြည့်စုံစေပြီးမှ မြေကြီးပေါ်သို့ချလိုက်သည်ဖြစ်၍ အသံမြည်ခြင်း၊ မိုးချုန်းခြင်း၊ လျှပ်စစ်ပြက်ခြင်း၊ မြေကြီးလှုပ်ခြင်းဖြစ်ကြသည်" ကိုမြင်ရပြန်၏။ ဤတွင် ရှင်ယောဟန်သည် သန့်ရှင်းရာဌာနတော်ကိုတွေ့မြင်ခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူသည်မြေကြီးပေါ်တွင်ရှိသောတဲတော်ရှိမီးတိုင်ခုနစ်တိုင်နှင့် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်တို့ကပုံဆောင်ထားသော မီးထွန်းလင်းနေသည့် မီးခွက်ခုနစ်ခွက်နှင့် ရွှေယဇ်ပလ္လင်ကိုမြင်တွေ့ခဲ့ပါသည်။ တစ်ဖန် "ကောင်းကင်ဘုံ၌ဘုရားသခင်၏ဗိမာန်တော်ဖွင့်ထား၍" သူသည် ကန့်လန့်ကာ၏အတွင်း၌ရှိသောအသန့်ရှင်းဆုံးဌာနတော်ကိုကြည့်လိုက်ရာ ဘုရားသခင်၏ပညတ်တော်ကိုထားရန် မောရှေပြုလုပ်ထားသည့် သန့်ရှင်းသောသေတ္တာအားဖြင့် ပုံဆောင်ထားသော "ပဋိညာဉ်သေတ္တာတော်" ကိုတွေ့မြင်ရပါသည်။

မောရှေသည် "မိမိမြင်ရသောပုံနှင့်အညီ" မြေကြီးဆိုင်ရာတဲတော်ကို တည်ဆောက်ခဲ့ပါသည်။ ဆောက်လုပ်ပြီးစီးသောအချိန်တွင် "တဲတော်နှင့်

ဝတ်ပြုသောတန်ဆာများသည်” ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ပုံများဖြစ်ကြကြောင်း ရှင်ပေါလုကဖွင့်ဆိုထားပါသည်။ ကောင်းကင်နိုင်ငံတွင်ရှိသောဗိမာန်တော်ကို မိမိတွေ့မြင်ခဲ့ရသည်ဟု ရှင်ယောဟန်ကလည်းပြောထားပါသည်။ ကျွန်ုပ်တို့အတွက် ခရစ်တော်အမှုတော်ဆောင်နေသည့်ထိုဗိမာန်တော်သည် နဂိုမူရင်းဗိမာန်တော်ဖြစ်၍ မောရှေတည်ဆောက်သောတဲတော်မှာမူ ထိုအရာ၏ပုံတူသာဖြစ်ပါသည်။

“ကုဋေအသချေ်မက ရှေ့တော်၌ခစားနေကြပြီး ထာဝရပလ္လင်တော်၏ ဘုန်းရောင်ခြည်များနှင့်ပြည့်ဝနေကာ ရှိသေကြည်ညိုသည့်အနေဖြင့် အတောင်များနှင့်မိမိတို့၏မျက်နှာများကိုဖုံးကွယ်ထားကြသော အရောင်အဝါတောက်ပနေသည့်ကောင်းကင်တမန်သရပ်တို့ရှိနေသည့် ဘုရင်တကာတို့၏ဘုရင်ကိုယ်တိုင်စိုးစံတော်မူသည့်ကောင်းကင်နိုင်ငံမှဗိမာန်တော်ကို မည်သည့်မြေကြီးဆိုင်ရာတဲတော်ကမျှ ဘုန်းတော်တန်ခိုးတော်ကြီးမြတ်မှုတွင် ရုပ်လုံးဖေါ်နိုင်ကြမည်မဟုတ်ချေ။ သို့စေကာမူ လူသားများ၏ကယ်တင်ခြင်းအတွက် ဆက်လက်လုပ်ဆောင်နေသောကောင်းကင်ဆိုင်ရာဗိမာန်တော်နှင့်မဟာအမှုတော်နှင့်စပ်လျဉ်းသည့် အရေးကြီးသောတရားတော်များကိုမူ မြေကြီးဆိုင်ရာတဲတော်နှင့်ကျင်းပသည့်အခမ်းအနားများအားဖြင့် သွန်သင်ပေးရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကောင်းကင်နိုင်ငံသို့တက်ကြွသွားပြီးနောက် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် အမှုတော်ကိုအစပျိုးလုပ်ဆောင်ခဲ့ပါသည်။ “မှန်သောသန့်ရှင်းရာဌာနတို့၏ပုံဖြစ်သော လူတို့လက်ဖြင့်လုပ်သောသန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည်မဝင်ဘဲ ငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ ကောင်းကင်ကိုယ်ထဲသို့ဝင်တော်မူပြီ” ဟုရှင်ပေါလုက ရေးသားထားပါသည်။ ခရစ်တော်ဆောင်ရွက်တော်မူသည့်အမှုတော်သည် ကောင်းကင်ဗိမာန်တော်တွင် မတူညီသောအချိန်နှစ်ပိုင်းနှင့်မတူညီသည့်နေရာနှစ်ခုတွင် အမှုဆောင်ခြင်းများနှင့်ပေါင်းစပ်ဖွဲ့စည်းထားသကဲ့သို့ ထိုအရာကိုပုံဆောင်သည့် မြေကြီးဆိုင်ရာလုပ်ဆောင်မှုများသည်လည်း နေ့စဉ်ဆောင်ရွက်ရမည့်အခမ်းအနားနှင့် နှစ်စဉ်ဆောင်ရွက်ရမည့်



အခမ်းအနားဟူ၍ နှစ်ပိုင်းခွဲခြားကာ ဤအခမ်းအနားတစ်ခုစီအတွက် တဲတော်တွင်သီးသန့်နေရာများကိုသတ်မှတ်ခဲ့ပါသည်။

ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားပြီးနောက် နောင်တရသောအပြစ်သားများအတွက် မိမိအသွေးတော်အားဖြင့် အပြစ်ဖြေလွှတ်ခွင့်တောင်းခံရန် ထာဝရဘုရားသခင်၏ရှေ့တော်မှောက်သို့ တိုးဝင်ခစားခဲ့သကဲ့သို့ နေ့စဉ်ကျင်းပသည့်အခမ်းအနားများတွင် အမှုတော်ဆောင်ရသည့်ယဇ်ပုရောဟိတ်များသည် အပြစ်သားများအတွက် သန့်ရှင်းရာဌာနတော်တွင် ယဇ်ကောင်၏အသွေးနှင့်ပက်ဖျန်းခဲ့ကြပါသည်။

ခရစ်တော်၏အသွေးတော်သည် နောင်တရသောအပြစ်သားများအား ပညတ်တော်၏ပြစ်ဒဏ်စီရင်မှုမှကယ်လွှတ်ခဲ့သော်လည်း ထိုအပြစ်များကို နောက်ဆုံးသောအပြစ်ဖြေရာနေ့ကြီးတိုင်အောင် ဗိမာန်တော်အတွင်းရှိမှတ်တမ်းတွင် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ထိုနည်းအတူ အပြစ်ဖြေရာယဇ်ကောင်၏အသွေးသည် နောင်တရသောအပြစ်သားထံမှ အပြစ်များကိုဖယ်ရှားခဲ့သော်လည်း အပြစ်ဖြေရာနေ့တိုင်အောင် တဲတော်တွင်တည်ရှိနေခဲ့ပါသည်။

အကျိုးအပြစ်များကိုဆပ်ပေးမည့် နောက်ဆုံးသောနေ့ကြီးတွင် “သေလွန်သောသူတို့သည် မိမိတို့၏အကျင့်အတိုင်း စာစောင်တို့၌ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြမည်။” ထိုအချိန်တွင် ခရစ်တော်၏အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာအသွေးတော်၏ကုသိုလ်တော်ကြောင့် အမှန်တကယ်နောင်တရသောသူအားလုံး၏အပြစ်များသည် ကောင်းကင်စာစောင်များထဲမှ ချေဖျက်ခြင်းခံကြရလိမ့်မည်။ ဤနည်းအားဖြင့် ဗိမာန်တော်မှအပြစ်မှတ်တမ်းများကို သန့်စင်စေပါလိမ့်မည်။ အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာ ဤမဟာလုပ်ငန်းကြီး (ဝါ) အပြစ်များကိုချေဖျက်ခြင်းဆိုင်ရာမဟာလုပ်ငန်းကြီးကို ညစ်ညူးစေသောအပြစ်များအား အပြစ်ဖြေရာယဇ်ကောင်၏အသွေးအားဖြင့် အပြီးအပြတ်ဖယ်ရှားခဲ့သည့်မြေကြီးဆိုင်ရာဗိမာန်တော်ကိုဆေးကြောပေးသော အပြစ်ဖြေရာနေ့တွင် ပြုလုပ်ကျင်းပခဲ့သည့်အခမ်းအနားများအားဖြင့် ရုပ်လုံးဖေါ်ခဲ့ပါသည်။

စစ်မှန်စွာနောင်တရသောအပြစ်သားများ၏အပြစ်များကို နောက်တစ်ဖန် သတိမရတော့စေရန်အတွက် ကောင်းကင်မှတ်တမ်းများမှချေဖျက်ပေးရမည် ဖြစ်သကဲ့သို့ ပုံဆောင်မှုတွင်လည်း ထိုအပြစ်များကို လူထုပရိသတ်ထံမှ အမြဲတမ်းကင်းကွာသွားစေရန် တောနက်ကြီးထဲသို့ သယ်ဆောင်သွားစေရမည် ဖြစ်ပါသည်။ သားတော်ဘုရားသခင်အား အသေသတ်ခံသည်အထိဖြစ်စေခဲ့သော အပြစ်အားလုံးကိုတိုက်ရိုက်နှိုးဆွပေးခဲ့ပြီး အပြစ်ကိုစတင်ဖြစ်ပွားစေခဲ့သူမှာ စာတန်ဖြစ်သောကြောင့် စာတန်သည် နောက်ဆုံးသောအပြစ်ဒဏ်ကို ခံယူရလိမ့်မည်ဟု ဖြောင့်မတ်ခြင်းတရားကတောင်းဆိုနေပါသည်။ နောက်ဆုံးသောအပြစ်၏အဖိုးအခကိုခံယူမည့်စာတန်အပေါ်သို့ ကောင်းကင်ဗိမာန်တော်မှ အပြစ်များကိုတင်ကာ ဗိမာန်တော်မှအပြစ်များကိုဖယ်ရှားပစ်လိုက်ခြင်းအားဖြင့် လူသားများ၏ကယ်တင်ခြင်းနှင့် စကြဝဠာအားအပြစ်ကင်းစင်စေခြင်း စသည့် ခရစ်တော်လုပ်ဆောင်နေသောအမှုတော်ကြီးကို အဆုံးသတ်ပါလိမ့်မည်။ ထိုနည်းအတူ ပုံဆောင်၍ကျင်းပသောအခမ်းအနားများတွင် တစ်နှစ်ပတ်လုံး ပြုလုပ်ခဲ့သည့်အခမ်းအနားများကို လွတ်လပ်လပာအတွက် စာရေးတံကျသည့် ဆိတ်၏ခေါင်းပေါ်တွင် အပြစ်များကိုတင်ကာ ဗိမာန်တော်ကိုဆေးကြောသည့် အခမ်းအနားအားဖြင့် အဆုံးသတ်ခဲ့ပါသည်။

ဤနည်းအားဖြင့် တဲတော်တွင်ကျင်းပပြုလုပ်သောအခမ်းအနားများ (နောက်ပိုင်းတွင်ဗိမာန်တော်တွင်ပြုလုပ်သောအခမ်းအနားများ) ၌ခရစ်တော်၏ အသေခံခြင်းနှင့်အမှုတော်ဆောင်ခြင်းဆိုင်ရာမဟာတရားတော်များကို နေ့စဉ် သွန်သင်ကာ စကြဝဠာကြီးအား အပြစ်နှင့်လည်းကောင်း၊ အပြစ်သားများနှင့် လည်းကောင်း နောက်ဆုံးသန့်စင်ခြင်းကိုဖေါ်ညွှန်းသည့် ခရစ်တော်နှင့်စာတန် အကြားဖြစ်ပွားလျက်ရှိသော မဟာတိုက်လှန်ပွဲကြီး၏အဆုံးသတ်အဖြစ်အပျက် များကို ထိုဣသရေလများအား တစ်နှစ်လျှင်တစ်ကြိမ်သိမြင်စေခဲ့ပါသည်။

* * *



## (၃၁)
## နာဒပ်နှင့်အဘိဟုတို့ကျူးလွန်သောအပြစ်

တဲတော်ဝတ်ပြုအပ်နှံခြင်းအစီအစဉ်ကို ပြုလုပ်ပြီးနောက်ပိုင်းတွင် ယဇ်ပုရောဟိတ်မင်းများအား တဲတော်လုပ်ငန်းများအတွက် သီးသန့်ဝတ်ပြု အပ်နှံခဲ့ကြပါသည်။ ခုနစ်ရက်တွင် အထူးအခမ်းအနားတစ်ခုစီကို တစ်နေ့စီ တွင်ကျင်းပပြီးနောက် ရှစ်ရက်မြောက်သောနေ့၌ ၎င်းတို့သည် ယဇ်ပုရောဟိတ်၏လုပ်ငန်းဆောင်တာတို့ကိုဆောင်ရွက်ရန် တဲတော်သို့ဝင်ခဲ့ကြပါသည်။ အာရုန်သည် သူ့သားများ၏အမအစဖြင့် ဘုရားသခင်စေခိုင်းသည့်အတိုင်း ယဇ်ပူဇော်ခြင်းအမှုကိုပြုကာ သူ၏လက်များကိုမြှောက်၍ လူအများအား ကောင်းချီးပေးလေ၏။ အရာခပ်သိမ်းတို့ကိုမိန့်တော်မူသည့်အတိုင်း အာရုန် ပြုခဲ့သဖြင့် ထိုယဇ်မျိုးကို ထာဝရဘုရားသခင်လက်ခံတော်မူ၍ အထံတော်မှ မီးကျကာ ယဇ်ပလ္လင်ပေါ်ရှိ ထိုပူဇော်သကာကိုလောင်ကျွမ်းစေခြင်းဖြင့် ထူးခြားသောနည်းကိုအသုံးပြုကာ ဘုန်းတော်ကိုဖေါ်ပြတော်မူခဲ့ပါသည်။ ဣသရေလများသည် ဤသို့ဘုရားသခင်၏တန်ခိုးတော်ထင်ရှားခြင်းကို စိုးရွံ့ထိတ်လန့်စွာဖြင့် စိတ်ဝင်တစားကြည့်ရှုနေကြပါသည်။ ထိုသူတို့သည် ဘုရားသခင်၏ ဘုန်းတော်နှင့်မျက်နှာသာပေးတော်မူခြင်းတို့ကိုတွေ့မြင်ကြရာ တစ်ယောက်မကျန် အော်ဟစ်ကြွေးကြော်ကြကာ ထာဝရဘုရားသခင်၏ရှေ့တော်သို့ရောက်ရှိနေ သည့်အလား ပျပ်ဝပ်ကိုးကွယ်ခဲ့ကြပါသည်။

သို့ရာတွင် မကြာမီမှာပင် အလွန်ကြောက်စရာကောင်းသော ဘေးဒဏ်တစ်ခုသည် ထိုယဇ်ပုရောဟိတ်မင်းကြီး၏အိမ်ထောင်သားများအပေါ်သို့ ကျရောက်ခဲ့ပါသည်။ လူများသည် ကျေးဇူးတော်ချီးမွမ်းကာ ဆုတောင်း ပတ္ထနာပြုလျက် ဝတ်ပြုကိုးကွယ်နေသောအချိန်၌ အာရုန်၏သားနှစ်ယောက် တို့သည် ထာဝရဘုရားသခင်ရှေ့တော်တွင် နံ့သာပေါင်းမီးရှို့ရာယဇ်ကိုပူဇော်ရန် မိမိတို့၏လင်ပန်းများကိုအသီးသီးယူဆောင်လာကာ ထိုလင်ပန်းများအပေါ်တွင် နံ့သာများကိုမီးရှို့ခဲ့ကြပါသည်။ သို့ရာတွင် သူတို့သည်ထူးဆန်းသောမီးကို

အသုံးပြုခြင်းအားဖြင့် ကိုယ်တော်၏အမိန့်တော်ကိုချိုးဖေါက်ခဲ့ကြပါသည်။ ထာဝရဘုရားသခင်ကိုယ်တော်တိုင်မွှေးထားကာ နံ့သာပေါင်းမီးရှို့ရာတွင် ထိုမီးကိုအသုံးပြုရန် မိန့်တော်မူထားသည့်သန့်ရှင်းသောမီးအစား အခြားသာမန်မီးကိုယူ၍ သူတို့သည် နံ့သာပေါင်းကိုမီးရှို့ခဲ့ကြပါသည်။ ဤအပြစ်ကြောင့် ထာဝရဘုရားသခင်ထံမှမီးထွက်၍ ထိုပရိသတ်ရှေ့မှာပင် ၎င်းတို့အားလောင်ကျွမ်းလေ၏။

ဣသရေလများတွင် မောရှေနှင့်အာရုန်ပြီးလျှင် နာဒပ်နှင့်အဘိဟုတို့သည် ရာထူးအကြီးဆုံးသူများဖြစ်ကြပါသည်။ ထာဝရဘုရားသခင်သည် ထိုသူနှစ်ဦးအား အခြားအသက်ကြီးသူခုနစ်ဆယ်နှင့်အတူ တောင်ပေါ်တွင် မိမိဘုန်းတော်ကိုမြင်ခွင့်ပေးခဲ့ခြင်းအားဖြင့် ထူးခြားစွာဂုဏ်ပြုတော်မူခဲ့ပါသည်။ သို့ရာတွင် ထိုသို့ဂုဏ်ပြုခြင်းကြောင့် ၎င်းတို့ကျူးလွန်ခဲ့သောဤအပြစ်ကို ခွင့်လွှတ်တော်မမူခဲ့ပါ။ ပေါ့ပေါ့တန်တန်သဘောထားတော်မမူခဲ့ပါ။ ထို့ပြင် ၎င်းတို့ကျူးလွန်သောအပြစ်ကို ပို၍ပင်ကြေကွဲဝမ်းနည်းစေခဲ့ပါသည်။ လူတို့သည် ကြီးမားသောအလင်းတရားကိုရရှိခဲ့ခြင်းကြောင့်တစ်ကြောင်း၊ ၎င်းတို့သည် အခြားဣသရေလအကြီးအကဲများနှင့်အတူ တောင်ပေါ်သို့တက်ကာ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခွင့်၊ ကိုယ်တော်၏အလင်းရောင်တွင် နားနေခွင့်ရရှိခဲ့ခြင်းကြောင့်တစ်ကြောင်း မိမိတို့သည် ပြစ်ဒဏ်မခံရဘဲ နောက်ပိုင်းတွင် အပြစ်ပြုနိုင်သည်ဟု ကိုယ်ကိုကိုယ်နှစ်ထောင်းအားရရှိမနေကြစေပါနှင့်။ ထိုသူတို့သည် ထိုကဲ့သို့ဂုဏ်ပြုခြင်းခံကြရသောကြောင့် ထာဝရဘုရားသခင်သည် ၎င်းတို့ကျူးလွန်သောအပြစ်များအတွက် တိကျစွာအပြစ်ဒဏ်ပေးဆပ်တော်မူလိမ့်မည်။ ဤအရာသည် အကြီးအကျယ်ဒုက္ခရောက်သွားစေနိုင်သည့်လှည့်ဖြားမှုတစ်ရပ်ဖြစ်ပါသည်။ ကြီးမားသောအလင်းတော်နှင့် များပြားစွာသောအခွင့်အရေးများကိုပေးအပ်ထားခြင်းခံရသူများသည် ရရှိထားသည့်အလင်းနှင့်လျော်ညီသောသန့်ရှင်းခြင်းပါရမီကိုပြန်လည်တုံ့ပြန်ကြရပါမည်။ ထာဝရဘုရားသခင်သည် ထိုကဲ့သို့တုံ့ပြန်လာခြင်းမရှိသောသူများကို လက်ခံနိုင်တော်မမူချေ။ ကြွယ်ဝများပြားလှသောကောင်းချီးမင်္ဂလာများနှင့်အခွင့်ထူးများသည် လုံခြုံမှုအတွက်



သော်လည်းကောင်း၊ နမော်နမဲ့နေခြင်းများအတွက်သော်လည်းကောင်း စိတ်အေးသက်သာစေမည့်အာမခံချက်များ မည်သည့်အခါမျှမဖြစ်သင့်ချေ။ ထိုအရာများက အပြစ်လုပ်ခွင့်လိုင်စင်မည်သည့်အခါမျှထုတ်ပေးလိမ့်မည်မဟုတ်သည့်ပြင် ဘုရားသခင်သည် ထိုကောင်းချီးမင်္ဂလာများကိုပေးတော်မူသဖြင့် ၎င်းတို့အားတိတိကျကျအရေးယူအပြစ်တင်တော်မူမည်မဟုတ်ဟု မမှတ်ယူသင့်ချေ။ ထာဝရဘုရားသခင်ပေးတော်မူသောအခွင့်အရေးအားလုံးသည် စိတ်အားထက်သန်လာရန်၊ စိတ်အားတက်ကြွစွာကြိုးစားလုပ်ဆောင်လာရန်၊ ခွန်အားအပြည့်ဖြင့်ကိုယ်တော်၏အလိုတော်အတိုင်းလုပ်ဆောင်နိုင်ရန် အထောက်အကူပေးသောအရာများဖြစ်ကြပါသည်။

နာဒပ်နှင့်အဘိဟုတို့သည် ငယ်ရွယ်စဉ်အချိန်က ချုပ်တည်းခြင်းအကျင့်ကိုလေ့ကျင့်သင်ကြားမှုမခံခဲ့ကြရချေ။ ဖခင်ကြီး၏အလျှော့ပေးတတ်သောစိတ်ဓါတ်နှင့် အမှန်တရားဘက်တွင်ခိုင်မာစွာရပ်တည်မှုမရှိခြင်းတို့သည် မိမိ၏သားသမီးများကိုဆုံးမပဲ့ပြင်မှုကို လျစ်လျူရှုစေသည့်အဖြစ်သို့ရောက်သွားစေခဲ့ပါသည်။ မိမိ၏သားများကို ကြိုက်သလိုနေထိုင်စားသောက်ရန် သူခွင့်ပြုခဲ့ပါသည်။ အချိန်ကြာမြင့်စွာမိမိကြိုက်သလိုနေထိုင်ခဲ့ခြင်းအကျင့်သည် အမွန်မြတ်အသန့်ရှင်းဆုံးသောလုပ်ငန်းတာဝန်များ၌ပင် ထိုးဖေါက်နိုင်သည့်တန်ခိုးမရှိသည့်အခြေရောက်အောင် ၎င်းတို့အားထိန်းချုပ်ထားခဲ့ပါသည်။ သူတို့သည် ဖခင်ကြီး၏စကားကိုလေးစားရန် သွန်သင်ခြင်းမခံခဲ့ရချေ။ ထာဝရဘုရားသခင်၏စေခိုင်းချက်များကို တိတိကျကျနားထောင်လိုက်လျှောက်ရန်လိုအပ်ကြောင်းကိုလည်း သူတို့မသိရှိခဲ့ကြချေ။ မိမိသားများကို မှားသည့်နည်းဖြင့် အလိုလိုက်ခဲ့မိသည့်အတွက် အာရုန်သည် ဘုရားသခင်ပေးသောအပြစ်ဒဏ်စီရင်မှုများကို ခံခဲ့ရပါသည်။

၎င်းတို့သည် ကိုယ်တော်ရှင်ခန့်ခွဲသတ်မှတ်ထားသောနည်းလမ်းအတိုင်း ကိုယ်တော်ထံသို့ရှိသေကိုင်းရှိုင်းစွာဖြင့် တိုးဝင်ချဉ်းကပ်ရမည့်အကြောင်း ထာဝရဘုရားသခင်သည် ဣသရေလများအားသွန်သင်ရန် ကြံရွယ်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် တစ်ပိုင်းတစ်စနားထောင်မှုမျိုးကို လက်ခံ

တော်မမူချေ။ ဤကဲ့သို့သောအရေးကြီးသည့်ဝတ်ပြုကိုးကွယ်ပွဲရာသီတွင် ကိုယ်တော်ရှင်ညွှန်ကြားတော်မူခဲ့သည့် အရာခပ်သိမ်းနီးပါးကိုလုပ်ဆောင်ခဲ့ခြင်းသည် မလုံလောက်ပါချေ။ ထာဝရဘုရားသခင်သည် သာမန်အရာများနှင့် သန့်ရှင်းသောအရာများအကြား ခွဲခြားမှုမပြုဘဲ မိမိအမိန့်တော်မှသွေဖည်သူများအပေါ် ပြစ်ဒဏ်တစ်ခုကိုစီရင်တော်မူခဲ့ပါသည်။ "မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်းဟုခေါ်တတ်သောသူ၊ အလင်းအရာ၌အမိုက်၊ အမိုက်အရာ၌အလင်းကို အလွဲယူတတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။---ငါသည်ပညာရှိသည်ဟု ကိုယ်ကိုထင်တတ်သောသူ၊ သမ္မာသတိနှင့်ပြည့်စုံသည်ဟုထင်မှတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။---ထိုသူတို့သည်--မတရားသောသူတို့ကိုအပြစ်မပေးဘဲလွှတ်၍ ဖြောင့်မတ်သောသူတို့၏ဖြောင့်မတ်ခြင်းကိုဝန်မခံ ပယ်ရှားတတ်ကြ၏။---အကြောင်းမူကား၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏တရားတော်ကိုပယ်ကြပြီ၊ ဣသရေလအမျိုးသား၏ သန့်ရှင်းသောဘုရားသခင်၏ဗျာဒိတ်တော်ကို မထီမဲ့မြင်ပြုကြပြီ" ဟူ၍ ပုရောဖက်ဟေရှာယအားဖြင့် ထာဝရဘုရားသခင်မိန့်တော်မူ၏။ ဘုရားသခင့်ပညတ်တော်၏အချို့အပိုင်းများသည် မစောင့်ရှောက်လျှင်လည်းရပါသည်ဟူသောယုံကြည်ချက်များနှင့် မည်သူမဆို မိမိကိုယ်ကိုမလှည့်ဖြားစေနှင့်။ ကိုယ်တော်သည် ပညတ်ထားတော်မူသည့်အရာများကို အစားထိုးခြင်းကိုလက်ခံတော်မူလိမ့်မည်ဟူသောယုံကြည်ချက်များနှင့် မည်သူမဆို မိမိကိုယ်ကိုမလှည့်ဖြားစေနှင့်။ "ထာဝရဘုရားသခင်မှာထားတော်မမူဘဲ အဘယ်သူသည်ပြော၍ တစ်စုံတစ်ခုကိုဖြစ်စေနိုင်သနည်း" ဟုပုရောဖက်ယေရမိကဖွင့်ဆိုထားပါသည်။ လူသားများသည် လိုက်နာလိုကလိုက်နာ၍ မလိုက်နာလိုကမလိုက်နာဘဲနေနိုင်ကာ အကျိုးဆက်များခံစားရန်မလိုသည့် မည်သည့်အမိန့်တော်ကိုမျှ နှုတ်ထွက်စကားတော်တွင် ထာဝရဘုရားသခင်သွတ်သွင်းထားတော်မမူခဲ့ချေ။ လူသားများသည် တိကျစွာလိုက်လျှောက်သည့်လမ်းမှလွဲ၍ အခြားလမ်းကိုရွေးချယ်ပါက "အဆုံး၌သေခြင်းကိုပို့ဆောင်သောလမ်းတစ်မျိုးကို" တွေ့ရပါလိမ့်မည်။



"မောရှေသည် အာရုန်နှင့်တကွ သူ၏သားဧလျာဇာနှင့်ဣသမာတို့ကိုခေါ်၍ သင်တို့လည်းသေရမည်။ လူအပေါင်းတို့အပေါ်မှာ အမျက်တော်သင့်ရောက်မည်ကိုစိုးရိမ်သည်ဖြစ်၍ သင်တို့ဦးထုပ်ကိုမချွတ်နှင့်၊ အဝတ်ကိုမဆုတ်နှင့်၊"---ထာဝရဘုရားသခင်၏ဘိသိက်ဆီသည် သင်တို့အပေါ်မှာရှိသည်" ဟုဆို၏။ "ငါသည် သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံသို့ချဉ်းကပ်သောသူတို့သည်မှတ်ရမည်။ လူအပေါင်းတို့သည် ငါ့ဘုန်းကိုချီးမြှင့်ရကြမည်" ဟူ၍ မိန့်မှာခဲ့သောထာဝရဘုရားသခင်၏မိန့်တော်မူချက်ကိုလည်း အာရုန်အား မောရှေသတိပေးခဲ့ပါသည်။ အာရုန်သည် စကားတစ်လုံးမျှမပြောဘဲငြိမ်နေခဲ့ပါသည်။ သတိပေးချက်တစ်စုံတစ်ရာမပြုဘဲ အကွပ်မျက်ခံလိုက်ရသည့်မိမိသားများ၏ အပြစ်သည် ထိတ်လန့်ကြောက်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှပါသည်။ ထိုအပြစ်သည် မိမိ၏တာဝန်ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသောရလဒ်ဖြစ်ကြောင်းကို ယခုတွင်သူတွေ့မြင်ခဲ့ပါသည်။ ထိုကြောင့် စိတ်နှလုံးကြေကွဲခဲ့ရသော်လည်း မိမိ၏ခံစားချက်များကို သူမထုတ်ဖော်မဖွင့်ဟခဲ့ချေ။ သူသည် ဤကဲ့သို့ဝမ်းနည်းကြေကွဲပုံမပြဘဲ အပြစ်ကိုလိုလားထောက်ခံပုံမျိုးဖော်ပြရမည်မဟုတ်ချေ။ ဣသရေလပရိသတ်ကြီးအား ဘုရားသခင်ကိုအပြစ်တင်လာအောင် လုပ်ဆောင်ရမည်မဟုတ်ချေ။

ထာဝရဘုရားသခင်သည် အခြားသူများကြောက်ရွံ့လာစေရန်အလို့ငှာ မိမိ၏ဆုံးမပဲ့ပြင်ခြင်း၌ တရားမျှတမှုရှိကြောင်း အသိအမှတ်ပြုကြရန် မိမိ၏လူမျိုးတို့အား သွန်သင်တော်မူခဲ့ပါသည်။ ကြောက်စရာကောင်းသော ဤပြစ်ဒဏ်စီရင်မှုသည် ဣသရေလများထဲမှအချို့သူများအား ၎င်းတို့၏ကံကြမ္မာကို တံဆိပ်မခတ်မီတွင် ထာဝရဘုရားသခင်၏စိတ်ရှည်ခြင်းကို ရောင့်တက်မှုများမဖြစ်စေအောင် ကယ်မခဲ့ပါသည်။ ဘုရားသခင်၏ထိုဆုံးမပဲ့ပြင်မှုသည် ကျူးလွန်ခဲ့သည့်အပြစ်ကိုဆင်ခြေပေးရန် ကြိုးစားသည့်ထိုအပြစ်သားအပေါ်တွင်ထားရှိသော မှားယွင်းသည့် ထိုကိုယ်ချင်းစာနာမှုအပေါ်တွင်ကျရောက်နေပါသည်။ အမှားတစ်ခုကိုပြုလုပ်နေသူသည် ပညတ်တော်လွန်ကျူးမှု၏ဆိုးယုတ်မှုများကိုမသိမြင်စေရန်အလို့ငှာ အပြစ်၏အကျိုးအဆက်က ကိုယ်ကျင့်တရား

ဆိုင်ရာသိမြင်ခံစားမှုများကို အသေဖြစ်စေပါသည်။ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်၏အပြစ်ရှိကြောင်းဖေါ်ပြသည့်တန်ခိုးတော်မပါရှိဘဲ မိမိကျူးလွန်သောအပြစ်ကို မသိတစ်ဝက်သိတစ်ဝက်အခြေအနေတွင် ဆက်လက်တည်ရှိနေတတ်ပါသည်။ ဘုရားသခင်၏အစေခံကျွန်များ၏တာဝန်မှာ ထိုကဲ့သို့ အမှားမှားအယွင်းယွင်းလုပ်ဆောင်နေကြသူများအား ၎င်းတို့တွေ့ကြုံရမည့် အန္တရာယ်ကိုဖေါ်ပြကြရန်ဖြစ်ပါသည်။ အပြစ်၏ဇာတိရုပ်မှန်နှင့်စစ်မှန်သော အကျိုးဆက်များကို အပြစ်သားများအားမျက်ကွယ်စေခြင်းအားဖြင့် ထိုသတိပေးမှု၏အကျိုးသက်ရောက်မှုကိုဖျက်ဆီးနေကြသောသူများက ထိုသို့သော လုပ်ဆောင်မှုများအားဖြင့် မိမိတို့သည် မေတ္တာပြခဲ့ကြပြီဟု မကြာခဏကြွားလုံးထုတ်တတ်ကြသော်လည်း အမှန်မှာသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုကို တိုက်ရိုက်ဆန့်ကျင်ဟန့်တားရန် လုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။ သူတို့သည် ထိုအပြစ်သားအား ပျက်စီးလုဆဲဆဲအခြေအနေတွင် နားခိုရန် ချော့မော့နေကြခြင်းဖြစ်ပါသည်။ မိမိတို့ကိုယ်တိုင်ကိုလည်း ထိုသူ၏ အပြစ်တွင်ပါဝင်ဆက်ဆံသူများဖြစ်အောင်လုပ်ဆောင်နေကြပြီး ၎င်း၏နောင်တမရမှုအတွက် မိမိတို့၌တာဝန်သက်ရောက်စေလျက်ရှိကြပါသည်။

နာဒပ်နှင့်အဘိဟုတို့သည် စပျစ်ရည်ကို ရှေးဦးစွာမှစ၍ လုံးဝမသောက်စားမမူးယစ်ခဲ့ကြလျှင် ထိုပြစ်မှုကြီးကိုမည်သည့်အခါမျှကျူးလွန်ခဲ့လိမ့်မည်မဟုတ်ချေ။ ဘုရားသခင်အတူရှိကြောင်း ထင်ရှားသည့်ထိုတဲတော်တွင် မိမိတို့သွားရောက်အမှုတော်မဆောင်မီ သေချာကျနသောပြင်ဆင်မှုများလုပ်ရမည်ကို သူတို့နားလည်ထားသော်လည်း ချုပ်တည်းမှုကင်းမဲ့ခြင်းအားဖြင့် ၎င်းတို့သည် ထိုသန့်ရှင်းသောအလုပ်တာဝန်အတွက် အရည်အချင်းမမီခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့သည် သန့်ရှင်းသောအရာနှင့်သာမန်အရာများကိုပင် ခွဲခြားသိမြင်ခြင်းငှာ မစွမ်းနိုင်လောက်အောင် ကိုယ်ကျင့်တရားနှင့်ဆိုင်သော သိမြင်နားလည်မှုများထုံထိုင်းလာခဲ့ပါသည်။ စိတ်နှလုံးသည်လည်း ကြည်လင်မှုမရှိတော့ဘဲ ရှုပ်ထွေးလာခဲ့ပါသည်။ ထို့ကြောင့်အာရုန်နှင့်တကွ ကျန်ရှိနေသေးသည့်သူ၏သားများအား "ထာဝရဘုရားသခင်က သင်နှင့်သင်၏သား





တို့သည် သေဘေးနှင့်ကင်းလွတ်စေခြင်းငှာလည်းကောင်း၊ သန့်ရှင်းသောအရာ၊ မသန့်ရှင်းသောအရာ၊ စင်ကြယ်သောအရာ၊ မစင်ကြယ်သောအရာတို့ကို ပိုင်းခြားတတ်ခြင်းငှာလည်းကောင်း ထာဝရဘုရားသခင်သည် မောရှေအားဖြင့် မှာထားသမျှသောပညတ်တို့ကို ဣသရေလအမျိုးသားတို့သွန်သင်တတ်ခြင်းငှာလည်းကောင်း ပရိသတ်စည်းဝေးရာတဲတော်သို့ဝင်သောအခါ စပျစ်ရည် အစရှိသောယဇ်မျိုးကိုမသောက်နှင့်။ သင်တို့အမျိုးအစဉ်အဆက်စောင့်ရသော ပညတ်ဖြစ်သတည်းဟု မိန့်တော်မူ၏။ အရက်ကိုသောက်သုံးခြင်းသည် ခန္ဓာကိုယ်ကိုအားနည်းစေပါသည်။ စိတ်နှလုံးကိုရှုပ်ထွေးစေပါသည်။ ကိုယ်ကျင့်တရားကိုယုတ်ညံ့နိမ့်ကျစေပါသည်။ အရက်သောက်ခြင်းအားဖြင့် လူတို့သည် သန့်ရှင်းသောအရာများ၏မွန်မြတ်သန့်စင်မှုများကို မသိရှိနိုင်ကြတော့ချေ။ ဘုရားသခင့်ပညတ်တော်များ၏လိုလားချက်များကိုလည်း မသိရှိနိုင်ကြတော့ချေ။ ထို့ကြောင့်မွန်မြတ်သန့်စင်သောတာဝန်များကိုထမ်းဆောင်နေရသူအပေါင်းသည် စိတ်နှလုံးကြည်ကြည်လင်လင်ဖြင့် အမှားနှင့်အမှန်ကိုခွဲခြားသိမြင်နိုင်ရန် အလိုငှာလည်းကောင်း၊ စည်းမျဉ်းနိယာမများကိုခိုင်မာစွာလိုက်လျှောက်ကာ တရားမျှတစွာစီမံအုပ်ချုပ်၍ ကရုဏာပြနိုင်စေဖို့ ဉာဏ်ပညာများရရှိပိုင်ဆိုင်ထားရန်အလိုငှာလည်းကောင်း ချုပ်တည်းခြင်းဆိုင်ရာစည်းမျဉ်းများကို တိတိကျကျလိုက်လျှောက်သောသူများဖြစ်ရပါမည်။

ခရစ်တော်၏နောက်လိုက်တိုင်းသည်လည်း ထိုကဲ့သို့ပင်လိုက်လျှောက်ကြရမည်ဖြစ်ပါသည်။ "သင်တို့မူကား၊---ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောအမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏" ဟုရှင်ပေတရုကဖွင့်ဆိုထားပါသည်။ ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်အတွက် နှစ်သက်တော်မူဖွယ်သောအမှုတော်ကို ဆောင်ရွက်နိုင်စေရန်အလိုငှာ ကျွန်ုပ်တို့၏အစွမ်းသတ္တိအားလုံးကို အကောင်းဆုံးအခြေအနေတွင်ထိန်းသိမ်းထားရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားတောင်းဆိုတော်မူခဲ့၏။ သေရည်သေရက်များကိုသောက်သုံးလာသောအချိန်တွင် ထိုယဇ်ပုရောဟိတ်များရင်ဆိုင်ခဲ့ရသောအကျိုးဆက်မျိုးကို ကျွန်ုပ်တို့ရင်ဆိုင်

ရပေလိမ့်မည်။ ဩတ္တပ္ပစိတ်သည်လည်း အပြစ်ကိုအပြစ်မှန်းမသိတော့ချေ။ သာမန်အရာများနှင့်သန့်ရှင်းသောအရာများအကြားရှိသည့်အရေးပါမှုအားလုံးကို မသိရှိတော့သည့်တိုင်အောင် ဒုစရိုက်မှုတွင် အလွန်အခြေခိုင်မာလာကြပါသည်။ ထိုအခြေအနေမျိုးတွင် ကျွန်ုပ်တို့သည် ဘုရားသခင့်ပညတ်တော်၏စံကို မည်ကဲ့သို့အမီလိုက်လျှောက်နိုင်ကြမည်နည်း။ "သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။ သင်တို့သည် အဖိုးနှင့် ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့။" "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့။" ခေတ်အဆက်ဆက်တွင်တည်ရှိနေမည့် ခရစ်တော်၏အသင်းတော်အား အရေးပါ၍ကြောက်စရာကောင်းသည့်သတိပေးချက်တစ်ခုကိုမြွက်ဆိုထားသည်မှာ "အကြင်သူသည် ဘုရားသခင်၏ ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကိုဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏" ဟူ၍ဖြစ်ပါသည်။

* * *



# (၃၂)
# ပညတ်တော်နှင့်ပဋိညာဉ်များ

အာဒံနှင့်ဧဝတို့သည် ဖန်ဆင်းပြီးစအချိန်မှစ၍ ဘုရားသခင်၏ ပညတ်တော်ကိုသိရှိခဲ့ကြပါသည်။ ပညတ်တော်အရ မည်သို့ကျင့်ကြံနေထိုင်ရမည်ကိုလည်း သူတို့သိရှိထားပါသည်။ အကြောင်းမှာပညတ်ချက်များကို ၎င်းတို့၏စိတ်နှလုံးထဲတွင်ရေးသားထားတော်မူခြင်းကြောင့်တည်း။ လူသားများသည် ပညတ်တော်လွန်ကျူးခြင်းအားဖြင့် အပြစ်တွင်ကျဆုံးကြသောအချိန်တွင် ပညတ်တော်ကိုပြောင်းလဲတော်မမူဘဲ ၎င်းတို့အား ပညတ်တော်ကို လိုက်လျှောက်ရန် မစကူညီပေးမည့် ကုစားသည့်စနစ်တစ်ခုကိုတည်ထောင်တော်မူခဲ့ပါသည်။ ကယ်တင်ရှင်နှင့်ပတ်သက်သည့်ကတိတော်ကိုပေးတော်မူခဲ့ပြီး အပြစ်ဖြေရာမဟာယဇ်ကောင်ကြီးအဖြစ် အသေခံမည့်ခရစ်တော်၏ သေခြင်းကိုပြညွှန်ထားသော ယဇ်ပူဇော်ခြင်းဆိုင်ရာဝိနည်းထုံးဖွဲ့များကို တည်ထောင်တော်မူခဲ့ပါသည်။ သို့ရာတွင် ပညတ်တော်ကိုမည်သည့်အခါမျှ မလွန်ကျူးခဲ့လျှင် သေခြင်းတရားလည်း မည်သည့်အခါမျှရှိခဲ့လိမ့်မည်မဟုတ်ဘဲ ကယ်တင်ရှင်တစ်ပါးကိုလည်း မည်သည့်အခါမျှလိုအပ်ခဲ့လိမ့်မည်မဟုတ်ချေ။ ၎င်းပြင် ယဇ်ပူဇော်ခြင်းများကိုလည်း ပြုလုပ်ရန်လိုအပ်ခဲ့လိမ့်မည်မဟုတ်ချေ။

အာဒံသည် မိမိ၏သားမြေးများအား ဘုရားသခင်၏ပညတ်တော်ကို သင်ကြားပေးခဲ့ပါသည်။ ထိုနောက် ဖခင်များက သားသမီးများကိုလက်ဆင့်ကမ်း သင်ကြားပေးခဲ့ကြပါသည်။ လူသားများ၏ကယ်တင်ခြင်းအတွက် ကောင်းမွန်သောအစီအစဉ်များရှိခဲ့သော်လည်း လူနည်းစုကသာ ထိုအစီအစဉ်ကိုလက်ခံခဲ့ကြပြီး ပညတ်တော်ကိုလိုက်လျှောက်ခဲ့ကြပါသည်။ လောကီသားအများစုသည် ဤကမ္ဘာကြီးကို ရေအားဖြင့်သန့်စင်စေရသည့်အခြေအနေရောက်အောင် ပညတ်တော်လွန်ကျူးမှုကြောင့် အလွန်ယုတ်ညံ့ဆိုးသွမ်းလာခဲ့ကြပါသည်။ နောဧနှင့်မိသားစုများသည် ပညတ်တော်ကိုစောင့်ရှောက်ထိန်းသိမ်းခဲ့ကာ မိမိတို့၏သားမြေးများကိုလည်း ထပ်ဆင့်သင်ကြားပေးခဲ့ကြပါသည်။ လူသား

များသည် ဘုရားသခင်အားကျောခိုင်းသွားခဲ့ကြသဖြင့် ထာဝရဘုရားသခင်သည် အာဗြဟံကိုရွေးချယ်တော်မူခဲ့ကာ “အာဗြဟံသည် ငါ့စကားကိုနားထောင်၍ ငါစီရင်မှာထားသောပညတ်တရားအမျိုးမျိုးတို့ကိုစောင့်ရှောက်သတည်း” ဟု မိန့်မြွက်တော်မူခဲ့၏။ အာဗြဟံ၏သားမြေးများသည် ဘုရားသခင်၏အမှုတော်အတွက် မိမိကိုယ်ကိုဝတ်ပြုအပ်နှံထားကြောင်း၊ မိမိတို့သည် ရုပ်တုကိုးကွယ်မှုများမှကင်းလွတ်ကြကြောင်း၊ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်ကြမည်ဖြစ်ကြောင်း ထင်ရှားစေသည့်အထိမ်းအမှတ်တစ်ခုအဖြစ် ခံဝန်ချက်တစ်ခုဖြစ်သော အရေဖျားလှီးခြင်းမင်္ဂလာကိုကျင်းပရန် ထာဝရဘုရားသခင်ခိုင်းစေတော်မူခဲ့ပါသည်။ သို့ရာတွင် အာဗြဟံ၏သားမြေးများသည် မယုံကြည်သူများနှင့်အိမ်ထောင်ပြုကြကာ ၎င်းတို့၏အကျင့်ဓလေ့များကိုလက်ခံကျင့်သုံးခြင်းဖြင့် ထိုကတိကဝတ်ကိုစောင့်ထိန်းရန် ပျက်ကွက်ခဲ့ကြသောကြောင့် အဲဂုတ္တုပြည်တွင် ခေတ္တသွားရောက်နေထိုင်ကာ ကျွန်ခံခဲ့ကြရပါသည်။ သူတို့သည် မယုံကြည်သူများနှင့်အိမ်ထောင်ပြုကာ အဲဂုတ္တုလူများ၏အမိန့်ကိုနာခံခဲ့ကြရသောကြောင့် ဘုရားသခင်၏ပညတ်တော်များသည် မယုံကြည်သူလူများ၏ ယုတ်ညံ့၍ရက်စက်ကြမ်းကြုတ်သောသွန်သင်ချက်များနှင့်ပို၍အရောရောအနှောနှောဖြစ်လာခဲ့ပါသည်။ ထိုအကြောင်းကြောင့် ထာဝရဘုရားသခင်သည် ၎င်းတို့အား အဲဂုတ္တုပြည်မှထုတ်ဆောင်လာသောအချိန်တွင် ဘုန်းတန်ခိုးတော်ကိုဆောင်၍ ကောင်းကင်တမန်များခြံရံလျက် သိနာတောင်ပေါ်သို့ဆင်းသက်ကြွလာကာ ၎င်းတို့အားလုံးကြားလောက်အောင် ပညတ်တော်ဆယ်ပါးကိုမိန့်မြွက်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် မေ့လျော့တတ်သောထိုသူများကို နှုတ်အားဖြင့်မြွက်ဆိုရုံသာမက ကျောက်ပြားများပေါ်တွင် ကမ္ဗည်းတင်ကာ ပညတ်တော်ကိုပေးသနားတော်မူခဲ့ပါသည်။ ၎င်းပြင်မိမိ၏ပညတ်တော်များနှင့်ရောယှက်သွားစေနိုင်သည့် မယုံကြည်သူလူများ၏မိရိုးဖလာများကိုလည်း ဣသရေလများထံမှဖယ်ရှားတော်မူခဲ့ပါသည်။ သို့မဟုတ်လျှင် ကိုယ်တော်၏ပညတ်တော်များနှင့် လူသားများတီထွင်ထားသည့်ဓလေ့ထုံးစံများသည် အမှားမှားအယွင်းယွင်းဖြစ်ကုန်ခဲ့ကြပါလိမ့်မည်။ မိမိလူတို့သည် အလွယ်တကူလမ်းလွဲသွားခဲ့ကြပြီဖြစ်ကြောင်း ထင်ရှားနေသဖြင့် စုံစမ်းနှောင့်ယှက်ခြင်းဝင်ရောက်လာနိုင်သည့်လမ်းများကို အကာအကွယ်ပြုသည့်အနေဖြင့် ပညတ်တော်ဆယ်ပါးအပြင် တရားစီရင်မှုနှင့်ဥပဒေများအတွက် လိုအပ်သောညွှန်ကြားချက်အသေးစိတ်ကို မောရှေအားပြောပြတော်မူကာ မှတ်တမ်းတင်ထားစေခဲ့ပါသည်။ ဘုရားသခင်အားပြုရမည့်ဝတ်၊ လူသားအချင်းချင်းပြုရမည့်ဝတ်နှင့် ဧည့်သည်များအားပြုရမည့်ဝတ်များတို့နှင့်ဆက်နွှယ်နေသည့်ဤညွှန်ကြားချက်များသည် ပညတ်တော်ဆယ်ပါး၏အခြေခံစည်းမျဉ်းများသာဖြစ်ပြီး လူတိုင်းအမှားအယွင်းမရှိနိုင်စေရန်အလို့ငှာ တစ်မူထူးခြားသောလုပ်နည်းလုပ်ဟန်ဖြင့် ဖော်ပြတော်မူခဲ့ပါသည်။ ထိုလုပ်နည်းလုပ်ဟန်များကိုပေးတော်မူခဲ့ရခြင်းမှာ ကျောက်ပြားနှစ်ပြားပေါ်တွင် ကမ္ဗည်းတင်ထားသည့်ပညတ်တော်ဆယ်ပါး၏သန့်ရှင်းစင်ကြယ်မှုကိုကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါသည်။



အကယ်၍လူသားများသည် ဘုရားသခင်၏ပညတ်တော်ကို နောဧကဲ့သို့လည်းကောင်း၊ အာဗြဟံကဲ့သို့လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြမည်ဆိုလျှင် အရေဖျားလှီးခြင်းမင်္ဂလာကိုကျင်းပရန် လိုအပ်ခဲ့လိမ့်မည်မဟုတ်ချေ။ ထိုနည်းအတူ အာဗြဟံ၏သားမြေးများသည်လည်း အရေဖျားလှီးခြင်းအားဖြင့် အထိမ်းအမှတ်ပြုခဲ့သောပဋိညာဉ်တော်ကိုစောင့်ထိန်းခဲ့ကြမည်ဆိုလျှင် ရုပ်တုကိုးကွယ်ခြင်းထဲသို့ မည်သည့်အခါမျှသွေးဆောင်ခြင်းခံခဲ့ကြရလိမ့်မည်မဟုတ်ချေ။ အဲဂုတ္တုပြည်၌လည်း ကျွန်ခံခဲ့ကြရလိမ့်မည်မဟုတ်ချေ။ ၎င်းတို့၏စိတ်ထဲတွင် ပညတ်တော်ကိုထိန်းသိမ်းထားကြလိမ့်မည်ဖြစ်သဖြင့် ပညတ်တော်ကိုသိနာတောင်ပေါ်မှပြန်လည်မိန့်မြွက်ရန်သော်လည်းကောင်း၊ ကျောက်ပြားများတွင် ပညတ်တော်ကိုကမ္ဗည်းတင်ရန်သော်လည်းကောင်း လိုအပ်ခဲ့လိမ့်မည်မဟုတ်ချေ။ ၎င်းပြင်ထိုသူများသည် ပညတ်တော်ဆယ်ပါး၏အခြေခံနိယာမများကို လက်တွေ့ကျင့်သုံးခဲ့ကြမည်ဆိုလျှင် ထို့နောက်ဆက်တွဲညွှန်ကြားချက်များကိုလည်း မောရှေအားပေးဖို့လိုအပ်ခဲ့လိမ့်မည်မဟုတ်ချေ။

အာဒံအားပေးအပ်တော်မူခဲ့သည့် ယဇ်ပူဇော်ခြင်းစံနစ်များသည်လည်း သူ၏သားမြေးများကြောင့် သွေဖည်လမ်းလွဲသွားခဲ့ပါသည်။ အယူသီးခြင်း၊

ရုပ်တုကိုးကွယ်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ လွန်ကျူးစွာကာမဂုဏ်လိုက်စားခြင်းများသည် ဘုရားသခင်ခန့်ခွဲတော်မူခဲ့သည့် အရေးပါပြီးရိုးရိုးရှင်းရှင်းဖြစ်သောအခမ်းအနားများကိုပျက်ပြားစေခဲ့ပါသည်။ ဣသရေလများသည် ရုပ်တုကိုးကွယ်သူများနှင့်အချိန်ကြာမြင့်စွာပေါင်းသင်းဆက်ဆံခဲ့သဖြင့် ၎င်းတို့၏ဝတ်ပြုကိုးကွယ်မှုများတွင် မယုံကြည်သူလူများ၏ထုံးစံဓလေ့များ ရောနှောပါဝင်လာခဲ့ပါသည်။ ထို့ကြောင့်ထာဝရဘုရားသခင်သည် ယဇ်ပူဇော်ခြင်းနှင့် ပတ်သက်သည့် တိကျသောညွှန်ကြားချက်များကို သိနာတောင်တွင် ၎င်းတို့အားပေးအပ်တော်မူခဲ့ပါသည်။ တဲတော်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးသွားသောအချိန်တွင် ထာဝရဘုရားသခင်သည် ကရုဏာပလ္လင်ထက်၌ရှိသော ဘုန်းတော်မိုးတိမ်တိုင်မှနေ၍ မောရှေအားဆက်သွယ်မိန့်မြွက်ကာ ယဇ်ပူဇော်ခြင်းစနစ်၊ တဲတော်အတွင်းကျင့်သုံးရမည့်ဝတ်ပြုကိုးကွယ်ပုံစံစနစ်များနှင့်ပတ်သက်သည့်ညွှန်ကြားချက်အပြည့်အစုံကို မိန့်ကြားတော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် ဝိနည်းထုံးဖွဲ့နှင့်ဆိုင်သောဥပဒေများကို မောရှေအားပေးတော်မူခဲ့ရာ မောရှေလည်း ထိုအရာများကို စာအုပ်ထဲတွင်မှတ်တမ်းတင်ရေးသားထားခဲ့ပါသည်။ သို့ရာတွင် သိနာတောင်ပေါ်မှမိန့်မြွက်တော်မူခဲ့သောပညတ်တော်ဆယ်ပါးမှာမူ ဘုရားသခင်ကိုယ်တော်တိုင် ကျောက်ပြားပေါ်တွင်ရေးသားတော်မူခဲ့ပြီး ထိုကျောက်ပြားများကို ရိုသေစွာဖြင့် သေတ္တာတော်၌ထည့်ကာ ထိန်းသိမ်းထားခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးကိုဖျက်ဆီးခဲ့ပြီဖြစ်ကြောင်း သက်သေပြရန် ဝိနည်းထုံးဖွဲ့နှင့်ဆိုင်သောပညတ်ချက်များအကြောင်းကိုဖွင့်ဆိုထားသည့်ကျမ်းချက်များကို အသုံးပြုကာ ဤပညတ်နှစ်မျိုးကိုရောနှောပစ်ဖို့ ကြိုးစားနေသူများစွာရှိနေပါသည်။ ဤအရာသည် သမ္မာကျမ်းစာကိုတလွဲအဓိပ္ပါယ်ကောက်ယူခြင်းသာဖြစ်ပါသည်။ ဝိနည်းထုံးဖွဲ့ဆိုင်ရာစနစ်ကို ခရစ်တော်အားလည်းကောင်း၊ ခရစ်တော်၏အသေခံခြင်းနှင့် ယဇ်ပုရောဟိတ်လုပ်ငန်းများကိုလည်းကောင်း ပြညွှန်ထားသည့်အထိမ်းအမှတ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပါသည်။ ဟေဗြဲလူများအနေဖြင့် ဝိနည်းထုံးဖွဲ့ဆိုင်ရာအခမ်းအနားကို ဤလောက၏အပြစ်ကိုဆောင်ယူသွားမည့် ဘုရားသခင်၏သိုးသငယ်တည်းဟူသော ခရစ်တော်ယေရှု



အသေခံတော်မူသည့်တိုင်အောင် ကျင်းပကြရန်ဖြစ်ပါသည်။ အသေသတ်ခံတော်မူသည့်အချိန်မှစ၍ ယဇ်ပူဇော်ခြင်းဆိုင်ရာကိစ္စများကိုရပ်ဆိုင်းပစ်ရမည်ဖြစ်ပါသည်။ ခရစ်တော်သည် "ချေ၍လက်ဝါးကပ်တိုင်မှာရိုက်ထား" ခဲ့သောအရာမှာ ဤဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်များဖြစ်ပါသည်။ သို့သော်ပညတ်တော်ဆယ်ပါးနှင့်စပ်လျဉ်း၍မူ "အိုထာဝရဘုရားသခင်၊ နှုတ်ထွက်စကားတော်သည် ကောင်းကင်ဘုံ၌အစဉ်အမြဲတည်ပါ၏" ဟုဆာလံဆရာကဖွင့်ဆိုခဲ့ပါသည်။ ထို့အပြင် ခရစ်တော်ကိုယ်တော်တိုင်လည်း "ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကိုဖျက်ပယ်ခြင်းငှာ၊ ငါလာသည်ဟုမထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှာ ငါလာသည်မဟုတ်။ ငါအမှန်အကန်ဆိုသည်ကား၊ ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌အငယ်ဆုံးသောစာလုံးဗိန္ဒုတစ်လုံးမျှပြည့်စုံခြင်းသို့ မရောက်မီမပျက်စီးရ" ဟုမိန့်မြွက်တော်မူခဲ့ပါသည်။ ဤအရာတွင်ဘုရားသခင့်ပညတ်တော်၏တောင်းဆိုချက်များသည် ရှေးယခင်မှစ၍ထိုအချိန်အထိရှိခဲ့ရုံမျှမက ကောင်းကင်နှင့်မြေကြီးတည်ရှိနေသမျှကာလပတ်လုံး ထိုအရာများသည်လည်း ဆက်လက်တည်မြဲနေမည့်အကြောင်းထင်ရှားစေခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တော်သည် ကိုယ်တော်၏ပလ္လင်တော်နှင့်အမျှမပြောင်းမလဲတည်ရှိတော်မူပါသည်။ ထိုပညတ်တော်သည် ခေတ်အဆက်ဆက်အသက်ရှင်နေထိုင်ကြမည့်လူသားများအား မိမိ၏တောင်းဆိုချက်များကိုဆက်လက်အကောင်အထည်ဖေါ်ကြရန် တောင်းဆိုပါလိမ့်မည်။

သိနာတောင်ပေါ်မှမိန့်မြွက်တော်မူခဲ့သော ပညတ်တော်ဆယ်ပါးနှင့်စပ်လျဉ်း၍ နေဟမိဖွင့်ဆိုထားသည်မှာ "ကိုယ်တော်တိုင်လည်း သိနာတောင်ပေါ်သို့ဆင်းသက်၍ မိုးကောင်းကင်ထဲက ကြိုတင်ဟောတရားကိုလွှတ်သဖြင့် ဟုတ်မှန်ဖြောင့်မတ်သောစီရင်ထုံးဖွဲ့ချက်ပညတ်တရားတို့ကိုအပ်ပေးတော်မူ၏" ဟူ၍ဖြစ်၏။ ရှင်ပေါလုကလည်း "တရားတော်သည် သန့်ရှင်းခြင်းရှိ၏။ ပညတ်တရားလည်း သန့်ရှင်းဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏" ဟုမြွက်ဆိုထားပါသည်။ ထိုပညတ်တရားသည် ပညတ်တော်

ဆယ်ပါးမှလွဲ၍ အခြားပညတ်များမဖြစ်နိုင်ပါချေ။ အကြောင်းမှာ "သင်သည် တပ်မက်မှုမရှိနှင့်" ဟုသွန်သင်ထားသည့်ပညတ်မှာ ဤပညတ်ပင်ဖြစ်ပါသည်။

ကယ်တင်ရှင်၏အသေသတ်ခံခြင်းကြောင့် ပုံရိပ်များနှင့်ပုံဆောင်မှုများသည် အဆုံးသို့ရောက်ရှိသွားခဲ့သော်လည်း ပညတ်တော်ဆယ်ပါး၌ပြုရမည့်ဝတ်များကိုမူ အနည်းငယ်ကလေးမျှပင် လျော့နည်းမသွားစေခဲ့ပါချေ။ ၎င်းပြင် ထိုပညတ်တော်ကိုလွန်ကျူးမှုအတွက် အပြစ်ဖြေရန်အလို့ငှာ ခရစ်တော်အသေခံရန်အမှန်တကယ်လိုအပ်လာသည်ဟူသောအချက်က ထိုပညတ်တော်သည် မပြောင်းမလဲတည်ရှိနေကြောင်းကိုထင်ရှားစေပါသည်။

ခရစ်တော်သည် ပညတ်တော်ကိုပယ်ဖျက်ကာ ဓမ္မဟောင်းကျမ်းကိုစွန့်ပယ်ရန်ကြွလာတော်မူခဲ့ပြီဟု ကြွေးကြော်နေကြသူများသည် ယုဒခေတ်ကိုအမှောင်ထုဖုံးလွှမ်းသောခေတ်တစ်ခေတ်အဖြစ် ဖွင့်ဆိုကြပြီး ဟေဗြဲများ၏ဘာသာအယူဝါဒကိုလည်း အပေါ်ယံအခမ်းအနားများဖြင့် ဖွဲ့စည်းထားသည့်အယူဝါဒတစ်ခုအဖြစ်ဖြင့်သာ ရုပ်လုံးဖော်ခဲ့ကြပါသည်။ အမှန်မှာ ဤဖွင့်ဆိုချက်သည် မှားယွင်းပါသည်။ ရွေးချယ်ထားသောမိမိလူများအပေါ် ဘုရားသခင်ပြုမူဆောင်ရွက်ပုံများကိုမှတ်တမ်းတင်ထားသောရာဇဝင်မှတ်တမ်းများတွင် "ငါဖြစ်သည်" ဟူသောကိုယ်တော်နှင့်ပတ်သက်သည့် ထင်ရှားသောအမှတ်အသားများကိုတွေ့ရပါသည်။ ဣသရေလများသည် ကိုယ်တော်အားမိမိတို့၏တစ်ပါးတည်းသောအရှင်သခင်အဖြစ် အသိအမှတ်ပြုသောအချိန်တွင် ပညတ်တော်ကို ၎င်းတို့အားပေးအပ်စဉ်ကလောက် မည်သည့်အချိန်တွင်မျှ ကိုယ်တော်သည် မိမိဘုန်းတန်ခိုးတော်ကို လူသားများအားမပြခဲ့ဖူးချေ။ ဤနေရာတွင် မည်သည့်လူသားမှစွဲကိုင်ပိုင်ဆိုင်ခြင်းမရှိသည့်တန်ခိုးအာဏာတစ်ခုကိုတွေ့ရပါသည်။ ဣသရေလများ၏မျက်မြင်မရသော ဘုရားသခင်၏ပြုမူဆောင်ရွက်မှုများသည် စကားအားဖြင့်ဖွင့်ဟခြင်းငှာ မစွမ်းနိုင်လောက်အောင်ကြီးမြတ်လှပါသည်။

ဘုရားသခင်အတူရှိကြောင်းဖော်ပြသည့်အခါတိုင်းတွင် ဘုရားသခင်၏ဘုန်းတော်သည် ခရစ်တော်အားဖြင့်ထွန်းလင်းတော်မူခဲ့ပါသည်။ ခရစ်တော်



ကြွလာတော်မူသည့်အချိန်၌သာမက လူသားများအပြစ်တွင်ကျဆုံးခဲ့သည့်အချိန်မှစ၍ ခေတ်အဆက်ဆက်တွင်လည်း ဘုရားသခင်သည် "ခရစ်တော်အထဲ၌ရှိနေလျက် လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ။ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏။" ခရစ်တော်သည် ရှေးဘိုးဘေးများအချိန်နှင့်ယုဒလူမျိုးများအချိန်နှစ်ခုစလုံးတွင် ယဇ်ပူဇော်ခြင်းစနစ်၏အခြေခံဖြစ်သည့်အပြင် ဗဟိုအချက်အချာလည်းဖြစ်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏မိဦးဖဦးတို့၊ အပြစ်ကျူးလွန်ခဲ့သည့်အချိန်မှစ၍ ဘုရားသခင်နှင့်လူသားများအကြားတွင် တိုက်ရိုက်ဆက်သွယ်မှုမရှိခဲ့တော့ချေ။ ကိုယ်တော်၏ကြားဝင်လုပ်ဆောင်ပေးမှုအားဖြင့် လူသားများကိုကယ်တင်ရန်နှင့် ဘုရားသခင်၏ပညတ်၏အာဏာတော်နှင့်သန့်ရှင်းခြင်းများကို အထင်အရှားဖော်ပြနိုင်ရန်အလို့ငှာ အဘခမည်းတော်သည် ဤကမ္ဘာကြီးအား သားတော်ဘုရားသခင်၏လက်တော်တွင်ပေးအပ်တော်မူခဲ့ပါသည်။ ဘုရားသခင်နှင့်အပြစ်တွင်ကျဆုံးခဲ့သောလူသားများအကြားဆက်သွယ်မှုအဖြာဖြာကို ခရစ်တော်မှတစ်ဆင့်ပြုလုပ်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏မိဦးဖဦးအား ကယ်တင်ခြင်းနှင့်စပ်ဆိုင်သောကတိတော်ကိုပေးအပ်ခဲ့သူမှာ သားတော်ဘုရားသခင်ပင်ဖြစ်ပါသည်။ ရှေးဘိုးဘေးများအားကိုယ်ထင်ရှားပြသခဲ့သောသူမှာလည်း ကိုယ်တော်ပင်ဖြစ်ပါသည်။ အာဒံ၊ နောဧ၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် မောရှေတို့သည် ဧဝံဂေလိတရားတော်အကြောင်းကိုနားလည်သဘောပေါက်ခဲ့ကြပါသည်။ သူတို့သည် လူသားများကိုယ်စားအသေခံကာ အာမခံချက်ပေးမည့် ခရစ်တော်အားဖြင့်ရရှိမည့်ကယ်တင်ခြင်းအခွင့်ကိုမြော်လင့်ခဲ့ကြပါသည်။ ရှေးခေတ်အချိန်က ဤသန့်ရှင်းသူများသည် လူဇာတိကိုလာရောက်ခံယူမည့် ကယ်တင်ရှင်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခဲ့ကြပါသည်။ ၎င်းတို့အထဲမှအချို့ပုဂ္ဂိုလ်များသည် ခရစ်တော်နှင့်တကွ ကောင်းကင်သားများကိုမျက်နှာချင်းဆိုင်၍ စကားပြောခဲ့ကြရပါသည်။

ခရစ်တော်သည် တော၌မိုးတိမ်တိုင်အတွင်းမှ ဣသရေလများအားလမ်းပြပို့ဆောင်ခဲ့ရုံသာမက ထိုသူများအားပညတ်တော်ပေးခဲ့သောသူမှာလည်း ကိုယ်တော်ပင်ဖြစ်ပါသည်။ သိနာတောင်ပေါ်တွင်ထွန်းတောက်ခဲ့သည့်

ဘုန်းတော်အလယ်တွင် ခရစ်တော်သည် ဣသရေလလူအပေါင်းကြားလောက်သောအသံဖြင့် ခမည်းတော်ဘုရားသခင်၏ပညတ်တော်ဆယ်ပါးကိုဖွင့်ဟကြေညာခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးကမွှည်းတင်ထားသည့်ကျောက်ပြားများကို မောရှေအားပေးအပ်ခဲ့သူမှာလည်း ကိုယ်တော်ပင်ဖြစ်ခဲ့ပါသည်။

မိမိလူတို့အား ပုရောဖက်များမှတစ်ဆင့်မိန့်မြွက်တော်မူခဲ့သူမှာလည်း ခရစ်တော်ဖြစ်ပါသည်။ "ပုရောဖက်တို့သည် စေ့စေ့စစ်ကြောမေးမြန်းရှာဖွေ၍ သင်တို့ခံရသောကျေးဇူးတော်အကြောင်းကိုဟောပြောကြပြီ။ ခရစ်တော်ခံတော်မူရသောဆင်းရဲခြင်းကိုလည်းကောင်း၊ ဆင်းရဲခံပြီးမှဝင်စားတော်မူရသောဘုန်းစည်းစိမ်ကိုလည်းကောင်း သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်တော်သည် သက်သေခံနှင့်သောအခါ အဘယ်မည်သောသူကိုလည်းကောင်း၊ အဘယ်သို့သောအချိန်ကာလကိုလည်းကောင်း ဆိုလိုတော်မူသည်ဟုမေးမြန်းရှာဖွေကြသည်" ဟူ၍ တမန်တော်ရှင်ပေတရုက ခရစ်ယာန်အသင်းတော်များအားရေးသားဖွင့်ဆိုထားပါသည်။ ဓမ္မဟောင်းကျမ်းအားဖြင့် ကျွန်ုပ်တို့အားဖွင့်ဆိုခဲ့သောအသံတော်သည် ခရစ်တော်၏အသံတော်ပင်ဖြစ်ပါသည်။ "ပုရောဖက်ဟောပြောသောစကားချက်သဘောသည် ယေရှု၏သက်သေဖြစ်သတည်း။"

ခရစ်တော်သည် ကိုယ်တိုင်ကိုယ်ကျလူသားများအလယ်တွင် သွန်သင်သောအချိန်တွင်လည်း ဣသရေလများအား ဓမ္မဟောင်းကျမ်းကိုသာညွှန်ပြတော်မူခဲ့ပါသည်။ "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏" ဟုယုဒလူများအားမြွက်ဆိုခဲ့ပါသည်။ ထိုအချိန်ထိုအခါက ဓမ္မဟောင်းကျမ်းတွင်ပါဝင်သောစာအုပ်များသည်သာ သမ္မာကျမ်းစာအဖြစ်တည်ရှိခဲ့ပါသည်။ "သင်၏ညီတို့၌ မောရှေမှစ၍ ပုရောဖက်များရှိကြ၏။ ပုရောဖက်တို့၏စကားကိုနားထောင်ကြစေ၊---သူတို့သည် မောရှေ၏စကား၊ ပုရောဖက်တို့၏စကားကိုနားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြ" ဟုလည်း ခရစ်တော်မိန့်ကြားတော်မူခဲ့ပါသည်။



ဝိနည်းထုံးဖွဲ့နှင့်ဆိုင်သောပညတ်များကို ခရစ်တော်ကိုယ်တော်တိုင်ပေးအပ်တော်မူခဲ့ပါသည်။ ၎င်းပညတ်များကို စောင့်ထိန်းရန်မလိုတော့သည့်နောက်ပိုင်းအချိန်များမှာပင် ကယ်တင်ခြင်းစီမံကိန်းတွင် ၎င်းတို့ရပ်တည်ခဲ့သောအနေအထားနှင့် ခရစ်တော်၏အမှုတော်တွင် ၎င်းတို့ပါဝင်လုပ်ဆောင်မှုများကို ယုဒလူများအား ရှင်ပေါလုတင်ဆက်ခဲ့ပါသည်။ ၎င်းပြင် ထိုပညတ်များ၏ဂုဏ်အသရေများနှင့်ထိုက်တန်မှုများကိုလည်း ဖွင့်ဆိုခဲ့ပါသည်။ တဲတော်တွင်ကျင်းပခဲ့သောအရေးကြီးသည့်ထိုအခမ်းအနားများသည် နောက်ပိုင်းလူမျိုးစဉ်ဆက်တွင်ထင်ရှားစေမည့် မဟာတရားတော်များကိုပုံဆောင်ခဲ့ပါသည်။ ဣသရေလများ၏ဆုတောင်းသံများနှင့်အတူ အထက်သို့တက်သွားသောနံ့သာပေါင်းအခိုးအငွေ့များသည် အပြစ်သားများ၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းစေရန် ပြုလုပ်ပေးနိုင်သည့်ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုပုံဆောင်ပါသည်။ ယဇ်ပလ္လင်ပေါ်မှအသွေးသွန်းနေသောယဇ်ကောင်သည် ကြွလာတော်မူမည့်ကယ်တင်ရှင်ကိုပုံဆောင်ပါသည်။ ၎င်းပြင်အသန့်ရှင်းဆုံးဌာနတော်တွင် ဘုရားသခင်ရှိတော်မူကြောင်း အထိမ်းအမှတ်အဖြစ် အလင်းတော်သည် ထွန်းလင်းနေခဲ့ပါသည်။ ဤနည်းအားဖြင့် ဝိညာဉ်ရေးမှောင်မိုက်ကျကာ အယူဝါဒဖေါက်ပြန်ခဲ့သည့် ခေတ်အဆက်ဆက်တွင် ကတိတော်နှင့်ဆိုင်သော မေရှိယကြွလာတော်မူမည့်အချိန်ရောက်သည်အထိ လူသားများ၏စိတ်နှလုံးတွင် ယုံကြည်ခြင်းစိတ်ကလေးကိုရှင်သန်အောင်ထိန်းသိမ်းတော်မူခဲ့ပါသည်။

သခင်ယေရှုသည် ဤလောကသို့လူသားအသွင်ဖြင့်ကြွမြန်းမလာမီကပင် ဤလောက၏အလင်း၊ လူသားများအတွက်အလင်းဖြစ်တော်မူ၏။ အပြစ်တရားများနှင့်ရစ်ပတ်ထားသဖြင့် မှောင်မိုက်ကျနေသောဤကမ္ဘာကြီးထဲသို့ ပထမဦးစွာထိုးဖေါက်ဝင်ရောက်လာသည့်အလင်းတော်သည် ခရစ်တော်ထံမှလာခဲ့ပါသည်။ ဤကမ္ဘာသားများအပေါ်သို့ကျရောက်ခဲ့ဖူးသောအလင်းတော်အပေါင်းတို့သည် ကိုယ်တော်ထံမှဖြာထွက်လာသောအလင်းတော်များသာဖြစ်ပါသည်။ ကယ်တင်ခြင်းစီမံကိန်းတွင် ခရစ်တော်သည် အာလဖဖြစ်၏၊ ဩမေဃလည်းဖြစ်၏။ အစပျိုးခဲ့သူဖြစ်သကဲ့သို့ အဆုံးသတ်မည့်ပုဂ္ဂိုလ်လည်းဖြစ်တော်မူ၏။

ကယ်တင်ရှင်သည် ကျွန်ုပ်တို့အားအပြစ်လွတ်ခြင်းအခွင့်ရစိမ့်သောငှာ မိမိအသွေးတော်ကိုသွန်းတော်မူပြီးနောက် "ငါတို့အတွက် ဘုရားသခင်၏ ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ" ကောင်းကင်သို့တက်ကြွသွားတော်မူခဲ့သောကြောင့် ဘုန်းရောင်ခြည်တော်သည် ကရာနီရိုကပ်တိုင်မှလည်းကောင်း၊ အထက်အရပ်ရှိဗိမာန်တော်၏သန့်ရှင်းရာအခန်းများမှလည်းကောင်း ထွန်းတောက်လျက်ရှိခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အားပေးသနားတော်မူခဲ့သော၊ သာ၍ကြည်လင်သောထိုအလင်းတော်ကြောင့် ကြွလာမည့်ကယ်တင်ရှင်ကိုပြညွှန်ခဲ့သောပုံဆောင်မှုများအားဖြင့် ရှေးယခင်ကရရှိခဲ့သောအလင်းတော်ကို ကျွန်ုပ်တို့ မထီလေးစားမလုပ်သင့်ကြပါချေ။ ခရစ်တော်၏ဧဝံဂေလိအလင်းသည် ယုဒလူမျိုးများပေါ်သို့ကျရောက်ခဲ့ပြီး ဝိနည်းထုံးဖွဲ့ဆိုင်ရာဥပဒေများ၏အရေးပါမှုများကိုဖေါ်ပြခဲ့ပါသည်။ အသစ်သောတရားတော်များကိုဖေါ်ပြကာ ကနဦးမှစ၍သိရှိခဲ့သောအရာများကို ပိုမိုရှင်းလင်းစွာဖေါ်ပြတော်မူခဲ့သောကြောင့် စာရိတ္တတော်နှင့်အကြံအစည်တော်များကို ကိုယ်တော်၏ရွေးချယ်ခြင်းခံရသောလူများနှင့်ပြုမူဆက်ဆံမှုများတွင် ထင်ရှားစွာတွေ့မြင်စေခဲ့သည်။ ကျွန်ုပ်တို့ရရှိသည့်နောက်ဆက်တွဲအလင်းတရားများသည် လူသားများကိုကယ်တင်ရန် အလိုတော်အတိုင်းပြုတော်မူသောကယ်တင်ခြင်းစီမံကိန်းများကို ကျွန်ုပ်တို့အားရှင်းလင်းစွာနားလည်သဘောပေါက်စေပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်မှုတ်သွင်းခြင်းဖြင့် ဖြစ်ပေါ်လာသောနှုတ်ထွက်စကားတော်များတွင် အသစ်သောအသရေတင့်တယ်မှုနှင့်တန်ခိုးအစွမ်းများကိုတွေ့မြင်ကြရပါသည်။ ထိုကြောင့် ထိုနှုတ်ထွက်စကားတော်မှစာမျက်နှာတိုင်းကို နက်နက်နဲနဲစိတ်ဝင်တစားဖြင့် ကျွန်ုပ်တို့လေ့လာနေကြပါသည်။

ထာဝရဘုရားသခင်သည် ဟေဗြဲလူများနှင့်အခြားလူမျိုးများအကြား နံရံတစ်ခုအားဖြင့်ခွဲခြားထားကာ အခြားလူများထံမှအတော်များများပြန်လည်ရုပ်သိမ်းထားသည့်ယုယချစ်ခင်မှုများကို ဣသရေလများအပေါ်တွင်ချပေးတော်မူသည်ဟု လူအများကမှတ်ယူကြပါသည်။ ဣသရေလများသည် မိမိတို့နှင့်အခြားလူမျိုးများအကြား ကန့်လန့်ကာခြားစေမည့်နံရံတစ်ခုကို



တည်ဆောက်စေရန် ထာဝရဘုရားသခင်ကြံရွယ်တော်မမူခဲ့ပါ။ ထာဝရမေတ္တာရှင်သည် ကမ္ဘာသူကမ္ဘာသားအားလုံးအားချစ်တော်မူလျက်ရှိပါသည်။ လောကီသားများက ကိုယ်တော်အားငြင်းပယ်ခဲ့ကြသော်လည်း ကိုယ်တော်သည် ၎င်းတို့အား မိမိဘုန်းတော်ကိုဖေါ်ပြကာ မိမိ၏ကျေးဇူးမေတ္တာတော်ကို ပါဝင်ခံစားသူများဖြစ်လာအောင် ကြိုးစားတော်မူနေပါသည်။ ဣသရေလများသည် အခြားလူမျိုးများအား ကောင်းချီးပေးနိုင်စေရန်အလိုငှာ ကိုယ်တော်သည် ၎င်းတို့အားကောင်းချီးပေးတော်မူခဲ့ပါသည်။

ထာဝရဘုရားသခင်သည် အာဗြဟံအားခေါ်တော်မူခဲ့ပြီး ဥစ္စာစည်းစိမ်များကိုပေးအပ်ကာ ဂုဏ်ပြုတော်မူခဲ့ပါသည်။ ထိုသူ၏သစ္စာစောင့်သိမှုသည် ၎င်းသွားရောက်နေထိုင်ခဲ့သောတိုင်းပြည်အားလုံးမှလူသားများအတွက် အလင်းတရားတစ်ခုဖြစ်ခဲ့ပါသည်။ အာဗြဟံသည် မိမိပတ်ဝန်းကျင်တွင်ရှိနေသောလူများနှင့်သီးသီးသန့်သန့်မနေထိုင်ခဲ့ဘဲ ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံခဲ့သဖြင့် အနီးအနားတိုင်းပြည်များမှဘုရင်များ၏လေးစားစွာဆက်ဆံမှုကိုခံခဲ့ရပါသည်။ သူ၏သစ္စာသမာဓိရှိမှုနှင့် တစ်ကိုယ်ကောင်းမဆန်မှုများသည်လည်းကောင်း၊ သူ၏ရဲစွမ်းသတ္တိနှင့်ကျေးဇူးပြုသည့်စိတ်သဘောများသည်လည်းကောင်း ထာဝရဘုရားသခင်၏စာရိတ္တတော်ကိုရုပ်လုံးဖေါ်လျက်ရှိပါသည်။ ထာဝရဘုရားသခင်၏ဘုန်းတော်ကို ကိုယ်တော်၏ကိုယ်စားလှယ်များအားဖြင့် မေသောပေါတာမိတိုင်း ခါနာန်ပြည်၊ အဲဂုတ္တုပြည်နှင့်တကွ သောဒုံမြို့နေလူသားများ၌ပင်ထွန်းလင်းခဲ့ပါသည်။

ထာဝရဘုရားသခင်သည် အဲဂုတ္တုပြည်များနှင့်တကွ ထိုနိုင်ငံနှင့်ဆက်နွယ်နေသည့်နိုင်ငံအားလုံးအား ယောသပ်အားဖြင့် ဘုန်းတော်ကိုဖေါ်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် အဘယ်ကြောင့်ယောသပ်အား အဲဂုတ္တုပြည်များအလယ်တွင် ဤမျှမြောက်စားတော်မူခဲ့ပါသနည်း။ ကိုယ်တော်ရှင်အနေဖြင့် ယာကုပ်၏သားသမီးများအပေါ်ထားရှိသောမိမိ၏အကြံအစည်တော်များကိုပြီးမြောက်စေရန်အတွက် အခြားနည်းလမ်းများကိုအသုံးပြုလိုက အသုံးပြုနိုင်ပါသည်။ သို့သော်ယောသပ်အား အလင်းတစ်ခုဖြစ်စေရန် ကိုယ်တော်

အလိုတော်ရှိခဲ့ပါသည်။ ကောင်းကင်မှအလင်းတော်သည် ရပ်နီးရပ်ဝေးတွင် ထွန်းလင်းသွားစေရန်အလို့ငှာ ကိုယ်တော်သည် ယောသပ်အား ဘုရင့်နန်းတော်တွင်နေရာချထားပေးတော်မူခဲ့ပါသည်။ ယောသပ်သည် ၎င်း၏ဉာဏ်ပညာနှင့် ဖြောင့်မှန်ခြင်းအားဖြင့်လည်းကောင်း၊ နေ့စဉ်အသက်တာ၏စင်ကြယ်မှုနှင့် ကျေးဇူးပြုခြင်းအားဖြင့်လည်းကောင်း၊ ထိုသူများသည် ရုပ်တုကိုးကွယ်ကြသူများဖြစ်လင့်ကစား၊ ၎င်းတို့၏အကျိုးစီးပွားအတွက်ပင် သူဆက်လက်လုပ်ဆောင်ခဲ့ခြင်းအားဖြင့်လည်းကောင်း ခရစ်တော်၏ကိုယ်စားလှယ်တစ်ဦးဖြစ်ခဲ့ပါသည်။ အဲဂုတ္တုပြည်သူအပေါင်းက ကျေးဇူးတင်ချီးမွမ်းခဲ့ရသောယောသပ်၏အသက်တာတွင် ၎င်းတို့၏ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင်၏မေတ္တာတော်ကို ထိုမယုံကြည်သူများတွေ့မြင်ကြရန်ဖြစ်ပါသည်။ ထိုနည်းအတူ စစ်မှန်၍အသက်ရှင်လျက်ရှိသောထာဝရဘုရားသခင်အကြောင်းကိုသိရှိလိုကြသောသူအပေါင်းလေ့ကျက်နိုင်စေရန်အလို့ငှာ ထာဝရဘုရားသခင်သည် ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံ၏ပလ္လင်နံဘေးတွင် အလင်းတစ်ခုကိုနေရာချပေးတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်သည် လက်တော်ကိုဆန့်တန်း၍ ပြစ်ဒဏ်မစီရင်မီ ဤအလင်းတော်အားလုံးကို အဲဂုတ္တုလူများအားပေးအပ်တော်မူခဲ့ပါသည်။

ဣသရေလများအား အဲဂုတ္တုပြည်မှနုတ်ဆောင်သည့်အမှုအရာတွင် ဘုရားသခင်၏တန်ခိုးတော်အကြောင်းသည် ရပ်နီးရပ်ဝေးသို့ပျံ့နှံ့သွားခဲ့ပါသည်။ စစ်တိုက်ခြင်းကိုဝါသနာထုံကြသည့် ယေရိခေါမြို့သားများလည်း ထိုသတင်းကိုကြားရသောအခါ ကြောက်ရွံ့တုန်လှုပ်သွားကြပါသည်။ "ထိုသတင်းကိုကြားသောအခါ အကျွန်ုပ်တို့သည်စိတ်ပျက်၍ သင်တို့ကြောင့် တစ်စုံတစ်ယောက်သောသူ၌မျှ ရဲရင့်ခြင်းသတ္တိ၊ အလျှင်းမကျန်ကြွင်းပါ။ အကြောင်းမူကား၊ သင်တို့၏ဘုရားသခင်ထာဝရဘုရားသခင်သည် အထက်ကောင်းကင်ဘုံ၌လည်းကောင်း၊ အောက်အရပ်မြေကြီး၌လည်းကောင်း အစိုးရသောဘုရားသခင်ဖြစ်တော်မူ၏" ဟုရာခပ်ပြောဆိုခဲ့ပါသည်။ အဲဂုတ္တုပြည်မှ နုတ်ဆောင်ခဲ့ပြီးနောက် နှစ်ပေါင်းများစွာကြာသည့်အချိန်တွင် ဖိလိတ္တိယဇ်ပုရောဟိတ်များသည် အဲဂုတ္တုပြည်တွင်ကျရောက်ခဲ့သောဘေးဒဏ်ကြီးများ



အကြောင်းကို ၎င်းတို့၏လူများအား သတိရစေခဲ့ကြကာ ဣသရေလများ၏ဘုရားသခင်ကိုမဆန့်ကျင်မိကြရန် သတိပေးခဲ့ကြပါသည်။

ဣသရေလများသည် ကိုယ်တော်၏ပညတ်တော်ကိုနားထောင်လိုက်လျှောက်ခြင်းအားဖြင့် မိမိတို့သာထာဝရဘုရားသခင်၏မျက်နှာသာပေးမှုကိုရယူကာ ကိုယ်တော်ပေးတော်မူသည့်ကောင်းချီးမင်္ဂလာများကို ခံယူကြသူများဖြစ်လာရုံသာမက ၎င်းတို့အားဖြင့် လောကီသားအပေါင်းထံ ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစွာဖေါ်ပြကြရန်အလို့ငှာ ထာဝရဘုရားသခင်သည် ၎င်းတို့အားခေါ်တော်မူကာ ကောင်းချီးပေးချီးမြှောက်တော်မူခဲ့ပါသည်။ ဤရည်ရွယ်ချက်ကိုပြီးမြောက်အောင် အကောင်အထည်ဖေါ်နိုင်စေရန်အတွက် မိမိတို့ကိုယ်ကိုပတ်ဝန်းကျင်ရှိရုပ်တုကိုးကွယ်သူများနှင့်မတူအောင်နေထိုင်ကြရန် မိန့်တော်မူခဲ့ပါသည်။

ရုပ်တုကိုးကွယ်ခြင်းနှင့်ထိုကိုးကွယ်မှုကြောင့်ဖြစ်ပေါ်လာသောအပြစ်အားလုံးကို ထာဝရဘုရားသခင်စက်ဆုပ်ရွံရှာတော်မူ၏။ ထို့ကြောင့် မိမိလူမျိုးတို့သည် ထိုသူများနှင့်မရောယှက်ကြရန်၊ သူတို့၏ဘာသာအယူဝါဒများအတိုင်းမကျင့်ဆောင်ကြရန်နှင့် ထာဝရဘုရားသခင်ကိုမမေ့လျော့ကြရန် မိန့်တော်မူခဲ့ပါသည်။ မိမိထံမှဝေးကွာသွားမည်ကိုစိုးရိမ်သည့်အတွက်ကြောင့် ရုပ်တုကိုးကွယ်သူများနှင့်အိမ်ထောင်မပြုကြရန် ၎င်းတို့အား ကိုယ်တော်တားမြစ်တော်မူခဲ့ပါသည်။ ဘုရားသခင်၏သားသမီးများသည် စင်ကြယ်၍ လောကီအညစ်အကြေးနှင့်ကင်းစင်စေရန်အလို့ငှာ ထိုတားမြစ်ချက်သည် ထိုခေတ်ထိုအခါက လူသားများအတွက် လိုအပ်သကဲ့သို့ ယခုခေတ်လူသားများအတွက်လည်း လိုအပ်လှပါသည်။ ထိုသူများသည် ထိုစိတ်ထားများနှင့်ကင်းရှင်းအောင် မိမိကိုယ်ကိုထိန်းသိမ်းကြရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုစိတ်သဘောထားသည် သမ္မာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ဆန့်ကျင်နေပါသည်။ သို့ရာတွင် ထိုသူများသည် ကမ္ဘာလောကအပေါ်ဩဇာမရှိနိုင်လောက်သည်အထိ မိမိကိုယ်ကို လောကနှင့်အဆက်ဖြတ်နေထိုင်ရန်ကိုမူ ထာဝရဘုရားသခင်အလိုရှိတော်မမူခဲ့ပါ။

ခရစ်တော်၏နောက်လိုက်များသည် မိမိတို့၏ဘုရားသခင်ကဲ့သို့ပင် ခေတ်အဆက်ဆက်တွင် ဤလောက၏အလင်းဖြစ်ကြရပါမည်။ "သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်။ ဆီမီးထွန်း၍ တောင်းဇလားအောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကိုရစေခြင်းငှာ ဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့" ဟုခရစ်တော်ဘုရားသခင်မိန့်တော်မူခဲ့ပါသည်။ ဤအရာသည် ဧနောက်၊ နောဧ၊ အာဗြဟံ၊ ယောသပ်နှင့် မောရှေတို့ လုပ်ဆောင်ခဲ့သည့်အရာပင်ဖြစ်ပါသည်။ ဣသရေလများလုပ်ဆောင်သင့်သည်ဟု ဘုရားသခင်ကြံရွယ်တော်မူခဲ့သောအရာသည်လည်း ဤအရာပင်ဖြစ်ပါသည်။

စာတန်အုပ်စိုးမှုအောက်တွင် ကျရောက်နေသောယုံကြည်မှုမရှိသည့် ၎င်းတို့၏ဆိုးယုတ်သောစိတ်နှလုံးများကြောင့် မိမိတို့၏အလင်းကို ပတ်ဝန်းကျင်လူသားများရှေ့တွင် ထွန်းလင်းရမည့်အစား ဖုံးကွယ်ထားအောင် စာတန်လုပ်ဆောင်ခဲ့ပါသည်။ တစ်ယူသန်သောထိုစိတ်ဓါတ်မျိုးသည် မိမိတို့ကိုသာ ထာဝရဘုရားသခင်ချစ်ခင်ယုတော်မူသည့်အလား၊ ၎င်းတို့အားမာနတစ်ခွဲသားနှင့်သီးသီးသန့်သန့်နေထိုင်ခဲ့သကဲ့သို့ မယုံကြည်သူလူတို့၏ဆိုးညစ်သောအကျင့်ဓလေ့များကိုလည်း လိုက်လျှောက်စေခဲ့ပါသည်။

မပြောင်းမလဲထာဝရတည်တော်မူသည့် ပညတ်တော်နှင့်ခေတ္တယာယီတည်ရှိသည့်ပညတ်ဟူ၍ ပညတ်နှစ်မျိုးရှိကြောင်း သမ္မာကျမ်းစာကဖေါ်ပြထားသကဲ့သို့ ပဋိညာဉ်လည်းနှစ်မျိုးရှိပါသည်။ လူသားများအပြစ်တွင်ကျဆုံးပြီးနောက် မိန်းမ၏အမျိုးသည် မြွေ၏ခေါင်းကိုကြိတ်လိမ့်မည်ဟူသောကတိတော်ကိုပေးခဲ့သောအချိန်တွင် ကျေးဇူးတော်ပဋိညာဉ်ကို ဧဒင်ဥယျာဉ်တွင်လူသားများနှင့်ပြုတော်မူခဲ့ပါသည်။ ဤပညတ်တော်အားဖြင့် လူအပေါင်းတို့အားအပြစ်လွှတ်ခြင်းအခွင့်နှင့်ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် အနာဂတ်တွင်နားထောင်လိုက်လျှောက်နိုင်ရန်အတွက် ထောက်ပင့်ကူညီသောဘုရားသခင်၏





ကျေးဇူးတော်များကိုပေးတော်မူခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တော်ကိုသစ္စာစောင့်သိမှုအခြေအနေပေါ်မူတည်၍ ၎င်းတို့အားထာဝရအသက်ပေးရန်လည်း ဤပဋိညာဉ်က ကတိထားခဲ့ပါသည်။ ဤနည်းအားဖြင့် ရှေးဘိုးဘေးများသည် ကယ်တင်ခြင်းဆုကျေးဇူးကိုမျှော်လင့်ခဲ့ကြပါသည်။

ထိုနောက် "သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်" ဟူသောကတိတော်ကိုထည့်သွင်းကာ ဤပဋိညာဉ်ကိုပင် အာဗြဟံနှင့်အသစ်ပြုပြင်ချုပ်ဆိုတော်မူခဲ့ပါသည်။ ထိုကတိတော်သည် ခရစ်တော်ကိုပြညွှန်နေပါသည်။ ဤသည်ကို အာဗြဟံနားလည်သဘောပေါက်ခဲ့ပါသည်။ ထို့ကြောင့်သူသည် အပြစ်များကိုဖြေလွှတ်ခွင့်ရရန်အတွက် ခရစ်တော်၌ယုံကြည်ကိုးစားခဲ့ပါသည်။ ထိုယုံကြည်ခြင်းကြောင့် သူသည် ဖြောင့်မတ်သောသူဟူ၍ မှတ်ယူခြင်းခံခဲ့ရပါသည်။ အာဗြဟံနှင့်ပြုခဲ့သော ထိုပဋိညာဉ်သည် ဘုရားသခင့်ပညတ်တော်၏အာဏာတန်ခိုးကိုလည်း ဆက်လက်ထိန်းသိမ်းခဲ့ပါသည်။ "ထာဝရဘုရားသခင်သည် အာဗြဟံအားထင်ရှားတော်မူ၍ ငါသည်ထာဝရတန်ခိုးရှင်ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာသွားလာ၍ စုံလင်ခြင်းရှိလော့" ဟုမိန့်တော်မူခဲ့၏။ ထိုနောက် "အာဗြဟံသည် ငါ့စကားကိုနားထောင်၍ ငါစီရင်မှာထားသောပညတ်တရားအမျိုးမျိုးတို့ကိုစောင့်ရှောက်သတည်း" ဟူ၍ သစ္စာရှိသောကိုယ်တော်၏အစေခံကျွန်ကြီးအတွက် ထာဝရဘုရားသခင်သက်သေခံတော်မူခဲ့သည့်ပြင် "ငါသည် သင်၏ဘုရားသခင်၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ဘုရားသခင်ဖြစ်သည်ဟု သင်နှင့်သင်၏အမျိုးအနွယ်အစဉ်အဆက်တို့၌ ငါ့ပဋိညာဉ်ကိုထာဝရပဋိညာဉ်ဖြစ်စေမည်" ဟူ၍လည်း အာဗြဟံအား ထာဝရဘုရားသခင်မိန့်မြွက်တော်မူခဲ့ပါသည်။

ဤပဋိညာဉ်ကို အာဗြဟံနှင့်ပြုခဲ့ကာ အာဗြဟံနှင့်အသစ်ပြုပြင်ချုပ်ဆိုခဲ့သော်လည်း ခရစ်တော်အသေသတ်မခံမီတွင် အတည်မဖြစ်သေးပါချေ။ ဤပဋိညာဉ်သည် ကယ်တင်ခြင်းနှင့်ပတ်သက်၍ ရှေးဦးစွာအရိပ်အမြွက်ပြောတော်မူခဲ့သည့်အချိန်ကတည်းက ဘုရားသခင်၏ကတိတော်အားဖြင့်

တည်ရှိတော်မူခဲ့ပြီး ယုံကြည်ခြင်းအားဖြင့်လက်ခံခဲ့ကြသော်လည်း ခရစ်တော်က အတည်ပြုတော်မူသည့်အချိန်တွင် "ပဋိညာဉ်သစ်" ဟုထိုပဋိညာဉ်ကိုခေါ်ဝေါ် သမုတ်ခဲ့ကြပါသည်။ ထိုပဋိညာဉ်သည် လူသားများအား ပညတ်တော်ကို နားထောင်လိုက်လျှောက်နိုင်မည့်နေရာတွင်ထားကာ အလိုတော်နှင့်ကိုက်ညီသည့် အခြေအနေသို့ ၎င်းတို့ကိုဆန်ဖန်ဆောင်ယူလာရန်အတွက် အစီအစဉ်တစ်ခုသာ ဖြစ်ပြီး ပညတ်တော်ဆယ်ပါးသည် ဤပဋိညာဉ်၏အခြေအမြစ်ဖြစ်ပါသည်။

သမ္မာကျမ်းစာတွင် "ပဋိညာဉ်ဟောင်း" ဟုခေါ်တွင်သည့် အခြား ပဋိညာဉ်တစ်ခုကို ထာဝရဘုရားသခင်သည် သိနာတောင်တွင် ဣသရေလ များနှင့်ချုပ်ဆိုခဲ့ပါသည်။ ထိုပဋိညာဉ်ကို ထိုအချိန်က ယဇ်ကောင်တစ်ကောင်၏ အသွေးအားဖြင့်အတည်ဖြစ်စေခဲ့ပါသည်။ အာဗြဟံနှင့်ချုပ်ဆိုခဲ့သောပဋိညာဉ် ကိုမူ ခရစ်တော်၏အသွေးတော်အားဖြင့် အတည်ဖြစ်စေခဲ့ပြီး ပဋိညာဉ်သစ် ဟုလည်းခေါ်တွင်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤပဋိညာဉ်ကိုအတည် ဖြစ်စေရန်အသွေးသွန်းမှုသည် ပထမပဋိညာဉ်အတွက် အသွေးသွန်းခြင်းထက် နောက်ကျသောကြောင့်တည်း။ "ဘုရားသခင်သည် မုသားမသုံးနိုင်သော အရာတည်းဟူသော မဖောက်ပြန်မပြောင်းလဲနိုင်သောအရာနှစ်ပါး" တည်းဟူသော ဘုရားသခင်၏ကတိတော်နှင့်ကျိန်ဆိုချက်နှစ်ခုစလုံးအားဖြင့် ထိုစဉ်ကအတည် ဖြစ်စေခဲ့သည်ဟူသောအချက်ကြောင့် ပဋိညာဉ်သစ်သည်လည်း အာဗြဟံ၏ နေ့ရက်များတွင် တရားဥပဒေအရတည်မြဲခိုင်မာကြောင်းထင်ရှားခဲ့ပါသည်။

သို့ရာတွင် အာဗြဟံနှင့်ပြုခဲ့သောပဋိညာဉ်တွင်ကယ်တင်ခြင်းနှင့် စပ်ဆိုင်သောကတိတော်ပါဝင်ခဲ့လျှင် အဘယ်ကြောင့်သိနာတောင်တွင် အခြား ပဋိညာဉ်တစ်ခုကိုချုပ်ဆိုတော်မူခဲ့သနည်း။ ဣသရေလများသည် ကျွန်ဘဝတွင် ဘုရားသခင်ကိုလည်းကောင်း၊ အာဗြဟံနှင့်ပြုခဲ့သောပဋိညာဉ်ပါစည်းမျဉ်းများ ကိုလည်းကောင်း အတော်များများမေ့လျော့သွားခဲ့ကြပါသည်။ ၎င်းတို့သည် မိမိအားချစ်ခင်ကိုးစားလာကြစေရန်အလို့ငှာ ဘုရားသခင်သည် အဲဂုတ္တုပြည်မှ ထုတ်ဆောင်ခဲ့သောအချိန်တွင် မိမိ၏တန်ခိုးတော်နှင့်ကရုဏာတော်များကို ၎င်းတို့အားပြတော်မူခဲ့ပါသည်။ ၎င်းတို့သည် တန်ခိုးခွန်အားအလျှင်းမရှိသူများ



ဖြစ်ကြောင်း၊ ဘုရားသခင်၏မစကူညီမှုကို လိုအပ်သောသူများဖြစ်ကြောင်း သိရှိ လာစေရန်အလို့ငှာ လွတ်မြောက်နိုင်သည့်လမ်းမရှိဟုထင်ရသောပင်လယ်နီဆီသို့ ၎င်းတို့အားခေါ်ဆောင်သွားတော်မူခဲ့ပါသည်။ (ရှေ့တွင် ပင်လယ်နီ၊ ဘေးတွင် ကျောက်တောင်ကြီးများ၊ နောက်တွင်အဲဂုတ္တုစစ်သည်များရှိနေသဖြင့် လွတ်မြောက် နိုင်မည့်လမ်းမရှိသယောင်ဖြစ်ခဲ့ပါသည်။) ထိုအချိန်တွင် ထာဝရဘုရားသခင် သည် ၎င်းတို့အားကယ်နုတ်တော်မူခဲ့ပါသည်။ ထိုကြောင့်သူတို့သည် ဘုရား သခင်ကိုကျေးဇူးတင်ချစ်ခင်ကြပြီး ၎င်းတို့အားကယ်နုတ်ခဲ့သောကိုယ်တော်၏ တန်ခိုးတော်အားလည်း စိတ်ချယုံကြည်ခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းတို့အား လောကကျွန်ဘဝမှကယ်တင်ခဲ့သောကယ်နုတ်သူတစ်ပါးအဖြစ် ဣသရေလများနှင့်သံယောဇဉ်နှောင်ဖွဲ့ခဲ့ပါသည်။

သို့ရာတွင် ပို၍အရေးကြီးသောသမ္မာတရားတစ်ခုကို ၎င်းတို့အား အသိပေးရန်လိုအပ်နေပါသေးသည်။ ၎င်းမှာ သူတို့၌ကယ်တင်ရှင်တစ်ပါး လိုအပ်နေခြင်းပင်ဖြစ်ပါသည်။ ရုပ်တုကိုးကွယ်မှုများနှင့်အကျင့်စာရိတ္တဖောက်ပြန်မှု များအကြားတွင် နေထိုင်ခဲ့ကြရသောကြောင့် ဘုရားသခင်၏သန့်ရှင်းခြင်း၊ မိမိတို့စိတ်နှလုံး၏အလွန့်အလွန်မိုက်မဲနေခြင်း၊ ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်ရန် မိမိတို့၌လုံးဝအစွမ်းမရှိခြင်းများကို ၎င်းတို့လုံးလုံးအမြင်မှား နေကြပါသည်။ ၎င်းတို့၏လိုအပ်ချက်မှာ ကယ်တင်ရှင်ပင်ဖြစ်ပါသည်။ ဤအရာအားလုံးကို သူတို့အားသင်ကြားပေးရပါမည်။

ထာဝရဘုရားသခင်သည် ၎င်းတို့အား သိနာတောင်သို့ခေါ်ဆောင် လာကာ မိမိ၏ဘုန်းတော်ကိုဖော်ပြတော်မူခဲ့ပါသည်။ ထိုနောက်နားထောင် လိုက်လျှောက်သည့်အခြေအနေပေါ်တွင်မူတည်၍ ပေးမည့်ကောင်းချီးမင်္ဂလာ များနှင့်ပတ်သက်သည့်ကတိတော်နှင့်အတူ ပညတ်တော်ကိုလည်း ၎င်းတို့အား ပေးတော်မူခဲ့ပါသည်။ "သင်တို့သည် ငါ့စကားကိုအမှန်နားထောင်၍ ငါ့ပဋိညာဉ်ကိုစောင့်ရှောက်လျှင်---မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ရကြလိမ့်မည်" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။ ထိုသူများသည် မိမိတို့စိတ်နှလုံး၏အပြစ်များခြင်းကိုလည်းကောင်း၊ ခရစ်တော်

မပါလျှင် ကိုယ်တော်၏ပညတ်တော်ကိုစောင့်ထိန်းရန် လုံးဝမဖြစ်နိုင်ကြောင်းကိုလည်းကောင်း ကောင်းစွာမသိရှိကြဘဲ ဘုရားသခင်နှင့်အလျင်တဆောပဋိညာဉ်ပြုခဲ့ကြပါသည်။ သူတို့သည် မိမိကိုယ်ကိုဖြောင့်မတ်အောင်လုပ်နိုင်စွမ်းရှိသည်ဟုထင်မှတ်လျက်၊ "ထာဝရဘုရားသခင်မိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်၊ နားထောင်ပါမည်" ဟုဆိုကြ၏။ ထိုသူများသည် အလွန်ခမ်းနားကျက်သရေရှိစွာဖြင့် ပညတ်တော်ကိုမိန့်မြွက်တော်မူခဲ့ခြင်းကို မျက်မြင်ကိုယ်တွေ့ကြားခဲ့ရသဖြင့် သိနာတောင်ရှေ့တွင် ကြောက်ရွံ့တုန်လှုပ်ခဲ့ကြသော်လည်း ရက်သတ္တပတ်အနည်းငယ်အကြာတွင် ထိုပဋိညာဉ်ကိုချိုးဖေါက်ကာ ရုပ်တုတစ်ခုကိုဦးချဝတ်ပြုခဲ့ကြပါသည်။ ထိုကြောင့်သူတို့သည် မိမိတို့ချိုးဖေါက်လိုက်သောပဋိညာဉ်အားဖြင့် ဘုရားသခင်၏မျက်နှာသာပေးခြင်းကိုခံရဖို့မျှော်လင့်ချက်မရှိတော့ချေ။ ယခုတွင် မိမိတို့၏အပြစ်ဒုစရိုက်များကိုလည်းကောင်း၊ အပြစ်လွှတ်ခြင်းခံရဖို့လိုအပ်ကြောင်းကိုလည်းကောင်း၊ ၎င်းတို့အားတွေ့မြင်စေလျက် အာဗြဟံနှင့်ပြုခဲ့သောပဋိညာဉ်တွင်လည်းကောင်း၊ ယဇ်ပူဇော်ခြင်းအစီအစဉ်များတွင်လည်းကောင်း ပုံရိပ်ပြဖေါ်ပြခဲ့သောကယ်တင်ရှင်ကိုလိုအပ်နေပြီဖြစ်ကြောင်း သိရှိလာစေခဲ့ပါသည်။ ယခုတွင် သူတို့သည် ယုံကြည်ခြင်းနှင့်ချစ်ခြင်းအားဖြင့် အပြစ်၏ကျွန်ဘဝမှကယ်နုတ်ရှင်အဖြစ် ထာဝရဘုရားသခင်ကို သံယောဇဉ်ချည်နှောင်ခဲ့ကြပါသည်။

"ပဋိညာဉ်ဟောင်း" ၏စည်းကမ်းချက်များမှာ နားထောင်၍အသက်ရှင်နေထိုင်ရန်ဖြစ်ပါသည်။ "အကျင့်ကိုကျင့်သောသူသည် ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်။" "ဤပညတ်တရားစကားတို့ကို အမြဲမကျင့်သောသူသည် အမင်္ဂလာရှိစေသတည်း" ဟုပဋိညာဉ်ဟောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာတွင်ဖွင့်ဆိုထားပါသည်။ သို့ရာတွင် ပဋိညာဉ်သစ်ကိုမူ အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာကတိတော်၊ စိတ်နှလုံးကိုအသစ်ပြုပြင်ပြောင်းလဲပေးကာ ဘုရားသခင်၏ပညတ်တော်စည်းမျဉ်းများနှင့်ကိုက်ညီဆီလျော်အောင်ပြုပြင်ပေးမည်ဟူသော ဘုရားသခင်၏ကျေးဇူးတော်နှင့်စပ်ဆိုင်သည့်ကတိတော် စသည့်သာ၍ကောင်းသောကတိတော်များအပေါ်တွင် တည်ဆောက်ထားပါသည်။" "နောင်ကာလ



အခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သောပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသခင်သည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာရေးထားမည်။---ငါသည် သူတို့အပြစ်များကိုသည်းခံမည်။ သူတို့ပြုသောဒုစရိုက်များကို မအောက်မေ့ဘဲနေမည်" ဟုဘုရားသခင်မိန့်တော်မူ၏။

ကျောက်ပြားများပေါ်တွင်ကမ္ပည်းတင်ထားသော ထိုပညတ်တော်ကိုပင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စိတ်နှလုံးများအပေါ်တွင်ရေးသားတော်မူပါသည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူများဖြစ်လာအောင် ကြိုးစားလုပ်ဆောင်နေမည့်အစား ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုလက်ခံကြရပါမည်။ ကိုယ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့ကျူးလွန်ခဲ့သောဒုစရိုက်မှုများအတွက် အဖိုးအခကိုပေးဆပ်တော်မူ၏။ ကိုယ်တော်၏နားထောင်ခြင်းကို ကျွန်ုပ်တို့၏နားထောင်ခြင်းကဲ့သို့မှတ်ယူတော်မူပါသည်။ ထိုနောက် ဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်ခြင်းခံခဲ့ရသောထိုစိတ်နှလုံးသည် ဝိညာဉ်ဆုကျေးဇူးအသီးအပွင့်များကို သီးပွင့်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကျေးဇူးတော်ကြောင့် နှလုံးသားပေါ်ဝယ်ရေးထားခြင်းခံရသည့်ပညတ်တော်နှင့်အညီ အသက်ရှင်နေထိုင်နိုင်ပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်ရရှိထားသော ကျွန်ုပ်တို့သည် ကိုယ်တော်အသက်ရှင်နေထိုင်ခဲ့သကဲ့သို့ အသက်ရှင်နေထိုင်လာပါလိမ့်မည်။ "အကျွန်ုပ်တို့၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏" ဟူသောဆာလံဆရာအားဖြင့် မိမိအကြောင်းကို ကိုယ်တော်ဖွင့်ဟတော်မူခဲ့ပါသည်။ ထို့အပြင်၊ "ငါ့ကိုတစ်ကိုယ်တည်းနေစေခြင်းငှာ ခမည်းတော်သည် စွန့်ပစ်တော်မမူ၊ အကြောင်းမူကား၊ နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ပြုပါသည်" ဟုလူသားများအလယ်တွင် လာရောက်နေထိုင်စဉ်အခါက ကိုယ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။

တမန်တော်ရှင်ပေါလုသည် ပဋိညာဉ်သစ်အောက်တွင်ရှိသောယုံကြည်ခြင်းနှင့်ပညတ်တော်အကြားဆက်နွှယ်မှုကို ရှင်းလင်းစွာဖေါ်ပြထားပါသည်။

"ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။" "သို့ဖြစ်လျှင် ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကိုပယ်ကြသလော။ အလျှင်းမပယ်၊ သာ၍တည်စေကြ၏။" "ဇာတိပကတိကြောင့် ပညတ်တရားသည်အားနည်း၍ မတတ်နိုင်သောအမှုကို ဘုရားသခင်ပြုတော်မူခြင်းငှာ အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သော မိမိသားတော်ကိုစေလွှတ်တော်မူ၏။ အကြောင်းမူကား၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည် တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်ခြင်းအကြောင်းတည်း။"

မတူညီသောခေတ်များတွင် အသက်ရှင်ကြသောလူသားများ၏အလိုဆန္ဒများကိုဖြည့်ဆည်းရန် ဖွံ့ဖြိုးမှုအတိုင်းအဆနှင့်တန်ခိုးတော်ပြသမှုများတွင် ကွဲပြားခြားနားမှုရှိသော်လည်း ဘုရားသခင်သည် အချိန်တိုင်းတွင် အတူတူပင်လုပ်ဆောင်လျက်ရှိပါသည်။ ဝမ်းမြောက်ဖွယ်ရာပထမကတိတော်နှင့်အစပျိုးလျက် ရှေးဘိုးဘေးများနှင့်ယုဒခေတ်မှသည် ယခုမျက်မှောက်ခေတ်တိုင်အောင် ကယ်တင်ခြင်းစီမံကိန်းတွင်ထားရှိသော ဘုရားသခင်၏အကြံအစည်တော်ကို တဖြည်းဖြည်းချင်းဖွင့်ပြတော်မူလျက်ရှိပါသည်။ ယုဒလူများကျင်းပသောအခမ်းအနားများနှင့်ဝိနည်းထုံးဖွဲ့များတွင် ပုံဆောင်ထားသည့်ခရစ်တော်သည် ဧဝံဂေလိတရားတော်တွင်ဖော်ပြထားသည့် ခရစ်တော်နှင့်အတူတူပင်ဖြစ်ပါသည်။ ကိုယ်တော်၏ဘုရားသခင်ပုံသဏ္ဌာန်တော်ကိုရစ်ပတ်ဖုံးအုပ်ထားသည့် ထိုတိမ်သလ္လာများသည်လည်း လွင့်ပါးသွားခဲ့ပြီး၊ မြူခိုးများနှင့်လောင်းရိပ်များလည်း ကွယ်ပျောက်သွားခဲ့ချေပြီ။ လောကီသားများ၏ကယ်တင်ရှင်သခင်ယေရှုသည် ထင်ရှားစွာရပ်ထတော်မူနေပေပြီ။ တောင်ပေါ်ဒေသနာကိုဟောကြားခဲ့သောပုဂ္ဂိုလ်မှာ သိနာတောင်ပေါ်မှပညတ်တော်ကိုပေးကာ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သည့်ပညတ်ချက်များကို မောရှေအားပေးတော်မူခဲ့သောကိုယ်တော်ရှင်ပင်ဖြစ်ပါသည်။ ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့၏အခြေခံအုတ်မြစ်အဖြစ် ကိုယ်တော်ဖွင့်ဆိုခဲ့သောချစ်ခြင်းမေတ္တာနှင့်ဆိုင်သည့် မဟာနိယာမများသည်လည်း



"အို၊ ဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင်သည်တစ်ပါးတည်းသောထာဝရဘုရားသခင်ဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။" "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်" ဟူ၍မောရှေမှတစ်ဆင့် ဣသရေလများအား ကိုယ်တော်မိန့်တော်မူခဲ့သောအရာများကို ပြန်လည်ဖွင့်ဆိုခြင်းတစ်ခုသာဖြစ်ပါသည်။ သွန်သင်သူမှာ ခေတ်ကာလနှစ်ခုစလုံးတွင် တစ်ပါးတည်းသာဖြစ်ပါသည်။ ဘုရားသခင်၏တောင်းဆိုချက်မှာလည်း တစ်ခုတည်းသာဖြစ်ခဲ့ပါသည်။ အုပ်စိုးရာတွင်အသုံးပြုသည့်နိယာမများသည်လည်း အတူတူပင်ဖြစ်ကြပါသည်။ အရာခပ်သိမ်းတို့သည် "ရွေ့လျောတိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူသည့်" ကိုယ်တော်ထံတွင် ထွက်ပေါ်ဖြစ်ဖွားလာခဲ့ကြပါသည်။

* * *

## (၃၃)
## သိနာတောင်မှကာဒေရှမြို့သို့

သိနာတောင်သို့ ဣသရေလများရောက်ရှိလာပြီးသည့်နောက်၊ အချိန် အတော်အတန်ကြာညောင်းသည်အထိ တဲတော်တည်ဆောက်ခြင်းလုပ်ငန်းကို အစမပြုခဲ့ပါချေ။ အဲဂုတ္တုပြည်မှထွက်ခွာလာပြီးနောက် ဒုတိယနှစ်ဦးအချိန် ကျရောက်မှ သန့်ရှင်းသောထိုအဆောက်အအုံကို ပထမဦးစွာစတင်ဆောက်လုပ် ခဲ့ကြပါသည်။ နောက်ဆက်တွဲလုပ်ငန်းများဖြစ်သည့်ယဇ်ပုရောဟိတ်များကို ဘုရားသခင်ထံ၌ဝတ်ပြုခြင်းအလုပ်၊ ပသခါပွဲကျင်းပခြင်း၊ ယုဒလူများကို သန်းခေါင်စာရင်းကောက်ယူခြင်း၊ အိုးအိမ်နေရာချထားရေးစနစ် (သို့မဟုတ်) ဘာသာရေးနှင့်စပ်ဆိုင်သောစနစ်များအတွက် အမှန်တကယ်လိုအပ်သည့် အစီအစဉ်အမျိုးမျိုးတို့ကို အပြီးသတ်ရေးဆွဲနေခြင်းကြောင့် သိနာတောင်စခန်း တွင် တစ်နှစ်နီးပါးမျှအချိန်ကုန်ခဲ့ပါသည်။ ဤနေရာတွင် ၎င်းတို့၏ဝတ်ပြု ကိုးကွယ်ပုံသည် ပို၍တိကျကောင်းမွန်လာပါသည်။ အုပ်ချုပ်ရေးကဏ္ဍတွင် လည်း ဥပဒေစည်းမျဉ်းများကိုပေးထားတော်မူခဲ့ပြီးဖြစ်ရာ ခါနာန်ပြည်သို့ ဝင်စားရန် ပို၍ကောင်းမွန်လာသည့်အဖွဲ့ကြီးတစ်ခုဖြစ်လာဖို့ ထိရောက်စွာပြင်ဆင် ပေးခဲ့ပါသည်။

ဣသရေလများ၏အုပ်ချုပ်မှုသည် အလွန်စေ့စပ်သေချာသောအဖွဲ့ အစည်းများအားဖြင့် ထူးခြားထင်ရှားသည့်ဂုဏ်အင်္ဂါကိုဖေါ်ပြထားပါသည်။ ဘုရားသခင်ဖန်ဆင်းတော်မူသည့်အရာများအားလုံး၏စုံလင်မှုများနှင့်စီမံမှုတို့တွင် ထိထိမိမိဖေါ်ပြထားသည့်အစီအစဉ်ကျနမှုကို ဟေဗြဲလူမျိုးများ၏အိမ်ထောင်မှု စီမံအုပ်ချုပ်သည့်နည်းစနစ်တွင် ထင်ရှားစွာတွေ့ရပါသည်။ ထာဝရဘုရားသခင် သည် ဣသရေလနိုင်ငံ၏ဘုရင်ဧကရာဇ်ဖြစ်တော်မူသည်။ အုပ်စိုးမှုနှင့် အာဏာတန်ခိုးတို့၏ဗဟိုအချက်အချာဖြစ်တော်မူသောမောရှေသည် ကိုယ်တော်၏ နာမတော်အားဖြင့် ဥပဒေများကိုစီရင်ရန် ဘုရားသခင်၏ခန့်အပ်ချက်အရ ၎င်းတို့၏မျက်မြင်ရသောခေါင်းဆောင်ဖြစ်ပါသည်။ တိုင်းရေးပြည်ရာအထွေထွေ



လုပ်ငန်းများတွင် မောရှေကိုအထောက်အမပြုရန် ဣသရေလဆယ့်နှစ်မျိုးမှ အသက်ကြီးသူခုနစ်ဆယ်ပါဝင်သည့် ကောင်စီတစ်ခုကို နောက်ပိုင်းတွင် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ထိုကောင်စီပြီးလျှင် တဲတော်၌ဘုရားသခင်ထံတွင် အကြံဉာဏ်တောင်းခံမည့်ယဇ်ပုရောဟိတ်များကိုဖွဲ့စည်းပါသည်။ ထို့ပြင် အသရေရှိသောသူများ (ဝါ) အကဲအမှူးများက လူမျိုးစုများကိုအုပ်ချုပ်ကြပါ သည်။ ၎င်းတို့၏လက်အောက်တွင် လူတစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ် အုပ်၊ တစ်ဆယ်အုပ်များကိုခန့်ထားပါသည်။

ဣသရေလများ၏တဲစခန်းကို အစီအစဉ်ကျနစွာဖြင့်တည်ဆောက် ထားပါသည်။ နေထိုင်သူများ၏အဆင့်အတန်းအလိုက် သုံးပိုင်းပိုင်းခြားထား ပါသည်။ စခန်း၏အလယ်တွင်မျက်မြင်မရသော ဘုရားသခင်ကိန်းဝပ်ရာ တဲတော်ရှိပါသည်။ ထိုတဲတော်၏ပတ်လည်တွင် ယဇ်ပုရောဟိတ်များနှင့် လေဝိသားများကနေရာယူကြပါသည်။ ထိုသူများ၏ပတ်လည်တွင်မူ အခြား လူမျိုးစုများနေရာယူစခန်းချကြပါသည်။

စခန်းချသည့်အခါတွင်ဖြစ်စေ၊ ခရီးသွားသည့်အချိန်တွင်ဖြစ်စေ၊ တဲတော်နှင့်ပတ်သက်သည့်ဝေယျာဝစ္စလုပ်ငန်းများကိုလုပ်ဆောင်ရန် လေဝိ အမျိုးသားများအား တာဝန်ပေးအပ်တော်မူထားပါသည်။ စခန်းပြောင်းမည့် အချိန်တွင် ၎င်းတို့သည် တဲတော်ကိုဖြုတ်သိမ်းရပြီး စခန်းချမည့်နေရာသို့ ရောက်ရှိသောအခါ တဲတော်ကိုပြန်လည်တပ်ဆင်ကြရပါသည်။ သေပြစ်မသင့် ရောက်စေရန် အခြားမည်သည့်ဣသရေလလူမျိုးနွယ်ကိုမျှ တဲတော်နားသို့ လာခွင့်မပြုချေ။ လေဝိအမျိုးသားဟုဆိုရာတွင်လည်း၊ လေဝိမှပေါက်ဖွားလာ သောသားသုံးယောက်၏သားမြေးများအလိုက် သုံးဖွဲ့ခွဲထားပါသည်။ အဖွဲ့ အသီးသီးသည် မိမိတို့အတွက် သီးသန့်သတ်မှတ်ထားသောလုပ်ငန်းတာဝန် များကို ဆောင်ရွက်ကြရပါသည်။ တဲတော်၏ရှေ့တည့်တည့်တွင် မောရှေနှင့် အာရုန်တို့၏တဲများရှိကြပါသည်။ တောင်ဘက်ခြမ်းတွင် ပဋိညာဉ်သေတ္တာနှင့် အခြားပရိဘောဂများကိုထိန်းသိမ်းစောင့်ရှောက်ရသောကောဟာသိ၏မျိုးနွယ်စု များ၏တဲများရှိပြီး မြောက်ဘက်ခြမ်းတွင်မူ တဲတော်တိုင်များ၊ တဲတော်အကာ

ပျဉ်ပြားနှင့်ငွေခြေစွပ်များတို့ကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရမည့်မေရာရိတ်အမျိုးအနွယ်များ၏တဲများရှိကြပါသည်။ တဲတော်၏အနောက်ဘက်ခြမ်းတွင်မူ တဲတော်ကန့်လန့်ကာများကိုထိန်းသိမ်းစောင့်ရှောက်ရသည့် ဂေရရှောနိအမျိုးအနွယ်များက နေရာယူကြပါသည်။

ဣသရေလလူမျိုးနွယ်အသီးသီးတို့နေထိုင်ရမည့်နေရာများကိုလည်း သီးခြားသတ်မှတ်ထားပါသည်။ "ဣသရေလအမျိုးသားအသီးသီးတို့သည် မိမိတပ်နှင့်ဆိုင်သောအလံ၊ မိမိအဆွေအမျိုးနှင့်ဆိုင်သောအလံအနားမှာ ပရိသတ်စည်းဝေးရာတဲတော်ကိုရှေ့ရှုပြု၍ နေရာချရမည်" "လူအသီးသီးတို့သည် မိမိနေရာ၌ မိမိဆိုင်သောအလံနှင့်အတူ လိုက်လျှက်ချီရကြမည်" ဟူ၍ မိန့်တော်မူသည့်အတိုင်း မျိုးနွယ်စုအသီးသီးတို့သည် မိမိတို့၏အလံနားတွင်ချီတက်ခြင်းအမှုနှင့်စခန်းချခြင်းအမှုကိုပြုရကြပါသည်။ ဣသရေလများနှင့်အတူ အဲဂုတ္တုပြည်မှလိုက်ပါလာကြသောလူအမျိုးမျိုးပါဝင်နေသည့်လူထုကြီးမှာမူ ၎င်းတို့နှင့်အတူနေထိုင်ခွင့်မရကြဘဲ စခန်း၏အစွန်အဖျားပိုင်းတွင် နေထိုင်ကြရပါသည်။ သူတို့၏အမျိုးအနွယ်သည် သုံးဆက်မမြောက်မီ ထာဝရဘုရားသခင်၏ ပရိသတ်တော်၌အပါအဝင်ဖြစ်ရသောအခွင့်မရရှိကြချေ။

စခန်းအနှံ့အပြားနှင့်တကွ စခန်းပတ်ဝန်းကျင်တွင် တင်းကျပ်သောအမိန့်များထုတ်ထားသကဲ့သို့ တိကျသောသန့်ရှင်းစင်ကြယ်မှုများအတွက် စည်းကမ်းများသတ်မှတ်ပြဋ္ဌာန်းထားပါသည်။ စေ့စပ်သေချာသောကျန်းမာသန့်ရှင်းခြင်းဆိုင်ရာစည်းမျဉ်းဥပဒေများကိုလည်း ပြဋ္ဌာန်းလုပ်ဆောင်ခဲ့ကြပါသည်။ ရောဂါဘယများကြောင့် သန့်ရှင်းစင်ကြယ်မှုမရှိသောလူတိုင်းကို စခန်းထဲသို့ဝင်ခွင့်မပြုချေ။ ဤမျှများပြားသောလူအုပ်ကြီး၏ကျန်းမာရေးကို ထိန်းသိမ်းထားနိုင်ရန်အတွက် ဤအငန်းအတာသည် မဖြစ်မနေလိုအပ်နေပါသည်။ ဣသရေလများသည် သန့်ရှင်းသောဘုရားသခင်၏ရှေ့မှောက်တွင် ပျော်ရွှင်မှုရရှိနိုင်စေရန်အလို့ငှာ စုံလင်သောအစီအစဉ်ကျနမှုနှင့် သန့်ရှင်းစင်ကြယ်မှုများသည် မဖြစ်မနေလိုအပ်နေပါသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားသခင်သည် သင့်ကိုကယ်တင်၍ ရန်သူတို့ကိုသင့်လက်၌အပ်



ခြင်းငှာ သင်၏တပ်ထဲမှာသွားလာတော်မူ၏။ ထိုကြောင့်---သင်၏တပ်သည် သန့်ရှင်းရမည်။"

သူတို့သွားခဲ့သောလမ်းခရီးတစ်လျှောက်လုံးတွင် ထာဝရဘုရားသခင်၏ ပဋိညာဉ်သေတ္တာသည် သူတို့အဖို့စခန်းချရာအရပ်ကိုရှာ၍ သူတို့ရှေ့ကသွားလေ၏။ ဘုရားသခင်၏ပညတ်တော်ထည့်ထားသည့်ပဋိညာဉ်သေတ္တာကို ကောဟတ်၏သားများကသယ်ဆောင်ကာ ထိုအဖွဲ့ကြီးကိုဦးဆောင်ပါသည်။ ထိုပဋိညာဉ်သေတ္တာ၏ရှေ့မှ မောရှေနှင့်အာရုန်တို့သွားကြပြီး ငွေတံပိုးခရာများကိုကိုင်ဆောင်ထားသည့် ယဇ်ပုရောဟိတ်များက အနီးအနားမှကပ်၍ လိုက်ကြရပါသည်။ လူအများအားတံပိုးခရာမှုတ်၍ အချက်ပေးဆက်သွယ်ရသော ဤယဇ်ပုရောဟိတ်များအား မည်သို့မည်ပုံဆောင်ရွက်ရမည်ကို မောရှေ ညွှန်ကြားထားပါသည်။ တံပိုးခရာသံများအားဖြင့် အချက်ပေးသည့်အတိုင်း ပရိသတ်အပေါင်းတို့သည် သွားလာလှုပ်ရှားကြရန် အဖွဲ့ခေါင်းဆောင်များက ၎င်းတို့၏အဖွဲ့များအား တိကျသောညွှန်ကြားချက်များကိုပေးကြရပါမည်။ ညွှန်ကြားချက်များအတိုင်းမလိုက်လျှောက်သောသူများသည် သေပြစ်စီရင်ခြင်းခံရပါသည်။

ထာဝရဘုရားသခင်သည် စနစ်တကျရှိလှသောဘုရားသခင်ဖြစ်ပါသည်။ ကောင်းကင်နိုင်ငံနှင့်ဆက်နွယ်နေသောအရာခပ်သိမ်းတို့သည်လည်း စနစ်တကျရှိလှပါသည်။ အုပ်ချုပ်မှုစနစ်များနှင့်စေ့စပ်သောစည်းမျဉ်းဥပဒေများက ကောင်းကင်သားများ၏လှုပ်ရှားသွားလာမှုကို ထူးခြားထင်ရှားစေပါသည်။ စည်းကမ်းကျန၍ ညီညွတ်သောလုပ်ဆောင်မှုများသည်သာ အောင်မြင်မှုသရဖူကိုဆွတ်ခူးနိုင်ကြပါသည်။ ဣသရေလများ၏ခေတ်အချိန်အခါကကဲ့သို့ပင် ယခုအချိန်တွင်လည်း ကိုယ်တော်ရှင်၏အမှုတော်မြတ်တွင် စည်းကမ်းကျနမှုနှင့်စီမံချက်များရှိကြရန် ထာဝရဘုရားသခင်တောင်းဆိုနေပါသည်။ ဘုရားသခင်အတွက်အမှုတော်ဆောင်သူအပေါင်းတို့သည် ဖြစ်ကတတ်ဆန်းနမော်နမဲ့ပုံစံဖြင့်လုပ်ဆောင်ကြရန်မဟုတ်ဘဲ ဆင်ဆင်ခြင်ခြင်ဖြင့်လုပ်ဆောင်ကြရန်ဖြစ်ပါသည်။ ကိုယ်တော်သည် မိမိ၏အမှုတော်ကို စိတ်တော်နှင့်တွေ့ကြောင်း

တံဆိပ်ခတ်နိုင်ရန်အလို့ငှာ ထိုအမှုတော်ကိုယုံကြည်မှု၊ တိကျမှုအပြည့်ဖြင့် ပြီးမြောက်စေပါလိမ့်မည်။

ထာဝရဘုရားသခင်သည် ဣသရေလများအား ခရီးစဉ်တစ်လျှောက်လုံးတွင် ကိုယ်တော်တိုင်လမ်းပြတော်မူခဲ့ပါသည်။ စခန်းချရမည့်နေရာကို မိုးတိမ်တိုင်ကြွဆင်းလာခြင်းအားဖြင့် အချက်ပေးခဲ့ပါသည်။ ထိုမိုးတိမ်တိုင်သည် တဲတော်အပေါ်ဝယ်တည်ရှိနေသမျှကာလပတ်လုံး သူတို့သည် ထိုစခန်းတွင်ဆက်လက်နေထိုင်ကြရန်ဖြစ်ပါသည်။ ခရီးဆက်ရမည့်အချိန်သို့ရောက်ရှိလာသောအခါ ထိုမိုးတိမ်တိုင်သည် တဲတော်မှအထက်သို့ခွာသွားခဲ့ပါသည်။ စခန်းပြောင်းသည့်အချိန်တွင်ဖြစ်စေ၊ စခန်းချသည့်အချိန်တွင်ဖြစ်စေ၊ "အိုထာဝရဘုရားသခင်၊ ထတော်မူပါ၊ ကိုယ်တော်၏ရန်သူတို့သည် လွင့်ကြပါစေသော၊ ကိုယ်တော်ကိုမုန်းသောသူတို့သည် ရှေ့တော်မှပြေးကြပါစေသောဟူ၍လည်းကောင်း၊---အိုထာဝရဘုရားသခင်၊ ဣသရေလအမျိုးသားအထောင်အသောင်းရှိရာသို့ပြန်လာတော်မူပါဟူ၍လည်းကောင်း" မောရှေက လျှောက်ဆိုလေ့ရှိပါသည်။

သိနာတောင်နှင့်ခါနာန်ပြည်နယ်စပ်ရှိ ကာဒေရှအရပ်အကြားတည်ရှိသောအကွာအဝေးမှာ တစ်ဆယ့်တစ်ရက်ခရီးမျှသာဖြစ်ပါသည်။ နောက်ဆုံးတွင်ဆက်လက်ချီတက်ရန် ထိုမိုးတိမ်တိုင်ကအချက်ပေးသောအခါ ခါနာန်ပြည်ထဲသို့အလျင်အမြန်ဝင်ရတော့မည်အထင်နှင့် ထိုဣသရေလများသည် တစ်ဖန်ခရီးဆက်ခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်အား မိမိတို့၏အုပ်စိုးသူအဖြစ်လက်ခံရန် ပဋိညာဉ်ပြုကာ ထာဝရဘုရားသခင်၏ရွေးချယ်ခြင်းခံရသောသူများအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပြီးသည့်ယခုအချိန်တွင် ၎င်းတို့အနေဖြင့် မည်သည့်ကောင်းချီးမင်္ဂလာကိုမဆိုရရှိနိုင်သည်ဟု မျှော်လင့်နိုင်ကြပြီမဟုတ်ပါလား။

သို့ရာတွင် လူများစုသည် အချိန်ကြာမြင့်စွာစခန်းချနေထိုင်ခဲ့သောထိုနေရာကိုစွန့်ခွာကြရန် နှောင့်နှေးဖင့်နွဲ့နေကြပါသည်။ ထိုနေရာကို သူတို့၏နေအိမ်တမျှ သူတို့ထင်မှတ်နေကြပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏



သန့်ရှင်းသောပညတ်တော်ကို ထပ်မံဖွင့်ဆိုရန် အခြားလူမျိုးများနှင့်သီးခြားဖြစ်သည့် နှမ်းဖတ်ကျောက်ထရံများဖြင့်ကာရံထားသော ဤနေရာတွင် မိမိ၏လူမျိုးကိုစုရုံးတော်မူခဲ့ပါသည်။ ဘုရားသခင်၏ဘုန်းတော်မကြာခဏထင်ရှားခဲ့ဖူးသော ဖြူလုပ်လုပ်တောင်ထိပ်များ၊ တောင်ကတုံးများနှင့်ပြီးသော သိနာတောင်ကြီးကို နှစ်သက်မြတ်နိုးစွာသူတို့ကြည့်ရှုခဲ့ကြပါသည်။ ဘုရားသခင်နှင့်တကွ ကောင်းကင်တမန်များထင်ရှားခဲ့သည့်မြင်ကွင်းမှထွက်ခွာသွားရန် သူတို့စိတ်မပါခဲ့ကြချေ။ မပျော်ရွှင်နိုင်ခဲ့ကြပါချေ။

မည်သို့ပင်ဖြစ်စေ၊ တံပိုးမှုတ်သူများ၏အချက်ပေးသံကိုကြားရသောအခါ တဲတော်ကို သူတို့အလယ်တွင်သယ်ဆောင်လာကာ ဣသရေလလူအသီးသီးတို့သည် မိမိတို့အတွက်သတ်မှတ်ထားသောနေရာအသီးသီးရှိလူမျိုးစုအလံများအောက်တွင် တစ်စခန်းလုံးစတင်၍ခရီးနှင်ခဲ့ကြပါသည်။ မိုးတိမ်တိုင်သည် မည်သည့်အရပ်သို့လမ်းပြသွားမည်ကို လူတိုင်းကစိုးရိမ်တကြီးကြည့်ရှုနေကြပါသည်။ မည်းမှောင်၍ လူသူအရောက်အပေါက်နည်းသောတောင်များနှင့်ပြွတ်သိပ်နေသောအရှေ့အရပ်ဆီသို့ မိုးတိမ်တိုင်များရွေ့သွားသောအခါ ဝမ်းနည်းမှုများနှင့်သံသယစိတ်များသည် ၎င်းတို့၏စိတ်နှလုံးထဲဝယ် နိုးထလာခဲ့ပါသည်။

သူတို့သည် ရှေ့သို့ခရီးဆက်လက်သည်နှင့်အမျှ အခက်အခဲများကိုပို၍ရင်ဆိုင်လာခဲ့ကြရပါသည်။ သူတို့သွားနေသောလမ်းခရီးသည် ကျောက်ပေါများသည့်ချပ်မြောင်များ၊ တောင်ကတုံးများတို့ကိုဖြတ်၍သွားရသည့်ခရီးဖြစ်ပါသည်။ သူတို့၏ပတ်လည်တွင် "လွင်ပြင်မြေတွင်းနှင့်ပြည့်စုံသောပြည်၊ သွေ့ခြောက်၍သေမင်းအရိပ်လွှမ်းမိုးသောပြည်၊ ခရီးသွားသောသူနေရာကျသောသူမရှိသောပြည်" များသာတည်ရှိနေကြပါသည်။ ရပ်နီးရပ်ဝေးရှိမြောင်များ၊ ကျပ်ကြားများတွင် ယောကျာ်း၊ မိန်းကလေး၊ သူငယ်များနှင့်တကွ နွားအုပ်၊ သိုးအုပ်၊ မြည်းအုပ်များနှင့်ပြည့်ညပ်နေပါသည်။ သူတို့၏ခရီးပေါက်ရောက်မှုသည် အမှန်တကယ်နှေးကွေးလှပါသည်။ ထိုလူအုပ်ကြီးသည် အချိန်ကြာမြင့်စွာတစ်နေရာတည်းတွင် စခန်းချနေထိုင်ခဲ့ကြသဖြင့် ဤခရီးလမ်း၏ဒုက္ခကို သူတို့ခံနိုင်ရည်မရှိခဲ့ကြချေ။

သုံးရက်တာခရီးသွားပြီးသည့်အချိန်တွင်မှ ဖြောင်ကျကျအပြစ်တင်ပြောဆိုသံများကိုကြားလာရပါသည်။ ဣသရေလများနှင့်အပြည့်အဝစည်းလုံးမှုမရှိဘဲ အပြစ်ရှာရန်အမြဲစောင့်ကြည့်နေခဲ့ကြသောလူပေါင်းစုံစုစည်းထားသည့်လူအုပ်ကြီးက ထိုပြစ်တင်မှုများကိုအစပျိုးပေးခဲ့ပါသည်။ ၎င်းတို့သည် ယခုကဲ့သို့အရှေ့အရပ်သို့ဦးတည်သွားနေသည်ကိုမကြိုက်ကြချေ။ မိမိတို့ကဲ့သို့မောရှေသည်လည်း မိုးတိမ်တိုင်၏လမ်းညွှန်မှုအတိုင်း သွားလာနေကြောင်းသိလျက်နှင့် မောရှေ၏လမ်းပြမှုကို သူတို့အမြဲအမြဲတမ်းအပြစ်ရှာနေကြပါသည်။ မကျေနပ်သည့်စိတ်သည် ကူးစက်ပျံ့နှံ့တတ်သည်ဖြစ်ရာ မကြာမီမှာပင် ထိုစိတ်ထားသည် တစ်စခန်းလုံးသို့ပျံ့နှံ့သွားခဲ့ပါသည်။

သူတို့သည် မန္နမုန့်ဖြင့်အလျှံပယ်ကျွေးမွေးခြင်းခံခဲ့ရသော်လည်း ကျေနပ်ရောင့်ရဲခြင်းမရှိကြဘဲ အသားကျွေးရန်အော်ဟစ်တောင်းခံစပြုလာပြန်ပါသည်။ ဣသရေလများသည် အဲဂုတ္တုပြည်တွင်ကျွန်ခံရစဉ် ရိုးရိုးအစာများကိုသာစားသောက်ကြရန် အတင်းအကျပ်တိုက်တွန်းခြင်းခံခဲ့ရသော်လည်း ဆင်းရဲချို့တဲ့မှုနှင့်အလုပ်ကြမ်းလုပ်ရခြင်းများ၏လှုံ့ဆော်မှုကြောင့် စူးရှပြင်းထန်သောအရသာများကို သူတို့ကြိုက်နှစ်သက်ခဲ့ကြပါသည်။ ယခုတွင် ၎င်းတို့နှင့်အတူရှိနေကြသောအဲဂုတ္တုလူများထဲမှအများစုသည် အရသာရှိသောအစာများကိုသာစားလေ့ရှိခဲ့ရာ သူတို့သည် ပထမဦးဆုံးအပြစ်တင်ခဲ့သူများဖြစ်ခဲ့ကြပါသည်။ သိနာတောင်သို့မရောက်မီကလေးတွင် ထာဝရဘုရားသခင်သည် ၎င်းတို့၏တောင်းဆိုမှုကိုဖြည့်ဆည်းသည့်အနေဖြင့် မန္နမုန့်နှင့်အတူ အသားများကိုပေးသနားတော်မူခဲ့ပါသည်။ သို့ရာတွင် တစ်ရက်စာသာပေးသနားခဲ့ပါသည်။

ထာဝရဘုရားသခင်အနေဖြင့် မန္နမုန့်ချပေးသကဲ့သို့ အသားများကိုအလွယ်တကူစီစဉ်ချပေးနိုင်တော်မူသော်လည်း ၎င်းတို့အကျိုးအလို့ငှာ ထိန်းချုပ်မှုတစ်ခုကိုပြုတော်မူခဲ့ပါသည်။ အဲဂုတ္တုပြည်တွင် ၎င်းတို့စားနေကျဖြစ်သောအဖျားအနာဖြစ်စေသည့်အစားအစာများထက် ၎င်းတို့၏လိုအပ်ချက်နှင့်ပိုမိုသင့်လျော်မည့်အစာများကို ၎င်းတို့အားချပေးရန် ကိုယ်တော်ရည်စူးတော်မူပါ



သည်။ ထာဝရဘုရားသခင်သည် ဒေင်ဥယျာဉ်ထဲတွင် အာဒံနှင့်ဧဝအားပေးတော်မူခဲ့သည့် မြေ၏အသီးအနှံများတည်းဟူသော လူသားများအတွက် မူလပထမပြင်ဆင်တော်မူခဲ့သောအစားအစာများကို ၎င်းတို့ကြိုက်နှစ်သက်လာနိုင်စေရန်အလို့ငှာ သွေဖည်နေသော၎င်းတို့၏ခံတွင်းအရသာခံမှုကို ပို၍ကျန်းမာသောအခြေအနေသို့ရောက်အောင် ဆွဲဆောင်တော်မူခဲ့ပါသည်။ ထိုအကြောင်းကြောင့် ဣသရေလများအား တိရစ္ဆာန်အသားများကိုမကျွေးခဲ့ခြင်းဖြစ်ပါသည်။

ထိုတားမြစ်ချက်ကို တရားမမျှတသောလုပ်ဆောင်မှု၊ ရက်စက်သောလုပ်ဆောင်မှုတစ်ခုအဖြစ်မှတ်ယူရန် စာတန်သည် ၎င်းတို့အားသွေးဆောင်ခဲ့ပါသည်။ တားမြစ်ထားသောအရာများကို အာသာငမ်းငမ်းဖြစ်စေခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အထိန်းအချုပ်မရှိ၊ ခံတွင်းအလိုလိုက်မှုသည် အလွန်အကျူးကာမဂုဏ်လိုက်စားမှုကိုဖြစ်ပေါ်စေပါသည်။ ထိုနည်းအားဖြင့် လူသားများအား ၎င်း၏လက်အောက်သို့အလွယ်တကူဆွဲသွင်းနိုင်မည်ဖြစ်ပါသည်။ ရောဂါဘယနှင့်ဆင်းရဲဒုက္ခများကို အစပျိုးပေးသောထိုပုဂ္ဂိုလ်သည် မိမိအောင်ပွဲဆင်နိုင်မည့်နေရာတိုင်းတွင် လူသားများအားတိုက်ခိုက်ပါလိမ့်မည်။ သူသည် ဧဝအား တားမြစ်ထားသောအသီးကိုစားရန် သွေးဆောင်ခဲ့သည့်အချိန်မှစ၍ အစားအစာကိုဦးတည်၍ပြုလုပ်သောလုပ်စုံစမ်းနှောင့်ယှက်ခြင်းများအားဖြင့် လူပေါင်းများစွာကိုအပြစ်ကျူးလွန်အောင်သွေးဆောင်နိုင်ခဲ့ပါသည်။ ယခုတွင်လည်း ဤနည်းကိုအသုံးပြုကာ ဘုရားသခင်ကိုအပြစ်တင်ပြောဆိုရန် ဣသရေလများအားသွေးဆောင်နေပါသည်။ အစားအသောက်တွင်ချုပ်တည်းမှုမရှိခြင်းသည် ပို၍နိမ့်ကျသောကာမဂုဏ်ခံစားမှုများကိုလိုက်စားရန် လမ်းပြနေသကဲ့သို့ ကိုယ်ကျင့်တရားဆိုင်ရာကျင့်ဝတ်များကိုလည်းဂရုမထားရန် လူသားများအားပြင်ဆင်ပေးပါသည်။ စုံစမ်းနှောင့်ယှက်ခြင်း၏တိုက်လှန်မှုကိုခံရသောအခါ၎င်းတို့၌ခုခံရန်တန်ခိုးမရှိကြတော့ချေ။

ထာဝရဘုရားသခင်သည် ခါနာန်ပြည်၌ သန့်ရှင်းစင်ကြယ်၍ ပျော်ရွှင်သောလူမျိုးတစ်မျိုးကိုတည်ထောင်ရန်အတွက် ဣသရေလများကို

အဲဂုတ္တုပြည်မှနုတ်ဆောင်တော်မူခဲ့ပါသည်။ ဤရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ရာတွင် ၎င်းတို့နှင့်တကွ ၎င်းတို့၏သားမြေးများကောင်းကျိုးအလို့ငှာ ၎င်းတို့အားစည်းမျဉ်းဥပဒေများအောက်တွင် အသက်ရှင်စေခဲ့ပါသည်။ အကယ်၍ သူတို့သည် ထိုတားမြစ်ချက်ကိုလိုက်နာ၍ ခံတွင်းအလိုလိုက်မှုကိုငြင်းဆန်ရန်အလိုရှိခဲ့ကြမည်ဆိုလျှင် ရောဂါဘယများနှင့်ကင်းဝေးခဲ့ကြပါလိမ့်မည်။ သူတို့၏သားမြေးများသည် ကိုယ်စိတ်နှစ်ပါးကျန်းမာသန်စွမ်းသူများဖြစ်ခဲ့ကြပါလိမ့်မည်။ သမ္မာတရားနှင့်တာဝန်များကို ရှင်းလင်းစွာသိမြင်ခြင်း၊ ခွဲခြားသိမြင်တတ်သောတန်ခိုးရှိခြင်း၊ မှန်ကန်စွာဆုံးဖြတ်တတ်သည့်စိတ်တန်ခိုးရှိခြင်းများနှင့်လည်းပြည့်စုံခဲ့ကြပါလိမ့်မည်။ သို့ရာတွင် တားမြစ်ချက်နှင့်ဘုရားသခင်၏တောင်းဆိုချက်များကိုလိုက်လျောရန်ဆန္ဒမရှိခြင်းသည် ၎င်းတို့အတွက် ဘုရားသခင်ထားသောစံကိုမမီစေနိုင်ခဲ့သည့်အပြင် ၎င်းတို့အား ဘုရားသခင်ပေးရန်အဆင်သင့်ဖြစ်နေသောကောင်းချီးမင်္ဂလာများနှင့်လည်း လွဲဖယ်စေခဲ့ပါသည်။

“မိမိတို့အလိုအလျောက်အစာကိုတောင်း၍ စိတ်နှလုံးထဲမှာ ဘုရားသခင်ကိုစုံစမ်းကြ၏။ ဘုရားသခင်သည် တော၌စားပွဲကိုပြင်ဆင်နိုင်သလော။ ကြည့်ကြလော့။ ကျောက်ကိုရိုက်တော်မူသဖြင့် ရေထွက်၍ မြစ်ရေကဲ့သို့စီးလေ၏။ မုန့်ကိုလည်းပေးနိုင်သလော။ မိမိလူတို့အဖို့ အမဲသားကိုပြင်ဆင်နိုင်သလောဟု ဘုရားသခင်ကိုဆန့်ကျင်ဘက်ပြုလျက်ပြောဆိုကြ၏။ ထိုစကားကိုထာဝရဘုရားသခင်ကြား၍ အမျက်ထွက်တော်မူ၏” ဟုဆာလံဆရာကဖွင့်ဆိုထားပါသည်။ ပင်လယ်နီမှသိနာတောင်သို့လာခဲ့သောခရီးအတွင်းတွင် ဣသရေလများသည် အပြစ်တင်မှုများနှင့်ရန်းရင်းခတ်မှုများကို မကြာခဏပြုလုပ်ခဲ့ကြသော်လည်း ၎င်းတို့၏အသိဉာဏ်ကင်းမဲ့မှုနှင့်မသိနားမလည်မှုများကိုသနားတော်မူသဖြင့် ထာဝရဘုရားသခင်သည် ပြစ်ဒဏ်ပေးစီရင်ခြင်းကိုပြုတော်မမူခဲ့ပါ။ သို့ရာတွင် ထိုအချိန်မှစ၍ ဟောရပ်တောင်ပေါ်တွင် မိမိကိုယ်ကိုထင်ရှားစွာပြတော်မူခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏ကြီးကျယ်ခမ်းနားမှု၊ ကိုယ်တော်၏တန်ခိုးတော်နှင့်ကရုဏာတော်များကိုမြင်တွေ့ခဲ့ကြကာ ကြီးမားသောအလင်းတရားကိုရရှိခဲ့ကြပါသည်။ ထိုကြောင့် ၎င်းတို့၏မယုံကြည်မှု





နှင့်မကျေနပ်မှုများသည် ကြီးမားသောဒုစရိုက်မှုကိုသင့်ရောက်စေခဲ့ပါသည်။ ထို့အပြင် ၎င်းတို့သည် ထာဝရဘုရားသခင်အား မိမိတို့၏ရှင်ဘုရင်အဖြစ်လက်ခံကာ အာဏာတော်ကိုနာခံကြပါမည်ဟူ၍လည်း ပဋိညာဉ်ပြုခဲ့ကြပါသည်။ သို့အတွက် ၎င်းတို့၏ညည်းတွားပြစ်တင်မှုများသည် ယခုတွင်ပုန်ကန်ခြားနားမှုအသွင်သို့ကူးပြောင်းသွားခဲ့ပါသည်။ ဣသရေလများအား မင်းမဲ့စရိုက်နှင့်ပျက်စီးဆုံးရှုံးခြင်းများမှ ကာကွယ်ထိန်းသိမ်းရန် ပြင်းထန်သောပြစ်ဒဏ်များကိုပေး၍ ချက်ချင်းဆုံးမရမည်ဖြစ်ပါသည်။ “ထာဝရဘုရားသခင်၏မီးသည်သူတို့ကိုလောင်၍ တပ်အစွန်အနား၌ရှိသောသူအချို့တို့ကိုသေစေလေ၏။” အပြစ်တင်ပြောဆိုနေကြသောသူများ၏ ကြီးမားသောအပြစ်ဒုစရိုက်များကိုမိုးတိမ်တိုင်ထဲမှထွက်လာသောအလင်းတန်းအားဖြင့် သုတ်သင်ခဲ့ပါသည်။

ဣသရေလလူများသည် ဘုရားသခင်ထံတွင် မိမိတို့အတွက်အသနားခံရန် မောရှေအား ထိတ်လန့်စိုးရွံ့စွာဖြင့်တောင်းပန်ကြသဖြင့် မောရှေနှင့်အသနားခံခဲ့ရာ မီးလည်းငြိမ်းခဲ့ပါသည်။ ကျရောက်ခဲ့သောဘေးဒဏ်ကိုသတိရအောက်မေ့စေရန်အတွက် ထိုနေရာကိုတဗေရ (လောင်ခြင်း) ဟုခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။

သို့ရာတွင်မကြာမီမှာပင် ဒုစရိုက်မှုများသည် ယခင်ကထက်ပို၍ဆိုးရွားလာခဲ့ပါသည်။ ကြောက်စရာကောင်းသည့်ထိုအပြစ်ပေးခဲ့ခြင်းသည် အသက်ရှင်ကျန်ရစ်သူများအား နှိမ့်ချ၍နောင်တရစေမည့်အစား အပြစ်တင်မှုများကိုသာ ပို၍တိုးပွားစေခဲ့ပါသည်။ အရပ်တိုင်းတွင်ရှိနေကြသောဣသရေလများသည် မိမိတို့၏တဲတံခါးဝများတွင်ထိုင်ကာ ငိုကြွေးမြည်တမ်းခဲ့ကြပါသည်။ ဣသရေလအမျိုးသားနှင့်ရောနှောလျက်ပါသော တစ်ပါးအမျိုးသားတို့သည်တောင့်တသောစိတ်စွဲလမ်းကြ၏။ ဣသရေလအမျိုးသားတို့သည်လည်း တစ်ဖန်ငိုကြွေးလျက် ငါတို့စားစရာဖို့အမဲသားကို အဘယ်သူပေးလိမ့်မည်နည်း။ အဲဂုတ္တုပြည်၌ အလိုအလျောက်စားရသောငါးသား၊ သခွားသီး၊ ဖရဲသီး၊ ကြက်သွန်အနီ၊ အဖြူ၊ အရိုင်းအမျိုးမျိုးတို့ကိုအောက်မေ့၏။ ယခုမှာငါတို့အသက်သည်အားလျော့ပြီ။ ဤမန္နမှတစ်ပါး တစ်စုံတစ်ခုကိုမျှမမြင်ရဟုဆိုကြ

၏။" သူတို့သည် ဖန်ဆင်းရှင်ပြင်ဆင်ပေးထားသည့်အစားအစာနှင့် ကျေနပ်ရောင့်ရဲမှုမရှိကြောင်း ဤနည်းအားဖြင့်ထုတ်ဖော်ခဲ့ပါသည်။ သို့စေကာမူ ထိုအစားအစာသည် ၎င်းတို့၏လိုအပ်ချက်နှင့်သင့်လျော်ကြောင်း သူတို့ထင်ရှားစွာမြင်တွေ့ခဲ့ကြရပါသည်။ အကြောင်းမှာ သူတို့သည်ပင်ပန်းဆင်းရဲမှုများကို ခံစားနေရစဉ်မှာပင် အင်အားယုတ်လျော့သူဟူ၍ တစ်ဦးတလေမျှပင်မရှိကြောင်း တွေ့ရပါသည်။

မောရှေသည် စိတ်အပျက်ကြီးပျက်ခဲ့ရပါသည်။ မိမိ၏အမျိုးအနွယ်စုသည် ထိုအချိန်ကကြီးမားသောလူမျိုးကြီးဖြစ်လာစေနိုင်ခဲ့သော်လည်း ဣသရေလများအားဖျက်ဆီးတော်မမူရန် အသနားခံတောင်းပန်ခဲ့ပါသည်။ သူသည် ၎င်းတို့အားချစ်အားကြီး၍ ၎င်းတို့အားဖျက်ဆီးပစ်မည့်အစား မိမိ၏နာမည်ကို အသက်စာစောင်ထဲမှချေပစ်ပါရန် တောင်းခံခဲ့ပါသည်။ သူသည် ထိုသူများအတွက်ကြောင့် လူအားလုံးကိုဘေးအန္တရာယ်ကျရောက်စေခဲ့သည်ဟု ၎င်းတို့က တုံ့ပြန်ပြောဆိုခဲ့ကြပါသည်။ ကျရောက်ခဲ့သမျှဒုက္ခဆင်းရဲခြင်းများအတွက် မောရှေအပေါ်တွင်အပြစ်ပုံခဲ့ကြပါသည်။ အမှန်မှာ၎င်းတို့၏ဆိုးယုတ်သောအပြစ်တင်ညည်းတွားမှုများသည် ၎င်းရုန်းကန်နေရသောတာဝန်ဝတ္တရားများကို နှစ်ဆမျှလေးလံစေခဲ့ပါသည်။ သူသည် စိတ်အားလျော့သောအချိန်တွင် ဘုရားသခင်ကိုမကိုးစားမယုံကြည်ရန်ကိုပင် အစုံစမ်းခံခဲ့ရပါသည်။ သူ၏တောင်းခံပတ္ထနာပြုမှုများကိုလည်း အပြစ်တင်ပြောဆိုသောစကားများအလားဖြစ်ခဲ့ပါသည်။ "ဤလူအပေါင်းတို့ကိုထမ်းစေဟု သူတို့ကို ကိုယ်တော်ကျွန်အပေါ်မှာတင်၍ အဘယ်ကြောင့်အကျွန်ုပ်ကိုညှဉ်းဆဲတော်မူပါသနည်း။ အဘယ်ကြောင့်ရှေ့တော်၌ မျက်နှာမရဘဲနေရပါသနည်း။---ဤလူအပေါင်းတို့အား ကျွေးစရာဖို့အမဲသားကို အကျွန်ုပ်သည်အဘယ်မှာရနိုင်ပါအံ့နည်း။ သူတို့က အကျွန်ုပ်တို့စားစရာဖို့ အမဲသားကိုပေးပါဟုငိုကြွေးလျက် အကျွန်ုပ်ကိုတောင်းကြပါ၏။ လူအပေါင်းတို့ကို အကျွန်ုပ်တစ်ယောက်တည်းသာ မဆောင်ရွက်နိုင်ပါ။ ဆောင်ရွက်ရသောဝန်လည်းလေးလွန်းပါ၏" ဟုထာဝရဘုရားသခင်ထံ မောရှေလျှောက်ထားခဲ့၏။



ထာဝရဘုရားသခင်သည် မောရှေ၏ဆုတောင်းသံကိုနားညောင်းကာ အသက်အရွယ်ကြီး၍ သိက္ခာသမာဓိနှင့်ပြည့်စုံကာ ဆုံးဖြတ်ချက်ကောင်းပြီး အတွေ့အကြုံရင့်ကျက်သောဣသရေလအသက်ကြီးသူခုနစ်ဆယ်ကိုခေါ်ယူစုရုံးရန် မောရှေအားခိုင်းစေတော်မူ၏။ ထိုနောက် "ထာဝရဘုရားသခင်ကလည်း သင်ကျွမ်းကျင်သောဣသရေလအမျိုးသားအသက်ကြီးသူခုနစ်ကျိပ်တို့ကို ငါ့ရှေ့မှာစုဝေးစေပြီးလျှင် ပရိသတ်စည်းဝေးရာတဲတော်သို့ခေါ်ခဲ့၍ သင်နှင့်အတူ ရပ်နေကြစေလော့။ ငါသည်လည်း ထိုအရပ်သို့ဆင်းသက်၍ သင်နှင့်နှုတ်ဆက်မည်။ သင့်အပေါ်မှာကိန်းဝပ်သောဝိညာဉ်အချို့ကိုငါယူ၍ သူတို့အပေါ်မှာ တင်မည်။ ဤလူတို့ကို သင်တစ်ယောက်တည်းသာဆောင်ရွက်ရမည်မဟုတ်၊ ထိုအသက်ကြီးသူတို့သည် ဝိုင်း၍ဆောင်ရွက်ကြရမည်" ဟုမိန့်တော်မူ၏။

ထာဝရဘုရားသခင်သည် မောရှေ၏တာဝန်များကိုအတူထမ်းဆောင်ရန် သစ္စာရှိ၍ အရည်အချင်းရှိသောလူများကို သူကိုယ်တိုင်ရွေးချယ်ရန် မောရှေအားအခွင့်ပြုတော်မူခဲ့ပါသည်။ ၎င်းတို့၏ဩဇာတန်ခိုးများသည် ပုန်ကန်ထကြွမှုများနှင့်အကြမ်းဖက်မှုများကို ဟန့်တားနှိမ်နင်းရာတွင် မစပါလိမ့်မည်။ သို့ရာတွင် ထိုသူများ၏လှုံ့ဆော်မှုကြောင့် နောက်ဆုံးတွင်အလွန်ဆိုးရွားသောဒုစရိုက်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ အကယ်၍သာမောရှေသည် မိမိမြင်တွေ့ခဲ့ရသော ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် တန်ခိုးတော်ထင်ရှားမှုများနှင့်ကိုက်ညီသော ယုံကြည်ခြင်းကိုထုတ်ဖော်ပြသခဲ့မည်ဆိုလျှင် ထိုသူများကိုရွေးချယ်ရန် လိုအပ်ခဲ့လိမ့်မည်မဟုတ်ချေ။ သို့ရာတွင်မိမိသည် ဘုရားသခင်လုပ်ဆောင်တော်မူခြင်းတွင် အသုံးခံပစ္စည်းတစ်ခုသာဖြစ်သည်ဟူသောအချက်ကို မျက်ခြည်ပြတ်လုနီးနီးဖြစ်ကာ မိမိထမ်းဆောင်ရသောတာဝန်ဝတ္တရားများကိုသာ ပုံကြီးချဲ့ပြောဆိုခဲ့ပါသည်။ ဣသရေလများအား ကျိန်ဒဏ်သင့်စေခဲ့သည့် အပြစ်တင်လိုသောစိတ်ကို အနည်းငယ်ကလေးလိုက်စားမိရုံနှင့် သူသည် အပြစ်မလွတ်ထိုက်သောသူတစ်ယောက်ဖြစ်ခဲ့ပါသည်။ သူသည် ထာဝရဘုရားသခင်အပေါ်တွင် လုံးလုံးလျားလျားမှီခိုအားထားခဲ့မည်ဆိုလျှင် ကိုယ်တော်သည် ၎င်းအား အစဉ်တစိုက်လမ်းပြပို့ဆောင်ကာ လိုအပ်သောအရေးပေါ်အချိန်တွင် ခွန်အားပေးတော်မူခဲ့လိမ့်မည်ဖြစ်ပါသည်။

ထိုနောက် "နက်ဖြန်နေ့အဖို့ ကိုယ်ကိုကိုယ်သန့်ရှင်းစေကြလော့။ အမဲသားကိုစားရကြမည်။ သင်တို့က အဘယ်သူသည် ငါ့တို့အားအမဲသားကိုပေးလိမ့်မည်နည်း။ အဲဂုတ္တုပြည်၌နေစဉ် ငါတို့သည်ချမ်းသာစွာနေကြ၏ဟု ငိုကြွေးလျက်ပြောဆိုသံကို ထာဝရဘုရားသခင်ကြားသောကြောင့် အမဲသားကိုပေးတော်မူသဖြင့် သင်တို့သည်စားရကြမည်။ တစ်ရက်၊ နှစ်ရက်၊ ငါးရက်၊ ဆယ်ရက်၊ အရက်နှစ်ဆယ်သာစားရကြမည်မဟုတ်။ သင်တို့နှာခေါင်းထဲက အမဲသားထွက်၍ ရွံစရာဖြစ်သည်တိုင်အောင် တစ်ပတ်လုံးစားရကြမည်။ အကြောင်းမူကား သင်တို့တွင်ရှိတော်မူသောထာဝရဘုရားသခင်ကို သင်တို့သည် မထီမဲ့မြင်ပြုလျက် ငါတို့သည် အဲဂုတ္တုပြည်မှ အဘယ်ကြောင့်ထွက်လာရကြသနည်းဟု ရှေ့တော်သို့ငိုကြွေးလျက်ပြောဆိုကြပြီတကား" ဟုထာဝရဘုရားသခင်ပြုတော်မူမည့်အမှုအတွက် မိမိလူတို့အားပြင်ဆင်ထားရန် မောရှေအားမိန့်တော်မူ၏။

မောရှေကလည်း "အကျွန်ုပ်တို့နှင့်ဆိုင်သောလူယောကျ်ားပေါင်း ခြောက်သိန်းရှိကြသည်ဖြစ်၍ ကိုယ်တော်က တစ်လစာဖို့ သူတို့အားအမဲသားကိုငါပေးမည်ဟုမိန့်တော်မူပါသည်တကား။ သူတို့ကိုဝစွာကျွေးခြင်းငှာ သိုး၊ ဆိတ်၊ နွားစုတို့ကိုသတ်ရပါမည်လော၊ (သို့မဟုတ်) ဝစွာကျွေးခြင်းငှာ ပင်လယ်ငါးရှိသမျှတို့ကို စုဝေးရပါမည်လောဟုလျှောက်လျှင်၊

"ထာဝရဘုရားသခင်က ထာဝရလက်တိုသလော။ ငါ့စကားတည်မည်မတည်မည်ကို သင်သိရလိမ့်မည်" ဟုမောရှေ၏မယုံကြည်မှုကိုဆုံးမမိန့်မြွက်တော်မူ၏။

မောရှေသည် ထာဝရဘုရားသခင်ကိုမိန့်မြွက်တော်မူသမျှကို ဣသရေလပရိသတ်အားပြန်လည်ပြောပြပြီး အသက်ကြီးသူခုနစ်ဆယ်တို့၏စာရင်းကို ကြေညာလေ၏။

"တရားသူကြီးတို့အား (အသက်ကြီးသူခုနစ်ဆယ်အား) လည်း သင်တို့ညီအစ်ကို၏အမှုတို့ကိုနားထောင်၍ အမျိုးသားချင်းတရားတွေ့သည်ဖြစ်စေ၊ တစ်ပါးအမျိုးသားနှင့်တရားတွေ့သည်ဖြစ်စေ တရားသဖြင့်စီရင်ကြ



လော့။ တရားအမှုကိုစီရင်သောအခါ အဘယ်သူ၏မျက်နှာကိုမျှမထောက်ရ။ လူငယ်စကားကို လူကြီးကဲ့သို့မှတ်ရမည်။ အဘယ်လူကိုမျှမကြောက်ရ။ အကြောင်းမူကား တရားအမှုကိုဘုရားသခင်ပိုင်တော်မူသောကြောင့်တည်း" ဟူသောမောရှေ၏တာဝန်ပေးချက်သည် ယခုခေတ်တရားသူကြီးများနှင့်ဥပဒေပညာရှင်များအတွက် တရားစီရင်မှုဆိုင်ရာ သမာဓိရှိမှု၏စံနမူနာတစ်ခုဖြစ်နေပါသည်။

ယခုတွင်မောရှေသည် ဣသရေလအသက်ကြီးသူခုနစ်ဆယ်အား တဲတော်တွင်စုရုံးစေခဲ့၏။ "ထာဝရဘုရားသခင်သည်လည်း မိုးတိမ်ဖြင့်ဆင်းသက်၍ မောရှေနှင့်နှုတ်ဆက်တော်မူ၏။ မောရှေအပေါ်မှာကိန်းဝပ်သောဝိညာဉ်အချို့ကိုယူ၍ အသက်ကြီးသူခုနစ်ကျိပ်တို့အပေါ်မှာတင်တော်မူသဖြင့် ထိုဝိညာဉ်သည် သူတို့အပေါ်မှာကိန်းဝပ်သောအခါ သူတို့သည် ပုရောဖက်ပြု၍ မပြတ်မစဲဟောကြ၏။" ၎င်းတို့သည် ပင်တေကုတ္တေပွဲနေ့က တပည့်တော်များကဲ့သို့ အထက်မှတန်ခိုးများရရှိခဲ့ကြ၏။ မောရှေနှင့်အတူ ဣသရေလများအားအုပ်ချုပ်ရန် ဘုရားသခင်ရွေးချယ်သောသူများအဖြစ် ယုံကြည်စိတ်ချမှုရှိစေရန် ၎င်းတို့လုပ်ဆောင်ရမည့်အမှုတော်အတွက် ယခုကဲ့သို့ပြင်ဆင်ပေးကာ ပရိသတ်များရှေ့တွင် ဂုဏ်ပြုတော်မူခဲ့ရသဖြင့် ထာဝရဘုရားသခင်သည် စိတ်တော်နှင့်တွေ့ခဲ့ပါသည်။

တစ်ဖန် ဤခေါင်းဆောင်မောရှေ၏တစ်ကိုယ်ကောင်းမဆန်တတ်သော မြင့်မြတ်သောစိတ်သဘောထားများကို ထင်ရှားစွာတွေ့မြင်ခဲ့ရပါသည်။ အသက်ကြီးသူခုနစ်ဆယ်ထဲမှ ပုဂ္ဂိုလ်နှစ်ယောက်သည် ထိုရာထူးများနှင့် မိမိတို့မထိုက်တန်ကြပါဟု နှိမ့်ချစွာဖြင့်မှတ်ယူပြီး ထိုအဖွဲ့နှင့်မပူးပေါင်းခဲ့ကြသော်လည်း ၎င်းတို့ရောက်ရှိနေသောနေရာတွင် ၎င်းတို့အပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်ကျရောက်ကာ ပုရောဖက်ပြုဟောပြောခဲ့ကြပါသည်။ ဤဖြစ်ရပ်ကြောင့် စိတ်ဝမ်းကွဲပြားမည်စိုးသဖြင့် ထိုသတင်းကိုကြားရသောအချိန်တွင် ၎င်းတို့အားဆီးတားရန် ယောရှုဆန္ဒရှိခဲ့ပါသည်။ ထိုကြောင့် "သခင်မောရှေ၊ သူတို့ကိုဆီးတားတော်မူပါ" ဟုဆိုခဲ့၏။ သို့သော်မောရှေက၊ "သင်သည်

ငါ့အတွက်ပြုံးစူသောစိတ်ရှိသလော။ ထာဝရဘုရားသခင်၏လူအပေါင်းတို့သည် ပုရောဖက်ပြုကြပါစေသော။ ထာဝရဘုရားသခင်သည် ဝိညာဉ်တော်ကို သူတို့အပေါ်မှာတင်တော်မူပါစေသော" ဟုတုံ့ပြန်လေ၏။

ထိုနောက် "ထာဝရဘုရားသခင်သည် လေကိုစေလွှတ်၍ ငုံးများကို ပင်လယ်မှဆောင်ခဲ့သဖြင့် တပ်ပတ်လည်တစ်ရက်ခရီးစီကွာသောအရပ်တို့၌ မြေပေါ်မှာ ဒုနှစ်တောင်ခန့်မှဆင်းစေတော်မူ၏။" လူအပေါင်းတို့သည် အံ့ဩဖွယ်ရာနိမိတ်လက္ခဏာဖြင့်ပြင်ဆင်တော်မူသည့် ထိုအစားအစာများကို နောက်တစ်နေ့မှစ၍ နေ့ရောညပါစုသိမ်းခဲ့ကြ၏။ အနည်းဆုံးရရှိခဲ့သူပင်လျှင် ဆယ်ဩမဲရသည်အထိ ငုံးများကိုအမြောက်အမြားစုသိမ်းခဲ့ကြပါသည်။ ကတိထားတော်မူသည့်အတိုင်း တစ်လပတ်လုံးစားနိုင်စေရန်အလို့ငှာ လတ်တလောစား၍မကုန်သောငုံးများကိုအခြောက်လှန်းကာ သိမ်းထားခဲ့ကြပါသည်။

သူတို့သည် မိမိတို့အားအကျိုးကျေးဇူးဖြစ်စေမည့်အစာနှင့် ရောင့်ရဲကျေနပ်မှုမရှိဘဲ အမဲသားကိုမရမကတောင်းခံနေသောကြောင့်သာ ၎င်းတို့အတွက် အကောင်းဆုံးမဟုတ်သည့်အရာကို အစာအဖြစ် ဘုရားသခင်ပြင်ဆင်ပေးတော်မူခဲ့ပါသည်။ ၎င်းတို့၏ခြားနားလိုသောဆန္ဒများကို အလိုဖြည့်ပေးတော်မူခဲ့သော်လည်း အကျိုးဆက်ကိုမူ သူတို့ခံစားခဲ့ကြရပါသည်။ ထိုသူများသည် အချုပ်အထိန်းမရှိစားသောက်ခဲ့ကြရာ ၎င်းတို့၏အစားကြူးမှုကို အဆောတလျင်ပြစ်ဒဏ်စီရင်တော်မူခဲ့ပါသည်။ လူများစွာတို့သည် အပြင်းအထန်ဖျားနာကာ သေဆုံးခဲ့ပါသည်။ ၎င်းတို့အထဲမှ ဒုစရိုက်မှုကိုအများဆုံးကျူးလွန်ခဲ့သူများမှာမူ ထိုငုံးများကိုစားလျှင်စားချင်း သေဆုံးခဲ့ကြရပါသည်။

ထိုတဗေရစခန်းမှထွက်ခွာလာပြီးနောက် ဟာဇရုတ်အရပ်သို့ရောက်သော် ပို၍ခါးသီးစရာကောင်းသည့်စမ်းသပ်မှုတစ်ခုကို မောရှေရင်ဆိုင်ခဲ့ရပါသည်။ အာရုန်နှင့်မိရိအံတို့သည်လည်း ဣသရေလများကို ခေါင်းဆောင်မှုအပိုင်းတွင် ကြီးမားသောရာထူးများကိုရရှိထားကြပါသည်။ သူတို့နှစ်ဦးစလုံးသည် ဝိညာဉ်ဆုကျေးဇူးများကိုရရှိခဲ့ကြပြီး ဣသရေလများအားကယ်နုတ်ခြင်းအလုပ်တွင် မောရှေနှင့်ပူးတွဲလုပ်ဆောင်ခဲ့ကြပါသည်။ "သင့်ရှေ့မှာမောရှေ၊ အာရုန်နှင့်မိရိအံတို့ကိုငါစေလွှတ်ပြီ" ဟူ၍ မိက္ခာပုရောဖက်အားဖြင့် ထာဝရဘုရားသခင်ဖွင့်ဆိုတော်မူခဲ့ပါသည်။ သူငယ်မောရှေကလေးကိုထည့်ထားသည့် ခြင်းတောင်းကလေးကို နိုင်းမြစ်နံဘေးတွင်စောင့်ကြည့်နေသောအချိန်က မိရိအံ၏စာရိတ္တစွမ်းအားကို ရှေးဦးစွာဖော်ပြခဲ့ပါသည်။ ထာဝရဘုရားသခင်သည် သူမ၏ချုပ်တည်းခြင်းပါရမီနှင့်ပါးနပ်မှုများကို ဣသရေလများအားကယ်နုတ်မည့်သူ၏အသက်ကိုကာကွယ်စောင့်ရှောက်ရာတွင် အသုံးခံပစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့ပါသည်။ မိရိအံသည် ကဗျာလင်္ကာနှင့်တေးဂီတများတွင် ပါရမီရှိခဲ့သူတစ်ဦးဖြစ်ရာ ပင်လယ်နီကမ်းခြေတွင် ဣသရေလအမျိုးသမီးများပြုလုပ်ခဲ့သောအဆိုအကများတွင် ဦးဆောင်ခဲ့ပါသည်။ လူအများ၏ချစ်ခင်မှုနှင့် ဘုရားသခင်၏ဂုဏ်ပြုခြင်းကိုရယူကာ သူမသည် မောရှေနှင့်အာရုန်ပြီးလျှင် ရာထူးအကြီးဆုံးပုဂ္ဂိုလ်တစ်ဦးအဖြစ်ရပ်တည်ခဲ့ပါသည်။ သို့ရာတွင် ကောင်းကင်နိုင်ငံတော်၌ရှုပ်ထွေးမှုကို ပထမဦးစွာဖြစ်စေခဲ့သော မကောင်းသောစိတ်ဓါတ်မျိုးသည် ထိုဣသရေလအမျိုးသမီးကြီး၏စိတ်နှလုံးထဲတွင်ပေါက်ဖွားလာခဲ့ပြီး မိမိ၏မကျေနပ်မှုကိုထောက်ခံမည့်သူတစ်ဦးအား ရှာဖွေတွေ့ရှိခဲ့ပါသည်။

ထိုအသက်ကြီးသူခုနစ်ဆယ်ကိုရွေးချယ်ခန့်ထားရာတွင် မောရှေသည် မိရိအံနှင့်အာရုန်ကိုမတိုင်ပင်ခဲ့သဖြင့် ၎င်းတို့သည် မောရှေကိုမကျေမနပ်ဖြစ်နေကြပါသည်။ ဣသရေလများသည် သိနာတောင်ကိုရှေ့ရှု၍ခရီးသွားနေစဉ် ယေသရောသည် မိမိသားမက်ထံလာရောက်လည်ပတ်သောအချိန်တွင် မောရှေအားပေးခဲ့သောအကြံဉာဏ်ကို မောရှေကအလွယ်တကူပင်လက်ခံခဲ့သဖြင့် ယေသရောသည် မိမိတို့ထက် မောရှေအပေါ်တွင်ဩဇာလွှမ်းမိုးသွားမလားဟု ထိုစဉ်ကသူတို့စိုးရိမ်ခဲ့ကြပါသည်။ အသက်ကြီးသူများကို ထိုကဲ့သို့ဖွဲ့စည်းလိုက်သည့်အတွက် မိမိတို့၏ရာထူးနှင့်အခွင့်အာဏာကိုလျစ်လျူရှုခဲ့ပြီဟု သူတို့ယူဆခဲ့ပါသည်။ မောရှေအပေါ်တွင်ကျရောက်နေသောတာဝန်ဝတ္တရားများသည် မည်ရွေ့မည်မျှလေးလံကြောင်းကို ဘယ်တုန်းကမျှသူတို့မသိရှိခဲ့ကြချေ။ သို့စေကာမူ သူတို့သည် မောရှေအားအမအစပေးရန် ရွေးချယ်ခြင်းခံခဲ့ရသောကြောင့် ခေါင်းဆောင်တာဝန်ကို မောရှေနှင့်ညီတူမျှတူခွဲဝေထမ်းဆောင်နေကြ

သည်ဟူ၍လည်းကောင်း၊ ကူညီမစမည့်သူများကို နောက်ထပ်ခန့်ထားရန်မလိုအပ်တော့ပါဟူ၍လည်းကောင်း သူတို့မှတ်ယူခဲ့ကြပါသည်။

မောရှေသည် မိမိအားပေးအပ်ထားသောအမှုတော်၏အရေးပါပုံကိုနားလည်ခဲ့ပါသည်။ သူသည် မိမိ၏အားနည်းချက်များကိုသိရှိထားသဖြင့် ဘုရားသခင်အား မိမိ၏တိုင်ပင်ဖက်အဖြစ် အားကိုးအားထားပြုခဲ့ပါသည်။ အာရုန်မှာမူ မိမိကိုယ်ကိုအသားပေးနေပြီး ထာဝရဘုရားသခင်ကိုအားကိုးမှုတွင်မူ အားနည်းလှပါသည်။ သိနာတောင်၌ ရုပ်တုကိုးကွယ်မှုကိစ္စတွင် နိမ့်ကျစွာအလျှော့ပေးခဲ့မှု၌ မိမိစာရိတ္တ၏အားနည်းမှုကို ထင်ရှားစေလျက် ပေးအပ်ထားတော်မူသည့်တာဝန်ကိုထမ်းဆောင်ရန် သူပျက်ကွက်ခဲ့ပါသည်။ သို့ရာတွင်မိရိအံနှင့်အာရုန်တို့သည် မနာလိုငြူစူမှုနှင့်ရည်မှန်းချက်ကြီးမားလွန်းမှုများကြောင့် ဤအချက်ကိုမျက်ခြည်ပြတ်ခဲ့ကြပါသည်။ အာရုန်သည် မွန်မြတ်လှသောယဇ်ပုရောဟိတ်ရာထူးအတွက် မိမိအိမ်သားများကိုခန့်အပ်ခြင်းအမှုအားဖြင့် ဘုရားသခင်၏ဂုဏ်ပြုခြင်းကို အကြီးအကျယ်ခံခဲ့ရသော်လည်း ယခုတွင် မိမိကိုယ်ကိုချီးမြှောက်ကာ “ထာဝရဘုရားသခင်သည် မောရှေအားဖြင့်သာဗျာဒိတ်ပေးတော်မူသလော၊ ငါတို့အားဖြင့်လည်းပေးတော်မမူသလော” ဟုပြောဆိုခဲ့ကြပါသည်။ မိမိတို့သည် မောရှေနှင့်ထပ်တူထပ်မျှဘုရားသခင်၏ကျေးဇူးပြုခြင်းကိုခံရသည်ဟုမှတ်ယူကာ ရာထူးနှင့်အခွင့်အာဏာများကို မောရှေနှင့်ထပ်တူထပ်မျှပေးအပ်ခြင်းခံခဲ့ရသည်ဟု သူတို့ယူဆထားကြပါသည်။

မိရိအံသည် မကျေမနပ်စိတ်များကိုလိုက်လျောကာ ဘုရားသခင်အထူးအုပ်စိုးတော်မူသည့်ကိစ္စရပ်များအပေါ်တွင် အပြစ်တင်စကားပြောကြားခဲ့ပါသည်။ မောရှေအိမ်ထောင်ပြုမှုတွင် သူမ မကျေမနပ်ဖြစ်ခဲ့ပါသည်။ ဣသရေလအမျိုးထဲမှ အမျိုးသမီးတစ်ဦးနှင့်အိမ်ထောင်ပြုရမည့်အစား၊ အခြားသောလူမျိုးတစ်မျိုးနှင့်အိမ်ထောင်ပြုခဲ့ခြင်းသည် မိမိတို့မိသားစုအတွက်သာမက ဣသရေလလူမျိုး၏ဂုဏ်ကိုပင်ထိခိုက်စေသောအရာတစ်ခုဖြစ်သည်ဟု သူမယူဆကာ ဇိပေါရအားမခန့်လေးစားဆက်ဆံခဲ့ပါသည်။

သူမအား “ကုရှအမျိုးသမီး” ဟုခေါ်ဝေါ်ခဲ့သော်လည်း အမှန်မှာ အာဗြဟံ၏အနွယ်မှသက်ဆင်းလာသော မိဒျန်အမျိုးသမီးတစ်ဦးသာဖြစ်ပါသည်။



သူမသည် အသားမည်းသောကြောင့် ပုံပန်းအသွင်အပြင်အားဖြင့် ဣသရေလပြည်သူတစ်ဦးနှင့်မတူပါချေ။ ဣသရေလအမျိုးသမီးမဟုတ်သော်လည်း သူမသည် ထာဝရဘုရားသခင်ကိုကိုးကွယ်သူတစ်ဦးဖြစ်ပါသည်။ သူမသည် ကြောက်တတ်သူတစ်ဦးဖြစ်ပြီး လူဝင်မဆံ့သောသူတစ်ဦးဖြစ်သော်လည်း နူးညံ့သိမ်မွေ့၍ ချစ်ခင်စရာကောင်းသူတစ်ဦးဖြစ်ပါသည်။ ၎င်းပြင်ဒုက္ခဝေဒနာခံစားနေရသည့်မြင်ကွင်းများကိုမြင်တွေ့လျှင် စိတ်အားလျှော့တတ်သူတစ်ဦးဖြစ်ပါသည်။ ထိုအကြောင်းကြောင့် အဲဂုတ္တုပြည်သို့သွားစဉ်က မောရှေသည် သူမအား မိဒျန်သို့ပြန်သွားနေထိုင်ရန်သဘောတူခဲ့ခြင်းဖြစ်ပါသည်။ သူသည် မိမိဇနီးအား အဲဂုတ္တုလူများအပေါ်သို့ကျရောက်မည့်ဘေးဒဏ်များကိုတွေ့မြင်ကာ စိတ်ဒုက္ခမရောက်စေလိုခဲ့ချေ။

ဇိပေါရသည် တော၌မိမိခင်ပွန်းထံသို့တစ်ဖန်ပြန်လည်ရောက်ရှိလာသောအခါ ကြီးလေးသောတာဝန်များသည် ၎င်းအား အားလျှော့စေလျက်ရှိကြောင်းကို သူမတွေ့မြင်ခဲ့ရပါသည်။ ထိုကြောင့်ဖခင်ဖြစ်သူယေသရောအား မိမိ၏စိုးရိမ်မှုများကိုပြောပြရာ ယေသရောက မောရှေအားသက်သာမှုရရှိရန်အတွက် လုပ်ဆောင်ရမည့်စီမံချက်များကိုအကြံပေးခဲ့ပါသည်။ ဤအချက်မှာ ဇိပေါရအား မိရိအံမနှစ်မြို့ရခြင်း၏အဓိကအချက်ဖြစ်ပါသည်။ သူမ၏အကြံပေးချက်ကြောင့် မောရှေသည် ယခင်ကကဲ့သို့ သူမနှင့်အာရုန်တို့အား မတိုင်ပင်တော့ဟုအထင်ရှိကာ မိရိအံသည် မောရှေ၏ဇနီးအားအထင်မှားခဲ့ပါသည်။ အာရုန်သည် ဤအခြေအနေတွင်အမှန်တရားဘက်မှ ခိုင်မာစွာရပ်တည်ခဲ့မည်ဆိုလျှင် ထိုဒုစရိုက်ကိုတားဆီးနိုင်ကောင်းတားဆီးနိုင်ခဲ့ပါလိမ့်မည်။ သို့ရာတွင် မိရိအံအား သူမ၏မှားယွင်းသောလုပ်ဆောင်မှုများကိုထောက်ပြရမည့်အစား၊ သူမပြောသောအပြစ်တင်စကားများကိုနားထောင်ကာ သူမကိုထောက်ခံခဲ့ပြီး သူမနှင့်အတူမောရှေအားငြူစူခဲ့ပါသည်။

မောရှေသည် ၎င်းတို့၏ပြစ်တင်စွပ်စွဲမှုများကိုပြန်လည်ပြစ်တင်ဝေဖန်ခြင်းမရှိဘဲ သည်းခံခဲ့ပါသည်။ နှိမ့်ချခြင်းနှင့်စိတ်ရှည်ခြင်းတို့ကို တိုးတက်ဖွံ့ဖြိုးစေသည့်မိဒျန်တွင်စောင့်ဆိုင်းရင်း ပင်ပန်းစွာသိုးကျောင်းခဲ့ရသောအချိန်

များအတွင်းက ဤပါရမီကိုမောရှေရရှိခဲ့ပါသည်။ ယုံကြည်ခြင်းမရှိဘဲ အပြစ်တင် ညည်းတွားသူများနှင့် မိမိအားစိုက်လိုက်မတ်တတ်အမအစပေးသင့်သည့် သူများ၏မာန်မာနနှင့်ငြူစူမှုများကိုရင်ဆိုင်ရန် ထိုအတွေ့အကြုံများက မောရှေအားပါရမီဖြည့်ပေးခဲ့ပါသည်။ "မောရှေသည် မြေကြီးပေါ်မှာရှိနေသော သူအပေါင်းတို့ထက်သာ၍နူးညံ့သိမ်မွေ့သောသဘောရှိ၏။" ထိုကြောင်းကြောင့် သူသည် အထက်မှဉာဏ်ပညာများနှင့်လမ်းပြပို့ဆောင်မှုများကို အခြားသူများ ထက်သွန်းလောင်းချပေးခြင်းခံခဲ့ရပါသည်။ "နှိမ့်ချလျက်ရှိသောသူတို့ကို တရားလမ်း၌သွေးဆောင်တော်မူ၏။ နှိမ့်ချလျက်ရှိသောသူတို့အား ခရီးတော် တို့ကိုသွန်သင်တော်မူ၏" ဟုဆာလံဆရာကဖွင့်ဆိုထားပါသည်။ နှိမ့်ချသော သူများသည် ဘုရားသခင်၏လမ်းပြမှုကိုခံကြရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သွန်သင်မှုကိုနာယူတတ်သောကြောင့်ဖြစ်ပါသည်။ ၎င်းတို့၌ ဘုရားသခင်၏အလိုတော်ကိုသိလိုသောဆန္ဒနှင့်အလိုတော်အတိုင်းနေထိုင် အသက်ရှင်လိုသောဆန္ဒများရှိနေကြပါသည်။ "ကိုယ်တော်၏အလိုတော်သို့ လိုက်ချင်သူမည်သည်ကား၊ ဒေသနာတော်ကိုပိုင်းခြား၍သိမြင်လိမ့်မည်" ဟု ခရစ်တော်ကတိထားတော်မူခဲ့ပါသည်။ "သင်တို့တွင်တစ်စုံတစ်ယောက်သော သူသည် ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကိုမပြုဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးတော်မူသောဘုရားသခင်ထံ၌တောင်းစေ၊ တောင်းလျှင် ရလိမ့်မည်" ဟူ၍လည်း ရှင်ယာကုပ်အားဖြင့် ခရစ်တော်ဖွင့်ဆိုတော်မူခဲ့ပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်ပြုတော်မူသောကတိတော်သည် ဘုရားသခင်၏ နောက်သို့လုံးလုံးလျားလျားလိုက်လျှောက်လိုသူများအတွက်သာဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် မည်သူ့ကိုမျှစိတ်မပါဘဲမလုပ်ဆောင်စေပါ။ ထို့ကြောင့် သွန်သင်ခြင်းငှာမစွမ်းနိုင်လောက်အောင် မာနထောင်လွှားနေသူများနှင့် မိမိ လမ်းစဉ်ကိုသာလိုက်လျှောက်ရန် စိတ်အားထက်သန်နေသူများအား လမ်းပြ ပို့ဆောင်နိုင်တော်မမူချေ။ မိမိအလိုအတိုင်းလုပ်ဆောင်ရန် ကြိုးစားနေသည့် တစ်ချိန်တည်းမှာပင် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်ရန် ဖွင့်ဟ နေကြသောစိတ်နှစ်ခွရှိသူများအားမိန့်တော်မူသည်ကား၊ "ထိုသို့သောသူသည်



စိတ်နှစ်ခွရှိသောသူ၊ ပြုလေသမျှတို့၌မတည်ကြည်သောသူဖြစ်၍ ထာဝရဘုရား သခင်၏လက်တော်မှတစ်စုံတစ်ခုကိုရမည်ဟုမထင်မမှတ်စေနှင့်" ဟူ၍ဖြစ်ပါ သည်။

ထာဝရဘုရားသခင်သည် မောရှေအားရွေးချယ်တော်မူကာ ၎င်းအပေါ်၌ ဝိညာဉ်တော်ကိုသွန်းလောင်းချပေးတော်မူခဲ့သောကြောင့် အာရုန်နှင့်မိရိအံ တို့သည် ၎င်းအားအပြစ်တင်ခြင်းအားဖြင့် ဘုရားသခင်ခန့်ထားသည့်မောရှေ ကိုသာမက ကိုယ်တော်ရှင်ကိုပင်သစ္စာဖေါက်ခဲ့ကြပါသည်။ ထို့ကြောင့် "ထာဝရဘုရားသခင်သည် မိုးတိမ်တိုင်ဖြင့်ဆင်းသက်၍ ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝ၌ရပ်လျက် အာရုန်နှင့်မိရိအံတို့ကိုခေါ်တော်မူ၍" ပုန်ကန် လိုသည့်၎င်းတို့နှစ်ဦးအား မောရှေနှင့်မျက်နှာချင်းဆိုင်တွေ့ဆုံစေခဲ့ပါသည်။ ဝိညာဉ်ဆုကျေးဇူးများကိုရလိုကြောင်း တောင်းခံသည့်၎င်းတို့၏တောင်းဆိုချက် များကို ငြင်းပယ်တော်မမူခဲ့ပါ။ ထာဝရဘုရားသခင်သည် ၎င်းတို့နှစ်ဦးအား ရူပါရုံဖြင့်လည်းကောင်း၊ အိပ်မက်များအားဖြင့်လည်းကောင်း မိန့်မြွက်တော်မူ ခဲ့ဖူးပါသည်။ သို့ရာတွင် ထာဝရဘုရားသခင်သည် ကိုယ်တော်တိုင် "အိမ်တော်တစ်အိမ်လုံး၌သစ္စာစောင့်သောငါ့ကျွန်မောရှေ" ဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့သောမောရှေကိုမူ ပို၍ရင်းနှီးစွာဆက်သွယ်တော်မူခဲ့ပါသည်။ ထာဝရ ဘုရားသခင်သည် မောရှေနှင့်မျက်နှာချင်းဆိုင်ပြီး စကားပြောတော်မူခဲ့ပါသည်။ "သင်တို့သည် ငါ့ကျွန်မောရှေကို အဘယ်ကြောင့်အပြစ်တင်ဝံ့သနည်းဟု မိန့်တော်မူလျက် အမျက်ထွက်၍ ထာဝရဘုရားသခင်ကြွသွားတော်မူ၏။" ထာဝရဘုရားသခင်သည် စိတ်တော်နှင့်မတွေ့ကြောင်းကို ထင်ရှားစေသည့် အထိမ်းအမှတ်တစ်ခုအဖြစ် မိုးတိမ်သည် တဲတော်ပေါ်မှကွာသွားခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် မိရိအံသည်လည်းနူနာစွဲ၍ မိုးပွင့်ကဲ့သို့ဖြူသွားခဲ့ပါသည်။ အာရုန်သည် အပြစ်ဒဏ်ပေးခြင်းမှချမ်းသာခွင့်ကိုရခဲ့သော်လည်း မိရိအံခံခဲ့ရ သောအပြစ်ဒဏ်အတွက် ပြင်းပြင်းထန်ထန်အပြစ်တင်ဆုံးမခြင်းခံခဲ့ရပါသည်။ ယခုတွင် သူတို့၏မာန်မာနများသည် အစွယ်ကျိုးခဲ့ကာ အာရုန်သည် မိမိတို့၏ အပြစ်များကိုဝန်ချတောင်းပန်လျက် ညီမငယ်အားရွံစရာကောင်းသည့်

ထိုရောဂါဆိုးကြီးနှင့်ပစ်မထားခဲ့ရန် တောင်းပန်လေ၏။ သူမအပေါ်ကျရောက်နေသောထိုရောဂါအတွက် မောရှေဆုတောင်းပေးခဲ့သဖြင့် နူနာရောဂါပျောက်ကင်းသွားခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ မိရိအံသည် စခန်းထဲသို့ခုနစ်ရက်လုံးလုံးဝင်ခွင့်မရခဲ့ချေ။ သူမအားစခန်းမှနှင်မထုတ်မချင်း၊ ဘုရားသခင်၏ကျေးဇူးပြုခြင်းကိုဖော်ပြသောထိုအထိမ်းအမှတ်သည် ထိုတဲတော်အပေါ်သို့တစ်ဖန်မသက်ရောက်ခဲ့ချေ။ စခန်းတစ်ခုလုံးသည် သူမ၏ကြီးမြတ်သောရာထူးအတွက်လေးစားသောအားဖြင့်လည်းကောင်း၊ သူမအပေါ်ကျရောက်ခဲ့သောအပြစ်ဒဏ်အတွက် ဝမ်းနည်းသည့်အနေဖြင့်လည်းကောင်း သူမပြန်အလာကိုစောင့်ဆိုင်းရင်းဟာဇရုတ်အရပ်တွင်ဆက်လက်နေထိုင်ခဲ့ကြပါသည်။

ဘုရားသခင်နှစ်မြို့တော်မမူကြောင်း ထင်ရှားစေသည့်ဤဖြစ်ရပ်သည်ဋ္ဌင်းတို့အကြားတွင်တိုးပွားလျက်ရှိသော မကျေနပ်သောစိတ်ဓါတ်များနှင့်အမိန့်နာခံမှုမရှိသည့်စိတ်ထားများကိုတားဆီးရန် ဣသရေလလူအပေါင်းတို့အတွက် သတိပေးချက်တစ်ရပ်ဖြစ်စေဖို့ ရည်စူးတော်မူခဲ့ပါသည်။ အကယ်၍မိရိအံငြူစူမှုနှင့်မကျေနပ်မှုပြင်းထန်စွာမဆုံးမခဲ့လျှင် ကြီးမားသောဒုစရိုက်မှုကြီးတစ်ခုကိုဖြစ်ထွန်းလာစေပါလိမ့်မည်။ မနာလိုငြူစူခြင်းသည် ဆိုးရွားသောအကျင့်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ၎င်း၏အကျိုးသက်ရောက်မှုသည်ဘေးအန္တရာယ်အများဆုံးအရာများတွင် အပါအဝင်ဖြစ်ပါသည်။ "မာနသည်ကြမ်းကြုတ်သောသဘောရှိ၏။ ဒေါသသည်ပြင်းထန်တတ်၏။ ငြူစူသောစိတ်ကိုကား အဘယ်သူဆီး၍ခံနိုင်မည်နည်း" ဟုရှောလမုန်မင်းကြီးကဖွင့်ဆိုထားခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်တွင် မညီမညွတ်မှုကို ရှေးဦးစွာဖြစ်ပေါ်စေခဲ့သည့်အရာမှာ ငြူစူသောစိတ်ပင်ဖြစ်ပါသည်။ ထိုစိတ်ဓါတ်ကိုလိုက်စားကျင့်သုံးခြင်းသည် လူများအားမဖော်ပြနိုင်သောဒုစရိုက်မှုများကိုဖြစ်ပေါ်စေခဲ့ပါသည်။ "အကြောင်းမူကား၊ ဂုဏ်ပြိုင်ခြင်း (ငြူစူခြင်း) ရန်တွေ့ခြင်းရှိလျှင် မငြိမ်မဝပ်ရန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာပြုမူခြင်းအမျိုးမျိုးရှိတတ်၏။" ယာကုပ် ၃း၁၆။

သူတစ်ပါးအားကဲ့ရဲ့ခြင်းအမှုကို ပေါ့တန်သောကိစ္စတစ်ခုအဖြစ်မမှတ်ယူသင့်ပါချေ။ သို့မဟုတ်လျှင် သူတစ်ပါး၏စိတ်သဘောများနှင့်



လုပ်ဆောင်မှုများကို တရားစီရင်ရန် တရားသူကြီးများအဖြစ် မိမိကိုယ်ကိုဖြစ်စေခဲ့ကြလိမ့်မည်။ "ညီအစ်ကိုတို့၊ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ကဲ့ရဲ့ခြင်းမပြုကြနှင့်။ ညီအစ်ကိုချင်းကိုကဲ့ရဲ့၍ သူ၌အပြစ်ရှိသည်ဟုစီရင်သောသူသည် တရားကိုကဲ့ရဲ့၏။ တရား၌အပြစ်ရှိသည်ဟုစီရင်၏။ ထိုသို့ပြုလျှင်သင်သည် တရားကိုကျင့်သောသူမဟုတ်၊ တရားကိုစစ်ကြောစီရင်သောသူဖြစ်၏။" တရားစီရင်ပိုင်ခွင့်ရှိသောသူကား ထာဝရဘုရားသခင်တစ်ပါးတည်းသာဖြစ်တော်မူ၏။ ကိုယ်တော်သည် မှောင်မိုက်၌ဝှက်ထားသောအရာတို့ကိုပွင့်လင်းစေ၍ စိတ်နှလုံးအကြံအစည်များကို ထင်ရှားစေလတ္တံ့။ "မည်သူမဆိုမိမိညီအစ်ကိုကိုတရားစီရင်ကာ ပြစ်ဒဏ်စီရင်ချမှတ်နေပါလျှင် သူသည်ဖန်ဆင်းရှင်တစ်ပါးတည်းသာပိုင်ဆိုင်သည့်အထူးအာဏာကိုလုယူအသုံးပြုနေခြင်းသာဖြစ်ပါသည်။"

ဘုရားသခင်ကိုယ်တော်တိုင် မိမိ၏သံတမန်များအဖြစ် အမှုတော်ဆောင်ရန် ခေါ်တော်မူထားသည့်သူများအား ပေါ့ပေါ့တန်တန်သဘောထားကာအပြစ်တင်မိမည်ကိုသတိပြုကြရန် သမ္မာကျမ်းစာက ကျွန်ုပ်တို့အားအထူးသွန်သင်ထားပါသည်။ "ထိုသူတို့သည် ရဲရင့်သောသူ၊ ကိုယ်အလိုသို့လိုက်တတ်သောသူဖြစ်၍ ဘုန်းတန်ခိုးကြီးသောသူတို့ကိုကဲ့ရဲ့ပံ့ကြ၏။ ကောင်းကင်တမန်တို့မူကား သူတို့ထက်ခွန်အားတန်ခိုးကြီးသော်လည်း ထာဝရဘုရားသခင်ရှေ့တော်၌ သူတို့အားကဲ့ရဲ့စွာသောအပြစ်တင်ခြင်းကိုမပြုကြ" ဟုရှင်ပေတရုကဆိုးသွမ်းသောအပြစ်သားများဖြစ်သောအဖွဲ့တစ်ဖွဲ့အကြောင်းကိုဖော်ပြရင်းဖွင့်ဆိုခဲ့ပါသည်။ အသင်းတော်အုပ်စိုးရသောသူများအတွက် ညွှန်ကြားချက်ပေးရာတွင် ရှင်ပေါလုက "သက်သေခံနှစ်ဦး၊ သုံးဦးမရှိလျှင် သင်းအုပ်၌ပြစ်တင်သောစကားကိုနားမထောင်နှင့်" ဟုဖွင့်ဆိုခဲ့ပါသည်။ လူများအပေါ်သို့မိမိလူများအားခေါင်းဆောင်ရန်နှင့်သွန်သင်ရန် ကြီးလေးသောတာဝန်များကိုပေးအပ်သည့်ကိုယ်တော်သည် မိမိ၏အမှုတော်ဆောင်များကို ပြုမူဆက်ဆံပုံဆက်ဆံနည်းအတွက် ထိုသူများ၌တာဝန်ရှိသည်ဟုမှတ်ယူတော်မူပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ဂုဏ်ပြုတော်မူသည့်ထိုသူများကို ဂုဏ်ပြုကြရပါ

မည်။ မိရိအံအပေါ်သို့ကျရောက်ခဲ့သောအပြစ်ဒဏ်စီရင်မှုသည် အမှုတော်မြတ်အတွက် ထာဝရဘုရားသခင်ကိုယ်တော်တိုင်တာဝန်ပေးထားသောသူများကို ပြစ်တင်ချင်သောသူများနှင့် အပြစ်တင်ချင်သောသူများအတွက် ဆုံးမသွန်သင်ချက်တစ်ရပ်ဖြစ်သင့်ပါသည်။

* * *



## (၃၄)
## သူလျှိုတစ်ဆယ့်နှစ်ယောက်

ထိုဣသရေလများသည် ဟောရပ်တောင်မှထွက်ခွာလာပြီး နောက်ဆယ့်တစ်ရက်အကြာတွင် ခါနာန်ပြည်နယ်စပ်နှင့်များစွာမဝေးကွာသည့် ပါရန်တောရိုကာဒေရှအရပ်တွင် စခန်းချခဲ့ကြပါသည်။ ထိုအရပ်တွင်စခန်းချသောအချိန်၌ ထိုပြည်ကိုစူးစမ်းရန်အတွက် သူလျှိုများကိုစေလွှတ်ရန် လူအများက အကြံပေးခဲ့ကြပါသည်။ ထိုကိစ္စကို ထာဝရဘုရားသခင်ထံမောရှေတင်ပြခဲ့ရာ ဣသရေလလူတစ်မျိုးစီမှသူလျှိုတစ်ဦးစီကိုရွေးချယ်၍စေလွှတ်ရန် ညွှန်ကြားချက်နှင့်အတူခွင့်ပြုမိန့်ရရှိခဲ့ပါသည်။ ထိုနောက်မောရှေသည် ညွှန်ကြားတော်မူသည့်အတိုင်း လူများကိုရွေးချယ်ခဲ့ပြီး ထိုတိုင်းပြည်၏အခြေအနေ၊ သဘာဝအခွင့်အလမ်းများ၊ ထိုတိုင်းပြည်တွင်နေထိုင်ကြသည့်လူများ၏အခြေအနေနှင့် အရေအတွက်၊ ထိုတိုင်းပြည်၏မြေဩဇာအခြေအနေနှင့်ထွက်ကုန်သီးနှံများကို လေ့လာကာ အသီးအနှံများကိုတစ်ပါတည်းယူဆောင်လာရန် သူလျှိုတစ်ဆယ့်နှစ်ဦးကိုစေလွှတ်ခဲ့ပါသည်။

ထိုသူလျှိုများသည် တောင်မျက်နှာမှဝင်၍ မြောက်အရပ်စွန်းတိုင်အောင် ခါနာန်ပြည်အနှံ့သို့သွားရောက်စူးစမ်းခဲ့ကြပါသည်။ ရက်ပေါင်းလေးဆယ်ကြာစူးစမ်းခဲ့ကြပြီးနောက် သူတို့သည် စခန်းသို့ပြန်လာခဲ့ကြရာ ဣသရေလများသည် မျှော်လင့်တကြီး ၎င်းတို့အားစောင့်မျှော်ခဲ့ကြပါသည်။ ထိုသူလျှိုများပြန်လည်ရောက်ရှိလာသောအခါ ၎င်းတို့ရောက်ရှိလာပြီဟူသောသတင်းသည် တစ်စခန်းလုံး၌ပျံ့နှံ့သွားရာ လူအပေါင်းတို့သည် ဝမ်းပန်းတသာကြိုဆိုခဲ့ကြပါသည်။ သူတို့သည် အန္တရာယ်များသောလုပ်ငန်းကိုဆောင်ရွက်ပြီး ဘေးမသီရန်မခပြန်လည်ရောက်ရှိလာကြသော ထိုစေတမန်များကိုတွေ့ဆုံနှုတ်ဆက်ရန် အပြေးအလွှားကလေးသွားခဲ့ကြပါသည်။ ထိုသူလျှိုများသည် ထိုပြည်၏မြေဩဇာထက်သန်ပုံကိုဖော်ပြရန်အတွက် အသီးအနှံများကိုလည်း နမူနာအဖြစ်ယူဆောင်ခဲ့ကြပါသည်။ ထိုအချိန်သည် စပျစ်သီးမှည့်ချိန်ဖြစ်ရာ

စပျစ်ခက်တစ်ခက်သည် အလွန်မတန်ကြီးမားလှသည့်အတွက် လူနှစ်ယောက် ဦးပုံထမ်း၍ယူဆောင်လာခဲ့ရပါသည်။ သူတို့သည် အလျှံပယ်ပေါများလှသည့် သလဲသီးနှင့်သင်္ဘောသီးများကိုလည်း ယူဆောင်လာခဲ့ကြပါသည်။

ဣသရေလများသည် ထိုကဲ့သို့ကောင်းသောပြည်တစ်ပြည်ကိုဝင်စားရတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပြီး မောရှေအားသတင်းပို့နေသောစကားတစ်လုံးကိုမျှလွတ်မသွားရအောင် စိတ်ဝင်တစားနားထောင်နေကြပါသည်။ “အကျွန်ုပ်တို့သည် ကိုယ်တော်စေလွှတ်သောပြည်သို့ရောက်ခဲ့ပါပြီ။ အကယ်စင်စစ် ထိုပြည်သည် နို့နှင့်ပျားရည်စီးသောပြည်ဖြစ်ပါ၏” ဟုသူတို့က မောရှေအားအစချီတင်ပြခဲ့ကြပါသည်။ ဣသရေလများသည် စိတ်အားထက်သန်ခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်မိန့်တော်မူသမျှကို နားထောင်ကာ ထိုပြည်ကိုချက်ချင်းသွားရောက်သိမ်းပိုက်ရန် ဆန္ဒပြင်းပြနေခဲ့ကြပါသည်။ ထိုပြည်၏လှပပုံများနှင့် မြေသြဇာထက်သန်ပုံများကိုဖော်ပြကြပြီးနောက်ပိုင်းတွင် သူလျှိုများအနက် နှစ်ဦးမှလွဲ၍ ကျန်သူလျှိုများသည် ထိုပြည်ကိုသွားရောက်သိမ်းပိုက်မည်ဆိုလျှင် တွေ့ကြုံရမည့်အခက်အခဲနှင့် ဘေးအန္တရာယ်များကိုသာ ပုံကြီးချဲ့၍ပြောခဲ့ကြပါသည်။ သူတို့သည် ထိုပြည်၏ နေရာအသီးသီးတွင်ရှိကြသော ခွန်အားဗလကြီးသည့်လူမျိုးများအကြောင်းကို ဖော်ပြပြောဆိုခဲ့ကြပြီး ထိုပြည်ရှိမြို့များသည် တံတိုင်းများဖြင့်ကာရံထားကြောင်း၊ နေထိုင်လျက်ရှိနေကြသောသူများသည် သန်မာထွားကြိုင်းကြကြောင်း၊ ထိုသူများအပေါ်အောင်လံထူနိုင်ဖို့မလွယ်ကူမဖြစ်နိုင်ကြောင်းများကို တင်ပြခဲ့ကြပါသည်။ ၎င်းပြင် ထိုပြည်တွင် အာနက၏သားများ၊ လူ့ဘီလူးကြီးများကိုမြင်တွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ထိုပြည်ကိုသွားရောက်သိမ်းပိုက်ရန်ကြံစည်ခြင်းသည် အချည်းနှီးကြိုးစားသမျှသာဖြစ်ကြောင်း သူတို့ဖော်ပြခဲ့ကြပါသည်။

ယခုအချိန်တွင်မြင်ကွင်းသည် တစ်မျိုးပြောင်းလဲသွားခဲ့ပါသည်။ စာတန်၏လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသောစိတ်ဓါတ်ကျဆင်းမှုများဖြင့် ပြည့်ဝနေသော ယုံကြည်ခြင်းမရှိသော ထိုသူလျှိုများ၏ဖွင့်ဟပြောဆိုမှုကြောင့် မျှော်လင့်ခြင်းနှင့်ရဲရင့်ခြင်းများနေရာတွင် သူရဲဘောကြောင်သောစိတ်အားလျော့မှု





များသည် နေရာယူလာခဲ့ကြပါသည်။ ၎င်းတို့၏မယုံကြည်ခြင်းတိမ်မည်းကြီးသည် ဣသရေလပရိသတ်အပေါ်သို့ကျရောက်သွားခဲ့သဖြင့် ရွေးချယ်တော်မူခြင်းခံရသော မိမိ၏လူမျိုးတို့အတွက် မကြာခဏထင်ရှားစေခဲ့သောဘုရားသခင်၏ကြီးစွာသောတန်ခိုးတော်ကိုမေ့လျော့ခဲ့ကြပါသည်။ ထိုလူများသည် အလျင်စလိုအပြစ်တင်ရှုတ်ချခဲ့ကြပါသည်။ ယခုအခြေအနေအထိပို့ဆောင်တော်မူခဲ့သောကိုယ်တော်သည် ၎င်းတို့အား ထိုပြည်ကိုဧကန်အမှန်ပေးတော်မူမည်ဖြစ်ကြောင်း၊ သူတို့မဆင်ခြင်မသုံးသပ်ခဲ့ကြတော့ချေ။ ထာဝရဘုရားသခင်သည် ပင်လယ်နီထဲတွင်လမ်းတစ်လမ်းကိုထွင်လျက် ဖါရောဘုရင်၏တပ်သားများကိုဖျက်ဆီးလျက် မိမိတို့အား အံ့သြဖွယ်ရာကယ်မတော်မူကြောင်းကိုလည်း သူတို့သတိမရကြတော့ပြီ။ သူတို့သည် ဘုရားသခင်ကို ဧကန်အမှန်စွန့်ခွာခဲ့ကြကာ မိမိတို့၏တန်ခိုးခွန်အားကိုသာ လုံးလုံးမှီခိုအားကိုးရမည့်အလား ပြုမူဆောင်ရွက်ခဲ့ကြပါသည်။

ထိုသူတို့သည် မိမိတို့၏မယုံကြည်မှုအားဖြင့် ဘုရားသခင်၏တန်ခိုးတော်ကို အငန်းအတာကန့်သတ်ခဲ့ကြပြီး ထိုနေရာအထိဘေးကင်းလုံခြုံစွာပို့ဆောင်တော်မူခဲ့သည့်လက်ရုံးတော်ကို မကိုးစားခဲ့ကြချေ။ ၎င်းပြင် “ငါတို့၏မျှော်လင့်ချက်သည် အဆုံးသတ်သွားခဲ့ပေပြီ။ ဝင်စားရန်အဲဂုတ္တုပြည်မှခရီးနှင်ခဲ့ရသောပြည်ကား ထိုပြည်ပါတကား” ဟူ၍ ယခင်ကကဲ့သို့ပင် မောရှေနှင့်အာရုန်အား သူတို့အပြစ်တင်ကြပြန်ပါသည်။ မိမိတို့အား ဒုက္ခရောက်အောင် လိမ်ညာ၍ ယခုကဲ့သို့ခေါ်လာခဲ့ကြသည်ဟူ၍လည်း ထိုခေါင်းဆောင်များကို သူတို့အပြစ်တင်စွပ်စွဲခဲ့ကြပါသည်။

ထိုသူများသည် မျှော်လင့်ချက်ပျက်ပြားခဲ့ရမှုအတွက် စိတ်အားလျော့ခဲ့ကြပါသည်။ အော်ဟစ်ငိုကြွေးသံများသည် ပြစ်တင်ရှုတ်ချသံများနှင့်အတူ ရောထွေးဆူညံနေပါတော့သည်။ ကာလက်သည် အခြေအနေမှန်ကိုရိပ်မိကာ ဘုရားသခင်၏နှုတ်တော်ထွက်စကားများကိုကာကွယ်ရန် ရဲဝံ့စွာဖြင့်ရပ်တည်ခဲ့ပါသည်။ ၎င်း၏မိတ်ဆွေများ၏မကောင်းသောသြဇာသက်ရောက်မှုများကို လျော့ပါးသွားရန်လည်း တတ်နိုင်သမျှသူလုပ်ဆောင်ခဲ့ပါသည်။ ဣသရေလ

လူတို့သည် ခါနာန်ပြည်နှင့်ပတ်သက်၍ သူပြောဆိုသည့်စကားများကိုနားထောင်ရန်အတွက် ငြိမ်သက်သွားခဲ့ကြပါသည်။ သူသည် ယခင်ကပြောဆိုသွားသည့် နံရံကြီးများ၊ တံတိုင်းကြီးများမြင့်မားသည်၊ ခါနာန်လူများထွားကြိုင်းသည်ဟူသောအချက်များကိုမဆန့်ကျင်ခဲ့ပါ။ သို့ရာတွင် ဘုရားသခင်သည် ထိုပြည်ကို ဣသရေလများ၏ပြည်ဖြစ်ရမည်ဟုကတိပြုထားချက်အပေါ်တွင် ယုံကြည်စွာဖြင့် "ချက်ချင်းချီသွား၍ ထိုပြည်ကိုသိမ်းယူကြစို့။ အောင်နိုင်ကောင်းသည်" ဟု ကာလက်က အားပေးတိုက်တွန်းခဲ့ပါသည်။

သို့သော်လည်း ကျန်သူလျှိုဆယ်ဦးမှာ ၎င်းပြောဆိုနေခြင်းမဆုံးမီမှာပင် ကြားဝင်၍ "ထိုပြည်သားတို့ကိုငါတို့မတိုက်နိုင်၊ သူတို့သည် ငါတို့ထက်သာ၍အားကြီးကြသည်ဟူ၍လည်းကောင်း၊–––ငါတို့တွေ့မြင်ရသောပြည်သားအပေါင်းတို့သည် အလွန်အရပ်မြင့်ကြ၏။ ကိုယ်ကြီးသောလူအမျိုး အနွယ်အာနကအမျိုးအနွယ်ဖြစ်၍ အလွန်ကြီးမားသောသူတို့ကိုလည်း မြင်ခဲ့ကြပြီ။ သူတို့ရှေ့မှာ ငါတို့သည် ကိုယ်အထင်အတိုင်း နှံကောင်ကဲ့သို့ဖြစ်ကြ၏။ သူတို့အထင်အတိုင်းလည်း ထိုသို့ဖြစ်ကြသည်ဟူ၍လည်းကောင်း–––မကောင်းသောသတင်းကိုကြားပြောကြလေ၏။"

မှားယွင်းသောဘက်မှခံစားခဲ့ကြသော ဤသူများသည် ကာလက်၊ ယောရှု၊ မောရှေတို့အားလည်းကောင်း၊ ထာဝရဘုရားသခင်အားလည်းကောင်း ခေါင်းမာမာဖြင့်ဆန့်ကျင်ပြောဆိုခဲ့ကြပါသည်။ ရှေ့သို့တိုးမည့်ခြေလှမ်းတိုင်းသည် ၎င်းတို့အားပို၍စိတ်ပြဌာန်းချက်ခိုင်မာစေခဲ့ပါသည်။ သူတို့သည် ခါနာန်ပြည်ကိုသိမ်းပိုက်ရန် ကြိုးစားမှုအားလုံးကိုအားမပေးရန် စိတ်ဆုံးဖြတ်ထားခဲ့ကြပါသည်။ ၎င်းတို့သည် မိမိတို့၏ဘေးသင့်စေသည့်ဩဇာသက်ရောက်မှုများကိုထောက်မရန်အတွက် အမှန်တရားတစ်ခုကို မူရင်းအဓိပ္ပါယ်မှသွေဖည်၍ မှားယွင်းစွာအဓိပ္ပါယ်ကောက်ယူခဲ့ပါသည်။ "ထိုပြည်သည် မိမိသားတို့ကို ဖျက်ဆီးတတ်၏" ဟုသူတို့ဆိုခဲ့၏။ ဤဖွင့်ဆိုချက်သည် မှားယွင်းရုံသာမက လိမ်ညာမှုတစ်ခုလည်းဖြစ်နေပါသည်။ ရှေ့နှင့်နောက်လည်း ညီညွတ်မှုမရှိသောသတင်းပေးချက်တစ်ရပ်ဖြစ်ပါသည်။ ထိုပြည်သည် သီးနှံပေါများ၍



ကြွယ်ဝပြီး လူကောင်ကြီးထွားသည်ဟုသူတို့ဖွင့်ဆိုခဲ့ကြရာ အကယ်၍ "ထိုပြည်သည် မိမိတို့သားတို့ကိုဖျက်ဆီး" သည်ဟုပြောရလောက်အောင် ကျန်းမာရေးနှင့်မသင့်လျော်သည့်ရာသီဥတုရှိလျှင် အထက်ကဆိုခဲ့ပြီးသည့် အရာအားလုံးသည်လည်း လုံးဝဖြစ်နိုင်ကြမည်မဟုတ်ချေ။ သို့ရာတွင် လူအပေါင်းတို့သည် မယုံကြည်မှုတွင် မိမိစိတ်နှလုံးအား လိုက်လျောအရှုံးပေးလိုက်သောအချိန်၌ မိမိကိုယ်ကိုစာတန်၏အုပ်ထိန်းမှုအောက်တွင် အညှံ့ခံခြင်းဖြစ်ရာ စာတန်သည် ၎င်းတို့အား မည်မျှဝေးဝေးခေါ်ဆောင်သွားမည်ကို မည်သူမျှမပြောနိုင်ပါချေ။

"ထိုအခါပရိသတ်အပေါင်းတို့သည် အသံကိုလွှင့်၍မြည်တမ်းသဖြင့် တစ်ညလုံးငိုကြွေးကြ၏။" ပုန်ကန်ခြားနားမှုများနှင့်အာခံမှုများသည် အလျင်အမြန်ဆက်တိုက်ဖြစ်ပေါ်လာပါသည်။ အကြောင်းမူကား စာတန်သည် ၎င်းတို့အားလုံးလုံးအုပ်စီးထားခဲ့ချေပြီ။ လူအပေါင်းတို့သည် ဆင်ခြင်တုံတရားကင်းမဲ့သယောင်ဖြစ်လာခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့ပြောနေသည့်ဆိုးရွားသောစကားများကိုနားထောင်လျက်ရှိသည်ကိုလည်းကောင်း၊ ကိုယ်တော်သည် မိုးတိမ်တိုင်ထဲမှ ၎င်းတို့အကြီးအကျယ်ဒေါပွနေကြသည်ကို ကြည့်ရှုနေတော်မူသည်ကိုလည်းကောင်း သူတို့မေ့လျော့သွားကာ မောရှေနှင့် အာရုန်တို့ကိုကျိန်ဆဲခဲ့ကြပါသည်။ ထိုလူအပေါင်းတို့က "ငါတို့အဲဂုတ္တုပြည်၌ မသေပါလေ။ ဤတော၌မသေပါလေ" ဟုခါးသီးစွာဟစ်အော်ကြ၏။ ထို့နောက် ထာဝရဘုရားသခင်ကိုမကျေမနပ်ဖြစ်ကာ "ငါတို့သည်ဓါးဖြင့်သေ၍ သားမယားတို့သည် ရန်သူလက်သို့ရောက်စေခြင်းငှာ ထာဝရဘုရားသခင်သည် အဘယ်ကြောင့် ငါတို့ကို ဤအရပ်သို့ဆောင်ခဲ့တော်မူသနည်း။ အဲဂုတ္တုပြည်သို့ ပြန်ကောင်းသည်မဟုတ်လော" ဟုဆိုပြီးမှ တစ်ဖန်လူတစ်စုံတစ်ယောက်ကို ခေါင်းဆောင်မြှောက်၍ အဲဂုတ္တုပြည်သို့ပြန်ကြစို့ဟု တစ်ယောက်ကိုတစ်ယောက် ဆိုကြ၏။ သူတို့သည် မိမိတို့သိမ်းပိုက်နိုင်စွမ်းမရှိသည့်ပြည်တစ်ပြည်ကို ပေးမည်ဟူသောကတိတော်ကို လိမ်ညာမှုတစ်ရပ်အနေဖြင့် မောရှေကိုသာမက ထာဝရဘုရားသခင်ကိုယ်တော်တိုင်ကိုပင် ပြစ်တင်စွပ်စွဲခဲ့ကြပါသည်။ ၎င်းပြင်

တန်ခိုးကြီးသောလက်ရုံးတော်အားဖြင့် ၎င်းတို့အား ကျွန်ဘဝမှထုတ်ဆောင်ခဲ့သည့်ပြည်သို့ ပြန်လည်ပို့ဆောင်ရန် တစ်စုံတစ်ယောက်ကိုခန့်အပ်ခဲ့သည့်တိုင် လုပ်ဆောင်ခဲ့ကြပါသည်။

မောရှေနှင့်အာရုန်တို့သည် ထိုသူများအား ၎င်းတို့၏စိတ်လိုက်မာန်ပါ လုပ်တတ်သောသဘော၊ စိတ်ဓါတ်ပြင်းထန်သောသဘောများမှ မည်ကဲ့သို့ ဦးလှည့်ပေးရမည်ကိုမသိတော့ဘဲ ဣသရေလပရိသတ်အပေါင်းတို့ရှေ့တွင် စိတ်အားလျော့စွာဖြင့် ခေါင်းငိုက်စိုက်ကျနေကြပါသည်။ ကာလက်နှင့်ယောရှုတို့သည် ထိုရုန်းရင်းခတ်မှုကိုထိန်းပေးရန်ကြိုးစားခဲ့ကြပါသည်။ သူတို့သည် ဝမ်းနည်းကြေကွဲပြီး ကရုဏာဒေါသထွက်နေကြောင်းအထိမ်းအမှတ်အဖြစ် ၎င်းတို့၏ဝတ်ရုံများကိုဆုတ်ဖြဲလိုက်ကာ ရုန်းရင်းခတ်နေသောထိုလူအုပ်ကြီးထဲသို့ပြေးဝင်သွားခဲ့ကြပါသည်။ ထိုနောက်ငိုကြွေးမြည်တမ်းနေသောအသံများအကြားတွင် ၎င်းတို့၏ကြည်လင်သောအသံများသည်ထွက်ပေါ်လာကာ "ငါတို့လျှောက်သွား၍စူးစမ်းသောပြည်သည် အလွန်တရာကောင်းသောပြည်ဖြစ်ပါ၏။ ထာဝရဘုရားသခင်သည် ငါတို့ကိုနှစ်သက်လျှင် နို့နှင့်ပျားရည်စီးသောထိုပြည်သို့ ငါတို့ကိုဆောင်သွင်း၍ အပိုင်ပေးတော်မူလိမ့်မည်။ ထာဝရဘုရားသခင်ကိုမပုန်ကန်ကြနှင့်။ ထိုပြည်သူပြည်သားတို့ကိုမကြောက်ကြနှင့်။ သူတို့သည် ငါ့တို့စားစရာဖို့ဖြစ်ကြ၏။ သူတို့၌အမှီတံကဲမရှိ။ ထာဝရဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူ၏။ သို့ဖြစ်၍ သူတို့ကိုမကြောက်ကြနှင့်ဟု ပြောဆိုကြလေ၏။"

ခါနာန်အမျိုးသားများသည် ဒုစရိုက်မှုများနှင့်ပြည့်ဝလျက်ရှိရကား၊ ထာဝရဘုရားသခင်သည် ၎င်းတို့နှင့်အတူမကိန်းဝပ်နိုင်တော့ချေ။ ကိုယ်တော်၏ ကာကွယ်စောင့်ရှောက်မှုကိုရုပ်သိမ်းခဲ့ပြီဖြစ်သဖြင့် ၎င်းတို့ကိုအလွယ်တကူနှင့် သိမ်းပိုက်နိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်၏ပဋိညာဉ်အားဖြင့် ထိုပြည်ကို ၎င်းတို့အားပေးရန်အာမခံထားပါသည်။ သို့ရာတွင်သစ္စာမဲ့သောသူလျှိုများ၏ မှားယွင်းသောသတင်းပေးမှုအားဖြင့် ဣသရေလလူထုကြီးတစ်ရပ်လုံးသည် အလှည့်ဖြားခံလိုက်ရပါသည်။ ထိုသစ္စာဖေါက်များသည် မိမိတို့၏လှည့်ဖြား



ခြင်းလုပ်ငန်းကိုအောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြပါသည်။ အကယ်၍ ထိုသူလျှိုဆယ်ဦးက ဘုရားသခင်၏နာမတော်အားဖြင့် ထိုပြည်ကိုအပိုင်သိမ်းပိုက်ကြရန် ၎င်းတို့အား အားပေးတိုက်တွန်းကာ ကာလက်နှင့်ယောရှုနှစ်ယောက်က သတင်းမှားကိုပေးမည်ဆိုလျှင်ပင် ထိုဣသရေလများသည် မိမိတို့၏ဆိုးရွားသော မယုံကြည်မှုများကြောင့် ထိုလူနှစ်ယောက်ထံမှအကြံဉာဏ်များကို ဦးစားပေးခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ယခု၌မူ အမှန်ဘက်မှနှစ်ဦးသာ သက်သေခံနေပြီး ကျန်ဆယ်ဦးမှာမူ ပုန်ကန်ထကြွသည့်ဘက်မှ ရပ်တည်နေကြပါသည်တကား။

သစ္စာမဲ့သောထိုသူလျှိုများသည် ကာလက်နှင့်ယောရှုတို့အား အော်ဟစ်၍ အတိအလင်းပြစ်တင်ပြောဆိုကြသဖြင့် ထိုသူနှစ်ဦးအား ခဲနှင့်ပေါက်ကြဖို့ဆော်သြသံများပေါ်ထွက်လာခဲ့ပါသည်။ စိတ်ရူးပေါက်နေသောလူအုပ်ကြီးသည် သစ္စာရှိသူလျှိုများအားပေါက်ရန်ခဲများကိုကောက်ကိုင်ကာ သွေးရူးသွေးတန်းဖြင့် ရှေ့သို့တစ်ဟုန်ထိုးပြေးလာကြစဉ်တွင် ၎င်းတို့၏လက်ထဲတွင်ကိုင်ထားသောခဲများသည် ရုတ်တရက်လွတ်ကျသွားခဲ့ကြပါသည်။ ထိုနောက် ဆိတ်ငြိမ်မှုတစ်ခုသည် လွှမ်းမိုးသွားခဲ့ပါသည်။ သူတို့သည် ကြောက်အားကြီး၍ တုန်လှုပ်ချောက်ချားနေကြပါသည်။ ထာဝရဘုရားသခင်သည် ထိုသူတို့ ကျူးလွန်တော့မည့်ရက်စက်သည့်လူသတ်မှုတစ်ခုကိုမဖြစ်ပွားရန် ကြားဝင်ဟန့်တားတော်မူခဲ့ပါသည်။ တောက်လောင်နေသောမီးနှင့်တူသည့် ကိုယ်တော်၏ အလင်းရောင်များသည် တဲတော်တစ်ခုလုံးတွင် ထွန်းလင်းတောက်ပနေပါသည်။ လူအပေါင်းတို့သည် ထာဝရဘုရားသခင်ပြုတော်မူသည့်အထိမ်းအမှတ်ကို တွေ့မြင်ခဲ့ကြရပါသည်။ ၎င်းတို့ထက်ပို၍ခွန်အားကြီးသောပုဂ္ဂိုလ်တစ်ပါးသည် မိမိကိုယ်ကိုကိုယ်ထင်ပြပြီးဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်မျှဆက်လက် မတွန်းလှန်ဝံ့ကြတော့ချေ။ သတင်းမှားကိုပေးပို့ခဲ့ကြသောသူလျှိုများသည် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ခယတိုးလျှိုးကာ အသက်ပင်ကောင်းကောင်းမရှူရဲဘဲ မိမိတို့၏တဲများဆီသို့ပြန်သွားခဲ့ပါသည်။

ယခုတွင် မောရှေသည် ရပ်ထလိုက်ပြီး၊ တဲတော်ထဲသို့ဝင်သွားခဲ့ပါသည်။ ထိုအခါ ထာဝရဘုရားသခင်က "သူတို့ကိုကာလနာဘေးဖြင့် ငါသည်

ဒဏ်ခတ်၍ သား၏အရာကိုနုတ်မည်။ သူတို့ထက်သင့်ကိုသာ၍စည်ပင်သော အမျိုး၊ သာ၍တန်ခိုးကြီးသောအမျိုးဖြစ်စေမည်ဟု မောရှေအားမိန့်တော်မူ၏။" သို့သော်မိမိအားသာ၍တန်ခိုးကြီးသောအမျိုးဖြစ်စေလျက် ထိုသူများကိုဖျက်ဆီးပစ်မည်ကို ၎င်းအနေဖြင့်သဘောမတူနိုင်ဘဲ မိမိလူမျိုးအတွက် မောရှေအသနားခံပြန်ပါသည်။ "ကိုယ်တော်က ထာဝရဘုရားသခင်သည် သည်းခံသောသဘော၊ သနားသောသဘောနှင့်ပြည့်စုံတော်မူထသော၊---ဘုရားသခင်ဖြစ်၏ဟုမိန့်တော်မူသည်အတိုင်း အကျွန်ုပ်တို့၏ဘုရားသခင်တန်ခိုးတော်သည် ကြီးပါစေသော။ အဲဂုတ္တုပြည်ကထွက်သောနေ့မှစ၍ ယခုတိုင်အောင် ဤလူမျိုး၏အပြစ်ကိုလွှတ်တော်မူသည်နည်းတူ ကရုဏာတော်များပြားသည်နှင့်အညီ ယခုလည်းလွှတ်တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု ဘုရားသခင်အားလျှောက်ဆို၏။"

ထာဝရဘုရားသခင်သည် ဣသရေလများအား ချက်ချင်းသုတ်သင်သည့်ဘေးမှအသက်ချမ်းသာခွင့်ပေးခဲ့သော်လည်း ၎င်းတို့၏မယုံကြည်မှုနှင့် သူရဲဘောကြောင်မှုများကြောင့် ၎င်းတို့၏ရန်သူများကိုနှိမ်နင်းရာတွင် တန်ခိုးတော်ပြနိုင်တော့မည်မဟုတ်ချေ။ ထိုကြောင့် ကရုဏာတော်အားဖြင့် ၎င်းတို့၏လုံခြုံမှုအလို့ငှာ ပင်လယ်နီသို့ပြန်သွားကြရန် ၎င်းတို့အားမိန့်တော်မူခဲ့၏။

"ငါတို့သည် ဤတောဌ်မသေပါလေ" ဟုသူတို့သည်ပုန်ကန်ခြားနားကာဟစ်ကြွေးခဲ့ဖူးပါသည်။ ယခုတွင် ၎င်းတို့၏တောင်းလျှောက်ဟစ်ကြွေးမှုကိုလိုက်လျောသည့်အနေဖြင့် "ထာဝရဘုရားသခင်က ငါအသက်ရှင်သည်ဖြစ်၍ သင်တို့သည်ငါ့ကိုကြားစေခြင်းငှာ ပြောသောစကားအတိုင်း သင်တို့ကိုငါပြုမည်။ သင်တို့ကိုရေတွက်၍ စာရင်းယူသည်အတိုင်း အသက်နှစ်ဆယ်လွန်သောသူ---အပေါင်းတို့သည်သေ၍ ဤတောဌ်အသေကောင်ဖြစ်လျက်နေရစ်ကြလိမ့်မည်။---ရန်သူလုယူရာဖြစ်လိမ့်မည်ဟု သင်တို့ဆိုသောသူငယ်တို့ကိုငါဆောင်သွင်း၍ သင့်ကိုပယ်သောပြည်ကို သူတို့သည်သိရကြလိမ့်မည်" ဟုမိန့်တော်မူ၏။ "ငါ့ကျွန်ကာလက်မူကား၊ ထူးခြားသောသဘောရှိ၍ ငါ့နောက်သို့လုံးလုံးလိုက်သောကြောင့် သူသွားခဲ့ပြီးသောပြည်သို့ သူ့ကို



ငါဆောင်သွင်းသဖြင့် သူ၏သားမြေးတို့သည် အမွေခံရကြလိမ့်မည်" ဟူ၍ ကာလက်အကြောင်းနှင့်ပတ်သက်၍ မိန့်မြွက်တော်မူခဲ့ပါသည်။ သူလျှိုများသည် စူးစမ်းရေးခရီးအတွက် ရက်ပေါင်းလေးဆယ်ကြာညောင်းခဲ့သကဲ့သို့ ထိုဣသရေလများသည်လည်း တောဌ်နှစ်ပေါင်းလေးဆယ်ကြာညောင်းကြရမည်ဖြစ်ပါသည်။

မောရှေသည် ဘုရားသခင်၏ဆုံးဖြတ်ချက်ကို ဣသရေလများအား ပြောပြသောအခါ ၎င်းတို့၏အမျက်ဒေါသများသည် ဝမ်းနည်းပူဆွေးမှုအသွင်သို့ ကူးပြောင်းသွားခဲ့ပါသည်။ မိမိတို့ခံရမည့်အပြစ်ဒဏ်သည် ထိုက်သင့်ကြောင်း သူတို့သိရှိထားပါသည်။ ဘုရားသခင်ပြုတော်မူသောဘေးဒဏ်ကြောင့် ထိုသူလျှိုဆယ်ဦးသည် ဣသရေလအပေါင်းတို့၏ရှေ့မှောက်တွင် သေကျေပျက်စီးခဲ့ကြပါသည်။ ၎င်းတို့သည် ထိုသူလျှိုများ၏ကံကြမ္မာတွင် ၎င်းတို့ခံရမည့်အပြစ်ဒဏ်ကိုတွေ့မြင်ခဲ့ကြရပါသည်။

ယခုအချိန်တွင်သူတို့သည် မိမိတို့၏မှားယွင်းသောလုပ်ဆောင်မှုများအတွက် ရိုးရိုးသားသားနောင်တရခဲ့ကြသယောင်ရှိခဲ့သော်လည်း သူတို့ခံစားခဲ့ရသောဝမ်းနည်းကြေကွဲမှုသည် မိမိတို့၏ကျေးဇူးကန်းမှု၊ နားမထောင်မှုများအပေါ်တွင် တည်ဆောက်ထားသည့်ခံစားမှုကြောင့်မဟုတ်ဘဲ မှားယွင်းသောလုပ်ရပ်များကြောင့်ဖြစ်ပေါ်လာသည့်အကျိုးဆက်များအတွက်သာဖြစ်ခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ချမှတ်တော်မူထားသည့်အမိန့်တော်ကို လျှော့ပါးတော်မမူကြောင်း ၎င်းတို့တွေ့ရှိကြသောအခါ ကိုယ်ကြိုက်နှစ်သက်ရာကိုစွဲလမ်းတတ်သောစိတ်သဘောထားများသည် တစ်ဖန်ပေါ်ပေါက်လာပြီး မိမိတို့သည် တောထဲသို့ပြန်သွားလိမ့်မည်မဟုတ်ဟု သူတို့ကြေညာခဲ့ကြပါသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့အား ရန်သူရှိသောနယ်မြေမှဆုတ်ခွာရန် အမိန့်ပေးခြင်းအားဖြင့် ၎င်းတို့၏ကျိုးနွံမှုကိုစမ်းသပ်တော်မူခဲ့ရာ ၎င်းတို့သည် အမှန်တကယ်နောင်တမရကြသေးကြောင်းထင်ရှားခဲ့ပါသည်။ ဆင်ကန်းတောတိုးလုပ်တတ်သောစိတ်ကို မိမိတို့၏အသက်တာအားချုပ်ကိုင်သွားစေသည့်တိုင် ချုပ်တည်းမှုမရှိခြင်းနှင့် ဘုရားသခင်၏စကားတော်ကိုနားထောင်ရန် အားပေး

တိုက်တွန်းခဲ့သောသူလျှိုနှစ်ဦးအား သတ်ရန်ကြိုးစားမှုများတွင် မိမိတို့၌ အပြစ်ရှိကြောင်း သူတို့သိရှိခဲ့ကြပါသည်။ သို့ရာတွင် သူတို့သည် အကျိုးဆက်အနေဖြင့် ၎င်းတို့အပေါ်ဘေးဥပဒ်ကျရောက်စေမည့်အမှားကြီးကို မိမိတို့ကျူးလွန်ခဲ့မိကြောင်းတွေ့ရှိသွားမည်ကိုသာ စိုးရိမ်ကြောက်လန့်ခဲ့ကြပါသည်။ သူတို့၏စိတ်နှလုံးသည် ပြောင်းလဲမှုမရှိခဲ့ကြချေ။ ထိုကဲ့သို့သောရုန်းရင်းခတ်မှုမျိုးကို ဖြစ်ပွားစေရန် ခွင့်ပြုချက်တစ်ခုကိုသာ သူတို့လိုလားခဲ့ကြပါသည်။ မောရှေသည် ဘုရားသခင်၏အမိန့်တော်အရ ၎င်းတို့အားတောသို့ပြန်သွားကြရန် အမိန့်ပေးသောအခါတွင် ဤအချက်သည် အလိုအလျောက်ထင်ရှားလာခဲ့ပါသည်။

ဣသရေလများအား ခါနာန်ပြည်ထဲသို့အနှစ်လေးဆယ်မတိုင်မီ ဝင်ခွင့်မပြုကြောင်းဖော်ပြသည့်အမိန့်တော်သည် မောရှေနှင့်အာရုန်အတွက်သော်လည်းကောင်း၊ ကာလက်နှင့်ယောရှုတို့အတွက်သော်လည်းကောင်း အလွန်စိတ်ပျက်စရာကောင်းသည့်သတင်းတစ်ခုဖြစ်ခဲ့ပါသည်။ သို့ရာတွင် သူတို့သည် ပြစ်တင်ညည်းတွားခြင်းမပြုဘဲ ဘုရားသခင်၏ဆုံးဖြတ်ချက်ကိုလက်ခံခဲ့ကြပါသည်။ ဘုရားသခင်၏ပြုမူဆောင်ရွက်မှုများအပေါ်ပြစ်တင်ဝေဖန်ကာ အဲဂုတ္တုပြည်သို့ပြန်တော့မည်ဟုကြွေးကြော်နေကြသူများမှာမူ ၎င်းတို့မထီမဲ့မြင်ပြုခဲ့မိသောကောင်းချီးမင်္ဂလာများကို ၎င်းတို့ထံမှပြန်လည်ရုပ်သိမ်းသွားသောအချိန်တွင် အကြီးအကျယ်ငိုကြွေးမြည်တမ်းခဲ့ကြပါသည်။ ထို့အပြင်မည်သည့်အရာကိုမျှ မကျေနပ်ပါဟုလည်း မပြောကြတော့ချေ။ ယခုတွင်ဘုရားသခင်သည် ၎င်းတို့အားငိုကြွေးစေတော်မူခဲ့ပါသည်။ သူတို့သည် မိမိတို့ကျူးလွန်ခဲ့မိသောအပြစ်များအတွက် ဝမ်းနည်းပူဆွေးခဲ့မည်ဆိုလျှင် ပြစ်ဒဏ်ကိုစီရင်တော်မူခဲ့လိမ့်မည်မဟုတ်ချေ။ သို့ရာတွင် ပြစ်ဒဏ်ခံရမှုအတွက် သူတို့ဝမ်းနည်းပူဆွေးခဲ့ကြသော်လည်း နောင်တရသည့်အတွက် ဝမ်းနည်းကြေကွဲခြင်းမဟုတ်သဖြင့် ၎င်းတို့အပေါ်ကျရောက်မည့်ပြစ်ဒဏ်စီရင်မှုကိုပယ်ဖျက်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါချေ။

သူတို့သည်တစ်ညလုံးငိုကြွေးခဲ့ရသော်လည်း နောက်တစ်နေ့နံနက်တွင် မျှော်လင့်ချက်တစ်ခုပေါ်ပေါက်လာခဲ့ပါသည်။ ဘုရားသခင်က ထိုပြည်ကို



သွားရောက်သိမ်းပိုက်ရန် ၎င်းတို့အားမိန့်တော်မူစဉ်က သူတို့ငြင်းဆန်ခဲ့သကဲ့သို့ ထိုနေရာမှနောက်သို့ဆုတ်ခွာရန်မိန့်တော်မူသောအခါတွင်လည်း အထက်ပါနည်းအတိုင်းအာခံခဲ့ကြပါသည်။ သူတို့၏သူရဲဘောနည်းမှုကိုပြုပြင်ရန် သူတို့ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။ ထိုပြည်ကိုဝန်းရံတိုက်ခိုက်၍သိမ်းပိုက်ရန် သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသို့လုပ်ဆောင်ခြင်းကို ဘုရားသခင်လက်ခံတော်မူကာ မိမိတို့အပေါ်ထားရှိသောသဘောထားကို ပြောင်းလဲပစ်လိမ့်မည်ဟု သူတို့ယူဆခဲ့ကြပါသည်။

သတ်မှတ်ထားတော်မူသည့်အချိန်တွင် ခါနာန်ပြည်သို့ဝင်စားခြင်းအမှုကို ၎င်းတို့အတွက်အခွင့်အရေးတစ်ရပ်အနေဖြင့်လည်းကောင်း၊ တာဝန်တစ်ရပ်အနေဖြင့်လည်းကောင်း ထာဝရဘုရားသခင်စီရင်တော်မူခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့၏လျစ်လျူရှုထားမှုကြောင့် ထိုခွင့်ပြုချက်ကိုပြန်လည်ရုပ်သိမ်းသွားခဲ့ချေပြီ။ ၎င်းတို့အားခါနာန်ပြည်ထဲသို့မဝင်နိုင်အောင်တားဆီးလုပ်ဆောင်သောစာတန်၏အကြံသည် အောင်ခဲ့ချေပြီ။ ဘုရားသခင်ခိုင်းစေစဉ်အခါက ၎င်းတို့လုပ်ဆောင်ရန်ငြင်းဆိုခဲ့သည့်အရာကိုပင် ဘုရားသခင်တားမြစ်ပိတ်ပင်မှုရှေ့မှောက်တွင် တစ်ဖန်လုပ်ဆောင်ရန် စာတန်သည် ယခုတွင်၎င်းတို့အားတိုက်တွန်းနေပါသည်။ စာတန်သည် ၎င်းတို့အား ဘုရားသခင်ကိုဒုတိယအကြိမ်အန်တုစေခြင်းအားဖြင့် အောင်ပွဲဆင်ခဲ့ပြန်ပါသည်။ ခါနာန်ပြည်ကိုသိမ်းပိုက်ရယူရန် ကြိုးစားမှုတွင် မစတော်မူမည့်ဘုရားသခင်၏တန်ခိုးတော်ကို ထိုသူများမကိုးစား၊ မယုံကြည်ခဲ့ကြချေ။ ယခုတွင်မူ ဘုရားသခင်၏အမအစကိုအားမကိုးဘဲ ထိုအလုပ်ကိုပြီးမြောက်စေရန် မိမိတို့၏ခွန်အားများအပေါ်တွင် အတင့်ရဲစွာအားကိုးလာခဲ့ကြပါသည်။ ထို့ကြောင့် "အကျွန်ုပ်တို့သည် ထာဝရဘုရားသခင်ကိုပြစ်မှားမိပါပြီ၊ အကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရားသခင်မှာထားတော်မူသည့်အတိုင်း ယခုသွား၍စစ်တိုက်ပါမည်" ဟုသူတို့ဆိုကြ၏။ သူတို့သည် ပညတ်တော်လွန်ကျူးမှုကြောင့် အလွန်မတန်မှအသိဉာဏ်ခေါင်းပါးနေကြပါသည်။ "သွား၍စစ်တိုက်ရန် ထာဝရဘုရားသခင်သည် ၎င်းတို့အားတစ်ခါမျှမခိုင်းစေခဲ့ဖူးပါ။ စစ်ရေးအားဖြင့် ထိုပြည်ကိုသိမ်းပိုက်ရန်မှာ ကိုယ်တော်ရှင်၏အကြံ

အစည်တော်မဟုတ်ချေ။ ကိုယ်တော်၏ပညတ်တော်များကို တိကျစွာနားထောင်လိုက်လျှောက်ခြင်းအားဖြင့် သိမ်းပိုက်ခြင်းသည်သာ ကိုယ်တော်၏အကြံအစည်တော်ဖြစ်ပါသည်။

သူတို့၏စိတ်နှလုံးများသည် ပြောင်းလဲမှုမရှိခဲ့ကြသော်လည်း ယောရှုနှင့်ကာလက်တို့၏သတင်းပေးချက်ကိုကြားရသောအခါ သူတို့သည် အပြစ်များကိုဝန်ချတောင်းပန်ကြပါသည်။ မိမိတို့၏မစဉ်းမစားစွန့်ပစ်ခဲ့သောထိုကောင်းချီးမင်္ဂလာ၏တန်ဖိုးကို ယခုတွင်သူတို့တွေ့မြင်ခဲ့ကြပါသည်။ ခါနာန်ပြည်သို့ဝင်ရန် ပိတ်ပင်ခြင်းခံခဲ့ရခြင်းသည် မိမိတို့၏မယုံကြည်မှုကြောင့်သာဖြစ်သည်ဟုလည်း သူတို့ဝန်ခံခဲ့ကြပါသည်။ ကတိပျက်သည်ဟု ၎င်းတို့ကအပြင်းအထန်ပြစ်တင်စွပ်စွဲခဲ့သော ထာဝရဘုရားသခင်၏မှားယွင်းချက်တစ်စုံတစ်ရာမရှိဘဲ မိမိတို့၌သာမှားယွင်းမှုရှိနေကြောင်းအသိအမှတ်ပြုလျက် “ကျွန်ုပ်တို့သည်ပြစ်မှားမိပါပြီ” ဟုသူတို့ဝန်ခံခဲ့ကြပါသည်။ ၎င်းတို့၏ဝန်ချတောင်းပန်မှုသည် စစ်မှန်သောနောင်တစိတ်မှပေါက်ဖွားလာခြင်းမဟုတ်သော်လည်း ထိုအရာသည် ၎င်းတို့အားပြုမူဆက်ဆံမှုအပေါ်တွင်ထားရှိသောဘုရားသခင်၏တရားမျှတမှုကိုထင်ရှားစေခဲ့ပါသည်။

ထာဝရဘုရားသခင်သည် မိမိ၏တရားမျှတမှုကို လူသားများအားအသိအမှတ်ပြုစေလျက် မိမိ၏နာမတော်ကိုဘုန်းထင်ရှားရန် ထိုကဲ့သို့သောနည်းများကို ယခုတိုင်အောင်အသုံးပြုလုပ်ဆောင်တော်မူတတ်ပါသည်။ ကိုယ်တော်အားချစ်ပါသည်ဟုဖွင့်ဟပြောဆိုသောသူများက ကိုယ်တော်၏စီစဉ်မှုကိုပြစ်တင်ညည်းညူခြင်း၊ ကတိတော်ကိုမထီလေးစားပြုခြင်း၊ စုံစမ်းခြင်းထဲသို့လိုက်ပါသွားခြင်း၊ ဘုရားသခင်၏အကြံအစည်တော်ကိုပျက်ပြားအောင်လုပ်နေသောနတ်ဆိုးများနှင့်ပူးပေါင်းခြင်းများကို လုပ်ဆောင်သောအချိန်တွင် ထိုသူများအား ၎င်းတို့၏အပြစ်များကိုသဘောပေါက်လာရန် မိမိတို့၏မှားယွင်းသောလမ်းစဉ်များနှင့်တကွ မိမိတို့နှင့်ပြုမူဆက်ဆံရာတွင် ဘုရားသခင်လုပ်ဆောင်မှုသည် တရားမျှတ၍ ကောင်းမြတ်ကြောင်းအသိအမှတ်ပြုလာရန် ဘုရားသခင်သည် ဖြစ်ပေါ်လာသည့်ထိုအခြေအနေများကိုအုပ်စိုးထိန်းချုပ်တော်မူ



ပါသည်။ ထာဝရဘုရားသခင်သည် အမှောင်၏လုပ်ရပ်များကိုထုတ်ဖော်ရန် တန်ပြန်တန်ခိုးများကိုအသုံးပြုတော်မူခဲ့ပါသည်။ ဒုစရိုက်လုပ်ရပ်များကိုလုပ်ဆောင်ရန် နိုးဆွပေးသောစိတ်ထားကလေးသည် လုံးလုံးလျားလျားပြောင်းလဲခြင်းမရှိသေးသော်လည်း ဆန့်ကျင်အန်တုကာ မှားယွင်းစွာရပ်လုံးဖော်ခြင်းခံခဲ့ရသောသစ္စာရှိတပည့်တော်များ၏လုပ်ဆောင်မှုများသည် မှန်ကန်ကြောင်းဖော်ပြသည့်ဖွင့်ဟဝန်ခံမှုများကိုပြုလာကြပါသည်။ နောက်ဆုံးသောနေ့ကြီးတွင် ဘုရားသခင်အမျက်တော်သွန်းလောင်းမည့်အချိန်၌လည်း ထိုနည်းနှင်နှင်ဖြစ်ပျက်ပါလိမ့်မည်။ ထာဝရဘုရားသခင်သည် အတိုင်းမသိများစွာသောမိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူသောအခါ မတရားသောဆိုးသွမ်းသူများအား မတရားသဖြင့်ပြုခဲ့သော၎င်းတို့၏အပြစ်များကိုဖော်ပြတော်မူလိမ့်မည်။ ကိုယ်တော်ပြုတော်မူသည့် အပြစ်ဒဏ်စီရင်ခြင်း၏တရားမျှတမှုကို အပြစ်သားတိုင်းအား ကြည့်ရှုအသိအမှတ်ပြုစေတော်မူလိမ့်မည်။

ထိုဣသရေလများသည် ဘုရားသခင်၏စီရင်တော်မူချက်ကို ဂရုမထားဘဲ ခါနာန်ပြည်ကိုသိမ်းပိုက်ရန်ပြင်ဆင်ခဲ့ကြပါသည်။ သူတို့သည် စစ်လက်နက်ပစ္စည်းများတပ်ဆင်ကာ မိမိတို့စိတ်ထင်သည့်အတိုင်း တိုက်လှန်ပွဲကြီးအတွက် အပြည့်အဝပြင်ဆင်ခဲ့ကြသော်လည်း ဘုရားသခင့်ရှေ့တော်ဝယ်ဝမ်းနည်းဖွယ်ရာချို့တဲ့မှုများနှင့်ပြီးသော သနားစရာကောင်းသည့်အစေခံကျွန်များသာဖြစ်နေခဲ့ပါသည်။ နောက်ပိုင်းနှစ်ပေါင်းလေးဆယ်နီးပါးအကြာတွင် ယေရိခေါမြို့အားသွားရောက်သိမ်းပိုက်ရန် ဣသရေလများအား ဘုရားသခင်မိန့်တော်မူသောအချိန်၌ ၎င်းတို့နှင့်အတူလိုက်ပါမည်ဟု ကိုယ်တော်ရှင်ကတိထားတော်မူခဲ့ပါသည်။ ပညတ်တော်ထည့်ထားသည့်ပဋိညာဉ်သေတ္တာတော်ကိုသူတို့တပ်မ၏ရှေ့မှသွားစေခဲ့ပါသည်။ ကိုယ်တော်ရှင်ခန့်ထားတော်မူသည့်ခေါင်းဆောင်များသည် ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် လှုပ်ရှားသွားလာမှုအသီးသီးကိုညွှန်ကြားကြီးကြပ်ရန်ဖြစ်ပါသည်။ ထိုကဲ့သို့သောလမ်းပြပို့ဆောင်မှုရှိသောအချိန်တွင် မည်သည့်ထိခိုက်နစ်နာမှုမျိုးမှမကျရောက်ခဲ့ပါချေ။ သို့ရာတွင် ယခု၌ပင်၎င်းတို့သည် ဘုရားသခင်၏အမိန့်တော်နှင့်ခေါင်းဆောင်များ၏

တားမြစ်ချက်များကိုဆန့်ကျင်ကာ ပဋိညာဉ်သေတ္တာကိုမသယ်ဆောင်ဘဲ မောရှေမပါဘဲ ရန်သူများနှင့်ရင်ဆိုင်တိုက်ခိုက်ရန် ထွက်ခွာသွားခဲ့ကြပါသည်။

တံပိုးခရာမှုတ်သည့်အချက်ပေးသံတစ်ခုပေါ်ထွက်လာပါသည်။ ထို့ကြောင့်မောရှေသည် ၎င်းတို့ထံသို့အလျင်တဆောသွားရောက်ကာ "ထာဝရဘုရားသခင်၏အမိန့်တော်ကို အဘယ်ကြောင့်လွန်ကျူးကြသနည်း။ သင်တို့အကြံမထမြောက်ရ။ မသွားကြနှင့်။ ထာဝရဘုရားသခင်သည် သင်တို့ဘက်၌ရှိတော်မမူ။ သွားလျှင် ရန်သူရှေ့မှာရှုံးရကြလိမ့်မည်။ အာမလက်အမျိုးသားနှင့်ခါနာန်အမျိုးသားတို့သည် သင်တို့မရောက်မီ ရောက်နှင့်သည်ဖြစ်၍ သင်တို့သည် ဓါးဖြင့်ဆုံးကြလိမ့်မည်" ဟုပြောလေ၏။

ခါနာန်အမျိုးသားများသည် ဣသရေလများကိုအကာအကွယ်ပြုလျက်ရှိသော နားမလည်နိုင်သည့်တန်ခိုးတော်အကြောင်းနှင့် ထိုသူများအလယ်တွင်ပြခဲ့သောအံ့ဖွယ်နိမိတ်လက္ခဏာများအကြောင်းကိုကြားသိခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့အားတိုက်ထုတ်ရန် ယခုတွင်ကြီးမားသောအင်အားစုများကို စုဆောင်းခေါ်ယူလာခဲ့ပါသည်။ တိုက်ပွဲဝင်မည့်ထိုတပ်မတွင်ခေါင်းဆောင်မပါချေ။ အောင်ပွဲဆင်ခွင့်ပေးရန်လည်း ဘုရားသခင်ထံတွင် သူတို့ဆုမတောင်းခဲ့ကြချေ။ သူသေ–ကိုယ်သေတိုက်ပွဲဝင်ရန် ခိုင်မာသောကြံရွယ်ချက်ဖြင့် သူတို့စစ်ထွက်ခဲ့ကြပါသည်။ ၎င်းတို့သည် စစ်တိုက်သားမကျကြသော်လည်း လက်နက်ကိုင်ဆောင်ထားသည့်လူအုပ်ကြီးမှာ အရေအတွက်များပြားလှပါသည်။ ထို့ကြောင့်လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်လျှင် ရန်သူများကိုဖြိုခွင်းနိုင်လိမ့်မည်ဟု သူတို့မျှော်လင့်ထားကြပါသည်။ ထို့ကြောင့်၎င်းတို့အားမတိုက်ခိုက်ဝံ့သော ထိုရန်သူများကို ရဲဝံ့စွာသူတို့စိန်ခေါ်ခဲ့ကြပါသည်။

ခါနာန်အမျိုးသားများသည် ကျော်ဖြတ်ရန်ခက်ခဲလှပြီး မတ်စောက်၍အန္တရာယ်များသောကျောက်တောင်ကြီးတစ်ခုပေါ်တွင် ခြေကုပ်ယူထားကြပါသည်။ ဣသရေလလူအုပ်ကြီးသည် အရှုံးနှင့်သာရင်ဆိုင်ခဲ့ကြရပါသည်။ သူတို့သည် အန္တရာယ်ကြီးမားလှသောတောင်အတက်လမ်းမကြီးကို နှေးကန်စွာဖြင့်လျှောက်လှမ်းခဲ့ကြပါသည်။ ထိုလမ်းကိုလျှောက်လှမ်းနေစဉ် ခါနာန်



လူများတပ်စွဲထားသောအထက်စခန်းမှကျောက်တုံးကြီးများသည်ကျလာပြီး ၎င်းတို့၏လမ်းခရီးကိုသွေးစွန်းစေခဲ့ပါသည်။ အချို့သူများသည် တောင်ထိပ်သို့အရောက်လှမ်းနိုင်ခဲ့သော်လည်း အလွန်မောပန်းနေပြီဖြစ်သဖြင့် ရက်စက်စွာတွန်းလှန်တိုက်ခိုက်ခြင်းကိုခံခဲ့ရပြီး အများအပြားကျဆုံးခဲ့ကြပါသည်။ ထိုစစ်မြေပြင်ကြီးသည် လူသေအလောင်းများဖြင့်ပြန့်ကျဲနေခဲ့ပါသည်။ ဣသရေလများသည် အကြီးအကျယ်စစ်ရှုံးခဲ့ကြပါသည်။ ဘုရားသခင်အားဆန့်ကျင်သည့် ထိုပုန်ကန်မှု၏အကျိုးဆက်မှာ သေကျေပျက်စီးခြင်းသာဖြစ်ခဲ့ပါသည်။

နောက်ဆုံးတွင် အသက်မသေဘဲကျန်ရစ်သောဣသရေလများသည် အညံ့ခံကာ ထာဝရဘုရားသခင်ထံသို့ပြန်လာ၍ ရှေ့တော်၌ငိုကြွေးခဲ့ကြပါသည်။ သို့သော်လည်း သူတို့စကားကို ထာဝရဘုရားသခင်နားညောင်းတော်မမူချေ။ ယခင်ကဣသရေလများ၏ချဉ်းကပ်လာခြင်းကိုကြောက်ရွံ့တုန်လှုပ်စွာဖြင့် စောင့်ဆိုင်းခဲ့ကြသောထိုသူများသည် အောင်ပွဲဆင်ခဲ့ပြီဖြစ်သောကြောင့် ဣသရေလများအားတွန်းလှန်တိုက်ခိုက်ရန် ကိုယ့်ကိုကိုယ်စိတ်ချယုံကြည်နေကြပါသည်။ ဣသရေလလူများအတွက် ဘုရားသခင်ပြုတော်မူခဲ့သည်ဟု သူတို့ကြားသိခဲ့ရသောသတင်းအားလုံးသည်လည်း မှားယွင်းသောသတင်းများဖြစ်သည်ဟု ယခုတွင်သူတို့မှတ်ယူခဲ့ကြပြီး ကြောက်ရွံ့စရာအကြောင်းတစ်စုံတစ်ရာမျှမရှိဟုလည်းခံယူခဲ့ကြပါသည်။ ခါနာန်အမျိုးသားများအား ရဲစိတ်ရဲမာန်ကြွစေခဲ့သည့် ဣသရေလများ၏ထိုရှုံးနိမ့်ခြင်းသည် ခါနာန်တိုင်းပြည်ကိုသိမ်းပိုက်ရန်လုပ်ဆောင်မှုများတွင် ပိုမိုခက်ခဲစေခဲ့ပါသည်။ မိမိတို့၏မျိုးဆက်တစ်ခုလုံးအတွက် ထိုနေရာသည် သင်္ချိုင်းဖြစ်မည်ကိုသိရှိလျက် ထိုရန်သူများကိုကျောခိုင်းကာ တောထဲသို့ပြန်သွားရုံမှတစ်ပါး ဣသရေလများအတွက် အခြားလုပ်ဆောင်ရန်မရှိပါတော့ပြီ။

* * *